# ထာဝရလိုအင်သက်တော်စဉ်

## (ဒုတိယတွဲ)

အီးဂျီဝှိုက်ရေးသားပြုစုသည့် *“The Desire of Ages”* စာအုပ်ကို ဦးရဲကိုက

‘‘ထာဝရလိုအင်သက်တော်စဉ်’’ အမည်ဖြင့် မြန်မာပြန်ဆိုသည်



ထာဝရလိုအင်သက်တော်စဉ်
(ဒုတိယတွဲ)

**ပုံနှိပ်သူ**
ဦးဖုန်းနိုင် (၁၁၂၈၃)
ကင်းစောင့်ပုံနှိပ်တိုက်
၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**
ဦးစောမဲမရီထွန်း (၀၄၄၃၂)
ဥက္ကဌ
သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊
၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၅၀၀၀

တန်ဖိုး – ၂၁၀၀.၀၀

ပထမအကြိမ်

## ရှေးဦးစကား

နေရာအသီးသီးတွင်နေထိုင်လျက်ရှိကြသော လူသားတိုင်းတို့၏စိတ်နှလုံးထဲတွင် မိမိတို့ပိုင်ဆိုင်ထားခြင်းမရှိသေးသည့်အရာများကို ပိုင်ဆိုင်လိုသည့်ဆန္ဒများသည် မဖော်ပြနိုင်အောင်များပြားလျက်ရှိတတ်ပါသည်။ လူသားများသည် ကောင်းစားသည်ဖြစ်စေ၊ ဒုက္ခရောက်သည်ဖြစ်စေ မိမိတို့၏ပစ္စုပ္ပန်အခြေအနေများနှင့် ရောင့်ရဲကျေနပ်မနေတတ်ကြဘဲ တစ်ခုခုကိုတောင့်တနေတတ်ကြပါသည်။ ဤစိတ်ဓာတ်ကလေးကို လူသားများ၏နှလုံးသားဝယ် ဘုရားသခင်ကိုယ်တော်တိုင်ဖန်တီးတော်မူခဲ့ခြင်းဖြစ်ပါသည်။ လူသားများသည် အကောင်းဆုံးသောအရာကို ကြိုးစားရှာဖွေကာ သူ့အသက်ဝိညာဉ်၏ထာဝရကောင်းချီးမင်္ဂလာအတွက် အကောင်းဆုံးသောအရာကိုတွေ့ရှိသွားရန် ထာဝရဘုရားအလိုရှိတော်မူပါသည်။

လူသားများ၏ထိုလိုလားတောင့်တမှုကို လမ်းလွဲသွားရန် ကောက်ကျစ်သောနည်းများကိုအသုံးပြုလျက် စာတန်ကြိုးစားနေပါသည်။ ထိုလိုလားတောင့်တမှုကို အပျော်အပါး၊ စည်းစိမ်ဥစ္စာ၊ ချမ်းသာကုံလုံခြင်း၊ ကျော်စောကိတ္တိ၊ တန်ခိုးအာဏာ စသည့်အရာများအားဖြင့် ဖြည့်စွမ်းပေးနိုင်မည်ဟု လူသားများအား စာတန်အယုံသွင်းခဲ့သော်လည်း ဤအရာများသည် အသက်တာများတွင် ငြီးငွေ့မှုကိုသာဖြစ်စေပြီး အသက်ဝိညာဉ်၏လိုလားတောင့်တမှုကို မဖြည့်စွမ်းနိုင်ကြောင်း ၎င်းတို့တွေ့ရှိခဲ့ကြရပါသည်။

လူသားများ၏နှလုံးတွင်ဖြစ်ပေါ်နေသော ထိုလိုလားတောင့်တစိတ်သည် ထိုပုဂ္ဂိုလ်အား ထိုတောင့်တစိတ်ကိုဖြည့်ဆည်းပေးနိုင်သည့် ဘုရားသခင်ထံတော်သို့ပို့ဆောင်ပေးရန် ထာဝရဘုရားရည်စူးတော်မူပါသည်။ ကိုယ်တော်၏အကြောင်းကိုသိလိုသောဆန္ဒသည် ထိုလိုလားတောင့်တမှုကို ဖြည့်ဆည်းပေးနိုင်သည့် ကိုယ်တော်ရှင့်ထံသို့လမ်းပြပေးနိုင်မည်ဖြစ်ပါသည်။ အလိုပြည့်စုံမှုကို ထာဝရဘုရား၏သားတော်ယေရှုခရစ်တော်၌သာတွေ့ရပါသည်။ "ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကိန်းဝပ်စေခြင်းငှါ ဘုရားသခင်အလိုရှိတော်မူ၏။" "အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ကိန်းဝပ်တော်မူ၏။"

ဟဂ္ဂဲက ကိုယ်တော်အား "လူမျိုးအပေါင်းတို့နှစ်သက်ဖွယ်သောအရာ" ဟု ခေါ်ဝေါ်သမုတ်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ကိုယ်တော်အား "ထာဝရလိုအင်သက်တော်စဉ်" ဟု ခေါ်ဝေါ်သမုတ်နိုင်ကြပါမည်။

ခရစ်တော်၏သက်တော်စဉ်အကြောင်းကို စာအုပ်စာပေပေါင်းများစွာတွင် ရေးသားဖော်ပြထားခဲ့ကြသော်လည်း သက်တော်စဉ်၏အစိတ်အပိုင်းတစ်ဝက်ခန့်ကိုမျှ မည်သည့်အချိန်ကမျှ မဖွင့်ဆိုခဲ့ဖူးကြပါ။ ထို့ကြောင့် ခရစ်တော်သည် လိုလားတောင့်တမှုအပေါင်းကိုဖြည့်ဆည်းပေးနိုင်သည့် တစ်ပါးတည်းသောဘုရားတစ်ဆူဖြစ်ကြောင်းကို ဤစာအုပ်ကဖွင့်ဆိုထားပါသည်။

ဤစာအုပ်တွင် ခရစ်တော်၏သက်တော်စဉ်နှင့်ပတ်သက်သော အရေးကြီးသည့်အဖြစ်အပျက်များနှင့် အံ့သြဖွယ်ရာသင်ခန်းစာယူစရာများကို အချိန်ကာလအစဉ်အလိုက်ဖော်ပြထားပါသည်။ လူသားတိုင်းမျှဝေခံစားနိုင်သည့် ခရစ်တော်၏အသက်တာတွင် ထင်ရှားခဲ့သည့်ဘုရားသခင်၏ အသရေတင့်တယ်မှုတည်းဟူသော ကိုယ်တော်၏မဟာမေတ္တာတော်အကြောင်းကိုလည်း ဖွင့်ဆိုထားပါသည်။

စာရေးသူအမျိုးသမီးကြီးသည် ခရစ်တော်၏သက်တော်စဉ်မှ အသစ်သောတင့်တယ်မှုများကိုဖော်ပြထားပြီး ရတနာသေတ္တာထဲမှ အသစ်စက်စက်သောကျောက်သံပတ္တမြားကိုထုတ်ယူကာ စာဖတ်သူအားဖွင့်ပြထားပါသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝလျက်ရှိသော အသစ်သောအလင်းတော်များသည် ဤစာအုပ်၏စာမျက်နှာတိုင်းတွင် ထွန်းတောက်လျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုရသော် ဤစာအုပ်တွင် ခရစ်တော်အား ဘုရားသခင်၏ပြည့်စုံတော်မူခြင်း၊ အပြစ်သားများ၏အနန္တကရုဏာနှင့်ပြည့်စုံသောကယ်တင်ရှင်တရားတော်နေမင်း၊ ယဇ်ပုရောဟိတ်မင်းကြီး၊ အနာကိုပျောက်ကင်းစေသည့်သမားတော်ကြီး၊ ကြင်နာမှုအပြည့်ရှိသော

မိတ်ဆွေ၊ ငြိမ်သက်ခြင်းအရှင်ထာဝရအဘ စသည်စသည်ဖြင့်ဖော်ပြဖွင့်ဟထားပါသည်။

ဤစာအုပ်ထဲတွင် မှတ်တမ်းတင်ထားသည့်စကားလုံးများသည် ယခုတိုင်လိုလားတောင့်တမှုကိုဖြည့်ဆည်းခြင်းမခံရသေးသည့် လူသားများ၏ အသက်ဝိညာဉ်အတွက် အသက်နှင့်စပ်ဆိုင်သောစကားလုံးကလေးများ ဖြစ်ပါစေဟု ဆုတောင်းရင်း ဘုရားသခင်၏စောင့်မမှုကိုခံယူလျက် မြန်မာပြည်တစ်လွှားရှိ ဘုရားသခင်၏သားသမီးများထံသို့ ဤ 'ထာဝရလိုအင်သက်တော်စဉ်' စာအုပ်ကိုဖြန့်ဝေလိုက်ရပါသည်။

ထုတ်ဝေဖြန့်ချိသူများ

-၀-



# မာတိကာ


၂၃ ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးပြီ ------------------ ၁
၂၄ ဤသူသည်လက်သမား၏သားမဟုတ်လော ------------------ ၁၀
၂၅ ဂါလိလဲအိုင်နားတွင်ခေါ်တော်မူခြင်း ------------------ ၂၆
၂၆ ကပေရနောင်မြို့တွင် ------------------ ၃၉
၂၇ သခင်သည်ကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူသည် ------------ ၅၉
၂၈ အခွန်ခံမဿဲ ------------------ ၈၀
၂၉ ဥပုသ်တော်နေ့ ------------------ ၉၈
၃၀ ကိုယ်တော်သည်တစ်ကျိပ်နှစ်ပါးသောတမန်တော်များအား
ခန့်ထားတော်မူခြင်း ------------------ ၁၁၄
၃၁ တောင်ပေါ်ဒေသနာ ------------------ ၁၂၉
၃၂ ရောမတပ်မှူးကလေး ------------------ ၁၆၃
၃၃ အဘယ်သူသည်ငါ့ညီအစ်ကိုများဖြစ်သနည်း ------------------ ၁၇၄
၃၄ ခေါ်ဖိတ်ခြင်း ------------------ ၁၈၈
၃၅ တိတ်ဆိတ်ငြိမ်ဝပ်စွာနေလော့ ------------------ ၁၉၇
၃၆ ယုံကြည်သဖြင့်တို့ခြင်း ------------------ ၂၁၄
၃၇ ပထမဦးဆုံးသောတရားဟောဆရာ ------------------ ၂၂၄
၃၈ ဆိတ်ကွယ်ရာသို့ခေတ္တခဏလာကြ ------------------ ၂၄၄
၃၉ သူတို့စားစရာဖို့သင်တို့ပေးကြလော့ ------------------ ၂၅၅
၄၀ ဂါလိလဲအိုင်ပေါ်မှညတစ်ည ------------------ ၂၇၀
၄၁ ဂါလိလဲအိုင်မှအကျပ်အတည်းကာလ ------------------ ၂၈၂
၄၂ ရိုးရာဓလေ့ ------------------ ၃၀၇
၄၃ ဖြိုဖျက်ခြင်းခံခဲ့ရသောအတားအဆီးများ ------------------ ၃၁၅
၄၄ စစ်မှန်သောနိမိတ်လက္ခဏာ ------------------ ၃၂၅
၄၅ ကပ်တိုင်၏အရိပ်နိမိတ် ------------------ ၃၃၇


-၀-

## (၂၃)
## ဘုရားသခင်၏နိုင်ငံတော်သည်တည်လုနီးပြီ

ယေရှုသည် ဂါလိလဲပြည်သို့ကြွတော်မူလျှင် အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့၊ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ဟူသော ဘုရားသခင်၏နိုင်ငံတော်နှင့် ယှဉ်သောဧဝံဂေလိတရားကို ဟောပြောတော်မူ၏။ မာကု ၁း၁၄-၁၅။

မေရှိယကြွလာကြောင်းကို ယုဒပြည်တွင် ပထမဦးဆုံးကြေညာခဲ့ပါသည်။ ယေရုရှလင်မြို့ရှိဗိမာန်တော်တွင် ဗတ္တိဇံဆရာယောဟန်၏မွေးဖွားခြင်းအကြောင်းကို ယဇ်ပလ္လင်ရှေ့တွင် အမှုတော်ဆောင်နေသောဇာခရိအား ကြိုတင်ပြောကြားခဲ့ပါသည်။ ကောင်းကင်တမန်များသည် ဗက်လင်တောင်ကုန်းများပေါ်တွင် သခင်ယေရှု၏မွေးဖွားခြင်းအကြောင်းကို ကြေညာခဲ့ကြပါသည်။ မာကုပညာရှိများသည် ကိုယ်တော်ရှင်အားဖူးမြော်နိုင်ရန် ယေရုရှလင်မြို့သို့လာရောက်ရှာဖွေခဲ့ကြပါသည်။ ရှုမောင်နှင့်အန္နတို့သည် ဗိမာန်တော်တွင် ကိုယ်တော်ရှင်၏ဘုရားဇာတိတော်ကို သက်သေခံခဲ့ကြပါသည်။ ယေရုရှလင်မြို့နှင့် ယုဒပြည်ရှိလူများသည် ဗတ္တိဇံဆရာယောဟန်၏ သွန်သင်ချက်များကို ကြားနာဖူးခဲ့ကြပြီး ဆန်ဟီဒရင်အဖွဲ့မှစေလွှတ်ထားခြင်းခံရသူများနှင့်တကွ များစွာသောလူတို့သည် သခင်ယေရှုနှင့်ပတ်သက်သောယောဟန်၏သက်သေခံချက်များကိုကြားဖူးခဲ့ကြသည်။ ခရစ်တော်သည် ယုဒပြည်၌ ပထမဦးဆုံးသောတပည့်တော်များကိုရရှိခဲ့ပါသည်။ ထိုနေရာ၌ပင် ကိုယ်တော်၏ရှေ့ပိုင်းအမှုတော်အများစုတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ဗိမာန်တော်ဆေးကြောသောအချိန်တွင် ထွန်းလင်းခဲ့သောကိုယ်တော်၏ဘုရားဇာတိတော်သည်လည်းကောင်း၊ လူနာများကို ကုသခြင်းနှင့်ဆိုင်သော နိမိတ်လက္ခဏာများသည်လည်းကောင်း၊ ကိုယ်တော်၏နှုတ်တော်ထွက်စကားများဖြစ်သည့် သမ္မာတရားဆိုင်ရာသင်ခန်းစာများသည်လည်းကောင်း ခပ်သိမ်းသောအရာများသည် ဗေသေသဒရေကန်တွင်ရှိသောလူနာအားကုသခဲ့ပြီးနောက် ဆန်ဟီဒရင်





အဖွဲ့ရှေ့တွင်ကြေညာတော်မူခဲ့သောကိုယ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဆိုသည့်အချက်ကို ကြေညာဖွင့်ဆိုနေကြပါသည်။

ယုဒခေါင်းဆောင်များသည် ခရစ်တော်ကိုလက်ခံကြိုဆိုခဲ့ကြလျှင် ကိုယ်တော်သည် ၎င်းတို့ကို ကမ္ဘာအား ဧဝံဂေလိသတင်းစကားဟောကြားစေရန် တမန်တော်များအဖြစ် ဂုဏ်ပြုခဲ့လိမ့်မည်ဖြစ်ပါသည်။ ထာဝရဘုရား၏ကရုဏာတော်နှင့် နိုင်ငံတော်အတွက်ရှေ့ပြေးများဖြစ်လာဖို့ ၎င်းတို့အား ပထမဦးဆုံးအခွင့်အရေးပေးခဲ့ပါသည်။

သို့သော်လည်း ဣသရေလများသည် ကိုယ်တော်ကြွလာသည့်အချိန်ကိုမသိခဲ့ကြချေ။ ယုဒခေါင်းဆောင်များ၏ငြူစူမှုများနှင့် မယုံကြည်မှုများသည် ပြောင်ကျကျမုန်းတီးခြင်းအခြေအနေအထိ ရင့်ကျက်ခဲ့ပြီး ယုဒလူမျိုးများ၏စိတ်နှလုံးကို ခရစ်တော်ထံမှလွဲဖယ်စေခဲ့ပါသည်။

ဆန်ဟီဒရင်အဖွဲ့သည် ခရစ်တော်၏သတင်းစကားကိုငြင်းပယ်ခဲ့ပြီး ကိုယ်တော်အားအသေသတ်ရန် အာရုံစူးစိုက်ခဲ့ကြပါသည်။ ထို့ကြောင့် ကိုယ်တော်သည် ယေရုရှလင်မြို့မှလည်းကောင်း၊ ယဇ်ပုရောဟိတ်များထံမှလည်းကောင်း၊ ဗိမာန်တော်မှလည်းကောင်း၊ ဘာသာရေးခေါင်းဆောင်များထံမှလည်းကောင်း၊ ပညတ်တော်ကိုသွန်သင်ခြင်းခံရသောယုဒလူမျိုးများထံမှလည်းကောင်း စွန့်ခွာတော်မူခဲ့ပြီး မိမိ၏သတင်းစကားကို ကြွေးကြော်ရန်အတွက်သော်လည်းကောင်း၊ ထိုဧဝံဂေလိသတင်းစကားကို လောကီနိုင်ငံအရပ်ရပ်သို့သွားရောက်ဟောကြားမည့်သူကို စုဆောင်းရန်အတွက်သော်လည်းကောင်း အခြားလူတန်းစားများဆီသို့ ခြေဦးလှည့်တော်မူခဲ့ပါသည်။ ခရစ်တော်၏နေ့ရက်များတွင် လူများ၏အသက်ရှင်ခြင်းနှင့်ဆိုင်သောအလင်းတရားသည် ဘာသာရေးအာဏာပိုင်များ၏ငြင်းပယ်မှုကိုခံခဲ့ရသကဲ့သို့ ဆက်တိုက်ပေါက်ဖွားလာသောလူမျိုးဆက်များ၏ငြင်းပယ်မှုကိုလည်း ခံခဲ့ရပါသည်။ ယုဒပြည်မှခရစ်တော်ခဏခဏဆုတ်ခွာသွားခဲ့ကြောင်းများကို ထပ်ခါတလဲလဲဖော်ပြခဲ့ပါသည်။ ဘာသာရေးပြုပြင်ပြောင်းလဲသူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောကြားခဲ့ကြသောအခါ တည်ထောင်ထားပြီးဖြစ်သည့် အသင်းတော်မှ မိမိတို့

ခွဲထွက်ရန်မရည်ရွယ်ခဲ့ကြချေ။ သို့သော် ဘာသာရေးခေါင်းဆောင်များသည် အလင်းတရားကိုသည်းမခံခဲ့ကြသဖြင့် အလင်းတရားကြွေးကြော်ကြသူများသည် သမ္မာတရားကိုတောင့်တနေသူများအား ရှာဖွေရန်မလွှဲမကင်း လုပ်ဆောင်လာရပါသည်။ ကျွန်ုပ်တို့ခေတ်၌ ဘာသာရေးပြုပြင်ပြောင်းလဲသူများ၏နောက်များထဲမှ အနည်းငယ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်တိုက်တွန်းမှုကိုခံကြရပါသည်။ လူအနည်းငယ်တို့သည် ဘုရားသခင်၏အသံတော်ကိုနားထောင်လျက်ရှိကြပြီး မည်သည့်နည်းအားဖြင့် တင်ပြသည်ဖြစ်စေ၊ သင်ပြသောသမ္မာတရားကိုလက်ခံရန် အဆင်သင့်ရှိနေကြပါသည်။ ထာဝရဘုရား၏နှုတ်ကပတ်တော်သွန်သင်ချက်ရိုးရိုးကလေးများကိုကြွေးကြော်ရန်အလို့ငှါ ဘာသာရေးပြုပြင်ရေးသမားများ၏ ခြေရာကိုလိုက်လျှောက်နေသူများအား ၎င်းတို့ချစ်သည့်အသင်းတော်များမှ မကြာခဏမဖြစ်မနေကွဲကွာစေခဲ့ကြပါသည်။ အလင်းတရားကိုလိုက်လံရှာဖွေနေကြသူများသည် နားထောင်မှုအားဖြင့် တုံ့ပြန်နိုင်ရန်အတွက် ထိုသွန်သင်ချက်ကြောင့် ၎င်းတို့၏ဘိုးဘေးများ၏အသင်းတော်ကိုမလွှဲမကင်း စွန့်ခွာခဲ့ကြပါသည်။

ဂါလိလဲပြည်သားများသည် လူရိုင်းများ၊ ပညာမဲ့များအဖြစ် ယေရုရှလင်မြို့ရှိကျမ်းတတ်ဆရာများ၏အထင်သေးခြင်းကိုခံခဲ့ကြရသော်လည်း သူတို့သည် ခရစ်တော်၏အမှုတော်အတွက် သာ၍အခွင့်အရေးကောင်းသောလုပ်ကွက်များဖြစ်ခဲ့ပါသည်။ သူတို့သည် ပို၍စိတ်အားထက်သန်ကြပါသည်။ ရိုးစင်းကြပါသည်။ တစ်ယူသန်မှုများ၏ဩဇာလွှမ်းမိုးမှုပို၍နည်းပါးကြပါသည်။ ၎င်းတို့၏စိတ်ထားများသည် သမ္မာတရားကိုလက်ခံရန်အတွက် ပို၍ဖွင့်ဟထားကြပါသည်။ သခင်ယေရှုသည် ဂါလိလဲသို့သွားခဲ့ခြင်းအားဖြင့် တသီးတခြား၊ သီးသီးသန့်သန့်နေထိုင်ရန် ကြိုးစားခြင်းမဟုတ်ချေ။ ထိုပြည်နယ်သည် ထိုအခါက ယုဒပြည်မှာကဲ့သို့ မဟုတ်ဘဲ လူမျိုးစုံရောနှောထားသောလူများနေထိုင်သည့် လူနေသိပ်သည်းထူထပ်သောပြည်နယ်တစ်ခုဖြစ်ပါသည်။



သခင်ယေရှုသည် ဂါလိလဲပြည်ကိုဖြတ်၍ ခရီးသွားစဉ် တရားဒေသနာဟောကြားခြင်းနှင့် လူနာကိုကုသခြင်းများကို ပြုတော်မူသောကြောင့် မြို့ရွာများမှလူအုပ်ကြီးသည် ကိုယ်တော့်ထံတွင်စုရုံးခဲ့ကြသည်။ များစွာသောလူများတို့သည် ယုဒပြည်နှင့်အိမ်နီးချင်းပြည်နယ်များမှလာရောက်ခဲ့ကြပါသည်။ ကိုယ်တော်သည် လူများထံမှမကြာခဏဖုံးကွယ်နေခဲ့ရပါသည်။ အကြောင်းမူကား ရောမအာဏာပိုင်များသည် ပုန်ကန်ထကြွမှုတစ်ခုအတွက် စိုးရိမ်စိတ်များဖြစ်ပေါ်လာမည်ကိုစိုးသဖြင့် ကြိုတင်သတိပြုရန် မဖြစ်မနေလုပ်ဆောင်ရလောက်အောင် ယုဒလူများ၏စိတ်အားထက်သန်မှုသည် အလွန်မြင့်မားခဲ့ကြပါသည်။ ကမ္ဘာတွင်ထိုကဲ့သို့သောအခြေအနေမျိုးတစ်ခါမျှယခင်ကမဖြစ်ပေါ်ခဲ့ဖူးချေ။ ကောင်းကင်နိုင်ငံတော်သည် လူသားများထံသို့ယူဆောင်လာခြင်းကို ခံခဲ့ရပါသည်။ ဣသရေလများ၏ကယ်တင်ခြင်းအတွက် အချိန်ကြာမြင့်စွာကတည်းက စောင့်မျှော်ခဲ့ကြသော ဆာလောင်မွတ်သိပ်နေသည့်အသက်ဝိညာဉ်များသည် ယခုတွင်ကြင်နာသနားတတ်သောကယ်တင်ရှင်၏ကရုဏာတော်ကိုသုံးဆောင်နေခဲ့ကြရပါသည်။ ခရစ်တော်၏ဆိုလိုရင်းတရားဟောချက်မှာ “အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့၊ ဧဝံဂေလိတရားကိုယုံကြည်လော့” ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် သခင်ယေရှုကိုယ်တော်တိုင်ဟောကြားတော်မူခဲ့သော ဧဝံဂေလိသတင်းစကားသည် အနာဂတ္တိစကားများအပေါ် အခြေပြုထားပါသည်။ ကိုယ်တော်ရှင်မိန့်တော်မူခဲ့သောပြည့်စုံရမည့် “အချိန်” သည် ဒံယေလအား ကောင်းကင်တမန်ဂါဗြေလက အသိပေးခဲ့သော “အချိန်” ပင်ဖြစ်ပါသည်။ “လွန်ကျူးခြင်းအမှုကိုဆီးတား၍ အပြစ်ကိုတံဆိပ်ခတ်စေခြင်းငှါလည်းကောင်း၊ ဒုစရိုက်အပြစ်ကိုဖြေရှင်း၍ ထာဝရကုသိုလ်ကိုသွင်းစေခြင်းငှါလည်းကောင်း၊ ဗျာဒိတ်ရူပါရုံနှင့်အနာဂတ္တိဗျာဒိတ်တော်များတို့ကိုတံဆိပ်ခတ်၍ အလွန်သန့်ရှင်းသောအရပ်ဌာနကိုလိမ်းစေခြင်းငှါလည်းကောင်း၊ သီတင်းခုနစ်ဆယ်ကိုသင်၏အမျိုးသားချင်းအဖို့နှင့် သင်၏သန့်ရှင်းသောမြို့အဖို့ ဆုံးဖြတ်ခြင်းရှိ၏။” ဒံယေလ ၉း၂၄။ အနာဂတ္တိစကားတွင်ဖော်ပြသောတစ်ရက်သည်

တစ်နှစ်နှင့်ညီမျှပါသည်။ တောလည် ၁၄း၃၄။ ယေဇကျေလ ၄း၆။ ထို့ကြောင့် သီတင်းခုနစ်ဆယ် (သို့မဟုတ်) ရက်ပေါင်းလေးရာကိုးဆယ်သည် နှစ်ပေါင်းလေးရာကိုးဆယ်ဖြစ်ပါသည်။ ဤနှစ်ပေါင်းလေးရာကိုးဆယ်ကို အစပြုရေတွက်ရမည့်အချိန်ကိုလည်း ဒံယေလ ၉း၂၅ တွင် ဖော်ပြထားပါသည်။ ယေရုရှလင်မြို့ကို တစ်ဖန်တည်ထောင်ပြုစုစေခြင်းငှါ အမိန့်တော်ရှိသည့်နေ့မှစ၍ ခရစ်တော်သခင်၏လက်ထက်တိုင်အောင် ခုနစ်သီတင်းနှင့်ခြောက်ဆယ့်နှစ်သီတင်းကြာလိမ့်မည်ဟုသိမှတ်နားလည်လော့” သီတင်းခြောက်ဆယ့်ကိုးပတ်သည် နှစ်ပေါင်းလေးရာ့ရှစ်ဆယ်သုံးနှစ်ဖြစ်ပါသည်။ ယေရုရှလင်မြို့ကိုပြန်လည်တည်ဆောက်ရန် ထုတ်ပြန်ခဲ့သောအဆုံးသတ်အမိန့်ပေးခဲ့သည့် အာတဇေရဇ်လောင်ဂျီမင်းနပ်စ်၏အမိန့်သည် ဘီစီ ၄၅၇ ၏ဆောင်းဦးရာသီတွင် အကျိုးသက်ရောက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း ၄၈၃ နှစ်ကိုရေတွက်လိုက်လျှင် အေဒီ ၂၇ တွင်အဆုံးသတ်သွားပါသည်။ အနာဂတ္တိစကားအရ ထိုနှစ်သည် ဘုရားသခင်ဘိသိက်သွန်းလောင်းတော်မူသည့် မေရှိယပေါ်ထွန်းရမည့်အချိန်ဖြစ်သည်ဟု အဆိုရှိသည့်အတိုင်း အေဒီ ၂၇ တွင် ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်သွန်းလောင်းမှုကိုခံယူလျက် နှစ်ခြင်းမင်္ဂလာကိုခံယူတော်မူခဲ့ပါသည်။ ထိုနောက်မကြာမီတွင်ပင် မိမိ၏အမှုတော်မြတ်ကို အစပြုတော်မူခဲ့ပါသည်။ ထိုနောက်မှ “အချိန်ပြည့်စုံပြီ” ဟု ဟစ်ကြွေးတော်မူခဲ့ပါသည်။

ထိုနောက် “တစ်သီတင်းတွင် လူအများတို့နှင့် ပဋိညာဉ်ဖွဲ့ခြင်းရှိ၍” ဟူ၍ ကောင်းကင်တမန်အနာဂတ်ပြုခဲ့သည့်အတိုင်း အထူးသဖြင့် ယုဒလူများထံတွင် ခရစ်တော်သည် မိမိကိုယ်တိုင်သုံးနှစ်ခွဲလုံးလုံး ဧဝံဂေလိတရားတော်ကို ဟောကြားတော်မူခဲ့ပြီး ကျန်သေးသည့်သုံးနှစ်ခွဲတွင်လည်း တမန်တော်များကဆက်လက်၍ ယုဒလူမျိုးများထံတွင် ဟောကြားခဲ့ပါသည်။ “ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့်ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်” ဟု ကောင်းကင်တမန်ကြိုတင်ဟောကြားခဲ့သည့်အတိုင်း အေဒီ ၃၁ ခုနှစ်၏မိုးရာသီတွင် ယဇ်ကောင်အစစ်ဖြစ်တော်မူသောခရစ်တော်သည် ကရာနီကုန်းပေါ်ဝယ် ပူဇော်ခြင်းကိုခံတော်မူခဲ့ရပါသည်။



ထိုအချိန်တွင် ယဇ်ပူဇော်ခြင်းနှင့်ပတ်သက်သောသန့်ရှင်းမွန်မြတ်ခြင်းများနှင့် အရေးပါခြင်းများသည် ရပ်ဆိုင်းသွားပြီဖြစ်ကြောင်းပြသည့်အနေဖြင့် ဗိမာန်တော်မှကန့်လန့်ကာသည် အထက်မှအောက်သို့နှစ်ခြမ်းကွဲသွားခဲ့ပြီး လောကနှင့်ပတ်သက်သော ယဇ်ပူဇော်ခြင်းနှင့်ဆက်ကပ်ခြင်းများကို ရပ်ဆိုင်းရမည့်အချိန်သို့ရောက်ရှိသွားခဲ့ပါသည်။

ထိုသီတင်းတစ်ပတ် (သို့မဟုတ်) ခုနစ်နှစ်သည် အေဒီ (၃၄) ခုနှစ်တွင် အဆုံးသတ်ပါသည်။ ထိုနှစ်တွင် ယုဒလူများသည် သတေဖန်ကို ခဲနှင့်ပေါက်၍ ကွပ်မျက်ခဲ့ခြင်းအားဖြင့် နောက်ဆုံးတွင်ဧဝံဂေလိသတင်းစကားအား ငြင်းပယ်ခြင်းကို တံဆိပ်ခတ်လိုက်ကြပါသည်။ နှိပ်စက်ညှဉ်းဆဲခြင်းကြောင့် အရပ်ရပ်ကွဲလွင့်ခဲ့ကြသော အသင်းဝင်များသည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကို ဟောပြောကြ၏။ (တမန်တော် ၈း၄)။ မျှားမကြာမီတွင် ခရစ်ယာန်များကို ညှဉ်းဆဲခဲ့သူရှောလုသည် ပြောင်းလဲလာကာ တစ်ပါးအမျိုးသားများ၏တမန်တော်ပေါလုဘဝသို့ရောက်လာခဲ့ပါသည်။

ခရစ်တော်ကြွလာမည့်အချိန်ကိုသော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်တော်အား ဘိသိက်ပေးခြင်းကိုသော်လည်းကောင်း၊ ကိုယ်တော်၏အသေခံခြင်းနှင့် တစ်ပါးအမျိုးသားထံဧဝံဂေလိသတင်းစကားဟောကြားခြင်းများကိုလည်းကောင်း တိတိကျကျညွှန်ပြထားခဲ့ပါသည်။ ဤအနာဂတ္တိစကားများကိုနားလည်ရန်နှင့် ခရစ်တော်၏အမှုတော်အားဖြင့် ဤအရာများကိုပြည့်စုံစေကြောင်း အသိအမှတ်ပြုရန် ယုဒလူများ၌ အခွင့်အရေးရှိကြပါသည်။ အနာဂတ်ဆိုင်ရာအကြောင်းအရာများကိုလေ့လာခြင်းသည် အရေးပါကြောင်းကိုလည်း ခရစ်တော်အနေနှင့် တမန်တော်များအား တိုက်တွန်းပြောကြားတော်မူခဲ့ပါသည်။ အချိန်နှင့်ပတ်သက်၍ ဒံယေလအားပေးတော်မူခဲ့သော အနာဂတ္တိစကားကို ရည်ညွှန်းလျက် ကိုယ်တော်မိန့်တော်မူသည်ကား “ကျမ်းစာကိုကြည့်သောသူသည်နားလည်ပါစေ” (မဿဲ ၂၄း၁၅) ဟူသတည်း။ ခရစ်တော်သည် ခပ်သိမ်းသောပုရောဖက်များမှတစ်ဆင့် ဗျာဒိတ်တော်များကိုမိန့်တော်မူခဲ့

ပါသည်။ “ခရစ်တော်ခံတော်မူရသော ဆင်းရဲကိုလည်းကောင်း၊ ဆင်းရဲခံပြီးမှဝင်စားတော်မူရသောဘုန်းစည်းစိမ်ကိုလည်းကောင်း၊ သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံသောအခါ---မေးမြန်းရှာဖွေကြ၏။” ၁ပေ၊ ၁း၁၁။

သားတော်ဘုရားပြီးလျှင် အကြီးဆုံးသောကောင်းကင်တမန်ဗိုလ်မင်းဖြစ်သော ဂါဗြေလသည် ဘုရားသခင်ပေးပို့လိုက်သောသတင်းစကားနှင့်အတူ ဒံယေလထံသို့ရောက်ရှိလာခဲ့ပါသည်။ ရှင်ယောဟန်အားအနာဂတ်ဗျာဒိတ်ရူပါရုံများကိုပေးရန် ခရစ်တော်စေလွှတ်တော်မူသောကောင်းကင်တမန်သည်လည်း ဂါဗြေလပင်ဖြစ်ပါသည်။ သို့အတွက်ထိုအနာဂတ္တိကျမ်းစကားကို ကြည့်ရှုဖတ်ရွတ်နားထောင်၍ ရေးထားသမျှတို့ကိုစောင့်ရှောက်သောသူတို့သည် မင်္ဂလာရှိကြ၏။ ဗျာဒိတ် ၁း၃။

“အကယ်စင်စစ် အရှင်ထာဝရဘုရားသည် မိမိကျွန်ပုရောဖက်တို့အားမဖော်ပြဘဲ အဘယ်အမှုကိုမျှစီရင်တော်မမူ” အာမုတ် ၃း၇။ “မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏အငန်းအတာဖြစ်ကြ၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ်ငါတို့နှင့်ငါတို့သားသမီးများတို့၏အငန်းအတာဖြစ်၏” (တရားဟော ၂၉း၂၉)။ ထာဝရဘုရားသည် ဤအနာဂတ္တိစကားများကို ကျွန်ုပ်တို့အားပေးသနားတော်မူ၍ ကျမ်းစာမှဤအရာများကို ရိုသေကိုင်းရှိုင်းစွာဖြင့်ဆုတောင်းလျက် လေ့လာဖတ်ရွတ်သောသူများအား ကိုယ်တော်သည်ကောင်းချီးချပေးတော်မူပါသည်။

ခရစ်တော်၏ပထမအကြိမ်ကြွလာခြင်းသတင်းစကားသည်ကိုယ်တော်၏ကရုဏာနိုင်ငံတော်အကြောင်းကို ကြေညာခဲ့သကဲ့သို့ကိုယ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသတင်းစကားများသည် ဘုန်းတော်နိုင်ငံအကြောင်းကိုကြေညာနေပါသည်။ ၎င်းပြင် ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆိုင်သောသတင်းစကားသည် ပထမအကြိမ်ကြွလာခြင်းနှင့်ဆိုင်သောသတင်းစကားကဲ့သို့ပင် အနာဂတ္တိစကားများအပေါ်တွင် အခြေပြုထားပါသည်။ “နောက်ဆုံးသောနေ့ရက်များ” နှင့်စပ်လျဉ်း၍ ဒံယေလအား



ဂါဗြေလပြောဆိုခဲ့သောစကားများကို နောက်ဆုံးသောအချိန်များတွင်အသက်ရှင်နေထိုင်လျက်ရှိကြမည့်သူများနားလည်ကြရန်ဖြစ်ပါသည်။ ထိုအချိန်တွင် “အများသောသူတို့သည် ထိုစာစောင်ကိုကြည့်ရှုသောအားဖြင့်ပညာတိုးပွားလိမ့်မည်။” “မတရားသောသူတို့သည် မတရားသဖြင့်ပြု၍တစ်ယောက်မျှနားမလည်ရ။ ပညာရှိသောသူမူကား၊ နားလည်ကြလိမ့်မည်” ဒံယေလ ၁၂း၄၊၁၀။ ခရစ်တော်သည်ကြွလာခြင်းနှင့်ဆိုင်သောပုဗ္ဗနိမိတ်များကို ကိုယ်တော်တိုင်ပြောပြတော်မူခဲ့ပြီး “ထိုအကြောင်းအရာများဖြစ်သည်ကိုမြင်ရလျှင် ဘုရားသခင်၏နိုင်ငံတော်တည်လုနီးသည်ကိုသိမှတ်ကြလော့” ဟူ၍လည်းကောင်း၊ “သင်တို့သည် ကိုယ်ကိုကိုယ်သတိပြုကြလော့၊ သို့မဟုတ် အစားအသောက်လွန်ကြူးခြင်း၊ လောကီစိုးရိမ်ခြင်းအားဖြင့်စိတ်နှလုံးပင်ပန်းလျက်ရှိနေစဉ်တွင် ထိုနေ့ရက်သည် အမှတ်တမဲ့သင်တို့နှင့်တွေ့ကြုံလိမ့်မည်” ဟူ၍လည်းကောင်း၊ “ထို့ကြောင့် သင်တို့သည်ဖြစ်လတ္တံ့သောအမှုအရာတို့နှင့်ကင်းလွတ်၍ လူသားထံသို့ရောက်ခြင်းကိုခံထိုက်သောသူဖြစ်သည်ဟု မှတ်တော်မူမည်အကြောင်း၊ အစဉ်ဆုတောင်းလျက်စောင့်နေကြလော့” ဟူ၍လည်းကောင်း မိန့်တော်မူခဲ့ပါသည်။ လုကာ ၂၁း၃၁၊၃၄၊၃၆။

ကျွန်ုပ်တို့သည် ကျမ်းစာတွင်ကြိုတင်အနာဂတ္တိပြုခဲ့သောအချိန်ကာလကိုရောက်ရှိနေကြပါပြီ။ နောက်ဆုံးသောအချိန်သို့ရောက်ရှိလာပြီဖြစ်ပြီး ပုရောဖက်များရရှိခဲ့သောရူပါရုံများသည် ထင်ရှားလာနေပြီဖြစ်ပါသည်။ ထိုရူပါရုံများ၏ကြီးမားသောသတိပေးချက်များသည် မကြာမီတွင်ဘုန်းတော်နှင့်ကြွလာမည့် ခရစ်တော်ကြွလာခြင်းအကြောင်းကို ကျွန်ုပ်တို့အားပြည့်ဆွန်နေပါသည်။

ယုဒလူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုမှားယွင်းစွာအနက်ဖွင့်ခဲ့ကြပြီး မှားယွင်းစွာအသုံးပြုခဲ့ကြပါသည်။ ၎င်းပြင် မိမိတို့အားအပြစ်ဒဏ်စီရင်မည့်အချိန်ကိုလည်း သူတို့မသိရှိခဲ့ကြချေ။ ရွေးချယ်ခြင်းခံရသောယုဒလူမျိုးများအတွက် တန်ဖိုးကြီးမားလှသည့် ကရုဏာတော်၏နောက်ဆုံးနှစ်များဖြစ်သည့် ခရစ်တော်နှင့်တကွ တမန်တော်များ၏

အမှုတော်ဆောင်ရာနှစ်များတွင် ၎င်းတို့သည် ဘုရားသခင်၏စေတမန်များကို သုတ်သင်ရှင်းလင်းရန်ကြံစည်နေခြင်းများဖြင့် အချိန်ကုန်လွန်စေခဲ့ပါသည်။ သူတို့သည် လောကီနှင့်ပတ်သက်သောရည်မှန်းချက်များတွင် မျောပါနေကြပြီး ဝိညာဉ်ရေးနှင့်ပတ်သက်သောနိုင်ငံတော်၏ကမ်းလှမ်းချက်သည် ၎င်းတို့အတွက်အချည်းနှီးဖြစ်ခဲ့ပါသည်။ ထိုနည်းတူစွာ ဤကမ္ဘာလောက၏တိုင်းနိုင်ငံများသည် လူသားများ၏ထင်မြင်ယူဆချက်များတွင် နစ်မျောနေကြပြီး လျင်မြန်စွာပြည့်စုံနေသောအနာဂတ္တိစကားများကိုလည်းကောင်း၊ လျင်မြန်စွာဖြစ်ပျက်လျက်ရှိသော ဘုရားသခင့်နိုင်ငံတော်၏ပုဗ္ဗနိမိတ်များကိုလည်းကောင်း သူတို့ဂရုမမူမိကြချေ။

"သို့သော်လည်း ညီအစ်ကိုတို့၊ ထိုနေ့ရက်သည် သူခိုးကဲ့သို့ သင်တို့အပေါ်သို့ရောက်လာမည်အကြောင်း သင်တို့သည် မှောက်မိုက်၌နေကြသည်မဟုတ်၊ သင်တို့အပေါင်းသည် အလင်း၏သား၊ နေ့၏သားဖြစ်ကြ၏။ ညဉ့်၏သား၊ မှောင်မိုက်၏သားမဟုတ်၊" ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်ပြန်လည်ကြွလာမည့်အချိန်နာရီကို မသိကြသော်လည်း နီးကပ်ကြောင်းကို သိရှိနိုင်ကြပါသည်။ "သို့ဖြစ်၍ အခြားသောသူတို့သည် အိပ်ပျော်သကဲ့သို့ ငါတို့သည်အိပ်မပျော်ဘဲ သမ္မာသတိရှိ၍ စောင့်ကြကုန်အံ့။" ၁သက်သာ ၅း၄-၆။

-၀-



# (၂၇)
# ဤသူသည်လက်သမား၏သားမဟုတ်လော

ရှင်လုကာ ၄း၁၆-၃၀ ကိုအခြေပြုထားပါသည်

ဂါလိလဲပြည်တွင် ခရစ်တော်၏အမှုတော်တိုးတက်ကြီးပွားနေသောအချိန်တွင် မလိုလားအပ်သောဖြစ်ရပ်တစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ ၎င်းဖြစ်ရပ်မှာ "ဤသူသည် လက်သမား၏သားမဟုတ်လော" ဟုမေးခွန်းထုတ်ကာ နာဇရက်မြို့သားများသည် ကိုယ်တော်ကိုငြင်းပယ်ခဲ့ကြခြင်းဖြစ်ပါသည်။

သခင်ယေရှုသည် ကလေးဘဝနှင့်လူငယ်ဘဝများတွင် မိမိ၏ညီအစ်ကိုများနှင့်အတူ နာဇရက်မြို့ရှိတရားဇရပ်တွင် ဝတ်ပြုကိုးကွယ်ခဲ့ပါသည်။ အမှုတော်စတင်ထမ်းဆောင်သည့်အချိန်မှစ၍ ကိုယ်တော်သည် သူတို့နှင့်အတူမနေခဲ့သော်လည်း ထိုအချိန်များတွင် ကိုယ်တော်၌ မည်သည့်အရာများဖြစ်ပျက်ခဲ့ကြောင်းကို ၎င်းတို့မသိရှိခဲ့သည်မဟုတ်ပါ။ ကိုယ်တော်သည် သူတို့အလယ်တွင် တစ်ဖန်ပြန်ပေါ်လာသောအခါ ၎င်းတို့၏စိတ်ဝင်စားမှုများနှင့် မျှော်မှန်းချက်များသည် အထွတ်အထိပ်သို့ရောက်ခဲ့ပြန်ပါသည်။ ဤမြို့တွင် ငယ်ရွယ်စဉ်ကပင် ကိုယ်တော်သိရှိအကျွမ်းဝင်ခဲ့သောသူများရှိကြပါသည်။ ဤမြို့တွင် ကိုယ်တော်၏မယ်တော်နှင့်တကွ ညီအစ်ကိုမောင်နှမများသည်လည်း နေထိုင်လျက်ရှိကြရာ ဥပုသ်တော်နေ့တွင် ဗိမာန်တော်ထဲသို့ ကိုယ်တော်ဝင်လာပြီး အခြားကိုးကွယ်သူများနှင့်အတူထိုင်တော်မူသောအခါ မျက်လုံးတိုင်းသည် ကိုယ်တော်အားစူးစိုက်ခဲ့ကြပါသည်။

ဥပုသ်နေ့၌ ကျင်းပမြဲဖြစ်သော ဝတ်ပြုအခမ်းအနားတွင် အသင်းလူကြီးသည် ပုရောဖက်ရေးသားချက်များကိုဖတ်ပြခဲ့ပြီး ဘုန်းတော်ဖြင့် စိုးစံ၍ ဖိနှိပ်ညှဉ်းပန်းသူအားလုံးကို နှင်ထုတ်တော်မူမည့် ကြွလာတော်မူမည့်အရှင်ကို ဆက်လက်မျှော်လင့်ကြရန် ယုဒလူများအား အားပေးတိုက်တွန်းနေပါသည်။ သူသည် မိမိ၏တရားနာပရိသတ်အား မေရှိယကြွလာခြင်းသည်

နီးကပ်လျက်ရှိကြောင်းကို ပြန်လည်ဖတ်ရွတ်ခြင်းအားဖြင့် အားပေးရန် ကြိုးစားခဲ့ပါသည်။ ကိုယ်တော်သည် ဣသရေလများအား ကယ်တင်ရန် ချီတက်လာသောတပ်မကြီးကိုဦးဆောင်လျက် ပေါ်ထွန်းလာလိမ့်မည် ဟူသော အတွေးကိုထင်ရှားစေလျက် ထိုသူသည် ကိုယ်တော်ရှင်ကြွလာခြင်း၏ဘုန်းအသရေတော်ကိုဖော်ပြနေပါသည်။

ကျမ်းတတ်ဆရာတစ်ယောက်သည် ဗိမာန်တော်ထဲတွင်ရှိခဲ့လျှင် တရားဒေသနာဟောကြားခွင့်ရရှိလိမ့်မည်ဖြစ်ပြီး ဣသရေလလူတစ်ယောက်သည် ပုရောဖက်ရေးသားချက်များကို ဖတ်ပေးရပေသည်။ ဤဥပုသ်တော်နေ့တွင် ခရစ်တော်အား ထိုအခမ်းအနားတွင် ပါဝင်လုပ်ဆောင်ရန် ဖိတ်ခေါ်ခဲ့ကြပါသည်။ ကိုယ်တော်သည် ကျမ်းစာကိုဖတ်ရွတ်ခြင်းငှါ ထတော်မူရာ ဇရပ်စောင့်သည် ပုရောဖက်ဟေရှာယ၏ကျမ်းစာကို ကိုယ်တော်အားပေး၏။ လုကာ ၄း၁၆-၁၇။ ကိုယ်တော်ရှင်ဖတ်ရွတ်ခဲ့သောကျမ်းချက်များသည် မေရှိယအကြောင်းကို ရည်ညွှန်းထားသည်ဟုနားလည်ထားသည့် ကျမ်းချက်များဖြစ်ပါသည်။

> "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှါ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှါလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှါလည်းကောင်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါလည်းကောင်း ငါ့ကိုစေလွှတ်တော်မူပြီဟုလာသတည်း။" လုကာ ၄း၁၈-၁၉ (ဟေရှာယ ၆၁)။

ထိုနောက်ကျမ်းစာလိပ်ကို ဇရပ်စောင့်အားပေးပြီးမှ ထိုင်တော်မူ၏။ ဇရပ်၌ရှိသောသူအပေါင်းတို့သည် ကိုယ်တော်ကိုစေ့စေ့ကြည့်လျက်နေကြ၏။------ထိုသူအပေါင်းတို့သည် ကိုယ်တော်ကိုဝန်ခံ၍ တင့်တယ်



လျောက်ပတ်သော နှုတ်ထွက်စကားကိုအံ့ဩချီးမွမ်းလျက်---ဆိုကြ၏။ လုကာ ၄း၂၀-၂၂။

သခင်ယေရှုသည် မိမိနှင့်ပတ်သက်သောအနာဂတ္တိစကားများကို ထိရောက်သော ရှင်းလင်းဖော်ပြသူတစ်ပါးအနေဖြင့် လူအများရှေ့တွင် ရပ်တည်ခဲ့ပါသည်။ မိမိဖတ်ရွတ်ခဲ့သောကျမ်းပိုဒ်ကို ရှင်းပြလျက် မေရှိယသည် ညှဉ်းဆဲခံရသူများအား သက်သာစေမည့်သူဖြစ်ကြောင်း၊ ဖမ်းဆီးချုပ်ထားခြင်းခံရသူများအား ကယ်လွှတ်မည့်သူဖြစ်ကြောင်း၊ မျက်မမြင်ဒုက္ခိတများအား မျက်စိပြန်မြင်ခြင်းအခွင့်ပေးလျက် သမ္မာတရား၏အလင်းကို ကမ္ဘာအားထွန်းလင်းလျက် ရောဂါဝေဒနာစွဲကပ်နေသူများအား ကုစားပေးမည့်သူဖြစ်ကြောင်းများကို ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်၏အထူးစွဲမက်စေသောအမူအရာနှင့် အံ့ဩဖွယ်ကောင်းသော နှုတ်တော်ထွက်စကားများ၏အရေးပါမှုများတို့သည် တရားနာပရိသတ်အား ယခင်ကမခံစားခဲ့ဖူးသောတန်ခိုးတစ်ခုကို သည်းထိတ်ရင်ဖိုခံစားစေခဲ့ပါသည်။ ဘုရားသခင်၏တန်ခိုးတော်ဒီရေသည် အတားအဆီးအားလုံးကို ချိုးနှိမ်ပစ်ခဲ့သဖြင့် မောရှေသည် ဘုရားကိုမြင်တွေ့ခဲ့ရသကဲ့သို့ ၎င်းတို့သည် ဘုရားသခင်ကိုဖူးမြော်ခဲ့ကြရပါသည်။ ၎င်းတို့၏စိတ်နှလုံးများအား သန့်ရှင်းသောဝိညာဉ်တော်လှုံ့ဆော်သဖြင့် ဘုရားသခင်အားအရှိန်ကြီးသော "အာမင်" ခေါ်ခြင်းများနှင့် ချီးမွမ်းထောမနာပြုခြင်းအားဖြင့် တုံ့ပြန်ခဲ့ကြပါသည်။

သို့သော်ယေရှုက "ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည့်အတိုင်းပြည့်စုံလေပြီ" ဟုမိန့်တော်မူသောအခါ သူတို့သည် ချက်ချင်းပင် မိမိတို့ကိုယ်ကိုလည်းကောင်း၊ မိမိတို့အား မိန့်တော်မူနေသူ၏တောင်းဆိုချက်များကိုလည်းကောင်း စဉ်းစားရန် ပြန်လည်သတိရလာခဲ့ကြပါသည်။ အာဗြဟံ၏သားသမီးများဖြစ်ကြသော ထိုဣသရေလလူတို့အား ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူများကဲ့သို့ ရုပ်လုံးဖော်ထားပါသည်။ ၎င်းပြင် ဒုစရိုက်၏တန်ခိုးမှ ကယ်လွှတ်ပေးရမည့်အကျဉ်းသားများအဖြစ်ဖြင့်လည်းကောင်း၊ အမှောင်ထုတွင်ရှိနေကြသောသမ္မာတရားအလင်းလိုအပ်နေကြ

သူများအဖြစ်ဖြင့်လည်းကောင်း မိန့်တော်မူထားပါသည်။ သူတို့၏မာနထောင်လွှားခြင်းကို အထိနာစေပြီး သူတို့၏ကြောက်ရွံ့မှုများကို နိုးကြွစေခဲ့ပါသည်။ ကိုယ်တော်ရှင်ဆောင်ရွက်မည့်အမှုတော်သည် ၎င်းတို့တောင့်တခဲ့သောအရာနှင့် လုံးလုံးကြီးကွဲပြားခြားနားနေကြောင်းကို သခင်ယေရှု၏နှုတ်ထွက်စကားများက ဖော်ညွှန်းခဲ့ပြီး ၎င်းတို့၏လုပ်ရပ်များကို အနီးကပ်စုံစမ်းစစ်ဆေးရမည်ဖြစ်ပါသည်။ သူတို့သည် အပြင်ပန်းဝိနည်းထုံးဖွဲ့ဆိုင်ရာအခမ်းအနားများတွင် တိတိကျကျဆောင်ရွက်လုပ်ကိုင်ခဲ့ကြသော်လည်း ကိုယ်တော်၏ကြည်လင်၍ စူးစမ်းတတ်သည့်မျက်လုံးတော်များ၏စစ်ဆေးကြည့်ရှုမှုကိုမူ နောက်တွန့်ခဲ့ပါသည်။

ယေရှုဟုခေါ်သည့်ထိုသူသည် အဘယ်သူနည်းဟု သူတို့မေးခွန်းထုတ်ခဲ့ကြပါသည်။ မိမိကိုယ်ကို မေရှိယဖြစ်သည်ဟု အခိုင်အမာပြောဆိုနေသောသူသည် လက်သမားတစ်ယောက်၏သားဖြစ်ပြီး ဖခင်ဖြစ်သူယောသပ်နှင့်အတူ လက်သမားအလုပ်ကိုလုပ်ခဲ့သူဖြစ်သည်။ ကိုယ်တော်သည် ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်ခဲ့ရသည်ကို သူတို့မြင်တွေ့ခဲ့ကြပြီး ကိုယ်တော်၏ညီအစ်ကိုမောင်နှမများနှင့်လည်း သိကျွမ်းခဲ့ကြကာ ကိုယ်တော်၏အသက်တာနှင့် အလုပ်အကိုင်များကိုလည်း သိရှိထားခဲ့ကြပါသည်။ ကလေးဘဝမှလူငယ်ဘဝ၊ လူငယ်ဘဝမှလူကြီးဘဝသို့ကြီးပွားလာသည့်ကိုယ်တော်ကို သူတို့မြင်တွေ့ခဲ့ကြပြီးဖြစ်ပါသည်။ ကိုယ်တော်၏အသက်တာသည် အပြစ်အနာအဆာလုံးဝမရှိခဲ့သော်လည်း ကတိထားတော်မူသည့်မေရှိယတစ်ပါးအနေနှင့်မူ ကိုယ်တော်ကို သူတို့မယုံကြည်ခဲ့ကြချေ။

အသစ်တည်ထောင်မည့်နိုင်ငံတော်နှင့်စပ်လျဉ်းသော ခရစ်တော်၏သွန်သင်ချက်များနှင့် ၎င်းတို့၏အကြီးအကဲများထံမှ ကြားခဲ့ဖူးသောအရာများသည် ကွဲပြားခြားနားနေပါသည်။ ၎င်းတို့အား ရောမများ၏လက်အောက်မှ ကယ်လွှတ်ခြင်းနှင့်ပတ်သက်သော မည်သည့်အရာကိုမျှ သခင်ယေရှုမိန့်တော်မမူခဲ့ချေ။ သူတို့သည် ကိုယ်တော်ရှင်ပြတော်မူခဲ့သောနိမိတ်လက္ခဏာများကို ကြားဖူးခဲ့ကြပြီး သူတို့၏အခွင့်အရေးအတွက်



ထိုတန်ခိုးတော်များကို ကိုယ်တော်အသုံးပြုတော်မူလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း အရိပ်အမြွက်ကိုမျှ သူတို့မတွေ့မြင်ခဲ့ရချေ။

သူတို့သည် သံသယစိတ်အတွက် နှလုံးတံခါးကိုဖွင့်ထားကြသောကြောင့် တဒင်္ဂအချိန်ကလေးတွင် နူးညံ့ရန်အတွက်ပင် မဖြစ်နိုင်လောက်အောင် သူတို့နှလုံးသားများသည် အလွန့်အလွန်မာကျောလျက်ရှိခဲ့ကြပါသည်။ ထိုနေ့ရက်များတွင် မျက်မမြင်များသည် မျက်စိအလင်းပြန်၍မရစေရန်သော်လည်းကောင်း၊ သုံ့ကျွန်ဘဝတွင် ချုပ်နှောင်ခြင်းခံနေရသူများအား လွတ်ခြင်းအခွင့်ကို ပြန်လည်မရရှိစေရန်အတွက်သော်လည်းကောင်း စာတန်သန္နိဋ္ဌာန်ချထားခဲ့ပါသည်။ သူသည် အကြီးအကျယ်ခွန်အားသုံး၍ ၎င်းတို့ကိုမယုံကြည်စေရန် ကြိုးစားခဲ့ပါသည်။ မိမိတို့အားမိန့်တော်မူနေသောထိုပုဂ္ဂိုလ်သည် မိမိတို့၏ကယ်တင်ရှင်ဖြစ်သည်ဟု ထင်ထင်ရှားရှားသိမြင်ခြင်းကြောင့် သူတို့စိတ်လှုပ်ရှားလာသောအချိန်တွင် စာတန်သည် ယေရှုရှင်ပြတော်မူခဲ့ပြီးသည့် အမှတ်လက္ခဏာကိုဂရုမမူခဲ့ချေ။

သို့သော်ယခုတွင် သခင်ယေရှုသည် ၎င်းတို့၏လျှို့ဝှက်သောအကြံအစည်များကိုဖော်ပြတော်မူခြင်းအားဖြင့် မိမိ၏ဘုရားဇာတိအထောက်အထားတစ်ခုကိုပေးတော်မူခဲ့ပါသည်။ "ယေရှုကလည်း၊ အကယ်၍ သင်တို့သည် ပုံပမာကိုဆောင်လျက်၊ အချင်းဆေးသမား၊ ကိုယ်အနာကိုငြိမ်းစေလော့၊ ငါတို့သည် သတင်းကြားသည့်အတိုင်း သင်သည် ကပေရနောင်မြို့၌ ပြုသမျှသောအမှုအရာတို့ကို ကိုယ်နေရင်းမြို့၌လည်း ပြုပါဟူ၍ ငါ့အားပြောဆိုကြလိမ့်မည်။ သို့သော်လည်း ငါအမှန်အကန်ဆိုသည်ကား အဘယ်ပုရောဖက်မျှ မိမိနေရင်းမြို့၌ မျက်နှာမရတတ်၊ ငါအမှန်ဆိုပြန်သည်ကား ပုရောဖက်ဧလိယလက်ထက်၌ သုံးနှစ်ခြောက်လပတ်လုံး မိုးခေါင်၍ ပြည်နိုင်ငံတစ်လျှောက်လုံး အစာအာဟာရအလွန်ခေါင်းပါးခြင်းရှိသောအခါ ဣသရေလအမျိုးဖြစ်သော မုဆိုးမအများရှိကြ၏။ သို့သော်လည်း ထိုမုဆိုးမဆိုးတစ်ယောက်ရှိရာသို့မျှ ဧလိယကိုစေလွှတ်တော်မမူ။ ဇိဒုန်ပြည်၊ ဇရတ္တာမြို့သူဖြစ်သော မုဆိုးမတစ်ယောက်ရှိရာသို့စေလွှတ်တော်မူ၏။ ပုရောဖက်ဧလိရှဲလက်ထက်တွင်လည်း ဣသရေလ

အမျိုး၌ နူနာစွဲသောသူအများရှိကြသော်လည်း နေမန်အမည်ရှိသောရှုရိလူမှတစ်ပါး အဘယ်သူမျှသန့်ရှင်းခြင်းသို့မရောက်ဟု မိန့်တော်မူ၏။” လုကာ ၄း၂၄-၂၇။

ပုရောဖက်များ၏အသက်တာတွင် ဖြစ်ပျက်ခဲ့သောအရာများနှင့်ဆက်နွယ်၍ သခင်ယေရှုသည် မိမိတရားနာပရိသတ်၏မေးခွန်းများကိုဖြေရှင်းတော်မူခဲ့ပါသည်။ အထူးလုပ်ငန်းများအတွက် ဘုရားသခင်ရွေးချယ်သောအစေခံကျွန်များကို စိတ်နှလုံးမာကျော၍ မယုံကြည်သောသူများအတွက် အမှုတော်ဆောင်ရန် ခွင့်ပြုတော်မမူခဲ့ချေ။ သို့သော်လည်း ခံစားတတ်သောစိတ်နှလုံးများနှင့် ယုံကြည်ခြင်းစိတ်ရှိသောသူများအား ပုရောဖက်များမှတစ်ဆင့် ကိုယ်တော်၏တန်ခိုးတော်နှင့်ပတ်သက်သောအထောက်အထားများကို အထူးသဖြင့် ပေးသနားတော်မူပါသည်။ ဧလိယခေတ်တွင်ဣသရေလလူများသည် ဘုရားသခင်ထံမှသွေဖည်ခဲ့ကြပြီး မိမိတို့၏အပြစ်များကိုစွဲလမ်းနေကြကာ သခင်ဘုရား၏စေတမန်များမှတစ်ဆင့် ပေးတော်မူသောဝိညာဉ်တော်၏သတိပေးချက်များကို ငြင်းပယ်ခဲ့ကြပါသည်။ ထိုနည်းအားဖြင့် ၎င်းတို့ထံသို့ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများစီးဆင်းမည့်လမ်းကြောင်းမှ မိမိတို့ကိုယ်ကိုဖြတ်တောက်ခဲ့ကြပါသည်။ ဘုရားသခင်သည်ဣသရေလအိမ်ထောင်များကိုကျော်သွားတော်မူခဲ့ပြီး ရွေးချယ်ထားသည့်လူမျိုးအဝင်မဟုတ်သော တစ်ပါးအမျိုးသားနိုင်ငံတစ်နိုင်ငံမှ အမျိုးသမီးတစ်ဦးတွင် မိမိ၏ပုရောဖက်ကြီးအတွက် ခိုလှုံရာနေရာတစ်ခုကိုတွေ့ရှိတော်မူခဲ့ပါသည်။ သူမသည် မိမိရရှိခဲ့သောအလင်းတရားကို လိုက်လျှောက်ခဲ့သောကြောင့် ဘုရားသခင်၏မျက်နှာသာပေးခြင်းကိုခံခဲ့ရပါသည်။ ၎င်းပြင်မိမိ၏ပုရောဖက်မှတစ်ဆင့် သူမအား ဘုရားသခင်ပေးသနားမည့် ပို၍ကြီးမားသောအလင်းကိုရရန် သူမ၏စိတ်နှလုံးကို ဖွင့်ဟထားခဲ့ပါသည်။

ထိုကဲ့သို့သောအကြောင်းများကြောင့် ဧလိရှဲလက်ထက်တွင်ဣသရေလလူမျိုးအနာကြီးရောဂါသည် ကုသပျောက်ကင်းခွင့်ကိုမရခဲ့ကြချေ။ သို့သော် ဗိုလ်ချုပ်နေမန်သည် အမှန်တရားနှင့်ပတ်သက်သော မိမိ၏သိမြင်မှုအပေါ် သစ္စာရှိစွာဖြင့်လုပ်ဆောင်ခဲ့ပြီး မိမိတွင်အကူအညီအကြီး



အကျယ်လိုအပ်နေကြောင်းကို ခံစားခဲ့ရပါသည်။ သူသည် ဘုရားသခင့်ကရုဏာတော်၏ဆုကျေးဇူးကိုခံစားရရှိနိုင်သောအခြေအနေတွင်ရှိခဲ့ပြီးအနာကြီးရောဂါပျောက်ကင်းမှုကိုသာမက စစ်မှန်သောဘုရားကိုသိရသောအခွင့်အားဖြင့်လည်း ကောင်းချီးပေးခြင်းခံခဲ့ရပါသည်။

ဘုရားသခင်၏ရှေ့တော်မှောက်တွင် ကျွန်ုပ်တို့၏ရပ်တည်မှုသည်ကျွန်ုပ်တို့ရရှိထားသောအလင်းတရားပမာဏပေါ်တွင်မူမတည်ဘဲ ကျွန်ုပ်တို့ရရှိထားသောအလင်းတရားကို အသုံးပြုမှုအပေါ်တွင်မူတည်နေပါသည်။ ထို့ကြောင့်သိရှိသမျှသောအမှန်တရားကိုရွေးချယ်ခဲ့သောတစ်ပါးအမျိုးသားများသည် ကြီးမားသောအလင်းတရားကိုရရှိထားပြီး ထာဝရဘုရားထံအမှုတော်ဆောင်ရန် ဝန်ခံခဲ့ကြသော်လည်း ၎င်းဝန်ခံချက်ကို နေ့စဉ်အသက်တာအားဖြင့်ဆန့်ကျင်ကာ ထိုအလင်းတရားကိုဂရုမပြုခဲ့ကြသောသူများထက်ပိုမို၍လိုလားနှစ်သက်ဖွယ်သောအခြေအနေများတွင်ရှိခဲ့ကြသည်။ သူတို့သည် ဘုရားသခင်အထံတော်မှထွက်ခွာလာခဲ့ကြကြောင်းဘုရားသခင်၏သားသမီးဖြစ်ကြောင်း၊ အခိုင်အမာပြောဆိုခွင့်ကိုဆုံးရှုံးခဲ့ကြကြောင်း စသည့်ခါးသီးသောအမှန်တရားကို မိမိရရဖိအားပေးလျက် တရားဇရပ်အတွင်းရှိ တရားနာပရိသတ်အား မိန့်မြွက်ခဲ့သည့် ခရစ်တော်၏နှုတ်ထွက်စကားတို့သည် မိမိကိုယ်ကိုဖြောင့်မတ်နေသည်ဟုထင်နေသည့်၎င်းတို့၏စိတ်ကို အမြစ်မှလှန်ခဲ့ပါသည်။ ၎င်းတို့၏အခြေအနေမှန်ကို ၎င်းတို့ရှေ့မှောက်တွင်တင်ပြခဲ့သောအခါ ကိုယ်တော်၏နှုတ်ထွက်စကားတိုင်းသည်ဓါးတစ်ချောင်းကဲ့သို့ သူတို့အားနာကျင်စေခဲ့ပါသည်။ ခရစ်တော်သည်သူတို့အား ရှေးဦးစွာလှုပ်ရှားစေခဲ့သောယုံကြည်ခြင်းကို ယခုတွင် သူတို့မထီလေးစားပြုခဲ့ကြပါသည်။ ဆင်းရဲ၍နိမ့်ကျသောအသက်တာမှ ပေါ်ထွန်းလာခဲ့သောကိုယ်တော်သည် သာမန်လူသားတစ်ဦးထက်ကြီးမြတ်ကြောင်းကိုသူတို့ဝန်မခံခဲ့ကြချေ။

သူတို့၏မယုံကြည်မှုသည် အငြိုးထားခြင်းကိုပေါက်ဖွားစေခဲ့သည်။ စာတန်သည် ၎င်းတို့အားထိန်းချုပ်ထားပြီး သူတို့သည် ကယ်တင်ရှင်နှင့်ဆန့်ကျင်၍ ဒေါသကြီးစွာဖြင့်အော်ဟစ်ခဲ့ကြပါသည်။ အနာပျောက်ကင်း

ရန်နှင့် မူရင်းအခြေအနေသို့ပြန်လည်ရောက်ရှိရန် လုပ်ဆောင်သည့် ကိုယ်တော်အား သူတို့ကျော်ခိုင်းခဲ့ကြပြီး ယခုတွင်အဖျက်သမား၏ကြွန်အင် လက္ခဏာများကို မိမိတို့၏အသက်တာတို့တွင် ထင်ရှားစေခဲ့ကြပါသည်။

သခင်ယေရှုသည် တစ်ပါးအမျိုးသားအား ပေးသနားသော ကောင်းချီးမင်္ဂလာအကြောင်းကို ရည်ညွှန်းမိန့်တော်မူသောအခါ ကိုယ်တော့် တရားနာပရိသတ်၏ပြင်းထန်သောအမျိုးသားရေးမာနထောင်လွှားသော စိတ်သည် ထကြွလာခဲ့ပြီး ကိုယ်တော်၏အသံတော်သည် ရုန်းရင်းခတ်နေ သောအသံများတွင် နစ်မြုပ်ပျောက်ကွယ်သွားခဲ့ပါသည်။ ဤသူများသည် ပညတ်တော်စောင့်ခြင်းအပေါ် မိမိတို့ကိုယ်ကိုဂုဏ်ယူဝင့်ကြွားခဲ့ကြသော် လည်း ယခုတွင် ၎င်းတို့၏တစ်ဖက်သတ်ထင်မြင်ယူဆချက်ကို တိုက်ခိုက် ထိပါးလာသောအခါ လူသတ်မှုကိုကျူးလွန်ရန် အဆင်သင့်ရှိခဲ့ကြပါသည်။ ထိုလူစုလူဝေးကြီးသည် ကွဲလွင့်သွားခဲ့ပြီး သူတို့သည် သခင်ယေရှုကို ဖမ်းဆီး၍ တရားဇရပ်မှလည်းကောင်း၊ မြို့ထဲမှလည်းကောင်း နှင်ထုတ်ခဲ့ ကြပါသည်။ လူအားလုံးသည် ကိုယ်တော်ကိုသုတ်သင်ရှင်းလင်းရန် စိတ်အား ထက်သန်နေကြသယောင်မြင်တွေ့နေရပါသည်။ ကိုယ်တော်အား ဇောက်ထိုး ကျသွားအောင် တွန်းချဖို့ရည်ရွယ်၍ ချောက်ကမ်းပါးတစ်ခုသို့ အလျင်အမြန် ခေါ်ဆောင်သွားခဲ့ကြပါသည်။ အော်ဟစ်သံများနှင့် ကျိန်ဆဲသံများသည် ဆူညံနေခဲ့ပါသည်။ ကိုယ်တော်သည် ထိုသူတို့အလယ်မှ ရုတ်တရက်ပျောက် သွားသောအချိန်တွင် တချို့သောသူများသည် ကိုယ်တော်အား ခဲနှင့်ပေါက် ခဲ့ကြပါသည်။ ကိုယ်တော်သည် တရားဇရပ်တွင်ရှိစဉ် ကောင်းကင်တမန် များသည် ကိုယ်တော့်အပါးတွင်ရှိနေခဲ့ကြသကဲ့သို့ စိတ်ရူးပေါက်နေသော ဤလူအုပ်ကြီးအလယ်၌လည်း ထိုကောင်းကင်သားများသည် ကိုယ်တော်နှင့် အတူရှိနေခဲ့ကြပါသည်။ ထိုကောင်းကင်သားများသည် ရန်သူများ၏ရန်မှ ကိုယ်တော်ကိုကွယ်ကာတော်မူ၍ လုံခြုံသောနေရာသို့ပို့ဆောင်ခဲ့ကြပါသည်။

ထိုကဲ့သို့နည်းအားဖြင့် ကောင်းကင်တမန်များသည် လောတကို ကာကွယ်ခဲ့ပြီး သောဒုံမြို့လယ်မှ လုံခြုံသောနေရာသို့လမ်းပြခဲ့ကြပါသည်။ ထိုကဲ့သို့နည်းအားဖြင့် တောင်ပေါ်မြို့ငယ်ကလေးတွင်ရှိသော ဧလိရှဲ





အားလည်း သူတို့ကာကွယ်ခဲ့ကြပါသည်။ ၎င်းနေထိုင်သောတောင်ကုန်း ကလေးကို ရှုရိဘုရင်၏စစ်မြင်းရထားများနှင့်တကွ များပြားလှသော လက်နက်ကိုင်စစ်သားများဖြင့် ဝန်းရံထားသောအခါ ၎င်း၏ပတ်လည်တွင် မီးမြင်းရထားများနှင့်တကွ ဘုရားသခင်၏ကောင်းကင်တမန်များသည် ဝန်းရံထားလျက်ရှိကြောင်း ဧလိရှဲမြင်တွေ့ခဲ့ရပါသည်။

ထိုနည်းအားဖြင့် ခေတ်အဆက်ဆက်တွင် ဘုရားသခင်၏ ကောင်းကင်တမန်များသည် ခရစ်တော်၏သစ္စာရှိသောနောက်လိုက်များ၏ အနီးအပါးတွင်ရှိနေကြပါသည်။ ဒုစရိုက်သားများ၏ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းကြံစည်မှုသည် အောင်ပန်းဆွတ်ခူးမည့်သူများအား ဆန့်ကျင် တိုက်ခိုက်နေသော်လည်း ခရစ်တော်သည် ဘုရားသခင်အား ချစ်သောသူ များကိုကယ်လွှတ်ဖို့ တပ်ချနေကြသောမျက်စိဖြင့်မမြင်နိုင်သည့် ကောင်းကင် သားများကိုသာ ကျွန်ုပ်တို့အားကြည့်ရှုစေခဲ့ပါသည်။ မျက်မြင်ရသော အန္တရာယ်များနှင့် မျက်မြင်မရသော မည်သည့်အန္တရာယ်များမှမဆို ကောင်းကင်တမန်များ၏ကြားဝင်မစမှုများကြောင့် ကျွန်ုပ်တို့အသက် ချမ်းသာရာရခဲ့ကြကြောင်းများကို ထာဝရအလင်းတော်တွင် ဘုရားသခင်၏ စီစဉ်လုပ်ဆောင်မှုများအဖြစ် ကျွန်ုပ်တို့မမြင်တွေ့မီ ကျွန်ုပ်တို့သည် မည်သည့် အခါမျှသိရှိကြလိမ့်မည်မဟုတ်ချေ။ ကောင်းကင်မိသားစုအားလုံးသည် ကမ္ဘာပေါ်ရှိမိသားစုအားလုံးကို စိတ်ဝင်စားကြကြောင်းကိုလည်းကောင်း၊ ဘုရားသခင်၏ပလ္လင်တော်မှစေတမန်များသည် ကျွန်ုပ်တို့၏လုပ်ဆောင်မှု များတွင် တစ်နေ့ပြီးတစ်နေ့အတူပါရှိနေကြောင်းကိုလည်းကောင်း ထိုအချိန် တွင် ကျွန်ုပ်တို့သိရှိကြပါလိမ့်မည်။

သခင်ယေရှုသည် တရားဇရပ်တွင် အနာဂတ္တိစကားမှကျမ်းချက် များကိုဖတ်ရွတ်သောအချိန်၌ မေရှိယ၏အမှုတော်နှင့်ပတ်သက်သည့် နောက်ဆုံးသီခြားဖော်ပြချက်များအကြောင်းကိုဖတ်ပြပြီးနောက် ဖြုန်းကနဲ ရပ်တန့်ပစ်လိုက်ပါသည်။ ကိုယ်တော်သည် “ထာဝရဘုရား၏မင်္ဂလာနှစ်ကို ကြားပြောစေခြင်းငှါ” ဟုဖတ်ရွတ်ပြီး “ငါတို့ဘုရားသခင်အပြစ်ပေးရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှါ” ဟူသောစာပိုဒ်ကို ချန်လှပ်ထား

တော်မူခဲ့ပါသည်။ ချန်လှပ်ထားခဲ့သောကျမ်းပိုဒ်သည် ဖွင့်ဟမိန့်တော်မူခဲ့သောကျမ်းပိုဒ်ကဲ့သို့ပင် မှန်ကန်မှုရှိပါသည်။ သို့သော်လည်း ဤနောက်ဆုံးဖွင့်ဟမိန့်တော်မူချက်များကို တရားနာပရိသတ်တို့သည် နှစ်သက်ခဲ့ပြီးပြည့်စုံစေရန် ၎င်းတို့ဆန္ဒရှိခဲ့ကြပါသည်။ သူတို့သည် တစ်ပါးအမျိုးသားများခံရမည့်တရားစီရင်ခြင်းများကို လူသိရှင်ကြားပြစ်တင်ပြောဆိုခဲ့ကြသော်လည်း ထိုသူများတို့၏ဒုစရိုက်အပြစ်များထက် ကြီးမားသောမိမိတို့၏ဒုစရိုက်အပြစ်များတို့ကို မသိမြင်ခဲ့ကြချေ။ သူတို့သည် မိမိတို့ကိုယ်တိုင်အတွက် ကရုဏာကို အထူးလိုအပ်နေပြီး တစ်ပါးအမျိုးသားများတို့ကိုငြင်းပယ်ရန် အထူးအဆင်သင့်ရှိခဲ့ကြပါသည်။ သခင်ယေရှုသည် တရားဇရပ်တွင် သူတို့၏အလယ်၌ရပ်တော်မူသောနေ့တွင် ဘုရားသခင်၏ခေါ်တော်မူခြင်းကိုလက်ခံရန် သူတို့အခွင့်အရေးရရှိခဲ့ကြပါသည်။ “ကရုဏာ၌မွေ့လျော်ခြင်း” ကို နှစ်သက်အားရတော်မူသောကိုယ်တော်သည် သူတို့၏အပြစ်များကဖိတ်ခေါ်နေသောပျက်စီးခြင်းများမှ သူတို့အားကယ်တင်တော်မူခဲ့ပြီးဖြစ်ပါသည်။

နောင်တရကြဖို့ နောက်ထပ်တစ်ခါခေါ်တော်မူခြင်းမပြုဘဲ ကိုယ်တော်ရှင်သည် ထိုသူတို့အား စွန့်လွှတ်တော်မမူချေ။ ဂါလိလဲတွင်ပြုသည့် မိမိ၏အမှုတော်အဆုံးပိုင်းကလေး၌ ကိုယ်တော်သည် ငယ်ရွယ်စဉ်ကလေးဘဝတွင် နေထိုင်ခဲ့သောအိမ်သို့ တစ်ဖန်သွားရောက်လည်ပတ်ခဲ့ပါသည်။ ထိုမြို့ကို ကိုယ်တော်ရှင်ငြင်းပယ်ပြီးသည့်နောက်ပိုင်းတွင် ကိုယ်တော်၏တရားဒေသနာဟောကြားခြင်းနှင့်တကွ နိမိတ်လက္ခဏာပြုတော်မူခြင်းနှင့်ပတ်သက်သော ဂုဏ်သတင်းများသည် ယုဒပြည်အနှံ့ပျံ့နှံ့ခဲ့ပါသည်။ ကိုယ်တော်ရှင်သည် သာမန်လူသားတစ်ဦးထက်သာလွန်သောတန်ခိုးများကို ပိုင်ဆိုင်တော်မူကြောင်း ယခုတွင် မည်သူမျှမငြင်းနိုင်တော့ချေ။ ကိုယ်တော်သည် ကောင်းသောအလုပ်များကိုလုပ်ဆောင်သောအလုပ်များကိုလုပ်ဆောင်တော်မူ၍ စာတန်၏ဖိစီးနှိပ်စက်မှုကိုခံစားနေရသူအားလုံးကို ကုသပေးတော်မူခဲ့ကြောင်းကို နာဇရက်မြို့သားများသိရှိခဲ့ကြပါသည်။ ၎င်းတို့၏အနီးအနားတွင်ရှိသော မည်သည့်အိမ်တွင်မျှ ဖျားနာ



မှုကြောင့် ညည်းတွားသံတစ်သံမျှမကြားရတော့သည့်ရွာများရှိခဲ့ကြပါသည်။ အကြောင်းမူကား ကိုယ်တော်သည် ၎င်းရွာများထဲသို့ဖြတ်သွားတော်မူပြီးနာမကျန်းသူအားလုံးကို ကုသပေးခဲ့သောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်၏အသက်တာတွင် လုပ်ဆောင်ခဲ့သည့်အပြုအမူတိုင်းတွင် ဖော်ပြခဲ့သည့်ကရုဏာသည် ကိုယ်တော်၏ဘုရားဇာတိဘိသိက်သွန်းလောင်းမှုကိုသက်သေခံခဲ့ပါသည်။

နာဇရက်မြို့သားများသည် ကိုယ်တော်၏နှုတ်ကပတ်တော်များကိုတစ်ဖန်ကြားနာခဲ့ကြစဉ်တွင် ဘုရားသခင်၏ဝိညာဉ်တော်လှုံ့ဆော်တိုက်တွန်းမှုကိုခံခဲ့ကြရပါသည်။ သို့သော် ယခုအချိန်တိုင်ပင် ၎င်းတို့နှင့်အတူကျွေးမွေးပြုစုခြင်းခံခဲ့ရသောကိုယ်တော်သည် မိမိတို့ထက်သာလွန်ကြီးမြတ်ကြောင်းကို သူတို့ဝန်မခံခဲ့ကြချေ။ ကိုယ်တော်သည် မိမိကိုယ်ကိုကတိထားတော်မူသောမေရှိယဖြစ်ကြောင်း အခိုင်အမာမိန့်တော်မူစဉ်ထိုနာဇရက်မြို့သားများသည် တစ်ပါးအမျိုးသား၊ အမျိုးသမီးတစ်ယောက်ယောက်လောက်မျှ ဘုရားသခင်၏မစမှုကို မခံစားထိုက်ကြောင်းကိုယ်တော်ရှင်ပြသကာ ဣသရေလများကို ၎င်းတို့နှင့်တစ်တန်းတစ်စားတည်းထား၍ငြင်းပယ်ခဲ့သဖြင့် ၎င်းတို့၌ခါးသီးနာကြည်းစိတ်များရှိနေဆဲဖြစ်ပါသည်။ ထိုကြောင့်သူတို့က “ဤသူသည် ဤပညာကိုလည်းကောင်း၊ ဤတန်ခိုးတော်ကိုလည်းကောင်း အဘယ်မှာရသနည်း” ဟုမေးကြသော်လည်း ကိုယ်တော်အား ထာဝရဘုရားစေလွှတ်တော်မူသည့်မေရှိယအနေနှင့်သူတို့လက်မခံခဲ့ကြချေ။ သူတို့၏မယုံကြည်မှုများကြောင့် ကိုယ်တော်သည်၎င်းတို့အလယ်တွင် အံ့ဖွယ်နိမိတ်လက္ခဏာများကိုလုပ်နိုင်တော်မမူခဲ့ချေ။ လူအနည်းငယ်ကသာ ကိုယ်တော်ထံမှကောင်းချီးများကိုခံစားရန် စိတ်နှလုံးများကိုဖွင့်ပေးခဲ့ကြသဖြင့် ယေရှုရှင်သည် စိတ်မပါ့တပါနှင့် ၎င်းတို့ထံမှထွက်ခွာတော်မူခဲ့ပြီး တစ်ခါမျှပြန်၍ကြွလာတော်မမူတော့ချေ။

တစ်ကြိမ်တစ်ခါသာ မြတ်နိုးတွယ်တာခဲ့မိသည့်မယုံကြည်မှုသည် နာဇရက်မြို့သားများအား အဆက်မပြတ်အုပ်စိုးသွားတော့သည်။ ဆန်ဟီဒရင်အဖွဲ့ဝင်များနှင့် ယုဒလူများသည်လည်း ထိုကဲ့သို့ပင်

မယုံကြည်မှု၏အုပ်စိုးမှုအောက်တွင် အသက်ရှင်ခဲ့ကြရပါသည်။ နာဇရက်မြို့သားများသည် ယဇ်ပုရောဟိတ်များ၊ ယုဒလူများနှင့်အတူ သန့်ရှင်းသောဝိညာဉ်တော်၏ထင်ထင်ရှားရှားလက်တွေ့ပြသခြင်းကို ပထမအကြိမ်ငြင်းပယ်ခြင်းသည် အဆုံးခရီး၏အစဖြစ်ခဲ့ပါသည်။ သူတို့၏ပထမအကြိမ်ခုခံဆီးတားမှုကိုမှန်ကန်ကြောင်း သက်သေပြရန် ခရစ်တော်၏နှုတ်ထွက်စကားများကိုနောက်ပိုင်းတွင် အမြဲတမ်းအကြောင်းမဲ့အပြစ်ရှာခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အား ၎င်းတို့ငြင်းပယ်ခြင်းသည် ကရာနီမှကပ်တိုင်တွင်လည်းကောင်း၊ ယေရုရှလင်မြို့ကြီးအဖျက်ဆီးခံရမှုတွင်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်သို့ ယုဒလူများကွဲလွင့်သွားခြင်းများတွင်လည်းကောင်း အထွတ်အထိပ်သို့ရောက်ခဲ့ပါသည်။

ကိုယ်တော်သည် သမ္မာတရား၏အဖိုးထိုက်သောဘဏ္ဍာများကိုဣသရေလလူများအားဖွင့်ပေးရန် များစွာအလိုရှိတော်မူခဲ့ပါသည်။ သို့သော်၎င်းတို့၏ဝိညာဉ်ရေးမျက်စိကန်းမှုကြောင့် နိုင်ငံတော်နှင့်ဆက်နွယ်နေသောသမ္မာတရားကို ၎င်းတို့အားဖော်ပြရန်မဖြစ်နိုင်တော့ချေ။ ဘုရားသခင်ထံမှသမ္မာတရားသည် ၎င်းတို့လက်ခံမည့်အချိန်ကိုစောင့်စားနေစဉ် သူတို့သည်မိမိတို့၏ဘာသာအယူဝါဒနှင့်အသုံးမဝင်သောဝိနည်းထုံးဖွဲ့ဆိုင်ရာအခမ်းအနားများကိုသာ စိတ်စွဲနေကြပါသည်။ အသက်မုန့်သည် ၎င်းတို့၏လက်တစ်ကမ်းအတွင်း၌ရှိနေစဉ်တွင် သူတို့သည် မိမိတို့၏ငွေကြေးများကိုအသုံးမရသောအရာများအတွက် သုံးဖြုန်းပစ်နေကြပါသည်။ မိမိတို့သည်မှားသည်မှန်သည်ကိုသိရှိရန် မည်သည့်အတွက်ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစိတ်အားထက်သန်စွာမရှာဖွေမလေ့လာကြသနည်း။ ဓမ္မဟောင်းကျမ်းသည် ခရစ်၏အမှုတော်အကြောင်းကို အသေးစိတ်ရှင်းလင်းစွာဖော်ပြထားပါသည်။ ပုရောဖက်ရေးသားချက်များမှ အဖန်တလဲလဲကိုးကားလျက် "ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည့်အတိုင်းပြည့်စုံလေပြီ" ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ သူတို့သည်မိမိတို့၏ယူဆချက်များတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် တိုက်ရိုက်စစ်ဆေးပြီး ကျမ်းစာတော်မြတ်ကို ရိုးသားစွာဖြင့် ရှာဖွေလေ့လာမည်ဆိုလျှင်



၎င်းတို့၏နောင်တမရခြင်းအတွက် ခရစ်တော်မျက်ရည်ကျစရာလိုမည်မဟုတ်ချေ။ "သင်တို့နေသောအိမ်သည် သင်တို့၌လူဆိတ်ညံလျက်ကျန်ရစ်ရ၏" ဟူ၍လည်း မိန့်တော်မူစရာလိုတော့မည်မဟုတ်ချေ။ ၎င်းပြင်သူတို့သည် ကိုယ်တော်၏မေရှိယဖြစ်ကြောင်း အထောက်အထားများကိုကောင်းမွန်စွာသိရှိခဲ့ကြလိမ့်မည်ဖြစ်ပြီး ယေရုရှလင်မြို့ပေါ်သို့ကျရောက်အံ့သော ဘေးဒုက္ခကြီးကိုလည်း လွှဲဖယ်စေတော်မူခဲ့ပါလိမ့်မည်။ သို့ပါသော်လည်း ယုဒလူများ၏စိတ်နေသဘောထားများသည် ၎င်းတို့၏ယုတ္တိမရှိသောတစ်ယူသန်မှုများကြောင့် ကျဉ်းမြောင်းလာခဲ့ပါသည်။ ခရစ်တော်ပြတော်မူခဲ့သောသင်ခန်းစာများသည် ၎င်းတို့၏အကျင့်စာရိတ္တချို့ယွင်းချက်များကိုဖော်ပြခဲ့ပြီး နောင်တရဖို့တောင်းဆိုခဲ့ပါသည်။ သူတို့သည်ခရစ်တော်၏သွန်သင်ချက်များကိုလက်ခံခဲ့ကြလျှင် ၎င်းတို့၏အကျင့်ဓလေ့များသည် ပြောင်းလဲသွားကြမည်ဖြစ်ပြီး ၎င်းတို့မြတ်နိုးတွယ်တာသောမျှော်လင့်ခြင်းများကိုလည်းစွန့်လွှတ်နိုင်ကြပါလိမ့်မည်။ သူတို့သည် ဘုရားသခင်၏ဂုဏ်ပြုခြင်းကိုခံယူရန် လူ၏ဂုဏ်ပြုခြင်းကိုစွန့်လွှတ်ရပါမည်။ အသစ်သောဤကျမ်းတတ်ဆရာ၏စကားများကို သူတို့နားထောင်ခဲ့ကြလျှင်ထိုခေတ်မှဆရာများ၊ အတွေးအခေါ်သမားများ၏ထင်မြင်ယူဆချက်များကိုဖီလာဆန့်ကျင်ကြရပါမည်။

ခရစ်တော်ပေါ်ထွန်းသောအချိန်တွင် သမ္မာတရားသည် လူကြိုက်မများလှချေ။ ကျွန်ုပ်တို့ခေတ်တွင်လည်း လူကြိုက်မများလှပါ။ စာတန်သည်သမ္မာတရားအစား မိမိကိုယ်ကိုချီးမြှောက်လိုသောစိတ်ထားများကိုဖြစ်စေသောယုံတမ်းစကားများကိုဖော်ပြခြင်းအားဖြင့် မနှစ်မြို့စရာတစ်ခုကိုလူသားများအားပေးအပ်ခဲ့သည့်အချိန်မှစ၍ သမ္မာတရားသည် လူကြိုက်မများခဲ့တော့ချေ။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုအခြေမပြုသောယူဆချက်များ၊ ဩဝါဒများနှင့် ယနေ့တွေ့ဆုံနေရပါသလား။ ယုဒလူများသည် ၎င်းတို့၏မိရိုးဖလာများကိုစွဲလမ်းခဲ့ကြသကဲ့သို့ ယနေ့လူသားများသည်လည်း ထိုယူဆချက်များ၊ ဩဝါဒများကို ခိုင်ခိုင်မြဲမြဲစွဲလမ်းနေကြပါသည်။

ယုဒခေါင်းဆောင်များ၏စိတ်နှလုံးတွင် ဝိညာဉ်ရေးမာနစိတ်များဖြင့်ပြည့်ဝနေခဲ့ကြပါသည်။ မိမိကိုယ်ကိုကျော်စောကိတ္တိဖြစ်လိုသောအလိုဆန္ဒများသည် ဗိမာန်တော်အတွင်းကျင်းပသောအခမ်းအနားများ၌ပင်ထင်ရှားပေါ်လွင်လာခဲ့ပါသည်။ သူတို့သည် တရားဇရပ်ထဲတွင် အမြင့်မြတ်ဆုံးသောထိုင်ခုံများတွင်ထိုင်ရန်အတွက်သော်လည်းကောင်း၊ ဈေး၌ရိုသေစွာနှုတ်ဆက်ခြင်းကိုလည်းကောင်း၊ နှစ်သက်ကြသဖြင့် လူများ၏ပါးစပ်ဖျားတွင် ၎င်းတို့၏ဘွဲ့နာမများကိုရွတ်ဆို၍ ၎င်းတို့နှစ်သက်စေခဲ့ကြပါသည်။ စစ်မှန်သောဘုရားတရားရှိမှုသည်ပျက်ပြုန်း၍ သူတို့သည် မိရိုးဖလာဓလေ့များနှင့် ဝိနည်းထုံးဖွဲ့များကိုသာ ပို၍မြတ်နိုးတွယ်တာခဲ့ကြပါသည်။

တစ်ကိုယ်ကောင်းဆန်သောတစ်ဖက်သတ်အထင်လွဲမှုအားဖြင့် လူတို့၏တတ်သိနားလည်မှုကို မိုက်မှောင်စေသောကြောင့် သူတို့သည် ခရစ်တော်၏အပြစ်ကိုထင်ရှားစေသည့် နှုတ်ထွက်စကား၏တန်ခိုးတော်နှင့် ကိုယ်တော့်အသက်တာတွင် ထင်ရှားခဲ့သောနှိမ့်ချခြင်းတို့ကို ဆီလျော်ညီညွတ်စေအောင် မစွမ်းဆောင်နိုင်ခဲ့ကြချေ။ စစ်မှန်သောကြီးမြတ်မှုသည် အပြင်ပန်းပကာသနကို မကျင့်ဆောင်ဘဲနေနိုင်သည်ဟူသောအမှန်တရားကို သူတို့အလေးအမြတ်မထားခဲ့ကြချေ။ ကိုယ်တော်ရှင်ခံစားနေရသောဆင်းရဲမွဲတေခြင်းသည် မေရှိယဖြစ်ကြောင်း ၎င်း၏အခိုင်အမာပြောဆိုချက်နှင့် လုံးလုံးကြီးမဆီလျော်သလိုဖြစ်နေခဲ့ပါသည်။ ကိုယ်တော်သည် မိမိပြောသည့်အတိုင်း မေရှိယဖြစ်နေလျှင် မည်သည့်အတွက်ကြောင့် အထူးပပလွှားလွှားနေတော်မမူသနည်း။ ကိုယ်တော်သည် လက်နက်အင်အားမပါဘဲ ယခုကဲ့သို့ပင် ကျေနပ်တင်းတိမ်နေခဲ့လျှင် မိမိတို့အမျိုးသားများအတွက် မည်သည့်အခြေအနေများဖြစ်ပေါ်လာလိမ့်မည်နည်း။ အချိန်ကြာမြင့်စွာကတည်းက မျှော်လင့်စောင့်စားခဲ့ရသောထိုတန်ခိုးအာဏာနှင့်ဘုန်းကျက်သရေများသည် သူတစ်ပါးလက်အောက်ခံများအနေဖြင့် ယုဒလူမျိုးများကို ယုဒပြည်တော်သို့ပို့ဆောင်နိုင်မည်နည်း။ ဣသရေလများသည် စည်းမျဉ်းဥပဒေများကို ကမ္ဘာအနှံ့သယ်ဆောင်သွားရန်ဖြစ်သည်ဟု ယဇ်ပုရောဟိတ်များသွန်သင်ခဲ့သည်မဟုတ်ပါလား။ သို့သော် ဘာသာရေး



အကြီးအကဲများသည် အမှားမှားအယွင်းယွင်းလုပ်ကြသောကြောင့် ထိုလုပ်ငန်းကိုလုပ်ဆောင်ရန်ဖြစ်နိုင်ပါမည်လား။

သို့ရာတွင် ယုဒလူများက ကိုယ်တော်အားငြင်းပယ်စေခဲ့သည့် ကိုယ်တော်အသက်တာ၏အပြင်ပန်းဘုန်းအသရေသည် လုံးလုံးလျားလျားမရှိခြင်းမျိုးမဟုတ်ချေ။ ကိုယ်တော်သည် ဖြူစင်သန့်ရှင်းမှုအတွက် ရုပ်လုံးဖော်သူတစ်ပါးဖြစ်ပြီး သူတို့မှာမူ သန့်ရှင်းခြင်းနှင့်ကင်းလျက်ရှိကြပါသည်။ ကိုယ်တော်သည် ခြောက်ပြစ်ကင်းသဲလဲစင်ရိုးသားဖြောင့်မှန်ခြင်း၏ပုံသက်သေတစ်ခုအနေဖြင့် လူသားများအလယ်တွင် နေထိုင်အသက်ရှင်ခဲ့တော်မူပါသည်။ ကိုယ်တော်၏အပြစ်တင်ခွင့်ကင်းသောအသက်တာသည် ၎င်းတို့၏စိတ်နှလုံးထဲတွင် အလင်းတော်ကိုထွန်းလင်းစေခဲ့ပါသည်။ ကိုယ်တော်ရှင်၏ရိုးဖြောင့်မှုသည် ၎င်းတို့၏မရိုးဖြောင့်မှုကိုပေါ်လွင်စေခဲ့ပါသည်။ ထိုအလင်းတော်သည် အတုအလိမ်ဖြစ်သော ၎င်းတို့၏အနှစ်သာရမဲ့သည့်ဘုရားတရားရှိမှုများကိုထင်ရှားစေခဲ့ပြီး စက်ဆုပ်ရွံရှာဖွယ်သောအကျင့်စာရိတ္တကို ပိုင်ဆိုင်သောသူတို့၏ဆိုးညစ်မှုများကိုထုတ်ဖော်ခဲ့ပါသည်။ ထိုအလင်းတော်မျိုးကို သူတို့မကြိုဆိုခဲ့ကြချေ။

ခရစ်တော်သည် လူထုအား ဖါရိရှဲများကို အာရုံပြုကြရန်ညွှန်ပြပေးကာ ထိုသူတို့၏ပညာရှိမှုများနှင့် ဘုရားတရားရှိမှုများကို ချီးမွမ်းထောမနာပြုပေးခဲ့မည်ဆိုလျှင် ၎င်းတို့သည် ကိုယ်တော်အားဝမ်းမြောက်ဝမ်းသာဖြင့်ကြိုဆိုကြပေလိမ့်မည်။ သို့သော် ကိုယ်တော်သည် ကောင်းကင်နိုင်ငံတော်ကို လူသားအားလုံးအတွက် ကရုဏာအရပေးကမ်းဝေငှသောအရာတစ်ခုအဖြစ်မိန့်တော်မူသောအခါ ဘာသာရေးအသွင်အနေဖြင့်တင်ပြသောကြောင့် သူတို့သည်မခံနိုင်ခဲ့ကြချေ။ ဘုရားသခင်အတွက်ကျင်းပခဲ့သောအခမ်းအနားများကို နှစ်သက်ဖွယ်သောအရာများဖြစ်စေရန် ၎င်းတို့၏အသက်တာပုံသက်သေများနှင့် သွန်သင်ချက်များသည် ထိုအလင်းတော်ကဲ့သို့ တစ်ခါမျှမဖြစ်ခဲ့ဖူးချေ။ ၎င်းတို့အနေနှင့် မုန်းတီးပြီးအော့နှလုံးနာသောသူများကို ခရစ်တော်အလေးတယူပြုနေသည်ကို

သူတို့မြင်သောအခါ မာနထောင်လွှားသော ၎င်းတို့၏စိတ်နှလုံးများမှ အဆိုးဝါးဆုံးသောစိတ်ထားများသည် ထကြွလာခဲ့ကြပါသည်။

ယုဒအမျိုး၏ခြသေ့်မင်း (မေရှိယ) လက်ထက်တွင် ဣသရေလများသည် အခြားသောလူမျိုးများထက် အလွန်ကြီးမြတ်အောင် ချီးမြှောက်ခံရလိမ့်မည်ဟု သူတို့ဝါကြွားကြသော်လည်း ၎င်းတို့၏အပြစ်များအတွက် ခရစ်တော်၏ဆုံးမမှုများနှင့် ကိုယ်တော်ရှင်၏ရှေ့မှောက်၌ သူတို့ခံစားခဲ့ရသော အပြစ်ဖော်ပြ၍ သွန်သင်မှုများကိုခံနိုင်ရည်ရှိသည်ထက် မိမိတို့၏ ငမ်းငမ်းတက်တမ်းတသောမျှော်လင့်ချက်များကြောင့် ခံစားရသည့် စိတ်ပျက်စရာများကို ပို၍ခံနိုင်ရည်ရှိခဲ့ကြပါသည်။

-၀-



# (၂၅)
# ဂါလိလဲအိုင်နားတွင်ခေါ်တော်မူခြင်း

ရှင်မဿဲ ၄း၁၈-၂၂။ ရှင်မာကု ၁း၁၆-၂၀။ ရှင်လုကာ ၅း၁-၁၁ တို့ကိုအခြေပြုထားပါသည်

ဂါလိလဲအိုင်တွင် ရောင်နီပေါ်ထွန်းစအချိန်ဖြစ်ပါသည်။ တစ်ညတာလုံးငါးဖမ်းခဲ့သော်လည်း ငါးတစ်ကောင်မျှမရရှိဘဲ ပင်ပန်းနွမ်းရိနေသောတပည့်တော်များသည် အိုင်ထဲရှိ ၎င်းတို့၏ငါးဖမ်းလှေများတွင် ရှိနေကြဆဲဖြစ်ပါသည်။ ခရစ်တော်သည် ထိုအိုင်ကမ်းနားတွင် အချိန်တစ်နာရီခန့်မျှ အေးအေးဆေးဆေးအနားယူရန်ရောက်ရှိလာပါသည်။ ဤဝေလီဝေလင်းအချိန်တွင် မိမိ၏နောက်တော်သို့ တစ်နေ့ပြီးတစ်နေ့ လိုက်နေကြသောလူအုပ်ကြီးနှင့် ခေတ္တခွဲခွာ၍ ဤနေရာတွင်ခဏတစ်ဖြုတ် အနားယူရန် ကိုယ်တော်တောင့်တတော်မူခဲ့ပါသည်။ သို့ပါသော်လည်း မကြာမီမှာပင် ကိုယ်တော့်ပတ်လည်တွင် လူများစုရုံးလာကြပါသည်။ ကိုယ်တော်အားတိုးဝှေ့လာသည့်တိုင် နောက်တော်သို့လိုက်လာကြသည့် လူအရေအတွက်သည် အလျင်အမြန်တိုးပွားလာခဲ့ပါသည်။ ထိုစဉ်တွင် တမန်တော်များသည် လှေပေါ်မှကုန်းပေါ်သို့တက်လာခဲ့ကြပါသည်။ လူအုပ်ကြီး၏တိုးဝှေ့မှုမှလွတ်ကင်းစေရန်အလို့ငှါ ခရစ်တော်သည် ပေတရု၏လှေထဲသို့ဆင်းလိုက်ပြီး ကမ်းမှအနည်းငယ်ခွာလိုက်ရန်အမိန့်ပေးလိုက်ပါသည်။ လှေပေါ်တွင်ရှိတော်မူသည့်ခရစ်တော်ကို ကောင်းမွန်စွာမြင်သာကြပြီး အားလုံးက ကိုယ်တော်၏အသံကိုကြားနိုင်သောကြောင့် ကိုယ်တော်သည် လှေထဲမှပင် ကမ်းပေါ်တွင်ရှိနေကြသောလူထုကြီးအား တရားဒေသနာဟောကြားတော်မူခဲ့ပါသည်။

ဤမြင်ကွင်းသည် ကောင်းကင်တမန်များအတွက် စေ့စေ့ကြည့်ရှုရန် ကောင်းသောမြင်ကွင်းတစ်ခုဖြစ်ပါသည်။ ဘုန်းသမ္ဘာနှင့်ပြည့်စုံသော ၎င်းတို့၏အရှင်သခင်သည် ခတ်နေသောလှိုင်းကလေးများပေါ်ဝယ်

ဘယ်ယိမ်းညာနွဲ့ဖြစ်နေသောတံငါသည်တစ်ဦး၏လှေပေါ်တွင်ထိုင်လျက် ရေကမ်းစပ်တိုင်ဆင်းလာကြသော ကယ်တင်ခြင်း၏ဝမ်းမြောက်ဖွယ်သတင်းစကားကိုနားထောင်နေကြသည့်လူအုပ်ကြီးအား တရားဟောနေသောၤမြင်ကွင်းသည် ကောင်းကင်တမန်များအတွက် ကြည့်ရှုရန် မည်မျှကောင်းမွန်သောမြင်ကွင်းတစ်ခုဖြစ်ပါသလဲ။ ကောင်းကင်နိုင်ငံ၏ဂုဏ်ပြုခြင်းခံရသော ကိုယ်တော်သည် လဟာပြင်တွင် သာမန်လူတန်းစားများအား နိုင်ငံတော်နှင့်ယှဉ်သော အရေးပါသည့်သတင်းစကားများကိုဟောကြားနေသည်။ သို့စေကာမူ မိမိ၏အမှုတော်အတွက် ယခုထက်ပို၍သင့်လျော်သောမြင်ကွင်းကို ကိုယ်တော်မရရှိနိုင်တော့ချေ။ ရေအိုင်များ၊ တောင်တန်းများ၊ လယ်ကွင်းပြင်များ၊ ကမ္ဘာပေါ်တွင်လွှမ်းနေသောနေရောင်ခြည်များ၌အရာအားလုံးသည် ကိုယ်တော်ရှင်၏သင်ခန်းစာတို့ကိုသာဓကပြု၍ ၎င်းတို့အား စိတ်နှလုံးတွင်စွဲမြဲသွားစေရန် အလှဆင်ထားကြပါသည်။ ၎င်းပြင် ခရစ်တော်ပေးတော်မူခဲ့သောသင်ခန်းစာတိုင်းသည် အလဟဿမဖြစ်ခဲ့ချေ။ ကိုယ်တော်ရှင်၏နှုတ်တော်မှထွက်လာခဲ့သောသတင်းစကားတိုင်းသည် အချို့သောအသက်ဝိညာဉ်များအတွက် ထာဝရအသက်နှင့်ယှဉ်သောနှုတ်ကပတ်တော်ဖြစ်ခဲ့ပါသည်။

စက္ကန့်တိုင်းစက္ကန့်တိုင်းတွင် ကမ်းပေါ်ရှိလူအုပ်ကြီးသည် ပို၍သာကြီးမားလာပါတော့သည်။ တုတ်များကိုအားပြုလျက်လာနေကြသော သက်ကြီးရွယ်အိုများ၊ တောင်ကုန်းများတွင်နေထိုင်ကြသော ဆင်းရဲသားလယ်သမားများ၊ ဂါလိလဲအိုင်တွင်ငါးဖမ်းနေရာမှလာခဲ့ကြသောတံငါသည်များ၊ ကုန်သည်များနှင့် ပညာတတ်များမှစ၍ လူကြီးလူငယ်အပေါင်းတို့သည် နာမကျန်းသူများနှင့် ဆင်းရဲဒုက္ခခံစားနေရသူများကိုသယ်ဆောင်လာကြကာ ကိုယ်တော်၏နှုတ်ထွက်စကားများကိုကြားနာဖို့ ရှေ့သို့တိုးဝှေ့နေကြပါသည်။ ထိုကဲ့သို့သောမြင်ကွင်းမျိုးကိုမျှော်ကြည့်၍ ရေးသားထားသည့်ပုရောဖက်စကားဟူမူကား-

“ဇာဗုလုန်ခရိုင်နှင့် နဿလိခရိုင်တည်းဟူသော အိုင်နားလျှောက်သောလမ်း၊ ယော်ဒန်မြစ်တစ်ဖက်၊ တစ်ပါးအမျိုးသားနေရာ ဂါလိလဲပြည်၊



မှောင်မိုက်ထဲမှာရှိနေသောလူများတို့သည် ကြီးစွာသောအလင်းကိုမြင်ရ၍ သေမင်း၏နိုင်ငံအရိပ်တွင်ရှိနေသောသူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏။” ရှင်မဿဲ ၄း၁၅-၁၆။

ဂနေသရက်အိုင်နားရှိလူအုပ်ကြီးအား ခရစ်တော်တရားဟောကြားသောအချိန်တွင် ကိုယ်တော်၏စိတ်အာရုံရှေ့မှောက်ဝယ် ထိုလူအုပ်ကြီးအပြင် အခြားသောတရားနာပရိသတ်များလည်းရှိနေခဲ့ကြပါသည်။ ခေတ်အဆက်ဆက်ကို ပြန်လည်သုံးသပ်တော်မူသောအခါ အကျဉ်းထောင်များနှင့် လွှတ်ရုံးများမှသစ္စာရှိသူများအားလည်းကောင်း၊ စုံစမ်းခြင်းခံနေရသူများ၊ အထီးကျန်ဘဝဖြင့်တစ်ကိုယ်တည်းနေကြရသူများနှင့် ရောဂါဝေဒနာခံစားနေရသူတို့အားလည်းကောင်း ကိုယ်တော်တွေ့မြင်တော်မူခဲ့ပါသည်။ ဝမ်းသာစရာမြင်ကွင်း၊ တိုက်လှန်ပွဲမြင်ကွင်းနှင့် စိတ်ရှုပ်ထွေးစရာမြင်ကွင်းစသည့်မြင်ကွင်းတိုင်းသည် ကိုယ်တော်ရှင်၏ရှေ့မှောက်တွင် ထင်ရှားလျက်ရှိခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏အနားတွင်စုရုံးနေကြသောလူများအားမိန့်တော်မူသောစကားများအားဖြင့် အခြားသောအသက်ဝိညာဉ်များအတွက်လည်း စစ်ဆေးခြင်းခံရသောအချိန်တွင် မျှော်လင့်ခြင်းရှိစေရန်အတွက်သော်လည်းကောင်း၊ ဝမ်းနည်းသောအခါ နှစ်သိမ့်မှုရစေရန်အတွက်သော်လည်းကောင်း၊ မှောင်မိုက်ကျသောအခါ ကောင်းကင်၏အလင်းဖြစ်စေရန်အတွက်သော်လည်းကောင်း မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဂါလိလဲအိုင်ပေါ်ရှိ တံငါသည်တစ်ဦး၏လှေပေါ်မှဟောကြားနေသောအသံတော်သည် နောက်ဆုံးသောအချိန်များ၌ အသက်ရှင်နေထိုင်လျက်ရှိကြသော ၎င်းတို့၏စိတ်နှလုံးများတွင် ငြိမ်သက်ခြင်းအကြောင်းဖြစ်စေခြင်းငှါ ဟောကြားနေကြောင်း ကြားနာရကြပါသည်။

တရားပွဲပြီးဆုံးသွားသောအခါ သခင်ယေရှုသည် ပေတရုဘက်သို့လှည့်တော်မူ၍ ရေနက်ရာသို့လှေကိုရွှေ့ပြီး ပိုက်ကွန်ကိုချရန် မိန့်တော်မူလိုက်ပါသည်။ သို့သော်လည်း ပေတရုသည် တစ်ညလုံးငါးဖမ်းခဲ့ရာ တစ်ကောင်မျှမရရှိခဲ့သည့်အတွက် စိတ်ပျက်အားလျော့လျက်ရှိခဲ့ပါသည်။ သူသည် ညအချိန်တွင် တစ်ယောက်တည်းရှိစဉ် ထောင်ထဲတွင်အထီးကျန်

ဘဝဖြင့် သေဆုံးသွားခဲ့ရသောဆရာယောဟန်၏ကံကြမ္မာကိုစဉ်းစားမိခဲ့ပါသည်။ ၎င်းပြင် သခင်ယေရှုနှင့်ကိုယ်တော်၏တပည့်တော်များ၏အလားအလာကိုလည်းကောင်း၊ ယုဒပြည်တွင်လုပ်ဆောင်နေသောအမှုတော်၏





အခြေမလှမှုများကိုလည်းကောင်း၊ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများ၏ရန်ငြိုးထားမှုများကိုလည်းကောင်း သူစဉ်းစားမိခဲ့ပါသည်။ သူ၏အလုပ်အကိုင်သည်လည်း အောင်မြင်မှုမရှိဘဲ ငါးတစ်ကောင်မျှမရှိသည့် ပိုက်ကွန်ကိုကြည့်လိုက်သောအခါတွင် အနာဂတ်ရေးသည် စိတ်အားငယ်စရာများဖြင့် အမှောင်ကျနေသယောင်ဖြစ်နေပါသည်။ ထို့ကြောင့် "သခင်၊ ကျွန်ုပ်တို့သည် တစ်ညလုံးကြိုးစားသော်လည်း တစ်ကောင်မျှမရပါ။ သို့ရာတွင် အမိန့်တော်ရှိလျှင် ပိုက်ကွန်ကိုချပါမည်ဟု လျှောက်လေ၏။"

ရေကြည်သောဤရေအိုင်သည် ပိုက်ကွန်နှင့်ငါးဖမ်းရန်အတွက် ညအချိန်သည် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ တစ်ညလုံးကြိုးစားခဲ့သော်လည်း ငါးတစ်ကောင်မျှမရသဖြင့် နေ့အချိန်တွင် ပိုက်ကွန်ဖြင့် ငါးဖမ်းရန်မှာ မျှော်လင့်ချက်မရှိသလောက်ဖြစ်နေပါသည်။ သခင်ယေရှုအမိန့်ပေးခဲ့သဖြင့် ကိုယ်တော်အပေါ်ထားရှိသောမေတ္တာတော်သည် ထိုတမန်တော်များအား နားထောင်မှုရှိရန်လှုံ့ဆော်ခဲ့ပါသည်။ ရှိမုန်နှင့်သူ၏ညီအစ်ကိုများသည် ပိုက်ကွန်ကိုအတူတကွချလိုက်ကြပါသည်။ ထိုနောက် ပိုက်ကွန်ကိုပြန်၍ဆွဲယူလိုက်သောအခါ ပိုက်ကွန်သည် စုတ်ပြဲစရှိသည့်အခြေရောက်အောင် ငါးများကိုအုပ်မိခဲ့ပါသည်။ ထို့ကြောင့် သူတို့သည် ယာကုပ်နှင့်ယောဟန်အား အကူအညီတောင်း၍ဆွဲယူခဲ့ကြရာ လှေနှစ်စီးလုံး နစ်လုမတတ်အထိများစွာသောငါးများကိုရရှိခဲ့ကြပါသည်။

သို့သော်ပေတရုသည် ယခုတွင် လှေနှင့်တကွ လှေထဲတွင်ရှိသော ငါးများကိုဂရုမထားတော့ချေ။ သူတွေ့ဖူးခဲ့သောနိမိတ်လက္ခဏာများတွင် ဤနိမိတ်လက္ခဏာသည် ၎င်းတို့အတွက် ကိုယ်တော်၏ဘုရားတန်ခိုးတော်ကို အထင်ရှားဆုံးဖြစ်စေခဲ့ပါသည်။ အားလုံးသောသဘာဝတရားများတို့ကို ချုပ်ကိုင်ထားသောပုဂ္ဂိုလ်မှာ ခရစ်တော်ဖြစ်ကြောင်းကို သူတွေ့မြင်ခဲ့ရပါသည်။ ကိုယ်တော်ရှင်၏ဘုရားဇာတိတော်သည် ၎င်း၏မသန့်ရှင်းမှုကို ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ မိမိ၏သခင်အား ချစ်သောမေတ္တာတရား၊ မိမိ၏မယုံကြည်မှုအတွက် ရှက်ကြောက်မှုများတို့နှင့် ခရစ်တော်၏လူဇာတိ

ခံယူခဲ့သောနှိမ့်ချမှုအတွက် ကျေးဇူးတရားများအပြင် အနန္တသန့်ရှင်းစင်ကြယ်တော်မူသောပုဂ္ဂိုလ်တစ်ဦးရှေ့တွင် မိမိ၏မသန့်ရှင်းမှုများတို့အတွက် ခံစားမှုများတို့သည် ၎င်း၏စိတ်ကိုလွှမ်းမိုးခဲ့ပါသည်။ ၎င်း၏လုပ်ဖော်ဆောင်ဖက်များသည် ပိုက်ကွန်တွင်ပါလာသောငါးများကိုဖြုတ်နေကြစဉ် ပေတရုသည် ကိုယ်တော်၏ခြေတော်ရင်းတွင်ဒူးထောက်လျက် "သခင်၊ အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏။ အကျွန်ုပ်ထံမှထွက်ကြွသွားတော်မူပါ" ဟုလျှောက်လေ၏။ လုကာ ၅း၈။

ထာဝရဘုရား၏ကောင်းကင်တမန်ရှေ့မှောက်တွင် အသေကောင်ကဲ့သို့ ပုရောဖက်ဒံယေလအားဖြစ်စေခဲ့သောတန်ခိုးတော်သည် ဤသန့်ရှင်းခြင်းတန်ခိုးတော်ပင်ဖြစ်ပါသည်။ "ငါမူကား---ကြီးစွာသောရူပါရုံကိုမြင်ရလျှင် ခွန်အားလျော့၍မျက်နှာပျက်လျက် ကိုယ်၌အစွမ်းသတ္တိအလျှင်းမရှိဖြစ်လေ၏" ဟုဒံယေလပြောဆိုခဲ့၏။ ဒံယေလ ၁၀း၈။ ထိုနည်းအတူပင် ဟေရှာယသည်လည်း ဘုရားသခင်၏ဘုန်းတော်ကိုတွေ့မြင်သောအခါ "ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိ၏။ အကြောင်းမူကား ငါသည်ညစ်ညူးသောနှုတ်ခမ်းရှိလျက် ညစ်ညူးသောနှုတ်ခမ်းရှိသောလူမျိုးတွင်နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်းဟူသောရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်လေပြီတကား" ဟုဆို၏။ ဟေရှာယ ၆း၅။ အားနည်းချက်နှင့်အပြစ်များရှိသောလူသားများကို ဘုရားဇာတိ၏ပြည့်စုံခြင်းနှင့်နှိုင်းယှဉ်လိုက်သော် သူ၌ရှိနေသောလုံးလုံးချို့တဲ့မှုများနှင့်မသန့်ရှင်းမှုများကိုခံစားခဲ့ရပါသည်။ ဘုရားသခင်၏ကြီးမြတ်မှုနှင့် ဂုဏ်အသရေရှိမှုများကိုမြင်တွေ့ခွင့်ရသောသူတိုင်းသည် ထိုနည်းနှင်နှင်ခံစားကြရပါသည်။

ပေတရုက "အကျွန်ုပ်သည် အပြစ်များသောသူဖြစ်ပါ၏။ အကျွန်ုပ်ထံမှထွက်သွားတော်မူပါ" ဟုပြောနေသော်လည်း သူသည် ကိုယ်တော်နှင့်ခွဲခွာမသွားနိုင်ကြောင်းကိုခံစားလျက် သခင်ယေရှု၏ခြေတော်မြတ်ကိုဖက်တွယ်ထားခဲ့ပါသည်။ ထိုအခါယေရှုက "ကြောက်ရွံ့ခြင်းမရှိနှင့်၊ သင်သည်ယခုမှစ၍ လူတို့ကိုဖမ်းမိသောသူဖြစ်လိမ့်မည်" ဟုမိန့်တော်မူ၏။ ဟေရှာယသည် ဘုရားသခင်၏သန့်ရှင်းခြင်းကိုလည်းကောင်း၊ မိမိ၏မထိုက်တန်မှုကို



လည်းကောင်း တွေ့မြင်ပြီးမှ ဘုရားသခင်နှင့်ဆိုင်သောသတင်းစကားကိုပေးအပ်ခြင်းခံခဲ့ရပါသည်။ ပေတရုသည် မိမိအလိုကိုငြင်းပယ်၍ ဘုရားသခင်၏တန်ခိုးတော်အပေါ်မှီခိုခဲ့ပြီးနောက်မှ ခရစ်တော်၏အမှုတော်အတွက် ခေါ်တော်မူခြင်းကိုခံခဲ့ရပါသည်။

ဤအချိန်မတိုင်မီ တမန်တော်များသည် ခရစ်တော်နှင့်အတူလုပ်ဖော်ဆောင်ဖက်များအဖြစ် လုံးလုံးလျားလျားမရောက်ခဲ့ကြသေးချေ။ သူတို့သည် ကိုယ်တော်ပြတော်မူခဲ့သောနိမိတ်လက္ခဏာများကို မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ကြပြီး သွန်သင်ချက်များကိုလည်း ကြားခဲ့ရပါသည်။ သို့သော်လည်း သူတို့သည် ယခင်အလုပ်အကိုင်များကို အပြီးအပိုင်မစွန့်လွှတ်ခဲ့ကြသေးချေ။ ဆရာယောဟန်၏အကျဉ်းချခံရမှုသည် ၎င်းတို့အားလုံးအတွက် ခါးသီးသောစိတ်ပျက်မှုကိုဖြစ်စေခဲ့ပါသည်။ ဆရာယောဟန်၏အမှုတော်မှဖြစ်ထွန်းလာသည့်အကျိုးများသည် ထိုကဲ့သို့သောအရာများသာဖြစ်ခဲ့လျှင် အားလုံးသောဘာသာရေးခေါင်းဆောင်များစုပေါင်း၍ဆန့်ကျင်ဘက်ပြုနေကြသော ခရစ်တော်၏အမှုတော်အတွက် မျှော်လင့်ချက်မရှိသလောက်ဖြစ်နေခဲ့ပါသည်။ ထိုအခြေအနေမျိုးတွင် ဂါလိလဲသို့ ခေတ္တခဏပြန်၍ငါးဖမ်းခြင်းသည် သူတို့အတွက် သက်သာရာတစ်ခုဖြစ်ခဲ့ပါသည်။ သို့သော်ယခုတွင်မူ သခင်ယေရှုသည် ၎င်းတို့အား မိမိတို့၏အသက်တာဟောင်းများကိုစွန့်လွှတ်၍ ကိုယ်တော်၌တစ်လုံးတစ်ဝတည်းရှိကြရန် ခေါ်တော်မူခဲ့ပါသည်။ ပေတရုသည် ထိုခေါ်တော်မူသံကိုလက်ခံခဲ့ပါသည်။ ကမ်းပေါ်သို့ရောက်သောအခါ ခရစ်တော်သည် "ငါ့နောက်သို့လိုက်ကြလော့၊ သင်တို့သည် လူကိုမျှားသောတံငါဖြစ်စေခြင်းငှါငါပြုမည်" ဟု အခြားတပည့်တော်သုံးယောက်တို့ကိုမိန့်တော်မူခဲ့၏။ ထိုသူတို့သည် ချက်ချင်းပင်ပိုက်ကွန်များကိုစွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏။

၎င်းတို့အား ပိုက်ကွန်များနှင့်ငါးဖမ်းလှေများကိုစွန့်ပစ်ကြရန်မခိုင်းစေမီ ဘုရားသခင်သည် ၎င်းတို့၏လိုအပ်ချက်များကိုမစလိမ့်မည်ဟူသောအာမခံချက်ကို ပေးသနားတော်မူခဲ့ပြီးဖြစ်ပါသည်။ ဧဝံဂေလိလုပ်ငန်းတွင် ပေတရု၏လှေကိုအသုံးပြုခြင်းအတွက် ကြွယ်ဝစွာသော

အဖိုးအခကိုပြန်လည်ပေးဆပ်ခဲ့ပါသည်။ “ကိုယ်တော်ကိုပတ္တနာပြုသောသူအပေါင်းတို့၌ ကျေးဇူးကြွယ်ဝစေတော်မူခဲ့သော” သူကမိန့်တော်မူသည်ကား “သူတစ်ပါးအားပေးကြလော့၊ ပေးလျှင်သူတစ်ပါးသည်သင်တို့အားပေးကြလိမ့်မည်၊ အမှန်ခြင်ရုံမျှမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်။” ရောမ ၁၀း၁၂။ လုကာ ၆း၃၈။ ကိုယ်တော်သည် ဤအတိုင်းအတာပမာဏအတိုင်း တမန်တော်များ၏လုပ်ဆောင်မှုများကို ကျေးဇူးပြုတုံ့ပြန်ခဲ့ပါသည်။ ကိုယ်တော်၏ဧဝံဂေလိတရားဟောကြားခြင်းလုပ်ငန်းတွင်ပြုလုပ်ခဲ့သောဆက်ကပ်မှုတိုင်းကိုအလွန်ကြွယ်ဝသောကျေးဇူးတော်အားဖြင့် ဆပ်ပေးတော်မူပါလိမ့်မည်။

ဂါလိလဲအိုင်တွင် ဖြစ်ပျက်ခဲ့သောဝမ်းနည်းဖွယ်ထိုညဉ့်၌ ခရစ်တော်နှင့်ခွဲခွာခဲ့ကြသောအခါ သူတို့၏စိတ်တွင်မယုံကြည်မှုများပြင်းထန်စွာဖြစ်ပေါ်လာပြီး အကျိုးမဖြစ်ထွန်းသောလုပ်ဆောင်မှုများအားဖြင့် ပင်ပန်းနွမ်းရိခဲ့ကြပါသည်။ သို့သော် ၎င်းတို့ထံသို့ကိုယ်တော်ရောက်ရှိလာခြင်းသည် ၎င်းတို့၏ယုံကြည်ခြင်းကိုလှုပ်ရှားထကြွစေခဲ့ပြီး ပျော်ရွှင်မှုများနှင့်အောင်မြင်မှုများကိုရရှိစေခဲ့ပါသည်။ ထိုနည်းအတူ ကျွန်ုပ်တို့သည်လည်းခရစ်တော်နှင့်အတူမရှိလျှင် လုပ်ဆောင်မှုတိုင်းသည် အကျိုးဖြစ်ထွန်းလိမ့်မည်မဟုတ်ဘဲ ကျွန်ုပ်တို့၏စိတ်တွင် မယုံကြည်မှုများတို့နှင့် ညည်းတွားမှုများကို လွယ်ကူစွာဖြစ်ပေါ်လာလိမ့်မည်သာဖြစ်ပါသည်။ သို့သော်ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏အနီးအနားတွင်ရှိတော်မူပြီး ကိုယ်တော်၏ညွှန်ကြားမှုအောက်တွင် လုပ်ဆောင်ရသောအခါ၌ ကျွန်ုပ်တို့သည်ကိုယ်တော်၏တန်ခိုးတော်ထင်ရှားမှုတွင် ပျော်ရွှင်ဝမ်းမြောက်ကြပါသည်။ စာတန်၏အလုပ်သည် အသက်ဝိညာဉ်များအား စိတ်ဓာတ်ကျစေဖို့ဖြစ်ပြီးခရစ်တော်၏အမှုတော်သည် အသက်ဝိညာဉ်အား ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများဖြင့်ပြည့်စုံစေရန်ဖြစ်သည်။

ထိုနိမိတ်လက္ခဏာက ကြားသိလိုသောနက်နဲသိမ်မွေ့သည့်သင်ခန်းစာသည် တမန်တော်များအတွက်သာမက ကျွန်ုပ်တို့အတွက်လည်းဖြစ်ပါသည်။ မိမိ၏နှုတ်တော်ထွက်စကားအားဖြင့် ပင်လယ်ထဲရှိငါးများကို





စုသိမ်းနိုင်သောကိုယ်တော်သည် မိမိ၏တပည့်တော်များအား လူများသောတံငါဖြစ်စေရန်အလို့ငှါ မေတ္တာတော်နှောင်ကြိုးအားဖြင့် ၎င်းတို့၏စိတ်နှလုံးတို့ကိုအမှတ်တရဖြစ်စေပြီး မိမိထံသို့ဆွဲယူနိုင်တော်မူမည်ဖြစ်ပါသည်။

ထိုဂါလိလဲတံငါသည်များသည် နိမ့်ကျ၍ ပညာမရှိသောသူများဖြစ်ကြသော်လည်း လောက၏အလင်းဖြစ်တော်မူသောကိုယ်တော်သည် ၎င်းတို့အား လုပ်ဆောင်စေမည့်အလုပ်အတွက် အရည်အချင်းမီအောင်မစရန် ကြွယ်ဝကုံလုံစွာတတ်နိုင်တော်မူပါသည်။ သခင်ယေရှုသည်ပညာရေးကိုရှုတ်ချတော်မမူချေ။ အကြောင်းမူကား ဘုရားသခင်၏မေတ္တာတော်၏ထိန်းချုပ်မှုအောက်တွင်ရှိ၍ အမှုတော်မြတ်အတွက် ဆက်ကပ်ထားသောအချိန်တွင် ဉာဏ်ပညာနှင့်ဆိုင်သောယဉ်ကျေးမှုသည် ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ပါသည်။ သို့သော် ထိုခေတ်တွင် အသက်ရှင်နေကြသောပညာရှိများကို ကိုယ်တော်သည် အသုံးပြုတော်မမူခဲ့ချေ။ အကြောင်းမူကားထိုသူတို့သည် ဒုက္ခဆင်းရဲရောက်နေသောလူသားများကို ကိုယ်ချင်းမစာနိုင်တော့သည့်အထိ မိမိကိုယ်ကိုအထူးစိတ်ချယုံကြည်နေသူများဖြစ်နေကြပါသည်။ ထို့ကြောင့် သူတို့သည် ကိုယ်တော်၏လုပ်ဖော်ဆောင်ဖက်များဖြစ်မလာနိုင်ကြချေ။ မိမိတို့၏တစ်ယူသန်မှုများကြောင့် ခရစ်တော်သွန်သင်ချက်များကိုခံယူရန် သူတို့အထင်သေးခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏ကရုဏာတော်စီးဆင်းရာတူးမြောင်းများကို အဟန့်အတားအပိတ်အဆို့ဖြစ်လာကြမည့် ထိုသူများနှင့်အတူတကွအမှုတော်ဆောင်ရန် ခရစ်တော်ကြိုးစားတော်မူခဲ့ပါသည်။ ထာဝရဘုရားနှင့်အတူ အမှုတော်ဆောင်ရွက်မည့်သူများဖြစ်လာကြမည့်သူအားလုံးသည် ပထမဦးစားပေးအဖြစ်လေ့လာသင်ယူရမည့်အရာမှာ မိမိကိုယ်ကိုမကိုးစားခြင်းနှင့်ဆိုင်သောသင်ခန်းစာပင်ဖြစ်ပါသည်။ ထိုသင်ခန်းစာကို လေ့လာသင်ယူပြီးသောအချိန်တွင် ခရစ်တော်၏စာရိတ္တာတော်ကို မျှဝေခံယူရန်ပြင်ဆင်ပြီးဖြစ်သွားပါသည်။ ထိုသင်ခန်းစာကို သိပ္ပံနည်းအကျဆုံးသောကျောင်းများမှသင်ကြားပေးနေသောပညာအားဖြင့်မရနိုင်ကြချေ။ ထိုအရာသည်

ခရစ်တော်တစ်ပါးတည်းထံမှသာ ရနိုင်သောဉာဏ်ပညာအသီးအပွင့်ဖြစ်ပါသည်။

သခင်ယေရှုသည် ပညာမတတ်သောတံငါသည်များကို ရွေးချယ်တော်မူခဲ့ပါသည်။ အကြောင်းမူကား ထိုသူတို့သည် ၎င်းတို့ခေတ်အခါ၏ ရိုးရာများနှင့် မှားယွင်းသောဓလေ့ထုံးစံများကို မသင်ယူရသေးသောကြောင့် ဖြစ်ပါသည်။ ထိုသူများသည် ပင်ကိုယ်အစွမ်းရှိကြသူများဖြစ်ပါသည်။ သူတို့သည် နှိမ့်ချသောသူများဖြစ်ကြကာ ကိုယ်တော်၏အမှုတော်အတွက် သင်ကြားပေးလျှင် ရနိုင်သောသူများလည်းဖြစ်ကြပါသည်။ သာမန်လူတန်းစားများမှနေ့စဉ်လုပ်ကိုင်ရသည့်လုပ်ငန်းဆောင်တာများကို စွဲစွဲမြဲမြဲ လုပ်ဆောင်နေကြသူများအနေနှင့် ကမ္ဘာတွင်ဂုဏ်အပြုအခံရဆုံးပုဂ္ဂိုလ်နှင့် တူအောင်ပြုလုပ်နိုင်သောတန်ခိုးတော်ကို ကိုယ်တော်ရှင်ပိုင်ဆိုင်ကြောင်း မသိကြချေ။ အထူးစွမ်းပကားနှင့်ပြည့်စုံတော်မူသောလက်တော်၏ထိတွေ့မှုအားဖြင့် လှုပ်ရှားထကြွမှုမရှိသော ထိုအစွမ်းသတ္တိများကိုနှိုးဆော်ရန်လိုအပ်ပါသည်။ မိမိ၏လုပ်ဖော်ဆောင်ဖက်များဖြစ်လာကြရန် ခရစ်တော်ခေါ်တော်မူသောသူများသည် ထိုကဲ့သို့သောသူများဖြစ်ကြပါသည်။ ထိုသူများကိုမိမိနှင့်ပေါင်းဖက်လုပ်ဆောင်ရသောအခွင့်ကိုပေးတော်မူခဲ့ပါသည်။ ကမ္ဘာ့လူကြီးလူကောင်းများ၌ ထိုကဲ့သို့သောဆရာမျိုးတစ်ယောက်မျှမရှိခဲ့ဖူးချေ။ တမန်တော်များသည် ခရစ်တော်ပေးတော်မူသောသင်တန်းကို ရယူကြပြီးသောအခါ လူအ၊ လူနမျာ၊ လူရိုင်းများမဟုတ်ကြတော့ဘဲ သူတို့သည် စိတ်နေသဘောထားနှင့်အကျင့်စာရိတ္တပိုင်းတွင် ကိုယ်တော်ရှင်နှင့်တူလာကြပြီး လူများသည် ခရစ်တော်နှင့်အတူနေထိုင်ခဲ့ကြသော၎င်းတို့ကို အသိအမှတ်ပြုခဲ့ကြပါသည်။

ပညာရေး၏အကြီးမြတ်ဆုံးသောလုပ်ငန်းသည် အသိဉာဏ်များကိုဖြန့်ဝေပေးရန် သက်သက်သာမဟုတ်ဘဲ စိတ်သဘောထားတစ်ခုနှင့်တစ်ခု ထိတွေ့ခြင်းအားဖြင့်သော်လည်းကောင်း၊ လူအချင်းချင်းထိတွေ့ခြင်းအားဖြင့်သော်လည်းကောင်း ရရှိသည့်အသက်ရှင်စေနိုင်သောခွန်အားကိုမျှဝေရန်ဖြစ်ပါသည်။ အသက်ရှင်ခြင်းကသာ အသက်ရှင်ခြင်းတန်ခိုးကိုပေးစွမ်းနိုင်



သည်။ ကမ္ဘာကိုကောင်းချီးပေးမည့်အသက်ရှင်စေသောစိတ်ဇောကလေးယိုစီးလာသော ဘုရားသခင်၏အသက်တာနှင့်သုံးနှစ်လုံးလုံးနေ့စဉ်ထိတွေ့ခဲ့ကြရသည့်အခွင့်သည် တမန်တော်များအတွက် ကြီးမားသောအခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ရှင်ယောဟန်သည် အားလုံးသောလုပ်ဖော်ဆောင်ဖက်များထက်သာလွန်၍ ထိုအံ့သြဖွယ်တန်ခိုးတော်ထံသို့ မိမိကိုယ်ကိုလိုက်လျောအညံ့ခံခဲ့ပါသည်။ "ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့သည်လည်းမြင်ရကြပြီ။ ခမည်းတော်နှင့်အတူရှိဖူး၍ ငါတို့အား ထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အားသက်သေခံ၍ပြသကြ၏။" ၁ယော၊ ၁း၂။ "ထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ထပ်ဆင့်၍ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည်ခံရကြပြီ။" ယောဟန် ၁း၁၆။

ဘုရားသခင်၏တမန်တော်များတွင် မိမိကိုယ်ကိုဂုဏ်ယူစရာတစ်ခုမျှမရှိသောသူများသာဖြစ်ကြပါသည်။ ၎င်းတို့အမှုတော်အောင်မြင်မှုသည်လည်း ဘုရားသခင်ကြောင့်သာဖြစ်ကြောင်း ထင်ရှားနေပါသည်။ ဤသူများ၏အသက်တာတိုးတက်ကောင်းမွန်လာသော ၎င်းတို့၏အကျင့်စာရိတ္တ၊ သူတို့အားဖြင့်ဘုရားသခင်ပြုတော်မူသောကြီးကျယ်သည့်အမှုတော်စသည်တို့သည် သင်ပေးလျှင်ရနိုင်၍ နားထောင်မှုရှိသူအားလုံး၌ ဘုရားသခင်ပြုတော်မူမည့်အရာများအတွက် သက်သေခံချက်တစ်ခုဖြစ်ပါသည်။

ခရစ်တော်ကိုအချစ်ဆုံးသောသူသည် များစွာသောကောင်းမှုများကို လုပ်ဆောင်ကြပါလိမ့်မည်။ ထာဝရဘုရားအား လုံးလုံးဆက်ကပ်အပ်နှံသောအသက်တာဖြင့်နေထိုင်ခဲ့ပြီး တစ်ကိုယ်ကောင်းစိတ်များကိုဘေးသို့ဖယ်ထားကာ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုအတွက် စိတ်နှလုံးတွင်နေရာပေးသောသူတိုင်း၏အသုံးကျမှုသည် အကန့်အသတ်မရှိချေ။ လူများသည် မရှိမဖြစ်လိုအပ်သောစည်းမျဉ်းများကို ညည်းညူခြင်းမရှိ၊ မောပန်းခြင်းမရှိဘဲ ခံနိုင်ရည်ရှိကြလိမ့်မည်ဆိုလျှင် ထာဝရဘုရားသည် ၎င်းတို့အား တစ်နာရီပြီးတစ်နာရီ၊ တစ်နေ့ပြီးတစ်နေ့သွန်သင်တော်မူလိမ့်မည်။ ကိုယ်တော်သည် မိမိ၏ကျေးဇူးတော်ကိုဖော်ပြရန် တောင့်တတော်မူနေပါသည်။ ကိုယ်တော်ရှင်၏သားသမီးများသည် ထိုအဟန့်အတားများကို

ဖယ်ရှားပစ်လိမ့်မည်ဆိုလျှင် ကိုယ်တော်သည် ကြွယ်ဝများပြားစွာသော ကယ်တင်ခြင်းအသက်စမ်းရေချောင်းကို လူသားတူးမြောင်းများမှတစ်ဆင့် စီးဆင်းစေတော်မူပါလိမ့်မည်။ နှိမ့်ချသောအသက်တာရှိသောသူများအား ၎င်းတို့လုပ်ကိုင်နိုင်သမျှသောကောင်းသည့်လုပ်ငန်းများကိုလုပ်ဆောင်ရန် အားပေးခဲ့လျှင်သော်လည်းကောင်း၊ ၎င်းတို့၏စိတ်အားထက်သန်မှုကို ဖိနှိပ်ချုပ်တည်းရန် တားဆီးပိတ်ပင်သည့်လက်များကို ၎င်းတို့အပေါ်တွင် မတင်လျှင်သော်လည်းကောင်း၊ ယခုအမှုတော်ဆောင်တစ်ယောက်ရှိသည့် နေရာတွင် အမှုတော်ဆောင်တစ်ရာရှိလာပေလိမ့်မည်။ လူများတို့သည် ကိုယ်တော်ထံတွင် မိမိကိုယ်ကိုအရှုံးပေးအညံ့ခံလိမ့်မည်ဆိုလျှင် ထာဝရဘုရားသည် ထိုသူအားအရှိအတိုင်းခေါ်တော်မူ၍ မိမိ၏အမှုတော်အတွက် လေ့ကျင့်သင်ကြားပေးတော်မူပါသည်။ ထိုအချိန်တွင် ၎င်းရရှိထားသည့် ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်း၏စွမ်းပကားအားလုံးကို လှုပ်ရှားထကြွစေပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအောက်တွင် ဘုရားသခင့်ထံ၌ မခွင်းမချန်ဆက်ကပ်ထားသော ထိုစိတ်သဘောထားသည် ညီညွတ်ဆီလျော်စွာတိုးတက်ကြီးပွားလာကာ ဘုရားသခင်၏လိုလားချက်များကို သိမြင်နားလည်၍ ဖြည့်ဆည်းရန်ခွန်အားရရှိလာပါသည်။ ခွန်အားနည်း၍ ယိမ်းယိုင်တွေဝေသောစာရိတ္တအသွင်သို့ပြောင်းလဲလာပါသည်။ နေ့ညမပြတ်ဆက်ကပ်ခြင်းသည် ခရစ်တော်နှင့် ၎င်း၏တမန်တော်များအကြား အလွန်နီးကပ်သောဆက်သွယ်မှုတစ်ခုကိုဖြစ်စေပြီး ထိုနည်းအားဖြင့် ခရစ်ယာန်များသည် စိတ်သဘောထားများနှင့် စာရိတ္တများတွင် ကိုယ်တော်နှင့်တူလာကြရပါသည်။ ခရစ်တော်နှင့်အဆက်အသွယ်ပြုခြင်းအားဖြင့် ထိုခရစ်ယာန်သည် ပို၍ကြည်လင်ပြတ်သားပြီး ကျယ်ပြန့်သော အသိအမြင်များကိုရရှိလာကြလိမ့်မည်။ သူ၏သိနားလည်မှုသည် ပိုမိုထက်မြက်လာမည်ဖြစ်ပြီး ဆုံးဖြတ်ချက်သည်လည်း မျှမျှတတဖြစ်လာပါလိမ့်မည်။ ခရစ်တော်၏အမှုတော်တွင်ပါဝင်ရန် တောင့်တသောသူသည် ထာဝရဘုရား၏ဘုန်းတော်ကိုထင်ရှားစေဖို့ များစွာသောအသီးများကို



သီးပွင့်စေနိုင်ရန် တရားတော်နေမင်းကြီး၏ အသက်ရှင်စေသော တန်ခိုးတော်အားဖြင့် အားသစ်လောင်းခြင်းကိုခံရပါသည်။

ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များမှ အဆင့်အမြင့်ဆုံးပညာရပ်များကို ရရှိထားသောသူများသည် ကမ္ဘာမှပညာမဲ့များဟူ၍သတ်မှတ်ခြင်းခံခဲ့ရသည့် နိမ့်ကျသောအသက်တာရှိသည့် ထိုခရစ်ယာန်များထံမှ အဖိုးတန်သောသင်ခန်းစာများကိုသင်ယူခဲ့ကြရပါသည်။ သို့သော် မထင်ရှားသော ဤတမန်တော်များသည် ကျောင်းအားလုံးတွင် အဆင့်အမြင့်ဆုံးကျောင်းတွင် ပညာရပ်တစ်ခုကိုသင်ယူရရှိခဲ့ကြပါသည်။ အခြားသူတစ်ယောက်နှင့်မျှမတူအောင် မိန့်တော်မူခဲ့သောကိုယ်တော်ရှင်၏ခြေတော်ရင်းတွင် သူတို့သင်ယူခဲ့ကြရပါသည်။

-ဝ-

## (၂၆)
## ကပေရနောင်မြို့တွင်

ခရစ်တော်သည် အရပ်ရပ်သို့ခရီးသွားခြင်းများမှ ခေတ္တခဏ အနားယူသောအချိန်များတွင် ကပေရနောင်မြို့၌နေထိုင်တော်မူခဲ့သည့်အတွက် ထိုမြို့ကို "ကိုယ်တော်၏မြို့" ဟူ၍ လူသိများခဲ့ပါသည်။ ထိုမြို့သည် ဂါလိလဲအိုင်ကမ်းခြေတွင်တည်ရှိပြီး လှပသောဂနေသရက်လွင်ပြင်နယ်နိမိတ်အနီးတွင်တည်ရှိပါသည်။

ဂါလိလဲအိုင်၏အလွန်ကျယ်ပြောသောချိုင့်ဝှမ်းကြီးသည် ၎င်း၏ကမ်းစပ်တစ်လျှောက်တွင်ရှိသောလွင်ပြင်များကို ချမ်းမြေ့သာယာသောတောင်ပိုင်းရာသီဥတုကိုဖြစ်စေပါသည်။ ခရစ်တော်၏နေ့ရက်များတွင် ဤနေရာဒေသ၌ ကျောက်ဆောင်များမှပန်းထွက်နေသောရေများကိုသောက်သုံးကာ စိမ်းစိုပွင့်လန်းနေသောစွန်ပလွံပင်များနှင့် သံလွင်ပင်များ၊ သစ်သီးခြံများနှင့်စပျစ်ခြံများ၊ စိမ်းလန်းသောလယ်ကွင်းများနှင့် အလွန်လှပစွာပွင့်လန်းနေကြသောပန်းပင်များရှိခဲ့ပါသည်။ ဂါလိလဲအိုင်ကမ်းခြေနှင့်မနီးမဝေးတွင်ရှိသည့် ပတ်ဝိုင်းထားသောတောင်ကုန်းများပေါ်တွင် မြို့များ၊ ရွာများသည် ပြောက်တိပြောက်ကျားတည်ရှိနေကြပါသည်။ ထိုအိုင်တွင် ငါးဖမ်းလှေများဖြင့်ပြည့်နှက်နေပြီး နေရာတိုင်းတွင်အလုပ်ရှုပ်နေသောတံငါသည်များ၏လှုပ်ရှားမှုများကိုတွေ့ကြရပါသည်။

ကပေရနောင်မြို့သည် ခရစ်တော်၏အမှုတော်အတွက် ဗဟိုအချက်အချာဖြစ်ရန် အလွန်သင့်လျော်သောမြို့တစ်မြို့ဖြစ်ပါသည်။ ဒမာသက်မြို့မှယေရုရှလင်မြို့နှင့် အီဂျစ်ပြည်သို့လည်းကောင်း၊ ဒမာသက်မြို့မှမြေထဲပင်လယ်သို့လည်းကောင်း သွားရာလမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ ထိုလမ်းကြီးများသည် လူအများဥဒဟိုသွားနေသောလမ်းများဖြစ်ကြပါသည်။ နိုင်ငံများစွာမှလူများသည် ထိုမြို့ကိုဖြတ်သွားခဲ့ကြပြီး သွားချည်ပြန်လှည့်ခရီးသွားကြစဉ် ထိုမြို့တွင်အနားယူတည်းခိုခဲ့ကြပါသည်။ ခရစ်တော်သည် ဤနေရာတွင် လူမျိုးပေါင်းစုံမှလူတန်းစားအသီးသီးကိုတွေ့ဆုံနိုင်ခဲ့ပြီး



ကိုယ်တော်၏သတင်းစကားများကို အခြားနိုင်ငံများမှအိမ်ထောင်စုများသို့ ရောက်ရှိသွားစေနိုင်ခဲ့ပါသည်။

ထိုသို့သောနည်းအားဖြင့် အနာဂတ္တိစကားများကို လေ့လာစူးစမ်းရှာဖွေလိုစိတ်များပေါက်ပွားလာခဲ့ကြပြီး ကယ်တင်ရှင်အား အာရုံပြုလာကြကာ ကိုယ်တော်၏အမှုတော်သည် ကမ္ဘာ့ရှေ့မျှောက်သို့ဆောင်ယူသွားခြင်းကိုခံခဲ့ရပါသည်။

ဆန်ဟီဒရင်အဖွဲ့ဝင်များသည် ခရစ်တော်ကိုဆန့်ကျင်၍ လှုပ်ရှားနေကြသော်လည်း ယုဒလူများသည် ကိုယ်တော်ရှင်၏အမှုတော်တိုးတက်ကြီးပွားမှုကို စိတ်အားထက်သန်စွာစောင့်မျှော်ခဲ့ကြပါသည်။ ကောင်းကင်သားများအားလုံးသည်လည်း စိတ်ဝင်စားလျက်ရှိခဲ့ကြပါသည်။ ကောင်းကင်တမန်များတို့သည် သူများ၏စိတ်နှလုံးကိုလှုပ်ရှားစေလျက် ကယ်တင်ရှင်ထံသို့ဆွဲယူကာ အမှုတော်အတွက် လမ်းကိုပြင်ဆင်ပေးလျက်ရှိကြပါသည်။

ကပေရနောင်မြို့ရှိ အမတ်တစ်ဦး၏သားကို ခရစ်တော်ကုသပေးခဲ့ခြင်းသည် ကိုယ်တော့်တန်ခိုးတော်အတွက် သက်သေခံချက်တစ်ခုဖြစ်ခဲ့ပါသည်။ ၎င်းပြင်နန်းတော်အရာရှိများနှင့် ထိုအမတ်၏အိမ်ထောင်သားများသည်လည်း ၎င်းတို့၏ယုံကြည်ခြင်းကို ဝမ်းမြောက်ဝမ်းသာသက်သေခံခဲ့ကြပါသည်။ ထိုဆရာတည်းဟူသော ခရစ်တော်ကိုယ်တော်တိုင်သည် မိမိ၏အလယ်တွင်ရောက်ရှိနေကြောင်း သိလာကြသောအခါ တစ်မြို့လုံးလှုပ်လှုပ်ရွရွဖြစ်လာကာ လူအုပ်ကြီးသည် ကိုယ်တော်ရှေ့မှောက်တွင် စုရုံးလာခဲ့ကြပါသည်။ ဥပုသ်နေ့တွင်ဝင်ပေါက်ကိုရှာမရသဖြင့် များစွာသောလူများသည် အိမ်သို့ပြန်သွားကြရသည်အထိ တရားဇရပ်တွင် လူများပြည့်သိပ်နေခဲ့ပါသည်။

"အာဏာနှင့်ဟောတော်မူသောကြောင့် ပရိသတ်တို့သည် ဒေသနာကိုအလွန်အံ့ဩကြ၏။" "အကြောင်းမူကား ကျမ်းတတ်ဆရာနည်းတူမဟုတ်၊ အစိုးရသောနည်းတူ ဆုံးမဩဝါဒပေးတော်မူ၏။" လုကာ ၄း၃၂။ မဿဲ ၇း၂၉။ ကျမ်းတတ်ဆရာများ၏သွန်သင်ချက်များသည် အလွတ်ကျက်ထားသောသင်ခန်းစာတစ်ခုကဲ့သို့ စိတ်မပါဘဲဟန်ပြရွတ်ဆိုသောသွန်သင်ချက်

များသာဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်းတို့အတွက် အသက်ရှင်စေနိုင်သောတန်ခိုးတော်မရှိခဲ့ချေ။ နှုတ်ကပတ်တော်၏ သွန်သင်ချက်များနေရာတွင် ၎င်းတို့၏ကိုယ်ပိုင်အတွေးအခေါ်များနှင့် ရိုးရာဓလေ့များကို အစားထိုးထားခဲ့ကြပါသည်။ ပြုမြဲဖြစ်သောအခမ်းအနားများကို တစ်ခုပြီးတစ်ခုကျင်းပရာတွင် သူတို့သည် ပညတ်တော်ကိုရှင်းပြပြောဆိုခဲ့ကြသော်လည်း ဘုရားသခင်ထံမှ မည်သည့်လှုံ့ဆော်မှုကမျှ ၎င်းတို့ကိုယ်တိုင်စိတ်နှလုံးကိုလည်းကောင်း၊ ကြားနာရသူများ၏စိတ်နှလုံးကိုလည်းကောင်း မလှုပ်ရှားစေခဲ့ချေ။

သခင်ယေရှု၌ ယုဒလူမျိုးများအကြား စိတ်ဝမ်းကွဲမှုများနှင့်ဆိုင်သည့် အမျိုးမျိုးသောအကြောင်းအရာများနှင့်စပ်ဆိုင်သောအရာဟူ၍ တစ်စုံတစ်ခုမျှမရှိခဲ့ချေ။ ကိုယ်တော်၏အလုပ်သည် သမ္မာတရားဟောကြားရန်ဖြစ်ပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများသည် ရှေးဘိုးဘေးများနှင့် ပုရောဖက်များ၏သွန်သင်ချက်များအပေါ်သို့ အလင်းတော်ကို တသွင်သွင်ကျရောက်စေခဲ့ပြီး သမ္မာကျမ်းစာသည် အသစ်သောဗျာဒိတ်တော်တစ်ခုအနေဖြင့် လူသားများထံရောက်ရှိလာခဲ့ပါသည်။ ကိုယ်တော်၏ တရားနာပရိသတ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ ထိုကဲ့သို့နက်ရှိုင်းသောအဓိပ္ပါယ်ဖွင့်ဆိုချက်များကို သခင်ကမကြားနာခဲ့ဖူးချေ။

သခင်ယေရှုသည် ၎င်းတို့၏စိတ်ရှုပ်ထွေးဖွယ်ရာများနှင့်အကျွမ်းဝင်ခဲ့သူတစ်ပါးအနေဖြင့် ၎င်းတို့၏နေရာများသို့သွားရောက်တွေ့ဆုံခဲ့ပါသည်။ တရားတော်ကို တိုက်ရိုက်နည်း၊ ရိုးရိုးနည်းဖြင့်တင်ပြခြင်းအားဖြင့် သမ္မာတရားကိုတင့်တယ်စေခဲ့ပါသည်။ ကိုယ်တော်ပြောဆိုတော်မူခဲ့သောစကားများသည် စီးဆင်းနေသောချောင်းရေကဲ့သို့ သန့်ရှင်းကြည်လင်၍ အညစ်အကြေးနှင့်ကင်းစင်တော်မူပါသည်။ ကျမ်းတတ်ဆရာများ၏ ငြီးငွေ့ဖွယ်ထပ်တလဲလဲပြောသောအသံများကို နားထောင်ခဲ့ရသူများအတွက် ကိုယ်တော်၏အသံတော်သည် တေးဂီတသံကဲ့သို့ဖြစ်ခဲ့ပါသည်။ သွန်သင်ချက်များသည် ရိုးရိုးအရာများဖြစ်သော်လည်း ကိုယ်တော်သည် တန်ခိုးအာဏာရရှိထားသူတစ်ပါးကဲ့သို့ဟောကြားတော်မူခဲ့ပါသည်။ ဤထူးခြားမှု



သည် ကိုယ်တော်၏သွန်သင်ချက်များအား အခြားသူများ၏သွန်သင်ချက်များနှင့်ကွဲပြားခြားနားစေခဲ့ပါသည်။ ကျမ်းတတ်ဆရာများသည် သံသယစိတ်များ၊ ယုံမှားစိတ်များဖြင့် ကျမ်းစာကိုအနက်ဖွင့်လိုက်သည့်အတိုင်း အနက်ဖွင့်၍ဟောပြောခဲ့ကြ၏။ ကြားနာခဲ့ရသူများသည် တစ်နေ့တခြား ပိုမိုကြီးထွားလာသောမသေချာ၊ မရေရာမှုများတွင် ပါဝင်ပတ်သက်ခဲ့ကြရပါသည်။ သို့သော် သမ္မာကျမ်းစာသည် ယုံမှားသံသယဖြစ်ဖွယ်မရှိသောအာဏာတော်ရှိကြောင်းကို ခရစ်တော်ကသွန်သင်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သွန်သင်သမျှသောအရာတိုင်းသည် ပြန်လည်ငြင်းခုံရန်မစွမ်းနိုင်လောက်အောင် တန်ခိုးတော်နှင့်ပြည့်စုံတော်မူပါသည်။

သို့စေကာမူ ကိုယ်တော်သည် စိတ်စောမှုထက်စိတ်အားထက်သန်မှုရှိခဲ့ပါသည်။ ဖြည့်ဆည်းရန် တိကျသောအကြံအစည်တစ်ခုရှိတော်မူသောသူကဲ့သို့မိန့်တော်မူခဲ့ပါသည်။ ၎င်းတို့အားထာဝရနိုင်ငံတော်၏ဟုတ်တိုင်းမှန်ရာများကို မြင်တွေ့စေခဲ့ပါသည်။ ပြောဆိုချက်တိုင်းတွင်လည်း ဘုရားသခင်ကိုဖော်ပြတော်မူခဲ့ပါသည်။ လူသားများအားသောကကိစ္စများတွင် နစ်မျောစေသည့်ကိလေသာအမှောင်ထုကိုချိုးဖျက်ရန်ကြိုးစားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤလောကအသက်တာနှင့်ဆိုင်သောအရာများကို ထာဝရအရာများထက် ယုတ်ညံ့သောအရာများအနေနှင့် ၎င်းတို့၏အခြေအနေမှန်များအတိုင်းဖော်ပြတော်မူခဲ့ပါသည်။ သို့သော်ထိုအရာများ၏ အရေးပါမှုများကိုလျစ်လျူရှုတော်မမူခဲ့ချေ။ ကောင်းကင်နိုင်ငံတော်နှင့် ဤကမ္ဘာလောကသည် အတူဆက်စပ်လျက်ရှိကြောင်း ဘုရားသခင်ကို သိခြင်းပညာသည် လူများအား နေ့စဉ်အသက်တာ၏တာဝန်များကို ထမ်းဆောင်ရာတွင် ပို၍ကောင်းမွန်လာစေရန် ပြင်ဆင်ပေးသင့်ပါသည်။ ကိုယ်တော်သည် ကောင်းကင်နိုင်ငံနှင့်အကျွမ်းဝင်သူတစ်ပါးအနေဖြင့်သော်လည်းကောင်း၊ ဘုရားသခင်နှင့်မိမိတို့အကြားတော်စပ်မှုကိုသိရှိသူတစ်ပါးအနေနှင့်သော်လည်းကောင်း မိန့်တော်မူခဲ့သော်လည်း လူသားမိသားစုများမှ ပုဂ္ဂိုလ်တိုင်းနှင့် မိမိအကြားတစ်လုံးတစ်ဝတည်းရှိကြောင်းကို အသိအမှတ်ပြုတော်မူလျက်ရှိခဲ့ပါသည်။

ကိုယ်တော်သည် ကရုဏာသတင်းစကားများကို နာယူမည့်တရားနာပရိသတ်နှင့်သင့်လျော်စေရန် တစ်မျိုးတစ်ဖုံပြောင်းလဲဟောကြားတော်မူခဲ့ပါသည်။ ပင်ပန်းသောသူအားမစခြင်းငှါ စကားပြောတတ်ရန် ဘုရားသခင်မစတော်မူမည့်အကြောင်းကို ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ အကြောင်းမူကား လူများအား သမ္မာတရားဘဏ္ဍာတော်များရှိရာသို့ ဆွဲဆောင်မှုအရှိဆုံးသောနည်းဖြင့် ပို့ဆောင်နိုင်စေရန်အလို့ငှါ ကရုဏာကို ကိုယ်တော်၏နှုတ်ခမ်းများပေါ်သို့ သွန်းလောင်းတော်မူခဲ့ပါသည်။ တစ်ဖက်သတ်အထင်လွဲနေသည့်စိတ်များနှင့်ရင်ဆိုင်တွေ့ဆုံရန်အတွက်သော်လည်းကောင်း၊ ၎င်းတို့၏အာရုံပြုမှုကိုရရှိစေနိုင်မည့်သာဓကများအားဖြင့် ၎င်းတို့အားအံ့အားသင့်စေရန်အတွက်သော်လည်းကောင်း ကိုယ်တော်သည် ပါးနပ်မှုရှိတော်မူပါသည်။ ကိုယ်တော်သည် စိတ်ကူးကြည့်ခြင်းအားဖြင့် ၎င်းတို့၏စိတ်နှလုံးကိုသိရှိတော်မူ၏။ ကိုယ်တော်ရှင်မိန့်တော်မူသောသာဓကများသည် နေ့စဉ်အသက်တာနှင့်ပတ်သက်သောအကြောင်းအရာများမှဖြစ်ကြပြီး ၎င်းတို့သည် ရိုးရိုးအကြောင်းအရာများဖြစ်သော်လည်း အဓိပ္ပါယ်လေးနက်မှုရှိကြပါသည်။ လေထဲတွင်ပျံဝဲနေသောငှက်များ၊ လယ်ကွင်းပြင်များတွင်ပေါက်နေသောခတ္တာပန်းများ၊ မျိုးစေ့များ၊ သိုးကျောင်းသားများနှင့်သိုးများ စသည့်အရာများကိုအသုံးပြု၍ မဖောက်ပြန်မပျက်စီးနိုင်သည့်သမ္မာတရားကို သာဓကပြသွန်သင်တော်မူခဲ့ပါသည်။ တရားကိုနာပြီးနောက် သာဓကပြခဲ့သောထိုအရာများကိုမြင်ရသောအခါတိုင်း ကိုယ်တော်၏စကားများကို သူတို့ပြန်လည်သတိရခဲ့ကြပါသည်။ ထိုနည်းအားဖြင့် ခရစ်တော်သည် သာဓကများအားဖြင့် သွန်သင်ချက်များကိုအမြဲတမ်းထပ်ခါတလဲလဲဟောကြားနေခဲ့ပါသည်။

ခရစ်တော်သည် လူများကိုမည်သည့်အခါ၌မျှမမြှောက်ပင့်ခဲ့ချေ။ ၎င်း၏စိတ်ကူးစိတ်သန်းများ ဘဝင်ကြွစေမည့် မည်သည့်စကားကိုမျှ မိန့်တော်မူဖူးခဲ့ခြင်းမရှိချေ။ ၎င်းတို့၏ကျွမ်းကျင်သောတီထွင်မှုများကိုလည်း ချီးမွမ်းတော်မမူခဲ့ချေ။ သို့သော်အာဃာတမရှိသောအတွေးအခေါ်ပညာရှင်များသည် ကိုယ်တော်၏သွန်သင်ချက်များကို လက်ခံရယူခဲ့ကြပြီး



ထိုသွန်သင်ချက်များသည် ၎င်းတို့၏ပညာဉာဏ်ကိုစမ်းသပ်နေခြင်းဖြစ်ကြောင်းကိုတွေ့ရှိခဲ့ကြရပါသည်။ ရိုးရိုးစကားများဖြင့်ဖွင့်ဟတော်မူခဲ့သောဝိညာဉ်ရေးဆိုင်ရာသမ္မာတရားအတွက် သူတို့အံ့အားသင့်ခဲ့ကြပါသည်။ အဆင့်မြင့်ပညာတတ်များသည် ကိုယ်တော်၏နှုတ်ထွက်စကားများကြောင့်နှစ်ထောင်းအားရရှိခဲ့ပြီး ပညာမတတ်သူများအတွက်လည်း အမြဲအကျိုးရှိခဲ့ပါသည်။ ကိုယ်တော်၌စာမတတ်သူများအတွက်လည်း သတင်းစကားရှိတော်မူခဲ့ပါသည်။ တစ်ပါးအမျိုးသားများအတွက်ပင် မိမိ၌သတင်းစကားရှိတော်မူကြောင်း ၎င်းတို့အားနားလည်သဘောပေါက်စေခဲ့ပါသည်။

အနာပျောက်ကင်းစေခြင်း၏ထိတွေ့မှုတစ်ခုပါဝင်သည့် ကိုယ်တော်၏နူးညံ့သိမ်မွေ့သောသနားခြင်းကရုဏာတော်သည် ပင်ပန်းနွမ်းနယ်၍ ဒုက္ခရောက်နေသောစိတ်နှလုံးများပေါ်သို့ ကျရောက်တော်မူခဲ့ပါသည်။ ဒေါသထွက်နေသောရန်သူများ၏ရုန်းရင်းဆန်ခတ်ဖြစ်နေသည့်အလယ်တွင်ပင် ကိုယ်တော်သည် ငြိမ်သက်မှုကိုခံစားတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်မျက်နှာတော်၏တင့်တယ်ခြင်း၊ စာရိတ္တတော်၏နှစ်လိုဖွယ်ရှိခြင်းများသည်လည်းကောင်း၊ ထိုအရာများထက် ကိုယ်တော်ရှင်၏အကြည့်နှင့်စကားပြောသောအသံတွင်ဖော်ပြနေသည့်ချစ်ခြင်းမေတ္တာတော်သည်လည်းကောင်း မယုံကြည်မှုတွင် စိတ်နှလုံးမခိုင်မာသောသူအားလုံးအားကိုယ်တော်ထံသို့ဆွဲယူတော်မူခဲ့ပါသည်။ ချိုသာ၍ကိုယ်ချင်းစာနာတတ်သောစိတ်ထားသည် ကိုယ်တော်၏အကြည့်နှင့်အသံများတွင်မဖော်ပြခဲ့လျှင် ဤမျှကြီးမားသောလူထုကြီးကို ကိုယ်တော်ဆွဲဆောင်နိုင်ခဲ့လိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်ထံသို့ရောက်လာခဲ့ကြသောနာမကျန်းသူများအနေနှင့် ကိုယ်တော်သည် မိတ်ဆွေရင်း၊ မိတ်ဆွေစစ်တစ်ဦးကဲ့သို့ ၎င်းတို့အားစိတ်ဝင်စားသည်ဟု မှတ်ယူခံစားကြကာ သူတို့သည် ကိုယ်တော်ရှင်သွန်သင်တော်မူသည့် သမ္မာတရားများကိုပို၍သိလိုလာခဲ့ကြပါသည်။ ကောင်းကင်နိုင်ငံသည် သူတို့အနီးတွင်ရောက်ရှိလာတော်မူခဲ့ပြီး မေတ္တာတော်၏နှစ်သိမ့်မှုကိုအစဉ်မပြတ်ခံစားနိုင်စေရန် သူတို့သည် ကိုယ်တော်ရှင်၏ရှေ့မှောက်တွင်မှီတင်းနေထိုင်ခဲ့ကြပါသည်။

သခင်ယေရှုသည် မိမိတရားနာပရိသတ်၏မျက်နှာထားများပြောင်းလဲသွားသည်ကို အထူးစိတ်အားထက်သန်စွာဖြင့် စောင့်ကြည့်တော်မူခဲ့ပါသည်။ စိတ်ဝင်စားမှုနှင့် နှစ်ထောင်းအားရရှိမှုများကိုဖော်ပြနေသော ထိုမျက်နှာများသည် ကိုယ်တော်ရှင်အားအကြီးအကျယ်စိတ်ကျေနပ်မှုကို ဖြစ်စေခဲ့ပါသည်။ သမ္မာတရား၏ချိုးများသည် တစ်ကိုယ်ကောင်းစိတ်ထားနှင့်ဆိုင်သောအဟန့်အတားများကိုချိုးဖျက်လျက်၊ စိတ်နှလုံးကြေကွဲမှုကို ဖြစ်စေလျက် နောက်ဆုံးတွင်ကျေးဇူးသိခြင်းကိုဖြစ်စေကာ အသက်ဝိညာဉ်များထဲသို့ထိုးဖောက်ဝင်ရောက်သွားသောအခါ ကယ်တင်ရှင်အား ဝမ်းသာမှုကိုဖြစ်စေခဲ့ပါသည်။ ကိုယ်တော်၏မျက်လုံးတော်သည် တရားနာပရိသတ်ကြီးအား သိမ်းကျုံး၍ကြည့်လိုက်သောအခါ ယခင်ကမြင်ဖူးခဲ့သောမျက်နှာများတို့ကို ထိုမျက်နှာများတို့ထဲတွင် တွေ့လိုက်ရသဖြင့် ကိုယ်တော်ရှင်၏မျက်နှာတော်သည် ဝမ်းမြောက်ဝမ်းသာမှုအားဖြင့်တောက်ပသွားခဲ့ပါသည်။ ၎င်းတို့တွင် နိုင်ငံတော်အတွက် မျှော်လင့်ချက်ရှိသောအကြောင်းအရာများကို ကိုယ်တော်တွေ့မြင်တော်မူခဲ့သည်။ ရိုးရိုးရှင်းရှင်းဖြင့် မိန့်တော်မူခဲ့သော သမ္မာတရားသည် အချို့ရုပ်တုမြတ်နိုးသူများအား သွားရောက်ထိတွေ့သောအခါ ပြောင်းလဲသွားသောမျက်နှာထားများနှင့်အလင်းတရားကို မကြိုဆိုကြောင်းဖော်ပြနေသည့် ကြောက်မက်ဖွယ်ကောင်းသောအေးတိအေးစက်အကြည့်များတို့ကို ကိုယ်တော်သတိပြုမိတော်မူခဲ့ပါသည်။ ငြိမ်သက်ခြင်းသတင်းစကားကို လူများငြင်းဆိုကြောင်းတွေ့မြင်တော်မူသောအခါ ကိုယ်တော်ရှင်၏နှလုံးတော်သည် အလွန်နှိုက်နဲ့စွာထိုးဖောက်ခြင်းကိုခံရပါသည်။

သခင်ယေရှုသည် မိမိလာရောက်တည်ထောင်မည့် နိုင်ငံတော်အကြောင်းနှင့် စာတန်ထံတွင် အကျဉ်းသားဖြစ်နေသူများကို လွှတ်ခြင်းအခွင့်ပေးရန် လုပ်ဆောင်မည့်မိမိအမှုတော်အကြောင်းကို တရားဇရပ်တွင် ဟောကြားတော်မူစဉ် ကြောက်လန့်တကြားငယ်သံပါအောင် အော်ဟစ်သည့်အသံတစ်ခု၏နှောင့်ယှက်မှုကိုခံလိုက်ရပါသည်။ နတ်ဆိုးစွဲနေသူတစ်ယောက်သည် လူအုပ်ကြီးထဲမှ ကိုယ်တော့်ထံသို့တစ်ဟုန်ထိုးပြေးလာကာ



"နာဇရက်မြို့သားယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်တို့ကိုဖျက်ဆီးခြင်းငှါလာသလော။ ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ ဘုရားသခင်၏သန့်ရှင်းတော်မူသောသူဖြစ်ပါသည်" ဟု ဟစ်အော်လေ၏။ မာကု ၁း၂၄။

ယခုအချိန်တွင် လူအားလုံးသည် ဗရုတ်သုတ်ခဖြစ်ကာ ထိတ်ထိတ်လန့်လန့်ဖြစ်နေကြပါသည်။ လူအများ၏အာရုံပြုမှုသည် ကိုယ်တော်ထံမှ လွှဲဖယ်သွားခဲ့ပြီး ကိုယ်တော့်စကားများကိုလည်း နားမထောင်ကြတော့ချေ။ နတ်ဆိုးစွဲနေသောထိုသူကို တရားဇရပ်ထဲသို့ပို့ဆောင်လိုက်ခြင်းမှာ စာတန်၏အကြံအစည်ဖြစ်ပါသည်။ သို့သော်လည်း သခင်ယေရှုသည် နတ်ဆိုးကို ဆုံးမတော်မူ၍ "တိတ်ဆိတ်စွာနေလော့၊ ထိုသူ၏အထဲမှထွက်သွားလော့" ဟုမိန့်တော်မူလိုက်ရာ ညစ်ညူးသောနတ်သည် ထိုသူကိုတောင့်မာစေပြီးမှ ကြီးသောအသံနှင့်အော်ဟစ်၍ထွက်သွား၏။

ထိုဒုက္ခသည်၏စိတ်နှလုံးကို စာတန်သည် မှောင်မိုက်စေခဲ့ပါသည်။ သို့သော် ကယ်တင်ရှင်၏ရှေ့မှောက်တွင် အလင်းရောင်ခြည်တစ်ခုသည် ထိုမှောင်မိုက်ကိုဖြိုခွင်းတော်မူခဲ့ပါသည်။ စာတန်၏ထိန်းချုပ်မှုအောက်မှ လွတ်မြောက်မှုအတွက်တောင့်တရန် ထိုသူအားနှိုးဆွခဲ့သော်လည်း နတ်ဆိုးသည် ခရစ်တော်၏တန်ခိုးတော်ကိုခုခံတွန်းလှန်ခဲ့ပါသည်။ ထိုသူသည် ခရစ်တော်ထံတွင် အကူအညီတောင်းခံရန် ကြိုးစားသောအခါ မကောင်းသောဝိညာဉ်သည် ၎င်း၏နှုတ်ထဲသို့ စကားလုံးများကိုသွတ်သွင်းခဲ့သဖြင့် ထိုသူသည် ကြောက်ရွံ့ခြင်းဝေဒနာတစ်ခုအားဖြင့် ဟစ်အော်ခဲ့ပါသည်။ နတ်ဆိုးအစွဲခံနေရသောထိုသူသည် မိမိအားလွတ်ခြင်းအခွင့်ကိုပေးနိုင်တော်မူသောသူ၏ရှေ့မှောက်တွင် ရောက်နေကြောင်းကို တစ်စိတ်တစ်ဒေသသိမြင်သော်လည်း တန်ခိုးကြီးသောထိုလက်တော်ကို မီနိုင်မည့်နေရာသို့ ရောက်လာရန် ကြိုးစားခဲ့သောအခါ အခြားပုဂ္ဂိုလ်တစ်ပါး၏အလိုဆန္ဒတစ်ခုက ၎င်းအားချုပ်ကိုင်လိုက်ပြီး ထိုအခြားပုဂ္ဂိုလ်၏စကားများကို ဖွင့်ဟပြောဆိုခဲ့ပါသည်။ စာတန်၏တန်ခိုးနှင့်လွတ်ခြင်းအခွင့်ကိုရလိုသော

သူ၏ကိုယ်ပိုင်ဆန္ဒတို့အကြားတွင် ဖြစ်ပွားနေသောထိုတိုက်လှန်ပွဲသည် ကြောက်ခမန်းလိလိဖြစ်ပါသည်။

တောတွင်တွေ့ကြုံခဲ့သောစုံစမ်းနှောင့်ယှက်ခြင်းတွင် စာတန်ကို အောင်နိုင်ခဲ့သောခရစ်တော်သည် ယခုတစ်ဖန်မိမိ၏ရန်သူကြီးနှင့်မျက်နှာချင်းဆိုင်တွေ့နေရပြန်ပြီဖြစ်ပါသည်။ နတ်ဆိုးသည် ထိုသူအားဆက်လက်၍ဝင်ပူးထားနိုင်စေရန် မိမိ၏တန်ခိုးအားလုံးကို ကြိုးစားအသုံးပြုခဲ့ပါသည်။ ဤနေရာတွင် ၎င်းအရေးနိမ့်ခြင်းသည် ခရစ်တော်အားအောင်မြင်မှုသရဖူကိုပေးခြင်းဖြစ်ပါသည်။ မိမိ၏ယောကျ်ားပီသမှုကိုပျက်စီးစေခဲ့သောရန်သူနှင့်ယှဉ်ပြိုင်ရုန်းကန်ရာတွင် ညှဉ်းပန်းခြင်းခံခဲ့ရသောထိုသူသည် မိမိ၏အသက်ကိုဆုံးရှုံးရတော့မလိုဖြစ်ခဲ့ရပါသည်။ သို့သော်လည်း ကယ်တင်ရှင်သည် အာဏာတော်နှင့်မိန့်တော်မူကာ စာတန်၏အကျဉ်းသားဖြစ်နေသောထိုသူကိုလွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။ နတ်ဆိုးအစွဲခံခဲ့ရသောထိုသူသည် အံ့သြနေကြသောလူအုပ်ကြီးရှေ့တွင် စိတ်နှလုံးတည်ငြိမ်လွတ်လပ်စွာနှင့် ပျော်ရွှင်စွာဖြင့်မတ်တတ်ရပ်ခဲ့ပါသည်။ ထိုနတ်ဆိုးသည်ပင်လျှင် ကယ်တင်ရှင်၏ဘုရားတန်ခိုးတော်ကိုသက်သေခံခဲ့ပါသည်။

ထိုသူသည် မိမိရရှိခဲ့သောလွတ်မြောက်ခြင်းအတွက် ထာဝရဘုရားကိုချီးမွမ်းထောမနာပြုခဲ့ပါသည်။ ယခင်ကစိတ်မနှံ့သောကြောင့် ရန်မူလိုသည့်သဘောနှင့် မီးတောက်နေသောမျက်လုံးများသည် ယခုအချိန်တွင် အသိဉာဏ်နှင့်ပြည့်ဝစွာဖြင့် ပြုံးရယ်နေပြီး ဝမ်းသာမျက်ရည်များကျလျက်ရှိပါသည်။ လူအများသည် အံ့သြမှုကြောင့် စကားမပြောနိုင်ဘဲရှိနေကြပါသည်။ သူတို့သည် သတိပြန်ဝင်လာသည်နှင့်တစ်ပြိုင်နက် "ဤအမှုသည် အဘယ်သို့နည်း၊ ဤဆုံးမခြင်းအသစ်သည် အဘယ်သို့နည်း၊ ညစ်ညူးသောနတ်တို့ကိုပင် အာဏာနှင့်မှာထား၍ သူတို့သည် နားထောင်ကြသည်တကား" ဟုအချင်းချင်းမေးမြန်းပြောဆိုကြ၏။ မာကု ၁း၂၇။

ဤသူက ၎င်း၏မိတ်ဆွေများအတွက် ကြောက်စရာမြင်ကွင်းဖြစ်စေ၍ ၎င်းကိုယ်တိုင်အတွက်လည်း ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်စေခဲ့သောဒုက္ခဝေဒနာ၏လျှို့ဝှက်ချက်မှာ သူ၏အသက်တာ၌ပင်ရှိခဲ့ပါသည်။ သူသည်



အပြစ်၌ပျော်မွေ့ခြင်းအားဖြင့် ဖမ်းစားခြင်းခံခဲ့ပြီး အသက်တာကိုအကြီးအကျယ်ပျော်ပါးမြူးထူးသည့် ဘဝတစ်ခုဖြစ်စေဖို့မျှော်မှန်းခဲ့ပါသည်။ မိမိသည် လူအများကြောက်ရွံ့စေမည့်သူတစ်ဦးဖြစ်လာပြီး မိမိ မိသားစုများ၏အပြစ်တင်ရှုတ်ချခြင်းကိုခံရမည့်သူဖြစ်လာမည်ဖြစ်ကြောင်းကို သူမစဉ်းစားမိခဲ့ဖူးချေ။ မိမိ၏အသက်တာကိုအပြစ်ကင်းသောလူ့အလူနဲ့ တစ်ဦးအဖြစ်ဖြင့် ကုန်ဆုံးနိုင်လိမ့်မည်ဟု သူထင်မြင်မိခဲ့ပါသည်။ သို့ရာတွင် တစ်ချိန်၌အဆင်းလမ်းတစ်ခုတွင် သူ၏ခြေထောက်နှစ်ချောင်းသည် လျင်မြန်စွာသက်ဆင်းခဲ့ကြပါသည်။ သူ၏အခြေအနေသည် လျင်မြန်စွာဆုတ်လျော့ခဲ့ပါသည်။ ချုပ်တည်းမှုမရှိခြင်းနှင့် ပေါ့ပေါ့တန်တန်နေထိုင်ခြင်းများသည် ၎င်း၏မြင့်မြတ်သောကြန်အင်လက္ခဏာများကိုပြောင်းလဲစေခဲ့ပြီး စာတန်သည် ၎င်းအားလုံးလုံးလျားလျားစိုးမိုးအုပ်ချုပ်လိုက်ပါတော့သည်။

နောင်တသံဝေဂသည် အလွန်နောက်ကျခဲ့ပေပြီ။ မိမိဆုံးရှုံးခဲ့သောယောကျ်ားပီသမှုကိုပြန်လည်ရရှိရန်အတွက် ချမ်းသာကြွယ်ဝမှုနှင့် အပျော်အပါးလိုက်စားခြင်းများကို စွန့်လွှတ်သောအချိန်တွင် သူသည် စာတန်၏လက်တွင်အကူအညီမဲ့ဘဝသို့ရောက်ရှိနေပြီဖြစ်ပါသည်။ ၎င်းသည် မိမိကိုယ်ကို ရန်သူ့လက်ထဲသို့ပေးအပ်ထားပြီးဖြစ်သောကြောင့် စာတန်သည် ၎င်း၏စွမ်းပကားအားလုံးကို အပိုင်သိမ်းယူခဲ့ပါသည်။ ထိုဖြားယောင်းသူသည် ၎င်းအားများစွာသောနှစ်သက်ဖွယ်တင်ဆက်မှုများဖြင့် ဖြားယောင်းခဲ့သော်လည်း ဆင်းရဲဒုက္ခရောက်သောသူသည် တစ်ကြိမ်သာ ၎င်း၏လက်အောက်သို့ရောက်ခဲ့လျှင် ထိုမကောင်းဆိုးရွားကြီးသည် အညှာအတာကင်းမဲ့စွာဖြင့် ရက်စက်ကြမ်းကြုတ်လာပြီး ၎င်း၏ဒေါသတကြီးဒဏ်ခတ်မှုသည် ကြောက်လန့်ဖွယ်ကောင်းလှပါသည်။ ဒုစရိုက်ပြုခြင်းကိုလိုက်လျောအညံ့ခံသောသူအားလုံးသည် ထိုနည်းအတိုင်းဒုက္ခရောက်ကြပါလိမ့်မည်။ ၎င်းတို့၏အဦးပိုင်းကံကြမ္မာ၏စွဲမက်ဖွယ်သောပျော်ရွှင်မှုများသည် စိတ်အားငယ်ခြင်း၏အမှောင်ထု (သို့မဟုတ်) ပျက်စီးဆုံးရှုံးသွားသောအသက်ဝိညာဉ်များ၏ရှုးသွပ်ခြင်းတွင် ခရီးဆုံးလိမ့်မည်ဖြစ်ပါသည်။

ခရစ်တော်ကိုတောတွင်စုံစမ်းခဲ့ပြီးနောက် ကပေရနောင်မှ ထိုလူကို ဝင်၍ပူးခဲ့သည့်ထိုနတ်ဆိုးဝိညာဉ်သည် မယုံကြည်သောထိုယုဒများကိုလည်း ထိန်းချုပ်လျက်ရှိပါသည်။ သို့သော် ယေရှုခရစ်အားငြင်းပယ်ခြင်း၌ ၎င်းတို့၏ စိတ်နေသဘောထားနှင့်စပ်လျဉ်း၍ လိမ်ညာရန်ကြိုးစားလျက် စာတန်သည် သူတို့၌ဘုရားတရားရှိခြင်းအတွက် ကြွားဝါခြင်းလက်နက်ကိုအသုံးပြုခဲ့ပါသည်။ ၎င်းတို့၏အခြေအနေသည် နတ်ဆိုးစွဲသောသူထက် ပို၍မျှော်လင့်ချက်မဲ့ခဲ့ပါသည်။ အကြောင်းမူကား သူတို့သည် ခရစ်တော်ကိုမလိုအပ်ဟု ထင်နေကြပြီး စာတန်၏တန်ခိုးအောက်တွင် ခိုင်မြဲစွာစွဲကိုင်ခဲ့ကြပါသည်။

လူများအလယ်တွင် ခရစ်တော်ကိုယ်တိုင်တရားဟောနေသော အချိန်သည် အမှောင်နိုင်ငံမှအင်အားစုများအတွက်အကြီးအကျယ်လှုပ်ရှားစေသည့်အချိန်ဖြစ်ခဲ့ပါသည်။ စာတန်နှင့်သူ၏ဆိုးယုတ်သောကောင်းကင်တမန်များသည် လူသားများ၏အသက်ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုထိန်းချုပ်ရန် ထိုလူသားများအပြစ်ကျူးလွန်ရန်နှင့် ရောဂါဘယတို့ကိုခံစားကြစေရန် ခေတ်အဆက်ဆက်ကြိုးစားခဲ့ကြပါသည်။ ထိုနောက်မှ ဤမကောင်းမှုများအားလုံးကို ထာဝရဘုရားအပေါ်သို့ပုံချခဲ့ပါသည်။ ခရစ်တော်သည် လူများအား ဘုရားသခင်၏စာရိတ္တတော်ကိုထုတ်ဖော်ပြသတော်မူခဲ့ပါသည်။ ကိုယ်တော်သည် စာတန်၏တန်ခိုးအာဏာများကိုချိုးဖျက်တော်မူ၍ ၎င်း၏ ဖိစီးနှိပ်စက်မှုကိုခံနေရသူများအား လွတ်ခြင်းအခွင့်ကိုပေးတော်မူပါသည်။ ကောင်းကင်မှသက်ဆင်းတော်မူသည့်အသစ်သောအသက်တာ၊ ချစ်ခြင်းမေတ္တာနှင့်တန်ခိုးအစွမ်းများသည် လူသားများ၏စိတ်နှလုံးတွင်လှုပ်ရှားလျက်ရှိပြီး ဒုစရိုက်၏ဘုရင်တည်းဟူသော စာတန်အား ၎င်း၏တိုင်းနိုင်ငံ၏ အချုပ်အခြာအာဏာကိုဆက်လက်ရယူဖို့ အကြီးအကျယ်ရုန်းကန်ရန် လှုံ့ဆော်ခဲ့ပါသည်။ စာတန်သည် မိမိ၏အင်အားစုအားလုံးကိုဆင့်ခေါ်၍ ခရစ်တော်၏အမှုတော်လုပ်ဆောင်မှုတိုင်းအား ဆန့်ကျင်တိုက်ခိုက်ခဲ့ပါသည်။

အမှန်နှင့်အမှားအကြား ငြင်းခုံနေသည့် နောက်ဆုံးသော တိုက်လှန်ပွဲကြီးတွင် ထိုနည်းအတူဖြစ်ပါလိမ့်မည်။ အသစ်သောအသက်တာ၊ အသစ်သောအလင်းနှင့် တန်ခိုးအစွမ်းများသည် ခရစ်တော်၏တမန်တော်





များအပေါ်သို့ အထက်အရပ်မှသက်ရောက်နေစဉ် အသစ်သောအသက်တာ တစ်ခုသည် အောက်မှထွက်ပေါ်လာပြီး စာတန်၏ကိုယ်စားလှယ်များအား လှုံ့ဆော်လျက်ရှိပါသည်။ လောကီအရာများအားလုံးကို သိမ်းပိုက်ရန်အတွက် စိတ်ဓာတ်ပြင်းထန်နေကြပါသည်။ တိုက်လှန်ပွဲ၏ရာစုနှစ်များတစ်လျှောက် တွင်ရရှိခဲ့သည့် ထိုးထွင်းသိမြင်မှုများကိုအသုံးပြု၍ စာတန်သည် ရုပ်ဖျက်လျက်လုပ်ဆောင်နေပါသည်။ သူသည် အလင်း၏ကောင်းကင်တမန်တစ်ပါးကဲ့သို့ ပေါ်ထွန်းလာပြီး "လူအချို့တို့သည် ယုံကြည်ခြင်းကိုစွန့်ပယ်၍ လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့နှင့်လည်းကောင်း၊ နတ်ဘုရားတို့နှင့် စပ်ဆိုင်သောဩဝါဒတို့၌လည်းကောင်း မှီဝဲဆည်းကပ်ကြလိမ့်မည်။" ၁တိ ၄း၂။

ခရစ်တော်ပေါ်ထွန်းသောအချိန်တွင် ယုဒခေါင်းဆောင်များနှင့် ကျမ်းတတ်ဆရာများသည် စာတန်၏လုပ်ဆောင်မှုကို တွန်းလှန်ရန် မစွမ်းနိုင်ခဲ့ကြချေ။ ၎င်းအားရင်ဆိုင်တွန်းလှန်နိုင်မည့်တစ်ခုတည်းသော နည်းကို သူတို့လျစ်လျူရှုခဲ့ကြသည်။ ထိုနည်းမှာ နတ်ဆိုးကိုခရစ်တော် အောင်မြင်ခဲ့သည့် ထာဝရဘုရား၏နှုတ်ကပတ်တော်ကိုအသုံးပြုသည့် နည်းပင်ဖြစ်ပါသည်။ ယုဒခေါင်းဆောင်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရှင်းလင်းတင်ပြသူများဖြစ်ကြောင်း ပြောဆိုနေကြသော်လည်း သူတို့သည် မိမိတို့၏ရိုးရာများကိုအကူအညီပြုရန်အတွက်သာ နှုတ်ကပတ်တော်ကိုလေ့လာခဲ့ကြပြီး ၎င်းတို့တီထွင်ထားသောအရာများတို့ကို လိုက်နာစောင့်ထိန်းရန် အတင်းအကျပ်တိုက်တွန်းခဲ့ကြပါသည်။ သူတို့သည် ကျမ်းစာကို မိမိတို့သဘောအတိုင်းအနက်ဖွင့်ကြခြင်းအားဖြင့် ဘုရားသခင် ပေးတော်မမူဖူးခဲ့သောခံစားချက်များကို ထိုနှုတ်ကပတ်တော်အား ဖော်ပြစေခဲ့ကြပါသည်။ ၎င်းတို့၏နားလည်ရန်ခက်လှသောအဓိပ္ပါယ်ကောက်ယူခြင်းများသည် ကိုယ်တော်ရှင်ရှင်းလင်းပြသခဲ့သောအရာများကို မထင်မရှားဖြစ်စေခဲ့ပါသည်။ သူတို့သည် အရေးမကြီးသောသီးခြားအဓိပ္ပါယ်ရှိသည့်အရာများအပေါ်တွင် ငြင်းခုံခဲ့ကြပြီး အလွန့်အလွန်အရေးပါသော သမ္မာတရားကို လက်တွေ့ကျကျငြင်းပယ်ခဲ့ကြပါသည်။ ဤနည်းအားဖြင့်

သစ္စာမဲ့မှုများကို ပျံ့နှံ့စွာကြဲဖြန့်စိုက်ပျိုးခဲ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှတန်ခိုးတော်ကိုလုယူခဲ့ပြီး မကောင်းသောနတ်ဆိုးများသည် မိမိတို့၏အလိုဆန္ဒများကို အကောင်အထည်ဖော်ခဲ့ကြပါသည်။

သမိုင်းကထပ်ခါတလဲလဲစကားပြောနေပါသည်။ သမ္မာကျမ်းစာကို မိမိရှေ့တွင်ဖွင့်ထားပြီး ကျမ်းစာ၏သွန်သင်ချက်များကို ရိုသေကိုင်းရှိုင်းကြောင်းဝန်ခံလျက် များစွာသောယခုခေတ်ဘာသာရေးခေါင်းဆောင်များသည် သမ္မာကျမ်းစာကို ဘုရားသခင်၏နှုတ်ကပတ်တော်အနေဖြင့် လက်ခံယုံကြည်မှုများကိုဖျက်ဆီးနေကြပါသည်။ သူတို့သည် သမ္မာကျမ်းစာကို ပိုင်းခြားစိတ်ဖြာနေခြင်းအားဖြင့် အလုပ်များနေကြပြီး ကျမ်းစာ၏ရိုးရိုးရှင်းရှင်းတင်ပြချက်များအပေါ်တွင် ၎င်းတို့၏ကိုယ်ပိုင်ထင်မြင်ချက်များကို ထပ်ဆင့်ဖော်ပြနေပါသည်။ ၎င်းတို့၏လက်ထဲတွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်း၏အသစ်ပြုပြင်ခြင်းတန်ခိုးကိုပျောက်ဆုံးနေပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သစ္စာမဲ့မှုကို တံခါးမရှိဓါးမရှိပြုမူခဲ့သောကြောင့်ဖြစ်ပါသည်။ ထိုကြောင့်မတရားမှုများသည် အလျှံပယ်ပွားများလာပါသည်။

စာတန်သည် ကျမ်းစာအပေါ်ယုံကြည်မှုကို ပျက်ပြားစေပြီးသောအချိန်တွင် လူများအား အလင်းတရားနှင့်တန်ခိုးကိုရနိုင်မည့်အခြားနေရာများကို ညွှန်ပြနေပါသည်။ ဤသို့နည်းအားဖြင့် သူသည် မိမိကိုယ်ကို မသိမသာအယုံသွင်းနေပါသည်။ ကျမ်းစာ၏သွန်သင်ချက်များနှင့် အပြစ်ကို ထင်ရှားစေသည့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ကို ကျော်ခိုင်းသောသူအပေါင်းတို့သည် နတ်ဆိုးများ၏စိုးမိုးမှုကိုဖိတ်ခေါ်နေခြင်းဖြစ်ပါသည်။ ကျမ်းစာနှင့်ပတ်သက်သောဝေဖန်မှုများနှင့်ဆင်ခြင်သုံးသပ်မှုများသည် သခင်ယေရှုခရစ်၏အသင်းတော်တွင်ပင် ခြေကုပ်ရရန် ရှေးခေတ်ရုပ်တုကိုးကွယ်ခြင်းဘာသာကိုခေတ်မီအောင်ပြုပြင်ထားသည့် နတ်မိစ္ဆာအယူဝါဒနှင့်စိတ်၏ကျင့်စဉ်နှင့် ဘုရားသခင်ကိုထိုးထွင်းသိမြင်နိုင်သည်ဟူသောအချက်ကိုအခြေပြုသည့်အယူဝါဒများကို လမ်းဖွင့်ပေးခဲ့ကြပါသည်။

လိမ်ညာသောဝိညာဉ်များ၏နတ်ဝင်သည်များသာဖြစ်သောစာတန်၏ကိုယ်စားလှယ်များသည် ဧဝံဂေလိတရားဟောကြားခြင်းနှင့်



ရင်ဘောင်တန်း၍လုပ်ဆောင်လျက်ရှိကြပါသည်။ များစွာသောလူတို့သည် ထိုကိုယ်စားလှယ်များနှင့်ဆော့ကစားမိရုံကလေးနှင့် သာမန်လူသားများထက်ပိုမိုကြီးမားသောတန်ခိုးပြမှုများကိုမြင်တွေ့ကာ မိမိထက်တန်ခိုးခွန်အားကြီးသောအလိုဆန္ဒတစ်ခု၏စိုးမိုးမှုကိုခံရသည့်တိုင်အောင် သွေးဆောင်ဖြားယောင်းမှုကိုဆက်တိုက်ခံကြရပါသည်။ ထိုသူသည် နက်နဲသိမ်မွေ့သောထိုတန်ခိုးမှလွတ်မြောက်ခြင်းငှာမစွမ်းနိုင်ချေ။

အသက်ဝိညာဉ်များ၏အကာအကွယ်များသည် ပျက်ယွင်းကုန်ပေပြီ။ သူ့တွင်အပြစ်ကိုမကျူးလွန်စေမည့် မည်သည့်အဟန့်အတားမျှမရှိတော့ချေ။ ဘုရားသခင့်နှုတ်ကပတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏တားမြစ်ဟန့်တားမှုများကို တစ်ကြိမ်ငြင်းပယ်လိုက်သောအချိန်တွင် ထိုသူသည် မည်သည့်အခြေအနေအထိ ယုတ်ညံ့သိမ်ဖျင်းမှုတွင် နစ်မြုပ်သွားနိုင်သည်ကို မည်သူမျှမသိနိုင်ချေ။ လျှို့ဝှက်သောအပြစ်များနှင့်ကာမဂုဏ်လိုက်စားမှုများသည် ကပေရနောင်မြို့မှ နတ်ဆိုးစွဲနေသောသူကဲ့သို့ အကူအညီမဲ့သောစာတန်၏သားကောင်အဖြစ် ၎င်းအားချုပ်ကိုင်နိုင်ပါသည်။ သို့စေကာမူ ၎င်း၏အခြေအနေသည် အကူအညီမဲ့မဟုတ်သေးချေ။

နတ်ဆိုးကို ကျွန်ုပ်တို့အောင်မြင်ကျော်လွှားနိုင်သောနည်းမှာ ခရစ်တော်အောင်မြင်ခဲ့သည့်နည်းဖြစ်သော နှုတ်ကပတ်တော်၏တန်ခိုးပင်ဖြစ်ပါသည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့၏အလိုဆန္ဒများကို ကျွန်ုပ်တို့သဘောမတူဘဲထိန်းချုပ်တော်မမူချေ။ သို့သော်ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုတော်ကိုသိချင်သောစိတ်၊ လိုက်လျှောက်လိုသောစိတ်ရှိကြပါလျှင် "သမ္မာတရားကိုသိကြသဖြင့် ထိုသမ္မာတရားသည် သင်တို့ကိုလွှတ်လိမ့်မည်" ဟူသောကတိနှင့် "ထိုသူ၏အလိုတော်သို့လိုက်ချင်သောသူမည်သည်ကားထိုဒေသနာတော်ကို---ပိုင်းခြား၍သိလိမ့်မည်" ဟူသောကတိများသည် ကျွန်ုပ်တို့အတွက်ဖြစ်ပေလိမ့်မည်။ ယောဟန် ၈း၃၂။ ၇း၁၇။ လူတိုင်းလူတိုင်းသည် ဤကတိတော်များကိုယုံကြည်ခြင်းအားဖြင့် မှားယွင်းခြင်း၏ကျော့ကွင်းနှင့် အပြစ်တရား၏အနှောင်အဖွဲ့မှလွတ်မြောက်နိုင်ကြပါသည်။

လူတိုင်းသည် မိမိအားစိုးမိုးစေသည့် မည်သည့်တန်ခိုးအာဏာကို မဆို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိပါသည်။ မည်သူမျှခရစ်တော်ထံတွင် ကယ်လွှတ်ခြင်းကိုမတွေ့နိုင်လောက်အောင် မကျဆုံးကြသေးပါ။ မဆိုးယုတ်ကြသေးပါ။ နတ်ဆိုးစွဲသောသူသည် ဆုတောင်းရမည့်အစား စာတန်၏ စကားများကိုသာ နှုတ်မှဖွင့်ဟနိုင်ခဲ့သော်လည်း စိတ်နှလုံးမှမဖွင့်ဟနိုင်ခဲ့သည့်တောင်းခံသံကို ဘုရားသခင်ကြားတော်မူခဲ့ပါသည်။ နှုတ်ထွက်စကားလုံးများအားဖြင့် မပြောစေကာမူ ဆင်းရဲဒုက္ခရောက်နေသူများ၏ မည်သည့်နှလုံးသားတွင်းမှအော်ဟစ်သံကိုမျှ ဂရုမပြုဘဲနေတော်မမူချေ။ ကောင်းကင်နိုင်ငံတော်မှ ထာဝရဘုရားသခင်နှင့် ပဋိညာဉ်ပြုဆက်သွယ်ခြင်းတွင် ဝင်စားရန် သဘောတူမည့်သူများကို စာတန်၏တန်ခိုးတွင်သော်လည်းကောင်း၊ ၎င်းတို့၏ပင်ကိုသဘာဝ၏ချို့ယွင်းမှုများတွင်သော်လည်းကောင်း ပစ်ထားခဲ့မည်မဟုတ်ချေ။ "ငါ၏အစွမ်းသတ္တိကိုကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ၊ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ" ဟုကယ်တင်ရှင်သည် ထိုသူများအားဖိတ်ခေါ်နေပါသည်။ ဟေရှာယ ၂၇း၅။ တစ်ချိန်က ၎င်းတို့၏လက်အောက်တွင်ရှိခဲ့သောအသက်ဝိညာဉ်အတွက် နတ်ဆိုးများသည် တိုက်ပွဲဝင်ကြလိမ့်မည်ဖြစ်သော်လည်း ထာဝရဘုရား၏ကောင်းကင်တမန်များသည် အားကြီးသောတန်ခိုးဖြင့် ထိုအသက်ဝိညာဉ်အတွက် ဆိုင်ပြိုင်တိုက်ခိုက်ကြပါလိမ့်မည်။ "လုယူရာဥစ္စာကို အားကြီးသောသူ၏လက်မှယူရမည်လော---ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင်စစ် အားကြီးသောသူ၊ သိမ်းသွားသောလူတို့ကိုယူရမည်။ ကြောက်မက်ဖွယ်သောသူလုယူရာဥစ္စာကို နုတ်ရလိမ့်မည်။ အကြောင်းမူကား သင်နှင့်ရန်တွေ့သောသူကို ငါသည်ရန်တွေ့၍ သင်၏သားတို့ကိုကယ်တင်မည်။" ဟေရှာ ၄၉း၂၄-၂၅။

တရားဇရပ်တွင်ရှိနေကြသောလူထုပရိသတ်သည် မှင်တက်မိနေကြစဉ်တွင် သခင်ယေရှုသည် အနည်းငယ်အနားယူရန် ပေတရု၏အိမ်ကို ထွက်ကြွသွားခဲ့ပါသည်။ သို့သော်ထိုနေရာတွင်လည်း စာတန်အရိပ်သည် ကျရောက်လျက်ရှိပါသည်။ ပေတရု၏ယောက္ခမသည် ပြင်းစွာသောဖျားနာစွဲ၍ လဲလျောင်းနေပါသည်။ ကိုယ်တော်သည် ဖျားနာခြင်းကိုဆုံးမတော်မူလျှင်



သူမသည် အဖျားပျောက်သဖြင့် ချက်ချင်းထ၍ ကိုယ်တော်နှင့်တကွ တပည့်တော်များကိုဧည့်ဝတ်ပြုလေ၏။

ထိုသတင်းသည် ကပေရနောင်မြို့တစ်မြို့လုံးသို့လျင်မြန်စွာပျံ့နှံ့သွားခဲ့ပါသည်။ ယုဒလူများသည် ကျမ်းတတ်ဆရာများကိုကြောက်နေရသဖြင့် ကုသမှုကိုခံယူရန် ဥပုသ်နေ့တွင်မလာဝံ့သော်လည်း နေဝင်သွားသည်နှင့်တစ်ပြိုင်နက် အကြီးအကျယ်လှုပ်ရှားမှုတစ်ခုဖြစ်ပေါ်လာခဲ့ပါသည်။ ထိုမြို့ထဲတွင်ရှိသောအိမ်များ၊ ဆိုင်များ၊ ဈေးတန်းများမှလူများသည် ခရစ်တော်ရှိတော်မူသည့်နုံချာလှသောအိမ်ကလေးဆီသို့ချဉ်းကပ်လာခဲ့ကြပါသည်။ လူနာများသည် ထမ်းစင်များအားဖြင့်လည်းကောင်း၊ တုတ်များထောက်၍လည်းကောင်း၊ မိတ်ဆွေများ၏တွဲခေါ်ပေးခြင်းအားဖြင့်လည်းကောင်း ခရစ်တော်၏ရှေ့မှောက်သို့ နုန့်နဲ့စွာဖြင့်လျှောက်လှမ်းလာခဲ့ကြပါသည်။

နောက်တစ်နေ့တွင် ကိုယ်တော်ရှင်သည် ၎င်းတို့နှင့်အတူရှိမည်မရှိမည်ကို မည်သူမျှအသေအချာမသိသောကြောင့် လူများသည် တစ်နာရီပြီးတစ်နာရီရောက်ရှိလာခဲ့ကြပါသည်။ ထိုနေ့မှာတွေ့မြင်ခဲ့ရသောအခြေအနေမျိုးကို မည်သည့်အခါကမှ ကပေရနောင်မြို့တွင်မတွေ့မြင်ခဲ့ဖူးချေ။ အောင်မြင်မှုအတွက်ကြွေးကြော်သံများနှင့် လွတ်မြောက်မှုအတွက် အော်ဟစ်သံများဖြင့်ဆူညံနေပါသည်။ ကယ်တင်ရှင်သည် မိမိနှိုးဆွတော်မူခဲ့သောပျော်ရွှင်မှုများကိုမြင်တွေ့ရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါသည်။ မိမိထံသို့ရောက်ရှိလာသောဒုက္ခသည်များကိုတွေ့ရသောအခါ စိတ်နှလုံးတော်တွင် သနားကြင်နာမှုကိုခံစားခဲ့ရပြီး ထိုသူများအား ပြန်လည်၍ကျန်းမာပျော်ရွှင်စေနိုင်ခဲ့သဖြင့် ဝမ်းမြောက်မှုကို ကိုယ်တော်ခံစားတော်မူခဲ့ရပါသည်။

ကိုယ်တော်သည် နောက်ဆုံးသောဒုက္ခသည်ကို သက်သာပျောက်ကင်းခွင့်ပြုမပြီးမချင်း မိမိ၏လုပ်ဆောင်မှုကို ရပ်တန့်တော်မမူခဲ့ချေ။ လူအုပ်ကြီးသည် ထိုအိမ်မှထွက်ခွာသွားကြသောအခါ အတော်ညဉ့်နက်နေပြီဖြစ်ပြီး တစ်အိမ်လုံးတွင်ငြိမ်သက်လျက်ရှိပါသည်။ လှုပ်လှုပ်ရှားရှား

ရှိသောနေ့အချိန်သည် ကျော်လွန်ခဲ့ပြီးဖြစ်သဖြင့် ကိုယ်တော်သည် အနားယူတော်မူခဲ့ပါသည်။ သို့သော်တစ်မြို့လုံးအိပ်မောကျနေစဉ်တွင် "နံနက်အချိန်မိုးမလင်းမီ ကိုယ်တော်သည်ထပြီးလျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏။" မာကု ၁း၃၅။

ဤကဲ့သို့နည်းအားဖြင့် ခရစ်တော်၏လောကအသက်တာနေ့ရက်များကိုကုန်လွန်စေခဲ့ပါသည်။ ကိုယ်တော်သည် တမန်တော်များအား ၎င်းတို့၏အိမ်များသို့သွားရောက်လည်ပတ်နားနေရန် မကြာခဏသွားခွင့်ပြုတော်မူခဲ့သော်လည်း မိမိအလုပ်ကိုထားပစ်ခဲ့ရန်ကိုမူ သိမ်မွေ့စွာဖြင့်ဆီးတားတော်မူပါသည်။ မသိနားမလည်သူများအားသွန်သင်ခြင်းဖြင့်သော်လည်းကောင်း၊ နာမကျန်းသူများအားကုသခြင်းအားဖြင့်သော်လည်းကောင်း၊ မျက်မမြင်များအား စက္ခုအလင်းပြန်လည်ပေးသနားခြင်းအားဖြင့်သော်လည်းကောင်း၊ လူထုကြီးအားကျွေးမွေးခြင်းအားဖြင့်သော်လည်းကောင်း၊ ကိုယ်တော်သည် တစ်နေ့လုံးအလုပ်များခဲ့ပြီး ခမည်းတော်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရန်အတွက်မူ ညနေတွင်သော်လည်းကောင်း၊ သို့မဟုတ်နံနက်စောစောတွင်သော်လည်းကောင်း တောင်ပေါ်ရှိဗိမာန်တော်သို့ထွက်ခွာတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဆုတောင်းခြင်းနှင့် ဘုရားအာရုံပြုခြင်းများကိုလုပ်ဆောင်ရင်း မကြာခဏတစ်ညလုံးအချိန်ကုန်စေခဲ့ပြီး နံနက်မိုးသောက်သောအခါ လူများအလယ်တွင်အမှုတော်ဆောင်ရန်ပြန်လည်ရောက်ရှိလာခဲ့ပါသည်။

နံနက်ဝေလီဝေလင်းအချိန်တွင် ပေတရုနှင့် ၎င်း၏အပေါင်းအဖော်များသည် သခင်ယေရှုထံသို့ရောက်ရှိလာကြပြီး ကပေရနောင်မြို့မှလူအများသည် ကိုယ်တော်အားရှာနေကြပြီဖြစ်ကြောင်းပြောကြားကြပါသည်။ ယခုအချိန်အထိ ခရစ်တော်ရရှိတော်မူခဲ့သောလက်ခံကြိုဆိုခြင်းများအတွက် တမန်တော်များအကြီးအကျယ်စိတ်ပျက်ခဲ့ကြပါသည်။ ယေရုရှလင်မြို့မှအာဏာပိုင်များသည် ကိုယ်တော်အားလုပ်ကြံရန် ကြိုးစားလျက်ရှိခဲ့ကြသည်။ ကိုယ်တော်၏နာဇရက်မြို့သားများကပင် ကိုယ်တော်အားလုပ်ကြံရန်ကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် ကပေရနောင်မြို့တွင်မူ ကိုယ်တော်အား



လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည့်အတွက် တမန်တော်များ၏မျှော်လင့်ချက်များသည် အသစ်တစ်ဖန်ရောင်နီပေါ်ထွန်းလာခဲ့ပြန်ပါသည်။ လွတ်ခြင်းအခွင့်ကိုမြတ်နိုးကြသည့် ဂါလိလဲပြည်သားများထဲတွင် နိုင်ငံတော်သစ်ကိုထောက်ခံမည့်သူများတွေ့ရှိနိုင်ကောင်းတွေ့ရှိနိုင်ပါသည်။ သို့သော် "ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို အခြားသောမြို့ရွာတို့၌ ငါဟောပြောရမည်။ ထိုသို့အလို့ငှါ ငါ့ကိုစေလွှတ်လျက်ရှိသည်" ဟူသော ကိုယ်တော်၏စကားသံကို အံ့အားသင့်စွာဖြင့် သူတို့ကြားခဲ့ရပါသည်။

ကပေရနောင်မြို့ထဲသို့ပျံ့နှံ့စွာဖြစ်ပေါ်စေခဲ့သော စိတ်လှုပ်ရှားမှုများတို့ကြောင့် ခရစ်တော်၏ရည်ရွယ်ချက်ကို မျက်ခြည်ပြတ်သွားမည့်အန္တရာယ်ရှိနေပါသည်။ မိမိအားအံ့ဩဖွယ်လုပ်ဆောင်နိုင်သူတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ ကိုယ်ခန္ဓာရောဂါများကိုကုစားသောဆရာဝန်တစ်ဦးအနေဖြင့်လည်းကောင်း စိတ်ဝင်စားပြီး အာရုံပြုလာခြင်းကို ခရစ်တော်လိုလားတော်မမူဘဲ ကိုယ်တော်သည် ၎င်းတို့၏ကယ်တင်ရှင်အနေနှင့် လူများကို မိမိထံသို့ဆွဲယူရန် ကြိုးစားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လောကီနိုင်ငံတစ်ခုကိုတည်ထောင်ရန် ဘုရင်တစ်ပါးအနေနှင့်ကြွလာပြီဟုယုံကြည်ရန် လူအများစိတ်အားထက်သန်နေကြစဉ်တွင် ၎င်းတို့၏စိတ်နေသဘောထားကို လောကီရေးမှဝိညာဉ်ရေးသို့ပြောင်းလဲပေးရန် ကိုယ်တော်အလိုရှိတော်မူခဲ့ပါသည်။ လောကအောင်မြင်မှုသက်သက်သည် ကိုယ်တော့်အမှုတော်ကို နှောင့်ယှက်တားဆီးလိမ့်မည်ဖြစ်ပါသည်။

သတိလက်လွတ်ဖြစ်နေသော လူအုပ်ကြီး၏အံ့ဩမှုသည် ကိုယ်တော်ရှင်၏ဝိညာဉ်ကိုအခံရခက်စေခဲ့ပါသည်။ ကိုယ်တော်ရှင်၏အသက်တာတွင် ကိုယ်ကျိုးရှာမှုကင်းရှင်းခဲ့ပါသည်။ ရာထူး (သို့မဟုတ်) ချမ်းသာကြွယ်ဝခြင်း (သို့မဟုတ်) အသိဉာဏ်ရှိခြင်းများအပေါ် လောကသားများကလုပ်လေ့လုပ်ထရှိသောဂါရဝပြုခြင်းမျိုးသည် ဘုရားသခင်၏သားတော်နှင့်အဆက်အစပ်မရှိခဲ့ချေ။ လူရိုသေရှင်ရိုသေရှိစေရန် လူအများအသုံးပြုခဲ့သောမည်သည့်နည်းကိုမျှ ခရစ်တော်အသုံးမပြုခဲ့ချေ။ ကိုယ်တော်ရှင်မမွေးဖွားမီ နှစ်ပေါင်းများစွာကတည်းက ကိုယ်တော်

အကြောင်းကို အနာဂတ္တိပြုထားခဲ့သည်မှာ "အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကိုမပြုမူ၍ လမ်းခရီး၌ သူ၏အသံကိုအဘယ်သူမျှမကြားစေရ။ နင်းနယ်လျက်ရှိသောကျူပင်ကိုမချိုး၊ အတောက်သေးသောမီးစာကိုမသတ်၊ တရားသည်မြဲမြဲခြင်းသို့ရောက်မည်အကြောင်း စီရင်လိမ့်မည်။ မြေကြီးပေါ်မှာ တရားတော်ကိုမတည်စေမီတွင်အားမလျော့၊ စိတ်လည်းမပျက်ရ၊ သူ၏တရားကိုလည်း တစ်ကျွန်းတစ်နိုင်ငံသားတို့သည် မြော်လင့်ကြလိမ့်မည်။" ဟေရှာယ ၄၂း၂-၄။

ဖာရိရှဲများသည် ၎င်းတို့၏ဂုဏ်သရေခံသောအခမ်းအနားကျင်းပရေးကို ဦးစားပေးသည့်အယူဝါဒအားဖြင့်လည်းကောင်း၊ သူတို့၏ကိုးကွယ်မှုများနှင့်အလှူအတန်းများကို လူမြင်သာအောင်လုပ်ဆောင်ခြင်းအားဖြင့်လည်းကောင်း အခြားသူများထက်ထင်ရှားပေါ်လွင်အောင် ကြိုးစားခဲ့ကြပါသည်။ ဘာသာရေးကိစ္စများကိုဆွေးနွေးခြင်းများအားဖြင့် ၎င်းတို့၏ဘာသာရေးစိတ်အားထက်သန်မှုကို သက်သေပြခဲ့ကြပါသည်။ ဘာသာရေးအဖွဲ့အစည်းများအကြားတွင် ကျယ်လောင်ရှည်လျားသောငြင်းခုံမှုများရှိခဲ့သည့်အပြင် လမ်းများပေါ်တွင် ပညာတတ်၊ ဥပဒေပါရဂူကြီးများ၏ငြင်းခုံသံများကို ကြားရိုးကြားစဉ်တစ်ခုကဲ့သို့ကြားနေရပါသည်။

၎င်းတို့နှင့်ထူးထူးခြားခြားလုံးဝကွာခြားသောအရာမှာ ခရစ်တော်၏သက်တော်စဉ်ဖြစ်ပါသည်။ ကိုယ်တော်၏အသက်တာတွင် မည်သည့်ဆူဆူညံညံငြင်းခုံသံများကိုလည်းကောင်း၊ သူတစ်ပါးမြင်သာအောင် ဟန်ပြဝတ်ပြုကိုးကွယ်ခြင်းများကိုလည်းကောင်း၊ သူတစ်ပါး၏ချီးမွမ်းမှုကိုရရှိရန်ပြုမူသည့်အပြုအမူများကိုလည်းကောင်း တစ်ခါမျှမတွေ့ခဲ့ရချေ။ ခရစ်တော်သည် ထာဝရဘုရား၌ကွယ်ဝှက်ထားခြင်းခံရ၍ ထာဝရဘုရားကို သားတော်ဘုရား၏စာရိတ္တတော်၌ဖော်ပြခြင်းခံခဲ့ရပါသည်။ ခရစ်တော်သည် မိမိဖော်ပြတော်မူသောဘုရားသခင်ထံသို့ လူသားများ၏စိတ်နှလုံးကိုညွှန်ပြကာ ထိုဘုရားကိုသာ ၎င်းတို့ကိုးကွယ်မှုပြုကြရန် အလိုတော်ရှိခဲ့ပါသည်။

တရားတော်နေမင်းကြီးသည် ၎င်းတို့၏အာရုံခံစားမှုများကို မိမိဘုန်းတော်အားဖြင့်ထွန်းတောက်စေရန်အလို၄ါ ကမ္ဘာလောကအပေါ်သို့



ခမ်းနားကြီးကျယ်စွာမထွန်းတောက်ခဲ့ရချေ။ ခရစ်တော်နှင့်ပတ်သက်၍ရေးသားထားချက်မှာ "ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်" ဟူသတည်း။ ဟောရှေ ၆း၃။ မှောင်မိုက်၏အရိပ်များကိုကွယ်ပျောက်စေလျက်၊ ကမ္ဘာလောကအား အသက်ရှင်ခြင်းသို့နိုးထစေလျက် နေ၏အလင်းသည် ကမ္ဘာလောကပေါ်သို့ငြိမ်သက်သာယာစွာဖြာထွက်ကျရောက်ပါသည်။ ထိုနည်းအတူ "တရားတော်နေမင်းသည် အနာပျောက်စေသော အတောင်တို့နှင့်ပေါ်ထွန်းတော်မူမည်။" မာလခိ ၄း၂။

-o-

## (၂၇)
## သခင်သည်ကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူသည်

ရှင်မဿဲ ၈း၂-၄။ ၉း၁-၈၊၃၂-၃၄။ ရှင်မာကု ၁း၄၀-၄၅။ ၂း၁-၁၂။
ရှင်လုကာ ၅း၁၂-၂၈ ကိုအခြေပြုသည်

အရှေ့တိုင်း၌ လူသိများသည့်ရောဂါများထဲတွင် အနာကြီးရောဂါသည် ကြောက်စရာအကောင်းဆုံးဖြစ်ပါသည်။ ထိုရောဂါ၏ပျောက်ကင်းအောင် ကုသ၍မရနိုင်သည့်ထူးခြားချက်နှင့် ကူးစက်တတ်သည့်လက္ခဏာအပြင်၊ ကူးစက်ခံရသူအပေါ် ကျရောက်သည့် ကြောက်မက်ဖွယ်ဆိုးကျိုးများတို့သည် ရဲစွမ်းသတ္တိအရှိဆုံးသောသူကိုပင် ကြောက်ရွံ့မှုများကိုဖြစ်စေခဲ့ပါသည်။ ယုဒလူမျိုးများသည် အနာကြီးရောဂါကို အပြစ်ကြောင့်ခံရသောဒဏ်ခတ်မှုတစ်ခုအနေဖြင့် မှတ်ယူခဲ့ကြပါသည်။ ထို့ကြောင့်ထိုရောဂါကို "ရိုက်ပုတ်ခြင်း၊" "ဘုရားသခင်၏တန်ခိုး" ဟုခေါ်ဝေါ်ခဲ့ကြပါသည်။ ထိုရောဂါသည် ခိုင်ခိုင်မြဲမြဲအမြစ်စွဲတတ်သော၊ ပျောက်ကင်းအောင်ကုသရန်မဖြစ်နိုင်သော၊ သေစေနိုင်သောရောဂါတစ်ခုဖြစ်ပြီး၊ ၎င်းကိုအပြစ်၏အထိမ်းအမှတ်တစ်ခုအဖြစ် ရှုမြင်ခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သောဥပဒေသများအရ အနာကြီးရောဂါသည်ကို မသန့်ရှင်းသောသူဟူ၍ ကြေညာခဲ့ကြပါသည်။ သေနေသောလူသေကဲ့သို့သဘောထားကာ ၎င်းအား လူနေသောနေရာများမှကင်းဝေးသောနေရာများတွင် သီးသန့်နေစေခဲ့ကြပါသည်။ ထိုသူနှင့်ထိတွေ့သမျှသောအရာအားလုံးသည် မသန့်ရှင်းကြတော့ဟု မှတ်ယူကြပြီး ၎င်း၏ထွက်သက်ဝင်သက်ကြောင့်လေထုသည်ပင် ညစ်ညမ်းသွားသည်ဟုယူဆခဲ့ကြပါသည်။ ထိုရောဂါစွဲကပ်နေသည်ဟု မယုံသင်္ကာအဖြစ်ခံရသူသည် ယဇ်ပုရောဟိတ်၏ရှေ့မှောက်တွင်မိမိကိုယ်ကိုပြသရမည်။ ထိုယဇ်ပုရောဟိတ်သည် ၎င်း၏ပြဿနာကိုဆုံးဖြတ်ပေးရပါမည်။ ၎င်းအားအနာကြီးရောဂါသည်ဖြစ်ကြောင်းကြေညာလိုက်ပါလျှင် ထိုသူသည် မိသားစုများနှင့်တသီးတခြားစီနေထိုင်ရမည်ဖြစ်ပြီး



ဣသရေလလူများနှင့်လည်း အဆက်အသွယ်ဖြတ်ခြင်းကိုခံခဲ့ရကာ အလားတူအနာကြီးရောဂါသည်များနှင့်သာ ပေါင်းသင်းနေထိုင်ရန် စီရင်ခြင်းခံရပါသည်။ ပညတ်တော်သည် ဤတောင်းဆိုချက်အတွက် အလျော့အတင်းမရှိပါ။ ဘုရင်များနှင့်ယုဒလူအကြီးအကဲများပင် ဤပညတ်မှကင်းလွတ်ခွင့်မရကြပါ။ ဤရောဂါစွဲကပ်ခြင်းခံရသောသက်ဦးဆံပိုင်ဘုရင်တစ်ပါးသည်ပင်လျှင် နန်းကိုစွန့်၍ လူ့အဖွဲ့အစည်းမှတိမ်းရှောင်သွားရမည်ဖြစ်ပါသည်။

ထိုအနာကြီးရောဂါရှင်သည် မိမိ၏မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများမှ ဝေးကွာသောနေရာများတွင် မိမိရောဂါ၏ဖိစီးနှိပ်စက်မှုဒဏ်ကိုခံစားရပါသည်။ မိမိ၏အတိဒုက္ခကို အများသိစေဖို့ကြွေးကြော်ရန် ဝတ်ရုံကိုဆုတ်ဖြဲ၍ မိမိနေထိုင်သောရောဂါကူးစက်နိုင်သည့်နေရာသို့မချဉ်းကပ်ကြရန်အချက်ပေးအသံပြုဖို့ သူ့တွင်တာဝန်ရှိပါသည်။ အထီးကျန်ဘဝဖြင့်နေရန်စွန့်ပစ်ခြင်းခံရသူထံမှ ဝမ်းနည်းနေသောအသံဖြင့် "ငါမသန့်ရှင်းဘူး၊ ငါမသန့်ရှင်းဘူး" ဟူသောငိုကြွေးဟစ်အော်သံသည် ကြောက်ရွံ့စက်ဆုပ်စွာဖြင့် ကြားခဲ့ရသောသတိပေးသံတစ်ခုဖြစ်ခဲ့ပါသည်။

ခရစ်တော်အမှုတော်ဆောင်ခဲ့သောနယ်မြေဒေသတွင် ထိုကဲ့သို့သောရောဂါသည်များ များစွာရှိခဲ့ပြီး ခရစ်တော်၏အနာရောဂါကုသပေးခြင်းသတင်းသည် ၎င်းတို့ထံသို့ရောက်သွားသောအခါ မျှော်လင့်ချက်ရောင်ခြည်သန်းလာခဲ့ပါသည်။ သို့သော်လည်း ပုရောဖက်ဧလိရှဲအချိန်မှစ၍ အနာကြီးရောဂါသည်တစ်ယောက်ကိုမျှ သန့်ရှင်းစေခဲ့သည်ဟူသောသတင်းကိုမကြားခဲ့ရဖူးချေ။ ကိုယ်တော်ရှင်အနေနှင့်လည်း ထိုကဲ့သို့သောရောဂါသည်တစ်ဦးကိုမျှ ကုသတော်မမူဖူးခဲ့သည့်အတွက် ၎င်းတို့အားကိုယ်တော်ရှင်ကုသပေးရန် မမျှော်မှန်းဝံ့ကြချေ။ သို့သော် ထိုအနာကြီးရောဂါသည်များထဲမှ တစ်ယောက်သောသူ၏စိတ်နှလုံးထဲတွင် ယုံကြည်ခြင်းစိတ်သည် စတင်ပေါက်ဖွားလာခဲ့ပါသည်။ သို့စေကာမူ ထိုသူသည်ခရစ်တော်ထံသို့ရောက်အောင်သွားရမည်ကိုမသိခဲ့ချေ။ သူသည် မိမိ၏အပေါင်းအဖော်များနှင့်အဆက်အသွယ်မပြုလုပ်ရန် တားမြစ်ပိတ်ပင်ခြင်း

ခံထားရသောကြောင့် မိမိ၏အနာများကို ခရစ်တော်အား မည်ကဲ့သို့ပြနိုင်လိမ့်မည်နည်း။ ၎င်းပြင် ခရစ်တော်သည် ၎င်းအားကုသပေးမည်လားဟူ၍လည်း သံသယဝင်နေပါသည်။ ဘုရားသခင်၏အပြစ်ဒဏ်စီရင်ခြင်းကို ခံနေရသည်ဟု လူအများကမှတ်ယူခြင်းခံနေရသောသူတစ်ယောက်အား ဂရုတစိုက်လုပ်၍ ကိုယ်တော်သည် အောက်ကျို့ခံလုပ်ဆောင်တော်မူလိမ့်မည်လား။ ကိုယ်တော်သည် ဖါရိရှဲများ၊ ဆေးဆရာဝန်များကဲ့သို့ ကျိန်ဆဲသောစကားကိုမပြောဘဲ လူများ၏ခြောက်လှန့်နှောင့်ယှက်မှုများမှ ကင်းလွတ်မည့်နေရာသို့တိမ်းရှောင်သွားရန် သူ့အားသတိပေးလိမ့်မည်လား စသည်ဖြင့် သခင်ယေရှုအကြောင်းကြားဖူးသမျှကို သူစဉ်းစားနေမိခဲ့ပါသည်။ ကိုယ်တော့်ထံသို့လာရောက်၍ အကူအညီတောင်းခံသူတစ်ဦးတစ်ယောက်ကိုမျှ အကူအညီမပေးဘဲပြန်၍မလွှတ်ခဲ့ဖူးချေ။ အတိဒုက္ခရောက်နေသော ထိုသူသည် ကယ်တင်ရှင်ထံသွားရောက်တွေ့ဆုံရန် ဆုံးဖြတ်ချက်ချလိုက်ပါသည်။ သူသည် မြို့ပြင်သို့ထုတ်ထားခြင်းကိုခံနေရသော်လည်း တောင်ကုန်းတစ်လျှောက်ရှိ အချို့လမ်းများပေါ်တွင် ကိုယ်တော်ခရီးသွားတော်မူစဉ် ကိုယ်တော်ရှင်နှင့်ဆုံစည်းနိုင်မည်ဖြစ်ပါသည်။ ၎င်းပြင် မြို့အပြင်တွင် ကိုယ်တော်ရှင်သွန်သင်နေစဉ်၌လည်း ကိုယ်တော်အားတွေ့ဆုံနိုင်မည်ဖြစ်ပါသည်။ ဤအရာသည် ၎င်း၏မျှော်လင့်ချက်သာဖြစ်ပြီး ထိုမျှော်လင့်ချက်ကိုအကောင်အထည်ဖော်ရန် အခက်အခဲမှာများစွာရှိနေပါသည်။

ထိုအနာကြီးရောဂါသည်သည် ကယ်တင်ရှင်ထံသို့သွားရန် လမ်းညွှန်ခြင်းခံခဲ့ရပါသည်။ ထိုအချိန်တွင် သခင်ယေရှုသည် ရေကန်နံဘေးတွင် သွန်သင်ပို့ချလျက်ရှိပြီး လူများသည် ကိုယ်တော်ရှင်အနားတွင် စုရုံးနေကြပါသည်။ ထိုသူသည်အဝေးတွင်ရပ်နေစဉ် ကယ်တင်ရှင်၏ နှုတ်တော်မှထွက်လာသောစကားအနည်းငယ်ကိုကြားနေရပါသည်။ ကိုယ်တော်သည် မိမိ၏လက်တော်ကို နာမကျန်းသူများအပေါ်တွင်တင်တော်မူနေသည်ကိုလည်းကောင်း၊ ခြေဆွံ့သောသူများ၊ မျက်စိကန်းနေသူများ၊ သွက်ချာပါဒရောဂါသည်များနှင့် ရောဂါဝေဒနာအမျိုးမျိုးကြောင့် သေလုမြောပါးဖြစ်နေကြသူများသည် မိမိတို့၏ရောဂါပျောက်ကင်းမှုအတွက်



ထာဝရဘုရားကိုချီးမွမ်းထောမနာပြုလျက် ကျန်းမာစွာဖြင့် မတ်တတ်ရပ်နေကြသည်ကိုလည်းကောင်း သူတွေ့မြင်ရပါသည်။ သူ၏စိတ်နှလုံးတွင် ယုံကြည်ခြင်းခွန်အားတိုးပွားလာခဲ့ပါသည်။ သူသည် စုရုံးနေသော ထိုလူအုပ်ကြီးအနီးသို့ တဖြည်းဖြည်းချဉ်းကပ်လိုက်ပါသည်။ သူ့အပေါ် ချုပ်ချယ်တားမြစ်ထားမှုများ၊ လူအများအား ရောဂါမကူးစက်ရေးနှင့် လူအများက ၎င်းအားကြောက်ရွံ့မှုများအားလုံးကိုမေ့ပျောက်နေပါသည်။ သူသည် အနာပျောက်ကင်းခြင်းတည်းဟူသော မင်္ဂလာမျှော်လင့်ခြင်းတစ်ခုကိုသာစဉ်းစားနေပါသည်။

သူသည် အော့နှလုံးနာစရာအသွင်အပြင်ရှိသူတစ်ဦးဖြစ်ပါသည်။ ဤရောဂါမျိုးသည် ကြောက်စရာကောင်းပြီး သူ၏ပျက်ယွင်းနေသော ကိုယ်ခန္ဓာကိုကြည့်ရသည်မှာ စိတ်ချောက်ချားစရာဖြစ်ပါသည်။ သူ့ကို မြင်လျှင်မြင်ချင်း လူများသည် ကြောက်လန့်စွာဖြင့် နောက်သို့ဆုတ်လိုက်ကြပါသည်။ ထိုသူနှင့်မထိမိစေရန် သူတို့သည် တစ်ဦးနှင့်တစ်ဦးကြိတ်၍ တိုးဝှေ့နေကြပါသည်။ တချို့က၎င်းအား ခရစ်တော်အနီးသို့ချဉ်းကပ်မလာနိုင်စေရန် တားဆီးခဲ့ကြသော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ထိုအနာကြီးရောဂါရှင်သည် ၎င်းတို့ကိုမမြင်တော့သည့်အပြင် ၎င်းတို့ပြောသည်ကိုလည်း မကြားတော့ချေ။ ထိုသူများ၏စက်ဆုပ်ရွံရှာမှုကိုဖော်ပြသောစကားများသည် သူ့အပေါ်တွင်သြဇာသက်ရောက်မှုမရှိတော့ချေ။ သားတော်ဘုရားကိုသာသူမြင်ပါတော့သည်။ သေတော့မည့်ဆဲဆဲလူနာများအား အသက်ရှင်စေမည့်ကိုယ်တော်ရှင်ပြောသောစကားသံများကိုသာ သူကြားပါတော့သည်။ ထိုနောက်ရှေ့သို့တိုးဝင်သွားကာ ကိုယ်တော်ရှင်၏ ခြေရင်းတော်တွင်ပျပ်ညွတ်လျက် "သခင်အလိုတော်ရှိလျှင် ကျွန်တော့်ကို သန့်ရှင်းစေနိုင်တော်မူသည်" ဟုလျှောက်လေ၏။ "ယေရှုကလည်း၊ ငါအလိုရှိသည်။ သန့်ရှင်းခြင်းသို့ရောက်စေဟုမိန့်တော်မူလျက် လက်တော်ကိုဆန့်၍ ထိုသူကိုတို့တော်မူ၏။" မဿဲ ၈း၃။

ထိုခဏချင်းတွင်ပင် ထိုသူသည် နူနာပျောက်၍ သန့်ရှင်းခြင်းသို့ ရောက်ခဲ့ပါသည်။ သူ၏အသားအရေများသည် ကျန်းမာလန်းဆန်းလာခဲ့

ပါသည်။ ထုံကျဉ်မှုများပျောက်ကာ ထိတွေ့ခံစားမှုရှိလာခဲ့ပါသည်။ ကြွက်သားများသည် ပြန်လည်ကြံ့ခိုင်လာခဲ့ပါသည်။ အနာကြီးရောဂါသည်မှန်း ထင်ရှားစေသည့် ကြမ်းတမ်း၍အော့နှလုံးနာဖွယ်ကောင်းသော အသားအရေများသည် ကွယ်ပျောက်ကုန်ပြီး ကလေးငယ်၏အသားအရေကဲ့သို့ နူးညံ့စိုပြည်သောအသားအရေများဖြစ်ပေါ်လာခဲ့ပါသည်။

ခရစ်တော်သည် မိမိပြုတော်မူခဲ့သောအံ့ဖွယ်အမှုကို လူအများသိစေဖို့ ထိုသူအားမပြောခိုင်းဘဲ ယဇ်ပုရောဟိတ်ထံသို့တည့်တည့်မတ်မတ်သွား၍ ကိုယ်ကိုပြကာ ဗိမာန်တော်တွင်ပူဇော်သကာကိုလှူဒါန်းရန် မိန့်တော်မူခဲ့ပါသည်။ ယဇ်ပုရောဟိတ်သည် ၎င်းအားစစ်ဆေးကြည့်ရှု၍ ၎င်း၌အနာကြီးရောဂါလုံးလုံးပျောက်ကင်းသွားပြီဖြစ်ကြောင်းမကြေညာမီတိုင်အောင် ထိုကဲ့သို့သောပူဇော်သကာများကိုလက်ခံနိုင်လိမ့်မည်မဟုတ်ချေ။ မည်မျှပင်ဆန္ဒမရှိစေကာမူ ယဇ်ပုရောဟိတ်များသည် ဤအလုပ်ကိုလုပ်ဆောင်ရမည်ဖြစ်ပြီး ထိုကိစ္စအတွက်စစ်ဆေးကြည့်ရှုခြင်းနှင့် ဆုံးဖြတ်ပေးခြင်းအလုပ်ကို ရှောင်ရှားနိုင်ကြလိမ့်မည်မဟုတ်ချေ။

ခရစ်တော်သည် ထိုသူအား အလျင်စလိုမလုပ်ရန်နှင့် ဆိတ်ဆိတ်နေရန်လိုအပ်ကြောင်းကို တင်းတင်းကျပ်ကျပ်၊ အဆောတလျင်တားမြစ်တော်မူသည်ကို သမ္မာကျမ်းစာတွင်ဖော်ပြထားပါသည်။ "ယေရှုကလည်း သင်သတိပြု၊ ဤအကြောင်းကို အဘယ်သူအားမျှမပြောနှင့်။ ယဇ်ပုရောဟိတ်ထံသို့သွား၍ကိုယ်ကိုပြလော့။ သူတစ်ပါး၌သက်သေဖြစ်စေခြင်းငှါ မောရှေစီရင်မှာထားသောပူဇော်သကာကိုဆက်လော့ဟု မိန့်တော်မူ၏။" မဿဲ ၈း၄။ ယဇ်ပုရောဟိတ်များသည် ဤအနာကြီးရောဂါရှင်အားကုသခြင်းနှင့်ပတ်သက်၍ အမှန်အတိုင်းသိရှိခဲ့ကြလျှင် ခရစ်တော်အပေါ်ထားရှိသည့် ၎င်းတို့၏အမုန်းတရားများသည် ၎င်းတို့အား မဖြောင့်မှန်သောစီရင်ချက်ကိုချမှတ်စေခဲ့လိမ့်မည်ဖြစ်ပါသည်။ ထိုနိမိတ်လက္ခဏာနှင့်ပတ်သက်သော ကောလာဟလသတင်းများကို ၎င်းတို့မကြားသိမီ ထိုသူသည် မိမိကိုယ်ကို ဗိမာန်တော်တွင်သွားရောက်ပြသရန် ကိုယ်တော်ရှင်အလိုရှိတော်မူခဲ့ပါသည်။ ထိုသို့သောနည်းအားဖြင့် တရားမျှတသောဆုံးဖြတ်ချက်တစ်ခုကိုရရှိနိုင်



လိမ့်မည်ဖြစ်ပြီး နူနာရောဂါပျောက်ကင်းလာသောထိုသူသည်လည်း ၎င်း၏မိသားစုများ၊ မိတ်ဆွေများနှင့် တစ်ဖန်အတူတကွနေထိုင်နိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။

ထိုသူအားဆိတ်ဆိတ်နေရန် တင်းတင်းကျပ်ကျပ်မိန့်တော်မူရာတွင် ခရစ်တော်၏ရှုထောင့်၌ အခြားရည်ရွယ်ချက်များလည်းရှိနေပါသည်။ မိမိ၏ရန်သူများသည် မိမိ၏အမှုတော်ကိုကန့်သတ်ချုပ်ချယ်ရန်နှင့် လူများအား မိမိထံမှထွက်ခွာသွားကြစေရန် အမြဲတမ်းကြိုးစားလျက်ရှိကြကြောင်းကို ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ ဤအနာကြီးရောဂါသည်အား ပျောက်ကင်းစေခြင်းသတင်းသည် ဟိုးလေးတကျော်ဖြစ်သွားခဲ့လျှင် အခြားနူနာသည်များသည် မိမိထံတွင်ကြိတ်ကြိတ်တိုးစုရုံးလာခဲ့ကြလိမ့်မည်။ ထိုအခါ ၎င်းရောဂါသည်များနှင့်ထိတွေ့မိခြင်းကြောင့် ညစ်ညမ်းကုန်ပြီဖြစ်ကြောင်း၊ လူအများ၏အော်သံများထွက်ပေါ်လာမည်ကိုလည်း ကိုယ်တော်သိရှိတော်မူခဲ့၏။ ထိုစုရုံးလာကြမည့်အနာကြီးရောဂါသည်အများစုသည်လည်း ရရှိမည့်ကျန်းမာရေးဆုကျေးဇူးကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူများအတွက်သော်လည်းကောင်း ကောင်းချီးမင်္ဂလာဖြစ်စေရန် အသုံးပြုကြလိမ့်မည်မဟုတ်ချေ။ ၎င်းပြင်နူနာသည်များကို မိမိအပါးတွင်စုရုံးစေခြင်းအားဖြင့် ကိုယ်တော်အနေနှင့်ဝတ်ပြုကိုးကွယ်မှုဆိုင်ရာပညတ်တော်များ၏တားမြစ်ကန့်သတ်ချက်များကို ဖောက်ဖျက်သည်ဟူသောစွပ်စွဲချက်ကိုစွဲဆိုရန် အခွင့်ပေးရာရောက်သွားလိမ့်မည်ဖြစ်ပါသည်။ ထိုနည်းအားဖြင့် ကိုယ်တော်၏ဧဝံဂေလိတရားဟောကြားခြင်းအလုပ်ကို အဟန့်အတားဖြစ်စေပါလိမ့်မည်။

ဤအဖြစ်အပျက်သည် ခရစ်တော်၏သတိပေးချက်ကို မှန်ကန်ကြောင်းထင်ရှားပေါ်လွင်စေခဲ့ပါသည်။ လူအုပ်ကြီးသည် ထိုနူနာသည်၏ရောဂါပျောက်ကင်းခဲ့ခြင်းကိုမြင်တွေ့ခဲ့ရပါသည်။ ၎င်းပြင်ထိုကိစ္စအတွက် ယဇ်ပုရောဟိတ်များ၏ဆုံးဖြတ်ချက်ကိုလည်း သိချင်နေခဲ့ကြပါသည်။ ထိုသူသည် ၎င်း၏မိတ်ဆွေများထံသို့ပြန်လည်ရောက်ရှိလာသောအခါ ၎င်းတို့သည် အကြီးအကျယ်စိတ်လှုပ်ရှားခဲ့ကြပါသည်။ ထိုသူသည်

ခရစ်တော်တားမြစ်ထားသည့်ကြားမှ မိမိ၏ရောဂါပျောက်ကင်းခဲ့သည့်အကြောင်းကိုဖုံးကွယ်ထားရန် မကြိုးစားခဲ့ချေ။ တကယ်ပင် ထိုအကြောင်းကိုထိမ်ချန်ဖုံးကွယ်ထားရန်မဖြစ်နိုင်ဘဲ ထိုသူသည် လူသိရှင်ကြားပြောကြားခဲ့ပါသည်။ ခရစ်တော်သည် မိမိအားတားမြစ်ပိတ်ပင်ခြင်းသည် ခရစ်တော်အနေနှင့် ကျနေ့်စောင့်သောသဘောသာဖြစ်သည်ဟုထင်မှတ်ကာ ခရစ်တော်၏တန်ခိုးတော်ကို သူသည်သွားရောက်ကြေညာခဲ့ပါသည်။ ကိုယ်တော်၏တန်ခိုးတော်ကိုထင်ရှားစေသည့် လုပ်ရပ်တိုင်းသည် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများအနေနှင့် ကိုယ်တော်ရှင်အားလုပ်ကြံသတ်ဖြတ်ရန် ပိုမို၍ဆုံးဖြတ်ချက်ခိုင်မာလာစေကြောင်းကို သူနားမလည်ခဲ့ချေ။ ကျန်းမာခြင်းဆုကျေးဇူးသည် အလွန်တန်ဖိုးရှိကြောင်းကိုယ်တွေ့သိရှိခဲ့ပါသည်။ ယောကျ်ားပီသသောကျန်းမာကြံ့ခိုင်မှုတွင်လည်းကောင်း၊ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ပြန်လည်နေထိုင်ခွင့်ရရှိခြင်းအတွက်သော်လည်းကောင်း မိမိအားကျန်းမာစေခဲ့သောထိုပုဂ္ဂိုလ်ကြီးအား ချီးမွမ်းထောမနာပြုခြင်းကို သူချုပ်တည်းခြင်းငှါမတတ်နိုင်ခဲ့ချေ။ သို့သော် ထိုအဖြစ်အပျက်ကို ကျော်ကြားအောင်ကြေညာခဲ့သော ၎င်း၏လုပ်ရပ်သည် ကယ်တင်ရှင်၏အမှုတော်ကို အဟန့်အတားပြုမှုများကိုဖြစ်စေခဲ့ပါသည်။ ထိုသို့ကြေညာလိုက်သည့်အတွက် ကိုယ်တော်၏လုပ်ငန်းများကို အခိုက်အတန့်အားဖြင့်ရပ်တန့်သွားရန် ကိုယ်တော်အား အတင်းအဓမ္မပိတ်ပင်လာသည့်အထိ ခရစ်တော်အနီးတွင် လူအုပ်ကြီးကိုစုရုံးစေခဲ့ပါသည်။

ခရစ်တော်၏အမှုတော်နှင့်ဆိုင်သော ပြုမူဆောင်ရွက်ချက်တိုင်းသည် ထားရှိခဲ့သည့်ရည်ရွယ်ချက်များအတိုင်း များစွာခရီးရောက်ခဲ့ပါသည်။ ပြုမူဆောင်ရွက်မှုများတွင်ထင်ရှားခဲ့သည်ထက် ပို၍အကျုံးဝင်ခဲ့ပါသည်။ ဤနူနာသည်ကို ကုသပေးသောကိစ္စတွင်လည်း ထိုနည်းအတူဖြစ်ပါသည်။ သခင်ယေရှုသည် မိမိထံသို့ရောက်လာသောသူများအားလုံးကို မစကူညီနေခဲ့စဉ်တွင် မိမိထံသို့မလာခဲ့သောသူများကိုလည်း ကောင်းချီးပေးရန်အပြင်းအထန်အလိုရှိတော်မူပါသည်။ ကိုယ်တော်သည် အခွန်ခံများ၊ တစ်ပါး





အမျိုးသားများနှင့် ရှမာရိလူများအား မိမိထံသို့ဆွဲယူတော်မူစဉ်တွင် တစ်ဖက်သတ်အထင်လွဲမှုများ၊ ရိုးရာဓလေ့များနှင့် မိမိကိုယ်ကို တံတိုင်းကာရံထားသည့်ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများကိုလည်း လက်ကမ်းရန်တောင့်တတော်မူခဲ့ပါသည်။ သူတို့ထံသို့ရောက်နိုင်မည့်နည်းမျိုးစုံကို အသုံးပြုကြိုးစားခဲ့ပါသည်။ ထိုနူနာသည်အား ယဇ်ပုရောဟိတ်များထံသို့စေလွှတ်ခြင်းအားဖြင့် ကိုယ်တော်သည် သူတို့၏တစ်ဖက်သတ်အထင်လွဲမှုကိုပြေပျောက်စေမည်ဟု မျှော်လင့်ရသောသက်သေခံချက်တစ်ခုကို ၎င်းတို့ထံသို့ပေးပို့ခဲ့ပါသည်။

ခရစ်တော်၏သွန်သင်ချက်များသည် မောရှေအားဖြင့် ဘုရားသခင်ပေးသနားတော်မူခဲ့သော ပညတ်တော်နှင့်ဆန့်ကျင်သည်ဟု ဖါရိရှဲများသည် အခိုင်အမာပြောဆိုခဲ့ကြသည်။ သို့သော်လည်း မောရှေ၏တရားအတိုင်း ပူဇော်သကာကိုသွားရောက်ပေးလှူရန် နူနာပျောက်ကင်းသွားသည့်ထိုသူကို ကိုယ်တော်ရှင်ညွှန်ကြားခဲ့ခြင်းသည် ၎င်းတို့၏စွပ်စွဲချက်မှားယွင်းကြောင်း ထင်ရှားစေခဲ့ပါသည်။ ထိုအရာသည် နားလည်သဘောပေါက်ရန်ဆန္ဒရှိနေသောသူများအတွက် လုံလောက်သောသက်သေခံချက်တစ်ခုဖြစ်ပါသည်။

ယေရုရှလင်မြို့မှခေါင်းဆောင်ကြီးများသည် ခရစ်တော်အားအသေသတ်ရန်အတွက် အကြောင်းပြချက်များကိုရှာရန် သူလျှိုများကိုစေလွှတ်ထားခဲ့ပါသည်။ ကိုယ်တော်သည် ထိုသူလျှိုများအား လူသားများအပေါ်ထားရှိသည့် မိမိမေတ္တာတော်၏အထောက်အထားကိုလည်းကောင်း၊ ပညတ်တော်အပေါ်ထားရှိသော မိမိ၏လေးစားမှုနှင့် လူသားများအားအပြစ်နှင့်သေခြင်းမှကယ်တင်ရန် မိမိ၏တန်ခိုးတော်ကိုလည်းကောင်း ပြသခြင်းအားဖြင့် တုံ့ပြန်တော်မူခဲ့ပါသည်။ "အကျွန်ုပ်ပြုသောကျေးဇူးအတွက်မကောင်းသောအပြစ်ကိုလည်းကောင်း၊ အကျွန်ုပ်မေတ္တာအတွက်မုန်းခြင်းကိုလည်းကောင်း ဆပ်ပေးကြပါ၏" ဟူ၍ ထိုသူတို့အကြောင်းကို ကိုယ်တော်သက်သေခံတော်မူခဲ့ပါသည်။ ဆာလံ ၁၀၉း၅။ တောင်ပေါ်တွင် တပည့်တော်များအား တရားဟောကြားစဉ် "သင်တို့၏ရန်သူတို့ကိုချစ်ကြလော့"

ဟူသောပညတ်ကိုပေးတော်မူခဲ့သောကိုယ်တော်သည် ရန်တုံ့မူခြင်း၊ ပြန်၍ကဲ့ရဲ့ခြင်းကိုမပြုဘဲ မေတ္တာပို့ခြင်းကိုပြုခဲ့ခြင်းအားဖြင့် ထိုနိယာမတရားတော်ကို မိမိကိုယ်တိုင်လက်တွေ့ကျင့်သုံးခဲ့ပါသည်။ မဿဲ ၅း၄၄။ ၁ပေ ၃း၉။

ထိုသူအား လူများထဲတွင်မနေရန် နှင်ထုတ်ခဲ့သောယဇ်ပုရောဟိတ်များသည် ထိုသူ၌ နူနာရောဂါကင်းစင်သွားပြီဖြစ်ကြောင်း သက်သေခံခဲ့ကြပါသည်။ လူသိရှင်ကြားကြေညာ၍ မှတ်တမ်းတင်ခဲ့သော၎င်းစီရင်ချက်သည် ခရစ်တော်အတွက်အစဥ်တည်မြဲသောသက်သေခံချက်တစ်ခုဖြစ်ခဲ့ပါသည်။ ၎င်းတွင် နူနာရောဂါအနည်းငယ်မျှပင်မရှိတော့ကြောင်း ယဇ်ပုရောဟိတ်များ၏အာမခံချက်အရ ထိုသူသည် ဣသရေလလူစုလူဝေးထဲသို့ ပြန်လည်ရောက်ရှိလာခဲ့သောအခါ သူကိုယ်တိုင်သည် ကျေးဇူးရှင်သခင်ယေရှုအတွက် အသက်ရှင်လျက်ရှိသောသက်သေခံတစ်ဦးဖြစ်ခဲ့ပါသည်။ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပူဇော်သကာကိုဆက်ကပ်လှူဒါန်းပြီး ခရစ်တော်၏နာမတော်ကိုချီးမွမ်းခဲ့ပါသည်။ ထိုယဇ်ပုရောဟိတ်များသည် ကိုယ်တော်၏ဘုရားဇာတိတော်နှင့်ပတ်သက်သောဘုန်းတန်ခိုးတော်ကို သဘောပေါက်ခဲ့ကြပါသည်။ သမ္မာတရားကိုသိရှိရန်နှင့် အလင်းတော်အားဖြင့် အကျိုးခံစားခွင့်ရရှိရန် ၎င်းတို့အားအခွင့်အရေးပေးထားတော်မူခဲ့ပါသည်။ ငြင်းပယ်ခဲ့လျှင် ထိုအခွင့်အရေးသည် ၎င်းတို့ထံမှကျော်သွားကာ မည်သည့်အခါမျှပြန်လည်ရောက်ရှိလာလိမ့်မည်မဟုတ်ချေ။ ယုဒလူအများစုသည် ထိုအလင်းတော်ကို ငြင်းပယ်ခဲ့ကြပါသည်။ သို့စေကာမူ ထိုအလင်းတရားသည် အချည်းနှီးမဖြစ်ခဲ့ချေ။ ထိုအလင်းတော်ကြောင့် များစွာသောစိတ်နှလုံးများသည် လှုပ်ရှားခဲ့သော်လည်း အခိုက်အတန့်အားဖြင့်မသိသာခဲ့ချေ။ ကိုယ်တော်ရှင်၏အမှုတော်ကာလအတောအတွင်း၌ ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများထံမှမေတ္တာနှင့်ပတ်သက်သည့် အနည်းငယ်သောတုံ့ပြန်မှုများကိုသာ ရရှိခဲ့ပုံပေါ်ခဲ့သော်လည်း ကိုယ်တော်ရှင်ကောင်းကင်သို့တက်ကြွသွားပြီးနောက် "ယဇ်ပုရောဟိတ်အပေါင်းတို့သည် ယုံကြည်ခြင်းတရားကို နားထောင်ခဲ့ကြ၏။" တမန် ၆း၇။



ထိုအနာကြီးရောဂါသည်အား ကြောက်လန့်ဖွယ်ကောင်းသောနူနာရောဂါကို ခရစ်တော်ပျောက်ကင်းစေခဲ့ခြင်းသည် အသက်ဝိညာဉ်များအား အပြစ်မှဆေးကြောပေးမည့် ကိုယ်တော်၏အမှုတော်အတွက် သာဓကတစ်ခုဖြစ်ပါသည်။ ခရစ်တော်ထံသို့ရောက်လာခဲ့သော ထိုသူသည် တစ်ကိုယ်လုံးနူနာစွဲကပ်နေပြီး သေစေနိုင်သည့်ထိုအနာ၏ပိုးများသည် တစ်ကိုယ်လုံးတွင်ပျံ့နှံ့နေပေပြီ။ အနာကြီးရောဂါသည်ကို ထိမိသောသူသည် မသန့်ရှင်းသောသူဖြစ်သွားမည်ဖြစ်သဖြင့် ထိုသူကိုမထိရန် တမန်တော်များသည် ကိုယ်တော်ရှင်အား တားဆီးခဲ့ကြပါသည်။ သို့သော်လည်း မိမိ၏လက်တော်ကို ထိုအနာကြီးရောဂါသည်အပေါ်သို့တင်ခြင်းအားဖြင့် ကိုယ်တော်ရှင်သည် ညစ်ညူးမှုကိုရရှိတော်မမူခဲ့ချေ။ ကိုယ်တော်၏တို့ထိမှုသည် အသက်ပေးသည့်တန်ခိုးတော်ကို မျှဝေခဲ့သဖြင့် နူနာရောဂါပျောက်ကင်းသန့်စင်ခဲ့ပါသည်။ ထိုနည်းအတူအပြစ်စွဲနေသော၊ သေလောက်သော၊ လူ့အစွမ်းနှင့်သန့်စင်စေရန်မဖြစ်နိုင်သောအပြစ်နူနာကိုလည်း ကိုယ်တော်သန့်စင်ပေးတော်မူမည်ဖြစ်ပါသည်။ "ဦးခေါင်းသည် အနာသက်သက်ရှိ၏။ နှလုံးသည်လည်း ခွန်အားအလျှင်းမရှိ၊ ခြေဖဝါးမှသည်ဦးခေါင်းတိုင်အောင် ကျန်းမာခြင်းမရှိ။ စုတ်ရှသောအနာ၊ ထိခိုက်၍ ရောင်သောအနာ၊ ရိရွဲသောအနာသက်သက်ရှိ၏။ "ဟေရှာယ ၁း၅-၆။ သို့သော် ခရစ်တော်သည် လူသားများတွင်နေထိုင်တော်မူရန်လာရောက်ခဲ့သော်လည်း ထိုညစ်ညမ်းမှုများကို ရရှိခံစားရတော်မမူခဲ့ချေ။ ကိုယ်တော်ရှင်ရှိတော်မူသောနေရာ၌ အပြစ်သားများအတွက် အနာကိုပျောက်ကင်းစေသောတန်ခိုးရှိတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်၏ရှေ့မှောက်တွင်ပျပ်ဝပ်၍ "သခင်၊ အလိုရှိလျှင် အကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူသည်" ဟု လျှောက်ထားသောသူတိုင်းသည် ယေရှုက ငါအလိုရှိသည်၊ သန့်ရှင်းခြင်းသို့ရောက်စေ" ဟူသော မိန့်တော်မူသံကိုကြားကြရပါလိမ့်မည်။

ခရစ်တော်သည် အချို့ရောဂါသည်များအားကုသရာတွင် ၎င်းတို့တောင်းခံသောကောင်းချီးမင်္ဂလာကို ချက်ချင်းပေးသနားတော်မူခြင်းမရှိခဲ့ချေ။ သို့သော် ၎င်းနူနာရှင်၏ကိစ္စတွင်မူ အသနားခံလျှင်ခံချင်းပေးသနား

တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် လောကနှင့်ဆိုင်သောကောင်းချီးမင်္ဂလာများအတွက် ဆုတောင်းသောအခါ အဖြေသည် ကြန့်ကြာနိုင်ကောင်း ကြန့်ကြာနိုင်ပါသည်။ သို့မဟုတ် ကျွန်ုပ်တို့တောင်းလျှောက်သည့်အရာများတို့ထက် ကောင်းသောအရာများကို ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးသနားကောင်းပေးသနားပါမည်။ သို့သော်အပြစ်မှကယ်လွှတ်ရန်အတွက် ကျွန်ုပ်တို့တောင်းလျှောက်သောအခါ ထိုကဲ့သို့မဟုတ်ပါချေ။ ကျွန်ုပ်တို့၏ အပြစ်များတို့ကိုဆေးကြောပေးဖို့ရန် ကျွန်ုပ်တို့အား ကိုယ်တော်ရှင်၏ သားသမီးများတို့ဖြစ်လာစေရန်နှင့် ကျွန်ုပ်တို့အားသန့်ရှင်းသောအသက်တာဖြင့် အသက်ရှင်သွားကြစေရန်အတွက် ကိုယ်တော်ရှင်အလိုရှိတော်မူပါသည်။ "ထိုသခင်သည် ငါတို့အဘတည်းဟူသော ဘုရားသခင်၏အလိုတော်နှင့်အညီ ဆိုးညစ်သော ဤပစ္စုပ္ပန်ဘဝမှ ငါတို့ကိုကယ်နုတ်ခြင်းငှါ ငါတို့အပြစ်ကြောင့် ကိုယ့်ကိုကိုယ်အပ်ပေးတော်မူ၏။" ဂလာ ၁း၄။ "ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီတစ်စုံတစ်ခုသောဆုကိုတောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင် အထံတော်၌တောင်းသောဆုတို့ကိုရမည်ဟုသိကြရ၏။" ၁ယော၊ ၅း၁၄-၁၅။ "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။" ၁ယော၊ ၁း၉။

ကပေရနောင်မြို့မှ သွက်ချာပါဒရောဂါသည်တစ်ဦးအား ကုသရာ၌လည်း ခရစ်တော်သည် ထိုတရားတော်ကို တစ်ဖန်သွန်သင်တော်မူခဲ့ပါသည်။ အပြစ်ကိုခွင့်လွှတ်ရန် ပြုတော်မူခဲ့သောနိမိတ်လက္ခဏာသည် ကိုယ်တော်ရှင်၏တန်ခိုးတော်ကိုထင်ရှားစေခဲ့ပါသည်။ ၎င်းပြင် သွက်ချာပါဒရောဂါသည်အား ကုသခြင်းအားဖြင့်လည်း အခြားသောအဖိုးထိုက်တန်သည့် သမ္မာတရားများကိုထင်ရှားစေခဲ့ပါသည်။ ထိုတရားတော်သည် မျှော်လင့်ချက်နှင့်စိတ်အားတက်မှုအပြည့်အဝရှိခဲ့ပြီး ထိုတရားတော်ကို အကြောင်းမဲ့



အပြစ်ရှာတတ်သောဖါရိရှဲများတို့နှင့် ပေါင်းစပ်ဆက်နွှယ်လိုက်ခြင်းအားဖြင့် သတိပေးသည့်သင်ခန်းစာတစ်ခုကိုရရှိခဲ့ပါသည်။

ကပေရနောင်မြို့မှ ဤသွက်ချာပါဒရောဂါသည် ထိုနူနာရောဂါရှင်ကဲ့သို့ပင် ပြန်လည်ကျန်းမာလာရန် မျှော်လင့်ချက်အားလုံး ဆုံးရှုံးနေသောသူဖြစ်ပါသည်။ သူ၏ရောဂါဝေဒနာသည် အပြစ်ကျူးလွန်မိခဲ့သောအသက်တာတစ်ခု၏ဆိုးကျိုးဖြစ်ပြီး ခံစားရသောဒုက္ခဝေဒနာသည် နောင်တသံဝေဂကြောင့် စိတ်ကိုနာကြည်းစေခဲ့ပါသည်။ သူသည် မိမိခံစားနေရသောကိုယ်ဒုက္ခ၊ စိတ်ဒုက္ခများကို သက်သာပျောက်ကင်းရန်မျှော်လင့်ချက်ဖြင့် ဖါရိရှဲများနှင့် ကျမ်းတတ်ဆရာများထံတွင် အချိန်ကြာမြင့်စွာကတည်းကပင် အသနားခံခဲ့ပါသည်။ သို့သော်လည်း သူတို့သည် ၎င်း၏ရောဂါအား မပျောက်ကင်းနိုင်သောရောဂါဖြစ်ကြောင်း အေးတိအေးစက်ဖြင့်ပြန်ပြောခဲ့ကြပြီး ဘုရားသခင်၏အမျက်တော်တွင် ၎င်းအားဖြစ်လိုရာဖြစ်ဟူ၍ ပစ်ထားခဲ့ကြပါသည်။ အနာရောဂါဝေဒနာများသည် ဘုရားသခင်အနေနှင့် မနှစ်သက်ကြောင်း ဖော်ပြသည့်အထောက်အထားတစ်ခုဖြစ်ကြောင်း ဖါရိရှဲများကမှတ်ယူကာ ထိုရောဂါသည်များထံမှ ခပ်ခွါခွါနေထိုင်ခဲ့ကြပါသည်။ သို့စေကာမူ မိမိကိုယ်ကိုသန့်ရှင်းသူများအနေဖြင့် ချီးမြှောက်ခဲ့သော ထိုသူများသည် ၎င်းတို့ပြစ်တင်ရှုတ်ချခဲ့သောရောဂါသည်များထက်ပင် ပိုမို၍ဒုစရိုက်များကိုမကြာခဏကျူးလွန်ခဲ့ကြပါသည်။

ခြေလက်သေနေသော ဤသူသည် အကူအညီရနိုင်မည့် မည်သည့် အလားအလာကိုမျှမမြင်ဘဲ လုံးလုံးခိုကိုးရာမဲ့ဖြစ်နေသဖြင့် စိတ်ပျက်အားလျော့နေခဲ့ပါသည်။ ထိုအချိန်တွင် ခရစ်တော်၏အံ့ဩဖွယ်လုပ်ဆောင်ချက်များကို သူကြားသိခဲ့ပါသည်။ သူကဲ့သို့အပြစ်ကျူးလွန်ခဲ့ပြီး ခိုကိုးရာမဲ့နေသောအခြားသူများကို ရောဂါပျောက်ကင်းစေခဲ့ကြောင်း၊ နူနာရောဂါသည်များကိုပင် အနာများပျောက်ကင်း၍ သန့်ရှင်းစေခဲ့ကြောင်းများကို သူ့အားပြောပြခဲ့ကြပါသည်။ သူ့ကို ခရစ်တော်ထံသွားရောက်ခဲ့လျှင် ရောဂါပျောက်ကင်းနိုင်ခဲ့မည်ကိုယုံကြည်ရန် လာရောက်သတင်းပြောကြားကြသည့်မိတ်ဆွေများသည် ၎င်းအားအားပေးခဲ့ကြပါသည်။ မိမိသည်

ထိုရောဂါကို မည်ကဲ့သို့ရရှိလာခဲ့ကြောင်းကို သတိရအောက်မေ့သောအခါ သူ၏မျှော်လင့်ချက်များသည် ပျက်ပြုန်းခဲ့ရပါသည်။ သန့်စင်မွန်မြတ်တော်မူသောကိုယ်တော်ရှင်သည် ၎င်း၏ရှေ့တော်မှောက်၌ မိမိအားလက်မခံမည်ကိုလည်း သူစိုးရိမ်မိခဲ့ပါသည်။

ထိုသူအလွန်အလိုရှိသောအရာသည် အပြစ်၏ဝန်မှသက်သာမှုတစ်ခုအနေနှင့်ရရှိမည့် ကိုယ်ခန္ဓာပြန်လည်ကျန်းမာရေးမဟုတ်ခဲ့ချေ။ သူသည် ခရစ်တော်အားဖူးမြော်၍ ဘုရားသခင်ပေးသနားတော်မူမည့်အပြစ်ခွင့်လွှတ်ခြင်းနှင့် ငြိမ်သက်ခြင်းအတွက် အာမခံချက်ကိုရရှိနိုင်ခဲ့လျှင်ဘုရားသခင်၏အလိုတော်အရ ဆက်လက်အသက်ရှင်ရမည်ကိုလည်းကောင်း၊ အသေခံရမည်ကိုလည်းကောင်း သူကျေနပ်မှုရရှိနိုင်ခဲ့ပါလိမ့်မည်။ ငါသည် ခရစ်တော်၏ရှေ့မှောက်သို့ရောက်ရှိနိုင်ခဲ့မည်ဆိုလျှင် မည်မျှကောင်းမလဲဟု ထိုသူကဟစ်အော်လိုက်ပါသည်။ သူ၏တစ်စတစ်စဆုတ်ယုတ်နေသောအသားအရေများသည် ပျက်စီးယိုယွင်းခြင်းလက္ခဏာကိုပြနေပြီးဖြစ်သည့်အတွက် ဖြုန်းတီးပစ်ရန်အချိန်မရှိတော့ပြီ။ ထို့ကြောင့် မိမိအားအိပ်စင်ပေါ်တွင်တင်၍ သခင်ယေရှုထံသို့ထမ်းသွားပေးကြရန် မိတ်ဆွေများအားသူတောင်းပန်ရာ ၎င်း၏မိတ်ဆွေများကလုပ်ဆောင်ပေးရန် ဝမ်းမြောက်ဝမ်းသာတာဝန်ယူခဲ့ကြပါသည်။ သို့သော်လည်း ကယ်တင်ရှင်ရောက်ရှိနေသောအိမ်၏အတွင်းအပြင်အားလုံးတွင် လူများဖြင့်ပြည့်ညပ်နေသည့်အတွက် ထိုလူနာအား ကိုယ်တော်ရှင့်ထံသို့ ဆောင်ယူသွားဖို့နေနေသာသာ ထိုသခင်၏စကားသံကိုကြားနိုင်သည့်နေရာအထိပင်ဆောင်ယူသွားဖို့မဖြစ်နိုင်ခဲ့ချေ။

သခင်ယေရှုသည် ပေတရု၏အိမ်ထဲတွင် တရားတော်ကိုသွန်သင်နေခြင်းဖြစ်ပါသည်။ သူတို့၏ဓလေ့ထုံးစံအရ တမန်တော်များသည်ကိုယ်တော်ကိုဝန်းရံ၍ထိုင်နေခဲ့ကြပြီး ဂါလိလဲပြည်၊ ယုဒပြည်ရှိမြို့ရွာများနှင့်ယေရုရှလင်မှလာခဲ့ကြသော ဖါရိရှဲများတို့နှင့် ကျမ်းတတ်ဆရာကြီးများသည်ထိုသူတို့၏အနီးအနားတွင်ထိုင်ခဲ့ကြပါသည်။ ထိုသူတို့သည် ခရစ်တော်အားအပြစ်ရှာရန် သူလျှိုများအဖြစ်လာခဲ့ကြခြင်းဖြစ်ပါသည်။ ထိုဖါရိရှဲများ၏



အနီးအနားတွင်မူ စိတ်အားထက်သန်နေသော၊ ရိုသေကိုင်းရှိုင်းသည့်စူးစမ်းလိုသောလူပေါင်းစုံအပြင် မယုံကြည်သူများတို့သည်လည်း စုရုံးနေခဲ့ကြပါသည်။ လူမျိုးမတူညီသောလူတန်းစားအသီးသီးတို့ဖြစ်ကြပါသည်။ ထာဝရဘုရား၏တန်ခိုးတော်သည် နာသောသူတို့အားချမ်းသာပေးရန်ထိုနေရာတွင်ရှိတော်မူ၏။ အသက်ဝိညာဉ်သည် ထိုလူစုလူဝေးကြီးအပေါ်တွင်လွှမ်းမိုးခဲ့သော်လည်း ဖါရိရှဲများနှင့် ကျမ်းတတ်ပုဂ္ဂိုလ်ကြီးများသည်ထိုတန်ခိုးတော်ကိုမသိမြင်ခဲ့ကြချေ။ သူတို့သည် မိမိတို့၏လိုအပ်ချက်များကိုမသိရှိခဲ့ကြသဖြင့် ထိုအနာပျောက်ကင်းခြင်းတန်ခိုးသည် ၎င်းတို့အတွက်အကျိုးမရှိခဲ့ချေ။ “ငတ်မွတ်သောသူတို့ကို ကောင်းမွန်စွာကျွေး၍ရတတ်သောသူတို့ကို လက်ချည်းလွှတ်လိုက်တော်မူပြီ။” လုကာ ၁း၅၃။

ထိုလက်ခြေသေနေသောလူနာကို သယ်ဆောင်လာကြသည့်သူများသည် လူအုပ်ကြီးထံမှဖြတ်၍ ကိုယ်တော်ထံသယ်သွားရန် အဖန်ဖန်ကြိုးစားခဲ့ကြသော်လည်း အချည်းနှီးသာဖြစ်ခဲ့၏။ ထိုသူသည် နှုတ်ဖြင့်ဖော်ပြခြင်းငှါမစွမ်းနိုင်သောစိတ်ဒုက္ခဝေဒနာကိုခံစားလျက် ကိုယ်တော်ကိုသတိနှင့်စောင့်ကြည့်နေခဲ့ပါသည်။ အချိန်ကြာမြင့်စွာကတည်းက စောင့်မျှော်ခဲ့ရသောမစမည့်အရှင်သည် အနီးကလေးတွင်ရောက်နေပြီဖြစ်သည့်အတွက်ထိုအခွင့်အရေးကိုလက်လွှတ်မခံနိုင်တော့ချေ။ သူ၏အကြံပေးချက်အရမိတ်ဆွေများသည် သူ့အားအိမ်ခေါင်မိုးပေါ်သို့သယ်သွားပြီး အမိုးကိုဖေါက်ကာ ခရစ်တော်၏ခြေတော်ရင်းတွင်ချကြပါသည်။ ထိုအဖြစ်အပျက်ကြောင့် တရားပွဲသည် ခေတ္တရပ်ဆိုင်းသွားခဲ့ပါသည်။ ကယ်တင်ရှင်သည်ဝမ်းနည်းပက်လက်ဖြစ်နေသောထိုသူ၏မျက်နှာကိုကြည့်တော်မူလိုက်ရာမိမိအားအသနားခံလျက် စိုက်ကြည့်နေသောမျက်လုံးအစုံကိုတွေ့မြင်တော်မူခဲ့ပါသည်။ ဤပြဿနာကို ကိုယ်တော်ရှင်နားလည်တော်မူပါသည်။ လက်ခြေသေနေသောထိုသူသည် အိမ်တွင်ရှိနေစဉ်တွင် ၎င်း၏ဩတ္တပ္ပစိတ်၌ အပြစ်ကိုထင်ရှားစွာသိမြင်စေခဲ့ပြီး စိတ်ရှုပ်ထွေး၍ သံသယဝင်နေသောထိုဝိညာဉ်ကို မိမိထံသို့ဆွဲယူတော်မူခဲ့ပါသည်။ သူသည် မိမိ၏အပြစ်ကိုနောင်တရ၍ ခရစ်တော်၏တန်ခိုးတော်အားဖြင့် မိမိပြန်လည်ကျန်းမာလာ

နိုင်ကြောင်း ယုံကြည်လာခဲ့သောအခါ ကယ်တင်ရှင်၏အသက်ပေးသော ကရုဏာသည် ထိုသူ၏တောင့်မာနေသောစိတ်နှလုံးအား ပထမဦးစွာ ကောင်းချီးမင်္ဂလာပေးသနားတော်မူခဲ့ပါသည်။ မိမိသည် အပြစ်သားများ၏ တစ်ပါးတည်းသောမစအရှင်ဖြစ်ကြောင်း ယုံကြည်ခြင်းကိုဖြစ်ပေါ်စေမည့် ယုံကြည်ခြင်း၏ပထမအရိပ်အမြွက်ကလေးကို ခရစ်တော်စောင့်ကြည့်တော်မူရာ အနည်းငယ်သောထိုယုံကြည်ခြင်းသည် မိမိ၏ရှေ့မှောက်သို့ ရောက်ရှိလာရန် ခပ်သိမ်းသောကြိုးစားမှုများကို လုပ်ဆောင်ပေးသည့်အထိ သန်မာကြွံခိုင်လာကြောင်း ကိုယ်တော်မြင်တွေ့ခဲ့ရပါသည်။

ယခုတွင်မူ "ငါ့သား၊ မစိုးရိမ်နှင့်၊ သင်၏အပြစ်ကိုလွှတ်စေပြီ" ဟူ၍ ခြေလက်သေနေသည့် ထိုသူ၏နားထဲတွင် တေးဂီတသံကဲ့သို့ဖြစ်စေမည့် စကားများအားဖြင့် ခရစ်တော်မိန့်တော်မူခဲ့၏။

စိတ်သောကရောက်မှုဝန်ထုပ်ကြီးသည် ထိုလူနာ၏အသက် ဝိညာဉ်မှရွေ့လျားပေပြီ၊ အပြစ်ခွင့်လွှတ်ခြင်းခံရသဖြင့် ငြိမ်သက်ခြင်းသည် ၎င်း၏ဝိညာဉ်အပေါ်သို့ကျရောက်၍ ၎င်း၏မျက်နှာသည် ထွန်းတောက်နေပါသည်။ သူ၏ကိုယ်ခန္ဓာနာကျင်မှုသည် ပျောက်ကင်းသွားပေပြီ။ ကိုယ်တစ်ကိုယ်လုံးသည် အသွင်သဏ္ဌာန်ပြောင်းလဲသွားခဲ့ပါသည်။ အကူအညီမဲ့လက်ခြေသေသူသည် ရောဂါပျောက်ကင်းသွားပြီဖြစ်ပြီး ထိုဒုစရိုက်အပြစ်ကောင်သည် အပြစ်လွှတ်ခြင်းကိုခံရပေပြီ။

သူသည် ယုံကြည်မှုသက်သက်ဖြင့် ခရစ်တော်၏နှုတ်ထွက်စကားများကို အသစ်သောအသက်တာ၏အကျိုးကျေးဇူးတစ်ခုအနေနှင့်လက်ခံခဲ့ပါသည်။ အခြားတောင်းဆိုမှုများကို ထပ်၍မလုပ်တော့ဘဲ ခရစ်တော်၏ စကားများအားဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သုခချမ်းသာနှင့်ပြည့်ဝသောငြိမ်သက်မှုဖြင့် လဲလျောင်းနေခဲ့ပါသည်။ ကောင်းကင်၏အလင်းတော်သည် သူ၏မျက်နှာကိုထွန်းတောက်စေခဲ့ပြီး လူများသည် ထိုမြင်ကွင်းကို စိုးရွံ့ထိတ်လန့်စွာဖြင့်ကြည့်ရှုနေခဲ့ကြပါသည်။

ခရစ်တော်သည် ဤကိစ္စကို မည်ကဲ့သို့သဘောထားမည်ကိုကြည့်ရန် ကျမ်းတတ်ဆရာများသည် စိတ်ပူပန်ကြောင့်ကြစွာဖြင့် စောင့်စားနေကြ



ပါသည်။ ထိုသူသည် မိမိတို့ထံသို့လာ၍ အကူအညီတောင်းခဲ့ဖူးကြောင်းကို လည်းကောင်း၊ ကူညီမစမှုကိုပေးဖို့ ၎င်းတို့ငြင်းဆိုခဲ့ကြောင်းများကိုလည်းကောင်း သူတို့ပြန်လည်စဉ်းစားမိခဲ့ကြပါသည်။ ထိုသို့မကူညီခဲ့ရုံနှင့် မကျေနပ်သေးဘဲ ထိုသူသည် မိမိ၏အပြစ်ကြောင့် ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာကိုခံစားနေရကြောင်း ကြေညာခဲ့ကြပါသည်။ ၎င်းတို့၏ရှေ့တွင် ရောက်နေသောလက်ခြေသေနေသည့်ထိုသူအားတွေ့ရသောအခါ ထိုအရာများသည် သူတို့၏စိတ်ထဲတွင်အသစ်ဖြစ်လာခဲ့ပါသည်။ အားလုံးသောလူများသည် ထိုမြင်ကွင်းကိုစိတ်ဝင်တစားကြည့်နေကြသည်ကို သူတို့ သတိပြုမိကြပြီ။ ထိုလူများအပေါ် မိမိတို့၏ဩဇာအာဏာသက်ရောက်မှု လျော့ပါးသွားမည်ကို သူတို့အထူးစိုးရိမ်နေကြပါသည်။

ဤအကြီးအကဲများသည် ထိုအချိန်တွင် ခရစ်တော်နှင့်အချင်းမများခဲ့ကြသော်လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဤခံစားချက်ဒီရေကိုဟန့်တားရန် တစ်ခုခုကိုလုပ်ရမည်ဟူသောအတွေးကိုမူ ၎င်းတို့ကိုယ်စီကိုယ်ငတွေးနေကြပါသည်။ ခြေလက်သေနေသောထိုသူ၏ အပြစ်များအားခွင့်လွှတ်ပြီဟု ခရစ်တော်၏မိန့်တော်မူခြင်းသည် ဘုရားကို စော်ကား၍ပြောသောစကားများဟူ၍ နားလည်ခဲ့ကြပြီး ထိုအရာကို သေထိုက်သောပြစ်မှုတစ်ခုအနေနှင့် သူတို့တင်ပြနိုင်သည်ဟုစိတ်စွဲကာ "ဤသူသည် ဘုရားကိုလွန်ကျူး၍ အဘယ်ကြောင့်ဤသို့ပြောရသနည်း၊ ဘုရားသခင်မှတစ်ပါး အဘယ်သူသည် အပြစ်ကိုလွှတ်နိုင်သနည်း" ဟု သူတို့သည် စိတ်ထဲမှာထင်မှတ်ခဲ့ကြပါသည်။ မာကု ၂း၇။

သခင်ယေရှုသည် ဖုံးကွယ်မှုအောက်တွင် ကြောက်ရွံ့တွန့်ဆုတ်နေသော ၎င်းတို့အားစူးစိုက်စွာကြည့်တော်မူလျက် "သင်တို့စိတ်ထဲမှာ အဘယ်ကြောင့် ဤသို့ထင်မှတ်ကြသနည်း။ လက်ခြေသေသောသူအား အဘယ်စကားကိုသာ၍ပြောလွယ်သနည်း။ သင်၏အပြစ်ကိုလွှတ်စေပြီဟု ပြောလွယ်သလော။ သင်ထလော့။ ကိုယ်အိပ်ရာကိုဆောင်၍လှမ်းသွားလော့ဟုပြောလွယ်သလော။ လူသားသည် မြေကြီးပေါ်မှာ အပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါထလော့၊ ကိုယ်အိပ်ရာကိုဆောင်၍ ကိုယ့်အိမ်

သို့သွားလော့ဟု သင့်အားငါဆိုသည်ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏။

ထိုအချိန်တွင် ထမ်းစင်ဖြင့်သယ်ဆောင်လာခဲ့ရသောထိုသူသည် လူငယ်တစ်ယောက်၏ခွန်အားအစွမ်းမျိုးနှင့်ပြည့်စုံစွာဖြင့် မိမိခြေပေါ်တွင် ရပ်လေ၏။ အသက်ရှင်ခြင်းတန်ခိုးကိုပေးနေသောသွေးများသည် ၎င်း၏ သွေးပြန်ကြောများထဲသို့ လှည့်ပတ်စီးဆင်းနေပါသည်။ ၎င်း၏ကိုယ်အင်္ဂါ အစိတ်အပိုင်းများသည် ရုတ်တရက်လှုပ်ရှားလာခဲ့ကြသည်။ သေခါနီး ဖြူဖပ်ဖြူရော်ဖြစ်နေသော ထိုသူ၏အသားအရေများသည် ကျန်းမာနီမြန်း လာခဲ့ပါသည်။ ထိုသူသည်လည်း ချက်ချင်းထ၍ အိပ်ရာကိုဆောင်လျက် လူအပေါင်းတို့ရှေ့မှာထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမော တွေဝေခြင်းရှိ၍ ဤကဲ့သို့တစ်ခါမျှမဖြစ်ဖူးဟုပြောဆို၍ ဘုရားသခင်၏ ဂုဏ်တော်ကိုချီးမွမ်းကြ၏။”

အပြစ်သားများနှင့်ရောဂါဝေဒနာရှင်များအားကုစားရန် မိမိ ကိုယ်ကိုနှိမ့်ချတော်မူသောခရစ်တော်၏အံ့ဖွယ်မေတ္တာပါတကား၊ ဘုရား သခင်သည် ဝမ်းနည်းစွာဖြင့် ရောဂါဝေဒနာခံစားနေရသောလူသားများကို ချော့မော့တော်မူ၏။ ထိုနည်းအားဖြင့် အံ့ဖွယ်သောတန်ခိုးတော်ကို လူသားများအားပြသတော်မူခဲ့ပါသည်တကား။ မည်သူသည် ကယ်တင်ခြင်း သတင်းစကားကို သံသယဖြစ်နိုင်ပါမည်နည်း။ မည်သူသည် ကြင်နာ သနားတတ်သောကယ်ချွတ်ရှင်၏ကရုဏာကိုမထီမဲ့မြင်ပြုနိုင်ပါမည်နည်း။ ပျက်ယွင်းနေသောထိုကိုယ်ခန္ဓာကို ပြန်လည်ကျန်းမာစိုပြည်လာရန် ဖန်ဆင်းခြင်းတန်ခိုးတစ်ခုသာလိုအပ်ပါသည်။ မြေကြီးနှင့်ပုံသွင်းထားသည့် လူသဏ္ဌာန်ထဲသို့အသက်သွင်းပေးခဲ့သောထိုအသံတော်သည် သေလုမြောပါး ဖြစ်နေသော ထိုသွက်ချာပါဒရောဂါသည်အား အသက်ကိုသွင်းပေးတော်မူ ခဲ့ပါသည်။ အသက်ကိုပေးတော်မူခဲ့သောထိုတန်ခိုးတော်သည် ၎င်း၏ စိတ်နှလုံးကိုလည်း အသစ်ပြုပြင်ပေးခဲ့ပါသည်။ ဖန်ဆင်းစဉ်အခါက ထာဝရဘုရားမြွက်ဆို၍ မြွက်ဆိုသည့်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍ မိန့်တော်မူသည်အတိုင်း တည်လျက်နေစေတော်မူခဲ့သောကိုယ်တော်ရှင်သည်



အပြစ်လွန်ကျူးခြင်းများနှင့် ပြစ်မှားမှုများကြောင့် သေလျက်ရှိသောအသက် ဝိညာဉ်ကိုအသက်ပေးရန် မြွက်ဆိုတော်မူခဲ့ပါသည်။ (ဆာလံ ၃၃း၉)။ ကိုယ်ခန္ဓာကို ကျန်းမာရွှင်လန်းစေခဲ့ခြင်းသည် စိတ်နှလုံးကိုအသစ်ပြုပြင် သည့်တန်ခိုးတော်၏အထောက်အထားတစ်ခုဖြစ်ခဲ့ပါသည်။ “လူသားသည် မြေကြီးပေါ်မှာအပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှါ သင်ထ၍ သွားလော့” ဟု ထိုခြေလက်သေနေသူအား ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ထိုသူသည် ခရစ်တော်၌ အသက်ဝိညာဉ်နှင့်ကိုယ်ခန္ဓာနှစ်ခုစလုံးကို အနာပျောက်စေနိုင်သည့်တန်ခိုးကိုတွေ့ရှိခဲ့ပါသည်။ ဝိညာဉ်ရေးကုသမှု နောက်တွင် ခန္ဓာကိုယ်ပြန်လည်ကျန်းမာလာခြင်းသည် ဆက်တိုက်ဖြစ်ပေါ် လာခဲ့ပါသည်။ ဤသင်ခန်းစာကိုဂရုမပြုဘဲမနေသင့်ချေ။ ယနေ့တွင် ထိုခြေလက်သေနေသူကဲ့သို့ “သင်၏အပြစ်ကိုလွှတ်စေပြီ” ဟူသောသတင်း ကိုတောင့်တလျက် ခန္ဓာကိုယ်ရောဂါများကို ခံစားနေရသူထောင်ပေါင်း များစွာရှိကြပါသည်။ ၎င်းတို့ခံစားနေရသောအနာရောဂါများ၏အခြေ အမြစ်သည် တည်ငြိမ်မှုမရှိခြင်း၊ ကျေနပ်မှုမရှိခြင်းများနှင့်အတူရောယှက် နေသည့် အပြစ်၏ဝန်များဖြစ်ကြပါသည်။ သူတို့သည် ခရစ်တော်ထံသို့ မရောက်မချင်း သက်သာရာကိုတွေ့နိုင်ကြမည်မဟုတ်ချေ။ ကိုယ်တော်ရှင် တစ်ပါးတည်းသာပေးစွမ်းနိုင်သောတန်ခိုးတော်သည် စိတ်ဓာတ်ခွန်အားနှင့် ခန္ဓာကိုယ်ကျန်းမာရေးတို့ကို မျှဝေပေးတော်မူပါသည်။

“စာတန်၏လုပ်ဆောင်မှုများကိုပယ်ဖျက်ခြင်းငှါ ဘုရားသခင်၏ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူခဲ့၏။” “ကိုယ်တော်၌ အသက်ရှိ၍ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း” ဟု ကိုယ်တော်မိန့်တော်မူခဲ့၏။ “ကိုယ်တော်သည် အသက်ရှင် စေတတ်သောဝိညာဉ်ဖြစ်၏” ၁ယော၊ ၃း၈။ ယော ၁း၄။ ၁၀း၁၀။ ၁ကော ၁၅း၄၅။ ကိုယ်တော်သည် လောက၌အသက်ရှင်စဉ်တွင် လူနာများကို ကုသသောအချိန်နှင့် အပြစ်သားများကိုအပြစ်လွှတ်သောအချိန်များ၌လည်း အသက်ရှင်ခြင်းအခွင့်ကိုပေးနိုင်သောထိုတန်ခိုးတော်သည် ကိုယ်တော်၌ ရှိဆဲဖြစ်ပါသည်။ ယေရှုရှင်သည် “သင်၏အပြစ်အလုံးစုံတို့ကိုဖြေလွှတ်၍

သင်၏အနာရောဂါရှိသမျှတို့ကိုလည်း ပျောက်စေတော်မူ၏။” ဆာလံ ၁ဝ၃း၃။

ထိုခြေလက်သေနေသူကို ကုသပျောက်ကင်းစေခြင်းအားဖြင့် ယုဒလူတို့အပေါ်ဖြစ်ပေါ်စေခဲ့သောအကျိုးသက်ရောက်မှုသည် ကောင်းကင်ကိုဖွင့်ပြီး ပို၍ကောင်းသောကမ္ဘာ၏ဘုန်းအသရေများကိုဖော်ပြလိုက်သကဲ့သို့ ဖြစ်ခဲ့ပါသည်။ ရောဂါကိုပျောက်ကင်းအောင် ကုသခြင်းခံရသောထိုသူသည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလျက် မိမိ၏အိပ်ရာလိပ်ကို ငှက်မွေးကလေးကဲ့သို့သယ်ပိုးလျက် လူများရှေ့မှဖြတ်သွားစဉ် ထိုလူများသည် ၎င်းအားလမ်းဖယ်ပေးကာ မိန်းမောတွေဝေ၍ကြောက်ရွံ့စွာဖြင့် “ငါတို့သည် အံ့ဖွယ်သောအမှုအရာကိုယနေ့မြင်ခဲ့ပြီ” ဟု တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောဆိုကြ၏။

ဖါရိရှဲများသည် အံ့သြမှုများကြောင့် နှုတ်ဆွံ့နေခဲ့ကြပြီး ရှုံးနိမ့်မှု၏ ဖိစီးမှုကိုခံနေရပါသည်။ မိမိတို့၏မနာလိုဝန်တိုမှုများကို ယုဒလူထုအတွင်း လှုံ့ဆော်နိုင်မည့်အခွင့်အလမ်းတစ်ခုကိုမျှ သူတို့မတွေ့ခဲ့ကြချေ။ ဖါရိရှဲများက ဘုရားသခင်၏ပြင်းစွာသောအမျက်တော်ကိုပေးအပ်ခဲ့သော ထိုလူအပေါ်တွင်ပြုတော်မူခဲ့သည့် အံ့သြဖွယ်ကောင်းသောအမှုတော်ကြောင့် ထိုအချိန်တွင် လူအများအနေနှင့် ကျမ်းတတ်ဆရာများကိုမေ့လျော့ခဲ့ကြပါသည်။ ထာဝရဘုရားတစ်ပါးတည်း၌သာရှိတော်မူသည်ဟု သူတို့ဖော်ပြခဲ့ကြသော တန်ခိုးတော်ကို ခရစ်တော်ပိုင်ဆိုင်ထားကြောင်း ယုဒလူများမြင်တွေ့ခဲ့ကြပါသည်။ သို့စေကာမူ ကိုယ်တော်ရှင်၏အပြုအမူ၏နူးညံ့သိမ်မွေ့သောသိက္ခာသည် ၎င်းတို့၏ဟန်ကြီးပန်ကြီးလုပ်ဆောင်မှုများနှင့် သိသိသာသာကွဲပြားခြားနားခဲ့ပါသည်။ သူတို့သည် မိမိတို့ထက်တန်ခိုးကြီးသောသူတစ်ပါး၏ရှေ့တွင်ရောက်ရှိနေကြောင်းဝန်မခံသော်လည်း အသိအမှတ်ပြုလျက် စိတ်မတည်ငြိမ်ဖြစ်ကာ ရှက်ကိုးရှက်ကန်းဖြစ်နေကြပါသည်။ ခရစ်တော်သည် လောက၌အပြစ်ကိုခွင့်လွှတ်နိုင်သည့်တန်ခိုးရှိကြောင်း အထောက်အထားပို၍ခိုင်လုံလေလေ၊ မယုံကြည်မှုတွင် မိမိကိုယ်ကိုသာ၍ ခိုင်မာစွာကာကွယ်လေလေဖြစ်ခဲ့ကြပါသည်။ ဘုရားသခင်၏သားတော်ကို



ချေမှုန်းရန်အတွက် အသစ်သောအစီအစဉ်များကိုတီထွင်ရန် နှုတ်ထွက်အမိန့်တော်အားဖြင့် ခြေလက်သေနေသူအား ပြန်လည်ကျန်းမာစေသည်ကို သူတို့တွေ့မြင်ခဲ့ရသောပေတရု၏အိမ်မှထွက်ခွာသွားခဲ့ကြသည်။ မည်မျှပင်ကျွမ်းနေသောကိုယ်ခန္ဓာရောဂါဖြစ်စေ၊ ခရစ်တော်၏တန်ခိုးတော်အားဖြင့် ပျောက်ကင်းစေခဲ့သော်လည်း အသက်ဝိညာဉ်၏ရောဂါသည် အလင်းတရားကိုကြည့်ရန်ငြင်းဆိုသောသူများတွင် ခိုင်မာစွာအမြစ်စွဲလျက်ရှိပါသည်။ အနာကြီးရောဂါနှင့်ခြေလက်သေသောရောဂါများသည် တစ်ယူသန်ခြင်းနှင့် မယုံကြည်ခြင်းများတို့လောက် ကြောက်စရာမကောင်းကြချေ။

မကြာသေးမီအချိန်က လေးလံခက်ခဲစွာသယ်ပိုးသွားခဲ့ရသော အိပ်စင်ကို သက်သက်သာသာသယ်ဆောင်လျက် ထိုသူသည် အိမ်သို့ပြန်ရောက်လာသောအခါ အိမ်သူအိမ်သားများသည် အကြီးအကျယ်ပျော်ရွှင်ဝမ်းမြောက်ခဲ့ကြပါသည်။ သူတို့သည် ကိုယ့်မျက်စိကိုပင် ကိုယ်မယုံခဲ့ကြဘဲ ဝမ်းသာမျက်ရည်များပင်ကျခဲ့ကြပါသည်။ ထိုသူသည် ခွန်အားနှင့်ပြည့်စုံသောယောကျ်ားပီသသူတစ်ဦးအနေဖြင့် ၎င်းတို့၏ရှေ့တွင်မတ်တတ်ရပ်နေခဲ့ပါသည်။ မလှုပ်ရှားနိုင်ခဲ့သောသူ၏လက်များသည် ယခုတွင် လိုသလိုလှုပ်ရှားနိုင်ပေပြီ။ ရှုံ့တွန့်ပြီးနီကြင့်ကြင့်ဖြစ်နေသောအသားအရေသည် ယခုအချိန်တွင်စိုပြည်၍နီကြင့်ကြင့်အရောင်ဖြစ်နေပါသည်။ သူသည် ကောင်းမွန်စွာလမ်းလျှောက်နိုင်ပြီး မျက်နှာထားတိုင်းတွင် ပျော်ရွှင်ခြင်းနှင့် မျှော်လင့်ခြင်းများကိုဖော်ပြနေပါသည်။ ၎င်းပြင်ရောဂါဝေဒနာခံစားခြင်းများနှင့် အပြစ်များ၏အမှတ်အသားများအစား သန့်စင်ခြင်းနှင့်ငြိမ်သက်ခြင်းများ၏ဖော်ညွှန်းချက်များကိုတွေ့မြင်နေရပါသည်။ ဝမ်းမြောက်စွာကျေးဇူးတော်ချီးမွမ်းခြင်းများသည် ထိုအိမ်မှထွက်ပေါ်လာခဲ့ပြီး တွယ်ရာမဲ့နေသူကိုမျှော်လင့်ချက်ပြန်လည်ရရှိစေခဲ့သော၊ မလှုပ်နိုင်မရှားနိုင်ဖြစ်နေသူအား ခွန်အားပြန်လည်ရရှိစေခဲ့သော သားတော်ဘုရားအားဖြင့် ထာဝရဘုရားကိုချီးမွမ်းထောမနာပြုခဲ့ကြပါသည်။ ဤသူနှင့်၎င်း၏မိသားစုများသည် ခရစ်တော်အတွက် ၎င်းတို့၏အသက်တာကိုပေးရန် အဆင်သင့်ရှိခဲ့ကြပါသည်။ ဝိညာဉ်ရေးမှောင်မိုက်ကျသော ၎င်းတို့၏မိသားစုထံသို့

အလင်းတရားယူဆောင်လာခဲ့သော ကိုယ်တော့်အပေါ်ထားရှိသည့် ၎င်းတို့၏ယုံကြည်ခြင်းကိုမှေးမှိန်စေမည့် မည်သည့်သံသယမျှသူတို့၌မရှိသကဲ့သို့ ခရစ်တော်၏ကျေးဇူးကိုစောင့်သိရှိသေခြင်းပျက်ယွင်းစေမည့် မည်သည့်မယုံကြည်မှုမျိုးမှ သူတို့တွင်မရှိခဲ့ချေ။

-၀-



## (၂၈)
## အခွန်ခံမဿဲ

ရှင်မဿဲ ၉း၉-၁၇။ မာကု ၂း၁၄-၂၂။ လုကာ ၅း၂၇-၃၉
တို့ကိုအခြေပြုထားပါသည်

ပါလေတိနပြည်တွင် တာဝန်ထမ်းဆောင်နေကြသောရောမအစိုးရအရာရှိများထဲတွင် အခွန်ခံများသည် လူမုန်းအများဆုံးဖြစ်ကြသည်။ အခြားနိုင်ငံတစ်ခု၏အစိုးရမှစည်းကြပ်နေသောအခွန်တော်များသည် မိမိတို့၏လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်းကို သတိရစေလျက် ယုဒလူများအား အမြဲမပြတ်စိတ်ဆိုးအမျက်ထွက်စေခဲ့ပါသည်။ ၎င်းပြင်အခွန်ခံများသည် ရောမအစိုးရ၏အသုံးခံပစ္စည်းသက်သက်သာမဟုတ်ဘဲ မိမိတို့ကိုယ်ကျိုးအတွက်လည်း ခြောက်လှန့်၍ တောင်းတတ်ကြသူများဖြစ်ကာ ယုဒလူများကိုကုပ်သွေးစုတ်လျက် ချမ်းသာကြွယ်ဝနေကြသူများဖြစ်ကြသည်။ ရောမအစိုးရမှပေးအပ်သောရာထူးကိုလက်ခံသောယုဒလူအား အမျိုးသားသစ္စာဖောက်အနေဖြင့် မှတ်ယူကြပါသည်။ သူသည် ဖောက်ပြန်သူတစ်ဦးအဖြစ် အထင်သေးခံရပြီး လူ့အဖွဲ့အစည်းတွင် အယုတ်ညံ့ဆုံးသူအဖြစ် သတ်မှတ်ခြင်းခံရပါသည်။

ခရစ်တော်၏အမှုတော်အတွက် ပထမမြောက်ခေါ်တော်မူခြင်းခံခဲ့ရသောမဿဲသည် ထိုအတန်းအစားထဲတွင် ပါဝင်သောသူတစ်ယောက်ဖြစ်ပါသည်။ ၎င်း၏ရာထူးတာဝန်ပေါ်မူတည်၍ ဖါရိရှဲများသည် မဿဲကိုဆုံးဖြတ်ခဲ့ကြသော်လည်း ထိုသူသည် သမ္မာတရားကိုလက်ခံရန်အတွက်စိတ်နှလုံးကိုဖွင့်လှစ်ထားကြောင်းကို ခရစ်တော်မြင်တွေ့ခဲ့ပါသည်။ မဿဲသည် ခရစ်တော်၏သွန်သင်ချက်များကို ကြားနာခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူကျူးလွန်ခဲ့သည့်အပြစ်များကို ထင်ရှားစွာသိသာစေခဲ့သည့်အတွက် ၎င်းသည် ခရစ်တော်ထံတွင် အမအစတောင်းခံရန်တောင့်တခဲ့ပါသည်။ သို့သော်သူသည် ကျမ်းတတ်ဆရာများ၏ "ပ" ထားခြင်း

ခံရသူဖြစ်သဖြင့် ခရစ်တော်သည် မိမိအားအလေးတယူပြုလိမ့်မည်ဟု မထင်မိခဲ့ချေ။

တစ်နေ့သ၌ ထိုအခွန်ခံသည် မိမိ၏အခွန်ကင်းတဲထဲတွင် ထိုင်နေစဉ် ခရစ်တော်ကြွလာတော်မူသည်ကိုမြင်တွေ့ခဲ့ရပါသည်။ ထိုစဉ်တွင် မိမိအား "ငါ့နောက်သို့လိုက်လော့" ဟုမိန့်တော်မူသံကိုကြားရသောအခါ အလွန်အံ့ဩသွားခဲ့ပြီး သူသည် ရှိသမျှကိုစွန့်ပစ်လျက် နောက်တော်သို့ လိုက်လေ၏။ နှောင့်နှေးကြန့်ကြာမှုမရှိခဲ့ချေ။ မေးမြန်းစုံစမ်းခြင်းကိုလည်း မပြုခဲ့ချေ။ အကျိုးစီးပွားဖြစ်ထွန်းသောလုပ်ငန်းတစ်ခုကို ဒုက္ခဆင်းရဲခြင်းများနှင့်လဲလှယ်ရမည်ဆိုသည့်အတွေးကိုလည်း မတွေးမိခဲ့ချေ။ ခရစ်တော်နှင့် အတူနေ၍ ကိုယ်တော်၏နှုတ်ထွက်စကားများကိုကြားနာကာ ကိုယ်တော်နှင့်လက်တွဲ၍ အမှုတော်ဆောင်ရမည့်အခွင့်သည် ၎င်းအတွက် လုံလောက်သောလိုအပ်ချက်ဖြစ်ပါသည်။

၎င်း၏အလျင်ခေါ်တော်မူခြင်းခံခဲ့ရသောတမန်တော်များသည်လည်း ထိုနည်းအတိုင်းဖြစ်ကြပါသည်။ ခရစ်တော်သည် ပေတရုနှင့် ၎င်း၏ အပေါင်းအသင်းများအား နောက်တော်သို့လိုက်ရန်ခေါ်တော်မူသောအခါ ၎င်းတို့သည် မိမိတို့လှေများနှင့်ပိုက်ကွန်များကိုစွန့်ပစ်ထားခဲ့ကြပါသည်။ အချို့သောတမန်တော်ကြီးများတွင် မှီခိုသူများရှိကြသည်။ သို့သော် သူတို့သည် ခရစ်တော်ထံမှဖိတ်ခေါ်သံကိုကြားရသောအခါ မိမိမည်ကဲ့သို့ နေထိုင်ရမည်ကိုလည်းကောင်း၊ မိမိ၏မိသားစုကိုမည်ကဲ့သို့ကျွေးမွေးပြုစုရမည်ကိုလည်းကောင်း မေးမြန်းစုံစမ်းခြင်းဖြင့် နှောင့်နှေးကြန့်ကြာမှု မရှိခဲ့ချေ။ သူတို့သည် ခရစ်တော်၏ခေါ်တော်မူခြင်းကိုလက်ခံခဲ့ကြကာ နောက်ပိုင်းတွင် ခရစ်တော်က ၎င်းတို့အား "အထက်ကငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းမပါဘဲ သွားကြလော့ဟု သင်တို့ကိုငါစေလွှတ်သောအခါ တစ်စုံတစ်ခု လိုသလောဟုမေးလျှင် တစ်စုံတစ်ခုမျှမလိုပါ" ဟုလျှောက်ကြ၏။ လုကာ ၂၂း၃၅။

မဿဲအား ၎င်း၏ချမ်းသာကြွယ်ဝသောအခြေအနေတွင်လည်းကောင်း၊ အန္ဒြေနှင့်ပေတရုတို့ကို ၎င်းတို့၏ဆင်းရဲသောဘဝတွင်





လည်းကောင်း တူညီသောစမ်းသပ်မှုကိုပြုတော်မူခဲ့ပြီး ထိုသူတို့သည် တူညီသောဆက်ကပ်အပ်နှံမှုကိုပြုခဲ့ကြပါသည်။ ပိုက်ကွန်အပြည့်ငါးများကို ဖမ်းမိကာ တံငါသည်ဘဝ၏စိတ်ဇောအပြင်းထန်ဆုံးသောအချိန်တွင် ခရစ်တော်သည် ထိုတမန်တော်များအား ဧဝံဂေလိအမှုတော်အတွက် အရာခပ်သိမ်းကိုစွန့်ပစ်ကာ နောက်တော်သို့လိုက်ကြရန် ဂါလိလဲအိုင်တွင် မိန့်တော်မူခဲ့ပါသည်။ ထိုနည်းနှင့်နှင်ပင် အသက်ဝိညာဉ်တိုင်းသည် တဒင်္ဂကောင်းစားရေးနှင့် ခရစ်တော်၏နောက်တော်သို့လိုက်ရေးတွင် မည်သည့်အရာကိုအလေးသာဆန္ဒရှိကြမည်ကို အစမ်းသပ်ခံကြရသည်။

နိယာမတရားသည် အမြဲတမ်းတိကျမှုရှိပါသည်။ မည်သူမဆို မိမိ၏ အသက်တာတစ်ခုလုံးကို အမှုတော်တွင်မြှုပ်နှံ၍ ခရစ်တော်ကိုအထူးသိကျွမ်းမှုအတွက် အရာခပ်သိမ်းတို့ကိုဆုံးရှုံးသောအရာဟူ၍ မမှတ်ယူလျှင် ထာဝရဘုရား၏အမှုတော်တွင် အောင်မြင်မှုကိုမရနိုင်ကြချေ။ ဆက်ကပ်အပ်နှံမှုကို ခွင်းချန်ထားသောသူသည် ခရစ်တော်၏တမန်တော်မဖြစ်နိုင်သည့်အပြင် ကိုယ်တော်၏လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်နိုင်ဖို့လည်း အလှမ်းကွာဝေးလှပါသည်။ လူများသည် ကြီးမြတ်သောကယ်တင်ခြင်းကို မှန်ကန်စွာနားလည်သဘောပေါက်လာသောအခါ ခရစ်တော်၏အသက်တာတွင်တွေ့ရသောကိုယ်ကျိုးစွန့်သည့်စိတ်ထားများကို ၎င်းတို့၏အသက်တာတွင်တွေ့ရပါလိမ့်မည်။ ကိုယ်တော်ရှင်ပို့ဆောင်သောလမ်းကို သူတို့သည် ဝမ်းမြောက်ပျော်ရွှင်စွာလိုက်လျှောက်ကြပါလိမ့်မည်။

မဿဲအား ခရစ်တော်၏တမန်တော်တစ်ပါးဖြစ်လာရန် ခေါ်တော်မူခြင်းသည် ကြီးကျယ်သောအမျက်ဒေါသများကို နှိုးဆွခဲ့ခြင်းဖြစ်ပါသည်။ ဘာသာတရားကိုင်းရှိုင်းသောဆရာတစ်ပါးအတွက် အခွန်ခံတစ်ဦးကို မိမိနှင့်အတူလုပ်ကိုင်ဆောင်ရွက်သူတစ်ဦးအနေဖြင့် ရွေးချယ်ခြင်းသည် ဘာသာရေးထုံးစံကိုလည်းကောင်း၊ လူမှုရေးနှင့်အမျိုးသားရေးဓလေ့ထုံးစံများကိုလည်းကောင်း ဆန့်ကျင်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ယုဒလူများအား တစ်ဖက်သတ်အထင်လွဲမှားမှုဖြစ်စေဖို့ စိတ်ပြောင်းလဲစေခြင်းအားဖြင့် ခရစ်တော်၏ရေပန်းစားမှုကို ဆန့်ကျင်ဖီလာလုပ်ရန် မျှော်လင့်ခဲ့ကြပါသည်။

အခွန်ခံများ၏အသိုက်အဝန်းတွင်မူ စိတ်ဝင်စားမှုများကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေပါသည်။ ၎င်းတို့၏စိတ်နှလုံးများသည် ခရစ်တော်ဘက်သို့ယိမ်းယိုင်ခဲ့ကြပါသည်။ တမန်တော်အဖြစ်ခေါ်တော်မူခြင်းခံရခြင်းအတွက်ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မသဲသည် မိမိ၏လုပ်ဖော်ဆောင်ဖက်ဟောင်းများကို သခင်ယေရှုထံသို့ခေါ်ဆောင်ရန် လိုလားခဲ့ပါသည်။ သို့ဖြစ်၍ သူသည် ထမင်းစားပွဲတစ်ခုကို မိမိ၏အိမ်တွင်ကျင်းပကာ ဆွေမျိုးများနှင့်မိတ်ဆွေများကိုစုရုံးစေခဲ့ပါသည်။ ထိုစားပွဲတွင် အခွန်ခံများသာမက သံသယမကင်းဖွယ်သောနာမည်သတင်းရှိသူများနှင့် အပြစ်ရှာတတ်သောအိမ်နီးချင်းမိတ်ဆွေများ၏မတရားသင်းကြေညာခြင်းခံထားရသူများလည်းပါဝင်ခဲ့ကြပါသည်။

ထိုဧည့်ခံပွဲကို ခရစ်တော်အား ဂုဏ်ပြုသည့်အနေနှင့် ကျင်းပခဲ့ခြင်းဖြစ်သဖြင့် ၎င်းတို့၏ဖော်ရွေမှုကို ကိုယ်တော်လက်ခံခဲ့ပါသည်။ ဤကဲ့သို့လက်ခံခဲ့ခြင်းသည် ဖါရိရှဲများအား စိတ်ဆိုးစေလိမ့်မည်ကိုလည်းကောင်း၊ ယုဒလူများမျက်မှောက်တွင် ကိုယ်တော်အားသင်္ကာမကင်းဖွယ်များဖြစ်လိမ့်မည်ကိုလည်းကောင်း ကိုယ်တော်ရှင်ကောင်းစွာသိရှိတော်မူခဲ့ပါသည်။ ထိုစီမံအုပ်ချုပ်ရေးနည်းစနစ်များ၏ မည်သည့်ယုံမှားသံသယကမျှကိုယ်တော်၏လှုပ်ရှားမှုအပေါ်တွင် ဩဇာသက်ရောက်မှုမပြုနိုင်ကြချေ။ ကိုယ်တော်၌အပြင်ပန်းထူးခြားချက်များသည် ဘာမျှအရေးမပါခဲ့ချေ။ ကိုယ်တော်၏နှလုံးသားတွင် အပူတပြင်းတောင်းခံနေသောထိုပုဂ္ဂိုလ်သည် အသက်စမ်းရေကို ဆာလောင်မွတ်သိပ်နေသောအသက်ဝိညာဉ်တစ်လုံးဖြစ်ခဲ့ပါသည်။ ခရစ်တော်သည် မိမိ၏ကိုယ်ချင်းစာနာတတ်သောစိတ်နှင့်သနားကြင်နာတတ်သောအပြုအမူများအားဖြင့် လူသားများ၏ဂုဏ်အသရေကိုအသိအမှတ်ပြုကြောင်း ပြတော်မူလျက် အခွန်ခံများ၏စားပွဲတွင် ဂုဏ်ပြုခံဧည့်သည်တစ်ယောက်အနေနှင့် ထိုင်တော်မူခဲ့ပါသည်။ ၎င်းပြင်ထိုသူများအနေနှင့် မိမိတို့သည် ကိုယ်တော်၏ယုံကြည်စိတ်ချထိုက်သောသူများဖြစ်လာရန် တောင့်တခဲ့ကြပါသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်များသည် ၎င်းတို့၏ရေငတ်နေသောနှလုံးသားများအပေါ်သို့ အသက်ကိုပေးသည့်မင်္ဂလာတန်ခိုးတော်များနှင့်အတူကျရောက်ခဲ့ပါသည်။



ထိုကဲ့သို့သောလူစုလူဝေးများတွင်ရှိသော လူများစွာတို့သည် ခရစ်တော်၏သွန်သင်ချက်များကို စွဲမှတ်ခဲ့ကြသော်လည်း ကောင်းကင်သို့ကိုယ်တော်မတက်ကြွသွားမီ အသိအမှတ်မပြုခဲ့ကြချေ။ သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းသောအချိန်တွင် လူသုံးထောင်သည် နှလုံးပြောင်းလဲခဲ့ကြပါသည်။ ထိုလူသုံးထောင်တွင် အခွန်ခံများ၏ထမင်းစားပွဲများတွင် သမ္မာတရားကို ပထမဦးစွာကြားနာခဲ့သူများ များစွာပါဝင်ကြပြီးထိုသူများထဲမှ တချို့သောတပည့်တော်များသည် ဧဝံဂေလိဟောကြားသည့်ဓမ္မအမှုဆောင်များဖြစ်လာခဲ့ကြပါသည်။ မသဲအတွက်မူ ထမင်းစားပွဲတွင်ခရစ်တော်ပေးတော်မူခဲ့သော ပုံသက်သေသည် တည်မြဲသောသင်ခန်းစာတစ်ခုဖြစ်ခဲ့ပါသည်။ သူတစ်ပါး၏အထင်သေးခြင်းကိုခံခဲ့ရသောအခွန်ခံတစ်ယောက်သည် မိမိ၏ကိုယ်ထူကိုယ်ထတရားဟောခြင်းလုပ်ငန်းတွင်သခင်၏ခြေတော်ရာများကို နီးနီးကပ်ကပ်လိုက်လျှောက်လျက် အဆက်ကပ်ဆုံးသောတရားဟောဆရာများ၌ တစ်ဦးအပါအဝင်ဖြစ်လာခဲ့ပါသည်။

သခင်ယေရှုသည် အခွန်ခံများ၏စားသောက်ပွဲတွင် ရောက်ရှိနေတော်မူကြောင်းကို ကျမ်းတတ်ဆရာများသိရှိကြသောအခါ ကိုယ်တော်အားအပြစ်ရှာရန် အခွင့်ကောင်းယူလိုက်ကြပါသည်။ သို့သော်တမန်တော်များကိုအသုံးပြု၍လုပ်ဆောင်ရန် သူတို့ရွေးချယ်ခဲ့ကြပါသည်။ တစ်ဖက်သတ်အထင်လွဲမှုများကို နှိုးဆွပေးခြင်းအားဖြင့် တပည့်တော်များအား ၎င်းတို့၏သခင်ထံမှခွဲထွက်လာဖို့ရန် သူတို့မျှော်လင့်ခဲ့ကြပါသည်။ ထိခိုက်ဒဏ်ရာအရနိုင်ဆုံးသောနေရာကို ၎င်းတို့၏မြားများအားချိန်ရွယ်လျက် ခရစ်တော်နှင့်တမန်တော်များအကြား တစ်ဦးကတစ်ဦးကိုအပြစ်တင်ကြစေဖို့လုပ်ဆောင်ရန်မှာ သူတို့ကျင့်သုံးသောဝါဒဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတွင်မသင့်မမြတ်ဖြစ်ခဲ့သည့်အချိန်မှစ၍ ဤနည်းကို စာတန်အသုံးပြုခဲ့ပြီးအချင်းချင်းစိတ်ဝမ်းကွဲပြား၍ စိမ်းကားသွားဖို့ကြိုးစားသူအားလုံးကိုစာတန်၏ဝိညာဉ်သည် လှုံ့ဆော်ပေးနေပါသည်။

“သင်တို့ဆရာသည် အခွန်ခံသောသူ၊ ဆိုးသောသူတို့နှင့်အတူ အဘယ်ကြောင့်စားသနည်း” ဟု ပြုစုသောကျမ်းတတ်ဆရာဖါရိရှဲများက တမန်တော်များအားမေးမြန်းခဲ့ကြပါသည်။

ယေရှုသည် တမန်တော်များ၏ဖြေဆိုမှုကို မစောင့်တော့ဘဲ “ကျန်းမာသောသူတို့သည် ဆေးသမားကိုအလိုမရှိကြ၊ နာသောသူတို့သာလျှင်အလိုရှိကြ၏။ ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကိုငါနှစ်သက်၏ဟူသော ကျမ်းစကားကိုနားလည်ခြင်းငှါ သင်တို့သွား၍သင်ကြလော့။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါ ငါလာသည်မဟုတ်၊ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါ ငါလာသတည်းဟု မိန့်တော်မူ၏။” ဖါရိရှဲများသည် အခွန်ခံများနှင့်တစ်ပါးအမျိုးသားတို့အား ဝိညာဉ်ရေးရောဂါစွဲကပ်ကာ ပျက်စီးဆုံးပါးသွားမည့်သူများကဲ့သို့ မှတ်ယူ၍ မိမိတို့မှာမူ ဝိညာဉ်ရေးခွန်အားနှင့်ပြည့်စုံသူများဖြစ်ပြီး ဆေးဆရာမလိုအပ်ဟု အခိုင်အမာပြောဆိုနေခဲ့ကြပါသည်။ မိမိထံမှအမအစများကို လိုအပ်နေသောလူတန်းစားများထံသို့ ဆေးဆရာတစ်ပါးအနေဖြင့် သွားရောက်စေရန်မှာ ကိုယ်တော်၏အလုပ်မဟုတ်ပါလား။

ဖါရိရှဲများသည် မိမိကိုယ်ကိုအထင်ကြီးနေကြသော်လည်း အမှန်မှာ ၎င်းတို့အထင်သေးခဲ့သောသူများထက်ပင် ၎င်းတို့၏အခြေအနေသည် ပို၍ဆိုးဝါးခဲ့ပါသည်။ အခွန်ခံတို့သည် တစ်ယူသန်မှုနှင့်ကိုယ့်ကိုကိုယ် အထင်ကြီးမှုများပိုမိုနည်းပါးကြပြီး သမ္မာတရား၏တန်ခိုးတော်အတွက် စိတ်နှလုံးကိုပို၍ဖွင့်ဟထားကြပါသည်။ ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကိုငါနှစ်သက်၏ဟူသောကျမ်းစကားကိုနားလည် ခြင်းငှါ သင်တို့သွား၍သင်ကြလော့ဟု ဖါရိရှဲများကို သခင်ယေရှုမိန့်တော်မူခဲ့ပါသည်။ ထိုသူတို့သည် ထာဝရဘုရား၏နှုတ်ကပတ်တော်ကို အဓိပ္ပါယ်ရှင်းပြရန်ပြောဆိုနေစဉ်တွင် ဘုရားသခင်၏ဝိညာဉ်တော်ကိုမူ လုံးလုံးမသိမြင်ခဲ့ကြချေ။

ဖါရိရှဲများသည် အခိုက်အတန့်အားဖြင့် ဆိတ်ဆိတ်နေခဲ့ကြသော်လည်း ကိုယ်တော်အပေါ်ထားရှိသည့် ၎င်းတို့၏ရန်ငြိုးဖွဲ့မှုသည် ပိုမို၍



ခိုင်မာလာခဲ့ကြပါသည်။ ထိုနောက်သူတို့သည် ဗတ္တိဇံဆရာယောဟန်၏ တပည့်တော်များကို ကြိုးစားရှာဖွေ၍ ၎င်းတို့အား ခရစ်တော်နှင့်ဆန့်ကျင်ဘက်ပြုရန် ကြိုးစားလှုံ့ဆော်ခဲ့ကြပါသည်။ ဤဖါရိရှဲများသည် နှစ်ခြင်းဆရာယောဟန်လုပ်ဆောင်နေသည့်အမှုတော်ကို လက်မခံခဲ့ကြချေ။ ထိုသူတို့သည် ယောဟန်၏ခြိုးခြံစွာနေထိုင်သောအသက်တာကိုလည်းကောင်း၊ သူ၏ရိုးသားသောအကျင့်နှင့် သူဝတ်သောအင်္ကျီကြမ်းကြီးများကိုလည်းကောင်း မထီလေးစားပြုကာ လက်ညှိုးထိုးခဲ့ကြပါသည်။ ၎င်းပြင် ဆရာယောဟန်အား အယူသီးသူတစ်ဦးအဖြစ်ကြေညာခဲ့ကြပါသည်။ သူသည် ၎င်းတို့၏သူတော်ကောင်းအရေခြုံခြင်းလုပ်ငန်းများတို့ကို လူသိရှင်ကြားပြစ်တင်ဝေဖန်ခဲ့သောကြောင့် သူတို့သည် ၎င်း၏စကားများကို လက်မခံခဲ့ကြဘဲ ယုဒလူများအား ၎င်းနှင့်ဆန့်ကျင်ဖို့လှုံ့ဆော်ပေးရန် ကြိုးစားခဲ့ကြပါသည်။

ဤမထီလေးစားပြုနေသူများ၏စိတ်နှလုံးကို ဘုရားသခင်၏ ဝိညာဉ်တော်သည် အပြစ်ကိုထင်ရှားစွာသိမြင်ရန် လှုပ်ရှားပေးခဲ့သော်လည်း ၎င်းတို့သည် ဘုရားသခင်၏ပြုပြင်တော်မူခြင်းကိုငြင်းပယ်ခဲ့ကြပြီး ဆရာယောဟန်သည် နတ်ဆိုးစွဲနေသူတစ်ဦးဖြစ်ကြောင်း ကြေညာခဲ့ကြသည်။

ယခုတွင် သခင်ယေရှုသည် လူများနှင့်ရောယှက်လျက် ၎င်းတို့၏စားပွဲ၌ ၎င်းတို့နှင့်အတူစားသောက်သောအခါတွင် ကိုယ်တော်အား အစားကြူးသူ၊ စပျစ်ရည်သောက်ကြူးသူဖြစ်သည်ဟု သူတို့စွပ်စွဲခဲ့ကြပါသည်။ ဤစွပ်စွဲမှုကိုပြုသောသူတို့သည် မိမိကိုယ်တိုင်အပြစ်ရှိသောသူများဖြစ်နေခဲ့ကြပါသည်။ စာတန်သည် ထာဝရဘုရားအား မှားယွင်းစွာရုပ်လုံးဖော်ပြီး မိမိ၏ကြန်အင်လက္ခဏာများကို ဆင်မြန်းပေးခဲ့သကဲ့သို့ ဤလူဆိုးများသည်လည်း ဘုရားသခင်၏စေတမန်ကို မှားယွင်းစွာစွပ်စွဲပြောဆိုနေခဲ့ကြပါသည်။

ဝိညာဉ်ရေးအမှောင်ကမ္ဘာမှအခွန်ခံများနှင့် ဆိုးသွမ်းသောသူများထံသို့ ကောင်းကင်မှအလင်းတရားကိုဖြန့်ဝေပေးရန်အလို့ငှါ ခရစ်တော်သည် ထိုသူတို့နှင့်အတူစားသောက်နေသည်ကို ဖါရိရှဲများမစဉ်းစားမိခဲ့ကြချေ။

ကိုယ်တော်ရှင်၏နှုတ်တော်မှယိုစီးလာသောစကားလုံးတိုင်းသည် အညှောက်အစို့များပေါက်ကာ ထာဝရဘုရား၏ဘုန်းတော်ကိုထွန်းလင်းစေမည့် အသီးအပွင့်များသီးပွင့်လာမည့် အသက်ရှိသောမျိုးစေ့များဖြစ်ကြောင်းကိုလည်း သူတို့မမြင်တွေ့ခဲ့ကြချေ။ သူတို့သည် ထိုအလင်းတရားကိုလက်မခံရန်ဆုံးဖြတ်ကြပြီး ဆရာယောဟန်၏လုပ်ငန်းကို ဆန့်ကျင်ခဲ့ကြသော်လည်း အတူတကွပူးပေါင်း၍ ခရစ်တော်ကိုဆန့်ကျင်ဖို့မျှော်လင့်လျက် ဆရာယောဟန်၏တပည့်များနှင့်မိတ်ဆွေပြုလုပ်ရန် သူတို့အသင့်ရှိခဲ့ကြပါသည်။ သခင်ယေရှုသည် ရှေးရိုးရာဓလေ့များကို အာခံဆန့်ကျင်နေသည်ဟု သူတို့ဖော်ပြပြောဆိုကြပြီး ဆရာယောဟန်၏အလွန်ခြိုးခြံသောဘုရားတရားရှိသေခြင်းနှင့်အခွန်ခံများ၊ ဆိုးသွမ်းသူများနှင့်အတူစားသောက်နေသည့် ခရစ်တော်၏အပြုအမူများကို ကွဲပြားခြားနားအောင်ဖော်ပြခဲ့ကြပါသည်။

ယောဟန်၏တပည့်များသည် မိမိဆရာအမေးခိုင်းသည့်အရာများကို ခရစ်တော်ထံတွင်လာရောက်မမေးမြန်းကြမီတွင် ဝမ်းနည်း၍စိတ်ဒုက္ခရောက်နေကြပါသည်။ သူတို့ချစ်ကြသောဆရာယောဟန်သည် ထောင်ကျနေသဖြင့် ဝမ်းနည်းမှုများဖြင့်သာ တစ်နေ့ပြီးတစ်နေ့ကုန်လွန်ခဲ့ပါသည်။ သခင်ယေရှုသည် ဆရာယောဟန်လွတ်မြောက်ရေးအတွက်မည်သည့်ကြိုးစားမှုကိုမျှမလုပ်ခဲ့သည့်အပြင် ဆရာယောဟန်၏သွန်သင်ချက်ကိုပင် အသရေပျက်စေမည့်လက္ခဏာရှိနေခဲ့ပါသည်။ အကယ်၍ဆရာယောဟန်ကို ဘုရားသခင်စေလွှတ်တော်မူခဲ့လျှင် သခင်ယေရှုနှင့်၎င်း၏တပည့်တော်များ၏ပြုမူဆောင်ရွက်ပုံများသည် အဘယ်ကြောင့်ဆရာယောဟန်၏လုပ်နည်းလုပ်ဟန်များနှင့် သိသိသာသာကွဲပြားခြားနားနေရသနည်း။

ယောဟန်၏တပည့်များသည် ခရစ်တော်၏အမှုတော်အကြောင်းကိုရှင်းရှင်းလင်းလင်းနားမလည်ခဲ့ကြဘဲ ဖါရိရှဲတို့၏စွပ်စွဲချက်များအတွက်အခြေအမြစ်များရှိကောင်းရှိနိုင်လိမ့်မည်ဟု သူတို့ထင်မြင်ယူဆခဲ့ကြပါသည်။ သူတို့သည် ဖါရိရှဲများပြဋ္ဌာန်းထားသည့် ဥပဒေစည်းကမ်းများစွာတို့ကိုစောင့်ထိန်းခဲ့ကြပြီး ပညတ်တော်အတိုင်းကျင့်ဆောင်ခြင်းအားဖြင့်



ဖြောင့်မတ်ရာသို့ရောက်မည်ဟု မျှော်လင့်ထားကြသူများဖြစ်ခဲ့ကြပါသည်။ ယုဒလူမျိုးများသည် အစာရှောင်ခြင်းကို ကောင်းမှုကုသိုလ်တစ်ခုအနေနှင့်ကျင့်သုံးခဲ့ကြပြီး ၎င်းတို့အထဲမှတိတိကျကျကျင့်ဆောင်သူများသည် ရက်သတ္တတစ်ပတ်တွင်နှစ်ရက်အစာရှောင်ကြပါသည်။

ဆရာယောဟန်၏တပည့်များသည် ခရစ်တော်ထံသို့လာ၍ "အကျွန်ုပ်တို့နှင့်ဖါရိရှဲတို့သည် အဖန်တလဲလဲအစာရှောင်ကြသည်ဖြစ်၍ အဘယ်ကြောင့်ကိုယ်တော်၏တပည့်တော်တို့သည် အစာမရှောင်ဘဲနေကြပါသနည်း" ဟု လာရောက်မေးမြန်းသောအချိန်တွင် ၎င်းတို့နှင့်ဖါရိရှဲများသည် အစာရှောင်နေသောအချိန်ဖြစ်ပါသည်။

ခရစ်တော်သည် ထိုသူတို့အား အလွန်နူးညံ့သိမ်မွေ့စွာဖြင့် ဖြေကြားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အစာရှောင်ခြင်းနှင့်ပတ်သက်သည့် ၎င်းတို့၏မှားယွင်းသောအယူအဆများကို အမှားပြင်ရန်ကြိုးစားတော်မမူဘဲ မိမိ၏အမှုတော်နှင့်ပတ်သက်၍ အမြင်မှန်ရအောင်သာကြိုးစားတော်မူခဲ့ပါသည်။ ဤကြိုးစားမှုကိုဆောင်ရွက်ရန် မိမိအကြောင်းကို ဆရာယောဟန်သက်သေခံစဉ်က အသုံးပြုခဲ့သည့်တင်စားဖော်ပြမှုကိုပင် အသုံးပြုတော်မူခဲ့ပါသည်။ "မင်္ဂလာဆောင်သတို့သမီးကိုရသောသူသည် မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာဆောင်လုလင်၏အနားမှာနေ၍ သူ၏စကားသံကိုကြားသောအားဖြင့် ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ဝမ်းမြောက်ခြင်းပြည့်စုံ၏" ဟု ဆရာယောဟန်ပြောကြားခဲ့ဖူးပါသည်။ (ယောဟန် ၃း၂၉)။ ယေရှုက "မင်္ဂလာဆောင်လုလင်သည် မိမိအပေါင်းအဖော်တို့နှင့်အတူရှိစဉ်အခါ သူတို့သည် စိတ်မသာညည်းတွားတတ်ကြသလော" ဟု သာဓကပြ၍ မိန့်တော်မူသောအခါ ယောဟန်၏တပည့်များသည် မိမိတို့ဆရာပြောခဲ့သည့်မင်္ဂလာဆောင်လုလင်နှင့်ပတ်သက်သည့်စကားများကို ပြန်လည်သတိရအောက်မေ့ခဲ့ကြပါသည်။

ကောင်းကင်နိုင်ငံ၏ဘုရင်သည် ကိုယ်တော်၏လူမျိုးများထဲတွင်ရှိနေခဲ့ပါသည်။ ထာဝရဘုရားရှင်၏အကြီးမြတ်ဆုံးသောလက်ဆောင်မွန်ကိုကမ္ဘာသူကမ္ဘာသားများအားပေးသနားတော်မူခဲ့ပြီး ဆင်းရဲသားများအတွက်

ဝမ်းမြောက်ဖွယ်ဖြစ်ခဲ့ပါသည်။ အကြောင်းမူကား ခရစ်တော်သည် ၎င်းတို့အား နိုင်ငံတော်ကို အမွေခံသူများဖြစ်စေအောင်ပြုလုပ်ရန် ကြွလာတော်မူခဲ့ပါသည်။ လူချမ်းသာများအတွက်လည်း ဝမ်းမြောက်စရာဖြစ်ခဲ့ပါသည်။ အကြောင်းမူကား ကိုယ်တော်ရှင်သည် ၎င်းတို့အား ထာဝရကြွယ်ဝမှုကို မည်ကဲ့သို့ရယူရမည်အကြောင်းကို သွန်သင်တော်မူပါလိမ့်မည်။ ပညာမတတ်သူများတို့အတွက်လည်း ဝမ်းမြောက်စရာဖြစ်ခဲ့ပါသည်။ အကြောင်းမူကား ကိုယ်တော်ရှင်သည် ၎င်းတို့အားကယ်တင်ခြင်းအလို့ငှါ ပညာကိုပေးတော်မူလိမ့်မည်။ ပညာရှိများတို့အတွက်လည်း ဝမ်းမြောက်စရာဖြစ်ခဲ့ပါသည်။ အကြောင်းမူကား ၎င်းတို့နားလည်ထားသည်ထက်ပို၍ နက်ရှိုင်းသောအရာများတို့ကို ၎င်းတို့အားဖွင့်ပြတော်မူလိမ့်မည်။ ကမ္ဘာဦးမှစ၍ တိမ်မြုပ်ဖုံးကွယ်နေသောသမ္မာတရားများသည် ခရစ်တော်၏ အမှုတော်အားဖြင့် လူသားများအားဖွင့်ပြတော်မူလိမ့်မည်။

ဆရာယောဟန်သည် ကယ်တင်ရှင်ကို ဖူးမြော်ခဲ့ရသဖြင့် ဝမ်းမြောက်ခဲ့ပါသည်။ ကယ်တင်ရှင်နှင့်လျှောက်လှမ်းခွင့်၊ စကားပြောဆိုခွင့် ရခဲ့ကြသောတမန်တော်များမှာမူ အလွန်ဝမ်းမြောက်ဖွယ်သောအခါအခွင့်ကိုရရှိခဲ့ကြသည်မဟုတ်ပါလား။ ထိုအချိန်တွင် ၎င်းတို့အနေနှင့်ဝမ်းနည်းနေပြီး အစာရှောင်နေရန်မဟုတ်ချေ။ အမှောင်ထုနှင့်သေမင်း၏အရိပ်လွှမ်းမိုးနေသောကမ္ဘာတွင်ရှိနေကြသောသူများအား အလင်းတရားဖြန့်ချိနိုင်ရန်အလို့ငှါ သူတို့သည် ကိုယ်တော်ထံမှအလင်းတရားများကိုရရှိရန် မိမိတို့၏စိတ်နှလုံးကိုဖွင့်ထားရမည့်အချိန်ဖြစ်ပါသည်။

ခရစ်တော်၏မိန့်ဆိုချက်များသည် လှပသောအရုပ်ကားတစ်ချပ်ကို သတိရအောက်မေ့စေခဲ့သော်လည်း ကိုယ်တော်ရှင်တစ်ပါးတည်းသာသိမြင်ခဲ့သည့်အရိပ်မည်းကြီးတစ်ခုသည် ထိုအရုပ်ကိုကား ကန့်လန့်ဖြတ်၍တည်ရှိနေခဲ့ပါသည်။ ထိုအကြောင်းအရာကိုရည်စူး၍ "မင်္ဂလာဆောင်လုလင်ကို သူ၏အပေါင်းအဖော်တို့နှင့်ခွာ၍ ယူသွားသောအချိန်ကာလရောက်လိမ့်မည်။ ထိုအခါသူတို့သည် အစာရှောင်ကြလိမ့်မည်" ဟု ယေရှုမိန့်တော်မူခဲ့ပါသည်။ သခင်ယေရှုကိုဖမ်းဆီး၍ ကပ်တိုင်တင်ကြသည်ကိုတွေ့မြင်သော



အချိန်တွင် တမန်တော်များသည် စိတ်မသာညည်းတွား၍ အစာရှောင်ကြပါလိမ့်မည်။ အထက်ခန်းတွင် တမန်တော်များအား နောက်ဆုံးမိန့်တော်မူခဲ့သောစကားများတွင် "ခဏကြာပြီးမှ သင်တို့သည် ငါ့ကိုမမြင်ရကြ၊ တစ်ဖန်ခဏကြာပြီးမှ ငါ့ကိုတစ်ဖန်မြင်ကြပြန်လိမ့်မည်ဟု ငါပြောသောစကားကို သင်တို့သည် အချင်းချင်းဆင်ခြင်ကြသလော။ ငါအမှန်အကန်ဆိုသည်ကား သင်တို့သည် ငိုကြွေးမြည်တမ်းခြင်းရှိကြလိမ့်မည်။ လောကီသားတို့သည် ဝမ်းမြောက်ခြင်းရှိကြလိမ့်မည်။ သင်တို့မူကား ဝမ်းနည်းခြင်းရှိသော်လည်း ထိုဝမ်းနည်းခြင်းသည် တစ်ဖန်ဝမ်းမြောက်ခြင်းဖြစ်လိမ့်မည်" (ယောဟန် ၁၆း၁၉-၂၀) ဟူ၍ပါဝင်ခဲ့၏။

ကိုယ်တော်ရှင်သည် သချိုင်းတွင်းမှထမြောက်လာသောအခါ သူတို့၏ဝမ်းနည်းမှုများသည် ဝမ်းမြောက်မှုများသို့ပြောင်းလဲသွားခဲ့လိမ့်မည်။ ကောင်းကင်နိုင်ငံသို့တက်ကြွသွားခဲ့ပြီးနောက် ကိုယ်တော်ရှင်သည် ထိုသူများအလယ်တွင် ကိုယ်တိုင်ကိုယ်ကြပ်ရှိတော်မမူခဲ့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ၎င်းတို့နှင့်အတူ ဆက်လက်၍ရှိနေတော်မူသဖြင့် မိမိတို့၏အချိန်များကို စိတ်မသာညည်းတွားခြင်းအားဖြင့် ကုန်လွန်စေရမည်မဟုတ်ချေ။ သို့သော် ထိုနည်းအားဖြင့် အချိန်ဖြုန်းရန် စာတန်လိုလားခဲ့ပါသည်။ မိမိတို့သည် အလိမ်ခံခဲ့ရကာ အကြံမထမြောက်အောင် ဟန့်တားခြင်းခံခဲ့ရသော်လည်း ယုံကြည်ခြင်းအားဖြင့် မိမိတို့အတွက် ခရစ်တော်အမှုတော်ဆောင်နေသည့် အထက်ကောင်းကင်ဘုံမှဗိမာန်တော်ကိုသာမျှော်ကြည့်ကြဖို့ လူသားများအနေဖြင့်သိရှိကြရန် ကိုယ်တော်ရှင်လိုလားတော်မူခဲ့ပါသည်။ ၎င်းပြင်တမန်တော်များအနေဖြင့် ကိုယ်တော်ရှင်၏ကိုယ်စားလှယ်တော်ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်ဝင်ရောက်လာနိုင်ရန် စိတ်နှလုံးကိုဖွင့်ထားရန်နှင့် ကိုယ်တော်ရှင်၏အလင်းတော်တွင် ဝမ်းမြောက်ခြင်းရှိကြရန် ကိုယ်တော်ရှင်လိုလားတော်မူခဲ့ပါသည်။ သို့စေကာမူ တမန်တော်များသည် ဤကမ္ဘာ၏အကြီးအကဲအုပ်ချုပ်သူများ၊ အမှောင်ကမ္ဘာမှခေါင်းဆောင်များနှင့်တိုက်လှန်မှုများဖြစ်လာသောအခါတွင်သော်လည်းကောင်း၊ ခရစ်တော်သည် ၎င်းတို့နှင့်ကိုယ်တိုင်ကိုယ်ကြပ်

ရှိတော်မမူ၍ သန့်ရှင်းသောဝိညာဉ်တော်ကိုခွဲခွဲခြားခြားမသိရှိကြသောအခါတွင်သော်လည်းကောင်း စုံစမ်းနှောင့်ယှက်ခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းကာလသည် ရောက်လာမည်ဖြစ်သဖြင့် ထိုအချိန်သည် ၎င်းတို့အတွက် အစာရှောင်ရန်ပို၍သင့်လျော်သောအချိန်ဖြစ်ပါလိမ့်မည်။

မိမိတို့၏စိတ်နှလုံးများသည် မနာလိုငြူစူသောစိတ်များ၊ ရန်လိုသောစိတ်များဖြင့်ပြည့်ဝနေကြစဉ်တွင် ထုံးတမ်းစဉ်လာများကိုတိကျကျပ်တည်းစွာစောင့်ရှောက်မှုများအားဖြင့် မိမိကိုယ်ကိုချီးမြှောက်ရန် ဖါရိရှဲများကြိုးစားခဲ့ကြပါသည်။ "သင်တို့သည် ငြင်းခုံရန်တွေ့လျက် အဓမ္မလက်ဆုပ်နှင့်ထိုးလျက် အစာရှောင်ကြ၏။ မြင့်သောအရပ်၌ မိမိတို့အသံကိုကြားစေခြင်းငှါ ယခုကာလအခါအစာရှောင်ကြသည်မဟုတ်။ ငါနှစ်သက်သောအစာရှောင်ခြင်းသည် ထိုသို့သောလက္ခဏာရှိသလော။ လူသည်တစ်ရက်တွင်ခြိုးခြံစွာကျင့်ခြင်း၊ ကိုင်းပင်ကဲ့သို့ဦးချခြင်း၊ အိပ်ရာဖို့လျော်တေနှင့်ပြာကိုခင်းခြင်း၊ လက္ခဏာရှိလျှင် အစာရှောင်ခြင်းဟူ၍လည်းကောင်း၊ ထာဝရဘုရားနှစ်သက်တော်မူသောနေ့ရက်ဟူ၍လည်းကောင်း မှည့်အပ်သလော။" ဟေရှာ ၅၈း၄-၅။

စစ်မှန်သောအစာရှောင်ခြင်းသည် အပြင်ပန်းလုပ်ဆောင်မှုသက်သက်သာမဟုတ်ချေ။ သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည့် ဘုရားသခင်နှစ်သက်သောအစာရှောင်ခြင်းမှာ "မတရားသောအချည်အနှောင်ကိုချွတ်ခြင်း၊ လေးသောဝန်ကိုချခြင်း၊ ညှဉ်းဆဲခံရသောသူတို့ကိုလွှတ်ခြင်း၊ ထမ်းပိုးရှိသမျှကိုချိုးခြင်း" များနှင့် "မွတ်သိပ်သောသူနှင့် ဆင်းရဲခံရသောသူကို သနားသောစိတ်နှင့် ချမ်းသာပေးခြင်း" များဖြစ်ကြပါသည်။ (ဟေရှာ ၅၈း၆၊၁၀)။ ဤနေရာတွင် ခရစ်တော်၏စိတ်ဓာတ်နှင့်စာရိတ္တတော်ကို အစချီထားပါသည်။ ကိုယ်တော်ရှင်၏သက်တော်စဉ်တစ်ခုလုံးသည် ကမ္ဘာသူကမ္ဘာသားများ၏ကယ်တင်ခြင်းအတွက် မိမိကိုယ်ကိုဆက်ကပ်ခဲ့ပါသည်။ စုံစမ်းခြင်းခံခဲ့ရသော၊ တောထဲ၌အစာရှောင်နေသောအချိန်တွင်ဖြစ်စေ၊ မသဲ၏စားပွဲတွင်အခွန်ခံများနှင့်အတူ စားသောက်နေသည့်အချိန်တွင်ဖြစ်စေ ကိုယ်တော်သည် ပျောက်ဆုံးနေသောလူသားများ၏ကယ်တင်ခြင်း



အတွက် မိမိ၏အသက်ကိုပေးလျက်ရှိခဲ့ပါသည်။ မည်သည့်အရာကိုမျှမလုပ်ဘဲ ငိုကြွေးညည်းတွားနေခြင်းများတွင်လည်းကောင်း၊ ခန္ဓာကိုယ်ကိုနှိမ့်ချအသရေယုတ်စေခြင်းနှင့် များပြားစွာသောယဇ်ပူဇော်ခြင်းများတွင်လည်းကောင်း၊ ဆက်ကပ်အပ်နှံခြင်းအတွက် စစ်မှန်သောစိတ်သဘောထားကိုမထင်ရှား၊ မပေါ်လွင်စေချေ။ သို့သော် ထာဝရဘုရားအတွက်သော်လည်းကောင်း၊ လူသားများအတွက်သော်လည်းကောင်း မိမိအလိုဆန္ဒအလျောက် မစဆောင်ရွက်မှုများတွင် မိမိကိုယ်ကိုလုံးလုံးဆက်ကပ်ခြင်း၌သာ ဆက်ကပ်အပ်နှံခြင်းအတွက် စစ်မှန်သောစိတ်ထားကိုပြသနိုင်ပါသည်။

သခင်ယေရှုသည် ဆရာယောဟန်၏တပည့်များအား ပုံပမာအားဖြင့် ဆက်လက်ဖြေကြားသည်မှာ "အဝတ်ဟောင်းကို အဝတ်သစ်နှင့်ဖါလေ့မရှိ၊ ထိုသို့ဖါလျှင် ဖါသောအထည်သည် အဝတ်ဟောင်းကိုစား၍အပေါက်ကျယ်တတ်၏" ဟူသတည်း။ ဗတ္တိဇံဆရာယောဟန်၏သတင်းစကားများကို ရိုးရာဓလေ့များ၊ အစွဲအလမ်းကြီးမှုများနှင့်ရောယှက်၍မရချေ။ ဖါရိရှဲများ၏ဘာသာရေးအရေခြုံမှုကို ဆရာယောဟန်၏ဆက်ကပ်အပ်နှံခြင်းနှင့်ရောယှက်ရန် ကြိုးစားခြင်းသည် ၎င်းတို့အကြားဖြစ်ပွားနေသောပဋိပက္ခကိုပိုမိုထင်ရှားစေခဲ့ပါသည်။

ထိုနည်းအတူ ခရစ်တော်၏သွန်သင်ချက်စည်းမျဉ်းများကို ဖါရိရှဲများ၏ထုံးတမ်းဓလေ့များနှင့်အတူ ပူးပေါင်းရန်မှာမဖြစ်နိုင်ချေ။ ဆရာယောဟန်၏သွန်သင်ချက်များကြောင့် ဖြစ်ပွားခဲ့သောမသင့်မတင့်ဖြစ်ခြင်းကို သင့်တင့်သွားအောင် ခရစ်တော်လုပ်တော်မူမည်မဟုတ်ချေ။ ၎င်းတို့အကြားတွင်ကွဲပြားခြားနားမှုကို ပို၍ထင်ရှားစေတော်မူလိမ့်မည်ဖြစ်ပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ သာဓကပြ၍ ခရစ်တော်မိန့်တော်မူသည်မှာ "ဟောင်းသောသားရေဘူး၌ အသစ်သောစပျစ်ရည်ကိုထည့်လေ့မရှိ၊ ထိုသို့ထည့်လျှင် သားရေဘူးသည် စုတ်ကွဲသဖြင့် စပျစ်ရည်သည်ယို၍ သားရေဘူးလည်းပျက်စီးတတ်၏" ဟူ၍ဖြစ်၏။ စပျစ်ရည်အသစ်ကိုထည့်ရန် အသုံးပြုဖူးသောသားရေဘူးများသည် အချိန်အနည်းငယ်အသုံးပြုပြီးလျှင် ခြောက်သွေ့လာပြီး ကွဲလွယ်ကြပါသည်။ စပျစ်ရည်အသစ်

ကိုနောက်တစ်ဖန်ထည့်ရန် မသင့်လျော်တော့ချေ။ ၎င်းတို့နှင့်အကျွမ်းဝင်သော ဤသာဓကအားဖြင့် ခရစ်တော်သည် ယုဒခေါင်းဆောင်များ၏ အခြေအနေကိုမိန့်တော်မူခဲ့ပါသည်။ ယဇ်ပုရောဟိတ်များနှင့် ကျမ်းပြုဆရာများသည် ဝိနည်းထုံးဖွဲ့နှင့်ရိုးရာဓလေ့ဆိုင်ရာလုပ်ရိုးလုပ်စဉ်များတွင်သာ အာရုံစူးစိုက်ခဲ့ကြပါသည်။ ၎င်းတို့၏နှလုံးများသည် ခြောက်သွေ့နေသော စပျစ်ရည်ဘူးများကဲ့သို့ကျုံ့လာခဲ့ကြပါသည်။ သူတို့သည် အများအသိအမှတ်ပြုထားသောဘာသာတရားကိုလက်ခံစောင့်ထိန်းသူများဖြစ်လာရန် မဖြစ်နိုင်တော့ချေ။ သူတို့သည် မိမိတို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းနှင့်လုံလောက်နေပြီဟု ထင်နေခဲ့ကြပြီး ၎င်းတို့၏ဘာသာရေးအယူအဆများထဲသို့ အသစ်သောအကြောင်းအရာများရောက်လာမည်ကိုမလိုလားခဲ့ကြချေ။ လူသားများအပေါ်ထားရှိသော ဘုရားသခင်၏မေတ္တာကရုဏာကို ၎င်းတို့နှင့်မသက်ဆိုင်သောအရာတစ်ခုကဲ့သို့ သူတို့လက်မခံခဲ့ကြချေ။ သူတို့သည် ဘုရားသခင်၏ မေတ္တာကရုဏာကို မိမိတို့၏ကောင်းမှုကုသိုလ်များနှင့်ပေါင်းစပ်ခဲ့ကြပါသည်။ မေတ္တာအားဖြင့် အကျင့်ကိုကျင့်၍ အသက်ဝိညာဉ်ကိုသန့်စင်စေသော ယုံကြည်ခြင်းသည် ဝိနည်းထုံးဖွဲ့များ၊ လူများအတွက်ပြဋ္ဌာန်းထားသော ပညတ်ချက်များကို အခြေခံ၍ဖွဲ့စည်းထားသောဘာသာတရားနှင့်ပေါင်းစပ်ရန်မှာမဖြစ်နိုင်ပါချေ။ ခရစ်တော်၏သွန်သင်ချက်များကို တည်ရှိပြီးဖြစ်သော ဘာသာတရားများနှင့်ပေါင်းစပ်ရန်ကြိုးစားပါက အချည်းနှီးသာဖြစ်လိမ့်မည်။ ကစော်ပေါက်လျက်ရှိသောစပျစ်ရည်ကဲ့သို့ ဘုရားသခင်၏အသက်ရှင်ခြင်းနှင့်ဆိုင်သောသမ္မာတရားသည် ဖါရိရှဲများပြဋ္ဌာန်းထားသော ရိုးရာဓလေ့တည်းဟူသောဘူးများကို ပေါက်ကွဲသွားစေလိမ့်မည်ဖြစ်ပါသည်။

ဖါရိရှဲများသည် မိမိကိုယ်ကို သွန်သင်စရာမလိုတော့အောင် အလွန်ပညာရှိကြသည်ဟူ၍လည်းကောင်း၊ ကယ်တင်ရန်မလိုလောက်အောင် အလွန်ဖြောင့်မတ်ကြသည်ဟူ၍လည်းကောင်း၊ ခရစ်တော်ထံမှဂုဏ်ပြုခြင်းကို မလိုလောက်အောင် အလွန်မြင့်မားသောဂုဏ်ပြုခြင်းကိုခံနေရသည်ဟူ၍လည်းကောင်း ထင်မြင်နေခဲ့ကြပါသည်။ သို့အတွက် ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သောသတင်းစကားကို လက်ခံကြမည့်သူများကိုရှာရန် ခရစ်တော်



သည် ထိုသူတို့အားကျောခိုင်းခဲ့ရပြီး အသိပညာမရှိသောတံငါသည်များထဲတွင်လည်းကောင်း၊ ဈေးထဲမှအခွန်ခံများထဲတွင်လည်းကောင်း၊ ရှမာရိအမျိုးသမီးထဲတွင်လည်းကောင်း၊ ကိုယ်တော်၏သတင်းစကားကို ဝမ်းမြောက်ဝမ်းသာဖြင့်ကြားနာခဲ့ကြသော သာမန်လူတန်းစားများတို့ထဲတွင်လည်းကောင်း အသစ်သောစပျစ်ရည်ထည့်ရန် စပျစ်ရည်ဘူးသစ်များကို ကိုယ်တော်တွေ့ရှိခဲ့ပါသည်။ ဧဝံဂေလိအမှုတော်လုပ်ငန်းတွင်အသုံးခံကြမည့်အသုံးခံပစ္စည်းများသည် ဘုရားသခင်ပေးသနားတော်မူသောအလင်းတရားကို ဝမ်းမြောက်ဝမ်းသာလက်ခံကြသောအသက်ဝိညာဉ်များဖြစ်ကြပါသည်။ ထိုသူများသည် သမ္မာတရားအသိပညာကို လောကသားများအားမျှဝေခြင်းလုပ်ငန်းအတွက် ကိုယ်တော်၏ကိုယ်စားလှယ်တော်ကြီးများဖြစ်ကြပါသည်။ ခရစ်တော်၏ကရုဏာတော်ကြောင့် ကိုယ်တော်၏လူသားများသည် အသစ်သောစပျစ်ရည်ဘူးများဖြစ်လာကြလိမ့်မည်ဆိုလျှင် ၎င်းတို့တွင် အသစ်သောစပျစ်ရည်ဖြင့် ကိုယ်တော်ဖြည့်တော်မူလိမ့်မည်။

ခရစ်တော်၏သွန်သင်ချက်များကို အသစ်သောစပျစ်ရည်နှင့် ပုံနှိုင်းဖော်ပြခဲ့သော်လည်း ထိုသွန်သင်ချက်များသည် အသစ်သောဩဝါဒများမဟုတ်ပါချေ။ ကမ္ဘာဦးအစကပင် သွန်သင်တော်မူခဲ့သောဗျာဒိတ်တော်များဖြစ်ကြပါသည်။ သို့သော် ဖါရိရှဲများအတွက် ဘုရားသခင်၏သမ္မာတရားသည် ၎င်းတို့၏မူလအရေးပါမှုများနှင့် တင့်တယ်မှုများပျောက်ကွယ်နေခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်၏သွန်သင်ချက်များသည် ၎င်းတို့အတွက် အဘက်ဘက်တိုင်းလောက်နီးပါးတွင် အသစ်အဆန်းဖြစ်နေခဲ့သဖြင့် သူတို့အသိအမှတ်မပြု လက်မခံခဲ့ကြချေ။

ယေရှုက "ဟောင်းသောစပျစ်ရည်ကိုသောက်ပြီးသောသူသည်လည်း အသစ်သောစပျစ်ရည်ကိုချက်ချင်းအလိုမရှိတတ်၊ ဟောင်းသောစပျစ်ရည်သာ၍ကောင်းသည်ကိုသိ၏" ဟုမိန့်တော်မူလျက် သမ္မာတရားကိုလိုလားတောင့်တသောစိတ်ကို ဖျက်ဆီးမည့်မှားယွင်းသောသွန်သင်ချက်များ၏တန်ခိုးသတ္တိကို ထောက်ပြတော်မူခဲ့ပါသည်။ ရှေးဘိုးဘေးများနှင့် ပုရောဖက်များအားဖြင့် လောကကမ္ဘာအားပေးတော်မူထားခဲ့သောသမ္မာ

တရားအားလုံးကို ခရစ်တော်၏နှုတ်ထွက်စကားများအားဖြင့် အသစ်သောတင့်တယ်မှုတွင် ထွန်းလင်းတော်မူခဲ့ပါသည်။ သို့ပါသော်လည်း ကျမ်းတတ်ဆရာများနှင့် ဖါရိရှဲများသည် အလွန်အဖိုးထိုက်တန်သည့်အသစ်သောစပျစ်ရည်ကိုလိုလားတောင့်တခြင်းမရှိခဲ့ကြချေ။ ရှေးရိုးရာဓလေ့များ၊ ရှေးဟောင်းအကျင့်ဓလေ့များဖြင့် ကျင့်သုံးလုပ်ဆောင်မှုများမကင်းစင်သမျှကာလပတ်လုံး စိတ်နှလုံးထဲတွင် ခရစ်တော်၏သွန်သင်ချက်များအတွက်နေရာမရှိချေ။ သူတို့သည် အသက်မရှိတော့သောထုံးစံဓလေ့များကို စွဲလမ်းကြကာ အသက်ရှင်ခြင်းနှင့်ဆိုင်သောသမ္မာတရားနှင့် ဘုရားသခင်၏တန်ခိုးတော်ကိုကျော်ခိုင်းခဲ့ကြပါသည်။

ဤအရာသည် ယုဒလူများ၏ပျက်စီးဆုံးရှုံးခြင်းကိုထင်ရှားစေသောအချက်ဖြစ်ပြီး ကျွန်ုပ်တို့ခေတ်တွင် အသက်ရှင်နေကြသောသူများ၏ပျက်စီးဆုံးရှုံးခြင်းကိုဖြစ်စေသည့်အကြောင်းရင်းတစ်ရပ်လည်းဖြစ်ပါလိမ့်မည်။ မသဲ၏ထမင်းစားပွဲတွင် ခရစ်တော်သွန်သင်ဆုံးမခဲ့သောဖါရိရှဲများကဲ့သို့ပင် ထောင်ပေါင်းများစွာသောလူသားများသည် ထိုအမှားများကိုလုပ်ဆောင်လျက်ရှိကြပါသည်။ အချို့သောနှစ်သက်မြတ်နိုးဖွယ်အတွေးအခေါ်တို့ကိုစွန့်လွှတ်ရမည့်အစား၊ မှားယွင်းသောအယူအဆများကိုစွန့်ပစ်ရမည့်အစား အဖဘုရား၏အလင်းတော်မှဆင်းလာသောသမ္မာတရားကိုများစွာသောသူတို့သည် စွန့်ပယ်နေခဲ့ကြပါသည်။ သူတို့သည် မိမိကိုယ်ကိုအားကိုး၍ မိမိ၏ကိုယ်ပိုင်ဉာဏ်ကိုသာမှီခိုခဲ့ကြပြီး မိမိတို့၏ဝိညာဉ်ရေးဆင်းရဲမွဲတေခြင်းကိုမူမသိမြင်ခဲ့ကြချေ။ အရေးပါသောအကျင့်ကို ၎င်းတို့လုပ်ဆောင်နိုင်ခြင်းအားဖြင့် ကယ်တင်ခြင်းခံစားရမည့်အကြောင်းကို သူတို့ထပ်ခါတလဲလဲပြောဆိုခဲ့ကြပါသည်။ "ငါ" တည်းဟူသော အတ္တသဘောတရားကို အကျင့်တွင်ရောယှက်၍မရကြောင်း ဟောကြားချက်များကိုကြားနာမြင်တွေ့လာသောအခါ သူတို့သည် ဘုရားသခင်ပြင်ဆင်ထားသောကယ်တင်ခြင်းကိုငြင်းပယ်လိုက်ကြပါသည်။

ကိုယ်ကျင့်တရားကိုအားကိုးသောဘာသာတရားသည် အသက်ဝိညာဉ်များကို ခရစ်တော်ထံသို့ မည်သည့်အခါမျှမပို့ဆောင်နိုင်ချေ။



အကြောင်းမူကား ထိုဘာသာတရား၌မေတ္တာမရှိဘဲ ခရစ်တော်မပါသောဘာသာတရားသာဖြစ်ပါသည်။ ကိုယ့်ကိုကိုယ်ဖြောင့်မတ်စေလိုသောစိတ်ထား၏လှုံ့ဆော်မှုကြောင့် လုပ်ဆောင်သောဆုတောင်းခြင်းနှင့်အစာရှောင်ခြင်းများသည် ထာဝရဘုရား၏ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်တော်မူ၏။ ဝတ်ပြုကိုးကွယ်ရန်အတွက် ထိတ်လန့်ကြောက်ရွံ့စွာဖြင့်စုရုံးလာကြသူများသည်လည်းကောင်း၊ ဝိနည်းထုံးဖွဲ့နှင့်ဆိုင်သောဘာသာရေးအခမ်းအနားများတွင် ပါဝင်လုပ်ဆောင်သူများသည်လည်းကောင်း၊ အပေါ်ယံနှိမ့်ချမှုများကိုကျင့်ဆောင်သူများသည်လည်းကောင်း၊ ခမ်းနားကြီးကျယ်သောယဇ်ပူဇော်ခြင်းများကို ဆက်ကပ်ပူဇော်ခဲ့ကြသူများသည်လည်းကောင်း မိမိတို့ကိုယ်ကိုဖြောင့်မတ်သူများအဖြစ်သတ်မှတ်ကြပြီးကောင်းကင်နိုင်ငံတော်သို့ဝင်စားထိုက်သူများအဖြစ်ကြေညာခဲ့ကြသော်လည်း ၎င်းအရာများအားလုံးသည် လိမ်ညာမှုသက်သက်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်အကျင့်များဖြင့် ကယ်တင်ခြင်းဆုကျေးဇူးကို မည်သည့်အခါမျှဝယ်ယူနိုင်ကြမည်မဟုတ်ချေ။

ခရစ်တော်၏နေ့ရက်များတွင် ဖြစ်ပျက်ခဲ့သကဲ့သို့ ယခုအချိန်တွင်လည်းဖြစ်ပျက်လျက်ရှိပါသည်။ ဖါရိရှဲများသည် မိမိတို့၏ဝိညာဉ်ရေးဆင်းရဲနွမ်းပါးမှုကိုမသိရှိကြချေ။ ၎င်းတို့ထံသို့ရောက်ရှိလာသောသတင်းစကားမှာ "သင်ကလည်း၊ ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုဆည်းပူးပြီ။ တစ်စုံတစ်ခုကိုမျှမလိုဟုပြောဆို၍ ကိုယ်တိုင်ပင်ပန်းခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်အချည်းစည်းရှိခြင်းဖြစ်သည်ကိုမသိပါတကား။ သင်သည် ဥစ္စာရတတ်ခြင်းငှါ မီးနှင့်ချွတ်ပြီးသောရွှေကိုလည်းကောင်း၊ အဝတ်အချည်းစည်းရှိ၍ သူတစ်ပါးရှေ့တွင်မရှက်စေခြင်းငှါခြုံစရာဖို့ ဖြူသောအဝတ်ကိုလည်းကောင်း ငါ့ထံမှဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါ မျက်စိ၌မျက်စဉ်းခတ်လော့ဟု သင့်အားငါသည်အကြံပေး၏" ဟူ၏။ ဗျာဒိတ် ၃း၁၇-၁၈။ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာသည် မီးနှင့်ချွတ်ပြီးသောရွှေစင်ဖြစ်၏။ သို့သော် လူများစွာတို့အတွက် ထိုရွှေသည်အရောင်မှိန်လာခဲ့ပြီး ကြွယ်ဝသောဘဏ္ဍာများသည် ဆုံးရှုံးခြင်းသက်သက်

ဖြစ်ခဲ့ပါသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ၎င်းတို့အတွက်မဝတ်ရသောဝတ်ရုံ၊ မတို့ထိရသောစမ်းရေတစ်ခုဖြစ်လာခဲ့ပါသည်။ "သင်သည် ရှေးဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီဟု သင်၌အပြစ်တင်စရာရှိ၏။ ထို့ကြောင့် သင်သည် မရွေ့လျော့မီ အလျင်နေရာအရပ်ကိုအောက်မေ့လော့။ နောင်တရလော့။ ရှေးဦးစွာသောအကျင့်ကိုကျင့်လော့။ သို့မဟုတ် သင်ရှိရာသို့ ငါသည်အလျင်အမြန်လာမည်။ နောင်တမရလျှင် သင်၏မီးခွက်ကိုနေရာမှ ရွေ့မည်။" ဗျာဒိတ် ၂း၄-၅။

"ဘုရားသခင်နှစ်သက်တော်မူသောယဇ်မူကား ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ" ဆာလံ ၅၁း၁၇။ လူသည် ခရစ်တော်၏စစ်မှန်သောယုံကြည်သူတစ်ဦးဖြစ်မလာနိုင်မီ "ငါ" တည်းဟူသော အတ္တကိုကင်းရှင်းစေရပါမည်။ ကိုယ်အလိုကိုငြင်းပယ်သောအချိန်တွင် ထာဝရဘုရားသည် ထိုသူကိုအသစ်သောသတ္တဝါအဖြစ်ပြုပြင်နိုင်တော်မူသည်။ အသစ်သောဘူးတွင် စပျစ်ရည်အသစ်ကိုထည့်နိုင်ပါသည်။ ခရစ်တော်၏မေတ္တာတော်သည် ထိုယုံကြည်သူအား အသစ်သောအသက်တာအားဖြင့် အသက်ရှင်စေလိမ့်မည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုအစပျိုး၍ ထိုယုံကြည်ခြင်းကို အဆုံးသတ်ပေးနိုင်တော်မူသောကိုယ်တော်ကို မျှော်ကြည့်သောထိုသူ၌ ခရစ်တော်၏စာရိတ္တတော်သည် ထင်ရှားတော်မူပါလိမ့်မည်။

-၀-





## (၂၉)
## ဥပုသ်တော်နေ့

ဥပုသ်နေ့ကိုဖန်ဆင်းခြင်းအချိန်မှပင်စ၍ သန့်ရှင်းစေတော်မူခဲ့ပါသည်။ ဥပုသ်နေ့သည် လူအတွက်ဖြစ်သောကြောင့် "နံနက်ကြယ်တို့သည် တညီတညွတ်တည်းသီချင်းဆို၍ ဘုရားသခင်၏သားအပေါင်းတို့သည် ဝမ်းမြောက်သဖြင့် ကြွေးကြော်ကြသော" (ယောဘ ၃၈း၇) အချိန်ကတည်းက ထိုနေ့သည် အစပျိုးတည်ရှိခဲ့ပါသည်။ လောကကမ္ဘာသည် ကောင်းကင်နိုင်ငံနှင့်ဆီလျော်သင့်တင့်နေသဖြင့် ကမ္ဘာကြီးသည် ငြိမ်သက်ခြင်းနှင့်ပြည့်စုံခဲ့ပါသည်။ ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကိုကြည့်လျှင် အလွန်ကောင်းသည်ကိုမြင်တော်မူ၍ မိမိ၏လက်စသတ်တော်မူခဲ့ပြီးသည့်ဖန်ဆင်းခြင်းအလုပ်မှ ဝမ်းမြောက်စွာဖြင့် နားနေတော်မူခဲ့၏။

ကိုယ်တော်သည် ဥပုသ်တော်နေ့၌ ငြိမ်ဝပ်စွာနေတော်မူ၍ ထိုသတ္တမနေ့ကိုကောင်းချီးပေးပြီး သန့်ရှင်းစေတော်မူ၏။ သန့်ရှင်းခြင်းနှင့်ဆိုင်သောလုပ်ငန်းများအတွက် သီးသန့်ထားတော်မူ၏။ ကိုယ်တော်သည် ထိုနေ့ကိုနားနေရာနေ့အဖြစ် အာဒံအားပေးသနားတော်မူခဲ့သည်။ ထိုနေ့သည် ဖန်ဆင်းခြင်းအမှု၏အထိမ်းအမှတ်တစ်ခုဖြစ်ခဲ့ပါသည်။ သို့အတွက် ဘုရားသခင်၏တန်ခိုးတော်နှင့် မေတ္တာတော်၏အမှတ်လက္ခဏာတစ်ခုဖြစ်လာခဲ့ပါသည်။ ကျမ်းစာလာသည်ကား "အံ့ဖွယ်သောအမှုတို့ကိုအောက်မေ့ဖို့ရာ စီရင်တော်မူပြီ။ ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့်ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏အရာတို့သည် ကမ္ဘာတည်သည့်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။" ဆာလံ ၁၁၁း၄။ ရောမ ၁း၂၀။

ခပ်သိမ်းသောအရာတို့ကို သားတော်ဘုရားအားဖြင့် ဖန်ဆင်းတော်မူခဲ့ပါသည်။ "အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။. . . ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်

လျက်ရှိသောအရာတစ်စုံတစ်ခုမျှမရှိ။” ယောဟန် ၁း၁-၃။ ၎င်းပြင် ဥပုသ်နေ့သည် ဖန်ဆင်းခြင်း၏အထိမ်းအမှတ်တစ်ခုဖြစ်သောကြောင့် ထိုနေ့သည် ခရစ်တော်၏တန်ခိုးတော်နှင့်မေတ္တာတော်၏သင်္ကေတတစ်ခုလည်းဖြစ်ပါသည်။

ဥပုသ်နေ့သည် ကျွန်ုပ်တို့အား သဘာဝတရားကိုဆင်ခြင်စဉ်းစားစေပြီး ဖန်ဆင်းရှင်နှင့်ရင်းနှီးပွန်းတီးစေပါသည်။ ကျွန်ုပ်တို့သည် အာဒံနှင့်ဧဝအား ဧဒင်ဥယျာဉ်၌ ညနေခင်းများတွင် လာရောက်စကားပြောတော်မူခဲ့သော ကိုယ်တော်ရှင်၏အသံတော်ကို ငှက်ကလေးများ၏သီချင်းသံများတွင်လည်းကောင်း၊ သစ်ပင်မှသစ်ရွက်လှုပ်သံများတွင်လည်းကောင်း၊ ပင်လယ်လှိုင်းခတ်သံများတွင်လည်းကောင်း၊ ယခုတိုင်ကြားနိုင်ကြပါသေးသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ကိုယ်တော်၏တန်ခိုးတော်ကို သဘာဝတရားတွင်တွေ့မြင်ရသောအခါ စိတ်နှစ်သိမ့်မှုကိုရရှိကြပါသည်။ အကြောင်းမူကား ခပ်သိမ်းသောအရာများကိုဖန်ဆင်းတော်မူသော နှုတ်ကပတ်တော်သည် အသက်ဝိညာဉ်များအား အသက်ရှင်ခြင်းအကြောင်းကိုမိန့်တော်မူ၏။ “မှောင်မိုက်ထဲကအလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသောဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ဘုန်းတော်ကိုသိသောဉာဏ်၏အရောင်ကိုပေးလိုသောငှါ ငါတို့စိတ်နှလုံးထဲ၌ အလင်းကိုထွန်းလင်းစေတော်မူ၏။” ၂ကော၊ ၄း၆။

“အိုထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကိုဝမ်းမြောက်စေတော်မူသည်ဖြစ်၍ လက်တော်နှင့်ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာသီချင်းဆိုပါမည်။ အိုထာဝရဘုရား၊ စီရင်တော်မူသောအမှုတို့သည် ကြီးမား၍ အကြံအစည်တော်လည်း အလွန်နက်လှပါ၏။” ဆာလံ ၉၂း၄-၅။

၎င်းပြင်ဟေရှာယအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်မိန့်တော်မူသည်ကား “ဘုရားသခင်ကို အဘယ်သို့ပုံပြုရအံ့နည်း။ ဘုရားသခင်နှင့် အဘယ်မည်သောပုံသဏ္ဌာန်တူသည်ဟုဆိုရအံ့နည်း။---သင်တို့သည်မသိကြသလော၊ မကြားကြသလော၊ ရှေးဦးစွာမှစ၍ သင်တို့အားမဖော်မပြသလော၊ မြေကြီးတည်သည့်အကြောင်းကို နားမလည်ကြသလော၊ မြေကြီး



စက်အပေါ်မှာထိုင်၍ မြေကြီးသားတို့ကို နှံကောင်ကဲ့သို့မှတ်တော်မူထသော၊ မိုးကောင်းကင်ကို မျက်နှာကြက်ကဲ့သို့ဖြန့်တော်မူထသော၊ မင်းတို့ကိုရှုတ်ချ၍ မြေကြီးတရားသူကြီးတို့ကို အနတ္တကဲ့သို့ဖြစ်စေတော်မူသောသူပေတည်း။---သို့ဖြစ်၍ ငါ့ကိုအဘယ်သို့ပုံပြုရအံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသောဘုရားသခင်မေးတော်မူ၏။ အထက်သို့မျှော်ကြည့်ကြလော့။ ထိုအရာတို့ကို အဘယ်သူဖန်ဆင်းသနည်း။ ထိုသူသည် သူတို့အလုံးအရင်းကိုအရေအတွက်အားဖြင့် ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကို နာမည်ဖြင့်ခေါ်တော်မူ၏။ ခွန်အားကြီး၍ တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့် တစ်စုံတစ်ခုမျှမပေါ်ဘဲမနေရ။ အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကို ထာဝရဘုရားသိတော်မမူဟု အဘယ်ကြောင့်ပြောသနည်း။ အိုဣသရေလအမျိုး၊ သင့်အမှုကို သင်၏ဘုရားသခင်မှတ်တော်မမူဟု အဘယ်ကြောင့်ဆိုရသနည်း။ ထာဝရဘုရားသည် အစဉ်အမြဲတည်တော်မူသော ဘုရားသခင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မြေကြီးစွန်းတိုင်အောင် ဖန်ဆင်းတော်မူသောအရှင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ။ စစ်၍မကုန်နိုင်သောဉာဏ်နှင့်ပြည့်စုံတော်မူကြောင်းကိုလည်းကောင်း၊ သင်သည်မသိမကြားဖူးသလော။ ထိုဘုရားသည် မောသောသူတို့အား ခွန်အားကိုပေးတော်မူ၏။ နွမ်းနယ်သောသူတို့အား အစွမ်းသတ္တိနှင့်ပြည့်စုံသောအခွင့်ကိုပေးတော်မူ၏။ “သင်သည် ငါ့ဘက်မှာရှိ၏။ မကြောက်နှင့်၊ သင်၏ဘုရားသခင်ငါသည် သင့်ကိုခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်။ ငါ့သစ္စာလက်ယာလက်ဖြင့်ထောက်မမည်။” “မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့။ ငါသည် ဘုရားသခင်ဖြစ်၏။ ငါမှတစ်ပါး အခြားသောဘုရားမရှိ။” ဟေရှာ ၄၀း၁၈-၂၉။ ၄၁း၁၀။ ၄၅း၂၂။ ဥပုသ်နေ့ကိုသတိရအောက်မေ့၍ စောင့်ထိန်းရန် သက်မှတ်ထားကြောင်း သတင်းစကားကို သဘာဝတရားတွင်ရေးသားထားပါသည်။ ထာဝရဘုရားသည် ကိုယ်တော်၏ဥပုသ်နေ့များကို သန့်ရှင်းအောင်တည်ဆောက်ကြရန် မိန့်တော်မူသောအခါ “ငါသည် သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်သည်ဟု သင်တို့သည်သိမည်အကြောင်း ထိုဥပုသ်နေ့တို့ကို

ငါနှင့်သင်တို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေကြလော့" ဟု မိန့်တော်မူ၏။ ယေဇကျေ၊ ၂၀း၂၀။

ဥပုသ်နေ့အကြောင်းကို သိနာတောင်တွင်ပေးအပ်ခဲ့သော ပညတ်တော် (၁၀) ပါးထဲတွင် ထည့်သွင်းဖော်ပြခဲ့သော်လည်း ထိုနေ့ကို နားနေရာနေ့အဖြစ် ထိုအချိန်ကျမှ ပထမအကြိမ်အနေနှင့် လူသားများအား အသိပေးခဲ့ခြင်းမဟုတ်ချေ။ ဣသရေလလူများသည် သိနာတောင်ကို မရောက်လာမီကတည်းက ဥပုသ်နေ့အကြောင်းကိုသိရှိခဲ့ကြပြီးဖြစ်ပါသည်။ ထိုနေရာသို့လာသည့်လမ်းတစ်လျှောက်လုံးတွင် ဥပုသ်နေ့ကိုစောင့်ရှောက်ခဲ့ကြပါသည်။ အချို့သောသူများသည် ဥပုသ်နေ့ကိုရှုတ်ချကြသောအခါ "သင်တို့သည် ငါ့ပညတ်တရားများတို့ကို အဘယ်မျှကာလပတ်လုံးငြင်းပယ်ကြလိမ့်မည်နည်း" ဟု ၎င်းတို့ကို ဘုရားသခင်ဆုံးမပဲ့ပြင်တော်မူခဲ့ပါသည်။ ထွက်မြောက် ၁၆း၂၈။

ဥပုသ်နေ့သည် ဣသရေလများအတွက်သာမဟုတ်ဘဲ တစ်ကမ္ဘာလုံးအတွက်ဖြစ်ပါသည်။ ပညတ်တော် (၁၀) ပါးမှ အခြားပညတ်များကဲ့သို့ ဥပုသ်နေ့နှင့်ပတ်သက်သောပညတ်ကိုလည်း ဧဒင်ဥယျာဉ်တွင် လူသားအားပေးအပ်ခဲ့ပါသည်။ မဖြစ်မနေလုပ်ဆောင်ရမည့်တာဝန်တစ်ခုဖြစ်ပါသည်။ ဥပုသ်နေ့နှင့်ပတ်သက်သောပညတ်တော် (၁၀) ပါးအကြောင်းကို ခရစ်တော်မိန့်တော်မူသည်မှာ၊ "ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံး ဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ" ဟူ၏။ မဿဲ ၅း၁၈။ ကောင်းကင်နှင့်မြေကြီးတည်ရှိနေသမျှကာလပတ်လုံး ဥပုသ်နေ့သည် ဖန်ဆင်းရှင်၏တန်ခိုးတော်လက္ခဏာတစ်ခုအနေဖြင့် ဆက်လက်တည်ရှိနေလိမ့်မည်။ ကမ္ဘာတွင် ဧဒင်ဥယျာဉ်သည် တစ်ဖန်ပြန်လည်ဝေဆာလာသောအခါ နေအောက်တွင်အသက်ရှင်ကြသော သတ္တဝါခပ်သိမ်းတို့သည် ဘုရားသခင်၏ထိုနားနေရာနေ့ရက်ကို ရိုသေလေးမြတ်ကြလိမ့်မည်။ ဘုန်းတော်နှင့်ပြည့်စုံသောကမ္ဘာသစ်မှ "လူသတ္တဝါအပေါင်းတို့သည် ငါ့ရှေ့မှာကိုးကွယ်ခြင်းငှါ လဆန်းနေ့နှင့် ဥပုသ်နေ့



အစဉ်အတိုင်းလာကြလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူ၏။" ဟေရှာ ၆၆း၂၃။

ပတ်ဝန်းကျင်တိုင်းပြည်များနှင့် ခွဲခြားသိမြင်နိုင်စေရန် ရည်ရွယ်၍ ဣသရေလများအား ဘုရားသခင်ပေးအပ်ထားသောအရာမှာ ဥပုသ်နေ့ကို စောင့်ရှောက်ခြင်းပင်ဖြစ်ပါသည်။ ဥပုသ်နေ့ကိုတည်ဆောက်ခြင်းအားဖြင့် ကိုယ်တော်ရှင်၏စစ်မှန်သောကိုးကွယ်သူများဖြစ်ကြောင်း ထင်ရှားစွာသိသာစေလိမ့်မည်ဟု ဘုရားသခင်စီမံတော်မူခဲ့ပါသည်။ ဥပုသ်စောင့်ခြင်းသည် ရုပ်တုကိုးကွယ်ခြင်းမှကင်းရှင်းစေကြောင်း၊ စစ်မှန်သောဘုရားနှင့်အဆက်အသွယ်ပြုနေကြောင်းများအတွက် သင်္ကေတတစ်ခုဖြစ်ပါသည်။ ထိုသူတို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းအားဖြင့် မျှဝေခံစားကြသူများဖြစ်လာကြပါမည်။ "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကို အောက်မေ့လော့" ဟု ဣသရေလများအား မိန့်တော်မူသောအချိန်တွင် ထာဝရဘုရားသည် ၎င်းတို့အား "သင်တို့သည် ငါ့ထံ၌သန့်ရှင်းသောသူဖြစ်ကြရမည်" ဟူ၍လည်း မိန့်တော်မူခဲ့ပါသည်။ ထွက်မြောက် ၂၀း၈။ ၂၂း၃၁။ ဥပုသ်နေ့ကိုစောင့်ထိန်းခြင်းအားဖြင့်သာ ဣသရေလလူများသည် ထာဝရဘုရားကိုကိုးကွယ်သူများအဖြစ် သိသာထင်ရှားစေနိုင်ခဲ့ပါသည်။

ယုဒလူများသည် ထာဝရဘုရားကိုစွန့်ခွာခဲ့ကြပြီး ခရစ်တော်၏ဖြောင့်မတ်ခြင်းကို မိမိတို့၏ဖြောင့်မတ်ခြင်းအဖြစ်လက်ခံရန် ပျက်ကွက်ခဲ့ကြသောကြောင့် ဥပုသ်နေ့၏အရေးပါမှုကို သူတို့မသိရှိကြတော့ချေ။ စာတန်သည် မိမိကိုယ်ကိုချီးမြှောက်ရန်နှင့် လူများကို ခရစ်တော်ထံမှ ပြန်လည်သိမ်းသွင်းရန်ကြိုးစားနေပြီး ကိုယ်တော့်တန်ခိုးတော်၏လက္ခဏာတစ်ခုဖြစ်သော ဥပုသ်နေ့ကို အလွဲအမိပ္ပါယ်ကောက်စေရန် လုပ်ဆောင်ခဲ့ပါသည်။ ယုဒခေါင်းဆောင်များသည် ဘုရားသခင်၏ဥပုသ်တော်နေ့ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသောတောင်းဆိုချက်များနှင့် ကာရံထားခြင်းအားဖြင့် စာတန်၏အလိုတော်ကိုပြီးမြောက်စေခဲ့ပါသည်။ ခရစ်တော်ပေါ်ထွန်းသောအချိန်တွင် ဥပုသ်စောင့်ခြင်းသည် မေတ္တာတော်အရှင်အဖဘုရား၏စာရိတ္တတော်ကိုရောင်ပြန်ဟပ်ရမည့်အစား တစ်ကိုယ်ကောင်းဆန်၍

နိုင်ထက်စီးနင်းပြုလုပ်တတ်သောလူသားများ၏စာရိတ္တကို ရောင်ပြန်ဟပ်သည့်အခြေအနေသို့ရောက်အောင် အလွန်လမ်းလွဲနေခဲ့ပါသည်။ ဘုရားသခင်သည် လိုက်နာစောင့်ရှောက်ရန်မဖြစ်နိုင်သောပညတ်တော်ကို လူသားများအားပေးအပ်သောပုဂ္ဂိုလ်တစ်ပါးဖြစ်သည်ဟု နှုတ်အားဖြင့်မပြောသော်လည်း အမှန်တကယ်ထိုကဲ့သို့သောအမိပ္ပါယ်ကိုသက်ရောက်စေရန် ဖါရိရှဲများသည် ရုပ်လုံးဖော်ခဲ့ကြပါသည်။ ယုဒလူများသည် ဘုရားသခင်အပေါ်တွင် နှိပ်စက်ကလူပြုသူတစ်ပါးအနေဖြင့်ရှုမြင်ရန် ကိုယ်တော်ရှင်ခိုင်းစေခဲ့သောဥပုသ်နေ့စောင့်ခြင်းသည် လူသားများ၏စိတ်နှလုံးကိုမာကျောစေ၍ ရက်စက်ကြမ်းကြုတ်စေသည်ဟု တွေးထင်လာရန် ယုဒဘာသာရေးခေါင်းဆောင်များသည် လမ်းပြလုပ်ဆောင်ခဲ့ကြပါသည်။ ထိုကဲ့သို့သောမှားယွင်းစွာထင်မြင်ယူဆမှုများကိုရှင်းလင်းပစ်ရန် ခရစ်တော်သည် ကြွလာတော်မူခဲ့ပါသည်။ သူတို့သည် အကြင်နာကင်းမဲ့၍ ရန်လိုသောစိတ်များဖြင့် ကိုယ်တော်နောက်သို့လိုက်ခဲ့ကြသော်လည်း ကိုယ်တော်သည် ၎င်းတို့၏တောင်းဆိုချက်များကို လိုက်လျောလုပ်ဆောင်တော်မမူဘဲ ထာဝရဘုရား၏ပညတ်တော်အရ ဥပုသ်နေ့ကို မှန်မှန်ကန်ကန်စောင့်ရှောက်ခဲ့ပါသည်။

တစ်နေ့သောဥပုသ်နေ့တွင် ခရစ်တော်နှင့်တမန်တော်များသည် မှည့်ဝင်းနေသောလယ်ကွင်းကြီးကိုဖြတ်၍ ဗိမာန်တော်မှပြန်လည်ထွက်ခွာလာခဲ့ကြပါသည်။ ယေရှုခရစ်သည် နေမြင့်သည်အထိ အမှုတော်ကိုဆက်လက်ဆောင်ရွက်တော်မူခဲ့ပါသည်။ လူတို့သည် လယ်ကွင်းကြီးကိုဖြတ်၍လျှောက်သွားကြစဉ် ဂျုံစပါးသီးများကို လက်ဖြင့်ပွတ်၍စားရန် စပါးအသီးအနှံများကိုခူးဆွတ်ကြပါသည်။ အခြားနေ့ရက်များတွင် ဤကဲ့သို့အပြုအမူကိုပြုလုပ်ခဲ့လျှင် မည်သည့်ဝေဖန်ပြစ်တင်မှုကိုမျှဖြစ်စေခဲ့လိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား ဂျုံစပါးခင်းများ၊ သစ်သီးခြံများနှင့် စပျစ်ဥယျာဉ်များထဲသို့ ဖြတ်သန်းသွားသောသူများသည် မိမိကြိုက်သလောက်စားခွင့်ရှိသောကြောင့်ဖြစ်သည်။ (တရားဟော ၂၃း၂၄၊၂၅)။ သို့သော် ဤအပြုအမူမျိုးကို ဥပုသ်နေ့တွင်ပြုလုပ်ခြင်းသည် ဘုရားသခင်ကိုမလေး



မစားပြုလုပ်ခြင်းအဖြစ်မှတ်ယူခဲ့ကြပါသည်။ စပါးအနှံများကိုဆွတ်ခူးခြင်းသည် စပါးရိတ်သိမ်းခြင်းတစ်မျိုးဖြစ်ရုံသာမကဘဲ စပါးကိုလက်ထဲတွင်ပွတ်ခြင်းသည် စပါးနယ်ခြင်းတစ်မျိုးဖြစ်သည်ဟု သူတို့ယူဆခဲ့ကြပါသည်။ သို့အတွက် ကျမ်းတတ်ဆရာများ၏ထင်မြင်ယူချက်အရ ခရစ်တော်နှင့်တမန်တော်များသည် အပြစ်၏နှစ်ထပ်ကွမ်းကျူးလွန်ခဲ့ကြသည်ဟု သတ်မှတ်ခဲ့ကြပါသည်။

ဖါရိရှဲများက စေလွှတ်ထားသောသူလျှိုများတို့သည် ခရစ်တော်အားချက်ချင်းအပြစ်တင်ကာ "ဥပုသ်နေ့၌ မပြုအပ်သောအမှုကို သူတို့သည်ပြုကြပါသည်တကား" ဟုလျှောက်ထားခဲ့ကြ၏။

ဗေသေသဒရေကန်တွင် ဥပုသ်နေ့ကိုချိုးဖောက်သည်ဟုဆိုကာ စွပ်စွဲပြောဆိုခံရစဉ် မိမိသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း အခိုင်အမာပြောဆိုလျက် မိမိ၏လုပ်ဆောင်မှုများသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီကြောင်း မိန့်တော်မူကာ မိမိကိုယ်ကို သခင်ယေရှုကာကွယ်တော်မူခဲ့ပါသည်။ တမန်တော်များသည် ယခုအချိန်တွင် တိုက်ခိုက်ပြောဆိုမှုကိုခံနေရသောအခါ ဓမ္မဟောင်းကျမ်းမှပုံသက်သေများနှင့် ဥပုသ်နေ့တွင် ဘုရားသခင်၏အမှုတော်ဆောင်များ၏လုပ်ဆောင်ခဲ့သောအပြုအမူများအကြောင်းကို ထိုစွပ်စွဲသူများအား ကိုယ်တော်သည် ပြန်လည်ရွတ်ဆိုဖော်ပြတော်မူခဲ့ပါသည်။

ယုဒကျမ်းတတ်ဆရာများသည် မိမိတို့ရရှိထားသည့် ကျမ်းစာအသိပညာများကြောင့် ဘဝင်မြင့်နေသူများဖြစ်ကြပါသည်။ သို့သော် ခရစ်တော်၏အဖြေထဲတွင် ကျမ်းစာကို ၎င်းတို့နားမလည်ကြောင်း အဓိပ္ပါယ်သက်ရောက်စေသည့် ဆုံးမပဲ့ပြင်မှုများကိုတွေ့ရပါသည်။ ကိုယ်တော်က "ဒါဝိဒ်သည် မိမိအဖော်တို့နှင့်တကွ မွတ်သိပ်သောအခါ ဘုရားသခင်၏အိမ်တော်သို့ဝင်၍ ယဇ်ပုရောဟိတ်တို့မှတစ်ပါး အဘယ်သူမျှမစားအပ်သောရှေ့တော်မုန့်ကိုယူစား၍ မိမိအဖော်တို့အား ပေးသည့်အကြောင်းကိုမျှ သင်တို့သည်မဖတ်ဖူးသလော။" "ယဇ်ပုရောဟိတ်တို့သည်လည်း ဗိမာန်တော်တွင် ဥပုသ်နေ့၌ ဥပုသ်ပျက်သော်လည်း အပြစ်မသင့်သည်ကို ပညတ္တိကျမ်း၌

မဖတ်ဖူးသလော။ ငါဆိုသည်ကား ဤအရပ်၌ ဗိမာန်တော်ထက်သာ၍ ကြီးမြတ်သောအရာရှိ၏။" "ထိုမှတစ်ပါး ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ဖြစ်သည်မဟုတ်၊ သို့ဖြစ်၍ လူသားသည် ဥပုသ်နေ့ကိုပင်အစိုးရသည်ဟု" မိန့်တော်မူ၏။ လုကာ ၆း၃-၄။ မဿဲ ၁၂း၅-၆။ မာကု ၂း၂၇၊၂၈။

သီးသန့်ထားသည့်ရှေ့တော်မုန့်ကိုယူ၍စားလိုက်ခြင်းအားဖြင့် အဆာပြေစေရန် ဒါဝိဒ်၏လုပ်ဆောင်မှုသည် မှန်ကန်မှုရှိလျှင် ဥပုသ်နေ့၏ သန့်ရှင်းသောအချိန်တွင် အဆာပြေစားရန် စပါးနှံများကိုခူးဆွတ်သော တမန်တော်များ၏လုပ်ဆောင်မှုသည်လည်း မှန်ကန်မှုရှိပါသည်။ တစ်ဖန် ယဇ်ပုရောဟိတ်များသည် အခြားနေ့များထက် ဥပုသ်တော်နေ့တွင် ပို၍ ကြီးမားသောအလုပ်များကိုလုပ်ဆောင်ခဲ့ကြပါသည်။ လောကအရောင်း အဝယ်ကိစ္စများတွင် ထိုကဲ့သို့အားထုတ်လုပ်ကိုင်မှုများသည် အပြစ်ကျူးလွန်ခြင်းဖြစ်ပါလိမ့်မည်။ သို့သော်ဘုရားသခင်၏အမှုတော်တွင် ယဇ်ပုရောဟိတ်များ၏လုပ်ဆောင်မှုများသည် အပြစ်ကျူးလွန်ခြင်းမဟုတ်ချေ။ ခရစ်တော်၏ ကယ်တင်ခြင်းတန်ခိုးတော်ကိုပြည့်စွန်နေသည့်အခမ်းအနားများကို သူတို့ လုပ်ဆောင်နေကြခြင်းဖြစ်ပြီး ၎င်းတို့၏အားထုတ်လုပ်ကိုင်မှုများသည် ဥပုသ်နေ့၏ရည်ရွယ်ချက်နှင့်ကိုက်ညီခဲ့ပါသည်။ သို့သော် ယခုတွင် ခရစ်တော်ကိုယ်တော်တိုင်ကြွလာတော်မူခဲ့ပေပြီ၊ တမန်တော်များသည် ခရစ်တော်၏အမှုတော်တွင်လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏ အမှုတော်တွင် ပါဝင်ခဲ့ခြင်းဖြစ်ပြီး အမှုတော်ပြီးစီးမှုအတွက် မရှိမဖြစ် လုပ်ဆောင်ရန် လိုအပ်သောအရာများကို ဥပုသ်နေ့တွင်လုပ်ဆောင်ခွင့်ရရှိကြပါသည်။

ဘုရားသခင်၏အမှုတော်သည် အရာခပ်သိမ်းတို့တွင် အရေးအကြီးဆုံးဖြစ်ကြောင်းကို မိမိ၏တမန်တော်များနှင့် မိမိအားရန်ဘက်ပြုနေသူများအား ခရစ်တော်သွန်သင်တော်မူခဲ့ပါသည်။ ဘုရားသခင့်အမှုတော်၏ ရည်ရွယ်ချက်သည် လူသားများကိုကယ်တင်ရန်ဖြစ်ပြီး ထိုရည်ရွယ်ချက်ကို ပြည့်စုံရန်အတွက် ဥပုသ်နေ့တွင် မလုပ်မဖြစ်လုပ်ဆောင်ရသောအလုပ်



များသည် ဥပုသ်ပညတ်နှင့်ဆီလျော်ပါသည်။ ထို့နောက် ယေရှုခရစ်သည် မိမိ၏မိန့်တော်မူချက်ကို "ဥပုသ်နေ့၏အရှင်" အဖြစ် မိမိကိုယ်ကိုဖော်ပြခြင်းအားဖြင့် လက်စသတ်တော်မူခဲ့ပါသည်။ ချိုးဖောက်ကျူးလွန်ကြောင်း စွပ်စွဲထားသည့်အပြစ်တင်ဝေဖန်မှုများမှ တမန်တော်များအား ခရစ်တော် လွတ်ကင်းစေခဲ့ပါသည်။

သခင်ယေရှုသည် မိမိအားရန်ဘက်ပြုသူများအား ပြစ်တင်ဆုံးမမှုပြုခြင်းအားဖြင့် ထိုကိစ္စကိုပြီးဆုံးမသွားခဲ့ချေ။ ထိုသူတို့သည် ၎င်းတို့၏ နားမလည်မှုများကြောင့် ဥပုသ်နေ့၏ရည်ရွယ်ချက်ကို မှားယွင်းစွာယူဆခဲ့ကြောင်းပြောဆိုကာ "ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်၏ဟူသောကျမ်းစကားကို သင်တို့သည်နားလည်လျှင် အပြစ်ကင်းသောသူတို့ကို အပြစ်မတင်မစီရင်ကြပြီ" ဟု ကိုယ်တော် မိန့်တော်မူ၏။ မဿဲ ၁၂း၇။ ထိုသူတို့၏အကြင်နာကင်းမဲ့သည့် များစွာသော ထုံးတမ်းစဉ်လာအရ လုပ်ဆောင်မှုများသည် စစ်မှန်သောကိုးကွယ်သူများ ဖြစ်ကြောင်း သိသာထင်ရှားစေရန် ၎င်းတို့လိုအပ်နေသောမှန်ကန်သည့် သစ္စာရှိမှုနှင့်နူးညံ့သိမ်မွေ့သောချစ်ခြင်းမေတ္တာတို့ကိုမပေးစွမ်းနိုင်ခဲ့ချေ။

ပူဇော်သောယဇ်ကောင်သက်သက်တွင် မည်သည့်အရေးပါမှု တစ်စုံတစ်ခုမျှမရှိကြောင်းကို ခရစ်တော်သည် အထပ်ထပ်မိန့်တော်မူခဲ့ပါသည်။ ထိုအရာများသည် အထောက်အကူများသာဖြစ်ပြီး ပဓါနကျသော အရာများမဟုတ်ကြချေ။ ထိုယဇ်ကောင်များ၏ရည်ရွယ်ချက်သည် လူသားများအား ကယ်တင်ရှင်ကိုပြည့်စွန်၍ ထာဝရဘုရားနှင့်ဆီလျော်ညီညွတ်စေအောင် လုပ်ဆောင်ရန်ဖြစ်ပါသည်။ မေတ္တာကိုအရင်းခံသောလုပ်ဆောင်မှုကိုသာ ဘုရားသခင်တန်ဖိုးထားတော်မူပါသည်။ မေတ္တာမပါသော ယဇ်ပူဇော်ခြင်းများသည် ကိုယ်တော်ကိုပြစ်မှားခြင်းဖြစ်ပါသည်။ ဥပုသ်စောင့်ခြင်းသည် ထိုနည်းနှင်နှင်ပင်ဖြစ်ပါသည်။ ဥပုသ်နေ့ကို စောင့်ရှောက်ခြင်းသည်လည်း လူသားများအား ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်ရန် ကြံရွယ်ခဲ့သော်လည်း မောပန်းပြီး ငြီးငွေ့ဖွယ်အခမ်းအနားများတွင် စိတ်နှလုံးကိုနစ်မျောစေသောအခါ ဥပုသ်စောင့်ခြင်း၏ရည်ရွယ်ချက်ကို

ပျက်ပြားစေခဲ့ပါသည်။ အပြင်ပန်းဥပုသ်စောင့်ခြင်းသက်သက်သည် အချည်းနှီးအားထုတ်ခြင်းသာဖြစ်ပါသည်။

တစ်နေ့သောဥပုသ်တော်နေ့တွင် ခရစ်တော်သည် ဗိမာန်တော်ထဲသို့ဝင်သွားစဉ် လက်တစ်ဖက်သေနေသူတစ်ယောက်ကိုမြင်တော်မူ၏။ ဖါရိရှဲများသည် ကိုယ်တော်ရှင်မည်သည့်အရာကိုလုပ်ဆောင်မည်ကို စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ ဥပုသ်တော်နေ့တွင် ထိုရောဂါရှင်အား ကုသလိုက်လျှင် ပညတ်တော်ချိုးဖောက်သူတစ်ဦးအနေနှင့် မိမိအားစွပ်စွဲကြမည်ကို ကိုယ်တော်ကောင်းမွန်စွာသိတော်မူခဲ့သော်လည်း ဥပုသ်တော်နေ့ကို အကာအရံပြုလုပ်ထားသည့် မိရိုးဖလာပြဋ္ဌာန်းသတ်မှတ်ချက်တံတိုင်းကိုဖြိုချပစ်ရန် ကိုယ်တော်ရှင်မနှောင့်နှေးခဲ့ချေ။ သခင်ယေရှုက "အလယ်၌မတ်တတ်ရပ်နေလော့ဟု လက်တစ်ဖက်သေသောသူအားမိန့်တော်မူပြီးမှ ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သတ်အပ်သလော" ဟု ပရိသတ်တို့အားမေးတော်မူ၏။ ကောင်းမှုကုသိုလ်တစ်ခုကိုလုပ်ဆောင်ရန် အခွင့်အရေးရသည့်အချိန်တွင် မလုပ်ခဲ့မိပါက အပြစ်ကျူးလွန်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ အသက်တစ်ချောင်းကိုကယ်ဆယ်ရန် လျစ်လျူရှုခြင်းသည် ထိုအသက်ကိုသတ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း ယုဒလူများတို့တွင် ဆိုရိုးစကားတစ်ခုရှိပါသည်။ ခရစ်တော်သည် ထိုကဲ့သို့ကျမ်းတတ်ဆရာများအား ၎င်းတို့စကားနှင့် ၎င်းတို့ကိုချည်ခဲ့ပါသည်။ "ထိုသူတို့သည် တိတ်ဆိတ်စွာနေကြ၏။ ထိုအခါအမျက်တော်နှင့်သူတို့ကိုပတ်လည်ကြည့်ရှု၍ သူတို့စိတ်နှလုံးမိုက်သောကြောင့် ဝမ်းနည်းတော်မူခြင်းရှိလျက်၊ သင်၏လက်ကို ဆန့်လော့ဟု ထိုသူအားမိန့်တော်မူ၍ သူသည် မိမိလက်ကိုဆန့်လျှင် ထိုလက်သည် လက်တစ်ဖက်ကဲ့သို့ပကတိဖြစ်လေ၏။" မာကုခရစ်ဝင် ၃း၅။

လူအချို့တို့က ဥပုသ်နေ့၌ ရောဂါကိုငြိမ်းစေအပ်သလောဟု ကိုယ်တော်၌အပြစ်တင်ခွင့်ကိုရှာ၍မေးလျှောက်သောအခါ ကိုယ်တော်က "မိမိ၌ သိုးတစ်ကောင်တည်းရှိ၍ ထိုသိုးသည် ဥပုသ်နေ့၌ တွင်းထဲသို့ကျလျှင် မဆွဲမတင်ဘဲ နေမည့်သူတစ်စုံတစ်ယောက်မျှ သင်တို့တွင်ရှိသလော၊ လူသည်



သိုးထက်အလွန်မြတ်ပေ၏။ ထိုကြောင့် ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သည်ဟု ပြန်ပြောတော်မူ၏။" မဿဲ ၁၂း၁၀-၁၂။

ထိုသူလျှိုများသည် မိမိတို့ဒုက္ခရောက်မည်ကိုစိုးရိမ်သောကြောင့် လူအုပ်ကြီး၏ရှေ့မှောက်တွင် ခရစ်တော်ကိုမချေပဝံ့ကြချေ။ ကိုယ်တော်သည် အမှန်တရားကိုပြောတော်မူသည်ကိုလည်း သူတို့သိရှိခဲ့ကြပါသည်။ သူတို့မကယ်ဆယ်လျှင် ပိုင်ရှင်ကို ထိခိုက်ဆုံးရှုံးသွားမည်ဖြစ်သဖြင့် တိရစ္ဆာန်တစ်ကောင်ကိုကယ်ဆယ်နေစဉ်တွင် မိရိုးဖလာဥပဒေများတို့ကို ချိုးဖောက်မည့်အစား လူတစ်ယောက်အား ရောဂါဝေဒနာကိုဆက်လက်ခံစားစေရန် စွန့်ပစ်ထားကြလိမ့်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ဘုရားသခင်၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းထားသောလူထက် စကားမပြောနိုင်သော တိရစ္ဆာန်တစ်ကောင်ကို ပို၍ဂရုစိုက်ကြောင်း ပြသခဲ့ကြသည်။ ဤအရာသည် မှားယွင်းသောဘာသာတရားများအားလုံး၏လုပ်ဆောင်နေခြင်းများကို သရုပ်ဖော်နေပါသည်။ သူတို့သည် လူသားများအား မိမိတို့ကိုယ်ကို ဘုရားသခင်အထက်တွင် ချီးမြှောက်စေရန် ဆန္ဒများကို အစပျိုးပေးခဲ့သော်လည်း နောက်ဆုံးတွင် တိရစ္ဆာန်ထက်ယုတ်ညံ့မှုကိုဖြစ်စေခဲ့ကြပါသည်။ ထာဝရဘုရားနှင့်ဆန့်ကျင်ဘက်ပြုသောဘာသာတရားတိုင်းသည် ဖန်ဆင်းခြင်းအချိန်ကပိုင်ဆိုင်ခဲ့သော လူ၏ဂုဏ်အသရေနှင့် ခရစ်တော်အားဖြင့် ၎င်းအားနဂိုမူလအခြေအနေသို့ရောက်စေသောအခါ ရရှိမည့်ဂုဏ်အသရေများကို မပေးအပ်ဘဲ ချန်လှပ်ထားတတ်ပါသည်။ မှားယွင်းသောဘာသာတရားတိုင်းသည် ထိုဘာသာကိုယုံကြည်စွဲမြဲသူများအား လူသားများ၏လိုအပ်ချက်များ၊ လူသားများခံစားနေရသောဒုက္ခဝေဒနာများနှင့် လူ့အခွင့်အရေးများကို ဂရုမပြုကြရန် သွန်သင်လေ့ရှိကြပါသည်။ ဧဝံဂေလိတရားတော်သည် ခရစ်တော်၏အသွေးတော်နှင့်ဝယ်ယူခြင်းခံရသူများအဖြစ် လူသားများကို တန်ဖိုးထားပြီး လူသားများ၏လိုအပ်ချက်များ၊ ၎င်းတို့ခံစားရသော အမင်္ဂလာများအတွက် အရေးတယူပြုမှုများကိုသွန်သင်ပါသည်။ "လူသည် ရွှေစင်ထက်အဖိုးထိုက်မည်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်

ထက်အဖိုးထိုက်မည်အကြောင်း ငါပြုမည်” ဟု ထာဝရဘုရားမိန့်တော်မူ၏။ ဟေရှာယ ၁၃း၁၂။

သခင်ယေရှုသည် ဖါရိရှဲများဘက်သို့လှည့်၍ ဥပုသ်နေ့၌ ကျေးဇူးပြုအပ်သလော၊ သူ့အကျိုးကိုဖျက်အပ်သလော၊ အသက်ကိုကယ်အပ်သလော၊ သတ်အပ်သလောဟု မေးမြန်းတော်မူသောအခါ ကိုယ်တော်သည် ၎င်းတို့၏ ဆိုးသွမ်းသောအကြံအစည်များကို ၎င်းတို့ကိုယ်တိုင်အားသိရှိစေရန် ပြသတော်မူခြင်းဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်သည် အသက်များကို ကယ်တင်၍ လူထုကြီးအား ပျော်ရွှင်မှုရရှိအောင်လုပ်ဆောင်နေစဉ် ထိုသူတို့သည် ခါးသီးသောမုန်းတီးမှုများဖြင့် ကိုယ်တော်၏အသက်ကို သတ်ဖြတ်ရန် ရှာကြံနေကြပါသည်။ ကိုယ်တော်ရှင်ပြုတော်မူခဲ့သည့်အတိုင်း နာမကျန်းသူများအား အနာရောဂါပျောက်ကင်းစေခြင်းထက် ၎င်းတို့ကြံစည်ထားသည့်အတိုင်း ဥပုသ်နေ့တွင် သတ်ဖြတ်ခြင်းသည် ပို၍ကောင်းမွန်ပါသလား။ ကရုဏာလုပ်ရပ်များတွင် ဖော်ပြထားသည့် လူသားအားလုံးအား ချစ်ခင်မြတ်နိုးခြင်းထက် သန့်ရှင်းသောဥပုသ်နေ့တွင် စိတ်နှလုံးထဲ၌ လူသတ်မှုကျူးလွန်ခြင်းက ပို၍ဖြောင့်မတ်ပါသလား။

လက်တစ်ဖက်သေသူအား ကုသပျောက်ကင်းစေခြင်းအားဖြင့် ခရစ်တော်သည် ယုဒလူမျိုးများ၏အကျင့်ဓလေ့ကို ပြစ်တင်ရှုတ်ချ၍ စတုတ္ထမြောက်ပညတ်ကို ဘုရားသခင်ပေးသနားတော်မူခဲ့သည့်အချိန်ကကဲ့သို့သော အခြေအနေတွင် ရပ်တည်စေခဲ့ပါသည်။ ထို့ကြောင့် “ဥပုသ်နေ့၌ကျေးဇူးပြုအပ်သည်” ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ကို အပြစ်တင်နေသောသူများသည် ဘုရားသခင်၏သန့်ရှင်းသောဥပုသ်နေ့ကို ရှုတ်ချနေကြစဉ်တွင် ခရစ်တော်သည် ယုဒလူများ၏အဓိပ္ပါယ်မဲ့သော တားမြစ်ကန့်သတ်ချက်များကို ပယ်ရှားလိုက်ခြင်းအားဖြင့် ဥပုသ်တော်နေ့ကို အလေးအမြတ်ပြုတော်မူခဲ့ပါသည်။

ခရစ်တော်သည် ပညတ်တော်ကိုပယ်ဖျက်ခဲ့ပြီဟု ခံယူသောသူများက ကိုယ်တော်သည် ဥပုသ်ကိုချိုးခဲ့ပြီး တမန်တော်များအားလည်း ထိုကဲ့သို့လုပ်ဆောင်ခြင်းတွင် သင့်လျော်မှန်ကန်ကြောင်းပြောခဲ့သည်ဟု



သွန်သင်နေကြပါသည်။ ထိုကဲ့သို့နည်းအားဖြင့် ၎င်းတို့သည် အကြောင်းမဲ့ အပြစ်ရှာတတ်သောယုဒလူများတို့ လုပ်ဆောင်ခဲ့သကဲ့သို့ အမှန်တကယ် လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ ဤနေရာတွင် သူတို့သည် “ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသည်” (ယောဟန် ၁၅း၁၀) ဟူ၍မိန့်တော်မူခဲ့သော ခရစ်တော်၏ သက်သေခံချက်နှင့် ဖီလာဆန့်ကျင်နေပါသည်။ ကယ်တင်ရှင်သာမက ၎င်း၏နောက်လိုက်များသည် ဥပုသ်နေ့ကိုမချိုးဖောက်ခဲ့ကြချေ။ သန့်ရှင်းသောပညတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်းများကို ကိုယ်တော်၏အသက်တာတွင် မတွေ့ခဲ့ရချေ။ မိမိအားကယ်တင်ရန် ရှာကြံနေကြသော ယုဒနိုင်ငံ၏သက်သေခံများကိုမျှော်ကြည့်လျက် “ငါ၌အပြစ်ရှိကြောင်းကို သင်တို့တွင်အဘယ်သူဖော်ပြသနည်း” ဟု ဒွိဟကင်းစွာဖြင့် ကိုယ်တော်မေးတော်မူနိုင်ခဲ့ပါသည်။ (ယောဟန် ၈း၄၆)။

ကိုယ်တော်သည် ရှေးဘိုးဘေးများနှင့် ပုရောဖက်များသွန်သင်ခဲ့သောအရာများကိုပစ်ပယ်ခြင်းငှါ ကြွလာခဲ့သည်မဟုတ်။ အကြောင်းမူကား ထိုသွန်သင်ချက်များကို ကိုယ်တော်တိုင်ထိုပုရောဖက်များအားဖြင့် လူသားများအားမိန့်တော်မူခဲ့သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်မှ သမ္မာတရားအားလုံးသည် ကိုယ်တော့်ထံမှလာခဲ့ပါသည်။ သို့သော် အဖိုးမဖြတ်နိုင်သော ဤကျောက်မြတ်များကို မှားယွင်းသောအနေအထားများတွင် အသုံးပြုခဲ့ကြပါသည်။ မှားယွင်းမှုကိုထောက်ပံ့ရန်လည်း အသုံးပြုခဲ့ကြပါသည်။ ဘုရားသခင်သည် ထိုကျောက်မြတ်များကို မှားယွင်းသောအနေအထားမှပြောင်းရွှေ့၍ သမ္မာတရားတော်ထဲတွင် ပြန်လည်နေရာချထားရန် အလိုတော်ရှိပါသည်။ ဘုရားသခင်၏လက်တော်က သာ၍အမှုကို ပြီးစီးစေနိုင်ပါသည်။ သမ္မာတရားသည် မှားယွင်းမှုများနှင့်ဆက်နွှယ်နေခြင်းအားဖြင့် ဘုရားသခင်နှင့်လူတို့၏ရန်သူ၏အမှုကိုပြီးမြောက်စေလျက်ရှိပါသည်။ ခရစ်တော်သည် ပညတ်တော်အား ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည့်အနေအထား၊ လူသားများ၏ကယ်တင်ခြင်းကိုအကျိုးဖြစ်စေမည့်အနေအထားတွင် ပြန်လည်ရောက်ရှိနိုင်ရန် ကြွလာတော်မူခဲ့ပါသည်။

"ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ဖြစ်သည် မဟုတ်" ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ ဘုရားသခင်တည်ထောင်တော်မူခဲ့သောအရာများသည် လူသားများအကျိုးအတွက်ဖြစ်ပါသည်။ "ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့အလို့ငှါဖြစ်သတည်း။" "ပေါလုဖြစ်စေ၊ အာပေါလုဖြစ်စေ၊ ကေဖဖြစ်စေ၊ ဤလောကဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ သေခြင်းဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောက်လာလတ္တံ့သောအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့သည် သင်တို့အဖို့ဖြစ်ကြ၏။ သင်တို့သည်လည်း ခရစ်တော်အဖို့ဖြစ်ကြ၏။ ခရစ်တော်သည်လည်း ဘုရားသခင်အဖို့ဖြစ်တော်မူ၏။" ၂ကော၊ ၄း၁၅။ ၁ကော၊ ၃း၂၂-၂၃။ ဥပုသ်နေ့နှင့်ပတ်သက်သည့် ပညတ်ပါရှိသောပညတ်တော် (၁၀) ပါးကို ကောင်းချီးမင်္ဂလာတစ်ခုအနေနှင့် လူသားများအား ဘုရားသခင်ပေးသနားတော်မူခဲ့ပါသည်။ "ထာဝရဘုရားသည် ယနေ့တိုင်အောင် ကျေးဇူးပြုတော်မူသကဲ့သို့ ငါတို့အသက်ကိုစောင့်တော်မူမည့်အကြောင်း ငါတို့အကျိုးကိုထောက်၍ ငါတို့ဘုရားသခင်ထာဝရဘုရားကိုကြောက်ရွံ့လျက် ဤပညတ်အလုံးစုံတို့ကို ကျင့်စေခြင်းငှါ မှာထားတော်မူ၏" တရား၊ ၆း၂၄။ ၎င်းပြင် ဆာလံဆရာအားဖြင့်လည်း ဣသရေလလူများတို့အား သတင်းစကားကို ပေးသနားတော်မူခဲ့ပါသည်။ "ထာဝရဘုရား၏အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ကြလော့၊ ရွှင်လန်းစွာသီချင်းဆိုလျက် အထံတော်သို့ဝင်ကြလော့၊ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ဟုသိမှတ်ကြလော့၊ ထာဝရဘုရားသည် ငါတို့ကိုဖန်ဆင်းတော်မူ၍ ငါတို့အရှင်ဖြစ်တော်မူ၏။ ငါတို့သည်လည်း ထာဝရဘုရား၏လူဖြစ်ကြ၏။ အထံတော်၌ ကျက်စားသောသိုးစုလည်းဖြစ်ကြ၏။ ကျေးဇူးတော်ကြီးပါသည်ဟုဝန်ခံလျက် တံခါးတော်တို့ကိုလည်းကောင်း၊ ဂုဏ်တော်ကိုချီးမွမ်းလျက် တံတိုင်းတော်တို့ကိုလည်းကောင်း ဝင်ကြလော့၊ ကျေးဇူးတော်ကိုချီးမွမ်း၍ နာမတော်ကိုကောင်းချီးပေးကြလော့။" ဆာလံ ၁၀၀း၂-၄။ ၎င်းပြင် "ဥပုသ်နေ့ကိုမရှုတ်ချ၊ စောင့်ရှောက်၍ ငါ၏ပဋိညာဉ်ကိုစွဲလမ်းသောသူအပေါင်းတို့ကို ငါ၏သန့်ရှင်းသောတောင်သို့ ငါဆောင်ခဲ့၍ ငါ၏ပတ္ထနာအိမ်၌ ဝမ်းမြောက်စေမည်။" ဟေရှာ ၅၆း၆-၇။



"သို့ဖြစ်၍ လူသားသည် ဥပုသ်နေ့ကိုပင်အစိုးရသည်" ဟူသောစကားများတွင် ညွှန်ကြားမှုများနှင့် နှစ်သိမ့်မှုများအပြည့်အဝပါရှိနေပါသည်။ ဥပုသ်နေ့သည် လူသားများအဖို့တည်ထောင်ထားသောကြောင့် ထိုနေ့သည် သခင်ဘုရား၏နေ့ဖြစ်ပါသည်။ အကြောင်းမူကား ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်ကင်းလွတ်လျက်ရှိသောအရာတစ်စုံတစ်ခုမျှမရှိ" ယောဟန် ၁း၃။ ကိုယ်တော်သည် အရာခပ်သိမ်းကိုဖန်ဆင်းတော်မူသောကြောင့် ဥပုသ်နေ့ကိုလည်း ကိုယ်တော်ဖန်ဆင်းတော်မူခဲ့သည်။ ကိုယ်တော်သည် ဥပုသ်နေ့ကိုဖန်ဆင်းခြင်း၏အထိမ်းအမှတ်တစ်ခုအနေဖြင့် သီးသန့်ခွဲထားတော်မူခဲ့ပါသည်။ ဥပုသ်နေ့သည် ကိုယ်တော်ရှင်အား ဖန်ဆင်းရှင်နှင့်သန့်ရှင်းစေသောအရှင်ဖြစ်ကြောင်းကို ညွှန်ပြပါသည်။ ကောင်းကင်နှင့်မြေကြီးပေါ်တွင်ရှိသော ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူထသော၊ ခပ်သိမ်းသောအရာများကို တစ်လုံးတစ်စည်းတည်းရှိစေတော်မူထသော၊ ကိုယ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်တော်မူကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့အား ကိုယ်တော်၏တန်ခိုးတော်အားဖြင့် ဘုရားသခင်နှင့်ရန်ငြိမ်းစေခဲ့ကြောင်းကိုလည်းကောင်း ဥပုသ်တော်နေ့သည် ဖော်ညွှန်းနေပါသည်။ အကြောင်းမူကား "ငါထာဝရဘုရားသည် သူတို့ကိုသန့်ရှင်းစေခဲ့သည်ဟု သူတို့သည် သိမည်အကြောင်း ငါနှင့်သူတို့စပ်ကြားမှာ လက္ခဏာသက်သေဖြစ်စေခြင်းငှါ ငါ၏ဥပုသ်နေ့တို့ကိုငါခန့်ထား၏" ဟု ကိုယ်တော်သည် ဣသရေလလူများအား မိန့်တော်မူခဲ့သည်။ ယေဇကျေ၊ ၂၀း၁၂။ ဥပုသ်နေ့သည် ထိုသူတို့အား သန့်ရှင်းစေသည်ဟု ကျမ်းစာတွင်မိန့်တော်မူထားပါသည်။ ၎င်းပြင် ဥပုသ်နေ့သည် ကျွန်ုပ်တို့ကိုလည်းသန့်ရှင်းစေသော ခရစ်တော်တန်ခိုးတော်၏လက္ခဏာတစ်ခုဖြစ်နေပြီး ကိုယ်တော်သန့်ရှင်းစေတော်မူသောသူအားလုံးအား ထိုနေ့ကိုပေးသနားတော်မူပါသည်။ ခရစ်တော်အားဖြင့် ဘုရားသခင်၏ ဣသရေလအမျိုးအဝင်ဖြစ်လာကြမည့်သူအားလုံးတို့အား ကိုယ်တော်၏ သန့်ရှင်းစေခြင်းလက္ခဏာတစ်ခုအနေဖြင့် ဥပုသ်နေ့ကိုပေးသနားတော်မူပါသည်။ "သင်သည်---ငါ့သန့်ရှင်းသောနေ့မှာ

ကိုယ်အလိုသို့မလိုက်၊ ဥပုသ်နေ့ကိုမွေ့လျော်ရာနေ့၊ ထာဝရဘုရားအဖို့ သန့်ရှင်းသောနေ့၊ ရိုသေဖွယ်သောနေ့ဟူ၍ခေါ်သဖြင့် ကိုယ်အမှုကိုမပြု၊ ကိုယ်အလိုသို့မလိုက်၊ ကိုယ်စကားကိုမပြောဘဲနေ၍ ထိုနေ့ကိုရိုသေလျှင် သင်သည် ထာဝရဘုရား၌ မွေ့လျော်ရလိမ့်မည်။" ဟေရှာ ၅၈း၁၃-၁၄။ ဥပုသ်နေ့ကို ခရစ်တော်၏ဖန်ဆင်းခြင်းနှင့် ကယ်တင်ခြင်းတန်ခိုးတော်၏ အထိမ်းအမှတ်တစ်ခုအဖြစ် လက်ခံရယူသောသူအားလုံးအတွက် ထိုနေ့သည် မွေ့လျော်ရာနေ့တစ်နေ့ဖြစ်ပါလိမ့်မည်။ ထိုနေ့၌ ခရစ်တော်ကိုမြင်တွေ့ရခြင်းအတွက် သူတို့သည် ကိုယ်တော်၌မွေ့လျော်ကြပါသည်။ ကယ်တင်ခြင်းစီမံကိန်းအတွက် ကိုယ်တော်ရှင်၏ကြီးမားသောတန်ခိုးတော်၏သက်သေအထောက်အထားတစ်ခုအနေဖြင့် ဥပုသ်နေ့သည် ဖန်ဆင်းခြင်းအမှုကို သူတို့အားပြည့်ဆွန်နေပါသည်။ ဥပုသ်နေ့သည် ဧဒင်ဥယျာဉ်တွင် ဆုံးရှုံးခဲ့ရသောငြိမ်သက်ခြင်းကို သတိရစေသကဲ့သို့ ခရစ်တော်အားဖြင့် ပြန်လည်ရရှိမည့်ငြိမ်သက်ခြင်းအကြောင်းကိုလည်း ဖွင့်ဟနေပါသည်။ ၎င်းပြင် သဘာဝတွင်ရှိသော အရာဝတ္ထုတိုင်းသည် "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်" ဟူသော ကိုယ်တော်၏ဖိတ်ခေါ်ချက် ကို ထပ်ခါတလဲလဲရွတ်ဆိုနေကြပါသည်။ မဿဲ ၁၁း၂၈။

-၀-





## (၃၀)
## ကိုယ်တော်သည်တစ်ကျိပ်နှစ်ပါးသောတမန်တော်များအားခန့်ထားတော်မူခြင်း

မာကု ၃း၁၃-၁၉။ လုကာ ၆း၁၂-၁၆ ကိုအခြေပြုထားပါသည်

"ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ အလိုတော်ရှိသောသူတို့ကိုခေါ်တော်မူလျှင် အထံတော်သို့လာကြ၏။ ကိုယ်တော်နှင့်အတူရှိနေစေခြင်းငှါလည်းကောင်း၊ တရားဟောသောအခွင့်၊ အနာရောဂါတို့ကိုငြိမ်းစေ၍ နတ်ဆိုးတို့ကိုနှင်ထုတ်နိုင်သောအခွင့်နှင့်စေလွှတ်ခြင်းငှါလည်းကောင်း တစ်ကျိပ်နှစ်ပါးသောသူတို့အား ခန့်ထားတော်မူ၏။"

ဂါလိလဲအိုင်နှင့်မလှမ်းမကမ်းတွင်ရှိသည့် သစ်ပင်တစ်ပင်၏အရိပ်တွင် တစ်ကျိပ်နှစ်ပါးသောတပည့်တော်တို့ကို တမန်တော်အရာ၌ခန့်အပ်ကာ တောင်ပေါ်ဒေသနာကိုဟောကြားတော်မူခဲ့ပါသည်။ လယ်ကွင်းပြင်များနှင့်တောင်ကုန်းများသည် ခရစ်တော်သွားရောက်လေ့ရှိသည့်နေရာများဖြစ်ပြီး တရားဟောပြောခြင်းအမှုကို ဗိမာန်တော် (သို့မဟုတ်) တရားဇရပ်များထဲမှာထက် လဟာပြင်တွင်ဆောင်ရွက်ခဲ့သည်ကများပါသည်။ မည်သည့်တရားဇရပ်ကမျှ ကိုယ်တော်ရှင်၏နောက်တော်သို့လိုက်နေသောလူအုပ်ကြီးအတွက် လုံလောက်သောနေရာကိုမပေးနိုင်ခဲ့ချေ။ သို့သော်ဤအကြောင်းတစ်ချက်တည်းကြောင့် လယ်ကွင်းများနှင့် သစ်တောကလေးများတွင်တရားဟောရန် ရွေးချယ်ခဲ့ခြင်းမဟုတ်ဘဲ သဘာဝရှုခင်းများကိုနှစ်သက်တော်မူ၍ တိတ်ဆိတ်သောငြိမ်းချမ်းရာအရပ်သည် ကိုယ်တော့်အတွက် သန့်ရှင်းသောဗိမာန်တော်ကဲ့သို့ဖြစ်နေသည့်အတွက်ကြောင့်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ပထမဦးဆုံးအသက်ရှင်ခဲ့သောလူသားများသည် ဧဒင်ဥယျာဉ်ရှိသစ်ပင်ရိပ်များကို မိမိတို့၏ဗိမာန်တော်အဖြစ် အသုံးပြုခဲ့

ကြပါသည်။ ထိုနေရာတွင် ခရစ်တော်သည် လူသားတို့၏ဖခင်ဖြစ်သည့် အာဒံကိုရင်းရင်းနှီးနှီးစကားပြောဆိုခဲ့ပါသည်။ မိဦးဖဦးတို့သည် ဥယျာဉ်မှ နှင်ထုတ်ခံခဲ့ကြရသောအခါ လယ်ကွင်းပြင်များနှင့် သစ်တောငယ်ကလေးများတွင် ကိုယ်တော်အားဆက်လက်ကိုးကွယ်ဆည်းကပ်ခဲ့ကြရာ ထိုနေရာတွင် ခရစ်တော်သည် ၎င်းတို့အား ကရုဏာတော်ဆိုင်ရာဧဝံဂေလိတရားတော်ကိုသိရှိစေခဲ့သည်။ မံရေသပိတ်ပင်အောက်၌ အာဗြဟံနှင့်စကားပြောခဲ့သောပုဂ္ဂိုလ်သည် ခရစ်တော်ဖြစ်ပါသည်။ ညနေခင်းအချိန်တွင် လယ်ကွင်းထဲ၌ဆုတောင်းနေသောဣဇာက်နှင့်စကားပြောခဲ့သောပုဂ္ဂိုလ်သည် ခရစ်တော်ဖြစ်ပါသည်။ ဗေသလအရပ်ရှိတောင်ကုန်းများတို့ပေါ်တွင် ယာကုပ်အားလည်းကောင်း၊ မိဒျန်တောတွင် မောရှေအားလည်းကောင်း၊ သိုးကျောင်းနေသောသူငယ်ဒါဝိဒ်အားလည်းကောင်း စကားပြောခဲ့သောပုဂ္ဂိုလ်မှာ ယေရှုခရစ်တော်ပင်ဖြစ်သည်။ ဟေဗြဲလူများသည် တစ်ဆယ့်ငါးရာစုလုံးလုံး တစ်နှစ်လျှင်ရက်သတ္တတစ်ပတ်ခန့် မိမိတို့နေအိမ်များကို စွန့်ခွာ၍ စွန်ပလွံခက်များ၊ မိုးမခပင်အစရှိသောအရွက်များသောအပင်၏အကိုင်းအခက်တို့ကိုယူ၍ ဆောက်ထားသောတဲများထဲတွင် နေခဲ့ကြခြင်းမှာလည်း ခရစ်တော်၏ညွှန်ကြားချက်အရပင်ဖြစ်ပါသည်။

ခရစ်တော်သည် မိမိ၏တပည့်တော်များကို သင်တန်းပေးရာတွင် ရှုပ်ထွေးပွေလီသောမြို့ကြီးများကိုမရွေးချယ်ခဲ့ဘဲ ကိုယ်တော်ရှင်သွန်သင်ရန် အလိုရှိသည့် မိမိအလိုကိုငြင်းပယ်ခြင်းနှင့်ပတ်သက်သော သင်ခန်းစာများနှင့် ဆီလျော်ကိုက်ညီသည့် ဆိတ်ငြိမ်သောလယ်ကွင်းများနှင့်တောင်ကုန်းများကိုရွေးချယ်ခဲ့ပါသည်။ ၎င်းပြင် ကိုယ်တော်သည် တရားဟောပွဲများကျင်းပရာတွင်လည်း လူပရိသတ်များကို ကောင်းကင်ပြာပြာကြီးအောက်တွင်လည်းကောင်း၊ တောင်ကုန်းများပေါ်ရှိ မြက်ခင်းပြင်များပေါ်တွင်လည်းကောင်း၊ ပင်လယ်ကမ်းခြေများတွင်လည်းကောင်း စုရုံးစေလိုခဲ့ပါသည်။ ဤနေရာတွင် မိမိ၏ဖန်ဆင်းခြင်းလက်ရာများဖြင့် ဝန်းရံထားသောကြောင့် တရားနာပရိသတ်များတို့၏စိတ်နှလုံးတို့ကို လူများဖန်တီးထားသောအရာများမှ ဘုရားဖန်ဆင်းထားသောအရာများဘက်သို့ ပြောင်းလဲ



ပေးနိုင်မည်ဖြစ်ပါသည်။ သဘာဝ၏တိုးတက်ဖွံ့ဖြိုးမှုများတွင် ကိုယ်တော်ရှင့်နိုင်ငံတော်၏နိယာမတရားများကိုဖော်ပြခဲ့ပါသည်။ လူသားများသည် ဘုရားသခင်ဖန်ဆင်းထားသောတောတောင်များကို ကြည့်ရှုမည်ဆိုလျှင် ဘုရားသခင်နှင့်ဆိုင်သောသမ္မာတရား၏အဖိုးထိုက်တန်သောသင်ခန်းစာများကို လေ့လာနိုင်ကြပါလိမ့်မည်။ ခရစ်တော်၏သွန်သင်ချက်များကို သဘာဝထဲတွင်ရှိသောအရာများအားဖြင့် ၎င်းတို့အား ထပ်ခါတလဲလဲ သတိရစေပါလိမ့်မည်။ ထိုနည်းအားဖြင့် လယ်ကွင်းများသို့သွားသောသူများအနေနှင့် ခရစ်တော်သည် ၎င်းတို့၏စိတ်နှလုံးထဲတွင်ရှိနေတော်မူသည်။ ၎င်းတို့အား သန့်ရှင်းသောတန်ခိုးတစ်ခုကရစ်ပတ်နေသည်ဟု ခံစားကြရပါသည်။ သဘာဝမှအရာဝတ္ထုများသည် သခင်ဘုရား၏ပုံပမာများကို ဝင်ရောက်ဆောင်ရွက်ပြီး ကိုယ်တော်ရှင်ပေးတော်မူသောအကြံဉာဏ်များကို ထပ်လောင်းသတိရစေပါသည်။ သဘာဝတွင် ထာဝရဘုရားနှင့်ဆက်ဆံရင်းနှီးခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်သဘောထားများသည် မြင့်မြတ်လာပြီး စိတ်နှလုံးသည် ငြိမ်သက်မှုရရှိလာပါသည်။

ပထမခြေလှမ်းမှာ ခရစ်တော်ကောင်းကင်သို့တက်ကြွသွားသည့်နောက် ကိုယ်တော်၏ကိုယ်စားလှယ်ဖြစ်သော အသင်းတော်အဖွဲ့အစည်းတွင် ကျွန်ုပ်တို့ယခုပါဝင်စုစည်းကြရန်ဖြစ်ပါသည်။ တန်ဖိုးကြီးမြင့်သော မည်သည့်ဗိမာန်တော်မှအဆင်သင့်မရှိခဲ့ကြသေးသော်လည်း ကယ်တင်ရှင်သည် မိမိနှစ်သက်မြတ်နိုးသည့်ဆိတ်ညံရာအရပ်သို့ တမန်တော်များကိုခေါ်သွားတော်မူခဲ့ပါသည်။ ၎င်းတို့၏စိတ်ထဲတွင် ထိုနေ့၏မွန်မြတ်လှသည့်အတွေ့အကြုံများသည် တောင်များ၊ လျှိုမြောင်များနှင့် ပင်လယ်များ၏တင့်တယ်မှုများနှင့် အမြဲတမ်းဆက်နွှယ်နေခဲ့ပါသည်။ တမန်တော်များသည် ကိုယ်တော်နှင့်ပတ်သက်၍ မိမိတို့မြင်ခဲ့ကြားခဲ့ရသည်များကို ကမ္ဘာအားဖော်ပြရန် သက်သေခံများအဖြစ် စေလွှတ်နိုင်ရန် ကိုယ်တော်သည် ၎င်းတို့အား ခေါ်တော်မူခဲ့ပါသည်။ လူသားများအားပေးအပ်ခဲ့သည့် အလုပ်တာဝန်များတွင် ထိုတာဝန်သည် အရေးအကြီးဆုံးဖြစ်ပြီး ခရစ်တော်ကိုယ်တိုင်လုပ်ဆောင်သည့်လုပ်ငန်းပြီးလျှင် ဒုတိယအရေးပါသောလုပ်ငန်းဖြစ်ပါသည်။

သူတို့သည် ကမ္ဘာကိုကယ်တင်ခြင်းကိစ္စအတွက် ထာဝရဘုရားနှင့်အတူတကွ လုပ်ဆောင်ရမည့်အမှုဆောင်များဖြစ်ရပါမည်။ ဓမ္မဟောင်းကျမ်းတွင် ရှေးဘိုးဘေးတစ်ဆယ့်နှစ်ယောက်တို့သည် ဣသရေလလူများ၏ ကိုယ်စားလှယ်များအဖြစ် ရပ်တည်ကြသကဲ့သို့ ဤတမန်တော်တစ်ဆယ့်နှစ်ပါးသည်လည်း ဧဝံဂေလိတရားကိုဟောကြားမည့် အသင်းတော်၏ ကိုယ်စားလှယ်များအဖြစ်ရပ်တည်ကြရပါမည်။

ကယ်တင်ရှင်သည် မိမိရွေးချယ်တော်မူခဲ့သော ထိုသူများ၏ အကျင့်စာရိတ္တကိုသိရှိထားတော်မူပါသည်။ ၎င်းတို့၏အားနည်းချက်နှင့် အမှားအယွင်းအလုံးစုံတို့သည် ကိုယ်တော်၏ရှေ့တွင် ဟင်းလင်းပွင့်လျက် ရှိပါသည်။ သူတို့ဖြတ်သန်းကျော်လွှားရမည့်အန္တရာယ်များတို့ကိုလည်း ကောင်း၊ သူတို့အပေါ်တွင် ကျရောက်လာမည့်တာဝန်များကိုလည်းကောင်း ကိုယ်တော်သိရှိထားတော်မူခဲ့ပါသည်။ ၎င်းပြင် ကိုယ်တော်ရှင်၏စိတ်နှလုံး သည် ရွေးချယ်ထားသောဤသူယောက်တိုင်းကို အမှုတော်အတွက်အလို ရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဂါလိလဲအိုင်အနီးရှိတောင်ကုန်းတစ်ခု အပေါ်တွင် တစ်ညလုံးတစ်ကိုယ်တော်တည်း ထိုသူများအတွက် ဆုတောင်း ပေးခဲ့ပါသည်။ ထိုအချိန်တွင် ထိုသူများသည် တောင်အောက်၌အိပ်ပျော် နေခဲ့ကြပါသည်။ နံနက်မိုးသောက်၍ အရုဏ်တက်လာသောအချိန်တွင် အရေးကြီးသောအရာများပြောကြားဖို့ရှိသည့်အတွက် မိမိနှင့်လာရောက် တွေ့ဆုံရန် ကိုယ်တော်သည် ၎င်းတို့အားခေါ်တော်မူလိုက်ပါသည်။

ဤတမန်တော်များသည် အမှုတော်တွင် ခရစ်တော်နှင့်အတူ လက်တွဲ၍ အချိန်အတန်ကြာအောင်လုပ်ဆောင်ခဲ့ကြပါသည်။ ယောဟန်၊ ယာကုပ်၊ ပေတရု၊ ဖိလိပ္ပု၊ နာသနေလနှင့် မဿဲတို့သည် အခြားသော တမန်တော်များထက် ကိုယ်တော်ရှင်နှင့်ပိုမိုရင်းနှီးခဲ့ကြပြီး ကိုယ်တော်ရှင် ပြုတော်မူသောနိမိတ်လက္ခဏာများကို အခြားတမန်တော်များထက်ပို၍ မြင်တွေ့ခဲ့ကြရပါသည်။ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် အမြဲမပြတ် ကိုယ်တော်ရှင်နှင့်ပို၍နီးကပ်စွာဆက်ဆံရပ်တည်ခဲ့ကြပါသည်။ ထိုသူ သုံးယောက်သည် ကိုယ်တော်ရှင်နှင့်အမြဲတမ်းလိုလိုရှိနေခဲ့ကြပြီး



ကိုယ်တော်ရှင်ပြတော်မူခဲ့သောနိမိတ်လက္ခဏာများကို မျက်မြင်ကိုယ်တွေ့ မြင်ခဲ့ကြရကာ နှုတ်တော်ထွက်စကားများကိုလည်း ကြားနာခဲ့ကြရပါသည်။ ယောဟန်သည် ကိုယ်တော်ချစ်သောတပည့်တော်အဖြစ် ထင်ရှားခဲ့သည် အထိ ကိုယ်တော်ရှင်နှင့်အတွင်းကျကျရင်းနှီးခဲ့ပါသည်။ ယေရှုသည် သူတို့ အားလုံးကိုချစ်တော်မူပါသည်။ သို့သော် ယောဟန်၌သွန်သင်ချက်များကို အခံယူတတ်ဆုံးစိတ်ထားရှိပါသည်။ သူသည် အခြားသူများထက်အသက် ငယ်ပြီး ကလေးနှင့်တူသောယုံကြည်ကိုးစားမှုမျိုးနှင့် ခရစ်တော်ထံတွင် စိတ်နှလုံးကိုဖွင့်ထားခဲ့ပါသည်။ ထိုနည်းအားဖြင့် သူသည် ခရစ်တော်နှင့် ပို၍ကရုဏာသက်ဝင်ခဲ့ပြီး သူမှတစ်ဆင့်လူများထံသို့ ဝိညာဉ်ရေးနှင့် ပတ်သက်သောနက်နဲသည့်သွန်သင်ချက်များကို ကိုယ်တော်ဟောကြား တော်မူခဲ့ပါသည်။

ဦးစီးဦးဆောင်ပြုကြသော တမန်တော်များအထဲတွင် ဖိလိပ္ပု တစ်ယောက်လည်းပါဝင်ခဲ့ပါသည်။ သူသည် “ငါ့နောက်သို့လိုက်လော့” ဟူသောအမိန့်ပေး၍ ခရစ်တော်ခေါ်တော်မူခဲ့သောတမန်တော်များတို့တွင် လက်ဦးဆုံးသောတမန်တော်ဖြစ်ပါသည်။ ဖိလိပ္ပုသည် အန္ဒြေနှင့်ပေတရု တို့၏ဗက်ဇဲဒမြို့မှပင်ဖြစ်ပါသည်။ သူသည် ဆရာယောဟန်၏သွန်သင်ချက် များကို သွားရောက်နားထောင်ခဲ့ပြီး ခရစ်တော်သည် ဘုရားသခင်၏ သိုးသငယ်ဖြစ်ကြောင်း ကြေညာချက်ကိုကြားနာခဲ့ရပါသည်။ ဖိလိပ္ပုသည် သမ္မာတရားကို ရိုးရိုးသားသားရှာဖွေလေ့လာခဲ့သူတစ်ဦးဖြစ်သော်လည်း မယုံလွယ်သောစိတ်နှလုံးရှိသူတစ်ဦးဖြစ်ပါသည်။ သူသည် ခရစ်တော်နှင့် ပေါင်းဖက်အမှုတော်ဆောင်ခဲ့သော်လည်း ကိုယ်တော်၏ဘုရားဇာတိတော် အကြောင်းကို ပြည့်စုံစွာသဘောမပေါက်ကြောင်း နာသနေလအားပြော သောစကားများတွင် ပြသနေပါသည်။ ခရစ်တော်အား ကောင်းကင်မှ အသံတော်အားဖြင့် ထာဝရဘုရား၏သားတော်ဖြစ်ကြောင်း ကြေညာခဲ့ သော်လည်း ဖိလိပ္ပုအတွက်မူ ကိုယ်တော်သည် “နာဇရက်မြို့သားဖြစ်သော ယောသပ်၏သားယေရှု” ဖြစ်နေခဲ့ပါသည်။ ယောဟန် ၁း၄၅။ တစ်ဖန် လူငါးထောင်အားကျွေးမွေးသောအချိန်တွင်လည်း ဖိလိပ္ပု၏အားနည်းသော

ယုံကြည်ခြင်းကို ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ “ဤသူတို့စားစရာမုန့်ကို အဘယ်မှာဝယ်မည်နည်း” ဟု ဖိလိပ္ပုကိုစမ်းသပ်ရန်အတွက် ခရစ်တော်က မေးလိုက်သောအခါ “ဤသူတို့သည် မုန့်တစ်ဖဲ့စီစေ့အောင် ဒေနာရိအပြား နှစ်ရာအဖိုးထိုက်သောမုန့်မလောက်ပါ” ဟု မယုံကြည်သောသဘောဖြင့် ဖြေဆိုခဲ့ပါသည်။ ယောဟန် ၆း၅၊၇။ ဖိလိပ္ပုသည် ကိုယ်တော်၏လုပ်ဆောင်မှုများကိုမြင်တွေ့ခဲ့ရပြီး တန်ခိုးတော်ကိုခံစားခဲ့ရသော်လည်း ယုံကြည်ခြင်းမရှိကြောင်းကိုတွေ့ရသည့်အတွက် ခရစ်တော်သည် ဝမ်းနည်းတော်မူခဲ့ပါသည်။ ဟေလသလူများက ခရစ်တော်အကြောင်းနှင့်ပတ်သက်၍ ၎င်းအား မေးမြန်းစုံစမ်းကြသောအခါ ထိုသူများတို့အား ခရစ်တော်နှင့်မိတ်ဆက်ပေးရန် ထိုအခွင့်အရေးကိုအသုံးမပြုခဲ့ဘဲ အန္ဒြေထံသို့ပြောပြရန်သွားခဲ့ပါသည်။ တစ်ဖန်ကိုယ်တော်ကို ကပ်တိုင်မတင်မီကလေးတွင်ပြောဆိုခဲ့သော ဖိလိပ္ပု၏စကားများသည် စိတ်ဓာတ်ကျနေသောယုံကြည်ခြင်းများကဲ့သို့ဖြစ်နေပါသည်။ “သောမကလည်း သခင်၊ ကိုယ်တော်သည် အဘယ်အရပ်သို့သွားတော်မူသည်ကို အကျွန်ုပ်မသိသည်ဖြစ်၍ လမ်းခရီးကိုအဘယ်သို့သိနိုင်ပါမည်နည်းဟုလျှောက်လျှင် ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။---သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေရကြ” ဟုဖြေဆိုတော်မူစဉ် ဖိလိပ္ပုထံမှ မယုံကြည်မှုနှင့်ဆိုင်သော တုံ့ပြန်ချက်တစ်ခုထွက်ပေါ်လာခဲ့ပါသည်။ “ဖိလိပ္ပုကလည်း သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အားပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့အလိုပြည့်စုံပါမည်ဟုလျှောက်၏” ယောဟန် ၁၄း၅-၈။ ယေရှုနှင့်သုံးနှစ်လုံးလုံးအတူနေခဲ့ရသော ထိုတမန်တော်၌ နှောင့်နှေးသောစိတ်နှလုံးများနှင့်အားနည်းသောယုံကြည်ခြင်းများရှိခဲ့ပါသည်။

နာသနေလ၏ကလေးငယ်နှင့်တူသောကိုးစားမှုသည် ဖိလိပ္ပု၏မယုံကြည်မှုနှင့်နှိုင်းစာလျှင် အလွန်ခြားနားကွဲပြားခဲ့ပါသည်။ နာသနေလသည် ဖွဲ့ကောင်း၍ လုံ့လရှိသောသဘာဝရှိသည့်သူတစ်ယောက်ဖြစ်ပြီး မမြင်ရသေးသောဇကန်အမှန်ဖြစ်သည့်အရာများကို ယုံကြည်ခြင်းအားဖြင့် ကိုင်စွဲတတ်သောသူတစ်ဦးဖြစ်ပါသည်။ သို့စေကာမူ ဖိလိပ္ပုသည်



ခရစ်တော်၏အဖွဲ့ထဲမှ နည်းနာခံယူနေသူတစ်ဦးဖြစ်နေသဖြင့် ခရစ်တော်သည် ၎င်း၏မယုံကြည်မှုများနှင့် ထုံထိုင်းအနမှုများကို စိတ်ရှည်စွာဖြင့်သည်းခံတော်မူခဲ့ပါသည်။ တမန်တော်များအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်မိုးသွန်းလောင်းတော်မူသောအခါ သူသည် ဘုရားသခင်နှင့်ပတ်သက်သောအဖွဲ့အစည်းတွင် ဆရာတစ်ဦးဖြစ်လာခဲ့ပါသည်။ သူသည် မိမိပြောဆိုသောအရာများအကြောင်းကို သိရှိနားလည်ပြီး တရားနာပရိသတ်အား မိမိတို့၏အပြစ်များကို ထင်ထင်ရှားရှားသိမြင်လာစေသည့်အာမခံချက်ဖြင့် သွန်သင်ခဲ့ပါသည်။

ခရစ်တော်သည် တပည့်တော်များအားခန့်အပ်ရန် ပြင်ဆင်နေစဉ်တွင် ခေါ်တော်မူခြင်းမခံခဲ့ရသောပုဂ္ဂိုလ်တစ်ဦးသည် ထိုလူများတွင်အပါအဝင်ဖြစ်ရန်တောင်းခံခဲ့ပါသည်။ ထိုသူမှာ ခရစ်တော်၏နောက်လိုက်ဟုအတိအလင်းပြောဆိုနေသော ယုဒရှကာရုတ်ပင်ဖြစ်ပါသည်။ ယခုတွင်သူသည် မိမိအားအတွင်းလူတမန်တော်များတွင်သတ်မှတ်ပေးရန် အနူးအညွတ်တောင်းခံနေပါသည်။ သူသည် စိတ်အားကြီးသောအပေါ်ယံရိုးသားမှုဖြင့် “အရှင်ဘုရား၊ ကိုယ်တော်ကြွတော်မူရာအရပ်ရပ်သို့ အကျွန်ုပ်လိုက်ပါမည်” ဟုလျှောက်လေ၏။ ခရစ်တော်သည် ငြင်းဆန်ခြင်း (သို့မဟုတ်) ဖိတ်ခေါ်ခြင်းတစ်စုံတစ်ရာမပြုဘဲ “မြေခွေးသည် မြေတွင်းရှိ၏။ မိုးကောင်းကင်၌ကျင်လည်သောငှက်သည် နားနေရာအရပ်ရှိ၏။ လူသားမူကား ခေါင်းချရာမျှမရှိ” ဟုမိန့်တော်မူ၏။ မဿဲ ၈း၁၉-၂၀။ ယုဒသည် ခရစ်တော်အား မေရှိယဖြစ်ကြောင်း ယုံကြည်ခဲ့ပြီး တမန်တော်များနှင့်အတူလုပ်ဆောင်ခြင်းအားဖြင့် နိုင်ငံတော်သစ်တည်ထောင်သောအခါ ကြီးမားသောရာထူးတစ်ခုကိုရမည်ဟုမျှော်လင့်ခဲ့ပါသည်။ သခင်ယေရှုသည် ၎င်း၏မျှော်လင့်ချက်ကို မိမိ၏ဆင်းရဲနွမ်းပါးခြင်းအကြောင်းဖော်ပြခြင်းအားဖြင့် ဖြိုပျက်သွားစေရန် ကြံရွယ်တော်မူခဲ့ပါသည်။

ယုဒရှကာရုတ်သည် မိမိတို့အထဲတွင် ရေတွက်ခြင်းခံရသူတစ်ဦးဖြစ်လာသင့်သည်ဟု တမန်တော်များကလိုလားတောင့်တခဲ့ကြသည်။ သူသည် ဩဇာတိက္ကမရှိသောအသွင်အပြင်ရှိသူတစ်ဦးဖြစ်ပြီး ထက်မြက်

သောထိုးထွင်းပိုင်းခြားတတ်သည့်ဉာဏ်ရှိသူတစ်ဦးဖြစ်ကာ စီမံဆောင်ရွက်တတ်သောစွမ်းရည်ရှိသူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းသည် ကိုယ်တော်၏အမှုတော်တွင် ကိုယ်တော်အား အကြီးအကျယ်အထောက်အကူပြုနိုင်မည့်သူတစ်ဦးအနေဖြင့် တမန်တော်များက ခရစ်တော်ထံတွင် ၎င်းအားချီးမွမ်းထောက်ခံခဲ့ကြပါသည်။ ကိုယ်တော်သည် ယုဒအား အေးတိအေးစက်ဖြင့်လက်ခံခဲ့သည်ကို သူတို့အံ့အားသင့်ခဲ့ကြပါသည်။

ခရစ်တော်သည် ဣသရေလနိုင်ငံမှခေါင်းဆောင်များ၏ပူးပေါင်းကူညီမှုကိုရယူရန် ကြိုးစားတော်မမူခဲ့ခြင်းအတွက် တမန်တော်များသည် များစွာစိတ်ပျက်ခဲ့ကြရပါသည်။ ဩဇာတန်ခိုးရှိသော၎င်းသူများ၏ထောက်ပံ့မှုကိုရယူခြင်းအားဖြင့် မိမိ၏အမှုတော်လုပ်ငန်းကိုတိုးတက်ကြီးပွားအောင်မလုပ်ခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်သည်ဟု သူတို့ထင်ခဲ့ကြပါသည်။ အကယ်၍ကိုယ်တော်သည် ယုဒအားငြင်းပယ်ခဲ့လျှင် ၎င်းတို့၏စိတ်ထဲတွင် ကိုယ်တော်၏ဉာဏ်ပညာရှိမှုအား သံသယရှိခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်အတွက် သင့်လျော်သောလူများကိုရွေးချယ်ခြင်းတွင် လောကဆန်သောစဉ်းစားချင့်ချိန်မှုများကိုကျင့်သုံးခြင်းသည် အန္တရာယ်ရှိကြောင်း ယုဒ၏နောက်ပိုင်းရာဇဝင်များကဖော်ပြခဲ့ပါသည်။ တမန်တော်များက ရွေးချယ်စေလိုသော ထိုသို့သောလူများနှင့် အမှုတော်ကိုပူးတွဲလုပ်ဆောင်ခြင်းသည် အဆိုးဝါးဆုံးသောရန်သူ့လက်ထဲသို့ အမှုတော်ကိုအပ်နှံလိုက်သကဲ့သို့ဖြစ်ပါလိမ့်မည်။

ယုဒသည် တမန်တော်များနှင့်ပူးပေါင်းခဲ့သောအခါတွင်လည်း ခရစ်တော်၏တင့်တယ်ခြင်းသည် သူ့အတွက်မသိမသာဖြစ်ခဲ့သည်မဟုတ်ပါ။ အသက်ဝိညာဉ်များကို ကယ်တင်ရှင့်ထံသို့ဆွဲယူနေသော ဘုရားသခင့်တန်ခိုးတော်၏ဩဇာသက်ရောက်မှုကို သူခံစားခဲ့ရပါသည်။ ထိခိုက်ပွန်းပဲ့နေသောကျူပင်ကလေးများကိုချိုးဖဲ့ရန် ကြွလာတော်မူခြင်းမဟုတ်သော၊ မီးခိုးထွက်နေသောလျှော်ပင်များ၏မီးကိုငြိမ်းသတ်ရန် ကြွလာတော်မူခြင်းမဟုတ်သောကိုယ်တော်သည် အလင်းတော်ကိုလက်ကမ်းရန်ဆန္ဒရှိသော ဤအသက်ဝိညာဉ်ကို ငြင်းပယ်တော်မမူခဲ့ချေ။ ကယ်တင်ရှင်သည် ယုဒ၏



စိတ်နှလုံးကိုသိတော်မူပါသည်။ ကရုဏာတော်အားဖြင့် မကယ်လွှတ်လျှင် ယုဒသည် အပြစ်တွင်မည်မျှအထိနက်ရှိုင်းစွာနစ်မြုပ်သွားမည်ကိုလည်း ကိုယ်တော်သိရှိတော်မူပါသည်။ ခရစ်တော်သည် ယုဒနှင့်ဆက်နွှယ်လိုက်ခြင်းအားဖြင့် ၎င်းအား မိမိ၏အတ္တကင်းမဲ့သောမေတ္တာတော်မှ ယိုစီးလာသောအပြုအမူများနှင့် ထိတွေ့နိုင်မည့်အနေအထားတွင်ရှိစေခဲ့ခြင်းဖြစ်ပါသည်။ အကယ်၍သာ သူသည် ခရစ်တော်အတွက် စိတ်နှလုံးကိုဖွင့်ဟပေးခဲ့မည်ဆိုလျှင် ဘုရားသခင်၏ကရုဏာသည် ၎င်း၏စိတ်နှလုံးထဲတွင်ရှိနေသောအတ္တနတ်ဆိုးကြီးကို နှင်ထုတ်ပေးခဲ့လိမ့်မည်ဖြစ်ပြီး ၎င်းသည် ကောင်းကင်နိုင်ငံတော်သားတစ်ဦးဖြစ်လာနိုင်ပါသည်။

သူတို့သည် စည်းကမ်းသေဝပ်အောင်လေ့ကျင့်ပေးမှုကိုလက်ခံ၍ ကိုယ်တော့်အကြောင်းကိုလေ့ကျက်ခဲ့ကြမည်ဆိုလျှင် ထာဝရဘုရားသည် ၎င်းတို့အားလက်ရှိအခြေအနေအတိုင်းလက်ခံတော်မူ၍ အမှုတော်မြတ်အတွက် လေ့ကျင့်ပေးတော်မူမည်ဖြစ်ပါသည်။ တမန်တော်များသည် စုံလင်သောသူများဖြစ်ကြသည့်အတွက် ရွေးချယ်ခြင်းကိုခံခဲ့ရသည်မဟုတ်ချေ။ မစုံလင်သောသူများဖြစ်ငြားသော်လည်း သမ္မာတရားကိုသိကျွမ်းခြင်း၊ အသုံးပြုခြင်းအားဖြင့်သော်လည်းကောင်း၊ ခရစ်တော်၏ကရုဏာတော်အားဖြင့်သော်လည်းကောင်း ထိုသူတို့သည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲမှုရှိလာနိုင်ကြပါသည်။

ယုဒရှကာရုတ်သည် အခြားသောတမန်တော်များကဲ့သို့ပင် တူညီသောအခွင့်အရေးကိုရရှိခဲ့ပြီး တန်ဖိုးရှိသည့်သွန်သင်ချက်များကို အတူတူပင်နားထောင်ခဲ့ရပါသည်။ သို့သော် သမ္မာတရားကိုအသုံးချမှုတွင် ယုဒရှကာရုတ်သည် မိမိ၏အလိုဆန္ဒနှင့်အကြံအစည်များအတိုင်း ကွဲလွဲစွာကျင့်ဆောင်အသုံးပြုခဲ့ပါသည်။ သူသည် ဘုရားသခင်၏ဉာဏ်ပညာတော်ကိုလက်ခံရယူရန် မိမိ၏အတွေးအခေါ်ကိုမစွန့်ပစ်ခဲ့ချေ။

မိမိအားအပ်နှံမည့်သူကို ခရစ်တော်သည် အလွန်နူးညံ့သိမ်မွေ့စွာဆက်ဆံတော်မူခဲ့ပါသည်။ ခရစ်တော်သည် တပ်မက်သောစိတ်များကိုအမြစ်မှလှန်၍ သုတ်သင်ရှင်းပေးနိုင်သော ကျေးဇူးပြုတတ်ခြင်းဆိုင်ရာ

အခြေခံနိယာမများကို ၎င်းတို့အား ကြာမြင့်စွာဟောပြောသွန်သင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် လောဘကြီးသောစိတ်၏စက်ဆုပ်ရွံရှာဖွယ်သောအရာများကို ယုဒ၏ရှေ့မှောက်တွင် ထင်ရှားစေခဲ့သဖြင့် ထိုတမန်တော်သည် မိမိ၏အကျင့်များကိုထုတ်ဖော်နေခြင်းဖြစ်ကြောင်း၊ မိမိ၏အပြစ်များကိုထောက်ပြနေခြင်းဖြစ်ကြောင်းကိုရိပ်မိခဲ့ပါသည်။ သို့သော်သူသည် မိမိ၏အပြစ်များကိုဝန်ချတောင်းပန်ခြင်းမပြုခဲ့သည့်ပြင် မိမိ၏မဖြောင့်မတ်မှုများကိုလည်း မစွန့်လွှတ်ခဲ့ချေ။ သူသည် မိမိကိုယ်ကို အရာရာတွင်လုံလောက်နေပြီဟု ယုံကြည်နေပြီး စုံစမ်းခြင်းကိုတွန်းလှန်ရမည့်အစား မိမိ၏လိမ်လည်လှည့်ဖြားတတ်သောအမူအကျင့်များကို ဆက်လက်ကျင့်သုံးခဲ့ပါသည်။ သူသည် ဘုရားသခင်အား ဆင်ခြင်သုံးသပ်ခြင်းနှင့် ဘုရား၏အမှုတော်ဆောင်များတို့မှထွက်ပေါ်လာသောအကျိုးကျေးဇူးများကို ရိတ်သိမ်းခဲ့ပါလျှင် အသက်ရှင်နေသောပုံသက်သေတစ်ခုဖြစ်လာပါလိမ့်မည်။ ခရစ်တော်သည် ၎င်း၏ရှေ့တွင်ရှိတော်မူပါသည်။ သို့သော် ယုဒသည် သွန်သင်မှုများကို တစ်ခုပြီးတစ်ခုပစ်ပယ်ခဲ့ပါသည်။ နားထောင်မှုမပြုခဲ့ပါ။

ကိုယ်တော်သည် ယုဒ၏စိတ်နှလုံးအကြံအစည်များကို အစဉ်သိကြောင်း၊ ၎င်းအားအထောက်အထားများပြသနေစဉ်ပင် သူ၏တပ်မက်မှုများအတွက် နာကြည်းစေသောဆုံးမပြစ်တင်မှုများကိုပြုလုပ်တော်မမူဘဲ မှားယွင်းစွာလုပ်ဆောင်နေသောယုဒအား စိတ်ရှည်စွာဖြင့်သည်းခံတော်မူခဲ့ပါသည်။ သူ့အနေနှင့်အမှန်တရားများကိုကျင့်သုံးလာရန် ကိုယ်တော်သည် အကြီးအကျယ်လှုံ့ဆော်မှုများကိုလုပ်ဆောင်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်၏အလင်းတော်ကိုငြင်းပယ်ခဲ့လျှင် ယုဒအနေဖြင့် ဆင်ခြေပေးစရာရှိလိမ့်မည်မဟုတ်ချေ။

ယုဒသည် အလင်းတော်အတိုင်း လျှောက်လှမ်းရမည့်အစား မိမိ၏ချို့ယွင်းချက်များကို ဆက်လက်ထိန်းသိမ်းထားရန် ရွေးချယ်ခဲ့ပါသည်။ စာတန်သည် ၎င်းအား လုံးလုံးချုပ်ကိုင်ခဲ့သည့်တိုင်အောင် သူသည် မကောင်းသောအလိုဆန္ဒများ၊ လက်စားချေလိုသောစိတ်ဇောနှင့် မောဟ



ဖုံး၍ သုန်မှုန်သောထင်မြင်မှုများကို နှစ်သက်မြတ်နိုးခဲ့ပါသည်။ ခရစ်တော်ကိုရန်ဘက်ပြုနေသူ၏ကိုယ်စားလှယ်တစ်ဦးဖြစ်လာခဲ့ပါသည်။

သူသည် ခရစ်တော်နှင့်လာရောက်ပေါင်းဖက်သောအချိန်တွင် အသင်းတော်ကိုအကျိုးပြုနိုင်မည့် ကောင်းသောကြန်အင်လက္ခဏာအကျင့်စာရိတ္တတချို့ သူ့တွင်ရှိနေပါသည်။ သူသည် ခရစ်တော်၏ထမ်းပိုးကိုယူတင်ဝတ်ဆောင်ရန်ဆန္ဒရှိခဲ့ပါလျှင် တမန်တော်များတွင် အကြီးအကဲတစ်ဦးဖြစ်လာနိုင်ပါသည်။ သို့သော် မိမိ၏ချို့ယွင်းချက်များကို ထောက်ပြသောအခါ သူသည် စိတ်နှလုံးကိုမာကျောခဲ့ပါသည်။ မာနထောင်လွှားပြီးပုန်ကန်လိုသောစိတ်ဖြင့် မိမိ၏ကိုယ်ကျိုးအတွက်ကိုသာရွေးချယ်ခဲ့ပါသည်။ သို့အတွက် သူသည် ဘုရားသခင်လုပ်ဆောင်စေတော်မူသည့်အမှုတော်အတွက် မထိုက်တန်တော့ချေ။

ကိုယ်တော်၏အမှုတော်အတွက် စေတမန်တော်များကိုခေါ်တော်မူစဉ်အချိန်က ၎င်းတို့တွင်ကြီးကျယ်သောချို့ယွင်းချက်များရှိခဲ့ကြသည်။ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိသောအရှင်၏အချစ်ဆုံးတပည့်တော်ဖြစ်လာမည့်ရှင်ယောဟန်သည်ပင် နူးညံ့သိမ်မွေ့၍ ပျော့ပျောင်းသည့်သဘာဝရှိသူတစ်ဦးမဟုတ်ခဲ့ချေ။ သူတို့ညီအစ်ကိုနှစ်ယောက်ကို “မိုးကြိုး၏သားများ” ဟုခေါ်ဝေါ်ခြင်းကိုခံခဲ့ရပါသည်။ သူတို့သည် ခရစ်တော်နှင့်အတူနေကြစဉ် အခြားသူများက ကိုယ်တော်အားမထီမဲ့မြင်ပြုမှုများသည် ၎င်းတို့၏အမျက်ဒေါသနှင့်ရန်ဖြစ်လိုသည့်စိတ်များကိုနှိုးဆွခဲ့ပါသည်။ ရှင်ယောဟန်၏ဒေါသကြီးခြင်း၊ ကလဲ့စားချေလိုခြင်းနှင့် ပြစ်တင်ဝေဖန်တတ်ခြင်း စသည့်စိတ်သဘောထားများရှိခဲ့ပါသည်။ သူသည် မာနကြီး၍ ဘုရားသခင်၏နိုင်ငံတော်တွင် အဦးသောသူဖြစ်ရန် ရည်ရွယ်ချက်ကြီးမားသူတစ်ဦးဖြစ်ခဲ့ပါသည်။ သူသည် မိမိ၏ကြမ်းတမ်းသောစိတ်နေသဘောထားများနှင့်ဆန့်ကျင်သောခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းနှင့် သည်းခံခြင်းများကိုမြင်တွေ့ခဲ့ရပြီး ခရစ်တော်သွန်သင်ခဲ့သောနှိမ့်ချခြင်းနှင့် စိတ်ရှည်ခြင်းသင်ခန်းစာများကို နေ့စဉ်ကြားနာခဲ့ရပါသည်။ သူသည် ဘုရားသခင်၏တန်ခိုးတော်စိုးမိုးရန် စိတ်နှလုံးကို ဖွင့်ဟပေးခဲ့သဖြင့် ခရစ်တော်၏

နှုတ်ကပတ်တော်တို့ကို ကြားနာသူတစ်ဦးသာမဟုတ်တော့ဘဲ ကျင့်ဆောင်သူတစ်ဦးဖြစ်လာခဲ့ပါသည်။ "ငါတည်းဟူသောအတ္တကို ခရစ်တော်၌မြှုပ်နှံ၍ ခရစ်တော်၏ထမ်းပိုးကိုယူတင်ရန်နှင့် ကိုယ်တော်၏ဝန်ကိုထမ်းရွက်ရန် လေ့ကျင့်သင်ကြားခဲ့ပါသည်။

သခင်ယေရှုသည် မိမိ၏တပည့်တော်များအား ဆိုဆုံးမတော်မူခဲ့ပါသည်။ သတိပေးတော်မူခဲ့ပါသည်။ နှိုးဆော်တော်မူခဲ့ပါသည်။ သို့သော် ယောဟန်နှင့် ၎င်း၏ညီအစ်ကိုတို့သည် ကိုယ်တော်ကိုမစွန့်ပစ်ခဲ့ကြချေ။ ဆိုဆုံးမသည့်အကြားမှ ကိုယ်တော်ကိုသာ သူတို့ရွေးချယ်ခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့၏အားနည်းချက်များ၊ မှားယွင်းမှုများကြောင့် ၎င်းတို့ထံမှဆုတ်ခွာသွားတော်မူမည်မဟုတ်ချေ။ ကိုယ်တော်ခံစားရမည့် စုံစမ်းစစ်ဆေးမှုများကို မျှဝေခံစားရန်နှင့် ကိုယ်တော့်သက်တော်စဉ်၏ သင်ခန်းစာများကိုလေ့ကျက်ရန် အဆုံးတိုင်အောင် သူတို့လိုက်လျှောက်ခဲ့ကြပါသည်။ ခရစ်တော်ကိုကြည့်ခြင်းအားဖြင့် သူတို့၏စာရိတ္တများသည် သဘာဝတစ်မျိုးသို့ပြောင်းလဲသွားခဲ့ပါသည်။

တမန်တော်များ၏အကျင့်စရိုက်များနှင့် ပြကတေ့သဘာဝများသည် တစ်ဦးနှင့်တစ်ဦး သိသိသာသာကွဲပြားခြားနားနေကြပါသည်။ မဿဲသည် အခွန်ခံတစ်ဦးဖြစ်ပြီး ရှိမုန်ဇေလုတ်သည် ရောမအာဏာပိုင်များကို ခါးခါးသီးသီးမုန်းတီးသူတစ်ဦးဖြစ်ပါသည်။ ပေတရုသည် သဘောကောင်း၊ စိတ်တိုသူတစ်ဦးဖြစ်ပြီး ယုဒရှကာရုတ်သည် ညံ့ဖျင်းသောစိတ်သဘောထားရှိသူတစ်ဦးဖြစ်ပါသည်။ သောမမှာမူ သဘောကောင်းသော်လည်း ကြောက်လန့်စိုးရိမ်တတ်သူတစ်ဦးဖြစ်ပြီး ဖိလိပ္ပုသည် အရာတစ်ခုကို ယုံကြည်ဖို့ခက်ခဲသူ၊ သံသယဖြစ်တတ်သူတစ်ဦးဖြစ်ကာ ဇေဗေဒဲ၏သားများတို့သည် စကားနည်းသူများဖြစ်သော်လည်း ရည်မှန်းချက်ကြီးမားသူများဖြစ်ကြပါသည်။ မတူညီသောချို့ယွင်းချက်များ မွေးရာပါမကောင်းသောအကျင့်များနှင့် အပြစ်ကိုခင်တွယ်တတ်သောအကျင့်ဆိုးများရှိနေသော ထိုသူများကို တစ်စုတစ်စည်းတည်းစုရုံးခဲ့သော်လည်း ၎င်းတို့သည် ခရစ်တော်၌သော်လည်းကောင်း ခရစ်တော်အားဖြင့်သော်လည်းကောင်း၊



မိမိတို့၏ယုံကြည်ခြင်း၊ အယူဝါဒနှင့် စိတ်သဘောထားများကို တစ်လုံးတစ်ဝတည်းဖြစ်လာရန် လေ့ကျက်ပြီး ဘုရားသခင်၏မိသားစုစာရင်းဝင်များဖြစ်လာကြရန်ဖြစ်ပါသည်။ သူတို့၌ မတူညီသောဝေဖန်စူးစမ်းမှုများ၊ နာကြည်းကြေကွဲမှုများနှင့် ထင်မြင်ယူဆချက်များရှိခဲ့ကြလိမ့်မည်ဖြစ်သော်လည်း ခရစ်တော်သည် ၎င်းတို့၏စိတ်နှလုံးထဲ၌ ကိန်းဝပ်သောအချိန်တွင် မည်သည့်စိတ်ဝမ်းကွဲပြားမှုမျှမရှိနိုင်တော့ချေ။ ကိုယ်တော်ရှင်၏မေတ္တာတော်သည် ၎င်းတို့အား တစ်ဦးအပေါ်တစ်ဦးမေတ္တာထားရန် လမ်းပြတော်မူခဲ့ပါသည်။ ကိုယ်တော်၏သွန်သင်ချက်များသည် ၎င်းတို့အား တစ်စိတ်တည်းတစ်သံတည်းဖြစ်လာသည့်တိုင်အောင် တမန်တော်များအား တစ်လုံးတစ်ဝတည်းဖြစ်စေလျက် အားလုံးသောကွဲပြားခြားနားမှုများကို ညီညွတ်မျှတစေခဲ့ပါလိမ့်မည်။ ခရစ်တော်သည် ဗဟိုအချက်အချာဖြစ်တော်မူ၍ သူတို့သည် ထိုဗဟိုအချက်အချာကိုချဉ်းကပ်ကြသကဲ့သို့ ၎င်းတို့အချင်းချင်းလည်းအချိုးညီစွာ တစ်ဦးနှင့်တစ်ဦးချဉ်းကပ်ခဲ့လိမ့်မည်ဖြစ်ပါသည်။

သခင်ယေရှုသည် တမန်တော်များအား သွန်သင်ဆုံးမပြီးသောအခါ မိမိအနီးတွင် ၎င်းတို့အားစုရုံးစေလျက်၊ ကိုယ်တော်သည် ၎င်းတို့အလယ်တွင်ဒူးထောက်လျက်၊ ၎င်းတို့၏ခေါင်းပေါ်တွင် လက်ကိုတင်တော်မူလျက် မိမိ၏သန့်ရှင်းသောအမှုတော်အတွက် ၎င်းတို့အားဆက်ကပ်အပ်နှံဆုတောင်းပေးတော်မူခဲ့ပါသည်။ ဤနည်းအားဖြင့် တမန်တော်ကြီးများကို ဧဝံဂေလိအမှုတော်အတွက်ခန့်အပ်တော်မူခဲ့ပါသည်။

ခရစ်တော်သည် လူသားများအလယ်တွင် မိမိအား ကိုယ်စားပြုမည့်သူများကို ရွေးချယ်ရာတွင် အပြစ်မကျူးလွန်ခဲ့ဖူးသော ကောင်းကင်တမန်များကို ရွေးချယ်တော်မမူခဲ့ဘဲ အပြစ်သားဖြစ်သည့်လူသားများကို ရွေးချယ်ခဲ့ပါသည်။ ကိုယ်တော်သည် လူသားများအား လက်လှမ်းမီနိုင်ရန် လူဇာတိကိုခံယူတော်မူခဲ့ပါသည်။ ဘုရားဇာတိတော်သည် လူသားဇာတိကို ယူတင်ဝတ်ဆောင်ရန် လိုအပ်ခဲ့ပါသည်။ အကြောင်းမူကား ကမ္ဘာကို ကယ်တင်ရန် ဘုရားဇာတိတော်နှင့် လူသားဇာတိနှစ်မျိုးစလုံးသည် ပူးတွဲ

လုပ်ဆောင်ရန်လိုအပ်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်နှင့်လူသားများအကြား ဆက်သွယ်ရေးလမ်းကြောင်း ပြုလုပ်ပေးနိုင်ရန်အတွက် ဘုရားဇာတိတော်သည် လူသားဇာတိကိုလိုအပ်ခဲ့ပါသည်။ ဘုရားသခင်၏စေတမန်များနှင့်အစေခံကျွန်များသည်လည်း ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်သည် မိမိ၌ပြန်လည်ရရှိစေရန်၊ ၎င်းအနေနှင့် အမှုတော်ကိုဆောင်ရွက်နိုင်စွမ်းရှိရန် လူသည် လူသားများမှမဟုတ်သော၊ လူသားများလက်လှမ်းမမီသည့်နေရာမှ တန်ခိုးတော်တစ်ခုကိုလိုအပ်ပါသည်။ သို့သော် ထိုအကြောင်းကြောင့် လူသားကိုယ်စားလှယ်များသည်မရှိလျှင်လည်းဖြစ်သည်ဟုမဆိုလိုပါ။ လူသားဇာတိသည် ဘုရားဇာတိတော်ကိုကိုင်စွဲသောအခါ ခရစ်တော်သည် ယုံကြည်ခြင်းအားဖြင့် စိတ်နှလုံးထဲတွင် ကိန်းဝပ်တော်မူပါသည်။ ဘုရားဇာတိတော်နှင့်လုပ်ဆောင်ခြင်းအားဖြင့် လူသားများ၏အစွမ်းသတ္တိများသည် ကောင်းသောအမှုကိုလုပ်ဆောင်နိုင်စွမ်းရှိလာပါသည်။

ဂါလိလဲမှတံငါသည်များကိုခေါ်တော်မူခဲ့သောခရစ်တော်သည် လူများကို မိမိ၏အမှုတော်အတွက် ဆက်လက်ခေါ်တော်မူလျက်ရှိပါသည်။ ၎င်းပြင် ရှေးဦးတမန်တော်များအားဖြင့် မိမိ၏ဘုန်းတော်ကိုထင်ရှားခဲ့သကဲ့သို့ ကျွန်ုပ်တို့အားဖြင့်လည်း တန်ခိုးတော်ကိုထင်ရှားရန် အလိုတော်ရှိတော်မူလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် မည်မျှပင်မစုံလင်သည်ဖြစ်စေ၊ အပြစ်များသည်ဖြစ်စေ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အား ၎င်း၏လုပ်ဖော်ဆောင်ဖက်များအဖြစ်လက်ခံရန် ကမ်းလှမ်းတော်မူနေပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်၍ ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်နိုင်ရန်အလို့ငှါ ဘုရားသခင်၏ညွှန်ကြားမှုအောက်တွင် အသက်ရှင်ကြရန် ကိုယ်တော်ရှင်ဖိတ်ခေါ်နေပါသည်။ “တန်ခိုးတော်၏ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်းကို ဘဏ္ဍာသည် မြေအိုးထဲမှာထည့်ထားလျက် ငါတို့၌ရှိ၏။” ၂ကော၊ ၄း၇။ အဘယ်ကြောင့်ဆိုသော် ဧဝံဂေလိတရားဟောခြင်းလုပ်ငန်းကို ကောင်းကင်တမန်များအားမလွှဲအပ်ဘဲ မှားယွင်းတတ်သောလူသားများကို လွှဲအပ်



ပေးခြင်းကြောင့်တည်း။ အားနည်းသောလူသားများအားဖြင့် ပြုတော်မူသောတန်ခိုးတော်သည် ထာဝရဘုရား၏တန်ခိုးတော်ဖြစ်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကဲ့သို့အားနည်းသောသူများအား ကူညီမစနိုင်သောတန်ခိုးတော်သည် ကျွန်ုပ်တို့အားလည်း ကူညီနိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြရန်ဖြစ်ပါသည်။ မိမိတို့ကိုယ်တိုင် နွမ်းရိအားနည်းခြင်းရှိသောသူများသည် မိုက်သောသူ၊ မှားယွင်းသောသူတို့ကိုသည်းခံခြင်းငှါတတ်နိုင်ကြသည်။ မိမိကိုယ်တိုင်ဒုက္ခရောက်ဖူးသောသူတို့သည် ထိုလမ်းစဉ်၏အန္တရာယ်များ၊ အခက်အခဲများကိုတွေ့ကြုံခံစားခဲ့ဖူးပြီဖြစ်သဖြင့် ထိုကဲ့သို့သောဘေးအန္တရာယ်မျိုးမှအခြားသူများကို လက်ကမ်းခေါ်ထုတ်ရန်အတွက် ခေါ်တော်မူခြင်းခံကြရပါသည်။ သံသယစိတ်ဖြင့် စိတ်ရှုပ်ထွေးနေသောဝိညာဉ်များ၊ အနာရောဂါဝေဒနာဒဏ်ဖြင့် ဝန်ပိနေသောဝိညာဉ်များ၊ ယုံကြည်ခြင်းအားနည်းသူများနှင့် ဘုရားသခင်ကိုစွဲမြဲစွာမဆုပ်ကိုင်နိုင်သောသူများတို့ထံသို့ ခရစ်တော်အစားလာလျက်ရှိသော မျက်စိနှင့်မြင်တွေ့နိုင်သောမိတ်ဆွေတစ်ယောက်ရှိပါသည်။ ထိုမိတ်ဆွေသည် ၎င်းတို့၏လှုပ်ရှားနေသောယုံကြည်ခြင်းကို ခရစ်တော်၌မြဲမြံစွာချည်နှောင်ရန် အဆက်အသွယ်တစ်ခုဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့သည် ကမ္ဘာအား ခရစ်တော်အကြောင်းကိုတင်ပြရာတွင် ကောင်းကင်တမန်များနှင့်အတူပူးတွဲလုပ်ဆောင်သူများဖြစ်ကြရပါမည်။ ကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏ပူးတွဲလုပ်ဆောင်မှုကို အလွန့်အလွန်စိတ်အားထက်သန်စွာဖြင့် စောင့်စားနေကြပါသည်။ အကြောင်းမူကား လူသားများကိုဆက်သွယ်ရန်အတွက် လူသားများသည် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သောကြောင့်တည်း။ ကျွန်ုပ်တို့သည် ခရစ်တော်ထံတွင် မိမိကိုယ်ကိုအကြွင်းမဲ့ဆက်ကပ်အပ်နှံသောအခါ ကောင်းကင်တမန်များသည် ကျွန်ုပ်တို့၏အသံများအားဖြင့် ဘုရားသခင်၏မေတ္တာတော်ကိုဖွင့်ဟနိုင်ကြတော့မည်ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါသည်။

-o-

# (၃၁)
# တောင်ပေါ်ဒေသနာ

မဿဲ ၅။ ၆။ ၇ ကိုအခြေပြုထားပါသည်

ခရစ်တော်သည် မိမိ၏နှုတ်တော်ထွက်စကားများကိုနာယူရန် တမန်တော်များကို သီးသန့်စုရုံးစေတော်မူခဲလှပါသည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သောလမ်းကိုသိရှိပြီး လူများကိုသာ တရားနာပရိသတ်အဖြစ်ရွေးချယ်တော်မမူခဲ့ချေ။ အသိပညာကင်းမဲ့သူများနှင့် အမှားအယွင်းများကိုလုပ်တတ်သောသူများကိုတရားဟောကြားရန်မှာ ကိုယ်တော်လုပ်ကိုင်ရမည့်အမှုတော်ဖြစ်ပါသည်။ ကိုယ်တော်သည် နားလည်မှုရှုပ်ထွေးနေသောနေရာတိုင်းတွင် သမ္မာတရားသင်ခန်းစာများကို လက်လှမ်းမီသမျှပေးသနားတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ကိုယ်တိုင်သည် မိမိထံသို့လာရောက်ကြသောသူများအား မြှင့်တင်ရန်ရှာဖွေကာ ၎င်းတို့အား သတိပေးစကားများဖြင့်လည်းကောင်း၊ အသနားခံခြင်းအားဖြင့်လည်းကောင်း၊ အားပေးတော်မူခြင်းအားဖြင့်လည်းကောင်း ကောင်းချီးပေးရန် ခါးပန်းကိုစည်း၍ လက်တော်ကိုဆန့်တန်းကာ ရပ်တော်မူနေသော "သမ္မာတရား" ဖြစ်တော်မူပါသည်။

တောင်ပေါ်ဒေသနာတော်သည် တမန်တော်များကိုအထူးပြုဟောကြားတော်မူခဲ့သော်လည်း လူထုပရိသတ်အားလုံးတို့ကြားနာနိုင်လောက်အောင် ဟောကြားတော်မူခဲ့ပါသည်။ တမန်တော်များအား လက်တင်မင်္ဂလာပေး၍ ခန့်အပ်ပြီးနောက် သခင်ယေရှုသည် ၎င်းတို့နှင့်အတူ ပင်လယ်ကမ်းခြေသို့ကြွချီတော်မူခဲ့သည်။ နံနက်စောစောဝေလီဝေလင်းကြီးတွင် ဤနေရာ၌လူအများသည် စတင်စုရုံးလာခဲ့ကြပါသည်။ ဂါလိလဲရှိမြို့များမှလာနေကျတရားနာပရိသတ်များအပြင် ယုဒပြည်နှင့်ယေရုရှလင်မြို့မှလူများသည်လည်းကောင်း၊ ဒေကပေါလိပြည်၊ ယုဒပြည်တောင်ဘက်စွန်းတွင်ရှိသော ဣဒုမဲပြည်၊ တုရုမြို့၊ မိဒုန်မြို့နှင့် မြေထဲပင်လယ်ကမ်းခြေတစ်လျှောက်တွင်နေကြသောဖိနိတ်ပြည်သားများသည်လည်းကောင်း





လာရောက်စုရုံးခဲ့ကြပါသည်။ "လူများအပေါင်းတို့သည် ပြုတော်မူသမျှကိုကြားလျှင်" "တရားနာခြင်းငှါလည်းကောင်း၊ အနာရောဂါတို့ကိုငြိမ်းစေခြင်းငှါလည်းကောင်း" စုရုံးလာခဲ့ကြရာ "ကိုယ်တော်အထဲက တန်ခိုးထွက်၍လူအပေါင်းတို့ကိုသက်သာစေတော်မူသည်။" မာကု ၃း၈။ လုကာ ၆း၁၇-၁၉။

ပင်လယ်ကမ်းခြေသည် တရားနာလိုကြသောပရိသတ်အားလုံးအတွက် ကိုယ်တော်၏အသံကိုကြားနိုင်ရန် မတ်တတ်ရပ်၍နားထောင်ရန်အတွက်ပင် နေရာမရှိတော့သဖြင့် ယေရှုသည် ၎င်းတို့အား တောင်ပေါ်သို့ခေါ်ဆောင်သွားတော်မူခဲ့ပါသည်။ နောက်တော်မှလိုက်လာကြသောလူအုပ်ကြီးအတွက် ကောင်းမွန်စွာစုရုံးနိုင်လောက်သောကွင်းပြင်တစ်ခုသို့ရောက်သောအခါ ယေရှုရှင်ကိုယ်တော်တိုင်သည် မြက်ခင်းပြင်ပေါ်တွင်ထိုင်တော်မူလိုက်ရာ နောက်တော်မှလိုက်လာကြသောတမန်တော်များနှင့်လူထုပရိသတ်ကြီးသည်လည်း ကိုယ်တော်နည်းတူထိုင်ကြပါသည်။

တမန်တော်များသည် ခရစ်တော်အနီးတွင်ကပ်၍ အမြဲတမ်းထိုင်ကြပါသည်။ လူအများသည် ကိုယ်တော့်ထံသို့အဆက်မပြတ်တိုးဝင်ချဉ်းကပ်နေကြသော်လည်း မိမိတို့သည် ခရစ်တော်နှင့်ဝေးကွာသောနေရာတွင်သွားရောက်စုရုံးရှိမည်မဟုတ်ကြောင်းကို သူတို့နားလည်ခဲ့ပါသည်။ သွန်သင်ချက်များမှတစ်လုံးတစ်ပါဒကိုမျှ မကြားလိုက်ရမရှိစေရန်ကိုယ်တော်ရှင်နှင့်အနီးဆုံးနေရာတွင် သူတို့ထိုင်ခဲ့ကြပါသည်။ သူတို့သည်ခေတ်အဆက်ဆက်တွင် နိုင်ငံအရပ်ရပ်သို့ မိမိတို့ဟောကြားရမည့် သမ္မာတရားကိုနားလည်လိုသော စိတ်အားထက်သန်မှုဖြင့် ကောင်းမွန်စွာနားထောင်ခဲ့ကြပါသည်။

ပိုမို၍ထူးခြားသောတရားဒေသနာများကို ကြားနာရမည်ဟုမျှော်လင့်ချက်ဖြင့် ယခုတွင်သူတို့သည် သခင်အနားသို့တိုးဝင်ချဉ်းကပ်ခဲ့ကြပါသည်။ ကိုယ်တော်၏နိုင်ငံတော်သည် မကြာမီတည်ထောင်လိမ့်မည်ကိုလည်း သူတို့ယုံကြည်ခဲ့ကြပါသည်။ ၎င်းပြင်တည်ထောင်တော့မည့်ဆဲဆဲဖြစ်သော နိုင်ငံတော်နှင့်ပတ်သက်သည့်ကြေညာချက်များအတွက် အာမခံ

ချက်များကို ထိုနေ့နံနက်တွင်ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်များမှ သူတို့စုဆောင်းခဲ့ကြပါသည်။ တရားနာပရိသတ်ကြီးသည်လည်း ထိုကဲ့သို့သောမျှော်လင့်ချက်မျိုးထားနေကြကြောင်းကို ၎င်းတို့၏မျက်နှာတွင်ပေါ်လွင်နေသော လေးနက်သည့်စိတ်ဝင်စားမှုရှိကြောင်းအထောက်အထားများကဖော်ပြနေပါသည်။ ခရစ်တော်၏နှုတ်ထွက်စကားများကိုနာယူရန်စောင့်ဆိုင်းလျက် လူထုကြီးသည် မြက်ခင်းပြင်ပေါ်တွင်ထိုင်နေကြစဉ်တွင် ၎င်းတို့၏စိတ်နှလုံး၌ အနာဂတ်တွင်ကောင်းစားမည့်အတွေးများနှင့်ပြည့်ဝနေခဲ့ကြပါသည်။ မိမိတို့သည် မုန်းစရာကောင်းသော ရောမများကိုစိုးမိုးကာကမ္ဘာ့အင်ပါယာကြီး၏ချမ်းသာကြွယ်ဝမှုများနှင့် ကြီးကျယ်ခမ်းနားမှုများကိုပိုင်ဆိုင်ရမည့်နေ့ရက်များကိုမျှော်ကိုးခဲ့ကြသော ကျမ်းတတ်ဆရာများနှင့်ဖါရိရှဲများလည်းရှိခဲ့ကြပါသည်။ မိမိတို့၏ပြိုပျက်နေသောတဲပုတ်များ၊ အစားအစာရှားပါးမှုများ၊ ကြမ်းတမ်းသောအသက်တာများနှင့် လိုအပ်မှုများအတွက်စိုးရိမ်မှုများကို ပေါကြွယ်ဝသောနေရာထိုင်ခင်းများနှင့် သက်သာချောင်ချိသောနေ့ရက်များဖြင့် အစားထိုးပေးမည့်အာမခံချက်များကိုကြားနာရန် ဆင်းရဲသားလယ်သမားများနှင့် တံငါသည်များတို့ကမျှော်လင့်ခဲ့ကြပါသည်။ နေ့အချိန်တွင် မိမိတို့ဝတ်ဆင်ခဲ့သောအဝတ်ကြမ်းများနှင့်ညတွင်ခြုံသောစောင်များအစား အောင်နိုင်သူများတို့ဝတ်ဆင်သောကောင်းမွန်အဖိုးတန်သည့်ဝတ်ရုံများကို ၎င်းတို့အား ခရစ်တော်ကပေးတော်မူလိမ့်မည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ အခြားနိုင်ငံများအလယ်တွင်ဘုရားသခင်ရွေးချယ်တော်မူသောနိုင်ငံတစ်နိုင်ငံအနေဖြင့် ဣသရေလနိုင်ငံအား မကြာမီတွင်ဂုဏ်ပြုတော်မူမည်ကိုလည်းကောင်း၊ ယေရုရှလင်မြို့အား ကမ္ဘာ့ထိပ်သီးမြို့ကြီးတစ်မြို့အဖြစ်ချီးမြှောက်တော်မူမည်ဟူ၍လည်းကောင်း အားလုံးသောစိတ်နှလုံးများသည် မျှော်လင့်ချက်ကြီးများဖြင့်ပီတိဖြစ်နေခဲ့ပါသည်။

ခရစ်တော်သည် လောကနှင့်ဆိုင်သော ကြီးမြတ်မှုများအတွက်ထိုမျှော်လင့်ချက်များကြောင့် စိတ်ပျက်တော်မူခဲ့ပါသည်။ မှားယွင်းသောပညာပေးမှုများအားဖြင့် လုပ်ဆောင်တော်မူခဲ့သော အလုပ်များကိုဖြေရှင်း



ရန်နှင့် တရားနာပရိသတ်အား ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သောမှန်ကန်သည့်ထင်မြင်ယူဆချက်ကို ပေးသနားတော်မူရန် ကိုယ်တော်သည်တောင်ပေါ်ဒေသနာတော်ကို ဟောကြားခြင်းအားဖြင့် ကြိုးစားတော်မူခဲ့ပါသည်။ သို့စေကာမူ ကိုယ်တော်သည် ၎င်းတို့၏အမှားများကို တိုက်ရိုက်တိုက်ခိုက်မှုများပြုတော်မမူခဲ့ချေ။ ကိုယ်တော်သည် အပြစ်တရားကြောင့်ကမ္ဘာတွင်ဖြစ်ပေါ်လာသောဆင်းရဲဒုက္ခများကို မြင်တော်မူခဲ့သော်လည်းစက်ဆုပ်ရွံရှာစရာများ၏ထင်ရှားသောသရုပ်သကန်များကို ၎င်းတို့အားဖော်ပြတော်မမူသေးဘဲ ၎င်းတို့သိရှိထားပြီးသည့်အရာများထက် များစွာသာလွန်ကောင်းမွန်သောအရာများကို သွန်သင်တော်မူခဲ့ပါသည်။ ဘုရားသခင်၏နိုင်ငံတော်အပေါ်ထားရှိသော ၎င်းတို့၏ထင်မြင်ယူဆချက်များကိုတိုက်ခိုက်ပြောကြားခြင်းမပြုဘဲ နိုင်ငံတော်၏သဘာဝကို မိမိတို့သဘောအတိုင်း ထင်မြင်ယူဆစေလျက် ထိုနိုင်ငံတော်ကိုဝင်နိုင်မည့်အခြေအနေများကို ကိုယ်တော်မိန့်မြွက်တော်မူခဲ့သည်။ သွန်သင်တော်မူခဲ့သောသမ္မာတရားများသည် ထိုပရိသတ်ကြီးအတွက် အရေးပါခဲ့သကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း အရေးပါလှပါသည်။ ထိုသူများသည် ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်သော အခြေခံစည်းမျဉ်းများကိုလေ့လာရန် လိုအပ်သကဲ့သို့ ကျွန်ုပ်တို့လည်းလေ့လာရန်လိုအပ်ပါသည်။

တောင်ပေါ်တွင် ခရစ်တော်မိန့်တော်မူခဲ့သောစကားများမှ ပထမဦးဆုံးသောစကားများသည် ကောင်းချီးမင်္ဂလာနှင့်ဆိုင်သောစကားများဖြစ်ခဲ့ပါသည်။ မိမိ၏ဝိညာဉ်ရေးဆင်းရဲမှုကိုသိ၍ ကယ်တင်ခြင်းခံရဖို့လိုအပ်ကြောင်း ခံစားမိသောသူများသည် မင်္ဂလာရှိသည်ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ဧဝံဂေလိသတင်းစကားသည် ဆင်းရဲသားများအားဟောပြောရန်ဖြစ်ပါသည်။ မိမိတို့သည် ဝိညာဉ်ရေးဘက်တွင် ကြွယ်ဝပြည့်စုံ၍ မည်သည့်အရာတစ်ခုကိုမျှမလိုအပ်ဟု အထင်ရှိနေသောဝိညာဉ်ရေးမာနတက်နေသူများထံသွားရောက်ဖော်ပြရန်မဟုတ်ဘဲ နှိမ့်ချ၍စိတ်နှလုံးကြေကွဲနေသူများအား ဟောပြောရန်ဖြစ်ပါသည်။ တစ်ခုတည်းသောအခြေခံတရားကို အပြစ်အတွက်လမ်းဖွင့်ထားပါသည်။ အခြေခံ

တရားတစ်ခုသည်လည်း စိတ်နှလုံးနှိမ့်ချသောသူများအတွက် ဖွင့်ထားလျက်ရှိပါသည်။

မောက်မာသောစိတ်နှလုံးသည် ကယ်တင်ခြင်းကိုရယူရန် ကြိုးစားပါသည်။ သို့ပါသော်လည်း ကောင်းကင်သို့ရောက်ရန်အခွင့်နှင့် ကျွန်ုပ်တို့အနေဖြင့် ကောင်းကင်သားများအဖြစ်ဆီလျော်ရန်မှာ ခရစ်တော်၏ဖြောင့်မတ်ခြင်း၌သာ အခြေခံလျက်ရှိပါသည်။ လူတစ်ယောက်သည် မိမိ၏အားနည်းချက်များကိုသိရှိကာ ကိုယ့်ကိုကိုယ်အထင်ကြီးမှုကိုစွန့်လွှတ်ပြီး မိမိကိုယ်ကို ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် မအပ်နှံသမျှကာလပတ်လုံး ထိုလူအား မူလအခြေအနေသို့ပြန်ရောက်အောင် ဘုရားသခင်သည် ဘာကိုမျှလုပ်ဆောင်ပေးနိုင်တော်မမူချေ။ အပ်နှံသောအချိန်တွင်မူ ဘုရားသခင်ကပေးရန်စောင့်စားနေခဲ့သော ထိုဆုကျေးဇူးတော်ကိုသူရရှိနိုင်ပါသည်။ မိမိ၏လိုအပ်ချက်များကိုသိရှိသောအသက်ဝိညာဉ်များထံမှ မည်သည့်အရာကိုမျှ ရုပ်သိမ်းတော်မူမည်မဟုတ်ချေ။ စုံလင်ပြည့်ဝတော်မူသော မိမိထံသို့ချဉ်းကပ်သောသူများအား ကိုယ်တော်သည် တားမြစ်ချုပ်ချယ်တော်မမူချေ။ “အကြောင်းမူကား သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော၊ ဘုံဗိမာန်၌စံတော်မူထသော၊ အထွတ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့် နှလုံးကြေကွဲသောသူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှါ ကြေကွဲနှိမ့်ချသောစိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။” ဟေရှာယ ၅၇း၁၅။

“စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်းသို့ရောက်ကြလတ္တံ့.” ညည်းတွားရုံသက်သက်၌ အပြစ်ကိုပယ်ရှားနိုင်သောတန်ခိုးရှိသည်ဟု ဤစကားများအားဖြင့် ခရစ်တော်သွန်သင်နေခြင်းမဟုတ်ချေ။ ဟန်ဆောင်မှုအတွက်သော်လည်းကောင်း၊ မိမိသဘောအတိုင်း နှိမ့်ချခြင်းအတွက်သော်လည်းကောင်း ကိုယ်တော်ရှင်ထောက်ခံချက်တစ်စုံတစ်ရာကိုပေးတော်မမူခဲ့ပါ။ ကိုယ်တော်ရှင်မိန့်တော်မူသော စိတ်မသာညည်းတွားခြင်းသည်



စိတ်ညှိုးငယ်ခြင်း၊ မြည်တမ်းငိုကြွေးခြင်းများနှင့် ပေါင်းစပ်ထားသည့် ခံစားချက်တစ်ခုမဟုတ်ချေ။

သွန်သင်ချက်၏ဆိုလိုရင်းမှာ ကျွန်ုပ်တို့သည် အပြစ်အတွက်ကြောင့် ဝမ်းနည်းကြလျှင် ဘုရားသခင်၏သားသမီးများဖြစ်ရခြင်းတည်းဟူသော အထူးအခွင့်အရေးအတွက် ဝမ်းမြောက်ဝမ်းသာရှိကြရမည်ဟူ၍ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မိမိတို့၏မကောင်းမှုလုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသောမနှစ်သက်ဖွယ်သောအကျိုးဆက်များအတွက် မကြာခဏဝမ်းနည်းကြေကွဲကြရပါသည်။ သို့သော် ထိုဝမ်းနည်းမှုသည် နောင်တရခြင်းမဟုတ်ချေ။ အပြစ်အတွက် စစ်မှန်သောဝမ်းနည်းခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှု၏ရလဒ်ဖြစ်ပါသည်။ ဝိညာဉ်တော်သည် ကယ်တင်ရှင်အား ဝမ်းနည်းစေခဲ့သော၊ မထီလေးစားလုပ်ခဲ့သော စိတ်နှလုံး၏ကျေးဇူးမသိတတ်မှုကိုဖော်ပြကာ ကပ်တိုင်၏ခြေတော်ရင်းတွင် ကျွန်ုပ်တို့အား စိတ်နှလုံးကိုကြေကွဲစေပါသည်။ ကျူးလွန်သောအပြစ်များအားဖြင့် ခရစ်တော်ကိုဒဏ်ရာအသစ်ရစေခဲ့ပါသည်။ ကျွန်ုပ်တို့က နာကျင်စေခဲ့သော ကိုယ်တော်ကို ကျွန်ုပ်တို့ကြည့်ရှုကြစဉ် နာကျင်စေခဲ့သော ထိုအပြစ်များအတွက် ကျွန်ုပ်တို့စိတ်မသာညည်းတွားကြပါသည်။ ထိုကဲ့သို့သောစိတ်မသာညည်းတွားမှုသည် အပြစ်ကျူးလွန်ရန် ငြင်းဆိုမှုကိုဖြစ်စေပါလိမ့်မည်။

လောကရှုထောင့်မှကြည့်လျှင် ဤသို့သောဝမ်းနည်းမှုမျိုးကို အားနည်းချက်တစ်ခုဟုပြောဆိုကောင်းပြောဆိုကြပါမည်။ သို့ပါသော်လည်း ထိုအရာသည် သံဝေဂရနေသောထိုသူအား အနန္တတန်ခိုးရှင်နှင့်မပြတ်နိုင်သည့် အချည်အနှောင်တစ်ခုဖြင့် ချည်နှောင်ပေးသည့် ခွန်အားဖြစ်ပါသည်။ ဘုရားသခင်၏ကောင်းကင်တမန်များသည် ၎င်းအသက်ဝိညာဉ်အား စိတ်နှလုံးခိုင်မာခြင်းနှင့် အပြစ်ကျူးလွန်ခြင်းများကြောင့် ပျောက်ဆုံးခဲ့ရသောကရုဏာတော်ကိုပြန်လည်ယူဆောင်ပေးလျက်ရှိကြောင်း ဤအရာသည် ထင်ရှားစေပါသည်။ နောင်တသံဝေဂရသူ၏မျက်ရည်ပေါက်များသည် သန့်ရှင်းခြင်းနေရောင်ခြည်၏အလျင်ပေါ်ထွန်းသောမိုးရေပေါက်များသာ

ဖြစ်ကြသည်။ ဤဝမ်းနည်းမှုသည် အသက်ဝိညာဉ်များတွင် အသက်စမ်းရေဖြစ်စေမည့် ဝမ်းမြောက်မှု၏ရှေ့ပြေးဖြစ်ပါသည်။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုပြစ်မှား၍ စိမ်းသောသစ်ပင်ရှိသမျှအောက်၌ တွေ့သောဧည့်သည်တို့နှင့်မှားယွင်းသောအပြစ်ရှိကြောင်းကို ဝန်ခံရုံမျှသာပြုလော့၊" "သင်၌ ငါသည် မျက်မုန်းကျိုးခြင်းကိုမပြု၊ ကရုဏာစိတ်သဘောရှိ၏။ အစဉ်အမျက်ထွက်တတ်သည်မဟုတ်ဟု ထာဝရဘုရားမိန့်တော်မူ၏။" ယေရမိ ၃း၁၃၊၁၂။ "စိတ်မသာညည်းတွားသော ဇိအုန်မြို့သားတို့အဖို့စီရင်၍ ပြာအရာ၌ပေါင်းသရဖူ၊ ဝမ်းနည်းခြင်းအရာ၌ ဝမ်းမြောက်ခြင်းဆီ၊ ညှိုးငယ်သောစိတ်သဘောအရာ၌ ချီးမွမ်းခြင်းအဝတ်တန်ဆာကို သူတို့အားပေးစေခြင်းငှါ" ကိုယ်တော်စေလွှတ်တော်မူခဲ့ပါသည်။ ဟေရှာ ၆၁း၃။

စုံစမ်းစစ်ဆေးခြင်းကိုခံရသောအခါတွင် စိတ်မသာညည်းတွား၍ ဝမ်းနည်းသောသူများသည် သက်သာခြင်းသို့ရောက်ကြမည်ဖြစ်ပါသည်။ စိတ်သောကရောက်ခြင်းနှင့် အနှိမ့်ချခံရခြင်းအတွက် ခံစားရသောခါးသီးမှုများသည် အပြစ်ကျူးလွန်ရန် လိုက်စားခြင်းထက် သာ၍ကောင်းပါသည်။ ကျွန်ုပ်တို့သည် ကရုဏာတော်အားဖြင့် အမှားအယွင်းများကိုကျော်လွှားနိုင်စေရန်အလို့ငှါ ထာဝရဘုရားသည် ကျွန်ုပ်တို့၏စာရိတ္တများ၌ရှိသောစိတ်ဒုက္ခကိုဖြစ်စေသည့်အကြောင်းရင်းများကို ကျွန်ုပ်တို့သိရှိလာစေရန် ဒုက္ခဆင်းရဲခြင်းအားဖြင့် ဖော်ပြတော်မူပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ပတ်သက်သောမသိရှိသေးသည့်အကြောင်းအချက်များကို ကျွန်ုပ်တို့ရှေ့တွင်ဖွင့်ဟထားပြီး ကျွန်ုပ်တို့သည် ဘုရားသခင်၏ပြစ်တင်ဆုံးမမှုနှင့်အကြံပေးမှုများကိုလက်ခံမည်၊ မလက်ခံမည်ကို စုံစမ်းစစ်ဆေးမှုပြုလာပါသည်။ စုံစမ်းစစ်ဆေးခြင်းများရောက်သောအခါ ကျွန်ုပ်တို့သည် ပူပန်စရာ၊ ညည်းတွားစရာမလိုပါချေ။ ခရစ်တော်၏လက်တော်တွင် ပုန်ကန်ထကြွရန် (သို့မဟုတ်) စိတ်ပူပန်ရန်မသင့်ပါချေ။ ထာဝရဘုရား၏ရှေ့တော်မှောက်တွင် အသက်ဝိညာဉ်များသည် နှိမ့်ချကြရပါမည်။ မိမိကိုယ်ကိုနှစ်သက်စေသောအလင်းတရားတွင် အရာဝတ္ထုများကိုမြင်တွေ့ရန် ဆန္ဒရှိသူများအတွက် ဘုရားသခင်၏နည်းလမ်းများသည် မထင်မရှားဖြစ်နေကြပါသည်။



ဘုရားသခင်ပြုတော်မူသည့်နည်းလမ်းများသည် ကျွန်ုပ်တို့၏လူသားသဘာဝအတွက် မှောင်မိုက်၍ ဝမ်းမြောက်စရာမရှိသည့်ပုံမျိုးပေါ်နေပါသည်။ သို့သော် ဘုရားသခင်၏လုပ်နည်းလုပ်ဟန်များသည် ကရုဏာလမ်းစဉ်များဖြစ်ပြီး အဆုံးတွင် ကယ်တင်ခြင်းရှိပါသည်။ ဧလိယသည် တောထဲတွင် မိမိအသက်ကိုသိမ်းယူတော်မူရန် ဘုရားသခင်ထံတွင်ဆုတောင်းသောအခါ မိမိသည် မည်သည့်အရာကိုလုပ်ကိုင်နေသည်ဖြစ်ကြောင်း သူမသိရှိခဲ့ချေ။ ဘုရားသခင်သည် ကရုဏာအားဖြင့် ဧလိယတောင်းခံသည့်အတိုင်း၊ ၎င်း၏အသက်ကိုမသိမ်းယူခဲ့ချေ။ ဧလိယလုပ်ဆောင်ရန် ကြီးမားသောအလုပ်တစ်ခုရှိနေပြီး၊ ထိုအလုပ်ပြီးသောအခါတွင်လည်း တောထဲတွင် အထီးကျန်နေပြီး စိတ်ဓာတ်ကျပျက်စီးသွားရန်မဟုတ်ချေ။ သူသည် သေခြင်းအားဖြင့် မြေကြီးထဲသို့သက်ဆင်းရန်မဟုတ်ဘဲ ဘုန်းတော်အဆောင်အယောင်နှင့်ကောင်းကင်မြင်းရထားများခြံရံလျက် ကောင်းကင်ပလ္လင်တော်သို့တက်ကြွသွားရန်ဖြစ်ပါသည်။

ဝမ်းနည်းခြင်းအတွက် ဘုရားသခင်၏နှုတ်တော်ထွက်စကားများဟူမူကား "သူ့ကိုလည်းကောင်း၊ သူနှင့်အတူစိတ်ညှိုးငယ်သောသူတို့ကိုလည်းကောင်း ချမ်းသာပေးဦးမည်။" "သူတို့ ညည်းတွားခြင်းအရာ၌ ဝမ်းမြောက်ခြင်းကိုငါဖြစ်စေမည်။ သူတို့သည် ဝမ်းနည်းခြင်းကိုခံရသောနောက် စိတ်သက်သာ၍ ရွှင်လန်းမည့်အကြောင်းကိုငါပြုမည်။" ဟေရှာ ၅၇း၁၈။ ယေရမိ ၃၁း၁၃။

"စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။" ကျွန်ုပ်တို့တွေ့ကြုံရမည့်အခက်အခဲများကို ခရစ်တော်၌ရှိသောနူးညံ့သိမ်မွေ့ခြင်းအားဖြင့် အလွန်များစွာလျော့နည်းသွားစေပါသည်။ ကျွန်ုပ်တို့တွင် ခရစ်တော်၏နှိမ့်ချခြင်းရှိကြပါလျှင် မထီမဲ့မြင်ပြုမှုများ၊ တင်းတင်းမာမာငြင်းဆန်မှုများနေ့စဉ်တွေ့ကြုံရသော စိတ်အနှောင့်အယှက်ဖြစ်ခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်ဖြစ်ပြီး သူတို့သည် စိတ်ညှိုးငယ်မှုများမှရပ်စဲသွားကြလိမ့်မည်ဖြစ်ပါသည်။ ခရစ်ယာန်တစ်ဦးတွင် ဂုဏ်သိမ်မြင့်မြတ်မှုအတွက် အမြင့်မားဆုံးသောအထောက်အထားတစ်ခုမှာ ချုပ်တည်းခြင်းပင်ဖြစ်ပါ

သည်။ ဓလေ့ဆိုးများနှင့်ရက်စက်ကြမ်းကြုတ်မှုများကြောင့်တည်ငြိမ်၍ ယုံကြည်ကိုးစားတတ်သောစိတ်ဓာတ်ကိုထိန်းသိမ်းရန် ပျက်ကွက်သော သူသည် မိမိ၏အသက်တာတွင် ကိုယ်တော်၏စုံလင်သောစာရိတ္တတော်ကို ထွန်းလင်းပေးမည့် ကိုယ်တော်၏လုပ်ပိုင်ခွင့်ကိုလုယူပါသည်။ စိတ်နှလုံး နှိမ့်ချခြင်းသည် ခရစ်တော်၏နောက်လိုက်များအား အောင်မြင်မှုကိုပေးသော ခွန်အားဖြစ်ပါသည်။ ထိုအရာသည် အထက်ရွှေနန်းတော်နှင့်ဆက်သွယ်မှု ရှိကြောင်း အထိမ်းအမှတ်တစ်ခုဖြစ်ပါသည်။ "ထာဝရဘုရားသည် မြင့်မြတ်တော်မူသော်လည်း စိတ်နှိမ့်ချသောသူတို့ကိုကြည့်ရှုတော်မူ၏။" ဆာလံ ၁၃၈း၆။ နူးညံ့သိမ်မွေ့မှုနှင့် ခရစ်တော်၌ရှိသောစိတ်နှိမ့်ချမှုကို ထင်ရှားစေသောသူများကို ဘုရားသခင်သည် အနူးအညွတ်ဂရုပြုတော်မူပါသည်။ ထိုသူများကို လောကသားများက အထင်အမြင်သေးကောင်း အထင်အမြင်သေးကြမည်ဖြစ်သော်လည်း ဘုရားသခင်၏မျက်မှောက်တော်တွင် ၎င်းတို့သည် အဖိုးတန်လှပါသည်။ ပညာရှိသောသူများ၊ ကြီးမြတ်သူများနှင့် ကောင်းမှုပြုတတ်သူများသာ ကောင်းကင်ရွှေနန်းတော်သို့ဝင်ခွင့်လက်မှတ်ရရှိကြလိမ့်မည်မဟုတ်ချေ။ စိတ်အားထက်သန်စွာဖြင့် မနားမနေလုပ်ဆောင်ကြသောအမှုတော်ဆောင်များသာ ကောင်းကင်နိုင်ငံတော်သို့ဝင်ကြရလိမ့်မည်မဟုတ်ချေ။ ခရစ်တော်နှင့်အတူနေရန် လိုလားတောင့်တကြသော စိတ်နှလုံးနှိမ့်ချသူများနှင့် ကိုယ်တော်၏အလိုတော်ကိုသာလုပ်ဆောင်ရန် ဆန္ဒပြင်းပြသောစိတ်နှိမ့်ချသောသူများသည်လည်း ကောင်းကင်နိုင်ငံတော်ကိုဝင်ခွင့်ရရှိကြလိမ့်မည်ဖြစ်ပါသည်။ ထိုသူများသည် ဝတ်ရုံများကို ခရစ်တော်၏အသွေးတော်အားဖြင့်ဖြူစင်စေပြီးသောသူများထဲတွင် အပါအဝင်ဖြစ်ကြပါလိမ့်မည်။ "ထိုကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာ နေရာကိုရ၍ ဗိမာန်တော်၌ ဘုရားဝတ်ကိုနေ့ညမပြတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူသည် သူတို့တွင်ကိန်းဝပ်တော်မူမည်။" ဗျာဒိတ် ၇း၁၅။

ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ မိမိကိုယ်ကိုမထိုက်တန်ကြောင်းသိရှိခြင်းသည် ဖြောင့်မတ်ခြင်း



ပါရမီကို ဆာငတ်ခင်မွတ်ခြင်းကိုဖြစ်စေပါသည်။ ၎င်းပြင် ဤအလိုဆန္ဒသည် စိတ်ပျက်မှုကိုဖြစ်စေလိမ့်မည်မဟုတ်ချေ။ မိမိ၏စိတ်နှလုံးထဲတွင် ခရစ်တော်အားစိုးစံခွင့်ပြုသောသူများသည် ကိုယ်တော်၏မေတ္တာတော်ကိုသိရှိလာကြပါလိမ့်မည်။ ဘုရားသခင့်စာရိတ္တတော်၏သဏ္ဌာန်ကိုဝတ်ဆောင်ရန် တောင့်တသောသူများသည် ကျေနပ်မှုကိုရရှိကြလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ခရစ်တော်ကိုမျှော်ကြည့်နေသောအသက်ဝိညာဉ်အား မထောက်ပင့်မကူညီဘဲ မည်သည့်အခါမျှစွန့်ခွာသွားတော်မူမည်မဟုတ်ချေ။ ဝိညာဉ်တော်သည် ခရစ်တော်နှင့်ဆိုင်သောအရာများကိုယူဆောင်၍ လူသားများအား ကိုယ်တော်ရှင်ကိုထင်ရှားစေတော်မူပါမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုသာအစဉ်အမြဲမျှော်ကြည့်မည်ဆိုလျှင် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်တူညီလာသည့်တိုင်အောင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုသည် ရပ်တန့်တော်မူလိမ့်မည်မဟုတ်ချေ။ လူကိုစုံလင်သောသူတစ်ယောက်ဖြစ်စေရန်အလို့ငှါ ကောင်းကင်နိုင်ငံနှင့်ဆိုင်သောအရာများနှင့်ပတ်သက်သည့်အသိဉာဏ်များတိုးပွားစေရန်အတွက် ပိုမိုမြတ်ကြီးသောကြိုးစားလုပ်ဆောင်မှုများကိုလုပ်ဆောင်နိုင်ရန် စွမ်းအားများကိုပေးလျက် မေတ္တာတော်၏သန့်စင်သောအင်အားစုသည် ထိုလူအား တိုးတက်ကြီးပွားစေပါသည်။ "ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတ္တံ့။"

သနားစုံမက်တတ်သောသူများသည် သနားစုံမက်ခြင်းကိုခံကြရလိမ့်မည်။ စိတ်နှလုံးဖြူစင်သောသူတို့သည် ဘုရားသခင်ကိုမြင်ကြရပါလိမ့်မည်။ မသန့်ရှင်းသောတွေးတောစဉ်းစားမှုများသည် အသက်ဝိညာဉ်ကိုညစ်ညူးစေ၍ ကိုယ်ကျင့်တရားနှင့်ဆိုင်သောအသိစိတ်ကိုယုတ်လျော့ညှိုးဖျင်းစေပြီး သန့်ရှင်းသောဝိညာဉ်တော်၏အသိပေးမှုများကို ပျောက်ပျက်သွားစေပါသည်။ လူသားများသည် ဘုရားသခင်ကိုမကြည့်မြင်နိုင်ရန်အလို့ငှါ မသန့်ရှင်းသောတွေးတောမှုများက ဝိညာဉ်ရေးဆိုင်ရာမြင်ကွင်းများကိုမှုန်မွှားစေပါသည်။ ထာဝရဘုရားသည် နောင်တရသောအပြစ်သားများအား အပြစ်မှ

ခွင့်လွှတ်နိုင်တော်မူပါသည်။ ထိုအပြစ်သားသည် အပြစ်မှခွင့်လွှတ်ခြင်းခံခဲ့ရသော်လည်း ၎င်း၏မူလသဏ္ဍာန်သည် ပျက်ယွင်းသွားခဲ့ပါသည်။ ဝိညာဉ်ရေးနှင့်ဆိုင်သောသမ္မာတရားကိုရှင်းလင်းပြတ်သားစွာသိမြင်လိုသူများသည် မသန့်ရှင်းသောအပြောအဆိုနှင့်အတွေးများကို ရှောင်ရှားရပါမည်။

သို့သော်လည်း ခရစ်တော်၏သွန်သင်ချက်များသည် ယုဒလူများ တိတိကျကျရှောင်ရှားခဲ့သော အခမ်းအနားကျင်းပရေးဆိုင်ရာညစ်ညမ်းမှုများနှင့် ကာမဂုဏ်ခံစားမှုဆိုင်ရာ မစင်ကြယ်မှုများမှကင်းရှင်းခြင်းများ ထက်သာလွန်သောအဓိပ္ပါယ်ကိုဆောင်ပါသည်။ တစ်ကိုယ်ကောင်းဆန်သော စိတ်ဓာတ်သည် ကျွန်ုပ်တို့အား ထာဝရဘုရားကိုမကြည့်ရှုရန်ဟန့်တားပါသည်။ ကိုယ့်ဘက်ကိုသာကိုယ်ယက်သောစိတ်ဓာတ်သည် ထာဝရဘုရားကို ထိုကဲ့သို့စိတ်ဓာတ်ရှိသူတစ်ဦးဖြစ်ကြောင်းသတ်မှတ်ပါသည်။ ကျွန်ုပ်တို့သည် ထိုစိတ်ဓာတ်တို့ကိုမငြင်းပယ်နိုင်သမျှ ချစ်ခြင်းမေတ္တာဖြစ်တော်မူသော ဘုရားသခင်ကိုနားလည်နိုင်ကြလိမ့်မည်မဟုတ်ချေ။ တစ်ကိုယ်ကောင်း မဆန်သော၊ နှိမ့်ချသော၊ ယုံကြည်ကိုးစားတတ်သောစိတ်နှလုံးသည်သာလျှင် ဘုရားသခင်ကိုသနားခြင်းကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူထသော ဘုရားတစ်ဆူအနေနှင့် တွေ့မြင်ကြပါလိမ့်မည်။ ထွက်မြောက် ၃၄း၆။

"သူတစ်ပါးချင်းခိုက်ရန်ပြုခြင်းကို ငြိမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။" ခရစ်တော်၏ငြိမ်သက်ခြင်းသည် သမ္မာတရားမှဖြစ်ပွားပါသည်။ ထာဝရဘုရား၏အလိုတော်နှင့်လည်းကိုက်ညီပါသည်။ ကမ္ဘာကြီးသည် ဘုရားသခင်၏ပညတ်တော်ကိုမုန်းတီးပြီး အပြစ်သားများသည် မိမိတို့၏ဖန်ဆင်းရှင်နှင့်ရန်ငြိုးဖွဲ့နေကြသောကြောင့် လူသားများသည် တစ်ဦးနှင့်တစ်ဦးရန်ငြိုးဖွဲ့နေကြပါသည်။ "တရားတော်ကိုနှစ်သက်သောသူတို့၌ကြီးစွာသောငြိမ်ဝပ်ခြင်းရှိပါ၏" ဆာလံ ၁၁၉း၁၆၅။ လူသားများသည် ငြိမ်သက်ခြင်းကိုစီမံထုတ်လုပ်၍မရနိုင်ပါချေ။ ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် (သို့မဟုတ်) အဖွဲ့အစည်းအလိုက်အပြစ်ကင်းစင်မှုရရှိရန်စီမံလုပ်ဆောင်မှုများသည် ငြိမ်သက်ခြင်းကိုပေးစွမ်းလိမ့်မည်မဟုတ်ချေ။ အကြောင်းမူကား



ထိုလုပ်ဆောင်မှုများသည် စိတ်နှလုံးကိုမထိခိုက်သောကြောင့်ဖြစ်ပါသည်။ စစ်မှန်ခိုင်မြဲသောငြိမ်သက်ခြင်းကို ဖန်တီးနိုင်သည့်တစ်ခုတည်းသော



တန်ခိုးတော်သည် ခရစ်တော်၏ကရုဏာတော်ဖြစ်ပါသည်။ ထိုကရုဏာတော်သည် စိတ်နှလုံးထဲတွင်စွဲမြဲလာသောအခါ ရန်ဘက်ပြုခြင်းနှင့် စိတ်ဝမ်းကွဲပြားမှုများကိုဖြစ်စေသော မကောင်းသည့်စိတ်များကိုနှင်ထုတ်ပေးလိမ့်မည်ဖြစ်ပါသည်။ "အမျိုးမျိုးသောဆူးပင်အရာ၌ ထင်းရှူးပင်နှင့် မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်။" "ဆိတ်ညံသောအရပ်သည်လည်း ရွှင်လန်း၍ နှင်းပွင့်ကဲ့သို့အပွင့်ပွင့်လိမ့်မည်။" ဟေရှာယ ၅၅း၁၃။ ၃၅း၁။

ပရိသတ်ကြီးသည် ဖါရိရှဲများ၏ကျင့်ဝတ်များ၊ ပုံသက်သေများနှင့် များစွာကွဲပြားခြားနားသော ဤသွန်သင်ချက်များကိုကြားနာရသောကြောင့် အံ့အားသင့်ခဲ့ကြပါသည်။ ဤလောကနှင့်ပတ်သက်သောဝတ္ထုပစ္စည်းများတို့ကိုပိုင်ဆိုင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း၊ လူသားများတို့၏ ထင်ရှားကျော်ကြားခြင်းနှင့် ဂုဏ်အသရေရှိမှုများသည် များစွာတပ်မက်စရာကောင်းသည့်အရာဖြစ်ကြောင်း ယုဒလူများသဘောပေါက်ခဲ့ကြသည်။ "ရဗ္ဗိ" ဟုအခေါ်ခံရလျှင်သော်လည်းကောင်း၊ လူအများရှေ့တွင်ဖော်ပြခဲ့ကြသော ၎င်းတို့၏အကျင့်သီလများတို့ကြောင့်ပညာရှိများ၊ ဘုရားတရားရှိသူများအဖြစ်အချီးမွမ်းခံရလျှင်သော်လည်းကောင်း သူတို့အလွန်သဘောကျခဲ့ကြပါသည်။ ထိုအရာကို မင်္ဂလာအပေါင်းတို့၏အထွတ်အထိပ်အနေဖြင့်လည်း မှတ်ယူခဲ့ကြပါသည်။ လောကနှင့်ပတ်သက်သောအောင်မြင်မှုများနှင့် ဂုဏ်ပြုခံရခြင်းများတို့သည် ထိုကဲ့သို့သောပုဂ္ဂိုလ်များရရှိမြဲဖြစ်သော ဆုလာဘ်များဖြစ်ကြောင်းကို ခရစ်တော်သည် ကြီးမားလှသော ထိုလူအုပ်ကြီး၏ ရှေ့မှောက်တွင်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုကဲ့သို့သေချာပေါက်မိန့်တော်မူခဲ့စဉ်တွင် နှုတ်ထွက်စကားများတို့၌ သဘောပေါက်နားလည်တတ်သောတန်ခိုးတော်ပါရှိခဲ့ပါသည်။ ထိုလူအပေါင်းတို့သည် တိတ်ဆိတ်နေကြပြီး စိုးရွံ့မှုများကို ခံစားခဲ့ကြရပါသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး သံသယမျက်လုံးများဖြင့် ကြည့်နေခဲ့ကြပါသည်။ ကိုယ်တော်၏သွန်သင်ချက်များသည်မှန်ကန်နေလျှင် ၎င်းတို့ထဲမှမည်သူသည် ကယ်တင်ခြင်းရကြလိမ့်မည်နည်း။ ဂရုပြုထိုက်သောဤဆရာသည် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုကိုခံခဲ့ရကြောင်းနှင့် ထိုသူမိန့်တော်မူသော



အယူအဆသဘောထားများသည် ဘုရားသခင်နှင့်သက်ဆိုင်ကြောင်းများတို့ကို ထိုသူအပေါင်းတို့ခွဲခြားသိမြင်ခဲ့ကြပါသည်။

စစ်မှန်သောပျော်ရွှင်မှုကို မည်သည့်အရာများနှင့်ဖွဲ့စည်းထားကြောင်း၊ ထိုပျော်ရွှင်မှုကို မည်ကဲ့သို့ရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် အခြားသူများအား ဖြောင့်မတ်ခြင်းလမ်းနှင့် ထာဝရအသက်လမ်းများသို့လမ်းပြရန် ဘုရားသခင်ရွေးချယ်သောဆရာများဖြစ်သောတမန်တော်များ၏တာဝန်များကို တိတိကျကျခရစ်တော်ကညွှန်ပြတော်မူခဲ့ပါသည်။ တပည့်တော်များသည် စိတ်ပျက်မှုများ၊ စိတ်ဓာတ်ကျဆင်းမှုများကိုမကြာခဏခံစားကြရမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ သဲသဲမဲမဲဆန့်ကျင်မှုများကို တွေ့ဆုံကြလိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ သူတို့ကိုစော်ကား၍ သူတို့၏သက်သေခံချက်များကို ငြင်းပယ်ကြလိမ့်မည်ဖြစ်ကြောင်းကိုလည်းကောင်း ကိုယ်တော်ရှင်သိရှိတော်မူခဲ့ပါသည်။ သူတို့၏အမှုတော်လုပ်ငန်းများပြည့်ဝစွာပြီးမြောက်စေရန်အတွက် ကိုယ်တော်၏နှုတ်ထွက်စကားများကို စိတ်အားထက်သန်စွာနားထောင်နေကြသော၊ နှိမ့်ချသောထိုသူများသည် သွားပုပ်လေလွင့်ပြောဆိုခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ထောင်တွင်းအကျဉ်းချခြင်းနှင့် အသေသတ်ခြင်းများကိုခံကြရမည်ဖြစ်ကြောင်းကို ကိုယ်တော်သည် ကောင်းမွန်စွာသိရှိတော်မူသဖြင့် "ဖြောင့်မတ်ခြင်းတရားကြောင့် နှောင့်ယှက်ညှဉ်းဆဲခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။ ငါ့ကြောင့် သင်တို့ကိုကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက်အပြစ်တကာတင်ကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည်ကြီးလှပေ၏။ သင်တို့ရှေ့ကပေါ်ထွန်းသောပုရောဖက်တို့ကိုလည်း ထိုနည်းတူညှဉ်းဆဲကြပြီ" ဟုမိန့်တော်မူ၏။

လောကသားများသည် အပြစ်ကိုချစ်၍ ဖြောင့်မတ်ခြင်းတရားကိုမုန်းတီးကြပါသည်။ ဤအရာသည် ၎င်းတို့အနေဖြင့် ခရစ်တော်အား ရန်မူခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏အနန္တ

မေတ္တာတော်ကိုငြင်းပယ်သူများအားလုံးသည် ခရစ်ယာန်ဘာသာကို နှောင့်ယှက်ဟန့်တားသောအရာတစ်ခုအနေဖြင့်သာ တွေ့မြင်ကြလိမ့်မည်။ ခရစ်တော်၏အလင်းတရားတော်သည် ၎င်းတို့၏အပြစ်များကို ကာကွယ်ပေးထားသောအမှောင်ထုကိုရှင်းလင်းပစ်လိုက်ပြီး ဘာသာရေးပြုပြင်ခြင်းလိုအပ်နေကြောင်းကို ထင်ရှားစေခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၌ မိမိကိုယ်ကိုအပ်နှံသောသူများသည် မိမိတို့ကိုယ်တိုင်နှင့်စစ်ပြိုင်နေကြရပြီးတွင် အပြစ်တရားကိုစွဲလမ်းနေသူများသည် သမ္မာတရားနှင့်လည်းကောင်း၊ သမ္မာတရား၏ကိုယ်စားလှယ်များနှင့်လည်းကောင်း စစ်ခင်းနေကြရပါသည်။

ထိုသို့သောနည်းအားဖြင့် ရန်မူတိုက်ခိုက်မှုများဖြစ်ပေါ်လာပြီး ခရစ်တော်၏နောက်လိုက်များသည် လူအများကိုဒုက္ခပေးသူများအဖြစ် အစွပ်စွဲခံကြရပါသည်။ ၎င်းတို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ကြသဖြင့် လောကသားများ၏ရန်ငြိုးဖွဲ့ခြင်းကိုခံကြရပါသည်။ သူတို့သည် ခရစ်တော်၏ဆုံးမပဲ့ပြင်မှုကိုခံယူခဲ့ကြပြီး ကမ္ဘာ့အကြီးမြတ်ဆုံးသောပုဂ္ဂိုလ်တော်ကြီးလျှောက်ခဲ့သောလမ်းကို လျှောက်နေလျက်ရှိကြပါသည်။ ထိုသူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းကို ဝမ်းနည်းသောစိတ်ဖြင့်မဟုတ်ဘဲ ဝမ်းမြောက်ဝမ်းသာဖြင့် ရင်ဆိုင်ကြမည်ဖြစ်ပါသည်။ ပြင်းထန်သောစုံစမ်းစစ်ဆေးမှုတိုင်းသည် ၎င်းတို့၏အပြစ်ကင်းစင်မှုများအတွက် ဘုရားသခင်၏စွမ်းဆောင်မှုတစ်ခုဖြစ်ပါသည်။ စုံစမ်းစစ်ဆေးမှုတိုင်းသည် ကျွန်ုပ်တို့အားခရစ်တော်၏လုပ်ဖော်ဆောင်ဖက်များအဖြစ် အမှုတော်တွင်ဆီလျော်သူများဖြစ်လာရန် လုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရားအတွက်ကြီးကျယ်သောတိုက်ပွဲကြီးတွင် တိုက်လှန်ပွဲတိုင်းသည် ၎င်း၏အခန်းကဏ္ဍရှိပြီး ၎င်းတိုက်လှန်ပွဲတစ်ခုစီသည် နောက်ဆုံးသောအောင်ပွဲ၏ဝမ်းမြောက်မှုကို ထပ်လောင်းတိုးပွားစေပါလိမ့်မည်။ ဤအရာကိုကြည့်ရှုလျက် ယုံကြည်ခြင်းနှင့်သည်းခံခြင်းကိုစစ်ဆေးခြင်းအရာ၌ ကြောက်ရွံ့မှုကိုရှောင်ရှားဖို့ထက် ဝမ်းမြောက်ဝမ်းသာဖြင့်လက်ခံကြရန်ဖြစ်ပါသည်။ ကိုယ်တော်၏အစေခံကျွန်များသည် လောကသားများအတွက် မိမိတို့လုပ်ဆောင်ရမည့်တာဝန်



များကိုကျေပွန်စွာထမ်းဆောင်ရန် စိတ်အားထက်သန်စွာဖြင့် ဘုရားသခင်၏အလိုတော်ကိုသာအာရုံစူးစိုက်လျက် လူသားများကကြိုက်သည်ဖြစ်စေ၊ ကြောက်သည်ဖြစ်စေ ဂရုမထားဘဲ မိမိတို့၏တာဝန်တိုင်းကို ကျေပွန်အောင်ထမ်းဆောင်ကြရပါမည်။

"သင်တို့သည် လောက၏ဆားဖြစ်ကြ၏" ဟူ၍ ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှါ သင်တို့သည် လောကသားများနှင့်ကင်းကင်းရှင်းရှင်းနေကြရန်မဟုတ်ချေ။ ဆားသည် ကမ္ဘာကြီးအားပုပ်သိုးပျက်စီးခြင်းမှကာကွယ်ထိန်းသိမ်းပေးသကဲ့သို့ ဘုရားသခင့်မေတ္တာတော်၏မွှေးရနံ့များသည် လောကသားများအတွင်းပျံ့နှံ့သွားရန် သင်သည် သူတို့နှင့်အတူနေရပါမည်။

သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ကို တုံ့ပြန်မှုပေးသောစိတ်နှလုံးများသည် ဘုရား၏ကောင်းချီးမင်္ဂလာများဖြတ်သန်းစီးဆင်းနိုင်မည့်ဆက်သွယ်ရေးတူးမြောင်းများဖြစ်ကြပါသည်။ ဘုရားသခင်၏အမှုဆောင်များကို ဤကမ္ဘာမှဖယ်ရှား၍ သန့်ရှင်းသောဝိညာဉ်တော်ကို လူများထံမှပြန်လည်ရုပ်သိမ်းလိုက်မည်ဆိုလျှင် ဤကမ္ဘာကြီးသည် စာတန်အုပ်ချုပ်ပိုင်ခွင့်အာဏာ၏အသီးအပွင့်ဖြစ်သောပျက်စီးခြင်းသို့ရောက်သွားပေလိမ့်မည်။ ဆိုးယုတ်သောသူများသည် ထိုအရာများကိုမသိကြသော်လည်း ၎င်းတို့စော်ကားဖိနှိပ်ခဲ့ကြသော ဘုရားသခင်၏သားသမီးများရှိနေခြင်းကြောင့် ဤအသက်တာ၌ခံစားခဲ့ရသောကောင်းချီးမင်္ဂလာများအတွက်ကြွေးတင်နေသောသူများဖြစ်ကြပါသည်။ သို့သော် အမည်ခံသက်သက်ဖြစ်သောခရစ်ယာန်များသည် အငန်ကင်းပျောက်သောဆားကဲ့သို့ဖြစ်ကြသည်။ သူတို့၌ ကမ္ဘာပေါ်ရှိကောင်းသောအရာများအတွက် ဩဇာသက်ရောက်မှုမရှိကြချေ။ သူတို့သည် ဘုရားသခင်အကြောင်းကို မှားယွင်းစွာရုပ်လုံးဖော်ခြင်းအားဖြင့် မယုံကြည်သူများထက်ပို၍ဆိုးယုတ်သောသူများဖြစ်နေကြပါသည်။

"သင်တို့သည် လောက၏အလင်းဖြစ်ကြ၏။" ကယ်တင်ခြင်းအကျိုးကျေးဇူးသည် မိမိတို့လူမျိုးများအတွက်သာသတ်မှတ်ထားရန်

ယုဒများက စိတ်ကူးခဲ့ကြသော်လည်း ကယ်တင်ခြင်းဆုကျေးဇူးသည် နေရောင်ခြည်ကဲ့သို့ဖြစ်ကြောင်း သူတို့ကိုခရစ်တော်ပြတော်မူခဲ့ပါသည်။ ကယ်တင်ခြင်းသည် တစ်ကမ္ဘာလုံးအတွက်ဖြစ်သည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသောဘာသာတရားသည် အဖုံးအကာများတို့ကြားတွင်ရှိသော စာအုပ်ထဲတွင်သာထားရန်မဟုတ်သကဲ့သို့ အသင်းတော်တစ်ခု၏နံရံများ အကြားတွင်လည်း ကန့်သတ်ချုပ်တည်းထားရန်မဟုတ်ချေ။ ဤဘာသာ တရားကို မိမိတို့၏ကိုယ်ကျိုးအတွက် အခါအားလျော်စွာထုတ်ယူအသုံးပြု ပြီးနောက် ထိုစာအုပ်ထဲတွင် တစ်ဖန်ဂရုတစိုက်သိမ်းဆည်းထားရန်လည်း မဟုတ်ချေ။ ဤဘာသာတရားအားဖြင့် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာကို သန့်ရှင်းစေရန်နှင့် ဆောင်ရွက်နေသောစီးပွားရေးလုပ်ငန်းများတို့တွင် လည်းကောင်း၊ ကျွန်ုပ်တို့၏လူမှုဆက်ဆံရေးလုပ်ငန်းများတွင်လည်းကောင်း ကျွန်ုပ်တို့ယုံကြည်သောဘာသာတရားကိုထင်ရှားစေရန်အသုံးပြုဖို့ဖြစ်ပါသည်။

စစ်မှန်သောအကျင့်စာရိတ္တသည် အပြင်မှပုံသွင်းရုပ်လုံးဖော်ထား သည့်အရာမဟုတ်ဘဲ အတွင်းမှဖြာထွက်လာသောအရာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အခြားသူများအား ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ လမ်းညွှန်ရန်ဆန္ဒရှိပါလျှင် ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ဖြောင့်မတ်ခြင်း တရား၏အခြေခံနိယာမများကို မွန်မြတ်သောအရာအဖြစ်မှတ်ယူထားရ မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို နှုတ်ဖြင့်ဝန်ခံခြင်းသည် စာတွေ့ဘာသာတရားကိုသာဖော်ညွှန်းနိုင်သော်လည်း ကျွန်ုပ်တို့၏လက်တွေ့ ကျသောဘာသာတရားရှိမှုသည် သမ္မာတရား၏နှုတ်ကပတ်တော်များကို ဟောပြောပါသည်။ ခိုင်မြဲတည်ကြည်သောအသက်တာ၊ သန့်ရှင်းသော အပြောအဆို၊ ထိန်းသိမ်းခြင်းမရသောသမ္မာဓိရှိမှု၊ သွက်လက်၍ကျေးဇူး သိတတ်သောစိတ်သဘောထား၊ ဘုရားဝတ်၌မွေ့လျော်သောပုံသက်သေ တည်းဟူသောကြားခံအရာများသည် အလင်းတော်ကို လောကသားများ ထံသို့ပို့ဆောင်ပေးပါသည်။

ခရစ်တော်သည် ပညတ်တော်၏အသေးစိတ်ဖော်ပြချက်များကို ဗာရာဏသီခဲ့၍ မိန့်တော်မမူသော်လည်း မိမိသည်ပညတ်တော်၏ခိုင်းစေ





ချက်များကိုဖျက်ပယ်ခြင်းငှါလာတော်မူသည်ဟု တရားနာပရိသတ်များ အထင်မရှိကြစေဖို့ မိန့်တော်မူခဲ့ပါသည်။ သူလျှိုများသည် ကိုယ်တော့် မိန့်တော်မူချက်များထဲမှ ၎င်းတို့၏အကြံအစည်များကိုအစပြုမည့်စကားလုံး တိုင်းကို အခွင့်ကောင်းယူအသုံးပြုရန် အဆင်သင့်ရှိနေကြကြောင်းကိုလည်း ကိုယ်တော်သိတော်မူပါသည်။ တရားနာပရိသတ်များစွာတို့၏စိတ်နှလုံး ထဲတွင်ရှိနေကြသော တစ်ဖက်သတ်အထင်လွဲမှားမှုများကိုလည်း ကိုယ်တော် သိတော်မူပါသည်။ ၎င်းပြင် မောရှေအားဖြင့် ပေးအပ်ထားတော်မူသော ဘာသာတရားနှင့်အသားကျနေသောဓလေ့ထုံးတမ်းများတို့အပေါ်တွင် ထားရှိသည့်၎င်းတို့၏ယုံကြည်မှုများကို မတည်မငြိမ်ဖြစ်စေမည့် မည်သည့် စကားကိုမျှ ကိုယ်တော်မိန့်တော်မမူခဲ့ချေ။ ခရစ်တော်ကိုယ်တော်တိုင် ကျင့်ဝတ်ဆိုင်ရာပညတ်တော်နှင့်ဝိနည်းထုံးဖွဲ့ဆိုင်ရာပညတ်နှစ်မျိုးစလုံးကို ပေးသနားတော်မူခဲ့သဖြင့် မိမိကိုယ်တိုင်လုပ်သင့်ခဲ့သည့်အရာများအပေါ် တွင် ယုံကြည်မှုပျက်ပြားအောင်လုပ်ရန် ကိုယ်တော်ရှင်ကြွလာတော်မူခြင်း မဟုတ်ချေ။ ကိုယ်တော်သည် ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းများကို ရိုသေလေးစားတော်မူသောကြောင့် ယုဒလူများအား ကာရံထားသည့်ရိုးရာ ဓလေ့ထုံးစံတံတိုင်းကြီးကိုဖြိုဖျက်ရန် ကြိုးစားတော်မူခဲ့ပါသည်။ ကိုယ်တော် သည် ပညတ်တော်အကြောင်း မှားယွင်းစွာအနက်ပြန်ဆိုမှုများကို ပယ်ဖျက် နေစဉ်တွင် ဟေဗြဲလူမျိုးများအား ပေးအပ်ထားခဲ့သည့်အသက်ရှိသော သမ္မာတရားကိုစွန့်လွှတ်ခြင်းမှကင်းဝေးရန် မိမိ၏တမန်တော်များအား ဂရုတစိုက်ကာကွယ်စောင့်ရှောက်တော်မူခဲ့ပါသည်။

ဖါရိရှဲများသည် ပညတ်တော်ကိုနားထောင်လိုက်လျှောက်မှုများ အတွက် ကိုယ့်ကိုကိုယ်ဂုဏ်ယူဝင့်ကြွားခဲ့ကြပါသည်။ သို့စေကာမူ သခင် ယေရှု၏စကားများသည် ၎င်းတို့အတွက် မိစ္ဆာဒိဋ္ဌိအယူဝါဒအဖြစ် မှတ်ယူထားရလောက်အောင် ၎င်းတို့၏နေ့စဉ်အသက်တာများတွင် ပညတ်တော်၏အခြေခံနိယာမများကိုသိရှိမှုအလွန်နည်းပါးခဲ့ကြပါသည်။ ကိုယ်တော်သည် သမ္မာတရားကိုဖုံးအုပ်ထားသောအမှိုက်သရိုက်များကို ဖယ်ရှားပစ်လိုက်သောအခါ သမ္မာတရားကိုဖယ်ရှားပစ်နေသည်ဟု ၎င်းတို့က

ထင်မြင်ယူဆခဲ့ကြပါသည်။ ကိုယ်တော်သည် သမ္မာတရားကိုပေ့ါပျက်အောင်လုပ်နေသည်ဟု သူတို့သည် အချင်းချင်းတီးတိုးပြောခဲ့ကြပါသည်။ ကိုယ်တော်သည် သူတို့၏စိတ်နှလုံးအကြံအစည်ကိုသိရှိတော်မူသဖြင့် မိန့်တော်မူသည်မှာ "ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကိုဖျက်ပယ်ခြင်းငှါ ငါလာသည်ဟုမထင်ကြနှင့်၊ ဖျက်ပယ်ခြင်းငှါငါလာသည်မဟုတ်၊ ပြည့်စုံစေခြင်းငှါ ငါလာသတည်း။" သခင်ယေရှုက ဖါရိရှဲများ၏စွပ်စွဲချက်များသည် မဟုတ်မမှန်ကြောင်းကို ဤကဲ့သို့ငြင်းဆိုချေပလိုက်ပါသည်။ လောကတွင် ဆောင်ရွက်ရမည့် ကိုယ်တော်ရှင်၏အမှုတော်မှာ ၎င်းတို့က ကိုယ်တော်အား ချိုးဖောက်ပစ်ပယ်နေသည်ဟု စွပ်စွဲထားသည့် ပညတ်တော်၏သန့်ရှင်းမွန်မြတ်သောတောင်းဆိုချက်တို့သည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်ကြောင်း ထင်ရှားစေရန်ဖြစ်ပါသည်။ အကယ်၍ ဘုရားသခင်သည် ပညတ်တော်ကို ပြောင်းလဲပေးရန် (သို့မဟုတ်) ဖျက်သိမ်းပစ်ရန်ဖြစ်နိုင်ခဲ့လိမ့်မည်ဆိုလျှင် ကျွန်ုပ်တို့၏ပညတ်တော်လွန်ကျူးမှုများအတွက် အဖိုးအခများကို ခရစ်တော်ခံစားစရာလိုလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် လူသားများနှင့် ပညတ်တော်အကြားဆက်နွယ်ပုံကိုရှင်းလင်းပြသရန်နှင့် မိမိ၏နားထောင်မှုရှိသောအသက်တာအားဖြင့် ပညတ်တော်၏ကျင့်ဝတ်များကို ရှင်းလင်းသရုပ်ဖော်ရန် ကြွလာတော်မူခဲ့ပါသည်။

ထာဝရဘုရားသခင်သည် လူသားများတို့ကို ချစ်တော်မူသောကြောင့် ၎င်းတို့အား သန့်ရှင်းသောကျင့်ဝတ်များကိုပေးသနားတော်မူထားပါသည်။ ပညတ်တော်လွန်ကျူးမှုကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများမှ ကျွန်ုပ်တို့ကိုကာကွယ်ရန် ဖြောင့်မတ်ခြင်းတရား၏အခြေခံနိယာမများကို ကိုယ်တော်ဖော်ပြတော်မူခဲ့ပါသည်။ ပညတ်တော်သည် ထာဝရဘုရား၏သဘောတော်ကို ထုတ်ဖော်ပြသထားသည့်အရာတစ်ခုဖြစ်ပါသည်။ ပညတ်တော်ကို ခရစ်တော်အားဖြင့် လက်ခံရရှိသောအချိန်တွင် ဘုရားသခင်၏သဘောတော်သည် ကျွန်ုပ်တို့၏သဘောထားများအသွင်သို့ ပြောင်းလာကြပါသည်။ ထိုသဘောထားသည် ကျွန်ုပ်တို့အား လူသား



သဘာဝ၏အလိုရမ္မက်များနှင့် တိမ်းညွှတ်မှုများမှလည်းကောင်း၊ အပြစ်ကျူးလွန်စေသည့်စုံစမ်းနှောင့်ယှက်ခြင်းများမှလည်းကောင်း ကင်းလွတ်စေရန် မြှင့်တင်ထားပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပျော်ရွှင်ဝမ်းမြောက်စေလိုပါသည်။ ပညတ်တော်ကိုလိုက်လျှောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပျော်ရွှင်မှုကိုရရှိခံစားနိုင်စေရန်အလိုငှါ ပညတ်တော်ဆိုင်ရာကျင့်ဝတ်များကို ကိုယ်တော်ပေးတော်မူခဲ့ပါသည်။ ခရစ်တော်၏မွေးနေ့တွင် "ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာကရုဏာရှိစေသတည်း" ဟု ကောင်းကင်တမန်များက ဘုရားသခင်အားချီးမွမ်း၍မြွက်ဆိုခဲ့ကြပါသည်။ လုကာ ၂း၁၄။ ထိုအချိန်တွင် ကောင်းကင်တမန်များသည် ကိုယ်တော်ရှင်ကြွလာ၍ ဂုဏ်ပြုချီးမွမ်းတော်မူခဲ့သည့် ပညတ်တော်၏အခြေခံနိယာမများကို ဖော်ညွှန်းကြေညာနေကြခြင်းဖြစ်ပါသည်။

သိနာတောင်ပေါ်၌ ပညတ်တော်ကိုမိန့်တော်မူသောအချိန်တွင် လူသားများသည် ဘုရားသခင်၏ဇာတိတော်နှင့်ကွဲပြားခြားနားသော မိမိတို့၏အပြစ်များသည် သဘာဝကိုတွေ့မြင်နိုင်စေရန်အလိုငှါ ဘုရားသခင်သည် မိမိစာရိတ္တတော်၏သန့်ရှင်းခြင်းကို လူသားများအား အသိပေးတော်မူခဲ့ပါသည်။ ၎င်းတို့အားအပြစ်အကြောင်းကို ထင်ရှားစွာသိမြင်နိုင်စေရန်နှင့် ၎င်းတို့သည် ကယ်တင်ရှင်လိုအပ်ကြောင်းဖော်ပြရန် ပညတ်တော်ကို ပေးတော်မူခဲ့ပါသည်။ ပညတ်တော်၏အခြေခံစည်းမျဉ်းများကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စိတ်နှလုံးတွင် အသုံးချသောအချိန်တွင် ထိုရည်ရွယ်ချက်သည် ပြီးမြောက်ခဲ့ပါလိမ့်မည်။ ဆက်လက်၍လည်း ပြီးမြောက်အောင်မြင်လိမ့်မည်ဖြစ်ပါသည်။ ပညတ်တော်၏အခြေခံနိယာမများကို ခရစ်တော်၏သက်တော်စဉ်အားဖြင့် ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ ၎င်းပြင်သန့်ရှင်းသောဝိညာဉ်တော်သည် စိတ်နှလုံးကိုထိတွေ့တော်မူစဉ်နှင့် ခရစ်တော်၏အလင်းတော်သည် လူသားများအား ကိုယ်တော်ရှင်၏ အပြစ်ကင်းစင်စေသည့်အသွေးတော်နှင့် တရားမျှတတော်မူသည့် ကိုယ်တော်၏

ဖြောင့်မတ်ခြင်းပါရမီကိုလိုအပ်နေကြောင်းကို ဖော်ပြတော်မူစဉ်တွင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်မည် အကြောင်း ပညတ်တော်သည် ကျွန်ုပ်တို့အား ခရစ်တော်ထံသို့ပို့ဆောင်နေပါသည်။ "ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏။" ဆာလံ ၁၉း၇။

"ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ၊ ကောင်းကင်ယံတွင်ထွန်းလင်းနေသောနေမင်းကြီးနှင့် ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ခိုင်ခံ့သိပ်သည်းသည့်ကမ္ဘာကြီးသည် ကိုယ်တော်၏ပညတ်တော်သည် ပြောင်းလဲခြင်းမရှိကြောင်း၊ ထာဝရတည်မြဲကြောင်းကိုထင်ရှားစေသည့် ဘုရားသခင်၏သက်သေဖြစ်ပါသည်။ ထိုအရာများသည် ပျက်စီးသွားမည်ဆိုလျှင် ပျက်စီးသွားနိုင်မည်ဖြစ်သော်လည်း ဘုရားသခင်၏ပညတ်တော်များသည် တည်မြဲပါလိမ့်မည်။" "ပညတ္တိကျမ်း၌ အငယ်ဆုံးသောဗိန္ဒုတစ်လုံးပျက်စီးလွယ်သည်ထက် ကောင်းကင်နှင့်မြေကြီးပျက်စီးလွယ်၏။" လုကာ ၁၆း၁၇။ ဘုရားသခင်၏သိုးသငယ်အဖြစ် ခရစ်တော်ကိုပုံဆောင်၍ ကျင်းပသောအခမ်းအနားများသည် ကိုယ်တော်အသေခံပြီးသောအချိန်တွင် ဖျက်သိမ်းခြင်းကိုခံလိုက်ရပါသည်။ သို့ပါသော်လည်း ပညတ်တော်ဆယ်ပါးတွင် ဖော်ပြထားသည့်အရာများသည် ဘုရားသခင်၏ပလ္လင်တော်ကဲ့သို့ပင် တည်မြဲလျက်ရှိပါသည်။

ဘုရားသခင်၏တရားတော်သည် စုံလင်သည်ဖြစ်သောကြောင့် ၎င်းနှင့်မတူညီသောအရာများအားလုံးသည် မကောင်းသောအရာများသာဖြစ်ပါမည်။ ဘုရားသခင်၏ပညတ်တော်ကို ကိုယ်တိုင်မစောင့်ရှောက်သည့်ပြင် အခြားသူများအားလည်း မစောင့်ရှောက်ရန် သွန်သင်သောသူများသည် ခရစ်တော်အားဖြင့် ပြစ်ဒဏ်စီရင်ခြင်းကိုခံကြရပါမည်။ ခရစ်တော်၏နာခံမှုရှိသောအသက်တာသည် ပညတ်တော်၏တောင်းဆိုချက်များကိုဆက်လက်ဆောင်ရွက်တော်မူခဲ့ပြီး လူ့ဇာတိအားဖြင့် ပညတ်တော်ကိုစောင့်ထိန်းနိုင်ကြောင်း ထင်ရှားစေခဲ့ပါသည်။ ၎င်းပြင် နာခံမှုရှိခြင်း



အားဖြင့် တိုးတက်ဖွံ့ဖြိုးလာသောအကျင့်စာရိတ္တ၏ထူးကဲသာလွန်သည့်အရည်အချင်းများကိုလည်း ပြသခဲ့ပါသည်။ ကိုယ်တော်ရှင်နာခံ စောင့်ရှောက်ခဲ့သကဲ့သို့ ပညတ်တော်ကိုလိုက်နာစောင့်ရှောက်ခဲ့သူများက "ပညတ်တရားသည်သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏" ဟုပြောဆိုလျက်ရှိကြပါသည်။ ရောမ ၇း၁၂။ တစ်ဖက်တွင်လည်း ဘုရား၏ပညတ်တော်ကိုလွန်ကျူးနေသူများက ပညတ်တော်သည် တရားမျှတမှုမရှိကြောင်း၊ စောင့်ထိန်းရန်မဖြစ်နိုင်ကြောင်း ဖော်ပြ၍ စာတန်၏ပြောဆိုချက်ကိုထောက်ခံနေကြပါသည်။ ထိုနည်းအားဖြင့် ထိုသူတို့သည် မဟာရန်သူကြီး၏လိမ်လည်လှည့်ဖြားမှုများကို ထောက်ခံနေကြပြီး ဘုရားသခင်၏အသရေတော်ကိုရှုတ်ချခဲ့ကြပါသည်။ ထိုသူများသည် ဘုရားသခင်၏ပညတ်တော်ကို ပထမဦးဆုံးဆန့်ကျင်ပုန်ကန်ခဲ့သောလူယုတ်မာကြီး၏သားသမီးများဖြစ်ကြပါသည်။ ထိုသူများသည် ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန် ခွင့်ပြုခြင်းသည် စိတ်ဝမ်းကွဲပြားမှုနှင့်ပုန်ကန်မှုများ၏အင်အားစုများကို ကောင်းကင်နိုင်ငံတော်သို့ တစ်ဖန်ယူဆောင်လာခြင်းဖြစ်ပြီး စကြဝဠာကြီး၏သာယာချမ်းမြေ့ခြင်းကို ဘေးဒုက္ခရောက်စေပါသည်။ ပညတ်တော်တွင်ပါရှိသောအခြေခံစည်းမျဉ်းတစ်ခုကို တမင်တကာဂရုမပြုသောသူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်စားရလိမ့်မည်မဟုတ်ချေ။

ဖါရိရှဲများသည် မိမိတို့၏ဖြောင့်မတ်ခြင်းကို ကောင်းကင်နိုင်ငံတော်သို့သွားခွင့်လက်မှတ်တစ်ခုကဲ့သို့မှတ်ယူခဲ့ကြပါသည်။ သို့သော် ၎င်းတို့၏ဖြောင့်မတ်ခြင်းသည် ကောင်းကင်နိုင်ငံသို့ဝင်စားရန် မလုံလောက်ကြောင်း၊ မထိုက်တန်ကြောင်းကို ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ အပြင်ပန်းအခမ်းအနားများနှင့် သမ္မာတရားကိုနှုလုံးသိမဟုတ်ဘဲ ဦးခေါင်းသိသက်သက်အားဖြင့် ဖါရိရှဲများသည် ဖြောင့်မတ်ခြင်းပါရမီကို တည်ဆောက်ထားကြပါသည်။ ပညတ်တော်ကိုလိုက်နာစောင့်ရှောက်ရန် မိမိတို့၏ ကြိုးစားအားထုတ်ခြင်းများအားဖြင့် သန့်ရှင်းသောသူများဖြစ်လာကြောင်း ၎င်းတို့ကအခိုင်အမာပြောဆိုခဲ့ကြသည်။ သို့သော် ၎င်းတို့၏အကျင့်တရားများသည် ဖြောင့်မတ်ခြင်းတရားနှင့်ဘာသာတရားကို လုံးဝကွဲပြားခြားစေခဲ့ပါသည်။

သူတို့သည် ဝတ်ပြုကိုးကွယ်မှုအစီအစဉ်တွင် တိတိကျကျလုပ်ဆောင်ကြစဉ်တွင်မှာပင် ၎င်းတို့အသက်တာ၏စာရိတ္တများပျက်ပြားကာ ယုတ်ညံ့နေကြပါသည်။ ၎င်းတို့၏အမည်ခံဖြောင့်မတ်မှုသည် ကောင်းကင်နိုင်ငံတော်သို့ မည်သည့်အခါမျှဝင်စားနိုင်ကြမည်မဟုတ်ချေ။

ခရစ်တော်၏နေ့ရက်များတွင် လူသားများ၏စိတ်နှလုံးထဲ၌ရှိသော အကြီးမားဆုံးသောလိမ်လည်လှည့်ဖြားမှုကြီးမှာ သမ္မာတရားကိုသဘောတူရုံမျှဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဆိုသည့်အယူအဆပင်ဖြစ်ပါသည်။ လူသားများ၏အတွေ့အကြုံများတွင် သမ္မာတရားကို ခေါင်းနှင့်သိရုံနှင့် အသက်ဝိညာဉ်ကိုကယ်တင်ရန်မလုံလောက်ကြောင်း ထင်ရှားလျက်ရှိနေပါသည်။ သမ္မာတရားကို နှလုံးသားနှင့်မသိဘဲ ခေါင်းနှင့်သိခြင်းအားဖြင့် ဖြောင့်မတ်ခြင်း၏အသီးအပွင့်များကို မသီးမပွင့်နိုင်ပါချေ။ ဘုရားတရားပညာနှင့်ဆိုင်သော သမ္မာတရားကိုငြူစူသည့်သဘောဖြင့် ပမာဏပြုခြင်းသည် စစ်မှန်သောသမ္မာတရားအားမုန်းတီးခြင်းများတို့ကို ပူးတွဲဖြစ်ပေါ်စေပါသည်။ ရာဇဝင်အမှောင်ဆုံးသောအခန်းကဏ္ဍများကို တစ်ယူသန်သောဘာသာရေးသမားများကျူးလွန်ခဲ့သောရာဇဝတ်မှုမှတ်တမ်းများဖြင့် ပြည့်ဝစေခဲ့ပါသည်။ ဖါရိရှဲများသည် ကိုယ့်ကိုကိုယ် အာဗြဟံ၏သားသမီးများဖြစ်ကြောင်း အခိုင်အမာပြောဆိုကာ ဘုရားသခင်၏ဗျာဒိတ်တော်ကို ရရှိခဲ့ခြင်းများအတွက် ဂုဏ်ယူဝင့်ကြွားခဲ့ကြသော်လည်း ထိုအခွင့်ထူးများသည် ၎င်းတို့အား တစ်ကိုယ်ကောင်းဆန်သောစိတ်၊ မစ္ဆေရစိတ်၊ ဥစ္စာမနေအတွက်လောဘစိတ်နှင့် အယုတ်ညံ့ဆုံးသောသူတော်ကောင်းယောင်ဆောင်သောစိတ်များမှမကာကွယ်နိုင်ခဲ့ချေ။ သူတို့သည် ကမ္ဘာ့မဟာဘာသာရေးသမားများအဖြစ် ကိုယ့်ကိုကိုယ်ထင်မြင်ခဲ့ကြသော်လည်း ၎င်းတို့၏နာမည်ခံ ရှေးရိုးစွဲယုဒဘာသာတရားသည် ၎င်းတို့အား ဘုန်းတော်အရှင်သခင်ခရစ်တော်ကို ကပ်တိုင်တင်ကြရန် ပို့ဆောင်ခဲ့ပါသည်။

ထိုအန္တရာယ်မျိုးသည် ယခုတိုင်အောင်ဆက်လက်တည်ရှိနေပါသေးသည်။ လူများစွာတို့သည် အချို့ဘာသာရေးအယူဝါဒများကို ကြိုက်နှစ်သက်ကြသောကြောင့် မစဉ်းမစားမဆင်မခြင်ဘဲ ခရစ်ယာန်အဖြစ်လက်ခံခဲ့ကြ



ပါသည်။ သို့သော် သူတို့သည် သမ္မာတရားကိုလက်တွေ့အသက်တာတွင် မကျင့်သုံးခဲ့ကြချေ။ သမ္မာတရားကိုမယုံကြည်မနှစ်သက်ခဲ့ကြသောကြောင့်လည်း သမ္မာတရား၏သန့်ရှင်းစင်ကြယ်ခြင်းအားဖြင့် ဖြစ်ပေါ်လာသော တန်ခိုးတော်နှင့်ကရုဏာတော်ကို သူတို့မရရှိခဲ့ကြချေ။ လူသားများသည် သမ္မာတရား၌ ယုံကြည်ခြင်းကို နှုတ်ဖြင့်ဝန်ခံကောင်းဝန်ခံကြမည်ဖြစ်သော်လည်း ထိုအရာသည် ၎င်းတို့အားရိုးသားတည်ကြည်မှု၊ ကြင်နာသနားမှု၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့် ကောင်းကင်သားများ၏စိတ်သဘောထားများကိုမဖြစ်ပွားစေခဲ့လျှင် ၎င်းသမ္မာတရားသည် ထိုသမ္မာတရားရရှိထားသူအတွက် ကျိန်ခြင်းအမင်္ဂလာဖြစ်လာပြီး ထိုသူတို့၏သြဇာသက်ရောက်မှုများအားဖြင့် ထိုသမ္မာတရားသည် ကမ္ဘာကြီးအတွက် ကျိန်ခြင်းအမင်္ဂလာတစ်ခုဖြစ်နေပါသည်။

ခရစ်တော်သွန်သင်နေသောဖြောင့်မတ်ခြင်းတရားမှာ စိတ်နှလုံးနှင့်အသက်တာသည် ဖော်ပြထားတော်မူသော ဘုရားသခင်၏အလိုဆန္ဒနှင့် ကိုက်ညီခြင်းပင်ဖြစ်ပါသည်။ အပြစ်ကျူးလွန်ခဲ့သောလူသားများသည် ဘုရားသခင်ကိုယုံကြည်ကိုးစားနေစဉ်၌သာ ဖြောင့်မတ်နိုင်ကြပြီး ကိုယ်တော်နှင့် အရေးကြီးသောဆက်သွယ်မှုများကို ဆက်လက်ပြုလုပ်နိုင်ကြပါသည်။ ထိုအခါတွင် စစ်မှန်သောဘုရားတရားရှိမှုသည် အတွေးအခေါ်များကို တိုးတက်ကောင်းမွန်စေ၍ အသက်တာကိုမြင့်မြတ်စေပါသည်။ ထိုနောက် ဘာသာရေးဆိုင်ရာအပြင်ပန်းလုပ်ဆောင်မှုများသည် ခရစ်ယာန်၏အတွင်းစိတ်ဖြူစင်သန့်ရှင်းမှုများနှင့် ဆီလျော်ညီညွတ်လာပါသည်။ ထိုအချိန်တွင် ဘုရားသခင်အားဝတ်ပြုကိုးကွယ်မှုများ၌လုပ်ဆောင်ရန် တောင်းဆိုထားသည့်အခမ်းအနားများသည် သူတော်ကောင်းအရေခြုံဖါရိရှဲများကျင်းပသည့် အခမ်းအနားများကဲ့သို့ အဓိပ္ပါယ်မဲ့သောအခမ်းအနားများမဟုတ်ကြတော့ချေ။

သခင်ယေရှုသည် ပညတ်တော်ကိုတသီးတခြားမြှောက်ချီးတော်မူ၍ ပညတ်တော်၏တောင်းဆိုချက်များ၏အတိမ်အနက်ကိုရှင်းပြတော်မူပါသည်။ ကိုယ်တော်သည် ပညတ်တော်စာလုံးတစ်လုံးကိုမျှ ပယ်ဖျက်တော်မမူသည့်ပြင် ပညတ်တော်၏အခြေခံနိယာမများသည် မည်ရွေ့မည်မျှခရီးပေါက်ကြောင်း

ကိုရှင်းပြတော်မူပြီး ယုဒလူများ၏အပေါ်ယံဟန်ပြနားထောင်မှုများ၏ ပျက်စီးဆုံးရှုံးခြင်းသို့ပို့ဆောင်နိုင်သောမှားယွင်းမှုကိုထုတ်ဖော်တော်မူပါသည်။ မိမိတို့၏မကောင်းသောအတွေးနှင့် ပြစ်မှားသောသဘောဖြင့် ကြည့်သောအကြည့်အားဖြင့် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးသွားနိုင်ကြောင်းကို ကိုယ်တော်မိန့်တော်မူခဲ့သည်။ အသေးငယ်ဆုံးသော မတရားမှုတွင်ပါဝင်လုပ်ဆောင်လာသူတစ်ဦးသည် ပညတ်တော်ကိုလွန်ကျူးလျက်ရှိပြီး ထိုသူသည် မိမိ၏ကျင့်ဝတ်ဆိုင်ရာသဘာဝကိုယုတ်ညံ့စေလျက်ရှိပါသည်။ လူသတ်မှုကျူးလွန်ခြင်းသည် ပထမဦးစွာစိတ်ထဲတွင်တည်ရှိခဲ့ပါသည်။ မုန်းတီးမှုအတွက် စိတ်နှလုံးတွင် နေရာပေးသောသူသည် လူသတ်သမားများ၏လမ်းကို စတင်လျှောက်လှမ်းနေခြင်းဖြစ်ပြီး သူ၏ ပူဇော်သကာများသည် ဘုရားသခင်အတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပါသည်။

ယုဒများသည် လက်စားချေသည့်စိတ်ဓာတ်များကို မွေးမြူခဲ့ကြပါသည်။ သူတို့သည် ရောမများအား မုန်းတီးမှုကြောင့် ပြင်းထန်သောအတိအလင်းစွပ်စွဲမှုများကိုဖွင့်ဟခဲ့ကြပြီး ထိုဆိုးယုတ်သောသူ (စာတန်) အား ၎င်း၏ဂုဏ်ရည်များကို ထင်ရှားစေခြင်းအားဖြင့် ကျေနပ်နှစ်သက်စေခဲ့ပါသည်။ ဤနည်းအားဖြင့် စာတန်က ၎င်းတို့အားဆက်လက်ပို့ဆောင်ခဲ့သော ကြောက်မက်ဖွယ်လုပ်ရပ်များကိုလုပ်ဆောင်ရန် မိမိတို့ကိုယ်ကိုလေ့ကျင့်လျက်ရှိခဲ့ကြပါသည်။ ဖာရိရှဲများတို့၏ဘာသာရေးအသက်တာတွင် ဘုရားတရားကိုင်းရှိုင်းမှုများနှင့်ပတ်သက်၍ တစ်ပါးအမျိုးသားများအား ထောက်ခံချက်ပေးရန် တစ်စုံတစ်ခုမျှမရှိချေ။ မိမိတို့သည် ဖိနှိပ်ချုပ်ချယ်သူရောမများကို ဆန့်ကျင်တော်လှန်နိုင်သည်ဟု စိတ်ထဲမှအတွေးများ၊ ရောမများ၏အမှားလုပ်ရပ်များအတွက် လက်စားချေရန် လိုလားတောင့်တသော စွဲလမ်းမှုများဖြင့် မိမိကိုယ်ကိုမလှည့်ဖြားကြရန် ခရစ်တော်သည် သူတို့ကို မိန့်တော်မူခဲ့ပါသည်။

အပြစ်မရှိသောအမျက်ထွက်ခြင်းရှိသည်ဆိုသည်မှာ မှန်ကန်ပါသည်။ ခရစ်တော်၏နောက်လိုက်များထဲ၌ပင် အပြစ်မရှိသောအမျက်ဒေါသထွက်ခြင်းများရှိပါသည်။ ဘုရားသခင်၏အသရေကိုရှုတ်ချ၍ ကိုယ်တော်၏



အမှုတော်ကို ဂုဏ်အသရေယုတ်ညံ့အောင် လုပ်ဆောင်နေမှုများကိုတွေ့မြင်သောအချိန်တွင်လည်းကောင်း၊ အပြစ်မဲ့သူများအား ဖိနှိပ်ညှဉ်းပန်းနေသည်ကိုမြင်သောအခါတွင်လည်းကောင်း အပြစ်မရှိသောအမျက်ဒေါသများသည် စိတ်ထဲတွင်ဖြစ်ပေါ်တတ်ပါသည်။ ထိုကဲ့သို့သောအမျက်ဒေါသများသည် အာရုံခံစားလွယ်သောအကျင့်စာရိတ္တများမှ ဖြစ်ပွားခဲ့သည်ဖြစ်သောကြောင့် အပြစ်မဟုတ်ချေ။ သို့သော် မည်သည့်အကြောင်းကြောင့် အမျက်ဒေါသထွက်သည်ဖြစ်စေ၊ ထိုအမျက်ဒေါသကို စိတ်လွတ်ကိုယ်လွတ်ကျင့်သုံးခွင့်ရှိသည်ဟု ယူဆသောသူများသည် မိမိ၏စိတ်နှလုံးကို စာတန်အားဖွင့်ပေးထားခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံနှင့်ဆီလျော်ညီညွတ်သူများဖြစ်ကြလိမ့်မည်ဆိုလျှင် နာကြည်းသောစိတ်များနှင့် ရန်ငြိုးကြီးသောစိတ်ထားများကို ကျွန်ုပ်တို့၏စိတ်နှလုံးမှ နှင်ထုတ်ကြရပါမည်။

ထိုအရာထက်ပိုမိုလေးနက်သောအရာကို ခရစ်တော်မိန့်တော်မူသည်မှာ “သင်သည် ပူဇော်သကာကို ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟုအောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာ ပူဇော်သကာကိုထား၍သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ပူဇော်သကာကိုတင်လော့” ဟူ၍ဖြစ်၏။ မိမိနှင့်ညီအစ်ကိုများအကြားတွင် သင့်တင့်အောင်ပြုရန်လိုအပ်သည့်ကွဲပြားခြားနားမှုများရှိနေစဉ်မှာပင် များစွာသောလူသားများသည် ဘာသာရေးအခမ်းအနားများ၌ စိတ်အားထက်သန်ကြပါသည်။ ညီအစ်ကိုအချင်းချင်းသင့်တင့်အောင်လုပ်ကြရန် သူတို့အား ဘုရားသခင်စေခိုင်းတော်မူပြီး မသင့်တင့်ကြသေးမီတွင် ၎င်းတို့၏ပူဇော်သကာကိုလက်ခံတော်မူမည်မဟုတ်ချေ။ ဤအရာတွင် ခရစ်ယာန်များလုပ်ဆောင်ရမည့်တာဝန်ကို ရှင်းလင်းစွာထောက်ပြထားပါသည်။

ထာဝရဘုရားသည် ခပ်သိမ်းသောသတ္တဝါများအား ကောင်းချီးချပေးလျက်ရှိပါသည်။ “ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကို

ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။" "ထိုဘုရားသည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏" မဿဲ ၅း၄၅။ လုကာ ၆း၃၆။ ကိုယ်တော်သည် ၎င်းနှင့်တူသောသူများဖြစ်လာကြစေရန် ကျွန်ုပ်တို့အားမိန့်တော်မူသည်။ "သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသော်၊ သင်တို့၏ရန်သူတို့ကိုချစ်ကြလော့၊ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့" မဿဲ ၅း၄၄။ ဤအရာများသည် ပညတ်တော်၏အခြေခံနိယာမများဖြစ်ကြပြီး အသက်စမ်းရေပေါက်များလည်းဖြစ်ကြပါသည်။

သားသမီးများအတွက် ဘုရားသခင်ဖြစ်စေလိုသည့် အမွန်မြတ်ဆုံးသော "စံ" မှာ လူသားများ၏စိတ်ကူးထဲတွင် အကောင်းဆုံးစဉ်းစားစိတ်ကူးနိုင်သည့် "စံ" ထက်ပို၍မြင့်မားပါသည်။ "ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။" ဤအမိန့်သည် ကတိတော်တစ်ခုလည်းဖြစ်ပါသည်။ ကယ်တင်ခြင်းစီမံကိန်းသည် ကျွန်ုပ်တို့အား စာတန်၏တန်ခိုးအာဏာအောက်မှ လုံးလုံးလျားလျားပြန်လည်နုတ်ယူရန်ဖြစ်ပါသည်။ ခရစ်တော်သည် ကြေကွဲနေသောစိတ်နှလုံးများအား အမြဲတမ်းအပြစ်နှင့်ကင်းကွာစေတော်မူသည်။ ကိုယ်တော်သည် နတ်ဆိုး၏လက်ရာများကိုချေဖျက်ရန် ကြွလာတော်မူခဲ့ပါသည်။ ၎င်းပြင် အပြစ်ပြုခြင်းမှကင်းဝေးစေရန် သန့်ရှင်းသောဝိညာဉ်တော်ကို နောင်တရပြီးသောထိုသူများထံသို့ မျှဝေပေးကမ်းနိုင်ဖို့အတွက်လည်း စီစဉ်မှုများပြုလုပ်တော်မူခဲ့ပါသည်။

အမှားလုပ်ရပ်တစ်ခုအတွက် စာတန်၏တန်ခိုးသတ္တိကို ခွင့်လွှတ်သင့်သောခြွင်းချက်တစ်ရပ်အနေဖြင့် မှတ်ယူရမည်မဟုတ်ချေ။ ခရစ်တော်ကိုယုံကြည်ကြောင်း ဝန်ခံထားကြသည့်ခရစ်ယာန်များသည် မိမိတို့၏စာရိတ္တမကျိုင်ပျက်ယွင်းမှုများအတွက် ခွင့်လွှတ်သင့်သောခြွင်းချက်များအဖြစ်ပြောဆိုနေကြသည်ကိုကြားသောအခါ စာတန်သည် အလွန်ပင်အားရဝမ်းသာနေပါသည်။ ထိုသဘောထားများတို့သည် အပြစ်ကျူးလွန်ရန်



ပို့ဆောင်နေပါသည်။ အပြစ်ကျူးလွန်ခြင်းအတွက် ခြွင်းချက်တစ်စုံတစ်ရာမရှိချေ။ ခရစ်တော်နှင့်တူသောအသက်တာတည်းဟူသော သန့်ရှင်းသောသဘောထားသည် နောင်တရ၍ ယုံကြည်သောဘုရားသခင်၏သားသမီးတိုင်း၏စိတ်နှလုံးထဲသို့ရောက်ရှိလာရန် လွယ်ကူပါသည်။

ခရစ်ယာန်များ၏အကျင့်စာရိတ္တ "စံ" သည် ခရစ်တော်နှင့်တူခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏သားတော်သည် မိမိအသက်တာ၌ စုံလင်တော်မူခဲ့သကဲ့သို့ ခရစ်တော်၏နောက်လိုက်များသည်လည်း မိမိတို့၏အသက်တာများတွင် စုံလင်ခြင်းရှိရကြပါမည်။ သခင်ယေရှုသည် အရာရာတွင် မိမိ၏ညီအစ်ကိုများနှင့်တူညီတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ပင် အသွေးအသားနှင့်အသက်ရှင်ခဲ့ပါသည်။ ဆာလောင်မှု၊ ရေငတ်မှုနှင့် မောပန်းနွမ်းလျမှုများကို ခံစားခဲ့ရပါသည်။ အစာအားဖြင့် အင်အားဖြည့်ခဲ့ရပြီး နားနေအိပ်စက်ခြင်းအားဖြင့် ပြန်လည်လန်းဆန်းအောင်လုပ်ခဲ့ရပါသည်။ လူသားများ၏အငန်းအတာများကို ကိုယ်တော်မျှဝေခံစားခဲ့ရပါသည်။ သို့သော်ငြားလည်း အပြစ်ကင်းသောဘုရားသခင်၏သားတော်တစ်ပါးအဖြစ် ရပ်တည်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် အသွေးအသားအားဖြင့် အသက်ရှင်ခဲ့သောဘုရားသခင်ဖြစ်တော်မူခဲ့သည်။ ကိုယ်တော်၏စာရိတ္တတော်သည် ကျွန်ုပ်တို့၏စာရိတ္တဖြစ်ရန်လိုအပ်ပါသည်။ ယုံကြည်သူအပေါင်းအား ကိုယ်တော်မိန့်တော်မူသည်ကား၊ "သူတို့တွင် ငါကိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။" ၂ကော၊ ၆း၁၆။

ခရစ်တော်သည် ယာကုပ်တွေ့မြင်ခဲ့သောလှေကားဖြစ်ပါသည်။ ထိုလှေကား၏အခြေသည် မြေကြီးပေါ်တွင်ရှိ၍ အဖျားသည် ဘုန်းတော်တံခါးဝဖြစ်သည့် ကောင်းကင်ဂိတ်တံခါးသို့တိုင်ရောက်ရှိနေပါသည်။ ကျွန်ုပ်တို့၏ကမ္ဘာနှင့်ဆက်သွယ်လျက်ရှိသော ထိုလှေကားထစ်တစ်ထစ်ချို့ယွင်းခဲ့ပါလျှင် ကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်သွားနိုင်ပါသည်။ သို့သော်ခရစ်တော်သည် ကျွန်ုပ်တို့ရှိသောနေရာသို့ရောက်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏သဘာဝကို ယူတင်ဝတ်ဆောင်ခြင်းအားဖြင့်

အောင်မြင်ကျော်လွှားနိုင်စေရန်အလို့ငှါ ကိုယ်တော်သည် ကျွန်ုပ်တို့၏လူသားဇာတိကို ယူတင်ဝတ်ဆောင်၍ အောင်မြင်ကျော်လွှားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အပြစ်နှင့်ပြည့်စုံသောဇာတိပကတိ၏သဏ္ဍာန်ကိုဆောင်၍ အပြစ်ကင်းစင်သောအသက်တာနှင့် အသက်ရှင်တော်မူခဲ့ပါသည်။ ယခုတွင် ကိုယ်တော်သည် မိမိ၏ဘုရားဇာတိတော်ဖြင့် ကောင်းကင်နိုင်ငံတော်မှ ပလ္လင်တော်ကိုကိုင်စွဲ၍ လူသားဇာတိအားဖြင့် ကျွန်ုပ်တို့အားလက်ကမ်းတော်မူပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင့်ဇာတိတော်၏ဘုန်းအသရေကို ကြိုးစားရယူကြရန် ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိတော်မူသောအဖဘုရားသည် စုံလင်တော်မူသကဲ့သို့ ကျွန်ုပ်တို့လည်းစုံလင်ကြရပါမည်။

ဖြောင့်မတ်ခြင်းဆိုသည်မှာ မည်သည့်အရာများဖြင့် ပါဝင်ဖွဲ့စည်းထားကြောင်းကိုလည်းကောင်း၊ ထိုအရာသည် ဘုရားသခင်ထံမှအရင်းခံခဲ့ကြောင်းကိုလည်းကောင်း ပြည့်ညွှန်တော်မူခဲ့ပါသည်။ ယခုတွင်မူ လက်တွေ့ကျင့်ဆောင်ရမည့်တာဝန်များကို မိန့်တော်မူလာပါသည်။ သူတစ်ပါး၏စိတ်အာရုံကိုဆွဲဆောင်ရန်အတွက်သော်လည်းကောင်း၊ မိမိအား သူတစ်ပါးချီးမွမ်းထောမနာပြုရန်အတွက်သော်လည်းကောင်း၊ အလှူငွေပေးခြင်း၊ ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းများကိုမကျင့်ဆောင်ကြရန် ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ဆင်းရဲဒုက္ခရောက်နေသူများတို့အတွက် ရိုးသားသောစိတ်နှင့်ပေးလှူပါ။ ဆုတောင်းခြင်းအားဖြင့် အသက်ဝိညာဉ်များကို ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ပါ။ အစာရှောင်သောအခါ ခေါင်းငိုက်စိုက်ချ၍ မသွားပါနှင့်၊ စိတ်နှလုံးကို "ငါ" အတွက် အတွေးများဖြင့် ပြည့်ဝမနေပါစေနှင့်၊ ဖါရိရှဲများ၏စိတ်နှလုံးများသည် မသီးမပွင့်နိုင်သောအကျိုးအမြတ်မရှိသည့်မြေကဲ့သို့ဖြစ်ပါသည်။ ထိုနေရာမျိုးတွင် ဘုရားသခင်၏အသက်ရှင်ခြင်းမျိုးစေ့သည် မကြီးပွားမတိုးတက်နိုင်ချေ။ မိမိ၏အသက်တာအား ဘုရားသခင်ထံအကြွင်းမဲ့ပြန်လည်ဆက်ကပ်အပ်နှံသောသူသည် နှစ်သက်ဖွယ်အကောင်းဆုံးသောလုပ်ဆောင်မှုတစ်ခုဖြင့် ကိုယ်တော်အားပြန်လည်ဆက်ကပ်နေခြင်းဖြစ်ပါသည်။ ထာဝရဘုရားနှင့်မိတ်သဟာယဖွဲ့ခြင်း



အားဖြင့် လူများသည် လူသားများအလယ်တွင် ကိုယ်တော်၏စာရိတ္တတော်ကိုဖော်ပြခြင်းတွင် ကိုယ်တော်၏လုပ်ဖော်ဆောင်ဖက်များဖြစ်လာကြပါသည်။

ရိုးစင်းသောစိတ်နှလုံးဖြင့် တုံ့ပြန်သောလုပ်ဆောင်မှုများတွင် ကြီးမားသောအကျိုးရှိပါသည်။ "မထင်ရှားသောအရာကို မြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့။" ကရုဏာတော်ကြောင့် ကျွန်ုပ်တို့နေထိုင်ရသောအသက်တာများအားဖြင့် စာရိတ္တကို ဖွဲ့စည်းပါသည်။ မူလကရှိခဲ့ဖူးသော ချစ်ခင်နှစ်လိုဖွယ်ကောင်းသည့်စရိုက်များသည် ထိုအသက်ဝိညာဉ်တွင် ပြန်လည်ရောက်ရှိစပြုလာပါသည်။ ခရစ်တော်၏စာရိတ္တတော်မှကြွန်အင်လက္ခဏာများကို မျှဝေပေးကမ်းခြင်းခံရပြီး ၎င်း၏အသက်တာတွင် ဘုရားသခင်၏သဏ္ဍာန်တော်သည် စတင်ထွန်းလင်းလာပါသည်။ ဘုရားသခင်နှင့်အတူ လမ်းလျှောက်လုပ်ဆောင်နေသောသားသမီးများ၏မျက်နှာများတွင် ကောင်းကင်နိုင်ငံတော်၏ငြိမ်သက်ခြင်းကိုဖော်ပြနေပါသည်။ ထိုသူတို့ကို ကောင်းကင်သားများ၏နှစ်သိမ့်မှုကိုခံစားစေပါသည်။ ဤအသက်ဝိညာဉ်များအတွက် ဘုရားသခင်၏နိုင်ငံတော်သည် အစပျိုးခဲ့ပါသည်။ သူတို့တွင် လူသားများအတွက် ကောင်းချီးမင်္ဂလာဖြစ်သော ခရစ်တော်၏ပျော်ရွှင်ဝမ်းမြောက်မှုရှိနေပါသည်။ သူတို့သည် သခင်ခရစ်တော်၏အမှုတော်အတွက် လက်ခံခြင်းခံရကြောင်း ဂုဏ်ပြုခြင်းကိုခံခဲ့ကြရပြီး နာမတော်အားဖြင့် အမှုတော်ကိုဆောင်ရွက်ရန် ကိုးစားခြင်းကိုခံကြရပါသည်။

အဘယ်သူမျှ သခင်နှစ်ဦးအစေကိုမခံနိုင်ကြချေ။ ကျွန်ုပ်တို့သည် စိတ်နှစ်ခွဖြင့် ဘုရားသခင်၏အစေကိုမခံနိုင်ကြချေ။ ကျမ်းစာတွင်ဖော်ပြထားသောဘာသာတရားသည် များစွာသောအခြားဘာသာတရားများထဲတွင်ရှိနေသော ဩဇာသက်ရောက်မှုမျိုးမဟုတ်ဘဲ လူတိုင်းလူတိုင်းအားထိုးဖောက်ထိန်းချုပ်ထားသော အထွတ်အထိပ်တန်ခိုးတစ်ခုဖြစ်ပါသည်။ ထိုဘာသာတရားသည် ရွက်ဖျင်တဲပေါ်တွင် "ဒီနေရာတစ်ကွက်၊ ဟိုနေရာတစ်ကွက်ဆေးခြယ်ထားသည့်အရာကဲ့သို့မဟုတ်ဘဲ ရွက်ဖျင်တစ်ခုလုံးကို

နစ်၍ ဆေးမလွင့်သွားအောင် ဆေးထိုးထားသကဲ့သို့ အသက်တာတစ်ခုလုံးထဲသို့ စိမ့်ဝင်ပျံ့နှံ့သွားရမည်ဖြစ်ပါသည်။

ထိုကြောင့် မျက်စိကြည်လင်လျှင် တစ်ကိုယ်လုံးလင်းလိမ့်မည်။ မျက်စိမြေးယှက်လျှင် တစ်ကိုယ်လုံးမိုက်လိမ့်မည်။ အညစ်အကြေးနှင့်ကင်းစင်၍ စိတ်နှလုံးအကြံအစည်မြဲမြံခြင်းသည် ဘုရားသခင်ထံမှအလင်းကိုရရှိခြင်းအတွက် အခြေအနေများဖြစ်ကြပါသည်။ သမ္မာတရားကိုသိရှိလိုသောသူသည် သမ္မာတရားမှဖော်ပြသောအရာခပ်သိမ်းကိုလက်ခံရန်ဆန္ဒရှိရပါမည်။ သမ္မာတရားကိုသစ္စာစောင့်သိမှုတွင် လှုပ်ရှားယိမ်းယိုင်ခြင်းနှင့် စိတ်မပါ့တပါဖြစ်ခြင်းသည် မှားယွင်းခြင်း၏မှောင်မိုက်နှင့်စာတန်၏လှည့်စားခြင်းကိုရွေးချယ်ခြင်းဖြစ်သည်။

သက်တံ၌ရှိသောအရောင်များသည် တစ်ခုနှင့်တစ်ခုမရောယှက်နိုင်သကဲ့သို့ လောကစည်းမျဉ်းများနှင့် ဖြောင့်မတ်ခြင်းတရား၏မသွေဖည်သောစည်းမျဉ်းတို့သည် တစ်ခုနှင့်တစ်ခုစိုးစဉ်းမျှမရောယှက်နိုင်ကြချေ။ ဘုရားသခင်သည် ထိုစည်းမျဉ်းနှစ်ခုအကြားတွင် သိသာထင်ရှားသောမျဉ်းကြောင်းတစ်ခုကိုဆွဲထားတော်မူပါသည်။ မွန်းတည့်အချိန်သည် သန်းခေါင်ယံအချိန်နှင့်ကွဲပြားခြားနားသကဲ့သို့ ခရစ်တော်နှင့်အသွင်တူခြင်းသည် စာတန်နှင့်အသွင်တူခြင်းနှင့်ကွဲပြားလှပါသည်။ ခရစ်တော်၏အသက်တာအတိုင်း အသက်ရှင်သွားကြသောသူများသာလျှင် ကိုယ်တော်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြပါသည်။ အပြစ်တစ်ခုကိုစွဲလမ်းနေလျှင်သော်လည်းကောင်း၊ အသက်တာတွင်မှားယွင်းသောလုပ်ရပ်တစ်ခုကိုဆက်လက်လုပ်ဆောင်နေလျှင်သော်လည်းကောင်း လူတစ်ယောက်၏ကိုယ်စိတ်နှလုံးသုံးပါးစလုံးသည် ညစ်ညူးသွားပါသည်။ ထိုလူသည်မဖြောင့်မတ်မှုအတွက် အသုံးခံပစ္စည်းတစ်ခုဖြစ်လာပါသည်။

ဘုရားသခင်၏အစေကိုခံရန် ရွေးချယ်သူတိုင်းသည် ကိုယ်တော်၏ပြုစုစောင့်ရှောက်မှုကိုအမှီတံကဲပြုရကြပါမည်။ ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သောအရာများဖြစ်သည့် မိုးကောင်းကင်တွင် ကျင်လည်သောငှက်များနှင့် လယ်ကွင်းပြင်တွင်ပွင့်နေသောပန်းများကိုပြညွှန်ကာ "ထိုငှက်တို့ထက် သင်တို့သည် မြတ်သည်မဟုတ်လော" ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ မဿဲ ၆း၂၆။ ဘုရားသခင်၏ဂရုပြုမှုအတိုင်းအတာသည်အရာဝတ္ထုများ၏ပမာဏအကြီး၊ အငယ်နှင့် အဆင့်အတန်းအလိုက်အချိုးအစားညီမျှလှပါသည်။ အညိုရောင်စာငှက်ကလေးကို ဘုရားသခင်ကြည့်ရှုစောင့်ရှောက်တော်မူပါသည်။ လယ်ကွင်းပြင်တွင်ပေါက်ရောက်ပွင့်လန်းနေသောပန်းပွင့်များနှင့် ကမ္ဘာမြေကြီးကိုလွှမ်းခြုံထားသောမြက်ပင်များသည်လည်း အဖထာဝရဘုရားသခင်၏ဂရုပြုမှုကို မျှဝေခံစားကြရပါသည်။ ထိုမဟာပန်းချီဆရာကြီးသည် တောနှင်းပန်းကလေးများအား ရှောလမုန်မင်းကြီး၏ဘုန်းထက်သာလွန်လှပစေအောင် ဂရုပြုတော်မူခဲ့ပါသည်။ ထာဝရဘုရားသခင်၏သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူခဲ့သောလူသားများတို့အား ထိုအရာများတို့ထက် အဆပေါင်းများစွာ ဂရုပြုတော်မူမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ကိုယ်တော်၏သားသမီးများသည် ကိုယ်တော်၏စာရိတ္တတော်ကိုဖော်ပြကြရန် ကိုယ်တော်လိုလားတော်မူခဲ့ပါသည်။ နေရောင်ခြည်သည် ပန်းပွင့်ကလေးများအား ထူးခြားလှပသောအဆင်းအရောင်များကို မျှဝေပေးသကဲ့သို့ ဘုရားသခင်သည် အသက်ဝိညာဉ်များအား မိမိစာရိတ္တတော်၏တင့်တယ်ခြင်းကို မျှဝေတော်မူပါသည်။

ခရစ်တော်၏ချစ်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ယှဉ်သောနိုင်ငံတော်ကိုရွေးချယ်သည့်သူခပ်သိမ်းတို့သည် အထက်အရပ်မှာရှိသောကမ္ဘာနှင့်ဆက်နွှယ်ခြင်းကိုခံကြရပြီး အသက်တာအတွက်လိုအပ်သောကောင်းချီးမင်္ဂလာအဖြာဖြာသည် ၎င်းတို့အတွက်ဖြစ်ပါသည်။ ဘုရားသခင်၏စီမံမှုစာအုပ်၊ အတွဲ "အသက်တာ" မှစာတစ်မျက်နှာစီကို ကျွန်ုပ်တို့အားပေးသနားတော်မူပါသည်။ ထိုစာမျက်နှာပေါ်တွင် ကျွန်ုပ်တို့၏ကိုယ်ရေးရာဇဝင်၏အထူးအကြောင်းအရာများကို မှတ်တမ်းတင်ထားပါသည်။ ဆံပင်အချောင်းအရေအတွက်မှစ၍ မှတ်တမ်းတင်ထားပါသည်။ ကိုယ်တော်၏သားသမီးများကို ဘုရားသခင်သည် မည်သည့်အခါမျှမေ့လျော့ခြင်းရှိတော်မမူချေ။

"ထိုကြောင့် နက်ဖြန်အဖို့မစိုးရိမ်ကြနှင့်။" မဿဲ ၆း၃၄။ ကျွန်ုပ်တို့သည် ခရစ်တော်၏နောက်တော်သို့ တစ်နေ့ပြီးတစ်နေ့လိုက်လျှောက်ရပါ

မည်။ ဘုရားသခင်သည် နက်ဖြန်အတွက်လိုအပ်သောအမအစကို ယနေ့ပေးတော်မမူချေ။ ဘုရားသခင်သည် သားသမီးများအား စိတ်နှလုံးရှုပ်ထွေးသွားမည်စိုးသဖြင့် အသက်တာခရီးစဉ်အတွက် လိုအပ်သောညွှန်ကြားချက်များကို တစ်ခါတည်းဖြင့်အကုန်လုံးကိုပေးတော်မမူချေ။ သူတို့သတိရနိုင်လောက်ရုံ၊ လုပ်ဆောင်နိုင်လောက်ရုံသာမိန့်တော်မူပါသည်။ ပေးအပ်တော်မူသောခွန်အားနှင့်ဉာဏ်ပညာများသည် လတ်တလောအရေးပေါ်လိုအပ်ချက်များအတွက်ဖြစ်ပါသည်။ ယနေ့အတွက် "တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ၊ တောင်းလျှင်ရလိမ့်မည်။" ယာကုပ် ၁း၅။

"သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကိုမပြုကြနှင့်။" "မိမိကိုယ်ကိုသူတစ်ပါးထက် ကောင်းမြတ်သည်ဟုမထင်ပါနှင့်။ မိမိကိုယ်ကိုဋ္ဌင်းတို့၏တရားသူကြီးအဖြစ် မချီးမြှောက်ကြနှင့်။ သင်သည် သူတစ်ပါး၏စိတ်သဘောထားကို သိစွမ်းနိုင်ခြင်းမရှိသည့်အတွက် သူတစ်ပါးအားတရားစီရင်ခြင်းငှါမတတ်စွမ်းနိုင်ချေ။ သင်သည် ထိုသူတစ်ယောက်အားဖြင့်ပြစ်တင်ဝေဖန်ခြင်းအားဖြင့် မိမိကိုယ်ကိုအပြစ်စီရင်နေခြင်းဖြစ်ပါသည်။ အကြောင်းမူကား သင်သည် ညီအစ်ကိုကိုအပြစ်တင်သောစာတန်နှင့်အပေါင်းအပါဖြစ်ကြောင်းကိုထင်ရှားစေပြီး၊ "သင်တို့သည် ယုံကြည်ခြင်း၌တည်သလော၊ မတည်သလောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံစမ်းကြလော့။" ၂ကော၊ ၁၃း၅။ မိမိကိုယ်ကိုစစ်ဆေးရန်မှာကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။ "ငါတို့သည် ကိုယ်ကိုကိုယ်စစ်ကြောစီရင်လျှင်စစ်ကြောစီရင်တော်မူခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။" ၁ကော၊ ၁၁း၃၁။

ကောင်းသောအပင်သည် ကောင်းသောအသီးကိုသီးလိမ့်မည်။ အသီးသည် အရသာကင်းမဲ့ပြီးတန်ဖိုးမဲ့လျှင် ထိုအပင်သည် မကောင်းသောအပင်ဖြစ်၏။ ထိုနည်းတူစွာ အသက်တာတွင်သီးပွင့်သောအသီးအပွင့်များသည် ကျွန်ုပ်တို့၏စိတ်နှလုံးအခြေအနေနှင့်စာရိတ္တကောင်းမြတ်ခြင်း





များကို သက်သေခံနေပါသည်။ ကောင်းသောအကျင့်အားဖြင့် ကယ်တင်ခြင်းကိုမဝယ်ယူနိုင်သော်လည်း ထိုအကျင့်များသည် မေတ္တာအားဖြင့်လှုပ်ရှား၍ အသက်တာကိုအကြေးအညှော်များနှင့်ကင်းစင်စေနိုင်သောယုံကြည်ခြင်း၏သက်သေအထောက်အထားများဖြစ်ကြပါသည်။ ထာဝရဆုကျေးဇူးတော်ကို ကျွန်ုပ်တို့၏ကောင်းမှုကုသိုလ်ကြောင့် ချပေးတော်မူခြင်းမဟုတ်သော်လည်း ဋ္ဌင်းသည် ခရစ်တော်၏ကရုဏာတော်အားဖြင့်လုပ်ဆောင်နေသောအကျင့်နှင့်အချိုးအစားလိုက် ညီမျှမှုရှိလိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့် နိုင်ငံတော်၏အခြေခံနိယာမများကို ခရစ်တော်ဖော်ပြတော်မူ၍ ထိုနိယာမများသည် အသက်တာအတွက် မဟာစည်းမျဉ်းဥပဒေများဖြစ်ကြောင်း ထင်ရှားစေတော်မူခဲ့ပါသည်။ ထိုသင်ခန်းစာကိုစိတ်ထဲ၌စွဲမြဲသွားစေရန် သာဓကတစ်ခုထပ်လောင်းဖော်ပြ၍ နှုတ်ကပတ်တော်များကိုနာကြားရုံနှင့် မလုံလောက်ကြောင်း ကိုယ်တော်မိန့်တော်မူပါသည်။ နှုတ်တော်ထွက်စကားများကို လိုက်နာကျင့်ကြံခြင်းအားဖြင့် သင်သည်ထိုအရာများကို သင့်စာရိတ္တ၏အခြေခံများဖြစ်စေရပါမည်။ "ငါ" တည်းဟူသောအတ္တစိတ်သည် မတည်မြဲသောသဲများသာဖြစ်ပါသည်။ သင်သည်လူသားအတွေးအခေါ်များ၊ လူသားတီထွင်မှုများပေါ်တွင် တည်ဆောက်ပါလျှင် သင်၏အိမ်သည်ပြိုလဲသွားလိမ့်မည်။ စုံစမ်းနှောင့်ယှက်ခြင်းလေများ၊ စုံစမ်းစစ်ဆေးခြင်းလှိုင်းများအားဖြင့် ထိုအိမ်ကိုလွင့်ပျောက်စေလိမ့်မည်။ သို့သော် ကိုယ်တော်ရှင်ပေးတော်မူခဲ့သော ဤနိယာမများသည် ဆက်လက်တည်မြဲလိမ့်မည်။ ခရစ်တော်ကိုလက်ခံရယူပါ။ ကိုယ်တော်၏နှုတ်ထွက်စကားများအပေါ်တွင်တည်ဆောက်ပါ။

"အကြင်သူသည် ငါဟောပြောသောဤစကားကိုကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာအိမ်ဆောက်သောပညာရှိနှင့်တူကြောင်းကို ငါပုံပြမည်။ မိုးရွာ၍ရေစီးသည်နှင့် လေလာ၍ထိုအိမ်ကိုတိုက်သည်ရှိသော် ကျောက်ပေါ်မှာတည်သောကြောင့် မပြိုမလဲနေ၏။" မဿဲ ၇း၂၄-၂၅။

-ဝ-

## (၃၂)
## ရောမတပ်မှူးကလေး

ရှင်မဿဲ ၈း၅-၁၃။ ရှင်လုကာ ၇း၁-၁၇ ကိုအခြေပြုပါသည်

"သင်တို့သည် နိမိတ်လက္ခဏာနှင့် အံ့ဖွယ်သောအမှုတို့ကိုမမြင်ရလျှင် ယုံကြည်ခြင်းမရှိကြ" ဟု သေခါနီးဖြစ်သောသားကို ကုသပေးခြင်းခံရသောအမတ်ကို ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ ယောဟန် ၄း၄၈။ မိမိ၏လူမျိုးများက မိမိသည်မေရှိယဖြစ်ကြောင်း သက်သေပြရန် အပြင်ပန်းနိမိတ်လက္ခဏာများကိုတောင်းခံကြသဖြင့် ကိုယ်တော်သည် စိတ်နှလုံးပူပန်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ၎င်းတို့၏မယုံကြည်မှုများကြောင့် အဖန်တလဲလဲအံ့အားသင့်ခဲ့ရပါသည်။ သို့သော် မိမိထံသို့ရောက်ရှိလာသော ရောမတပ်မှူးကလေး၏ယုံကြည်ခြင်းကြောင့်လည်း အံ့အားသင့်ခဲ့ရပါသည်။ ထိုတပ်မှူးသည် ကယ်တင်ရှင်၏တန်ခိုးတော်အတွက် ဒွိဟမဖြစ်ခဲ့ချေ။ သူသည် ကိုယ်တော်အားနိမိတ်လက္ခဏာကို ကိုယ်တိုင်ကိုယ်ကျလာရောက်ပြသရန်ကိုပင် မတောင်းခံခဲ့ပါ။ "အမိန့်တော်တစ်ခွန်းရှိလျှင် ကျွန်တော်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်" ဟုသာလျှောက်ထားခဲ့ပါ၏။

တပ်မှူး၏ထိုငယ်သားသည် လက်ခြေသေသောရောဂါနှင့်ပြင်းထန်စွာဝေဒနာခံစားနေရပြီး သေခါနီးအခြေအနေတွင်ရောက်ရှိနေပါသည်။ ရောမလူမျိုးများ၏ငယ်သားများသည် ကျွန်ဈေးမှဝယ်လာခဲ့သောကျွန်များသာဖြစ်ကြပြီး မတရားရက်စက်ဆက်ဆံခြင်းများကိုခံကြရပါသည်။ သို့သော် ဤတပ်မှူးမှာမူ မိမိ၏ငယ်သားအား နူးညံ့သိမ်မွေ့စွာဆက်ဆံခဲ့ပြီး ပြန်လည်ကျန်းမာလာစေရန် အလွန်ဆန္ဒပြင်းပြခဲ့ပါသည်။ ခရစ်တော်သည် ၎င်းအားရောဂါပျောက်ကင်းစေနိုင်သည်ကိုလည်း သူယုံကြည်ခဲ့ပါသည်။ သူသည် ကိုယ်တော်ရှင်အားမမြင်ဖူးသော်လည်း ကြားခဲ့ရသောသတင်းများသည် သူ၏ယုံကြည်ခြင်းကိုအားဖြည့်စေခဲ့ပါသည်။ ယုဒလူများသည် ဘာသာရေးကိုအပြင်ပန်းလုပ်ဆောင်နေသည့်ကြားမှ ဤရောမတပ်မှူးအနေနှင့်



ထိုဘာသာတရားသည် မိမိတို့၏ဘာသာတရားထက်သာလွန်ကောင်းမွန်သည်ဟု သဘောထားခဲ့ပါသည်။ အောင်နိုင်သူများနှင့် ရှုံးနိမ့်သောလူမျိုးများအကြားတွင်ကွဲပြားစေသောမုန်းတီးခြင်းနှင့် အမျိုးသားရေးတစ်ဖက်သတ်အထင်လွဲမှုများတည်းဟူသော အတားအဆီးများကို ထိုသူချိုးဖျက်ခဲ့ပါသည်။ ထာဝရဘုရား၏အမှုတော်ထမ်းဆောင်ခြင်းအားလေးစားကြောင်းကိုလည်းကောင်း၊ ယုဒလူများအားလည်း ဘုရားသခင်ကိုကိုးကွယ်သူများအဖြစ် ကြင်နာသနားမှုရှိကြောင်းကိုလည်းကောင်း သူပြသခဲ့ပါသည်။ သူသည် ကြားသိခဲ့ရသောသတင်းများအရ အသက်ဝိညာဉ်၏လိုအပ်ချက်ကို ခရစ်တော်၏သွန်သင်ချက်များတွင်တွေ့ရှိခဲ့ပါသည်။ ၎င်း၏နှလုံးထဲတွင်ရှိသောဝိညာဉ်ရေးနှင့်ဆိုင်သောအရာအားလုံးသည် ကယ်တင်ရှင်၏နှုတ်ထွက်စကားများကိုတုံ့ပြန်ခဲ့ပါသည်။ သို့သော် သူသည် ခရစ်တော်၏ရှေ့မှောက်သို့ဝင်ရောက်ရန်မထိုက်တန်ကြောင်း ခံစားရကာ မိမိ၏ငယ်သားအတွက် ခရစ်တော်အားကုသပေးဖို့တောင်းပန်ပေးရန် ယုဒလူအကြီးအကဲများအား အသနားခံခဲ့ပါသည်။ ထိုသူများသည် ခရစ်တော်ကိုကောင်းမွန်စွာသိကျွမ်းပြီး ကိုယ်တော်ရှင့်ထံမှ ကရုဏာကိုခံစားရနိုင်မည့်ချဉ်းကပ်နည်းကိုလည်း သိရှိကြလိမ့်မည်ဟု သူထင်ခဲ့ပါသည်။

သခင်ယေရှုသည် ကပေရနောင်မြို့ထဲသို့ဝင်လာသောအခါ ယုဒလူအကြီးအကဲများမှကိုယ်စားလှယ်တစ်ဖွဲ့သည် ကိုယ်တော်ရှင်အား ထိုတပ်မှူး၏ဆန္ဒကိုပြောပြခဲ့ကြပါသည်။ "ထိုသူသည် ယေရှုထံသို့ရောက်လျှင် ကျေးဇူးတော်ကိုခံမည့်သူသည် ခံထိုက်သောသူဖြစ်ပါသည်။ သူသည် အကျွန်ုပ်တို့အမျိုးကိုနှစ်သက်၍ အကျွန်ုပ်တို့အဖို့ တရားဇရပ်ကိုဆောက်ပါပြီ" ဟု ကျပ်ကျပ်တောင်းပန်ကြ၏။ ယေရှုသည် ထိုတပ်မှူးအိမ်သို့ချက်ချင်းကြွတော်မူခဲ့ပါသည်။ သို့သော် လူအုပ်ကြီး၏တိုးဝှေ့မှုကြောင့် အရောက်နှေးခဲ့ရသည်။ တပ်မှူးသည် ကိုယ်တော်ရှင်ကြွလာတော်မူကြောင်းသတင်းကိုကြားသိရသောအခါ ကိုယ့်ကိုကိုယ်မလုံမလဲဖြစ်လာကာ မိမိအဆွေတို့ကိုစေလွှတ်၍ "သခင်၊ ကိုယ်ကိုပင်ပန်းစေတော်မမူပါနှင့်။ အကျွန်ုပ်၏အိမ်မိုးအောက်သို့ ကြွဝင်တော်မူခြင်းကျေးဇူးတော်ကို အကျွန်ုပ်မခံထိုက်ပါ"

ဟုလျှောက်ထားခဲ့၏။ သို့သော်လည်း ကယ်တင်ရှင်သည် ဆက်၍ကြွလာတော်မူနေသဖြင့် တပ်မှူးကလေးသည် နောက်ဆုံးတွင်အရဲစွန့်၍ ကိုယ်တော်ရှင်ထံချဉ်းကပ်ကာ "ကျွန်ုပ်သည် ကိုယ်တော်ထံသို့ရောက်ထိုက်သောသူမဟုတ်သည်ကို အကျွန်ုပ်ထင်ပါပြီ။ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်။ ဥပမာကား၊ အကျွန်ုပ်သည် မင်းအောက်၌ကျွန်ခံသောသူဖြစ်သော်လည်း စစ်သူရဲများကိုအုပ်စိုး၍ တစ်ဦးကိုသွားချေဟုဆိုလျှင်သွားပါ၏။ တစ်ဦးကိုလာခဲ့ဟုဆိုလျှင်လာပါ၏။ ကျွန်ကိုလည်း ဤအမှုကိုလုပ်တော့ဟုဆိုလျှင်လုပ်ပါ၏။ ကျွန်ုပ်သည် ရောမအစိုးရကိုကိုယ်စားပြုသောကြောင့် အကျွန်ုပ်၏စစ်သားများသည် ကျွန်ုပ်၏အမိန့်ကိုအသိအမှတ်ပြုခဲ့ကြသကဲ့သို့ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ထာဝရဘုရားသခင်ကိုကိုယ်စားပြုသောကြောင့် ဖန်ဆင်းသမျှသောအရာခပ်သိမ်းတို့သည် ကိုယ်တော်စကားတော်ကိုနားထောင်ကြပါ၏။ ကျွန်ုပ်၏ငယ်သားခံစားနေရသောရောဂါကို ပျောက်ကင်းသွားရန် ကိုယ်တော်အမိန့်ပေးလျှင် ရောဂါပျောက်ကင်းသွားပါလိမ့်မည်။ ကိုယ်တော်သည် ကောင်းကင်သားများကိုဆင့်ခေါ်နိုင်တော်မူပြီး ထိုသူတို့သည် အနာပျောက်ကင်းခြင်းတန်ခိုးကို ပေးသနားတော်မူလိမ့်မည်။ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်" ဟုလျှောက်လေ၏။

"ထိုစကားကို ယေရှုသည်ကြားတော်မူလျှင် အံ့ဩခြင်းရှိ၍ နောက်တော်၌လိုက်သောလူများကိုလှည့်ကြည့်လျက်၊ ငါဆိုသည်ကား ဤမျှလောက်သောယုံကြည်ခြင်းကို ဣသရေလအမျိုး၌ပင်မတွေ့ဖူးသေးဟု မိန့်တော်မူ၏။" ထိုနောက်တပ်မှူးအား "သင်သွားလော့၊ ယုံကြည်သည်နှင့်အညီ သင်၌ဖြစ်စေဟုမိန့်တော်မူ၏။ ထိုခဏချင်းတွင် သူ၏ငယ်သားသည် အနာရောဂါကင်း၍ သက်သာခြင်းသို့ရောက်လေ၏။"

ခရစ်တော်ထံတွင် တပ်မှူးကလေးအတွက် ထောက်ခံချက်ပေးခဲ့ကြသောယုဒလူအကြီးအကဲများသည် မိမိတို့အနေဖြင့် ဧဝံဂေလိသတင်းစကားနှင့်ပတ်သက်သောစိတ်ဝိညာဉ်သည် မည်မျှခန်းခြောက်နေသည်ကို



ပြသခဲ့ကြပါသည်။ သူတို့၏မဟာလိုအပ်ချက်သည် ထာဝရဘုရားထံမှ ကရုဏာတော်ကိုရရန် တောင်းခံဖို့သာဖြစ်ကြောင်းကို သူတို့အသိအမှတ်မပြုခဲ့ကြချေ။ တပ်မှူးကလေးသည် ၎င်းတို့လူမျိုးကို နှစ်သက်ခဲ့သောကြောင့် သူတို့သည် မိမိတို့ကိုယ်ကိုဖြောင့်မတ်သည်ဟုထင်လျက် ၎င်းအားချီးမွမ်းထောက်ခံခဲ့ကြပါသည်။ သို့သော် တပ်မှူးကမူ "ကျွန်ုပ်သည် ကြွလာတော်မူခြင်းကျေးဇူးကိုမခံထိုက်ပါ" ဟု မိမိကိုယ်ကိုဖော်ပြခဲ့၏။ သူ၏စိတ်နှလုံးသည် ခရစ်တော်၏ကရုဏာအားဖြင့် ထိတွေ့ခြင်းကိုခံခဲ့ရပါသည်။ သူသည် မိမိ၏မထိုက်တန်မှုကိုတွေ့မြင်ခဲ့သော်လည်း ကိုယ်တော့်ထံမှ အမအစကိုတောင်းခံရန်မစိုးရွံ့ခဲ့ချေ။ သူသည် မိမိ၏ကောင်းမြတ်ခြင်းကိုအားကိုးခြင်းမပြုဘဲ သူ၏လျှောက်ထားချက်သည် သူ၏မဟာလိုအပ်ချက်ဖြစ်ခဲ့ပါသည်။ သူ၏ယုံကြည်ခြင်းသည် ကိုယ်တော်၏စစ်မှန်သောစာရိတ္တတော်၌ခရစ်တော်ကိုကိုင်စွဲခဲ့ပါသည်။ ထိုတပ်မှူးသည် ခရစ်တော်အားနိမိတ်လက္ခဏာပြသူတစ်ပါးအနေဖြင့်သာမက မိတ်ဆွေတစ်ဦးအနေဖြင့်သော်လည်းကောင်း၊ လူသားများ၏ကယ်တင်ရှင်အနေဖြင့်သော်လည်းကောင်း ယုံကြည်ခဲ့ပါသည်။

အပြစ်သားတိုင်းသည် ထိုနည်းနှင်နှင်ခရစ်တော်ထံသို့ချဉ်းကပ်နိုင်ပါသည်။ "ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ မိမိသနားခြင်းကရုဏာတော်နှင့်အညီ---ငါတို့ကိုကယ်တင်တော်မူ၏" တိတု ၃း၅။ သင်သည် အပြစ်သားတစ်ဦးဖြစ်ကြောင်း၊ ဘုရားသခင့်ထံမှ ကောင်းချီးမင်္ဂလာများရရှိခံစားရန် မျှော်လင့်ချက်မရှိတော့ကြောင်း၊ စာတန်က သင့်အားပြောလာသောအချိန်တွင် ခရစ်တော်သည် အပြစ်သားများကိုကယ်တင်ရန် ဤလောကသို့ကြွလာတော်မူခဲ့ကြောင်းကို သူ့အားသင်ပြန်ပြောပြလိုက်ပါ။ ဘုရားသခင့်ထံတော်တွင် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုထောက်ခံချက်ပေးရန် တစ်စုံတစ်ခုမျှမရှိကြသော်လည်း ကာလအစဉ် ကျွန်ုပ်တို့တောင်းခံသည့်အသနားခံသံများသည် ကိုယ်တော်ရှင်၏ကယ်တင်ခြင်းတန်ခိုးတော်ကို မရှိမဖြစ်လိုအပ်ကြောင်းကို ထင်ရှားစေသည့် လုံးလုံးအကူအညီမဲ့သော ကျွန်ုပ်တို့၏အခြေအနေပင်ဖြစ်ပါသည်။

ကိုယ့်ကိုကိုယ် မှီခိုအားကိုးသောစိတ်များကိုငြင်းပယ်လျက် ကျွန်ုပ်တို့သည် ကရာနီကုန်းပေါ်မှကပ်တိုင်ကိုကြည့်မျှော်ကာ "ကျွန်ုပ်၏လက်ထဲတွင် ပေးစရာအဖိုးအခတစ်စုံတစ်ရာကိုယူဆောင်မလာပါ။ ကိုယ်တော်၏ ကပ်တိုင်ကိုသာ ကျွန်ုပ်သည်ရိုးသားစွာဖြင့်စွဲလမ်းပါသည်" ဟုပြောဆိုနိုင်ပါသည်။

ယုဒလူများကို ငယ်စဉ်အချိန်ကလေးဘဝမှစ၍ မေရှိယ၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ သွန်သင်ခဲ့ကြပါသည်။ ဝိညာဉ်တန်ခိုးပါရှိသော ရှေးဘိုးဘေးများနှင့် ပုရောဖက်များ၏နှုတ်ထွက်စကားများအပြင်၊ ယဇ်ပူဇော်ခြင်းများနှင့်ပတ်သက်သော ပုံဆောင်ကျင်းပရမည့်အခမ်းအနားများအတွက် သွန်သင်ချက်များသည် ၎င်းတို့တွင်ရှိပါသည်။ သို့သော် သူတို့သည် ထိုအလင်းတရားကိုဂရုမမူခဲ့ကြသဖြင့် ယခုတွင် ခရစ်တော်၌ သူတို့လိုချင်သောအရာတစ်စုံတစ်ခုကိုမျှ မတွေ့မြင်ကြတော့ချေ။ သို့သော်လည်း တစ်ပါးအမျိုးသားများထဲတွင် ပေါက်ဖွားလာသော၊ ကြီးကျယ်ခမ်းနားသောရောမအင်ပါယာ၏ (ရုပ်တုကိုးကွယ်သည့်) ဘာသာတရားတွင် လေ့ကျက်ခဲ့ရသော၊ စစ်သားတစ်ဦးအဖြစ်လေ့ကျင့်သင်ကြားခြင်းခံခဲ့ရသောသူ၏ပညာရေးနှင့်ပတ်ဝန်းကျင်အနေအထားကြောင့် ဝိညာဉ်ရေးအသက်တာမှအမြင်အားဖြင့် ပြတ်တောက်နေသယောင်ရှိသောယခုအချိန်တိုင် ယုဒလူမျိုးများနှင့် ယုဒလူမျိုးများအပေါ်ထားရှိသည့် မိမိလူမျိုးများ၏မခံ့မညားလုပ်မှုများကြောင့် ဆီးတားပိတ်ပင်ခြင်းခံနေရသော ဤရောမတပ်မှူးကလေးသည် အာဗြဟံ၏သားသမီးများမမြင်ခဲ့ကြသော သမ္မာတရားကိုသိမြင်ခဲ့ပါသည်။ မေရှိယဟုအခိုင်အမာပြောဆိုနေသော ထိုပုဂ္ဂိုလ်အား ယုဒလူမျိုးများကိုယ်တိုင် လက်ခံသည်လက်မခံသည်ကို ကြည့်ရန် သူမစောင့်ဆိုင်းခဲ့ချေ။ ဤလောကကိုကြွလာလျက် ခပ်သိမ်းသော သူအပေါင်းတို့အား အလင်းကိုပေးသောသူ၏အလင်းသည် ၎င်းအပေါ်သို့ ထွန်းလင်းသောအခါ သူသည်အလှမ်းကွာဝေးခဲ့သော်လည်း သားတော်၏ ဘုန်းတော်ကိုခွဲခြားသိမြင်ခဲ့ပါသည်။



ဤအရာသည် ခရစ်တော်အတွက် တစ်ပါးအမျိုးသားများထဲတွင် ဧဝံဂေလိအမှုတော်ပြီးစီးရန်လုပ်ငန်းအတွက် ဦးဦးဖျားဖျားအောင်မြင်မှုတစ်ခုဖြစ်ပါသည်။ လောကီနိုင်ငံအရပ်ရပ်မှလူများသည် ကောင်းကင်နိုင်ငံတော်သို့စုရုံးလာကြမည့် အနာဂတ်အဖြစ်အပျက်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကိုယ်တော်မျှော်ကြည့်တော်မူခဲ့ပါသည်။ သို့သော် ကိုယ်တော်၏ ကရုဏာတော်ကိုငြင်းပယ်ခြင်းအတွက် ယုဒလူများရရှိကြမည့်ရလဒ်ကို ဝမ်းနည်းစွာဖြင့် ရုပ်လုံးပေါ်အောင် မိန့်တော်မူခဲ့သည်မှာ "ငါဆိုပြန်သည်ကား လူများတို့သည် အရှေ့အရပ်၊ အနောက်အရပ်မှလာ၍ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်အတူ လျောင်းရကြလတ္တံ့။ နိုင်ငံတော်သားတို့သည်လည်း ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာပြင်အရပ် မှောင်မိုက်ထဲသို့ နှင်ချခြင်းကိုခံရကြလတ္တံ့" ဟူ၍ဖြစ်၏။ မည်မျှများပြားစွာသောလူအပေါင်းတို့သည် အလွန်စိတ်ပျက်စရာကောင်းသည့် ထိုအဖြစ်အပျက်အတွက် ပြင်ဆင်လျက်နေကြပါသနည်း။ တစ်ပါးအမျိုးသားအမှောင်ကမ္ဘာထဲမှလူများသည် ကရုဏာတော်ကိုလက်ခံနေကြစဉ်တွင် အလင်းတရားရရှိခဲ့သည့် ခရစ်ယာန်နိုင်ငံများစွာသောလူများသည် အလင်းတော်ကိုဂရုမမူခဲ့ကြပါတကား။

ကိုယ်တော်သည် ကပေရနောင်မြို့မှ မိုင်နှစ်ဆယ်ဝေးကွာသော မြေပြန့်တွင်တည်ရှိပြီး အပေါ်မှစီးပြီးကြည့်လျှင် အလွန်လှပသောကွင်းပြင်ကြီးတွင်တည်ရှိသော နာဣနမြို့သို့ခရီးဆက်ခဲ့ပါသည်။ ကိုယ်တော်၏ တပည့်တော်များနှင့်အခြားသူများစွာတို့သည် ကိုယ်တော်နှင့်အတူခရီးသွားလျက်ရှိခဲ့ကြသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း လူများတို့သည် ကိုယ်တော်ထံမှမေတ္တာစကားများ၊ နှစ်သိမ့်မှုများကိုတောင်းခံလျက် ရောဂါများကိုကုသပေးရန် လူနာများကိုသယ်ဆောင်လာလျက်ရောက်ရှိလာခဲ့ကြပါသည်။ ၎င်းပြင် ယခုကဲ့သို့သောအံ့ဖွယ်တန်ခိုးတော်ကိုအသုံးပြုတော်မူခဲ့သောကိုယ်တော်သည် မိမိကိုယ်ကို ဣသရေလလူမျိုး၏ရှင်ဘုရင်တစ်ပါးအဖြစ် ကြေညာတော်မူလိမ့်မည်ဟုလည်း သူတို့မျှော်လင့်လျက် ချဉ်းကပ်ခဲ့ကြပါသည်။ လူအုပ်ကြီးသည် ကိုယ်တော်ထံတွင်စုရုံးခဲ့ကြပြီး တောင်ပေါ်

ရွာကလေး၏အဝင်တံခါးကိုဦးတည်နေသောကျောက်တောင်လမ်းအတိုင်း ကိုယ်တော့်နောက်တော်မှဝမ်းမြောက်ဝမ်းသာဖြင့် မျှော်လင့်ချက်ထားကာ လိုက်လာခဲ့ကြပါသည်။

သူတို့သည် ရွာနားသို့ရောက်လာကြစဉ်တွင် အသုဘချလာသော လူတစ်စုသည် ရွာအဝင်တံခါးမှထွက်လာကြသည်ကိုမြင်တွေ့ကြရပါသည်။ ထိုလူစုသည် မြေမြှုပ်သင်္ဂြိုဟ်မည့်နေရာသို့ဦးတည်၍ ဝမ်းနည်းတုံ့နှေးစွာဖြင့် လျှောက်သွားနေကြပါသည်။ ရှေ့ဆုံးတွင် လူသေလောင်းကိုအဖုံးအကာ မရှိသောတလားပေါ်တွင်တင်၍ သယ်လာကြပြီး ထိုတလား၏ပတ်လည်၌ အသံကုန်ဟစ်အော်ငိုကြွေးနေကြသော ဝမ်းနည်းပူဆွေးနေသူများလိုက်ပါလာကြပါသည်။ သေသောသူအား လေးစားမှုကိုပြရန်နှင့် ကျန်ရစ်သူမိသားစုအား စာနာထောက်ထားသည့်သဘောကိုပြသရန် မြို့လုံးကျွတ်တမျှ အသုဘပို့ကြကြောင်းတွေ့ကြရပါသည်။

ထိုမြင်ကွင်းသည် စိတ်ထိခိုက်စရာတစ်ခုဖြစ်ပါသည်။ သေဆုံးသွားသူသည် မုဆိုးမကြီး၏တစ်ဦးတည်းသောသားကလေးဖြစ်သည်။ ထိုအထီးကျန်ဝမ်းနည်းပူဆွေးနေသောမုဆိုးမကြီးသည် မိမိအား လောကနှင့်ပတ်သက်သောအထောက်အမများ၊ နှစ်သိမ့်မှုများပေးခဲ့သော တစ်ဦးတည်းသားကလေးကိုသင်္ဂြိုဟ်ရန် အလောင်းစင်နောက်မှလိုက်လာခဲ့သည်။ သူမသည် ငိုကြွေးလျက် ကိုယ်တော်၏အနားသို့ရောက်ရှိသည်ကိုပင် သတိမပြုမိဘဲ မျက်မမြင်ကဲ့သို့လျှောက်လှမ်းလာခဲ့ရာ ကိုယ်တော်ရှင်သည် သူမအနားသို့ချဉ်းကပ်သွားပြီး နူးညံ့သိမ်မွေ့စွာဖြင့် "မငိုနှင့်" ဟုမိန့်တော်မူ၏။ သခင်ယေရှုသည် သူမ၏ဝမ်းနည်းကြေကွဲမှုအား ပျော်ရွှင်ဝမ်းမြောက်မှုအသွင်သို့ ကူးပြောင်းပေးမည့်ဆဲဆဲတွင် သနားကြင်နာမှုအတွက် ထိုဖွင့်ဟချက်ကို မအောင့်အည်းနိုင်တော့ဘဲ ဖွင့်ဟတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အနီးသို့ကြွလာပြီး တလားကိုလက်နှင့်တို့တော်မူ၏။ ကိုယ်တော်အတွက် အသေကောင်နှင့်တို့ထိခြင်းပင်လျှင် ညစ်ညူးမှုကိုမဖြစ်နိုင်ချေ။ ထိုအခါထမ်းလာသောသူများသည် ရပ်၍ ငိုကြွေးသံများလည်းစဲသွားခဲ့ပါသည်။ မျှော်လင့်ချက်များထားရန် အကြောင်းအလျှင်းမရှိသော်လည်း



ထိုနှစ်ဖွဲ့သည် တလားအနီးသို့မျှော်လင့်လျက်စုရုံးလာခဲ့ကြပါသည်။ ရောဂါများနှင့်နတ်ဆိုးများကိုနှင်ထုတ်ခဲ့သောပုဂ္ဂိုလ်တစ်ပါးရောက်ရှိခဲ့ပါပြီ။ သေခြင်းသည်လည်း ကိုယ်တော်၏တန်ခိုးတော်အောက်တွင် အညံ့ခံပါမည်လား။

ကိုယ်တော်သည် ရှင်းလင်းပြတ်သား၍ တန်ခိုးအာဏာနှင့် ပြည့်စုံသောအသံဖြင့် "အချင်းလုလင်၊ ထလော့။ သင့်အားငါအမိန့်ရှိသည်" ဟုမိန့်တော်မူ၏။ ထိုအသံတော်သည် သေနေသောသူ၏နားအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားခဲ့ရာ ထိုလုလင်ငယ်သည် မျက်လုံးများဖွင့်လာခဲ့ပါသည်။ ခရစ်တော်သည် ၎င်းအားလက်ကမ်း၍ မထူလိုက်ပါသည်။ ထိုလူငယ်၏မျက်လုံးအစုံသည် ၎င်း၏နံဘေးတွင်ငိုကြွေးနေခဲ့သော မိခင်အပေါ်သို့ကျရောက်သွားရာ မိခင်နှင့်သားငယ်တို့သည် ပျော်ရွှင်ဝမ်းမြောက်စွာဖက်ယမ်းကာ ပြန်လည်ပေါင်းစည်းခဲ့ကြပါသည်။ လူအပေါင်းတို့သည် အဖမ်းစားခံရသကဲ့သို့ ငြိမ်သက်စွာကြည့်နေကြပြီး "ကြောက်ရွံ့မှုများကိုခံစားလာခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင်၏ရှေ့တွင် ရောက်နေသကဲ့သို့ ခေတ္တခဏဆိတ်ငြိမ်စွာဖြင့် ရိုသေလေးစားစွာဖြင့် ရပ်နေခဲ့ကြပြီးနောက် ကြီးစွာသောပုရောဖက်သည် ငါတို့တွင်ပေါ်ထွန်းပြီ။ ဘုရားသခင်သည် မိမိလူမျိုးကို အကြည့်အရှုကြွလာတော်မူသည်ဟူ၍ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏။ အသုဘချသည့်လူတန်းကြီးသည် အောင်ပွဲခံလာသောလူတန်းကြီးကဲ့သို့ နာဣနမြို့သို့ပြန်ဝင်ရောက်လာခဲ့ပါသည်။ ထိုသတင်းတော်သည် ယုဒပြည်မှစ၍ ပတ်ဝန်းကျင်အရပ်ရပ်တို့၌ အနှံ့အပြားကျော်စောလေ၏။"

နာဣနမြို့တံခါးဝတွင် ဝမ်းနည်းပူဆွေးနေသော မိခင်၏နံဘေးတွင်ရပ်နေခဲ့သော ကိုယ်တော်သည် တလား၏နံဘေးတွင် ငိုကြွေးပူဆွေးနေသူတိုင်းအား ကြည့်ရှုတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ဝမ်းနည်းကြေကွဲမှုများအတွက် ကိုယ်တော်သည် သနားခြင်းစိတ်ရှိတော်မူပါသည်။ သနားချစ်ခင်ခဲ့သောကိုယ်တော်၏နှလုံးသားသည် မပြောင်းလဲနိုင်သောနှစ်သက်မြတ်နိုးခြင်းနှင့်ပြည့်ဝသောနှလုံးသားတစ်ခုဖြစ်ပါသည်။ သေခြင်းမှ

အသက်ရှင်ခြင်းသို့ရောက်ရန် မိန့်တော်မူခဲ့သောကိုယ်တော်၏နှုတ်ထွက်
စကားတော်သည် နာဣနမြို့မှ ထိုသူငယ်ကိုမိန့်တော်မူခဲ့သောအချိန်ကထက်
ယခုအချိန်တွင် တန်ခိုးအာနိသင်ပို၍ လျော့ပါးသွားခြင်းမရှိချေ။
"ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သော
အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" ဟု ကိုယ်တော်မိန့်တော်မူ၏။ မဿဲ
၂၈း၁၈။ ထိုတန်ခိုးတော်သည် နှစ်တွေကြာညောင်းလာခဲ့သော်လည်း
လျော့ပါးသွားခြင်းမရှိချေ။ လျှံကျလာသောကိုယ်တော့်ကရုဏာတော်ရှင်၏
မနားမနေလုပ်ဆောင်မှုများကြောင့်လည်း ကုန်ခန်းသွားခြင်းမရှိချေ။
ကိုယ်တော်ရှင်ကိုယုံကြည်သူအားလုံးအတွက် ကိုယ်တော်သည် အစဉ်
အဆက်အသက်ရှင်လျက်ရှိသော ကယ်တင်ရှင်တစ်ပါးဖြစ်တော်မူပါသည်။

သားငယ်ကို မိခင်အားပြန်လည်ပေးအပ်ခဲ့သောအချိန်တွင်
ခရစ်တော်သည် သူမ၏ဝမ်းနည်းပူဆွေးမှုကို ပျော်ရွှင်ဝမ်းမြောက်မှုအသွင်သို့
ပြောင်းလဲခဲ့သော်လည်း ထိုသူငယ်သည် လောကအသက်တာကို ပြန်လည်
အသက်ရှင်ရန် အသက်တာ၏ဝမ်းနည်းမှု၊ ပင်ပန်းမှုနှင့် ပျက်စီးဆုံးရှုံးမှု
များကို တစ်ဖန်ခံစားရန်နှင့် သေမင်း၏အရိပ်တွင် နောက်တစ်ဖန်ပြန်လည်
ဖြတ်သန်းရန် သေခြင်းမှထမြောက်စေခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ယေရှု
သည် သေသောသူများအတွက် ကျွန်ုပ်တို့၏ဝမ်းနည်းမှုများကို မျှော်လင့်
ခြင်းသတင်းစကားတစ်ခုဖြင့်နှစ်သိမ့်ထားပါသည်။ "ငါသည်---အသက်ရှင်
သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက်
အသက်နှင့်ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်း ငါအစိုးရ၏။"
"ထိုသူငယ်တို့သည် အသွေးအသားနှင့်ဆက်ဆံကြသောကြောင့် ခရစ်တော်
သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကိုအစိုးရသောသူတည်း
ဟူသော မာရ်နတ်၏တန်ခိုးကိုချိုးဖဲ့ဖျက်ဆီးခြင်းငှါလည်းကောင်း၊ သေဘေး
ကိုကြောက်၍ တစ်သက်လုံးကျွန်ခံရသောသူတို့ကို ကယ်လွှတ်ခြင်းငှါလည်း
ကောင်း ထိုသူငယ်တို့၏နည်းတူ အသွေးအသားကိုဆောင်ယူတော်မူ၏။"
ဗျာဒိတ် ၁း၁၈။ ဟေဗြဲ ၂း၁၄-၁၅။



သားတော်ဘုရားသည် လူသေများအား အသက်ရှင်ခြင်းသို့
ဝင်စားရန် မိန့်တော်မူသောအခါ စာတန်သည် ထိုလူသေများကိုချုပ်ထိန်း
ထားနိုင်စွမ်းမရှိပါချေ။ ယုံကြည်ခြင်းအားဖြင့် တန်ခိုးကြီးတော်မူသော
ခရစ်တော်၏နှုတ်ကပတ်တော်များတို့ကို လက်ခံရရှိထားသောအသက်
ဝိညာဉ်အားလည်း ဝိညာဉ်ရေးသေခြင်းတွင် စာတန်ထိန်းချုပ်မထားနိုင်ချေ။
အပြစ်တရားတွင် သေလျက်ရှိနေကြသူအားလုံးအား ထာဝရဘုရား
မိန့်တော်မူနေသည်ကား၊ "အိပ်ပျော်သောသူ၊ နိုးထလော့၊ သေခြင်းမှ
ထမြောက်လော့" ဧဖက် ၅း၁၄။ ထိုနှုတ်ကပတ်တော်သည် ထာဝရအသက်
ဖြစ်တော်မူ၏။ ပထမဦးဆုံးသောလူသားအား အသက်ရှင်ခြင်းကိုဝင်စားရန်
မိန့်တော်မူခဲ့သကဲ့သို့ ထာဝရဘုရားသခင်၏နှုတ်ကပတ်တော်သည် ယခု
တွင်လည်း ကျွန်ုပ်တို့အား အသက်ရှင်ခြင်းသို့ဝင်စားရန် အမိန့်ပေးဆဲဖြစ်
ပါသည်။ "အချင်းလုလင်၊ ထလော့၊ သင့်အားငါအမိန့်ရှိသည်" ဟူ၍
နာဣနမြို့မှလူငယ်အား အသက်ရှင်ခြင်းသို့ဝင်စားစေခဲ့သော ခရစ်တော်၏
နှုတ်ထွက်စကားများကဲ့သို့ "သေခြင်းမှထမြောက်လော့" ဟူသော နှုတ်ထွက်
စကားတော်သည် လက်ခံရရှိသောအသက်ဝိညာဉ်များအတွက် အသက်ဖြစ်
ပါသည်။ ဘုရားသခင်သည် "မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနုတ်၍
ချစ်တော်မူသောသားတော်၏နိုင်ငံထဲသို့သွင်းတော်မူ၏" ကောလောသဲ
၁း၁၃။ ဤအရာများအားလုံးကို ကိုယ်တော်၏နှုတ်ကပတ်တော်ထဲတွင်
ကျွန်ုပ်တို့အားဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် ထိုနှုတ်ကပတ်တော်ကို
လက်ခံရရှိကြလျှင် လွတ်မြောက်ခြင်းအခွင့်ကိုရရှိကြပါသည်။

"ထိုမျှမက ယေရှုကိုသေခြင်းမှထမြောက်စေတော်မူသောဘုရား၏
ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းဝပ်တော်မူလျှင် ခရစ်တော်ကိုသေခြင်း
မှထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ကိန်းဝပ်သော မိမိ
ဝိညာဉ်တော်အားဖြင့် သေတတ်သောသင်တို့၏ကိုယ်ကာယကိုပင် ရှင်စေ
တော်မူမည်။" "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း
အသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ ကောင်းကင်ဘုံမှ
ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦး

ထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။” ရောမ ၈း၁၁။ ၁သက်၊ ၄း၁၆-၁၇။ ဤအရာသည် နှစ်သိမ့်ခြင်းနှင့်ပတ်သက်သောနှုတ်ကပတ်တော်ဖြစ်ပါသည်။ ထိုနှစ်သိမ့်စကားနှင့်တစ်ယောက်ကိုတစ်ယောက်နှစ်သိမ့်ကြရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား မိန့်တော်မူလျက်ရှိပါသည်။

-၀-



## (၃၃)
## အဘယ်သူသည်ငါ့ညီအစ်ကိုများဖြစ်သနည်း

ရှင်မဿဲ ၁၂း၂၂-၅၀။ ရှင်မာကု ၃း၂၀-၃၅ တို့ကိုအခြေပြုထားပါသည်

ယောသပ်၏သားများသည် ခရစ်တော်၏အမှုတော်လုပ်ငန်းများကို လုပ်ဆောင်ရန် ကိုယ်တော်အား အားပေးထောက်ခံခဲ့သူများမဟုတ်ကြချေ။ ကိုယ်တော်၏အသက်တာအကြောင်းကိုလည်းကောင်း၊ လုပ်ဆောင်မှုသတင်းများကိုလည်းကောင်း ကြားသိရသောအခါ ၎င်းတို့အံ့ဩတုန်လှုပ်ခဲ့ကြပါသည်။ ကိုယ်တော်သည် တစ်ညလုံးဆက်ကပ်ဆုတောင်းခဲ့သည်ကိုလည်းကောင်း၊ လူအုပ်ကြီးသည် ကိုယ်တော်အား ထမင်းစားခွင့်မရစေသည့်တိုင်အောင် ပတ်လည်တွင်စုရုံးနေကြသည်ကိုလည်းကောင်း သူတို့ကြားခဲ့ကြရပါသည်။ ကိုယ်တော်သည် မနားမနေလုပ်ဆောင်မှုများကြောင့် ပင်ပန်းနွမ်းလျလျက်ရှိကြောင်းကိုလည်း ကြားသိခဲ့ကြရပါသည်။ ခရစ်တော်အနေဖြင့် ဖါရိရှဲများအပေါ်ထားရှိသည့်သဘောထားကိုမူ သူတို့ရှင်းလင်းချက်မပေးနိုင်ခဲ့ကြချေ။ ၎င်းပြင် ကိုယ်တော်ရှင်၏ဆင်ခြင်တုံတရားသည် မတည်မငြိမ်ဖြစ်လာမည်ကို စိုးရိမ်သည့်သူအချို့လည်းရှိခဲ့ကြပါသည်။

ကိုယ်တော်၏ညီအစ်ကိုများသည် ဤသတင်းကိုလည်းကောင်း၊ ကိုယ်တော်သည် စာတန်၏တန်ခိုးကိုအသုံးပြုကာ နတ်ဆိုးများကိုနှင်ထုတ်ခဲ့သည်ဟူသော ဖါရိရှဲများ၏စွပ်စွဲချက်များကိုလည်းကောင်း ကြားသိခဲ့ကြရပါသည်။ ခရစ်တော်နှင့်ဆွေမျိုးတော်စပ်သည့်အတွက်ကြောင့် မိမိတို့အားပြောဆိုခဲ့ကြသော ပြစ်တင်ဝေဖန်မှုများကိုလည်း သူတို့ပြင်းပြစွာခံစားခဲ့ကြရပါသည်။ ကိုယ်တော်၏နှုတ်ထွက်စကားများနှင့်လုပ်ဆောင်မှုများသည် မည်သည့်ရုန်းရင်းဆန်ခတ်မှုကိုဖန်တီးခဲ့သည်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်၏ရဲရဲဝံ့ဝံ့ထုတ်ဖော်ချက်များကြောင့် အလန့်တကြားဖြစ်ခဲ့ရရုံသာမက ဖါရိရှဲများနှင့်ကျမ်းတတ်ဆရာများအား ငြင်းပယ်ခဲ့မှုကြောင့် လူအများက အမျက်ဒေါသထွက်ခဲ့ကြသည်များကိုလည်းကောင်း သူတို့သိရှိ

ခဲ့ကြပါသည်။ ဤလုပ်ငန်းကိုဆက်လက်မလုပ်တော့ရန် ကိုယ်တော်အား နားဝင်အောင်ဖျောင်းဖျရမည်ကိုလည်းကောင်း၊ ဖျောင်းဖျ၍မရလျှင် ဇွတ်အတင်းအရပ်ခိုင်းရမည်ကိုလည်းကောင်း သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။ ကိုယ်တော်သည် မယ်တော်အားချစ်သည်ကို ၎င်းတို့သိရှိထားသဖြင့် မယ်တော်ပါဝင်ကူညီလျှင် ယေရှုကိုဆွဲဆောင်ရန် ပို၍ထိရောက်မည်ဟု စိတ်ထင်ဖြင့် မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် မယ်တော်မာရိအား သူတို့ဖျောင်းဖျခဲ့ကြပါသည်။

ထိုအချိန်သည် ခရစ်တော်၏ဒုတိယနိမိတ်လက္ခဏာဖြစ်သော မျက်စိကန်း၍ ဆွံ့အနေသောလူနာအား ကုသပေးသည့်အတွက် "နတ်ဆိုးကြီးကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သည်" ဟု ဖါရိရှဲများကစွပ်စွဲသည့်အချိန်မတိုင်မီကလေးတွင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကို စာတန်၏လုပ်ဆောင်မှုဟုယိုးစွပ်ခြင်းအားဖြင့် ထိုသူတို့သည် မိမိကိုယ်ကိုကောင်းချီးမင်္ဂလာစမ်းရေချောင်းမှအဆက်ဖြတ်ကြခြင်းဖြစ်ကြောင်း ကိုယ်တော်သည် ၎င်းတို့အားရှင်းလင်းစွာမိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်၏ဘုရားဇာတိတော်ကို မသိနားမလည်သည့်အတွက် ခရစ်တော်အား ကဲ့ရဲ့သောသူများသည် အပြစ်ခွင့်လွှတ်ခြင်းအခွင့်ကိုရနိုင်ကောင်းရနိုင်ကြမည်ဖြစ်ပါသည်။ အကြောင်းမူကား၊ ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိ၏အမှားများကို မြင်တွေ့လာနိုင်ပြီး နောင်တရလာပါသည်။ မည်သည့်အပြစ်ကိုကျူးလွန်ခဲ့သည်ဖြစ်စေ အပြစ်သားသည် နောင်တရ၍ ဘုရားသခင်အားယုံကြည်ခဲ့လျှင် ၎င်း၏အပြစ်များကို ခရစ်တော်၏အသွေးတော်အားဖြင့် ဆေးကြောသန့်စင်စေနိုင်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကိုငြင်းပယ်သောသူသည် မိမိကိုယ်ကိုနောင်တတရားနှင့် ယုံကြည်ခြင်းများမရရှိနိုင်သည့်အခြေအနေတွင်ရှိစေခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် စိတ်နှလုံးများကို သန့်ရှင်းသောဝိညာဉ်အားဖြင့် ပြုပြင်တော်မူလျက်ရှိပါသည်။ လူသည် တမင်တကာ သန့်ရှင်းသောဝိညာဉ်တော်ကိုငြင်းပယ်၍ ဝိညာဉ်တော်ကို စာတန်ထံမှလာသည်ဟုကြေညာသောအချိန်တွင် လူသားများထံဆက်သွယ်သော



ဘုရားသခင်၏ဆက်သွယ်ရေးတူးမြောင်းကိုဖြတ်တောက်ပစ်လိုက်ခြင်းဖြစ်ပါသည်။ ဝိညာဉ်တော်အား အပြီးသတ်ငြင်းပယ်လိုက်သောအခါတွင် ဘုရားသခင်သည် ထိုသူအတွက်ဘာကိုမျှလုပ်ဆောင်ပေးနိုင်ခြင်းမရှိတော့ချေ။

ခရစ်တော်သတိပေးစကားပြောကြားနေသော ဖါရိရှဲများသည် ၎င်းတို့အနေနှင့် ကိုယ်တော်ရှင်အား ဆန့်ကျင်၍စွပ်စွဲနေကြသည်ဟု ကိုယ့်ကိုကိုယ်မထင်ခဲ့ကြချေ။ ၎င်းတို့အထဲမှတစ်ယောက်ကမျှ ကယ်တင်ရှင်ထံတော်သို့ဆွဲယူတော်မူခြင်းကို မခံခဲ့ကြရချေ။ ကိုယ်တော်ရှင်သည် ဣသရေလလူများတွင် ဘိသိက်ပေးခြင်းခံရသူဖြစ်ကြောင်းဖော်ပြပြောဆိုသော ဝိညာဉ်တော်၏အသံတော်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်၏တပည့်တော်များအဖြစ် မိမိကိုယ်တိုင်ဝန်ခံကြရန် အထပ်ထပ်တောင်းပန်နေသော ဝိညာဉ်တော်၏အသံများကိုလည်းကောင်း ၎င်းတို့ကိုယ်တိုင်ကြားဖူးခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏ရှေ့တော်မှောက်တွင် မိမိတို့၏မသန့်ရှင်းမှုများကို ကွက်ကွက်ကွင်းကွင်းသိမြင်လာခဲ့ကြပြီး မိမိတို့မဖန်တီးနိုင်ခဲ့သော ဖြောင့်မတ်ခြင်းကို သူတို့တောင့်တခဲ့ကြပါသည်။ သို့သော်သူတို့သည် ကိုယ်တော်ကိုငြင်းပယ်ကြပြီးသောကြောင့် မေရှိယအဖြစ် ကိုယ်တော်ကိုလက်ခံခြင်းသည် အလွန်အောက်ကျသောလုပ်ဆောင်မှုဖြစ်သည်ဟုယူဆကာ မယုံကြည်ခြင်းလမ်းကို စတင်လျှောက်လှမ်းခဲ့ကြပြီး မိမိတို့၏အမှားကိုဝန်မချနိုင်လောက်အောင် မာနထောင်လွှားခဲ့ကြပါသည်။ သူတို့သည် အမှန်တရားကို အသိအမှတ်ပြုခြင်းမှရှောင်ရှားနိုင်စေရန်အလို့ငှါ အလွန်ဆိုးဝါးသောအကြမ်းဖက်မှုများကိုအသုံးပြု၍ ကိုယ်တော်ရှင်၏သွန်သင်ချက်များကို အငြင်းအခုံပြုရန် ကြိုးစားခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏တန်ခိုးတော်နှင့်ကရုဏာတော်၏ အထောက်အထားများသည် သူတို့ပို၍အမျက်ဒေါသထွက်ခဲ့ပါသည်။ သူတို့သည် နိမိတ်လက္ခဏာလုပ်ဆောင်ခြင်းများမှ ကိုယ်တော်အားမတားဆီးနိုင်သည့်အပြင် ကိုယ်တော်၏သွန်သင်ချက်များကို အသံတိတ်သွားအောင်လည်းမလုပ်နိုင်ကြချေ။ သို့သော်လည်း ကိုယ်တော်ရှင်အားလည်းကောင်း၊ ကိုယ်တော်ရှင်၏သွန်သင်ချက်များကိုလည်းကောင်း မှားယွင်းစွာအတတ်

နိုင်ဆုံးသရုပ်ဖော်တင်ပြခဲ့ကြပါသည်။ အပြစ်ကိုထင်ရှားစွာသိမြင်စေမည့်ဘုရားသခင်၏ဝိညာဉ်တော်သည် သူတို့နောက်မှလျှောက်လိုက်ဆဲဖြစ်ပါသည်။ ဝိညာဉ်တော်၏တန်ခိုးတော်ကိုဆန့်ကျင်ခုခံနိုင်ရန်အလို့ငှါ များစွာသောအတားအဆီးများကို သူတို့ဆောက်တည်ကြရပါမည်။ လူသားများ၏စိတ်နှလုံးကိုပြုပြင်စေနိုင်သည့်ခွန်အားအကြီးမားဆုံးတန်ခိုးသည် သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်လျက်ရှိခဲ့သော်လည်း သူတို့သည် အလျှော့မပေးခဲ့ကြချေ။

လူသားများ၏မျက်စိကိုကန်းစေ၍ နှလုံးသားများကိုမာကျောစေသောသူသည် ဘုရားသခင်မဟုတ်ပါချေ။ ကိုယ်တော်သည် သူတို့အားမိမိတို့၏အမှားများကိုပြုပြင်နိုင်ရန်နှင့် လုံခြုံသောလမ်းသို့ပို့ဆောင်ရန် အလင်းတရားများကိုပေးတော်မူခဲ့ပြီးဖြစ်ပါသည်။ သို့သော် ထိုအလင်းတရားကိုငြင်းပယ်ခြင်းအားဖြင့် ၎င်းတို့၏မျက်စိများသည် ကန်း၍ နှလုံးများသည်မာကျောလာခဲ့ကြပါသည်။ ဤကဲ့သို့ဖြစ်ပျက်ခြင်းသည် ဖြည်းဖြည်းချင်းမသိမသာဖြစ်ပျက်နေခြင်းဖြစ်ပါသည်။ အလင်းတရားသည် လူများထံသို့ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်၏အစေခံကျွန်များအားဖြင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏တိုက်ရိုက်ဆက်သွယ်ခြင်းအားဖြင့်လည်းကောင်း ရောက်ရှိလာသော်လည်းအလင်း၏ရောင်ခြည်တော်တစ်ခုကို ဂရုမမူသောအချိန်တွင် ဝိညာဉ်ရေးအသိစိတ်ဓာတ်သည် တစ်ပိုင်းတစ်စထုံထိုင်းလာပြီး အလင်းတော်ကို ဒုတိယအကြိမ်ဖော်ပြလာသောအခါ အမြင်ကြည်လင်မှုနည်းပါးလာပါသည်။ ထို့ကြောင့် ထိုအသက်ဝိညာဉ်တွင် ညမှောင်ရိပ်ကျသည့်အခြေသို့တိုင်အမှောင်ထုသည် တိုးပွားလာပါသည်။ ဤနည်းအားဖြင့် ယုဒလူအကြီးအကဲများသည် ဝိညာဉ်ရေးမှောင်မိုက်ကျခဲ့ကြပါသည်။ သူတို့သည်ခရစ်တော်၌ ဘုရားတန်ခိုးတော်ပါရှိကြောင်း သဘောပေါက်ခဲ့ကြသော်လည်း သမ္မာတရားကိုငြင်းဆန်ရန်အလို့ငှါ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကို စာတန်၏လုပ်ဆောင်မှုဖြစ်သည်ဟူ၍ ယိုးစွပ်ခဲ့ကြပါသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် သူတို့သည် လိမ်လည်လှည့်ဖြားမှုကို တမင်တကာရွေးချယ်ခဲ့ကြပါသည်။ မိမိတို့ကိုယ်ကိုလည်း စာတန်ထံတွင် ပေးအပ်





ခဲ့ကြသဖြင့် ထိုအခါမှစ၍ သူတို့သည် စာတန်တန်ခိုး၏ထိန်းချုပ်မှုအောက်တွင်ကျရောက်သွားခဲ့ကြပါသည်။

သန့်ရှင်းသောဝိညာဉ်တော်အား ဆန့်ကျင်သောအပြစ်နှင့်စပ်လျဉ်း၍ပေးတော်မူသောခရစ်တော်၏သတိပေးစကားများနှင့်နီးစပ်စွာဆက်နွယ်နေသောသတိပေးစကားမှာ အကျိုးမဲ့၍ မကောင်းသောသတိပေးစကားများအဖြစ်ခံယူခဲ့ကြပါသည်။ နှုတ်မှပြောသောစကားများသည် နှလုံးထဲ၌ရှိနေသောသဘောထားများကို ဖော်ညွှန်းချက်တစ်ရပ်ဖြစ်ပါသည်။ “နှလုံးအပြည့်ရှိသည့်အတိုင်း နှုတ်မြွက်တတ်၏” သို့ရာတွင် ပြောဆိုသောစကားများသည် အကျင့်စာရိတ္တကိုဖော်ပြခြင်းထက်သာလွန်ပါသည်။ ထိုစကားများတွင် စာရိတ္တကိုပြုပြင်ပြောင်းလဲနိုင်သောတန်ခိုးရှိပါသည်။ လူများသည်မိမိတို့ပြောဆိုနေသောစကားများအားဖြင့် ဆွဲဆောင်ခြင်းကိုခံကြရပါသည်။

စာတန်၏နှိုးဆွမှုကြောင့် သူတို့သည် မကြာခဏရုတ်တရက်စိတ်ဆိုးလာကာ မိမိတို့၏အမှန်တကယ်မယုံကြည်မှုများကိုဖော်ပြလျက်ငြူစူသောစကားများ (သို့မဟုတ်) မနာလိုသောအကြံအစည်များကိုဖွင့်ဟတတ်ကြပါသည်။ သို့သော် ဖွင့်ဟသောစကားများသည် စိတ်နှလုံး၏အတွေးကိုတည်ဆောက်ပါသည်။ မိမိတို့၏စကားများအားဖြင့် လှည့်ဖြားခြင်းကိုခံနေကြရပြီး စာတန်ဆွပေးသောစကားများကို မှန်သည်ဟုယုံကြည်လာကြပါသည်။ ထင်မြင်ချက် (သို့မဟုတ်) ဆုံးဖြတ်ချက်တစ်ခုကို တစ်ခါထုတ်ဖော်ခဲ့ပြီးသောကြောင့် သူတို့သည် ပြောပြီးသည့်စကားကို ပြန်လည်မရုပ်သိမ်းနိုင်လောက်အောင် မကြာခဏအထူးမောက်မာနေကြကာ သူတို့လုပ်သည့်အရာသည်သာ မှန်သည်ဟုထင်လာသည့်တိုင်အောင် မိမိကိုယ်ကိုမှန်ကန်ကြောင်း သက်သေပြရန်ကြိုးစားကြပါသည်။ ဘုရားသခင်၏အလင်းတရားအပေါ် သံသယစကားတစ်လုံးဖွင့်ဟခြင်းသည် အန္တရာယ်ကြီးလှပါသည်။ မရိုသေမကိုင်းရှိုင်းသောစိတ်များနှင့် မယုံကြည်သောစိတ်များကို မွေးမြူခြင်းတွင်ပေါ့ပေါ့ဆဆလုပ်တတ်သောအလေ့အထနှင့် မလေးမစားပြစ်တင်ဝေဖန်ခြင်းများသည် အကျင့်စာရိတ္တကိုတည်ဆောက်နေပါသည်။ ဤအလေ့အထကိုကျင့်သုံးသောလူများစွာတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏

လုပ်ဆောင်မှုကိုပြစ်တင်ဝေဖန်ရန်နှင့် ငြင်းပယ်ရန် အဆင်သင့်ရှိလာသည့်တိုင်အောင် အန္တရာယ်ကိုမသိဘဲလျက် ဆက်လက်လုပ်ဆောင်နေကြပါသည်။ "လူတို့သည် အကျိုးမဲ့သောစကားကိုပြောသမျှအတွက် တရားဆုံးဖြတ်သောနေ့၌ စစ်ကြောခြင်းကိုခံရကြလတ္တံ့။ သင့်စကားအားဖြင့် သင်သည် အပြစ်လွတ်လိမ့်မည်။ သို့မဟုတ် သင့်စကားများအားဖြင့် အပြစ်စီရင်ခြင်းကိုခံရလိမ့်မည်" ဟု ယေရှုမိန့်တော်မူခဲ့ပါသည်။

ထို့နောက်ကိုယ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်ရန်အတွက် မိမိကိုယ်ကိုမဆက်ကပ်ရသေးသောသူများကို မဟုတ်ဘဲ မိမိ၏နှုတ်ကပတ်တော်ကိုစွဲလမ်းသောသူများနှင့် ကိုယ်တော်ရှင်၏တရားများကိုဝမ်းပန်းတသာနာကြားခဲ့ကြသောသူများအား ထပ်လောင်း၍ သတိပေးစကားတစ်ခုကိုမိန့်တော်မူခဲ့ပါသည်။ ခုခံတားဆီးခြင်းကြောင့်သာမကဘဲ လျစ်လျူရှုခြင်းကြောင့်လည်း ပျက်စီးခြင်းသို့ရောက်နိုင်ပါသည်။ "ညစ်ညူးသောနတ်သည် လူထဲကထွက်လျှင် ခြောက်ကပ်သောအရပ်တို့၌လည်၍ ငြိမ်ဝပ်ခြင်းကိုရှာတတ်၏။ မတွေ့လျှင် ငါသည်ထွက်ခဲ့သောနေမြဲအိမ်သို့ပြန်ရဦးမည်ဟုဆို၍ရောက်သောအခါ ထိုအိမ်သည်လွတ်လပ်၍ သုတ်သင်ပြင်ဆင်လျက်ရှိသည်ကိုတွေ့သော် မိမိထက်သာ၍ညစ်ညူးသောနတ်ဆိုးခုနစ်ယောက်ကိုခေါ်ပြီးလျှင် ထိုလူထဲသို့ဝင်၍နေကြ၏။ ထိုလူ၏နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက်သာ၍ဆိုး၏" ဟု ယေရှုမိန့်တော်မူ၏။

ယခုခေတ်မှာကဲ့သို့ ခရစ်တော်၏နေ့ရက်များတွင်လည်း များစွာသောလူတို့သည် စာတန်၏အနှောင်အဖွဲ့မှ အခိုက်အတန့်အားဖြင့် လွတ်ကင်းသယောင်ရှိခဲ့ကြပါသည်။ ၎င်းတို့အား အနိုင်အထက်ပြုနေသောနတ်ဆိုးများ၏ဖိစီးမှုမှ ဘုရားသခင်၏ကရုဏာတော်အားဖြင့် ဖြေလွှတ်ခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏မေတ္တာတော်၌ ဝမ်းမြောက်ခြင်းရှိခဲ့ကြသော်လည်း ပုံပမာတစ်ခုတွင် ဖော်ပြထားသည့် ကျောက်ပေါ်များသောမြေကဲ့သို့သောနှလုံးသားပိုင်ရှင်များနှယ်၊ ကိုယ်တော်၏မေတ္တာတော်၌ အသက်မရှင်ခဲ့ကြချေ။ ၎င်းတို့၏နှလုံးသားကို ခရစ်တော်စိုးစံရန် မိမိ၏အသက်တာကို ဘုရားသခင်ထံတွင် နေ့စဉ်မအပ်နှံခဲ့ကြချေ။ ညစ်ညူးသော



နတ်ဆိုးသည် မိမိထက်သာ၍ဆိုးသောနတ်ဆိုးခုနစ်ကောင်တို့နှင့်အတူပြန်လာသောအခါ ထိုသူများတို့သည် နတ်ဆိုး၏တန်ခိုးအားဖြင့် လုံးလုံးလျားလျားထိန်းချုပ်ခြင်းကိုခံခဲ့ကြရပါသည်။

လူသည် မိမိကိုယ်ကို ခရစ်တော်၌အပ်နှံသောအချိန်တွင် အသစ်သောတန်ခိုးတော်တစ်ခုသည် အသစ်သောစိတ်နှလုံးကိုပိုင်စိုးပိုင်သတော်မူပါသည်။ ထိုအချိန်တွင် မိမိကိုယ်တိုင်မည်သည့်အခါကမျှပြီးစီးအောင်မလုပ်ဆောင်နိုင်ခဲ့သော ပြောင်းလဲမှုတစ်ခုကိုဖြစ်ပေါ်စေခဲ့ပါသည်။ ထိုပြောင်းလဲမှုသည် လူသားများ၏သဘာဝတွင် သာမန်ထက်သာလွန်မြင့်မြတ်သောအင်အားစုများကို ဖြစ်ပွားစေသောကောင်းကင်ဘုံသားများ၏လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။ ခရစ်တော်ထံတွင် မိမိအသက်တာကိုဆက်ကပ်အပ်နှံထားသောသူသည် ပုန်ကန်ခြားနားသောကမ္ဘာကို ထိန်းချုပ်ထားမည့် ကိုယ်တော်တိုင်ပိုင်ဆိုင်သောရဲတိုက်ဖြစ်လာပါသည်။ ထိုရဲတိုက်တွင် ကိုယ်တော်တိုင်၏အာဏာတော်မှလွဲ၍ မည်သည့်အာဏာတန်ခိုးမျှမရှိစေရန်လည်း ကြံရွယ်တော်မူပါသည်။ ထိုသို့ကောင်းကင်တန်ခိုးတော်များ၏ပိုင်စိုးပိုင်သမှုကို ခံယူရရှိသောအသက်ဝိညာဉ်တစ်ခုသည် စာတန်၏ကျူးကျော်တိုက်ခိုက်သိမ်းပိုက်မှုမှ လုံခြုံပါသည်။ သို့သော် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုခရစ်တော်၏ထိန်းချုပ်မှုအောက်တွင်မအပ်နှံပါလျှင် ဆိုးသွမ်းသောပုဂ္ဂိုလ်၏စေစားခြင်းကိုခံကြရပါလိမ့်မည်။ ကျွန်ုပ်တို့သည် ကမ္ဘာ့အချုပ်အခြာအာဏာတန်ခိုးကိုရယူရန် ကြံရွယ်နေကြသည့် ထိုမဟာတန်ခိုးတော်ကြီးနှစ်ခုမှ တစ်ခုခု၏အုပ်ချုပ်မှုကို မလွှဲမသွေခံကြရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေနှင့် စာတန်၏အုပ်ချုပ်မှုအောက်တွင်ရောက်သွားရန် အမှောင်ကမ္ဘာ၏လုပ်ရပ်များကို တမင်တကာရွေးချယ်စရာမလိုပါချေ။ အလင်းကမ္ဘာနှင့် မိမိကိုယ်ကိုမဟာမိတ်ပြုရန် လျစ်လျူရှုထားရုံနှင့် အမှောင်ကမ္ဘာ၏လက်အောက်သို့ကျရောက်သွားနိုင်ပါသည်။ ကောင်းကင်တန်ခိုးတော်များနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းမပြုလျှင် စာတန်သည် ကျွန်ုပ်တို့၏နှလုံးသားကိုအပိုင်စီးကာ ၎င်း၏ခိုနားရာနေရာဖြစ်စေလိမ့်မည်ဖြစ်ပါသည်။ စာတန်၏ရန်မှကာကွယ်နိုင်မည့် တစ်ခုတည်းသောတန်ခိုးတော်မှာ ကိုယ်တော်၏

ဖြောင့်မတ်ခြင်း၌ယုံကြည်ခြင်းအားဖြင့် ခရစ်တော်အား နှလုံးသားတွင် စိုးစံခွင့်ပြုခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်လေးနက်စွာဆက်သွယ်မှုမရှိလျှင် ကိုယ့်ကိုကိုယ်ချစ်မြတ်နိုးသောစိတ်နှင့် ကိုယ့်အလိုကိုလိုက်စားချင်သောစိတ်များ၏မသန့်ရှင်းသောဆိုးကျိုးများကိုလည်းကောင်း၊ အပြစ်ပြုရန် သွေးဆောင်သည့်စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်းကောင်း မည်သည့်အခါမျှတွန်းလှန်နိုင်ကြလိမ့်မည်မဟုတ်ချေ။ စာတန်နှင့်ပေါင်းဖော်ခြင်းမှခွဲခွာလာသောအချိန်တွင် မကောင်းသောအကျင့်ဆိုးများကို ကျွန်ုပ်တို့စွန့်လွှတ်နိုင်ကြပါမည်။ သို့သော်လည်း အချိန်တိုင်းတွင် ကိုယ်တော်ရှင်အားမိမိကိုယ်ကိုဆက်ကပ်အပ်နှံခြင်းအားဖြင့် ဘုရားသခင်နှင့်လေးနက်ထိရောက်စွာဆက်သွယ်မှုမရှိလျှင် ကျွန်ုပ်တို့သည် ဆုံးရှုံးကြရပေလိမ့်မည်။ ခရစ်တော်နှင့်ပုဂ္ဂလိကရင်းနှီးမှုအဆက်မပြတ်မိတ်သဟာယဖွဲ့မှုမရှိလျှင် ကျွန်ုပ်တို့သည် စာတန်ပြုလိုသည့်အတိုင်း ပြုခြင်းကိုခံကြရမည်ဖြစ်ပြီး အဆုံးတွင် သူ၏အမိန့်ကိုနာခံလုပ်ဆောင်ကြရလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် "ထိုလူ၏နောက်ဖြစ်ဟန်သည် ရှေ့ဖြစ်ဟန်ထက် သာ၍ဆိုး၏။ ဆိုးညစ်သောဤလူမျိုး၌ ထိုနည်းတူဖြစ်လတ္တံ့" ဟု ယေရှုမိန့်တော်မူ၏။ ကရုဏာတော်၏ဖိတ်ခေါ်သံကို မထီလေးစားပြု၍ ဝိညာဉ်တော်ဘုရားကိုမထီမဲ့မြင်ပြုသောသူလောက် စိတ်နှလုံးမာကျောသောသူမရှိပါချေ။ သန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင်သော သာမန်အပြစ်ကျူးလွန်မှုများသည် နောင်တရရန် ဘုရားသခင်၏ဖိတ်ခေါ်သံကို မဆုတ်မနစ်မထီလေးစားလုပ်နေခြင်းဖြစ်ပါသည်။ ခရစ်တော်ကိုငြင်းပယ်သောခြေလှမ်းတိုင်းသည် ကယ်တင်ခြင်းကိုငြင်းပယ်ရန်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကိုဆန့်ကျင်၍ အပြစ်ကျူးလွန်ရန် လှမ်းနေသောခြေလှမ်းများဖြစ်ပါသည်။ ယုဒလူမျိုးများသည် ခရစ်တော်ကိုငြင်းပယ်ခြင်းအားဖြင့် အပြစ်မှခွင့်လွှတ်ခြင်းမရထိုက်သောအပြစ်ကိုကျူးလွန်ခဲ့ကြပါသည်။ ကရုဏာတော်၏ဖိတ်ခေါ်သံကိုလက်ခံရန် ငြင်းဆန်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ထိုအမှားမျိုးကိုကျူးလွန်သွားနိုင်ပါသည်။ ကိုယ်တော့်စေတမန်များ၏သွန်သင်မှုများကိုနားထောင်ရန် ငြင်းဆန်ကာ ခရစ်တော်မှ ကျွန်ုပ်တို့အားဝေးကွာစေသည့်



စာတန်ကိုယ်စားလှယ်များ၏စကားကို နားထောင်နေသောအချိန်တွင် ကျွန်ုပ်တို့သည် စာတန်၏အပေါင်းအသင်းများရှေ့တွင်လည်းကောင်း၊ စကြဝဠာ၏ရှေ့တွင်လည်းကောင်း ကိုယ်တော်ရှင်အားစော်ကား၍ အရှက်ရစေရန် ကြိုးစားအားထုတ်နေကြခြင်းသာဖြစ်ပါသည်။ လူတစ်ယောက်သည် ဤအရာကိုပြုကျင့်နေသမျှကာလပတ်လုံး သူသည် မည်သည့်မျှော်လင့်ချက် (သို့မဟုတ်) အပြစ်ခွင့်လွှတ်ခြင်းကိုမျှ တွေ့ရှိခံယူနိုင်မည်မဟုတ်ဘဲ နောက်ဆုံးတွင် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်လိုသောဆန္ဒများလည်း ပျောက်ကွယ်သွားလိမ့်မည်ဖြစ်ပါသည်။

သခင်ယေရှုသည် ထိုသူများကိုသွန်သင်နေစဉ်တွင် ကိုယ်တော်၏မယ်တော်နှင့်ညီတော်များသည် အပြင်တွင်ရောက်ရှိနေကြကြောင်းနှင့် ၎င်းတို့သည် ကိုယ်တော်နှင့်တွေ့လိုကြကြောင်းကို တမန်တော်များကသတင်းပို့ကြပါသည်။ သူတို့၏သဘောထားများကို ကိုယ်တော်သိတော်မူသဖြင့် ကိုယ်တော်က ငါ့အမိ၊ ငါ့ညီကား အဘယ်သူနည်းဟု မေးတော်မူ၏။ လက်တော်ကိုလည်းဆန့်၍ တပည့်တော်တို့ကိုညွှန်းလျက် ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့အဘ၏အလိုတော်ကိုဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိဖြစ်သတည်းဟု မိန့်တော်မူ၏။

ယုံကြည်ခြင်းအားဖြင့် ခရစ်တော်ကိုရရှိသောသူများသည် လူသားဆွေမျိုးတော်စပ်မှုထက်ပို၍ ရင်းနှီးသောသံယောဇဉ်နှောင်ကြိုးအားဖြင့် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာကြပါသည်။ သားတော်သည် အဖဘုရားနှင့်တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည်လည်း ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာကြပါလိမ့်မည်။ ကိုယ်တော်၏မယ်တော်သည် ကိုယ်တော်ရှင်၏တရားတော်ကိုယုံကြည်၍ ကျင့်ကြံသောသူတစ်ဦးဖြစ်သောကြောင့် သားအမိတော်စပ်မှုထက်သာလွန်သောရင်းနှီးမှုကိုရရှိခဲ့ပါသည်။ ကိုယ်တော်၏ညီများသည် ကိုယ်တော်အား ပုဂ္ဂလိကကယ်တင်ရှင်အဖြစ်လက်မခံကြလျှင် ကိုယ်တော်ရှင်နှင့်ဆွေမျိုးတော်စပ်မှုများကြောင့် မည်သည့်အကျိုးကျေးဇူးကိုမျှ ၎င်းတို့ရရှိကြလိမ့်မည်မဟုတ်ချေ။

သူတို့သည် ခရစ်တော်အား ကောင်းကင်နိုင်ငံမှကြွလာသူတစ်ပါးအနေဖြင့် ယုံကြည်၍အမှုတော်တွင် ကိုယ်တော်ရှင်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြမည်ဆိုလျှင် ခရစ်တော်သည် ၎င်းဆွေမျိုးများထံမှအကူအညီအထောက်အပံ့များစွာရရှိခဲ့လိမ့်မည်ဖြစ်ပါသည်။ သူတို့၏မယုံကြည်မှုများသည် ယေရှုရှင်၏လောကအသက်တာကို မှောင်မိုက်ကျစေခဲ့ပါသည်။ ထိုအရာသည် ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်သောက်ခဲ့ရသောအမင်္ဂလာခွက်ဖလားမှ ခါးသီးမှု၏တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ ဧဝံဂေလိတရားတော်နှင့်ဆန့်ကျင်၍ လူသားများ၏စိတ်နှလုံးထဲတွင် တောက်လောင်နေသောရန်ငြိုးဖွဲ့ခြင်းကို ဘုရားသခင်၏သားတော့်နှလုံးသားတွင် မချိမဆန့်ခံစားခဲ့ရပါသည်။ အထူးသဖြင့် မိသားစုများကြောင့် နာကျင်မှုကိုအခံစားရဆုံးဖြစ်ခဲ့ပါသည်။ အကြောင်းမူကား၊ ကိုယ်တော်ရှင်၏နှလုံးသားတွင်ကြင်နာမှုနှင့်ချစ်ခင်မှုများ အပြည့်အဝရှိခဲ့ပြီး မိသားစုဆွေမျိုးတော်စပ်မှုတွင် အလေးအမြတ်ပြုတော်မူသောကြောင့်ဖြစ်ပါသည်။ မိမိ၏ဘုရားပေးအမှုတော်လုပ်ငန်းနှင့် လုံးဝမဆီလျော်သော ၎င်းတို့ပေးကြသည့်အကြံဉာဏ်များကိုလိုက်လျောရန် ကိုယ်တော်၏ညီများက အလိုရှိခဲ့ကြပါသည်။ မိမိတို့ထံတွင် ကိုယ်တော်အနေနှင့် အကြံဉာဏ်တောင်းရန်လိုအပ်သည်ဟုလည်း သူတို့ရှုမြင်ခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်ကို လူသားရှုထောင့်မှသာကြည့်ခဲ့ကြပါသည်။ ၎င်းပြင် ကိုယ်တော်ရှင်သည် ဖာရိရှဲများလက်ခံနိုင်သောစကားများတို့ကိုပြောဆိုခဲ့မည်ဆိုလျှင် မလိုလားအပ်သောပဋိပက္ခဖြစ်ပွားမှုကို ရှောင်ရှားနိုင်လိမ့်မည်ဟု သူတို့ထင်ခဲ့ကြပါသည်။ ကိုယ်တော်သည် စိတ်ကိုမထိန်းနိုင်ဘဲ မြင့်မြတ်သောတန်ခိုးအာဏာမျိုး မိမိတွင်ရှိကြောင်း ပြောဆိုနေသည်ဟူ၍လည်းကောင်း၊ မိမိကိုယ်ကို အပြစ်ဖော်ပြဆုံးမနေသူအနေဖြင့် ဖါရိရှဲတို့ရှေ့တွင် ရပ်တည်နေသည်ဟူ၍လည်းကောင်း သူတို့ထင်မြင်ယူဆခဲ့ကြပါသည်။ ဖါရိရှဲများသည် ကိုယ်တော်ရှင်ကို ဒုက္ခပေးရန် အခွင့်ကောင်းရှာကြံနေကြသည်ကို သူတို့သိကြသဖြင့် ထိုကဲ့သို့လုပ်ဆောင်နေခြင်းအားဖြင့် ကိုယ်တော်ရှင်သည် ၎င်းတို့အား အခွင့်အရေးပေးနေသည်ဟုလည်း သူတို့ထင်ခဲ့ကြပါသည်။



သူတို့အမြင်တိုမှုကြောင့် ကယ်တင်ခြင်းစီမံကိန်းပြီးမြောက်အောင်လာရောက်လုပ်ဆောင်နေသော ကိုယ်တော်ရှင်အမှုတော်၏အတိမ်အနက်ကို သူတို့မတိုင်းထွာနိုင်ခဲ့ကြချေ။ ထို့ကြောင့် သူတို့သည် ကိုယ်တော်ရှင်ခံစားခဲ့ရသောဒုက္ခများအတွက် ကိုယ်တော်အားကြင်နာမှုမရှိနိုင်ခဲ့ကြချေ။ သူတို့၏ကြမ်းတမ်း၍ ကျေးဇူးကန်းသောစကားများသည် ၎င်းတို့အနေဖြင့် ကိုယ်တော်ရှင်၏စာရိတ္တတော်ကို ကောင်းမွန်စွာမသိခြင်းကိုလည်းကောင်း၊ ဘုရားဇာတိသည် လူသားဇာတိနှင့်ပေါင်းဖက်ရောယှက်မှုကို မသိမြင်ခြင်းကိုလည်းကောင်း ဖော်ပြနေသည်။ ကိုယ်တော်သည် စိတ်နှလုံးကြေကွဲစွာခံစားခဲ့ရသည်များကို သူတို့မကြာခဏတွေ့မြင်ခဲ့ရသော်လည်း နှစ်သိမ့်မှုပေးရမည့်အစား သူတို့၏စိတ်ထားများနှင့် ပြောဆိုသောစကားများသည် ကိုယ်တော်၏နှလုံးသားကို အနာတရဖြစ်စေခဲ့ပါသည်။ ကိုယ်တော်ရှင်၏အာရုံခံစားလွယ်လွန်းသောသဘာဝကို အပြင်းအထန်ထိခိုက်နာကျင်စေပြီး ကိုယ်တော်ရှင်၏စိတ်သဘောထားကို နားလည်မှုလွဲမှားကြကာ ကိုယ်တော်ရှင်၏အမှုတော်ကို မသိနားမလည်ခဲ့ကြချေ။

ကိုယ်တော်၏ညီအစ်ကိုများသည် မကြာခဏဆိုသလို ရှေးကျ၍ဟောင်းနွမ်းနေပြီဖြစ်သော ဖါရိရှဲများ၏အတွေးအခေါ်များကို ကိုယ်တော်ရှင်အားပြောပြခဲ့ကြပြီး သမ္မာတရားအားလုံးကို နားလည်တော်မူ၍ ခက်ခဲနက်နဲသောအရာအားလုံးကို သိချင်တော်မူသော ကိုယ်တော်အား သူတို့သွန်သင်နိုင်ခဲ့ကြသည်ဟု တွေးထင်မှတ်ယူခဲ့ကြပါသည်။ မိမိတို့နားမလည်နိုင်သောအရာကို သူတို့သည် လွတ်လွတ်လပ်လပ်စီရင်နေကြပါသည်။ သူတို့၏ပြစ်တင်ဆုံးမမှုများသည် ကိုယ်တော်ရှင်၏စိတ်နှလုံးကို အထိခိုက်အလှုပ်ရှားစေဆုံးသောအချက်များဖြစ်ခဲ့ပြီး ကိုယ်တော်၏အသက်ဝိညာဉ်သည် နွမ်းလျှညှိုးငယ်၍ ပရိဒေဝမီးတောက်လောင်ခဲ့ပါသည်။ ဘုရားသခင်သည် အသွေးအသားဖြင့် ၎င်းတို့နှင့်အတူရှိနေသောအချိန်တွင် ကိုယ်တော်ကိုသူတို့မသိခဲ့ကြဘဲ မိမိတို့သည် ဘုရားသခင်၌ယုံကြည်ခြင်းရှိကြောင်းအတိအလင်းဖွင့်ဟဝန်ခံကာ မိမိတို့သည် ဘုရားသခင်အား ထင်ရှားစေလျက်ရှိကြသည်ဟု သူတို့ထင်မြင်ခဲ့ကြပါသည်။

ဤအရာများသည် ကိုယ်တော်လျှောက်လှမ်းရမည့်လမ်းကို ဆူးခင်းသောလမ်းဖြစ်စေခဲ့ပါသည်။ မိမိ၏မိသားစုနားလည်မှုလွဲမှားခြင်းသည် ခရစ်တော်အား အလွန်စိတ်ထိခိုက်စေပြီး ထိုခံစားမှုကိုသက်သာစေရန် မိမိအပေါ်တွင်အမြင်ကြည်သောအိမ်သို့ ခရစ်တော်သွားရပေတော့မည်။ ကိုယ်တော်ရှင်သည် သွားရောက်လည်ပတ်လိုသောအိမ်တစ်အိမ်ရှိပါသည်။ ထိုအိမ်မှာ လာဇရု၊ မာရိနှင့် မာသတို့၏အိမ်ပင်ဖြစ်ပါသည်။ အကြောင်းမူကား ထိုအိမ်သူအိမ်သားများ၏ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာများသည် ကိုယ်တော်ရှင်၏စိတ်တော်ကို ငြိမ်သက်သာယာမှုကိုဖြစ်စေပါသည်။ သို့စေကာမူ ကမ္ဘာပေါ်ရှိ မည်သူတစ်ဦးတစ်ယောက်ကမျှ ကိုယ်တော်ရှင်၏အမှုတော်ကိုသိရှိနားလည်ခြင်းမရှိခဲ့ကြချေ။ လူသားများကိုယ်စား ကိုယ်တော်ရှင် ထမ်းပိုးရမည့်ဝန်ထုပ်ဝန်ပိုးများကို မသိရှိခဲ့ကြချေ။ တစ်ကိုယ်တည်းနေခြင်းနှင့် ကောင်းကင်ဘုံမှအဖဘုရားနှင့် မိတ်သဟာယဖွဲ့ခြင်းများအားဖြင့်သာ သက်သာမှုကို ကိုယ်တော်တွေ့ရှိနိုင်ခဲ့ပါသည်။

ခရစ်တော်အတွက် ဒုက္ခဝေဒနာများကိုခံစားရန် ခေါ်တော်မူခြင်းခံရသောသူများနှင့် မိမိတို့အိမ်သားများ၏နားလည်မှုလွဲခြင်း၊ ယုံကြည်မှုမရှိခြင်းများကို ခံကြရမည့်သူများအနေနှင့် ခရစ်တော်ကိုယ်တိုင်လည်း ထိုကဲ့သို့ခံစားခဲ့ရကြောင်း သဘောထားခြင်းအားဖြင့် စိတ်သက်သာမှုကို တွေ့နိုင်ကြပါသည်။ ကိုယ်တော်သည် ထိုသူတို့အား သနားကြင်နာတော်မူသောကြောင့် မိမိထံတွင် အပေါင်းအဖော်ပြုကြရန်နှင့် အဖဘုရားထံတွင် မိမိတွေ့ရှိခဲ့သောသက်သာမှုမျိုးကိုရှာဖွေကြရန် မိန့်တော်မူခဲ့ပါသည်။

ခရစ်တော်အား မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် လက်ခံကြသောသူများကို အသက်တာတွင်ကြုံတွေ့ရမည့်စုံစမ်းခြင်းများအလယ်၌ မိဘမဲ့ကလေးများကဲ့သို့ မိမိတို့ဘာသာခံကြရန် စွန့်ပစ်တော်မမူပါ။ ကိုယ်တော်သည် ထိုသူများအား ကောင်းကင်နိုင်ငံ၏မိသားစုအဝင်များအဖြစ် ကြိုဆိုလက်ခံတော်မူပြီး မိမိ၏အဖဘုရားအား “အဘ” ဟုခေါ်ရသောအခွင့်ကိုပေးတော်မူပါသည်။ သူတို့သည် အဖဘုရားသခင်အတွက် အလွန်မွန်မြတ်သော သူငယ်ကလေးများဖြစ်ကြပြီး နူးညံ့သိမ်မွေ့၍ တည်မြဲသောနှောင်ကြိုးနှင့်ချည်နှောင်ခြင်းခံရသူများဖြစ်ကြပါသည်။ ဘုရားသခင်သည် လူသားများထက်မြင့်မြတ်သည့်နည်းတူ ကျွန်ုပ်တို့အပေါ် ကိုယ်တော်ရှင်ထားရှိတော်မူသောမေတ္တာတော်သည် အကူအညီမဲ့ဖြစ်နေစဉ် ကျွန်ုပ်တို့အပေါ်ထားရှိသည့် မိခင်ဖခင်များ၏မေတ္တာထက် များစွာသာလွန်ကြီးမားတော်မူပါသည်။



ခရစ်တော်ဘုရားနှင့်မိမိလူမျိုးတို့အကြား ဆက်နွယ်ပုံကို ဣသရေလများအားပေးတော်မူခဲ့သော ပညတ်တော်များတွင်ပါရှိသော အလွန်ကောင်းမွန်သည့်သာဓကတစ်ခုအားဖြင့် သိသာထင်ရှားစေပါသည်။ ဟေဗြဲလူမျိုးများတွင် အမျိုးသားချင်းထဲမှ တစ်ဦးသည် ဆင်းရဲသဖြင့် မိမိပိုင်သောဘိုးဘွားပိုင်မြေကို ရောင်းချလိုလျှင် ၎င်း၏ပေါင်းဖော်တစ်စုံတစ်ယောက်သည် ထိုမြေကိုဝယ်လိုပါက ထိုသူအားရောင်းရမည်ဖြစ်ပါသည်။ ဝတ်ပြုရာ ၂၅း၂၅၊ ၄၇-၄၉။ ရုသ ၂း၂၀။ ထိုနည်းတူ အပြစ်တွင် နစ်မြုပ်ပျောက်ဆုံးနေသောကျွန်ုပ်တို့အား ကယ်တင်ခြင်းလုပ်ငန်းတွင် ကျွန်ုပ်တို့၏ပေါက်ဖော်ဖြစ်သော ကိုယ်တော်ရှင်၏ရွေးနုတ်ရသောအခွင့်ရှိပါသည်။ ကျွန်ုပ်တို့အားကယ်တင်နိုင်ရန်အလို့ငှါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပေါက်ဖော်အဖြစ်ခံယူခဲ့ရပါသည်။ မိဘညီအစ်ကိုမောင်နှမနှင့်ချစ်သူများထက် ချစ်ခင်ရင်းနှီးသောသူသည် ကယ်တင်ရှင်သခင်ယေရှုပင်ဖြစ်သည်။ “မစိုးရိမ်နှင့်၊ သင့်ကိုငါရွေးနုတ်ပြီ၊ ငါ့နာမဖြင့်မှည့်ပြီ၊ သင့်ကိုငါဆိုင်သည်” “သင်သည် ငါမြတ်နိုးရာဖြစ်သောကြောင့် အသရေရှိပြီး ငါလည်းချစ်၏။ ထို့ကြောင့် သင့်အတွက်လူတို့ကိုလည်းကောင်း၊ သင့်အသက်အတွက် လူမျိုးတို့ကိုလည်းကောင်း ငါပေးမည်။” ဟေရှာ ၄၃း၁၊၄။

ခရစ်တော်သည် မိမိ၏ပလ္လင်တော်ပတ်လည်တွင်ရှိနေကြသော ကောင်းကင်သားများကိုချစ်တော်မူပါသည်။ သို့သော် ကျွန်ုပ်တို့အပေါ် ကိုယ်တော်ချစ်တော်မူသောမေတ္တာတော်ကို မည်သည့်အရာကမျှ ဖော်ပြနိုင်မည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် အရာအားလုံးကိုနားမလည်နိုင်သော်လည်း အတွေ့အကြုံများအားဖြင့် ကိုယ်တော်ရှင်၏ထိုမေတ္တာတော်ကို သိနိုင်ကြပါသည်။ ၎င်းပြင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်ဆွေမျိုးတော်စပ်

နေလျှင် ကိုယ်တော်ရှင်၏ညီအစ်ကိုမောင်နှမများအား မည်သည့်နူးညွတ်သောစိတ်များဖြင့် ဂရုပြုကြမည်နည်း။ ဘုရားသခင်နှင့်ဆွေမျိုးတော်စပ်ကြောင်းပြောဆိုမှုကို ကျွန်ုပ်တို့အလျင်အမြန်အသိအမှတ်မပြုသင့်ကြဘူးလား၊ ကျွန်ုပ်တို့ကို ဘုရားသခင်၏မိသားစုအဝင်အဖြစ် မွေးစားတော်မူသောကြောင့် ကောင်းကင်ဗိုလ်ခြေအရှင်အဖဘုရားသခင်နှင့် ကျွန်ုပ်တို့၏အမျိုးသားချင်းများအား ကျွန်ုပ်တို့ဂုဏ်မပြုသင့်ကြပေဖူးလား။

-၀-



# (၃၄)
# ခေါ်ဖိတ်ခြင်း

ရှင်မဿဲ ၁၁း၂၈-၃၀ ကိုအခြေပြုထားပါသည်

ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်။

ယေရှုသည် ဤနှစ်သိမ့်စကားများကို နောက်တော်သို့လိုက်လာသောလူအုပ်ကြီးအား မိန့်တော်မူခဲ့ပါသည်။ လူများသည် မိမိအားဖြင့်သာဘုရားသခင်ကိုသိကျွမ်းခြင်းအခွင့်ကိုရရှိနိုင်ကြောင်းနှင့် မိမိ၏တပည့်တော်များသည် ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သောအရာများကို သိကျွမ်းခြင်းအခွင့်ပေးသနားတော်မူခြင်းခံရမည့်အကြောင်းများကိုလည်း မိန့်တော်မူခဲ့ပါသည်။ လူအားလုံးကို ကိုယ်တော်ရှင်၏ကြည့်ရှုစောင့်ရှောက်ယုယမှုရနိုင်လောက်သည့်အခြေအနေတွင် အသက်ရှင်စေခဲ့ပါသည်။ ဝန်လေး၍ပင်ပန်းသောသူတိုင်းတို့သည် ကိုယ်တော်ရှင်ထံသို့လာနိုင်စေရန် လမ်းဖွင့်ထားပါသည်။

ဘာသာရေးဓလေ့ထုံးစံများအပေါ် တိတိကျကျအာရုံစိုက်နေကြသောဖါရိရှဲများသည် အာပတ်ဖြေခြင်းအားဖြင့် မည်သည့်အခါမျှ ကျေနပ်မှုမပေးနိုင်ခဲ့သောလိုအပ်ချက်များကို သိရှိခံစားလာကြပါသည်။ အခွန်ခံများနှင့် အပြစ်သားများသည် လောကစည်းစိမ်နှင့် ကာမဂုဏ်ခံစားခြင်းများတွင် ကျေနပ်နှစ်သိမ့်နေကြသယောင်ရှိသော်လည်း ၎င်းတို့၏စိတ်နှလုံးများထဲတွင်မူ မယုံကြည်မကိုးစားမှုများနှင့် ကြောက်ရွံ့မှုများရှိနေခဲ့ကြပါသည်။ သခင်ယေရှုသည် မျှော်လင့်ချက်များပျက်ပြားကာ သောကဗျာပါဒရောက်ပြီး ဝန်ပိနေသောနှလုံးသားများကိုလည်းကောင်း၊ အသက်ဝိညာဉ်၏တောင့်တမှုများကို လောကပျော်ရွှင်မှုများအားဖြင့် တိတ်ဆိတ်သွားအောင်ကြိုးစားလျက်ရှိနေကြသူများကိုလည်းကောင်း ခရစ်တော်သည် မျှော်ကြည့်တော်မူ၍ သူ့ထံ၌ သက်သာခြင်းအခွင့်ကိုလာရောက်ရှာဖွေကြရန် ခေါ်ဖိတ်

တော်မူပါသည်။ ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့၊ ငါ့ထံ၌နည်းခံကြလော့၊ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏၊ သင်တို့၏စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။ အကြောင်းမူကား ငါ့ထမ်းပိုးသည်ထမ်းလွယ်၏။ ငါ့ဝန်လည်းပေါ့၏ဟု ဝန်လေးပင်ပန်းနေသူများအား နူးညံ့သိမ်မွေ့စွာဖြင့် ကိုယ်တော်ရှင်ခေါ်ဖိတ်ခဲ့ပါသည်။

ခရစ်တော်သည် ဤစကားများအားဖြင့် လူသားတိုင်းကို မိန့်တော်မူလျက်ရှိပါသည်။ လူသားအားလုံးသည် မိမိ၏အခြေအနေမှန်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ဝန်လေး၍ ပင်ပန်းနေသူများသာဖြစ်ကြပါသည်။ လူခပ်သိမ်းသည် ခရစ်တော်တစ်ပါးတည်းကသာ ဖယ်ရှားနိုင်တော်မူသောဝန်များအောက်တွင် ပိလျက်ရှိကြပါသည်။ ထိုဝန်များကို ကျွန်ုပ်တို့ဘာသာ ထမ်းပိုးစေခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့အားလုံး စိစိညက်ညက်ကြေကုန်ကြလိမ့်မည်ဖြစ်ပါသည်။ သို့သော် အပြစ်ကင်းစင်သောကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ကိုယ်စား အနာခံတော်မူခဲ့ပါသည်။ ထာဝရဘုရားသည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏။ ဟေရှာယ ၅၃း၆။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်ဝန်များကို သယ်ပိုးတော်မူခဲ့ပါသည်။ ပင်ပန်းနွမ်းလျနေသော ကျွန်ုပ်တို့၏ပခုံးထက်တွင်ရှိနေသောဝန်များကိုလည်း သယ်ပိုးပေးကာ ကျွန်ုပ်တို့အား သက်သာခြင်းအခွင့်ကိုပေးတော်မူလိမ့်မည်။ ပူပင်သောကဝန်ထုပ်များကိုလည်း သယ်ပိုးပေးတော်မူလိမ့်မည်။ ထို့ကြောင့် ပူပင်သောကအပေါင်းကို ကိုယ်တော်အပေါ်သို့တင်ကြရန် ဖိတ်ခေါ်နေခြင်းဖြစ်ပါသည်။ အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်တို့အား မိမိ၏နှလုံးသားတွင် ပွေ့ပိုက်တော်မူပါသည်။

ကျွန်ုပ်တို့၏အစ်ကိုကြီးဖြစ်သော ခရစ်တော်သည် ထာဝရပလ္လင်တော်နားမှာရှိတော်မူ၍ မိမိအားကယ်တင်ရှင်အဖြစ် အားကိုးယုံကြည်သောသူတိုင်းအား ကြည့်ရှုမစတော်မူလျက်ရှိပါသည်။ ကိုယ်တော်ရှင်သည် မိမိ၏အတွေ့အကြုံအားဖြင့် လူသားများ၏အားနည်းချက်များကိုလည်းကောင်း၊ ကျွန်ုပ်တို့၏လိုအပ်ချက်များကိုလည်းကောင်း ကျွန်ုပ်တို့၏စုံစမ်းခံရခြင်းအတွက် ခွန်အားရှိသည့်နေရာကိုလည်းကောင်း သိတော်မူပါသည်။



အကြောင်းမူကား ကိုယ်တော်သည် အပြစ်မကျူးလွန်ဖူးသော်လည်း ကျွန်ုပ်တို့ထိုကဲ့သို့အဘက်ဘက်မှစုံစမ်းခြင်းကိုခံခဲ့ဖူးသည့်အတွက်ကြောင့်ဖြစ်ပါသည်။ ကိုယ်တော်သည် ဘုရားသခင်ကိုကြောက်ရွံ့တုန်လှုပ်သောကလေးငယ်ဖြစ်သောသင့်အား ကြည့်ရှုစောင့်ရှောက်လျက်ရှိပါသည်။ သင်သည် စုံစမ်းနှောင့်ယှက်ခြင်းခံနေရပါသလား။ ကိုယ်တော်သည် သင့်အားကယ်လွှတ်တော်မူလိမ့်မည်။ သင်သည် အားနည်းနေပါသလား။ ကိုယ်တော်သည် သင့်ကိုအားပေးတော်မူလိမ့်မည်။ သင်သည် ထိခိုက်ဒဏ်ရာရနေပါသလား။ သင်၏အနာကို ကိုယ်တော်ရှင်ပျောက်ကင်းစေပါလိမ့်မည်။ ထာဝရဘုရားသည် "ကြယ်များကိုရေတွက်၍ အသီးသီးတို့ကိုသမုတ်တော်မူ၏။ စိတ်ကြေမွသောသူတို့ကိုနှစ်သိမ့်စေ၍ သူတို့၏အနာကိုကုတော်မူ၏။" ဆာလံ ၁၄၇း၄၊၃။ "ငါ့ထံသို့လာလော့" ဟူသောစကားသည် ကိုယ်တော်ရှင်၏ဖိတ်ခေါ်ချက်ဖြစ်ပါသည်။ သင်၏စိတ်ပူပန်မှုများနှင့် ဆင်းရဲဒုက္ခများကို ကိုယ်တော်ရှင်၏ရှေ့မှောက်တွင်တင်ပြပါ။ သင်၏စိတ်ကိုခံနိုင်ရည်ရှိစေရန်အတွက် တောင့်တင်းခိုင်မာစေလိမ့်မည်။ သင့်အတွက်အခက်အခဲများနှင့်စိတ်အနှောင့်အယှက်ဖြစ်မှုများမှ လွတ်မြောက်စေသည့်လမ်းကိုဖွင့်ပေးတော်မူလိမ့်မည်။ သင်သည် မိမိကိုယ်ကိုအားနည်းကြောင်း၊ ခိုကိုးရာမဲ့ကြောင်းသိလေလေ၊ ကိုယ်တော်၌ ပိုမိုခွန်အားကောင်းလေလေဖြစ်လာလိမ့်မည်။ သင်၏ဝန်ထုပ်များသည် လေးလေလေ၊ ထိုဝန်ထုပ်များကိုခရစ်တော်၏ခြေတော်ရင်းတွင်ချလိုက်ခြင်းအားဖြင့် သက်သာခြင်းအခွင့်ကိုပိုမိုခံစားရလေလေဖြစ်ပါသည်။ ခရစ်တော်ပေးတော်မူမည့်သက်သာခြင်းအခွင့်သည် အခြေအနေပေါ်မူတည်၍ပေးခြင်းဖြစ်သော်လည်း ထိုအခြေအနေများကို ကွဲကွဲပြားပြားခွဲခြားသိနိုင်ပါသည်။ ထိုအခြေအနေများသည် ကျွန်ုပ်တို့လိုက်လျောနိုင်သည့်အရာများသာဖြစ်ကြပါသည်။ ကိုယ်တော်သည် သက်သာခြင်းကိုတွေ့နိုင်မည့်နည်းလမ်းကိုလည်း ကျွန်ုပ်တို့အား မိန့်တော်မူထားပါသည်။

"ငါ့ထမ်းပိုးကိုတင်၍ ထမ်းကြလော့" ဟူ၍ သခင်ယေရှုမိန့်တော်မူထားပါသည်။ ထိုထမ်းပိုးသည် လုပ်ဆောင်မှုတစ်ခုတွင် အသုံးပြုသည့်

ပစ္စည်းကိရိယာတစ်ခုဖြစ်ပါသည်။ နွားများကို အလုပ်လုပ်ရန်အတွက် ထမ်းပိုးတင်ပါသည်။ အလုပ်ကိုထိထိရောက်ရောက်လုပ်ဆောင်နိုင်ရန် အတွက် ထမ်းပိုးသည်မရှိမဖြစ်လိုအပ်သောအရာတစ်ခုဖြစ်ပါသည်။ ခရစ်တော်သည် ဤသာဓကအားဖြင့် အသက်ရှင်နေသရွေ့ကာလပတ်လုံး အမှုတော်ကိုဆောင်ရန် ကျွန်ုပ်တို့အား ခေါ်တော်မူနေကြောင်းကို သွန်သင်နေပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်နှင့်အတူလုပ်ဆောင်သည့် လုပ်ဖော်ဆောင်ဖက်များဖြစ်လာနိုင်စေရန်အလို့ငှါ ကိုယ်တော်၏ထမ်းပိုးကို တင်၍ ထမ်းကြရပါမည်။

အမှုတော်ဆောင်ရွက်ရန် ကျွန်ုပ်တို့အပေါ်တွင် တင်ထားသော ထမ်းပိုးသည် ဘုရားသခင်၏ပညတ်တော်ပင်ဖြစ်ပါသည်။ ဧဒင်ဥယျာဉ်တွင် ဖော်ပြခဲ့ပြီး သိနာတောင်ပေါ်တွင်ကြေညာခြင်းခံခဲ့ရကာ ပဋိညာဉ်သစ်တွင် နှလုံးသားများ၌ရေးထားလျက်ရှိသော မေတ္တာတော်၏မဟာပညတ်တော်သည် လူသားများကို ဘုရားသခင်၏အလိုတော်နှင့်ပူးတွဲချည်နှောင်ထားသည့်အရာဖြစ်ပါသည်။ ကျွန်ုပ်တို့အား မိမိတို့သဘောအတိုင်း လုပ်ချင်သည့်အရာကိုလုပ်ရန်၊ သွားချင်သည့်နေရာသို့သွားရန် ပစ်ထားခဲ့မည်ဆိုလျှင် စာတန်နှင့်အမျိုးအစားတူသွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် ၎င်း၏ကြန်အင်လက္ခဏာများကို ပိုင်ဆိုင်လာကြလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်၏ကြီးမြတ်မြင့်မား၍ ကောင်းမွန်တိုးတက်စေလိုသောအလိုတော်ဖြင့် ကျွန်ုပ်တို့အား ဘောင်ခတ်ထားပါသည်။ ကျွန်ုပ်တို့သည် သည်းခံစိတ်ရှည်စွာ၊ ဉာဏ်အမြော်အမြင်ပြည့်စုံစွာဖြင့် လုပ်ငန်းတာဝန်များကိုထမ်းရွက်ကြရန် ကိုယ်တော်ရှင်အလိုတော်ရှိပါသည်။ ခရစ်တော်သည် အမှုတော်ဆောင်ခြင်းထမ်းပိုးကြီးကို လူသားဇာတိတွင် ထမ်းရွက်ခဲ့ပြီးဖြစ်ပါသည်။ "ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏။" ဆာလံ ၄၀း၈။ "ငါသည် ကိုယ်အလိုသို့လိုက်ခြင်းငှါ ကောင်းကင်မှဆင်းသက်သည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်သို့လိုက်ခြင်းငှါ ဆင်းသက်၏။" ယောဟန် ၆း၃၈။ ဘုရားသခင်ကိုချစ်သောမေတ္တာတော်



သည်လည်းကောင်း၊ ထာဝရဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေလိုသည့် စိတ်ထက်သန်မှုဖြင့်လည်းကောင်း၊ အပြစ်တရားတွင်ကျဆုံးနေသော လူသားများအပေါ်ထားရှိသည့်မေတ္တာတော်သည်လည်းကောင်း ခရစ်တော်အား ဤကမ္ဘာသို့ကြွဆင်းလာ၍ ဆင်းရဲဒုက္ခခံကာ အသေခံစေတော်မူခဲ့ပါသည်။ ထိုအရာသည် ကိုယ်တော်၏အသက်တာကိုထိန်းချုပ်ထားသော တန်ခိုးဖြစ်ပါသည်။ ဤစည်းမျဉ်းအတိုင်းလိုက်နာဆောင်ရွက်ရန် ကျွန်ုပ်တို့အား ကိုယ်တော်ရှင်မိန့်တော်မူနေပါသည်။

သောကဗျာပါဒဝန်ထုပ်၏အောက်တွင် နာကျင်မှုဝေဒနာကို ခံစားနေရသူများစွာရှိကြပါသည်။ အကြောင်းမှာ ထိုသူတို့သည် လောက အဆင့်တန်းကိုမီအောင် ကြိုးစားလုပ်ဆောင်နေကြခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် လောကအလုပ်များကိုသာရွေးချယ်ခဲ့ပြီး လောက၏စိတ်ရှုပ်စရာများကိုလက်ခံခဲ့ကြကာ လောက၏အကျင့်ဓလေ့များကိုသာ လက်ခံကျင့်သုံးခဲ့ကြပါသည်။ ထိုသို့သောနည်းအားဖြင့် ၎င်းတို့အကျင့်စာရိတ္တများသည် ပျက်ယွင်းကုန်ကြပြီး ၎င်းတို့၏အသက်တာသည် ငြီးငွေ့ဖွယ်တစ်ခုဖြစ်လာခဲ့ပါသည်။ လောကနှင့်ဆိုင်သောရည်မှန်းချက်များနှင့် အလိုဆန္ဒများကို နှစ်ကြိုက်စေရန်အလို့ငှါ သူတို့သည် မိမိတို့၏သြတ္တပ္ပစိတ်ကိုနာကျင်စေခဲ့ကြပြီး မိမိတို့အပေါ်တွင် နောင်တသံဝေဂရခြင်းတည်းဟူသော နောက်ဆက်တွဲဝန်ထုပ်ကို ကျရောက်စေကြပါသည်။ အဆက်မပြတ်စိတ်ပူပန်မှုဖြစ်ခြင်းသည် အသက်တာ၏ခွန်အားများကို လျော့ပါးပျက်စီးစေလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ထိုအချုပ်အနှောင်ဝန်များကိုစွန့်ပစ်ကြရန် ကိုယ်တော်ရှင်အလိုရှိတော်မူပါသည်။ ထို့ကြောင့် ငါ့ထမ်းပိုးသည် ထမ်းလွယ်၍ ငါ့ဝန်သည်လည်းပေါ့၏ဟုမိန့်တော်မူကာ ကိုယ်တော်၏ ထမ်းပိုးကိုတင်၍ထမ်းကြရန် ကိုယ်တော်သည် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေးဦးစွာရှာကြရန်မိန့်တော်မူပြီး ထိုသို့ပြုပါက အသက်တာအတွက် လိုအပ်ချက်များကို ထပ်လောင်းမစမည့်အကြောင်း ကတိတော်ပေးထားပါသည်။ သောကရောက်ခြင်းသည် မျက်စိကိုကန်းစေပြီး

အနာဂတ်ရေးရာများကို မသိမြင်နိုင်စေတော့ပါ။ သို့သော် ခရစ်တော်သည် အစမှအဆုံးတိုင် တွေ့မြင်တော်မူပါသည်။ အခက်အခဲတိုင်းအတွက် ပြင်ဆင်ထားသောလွတ်မြောက်စေမည့်နည်းလမ်းများ ကိုယ်တော်၌ရှိတော်မူပါသည်။ ကောင်းကင်ဗိုလ်ခြေအရှင် ကျွန်ုပ်တို့၏အဖဘုရားသခင်၌ ကျွန်ုပ်တို့အားမစရန် ကျွန်ုပ်တို့မသိသောနည်းလမ်းပေါင်းများစွာရှိပါသည်။ ဘုရားသခင်နှင့်အမှုတော်၏ဂုဏ်သရေတော်ကို အထွတ်အမြတ်ဖြစ်စေသော စည်းမျဉ်းတစ်ခုကို လက်ခံသောသူများသည် စိတ်သောကရောက်မှုများ ပြေပျောက်ကာ ဖြောင့်ဖြူးသောလမ်းကိုလျှောက်လှမ်းကြရပါလိမ့်မည်။

“ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘောရှိ၏။ သင်တို့၌ စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။” ကိုယ်တော့်ထံမှ နူးညံ့သိမ်မွေ့ခြင်းနှင့်နှိမ့်ချခြင်းကိုသင်ယူကြရန် ခရစ်တော်၏ကျောင်းတွင် ကျွန်ုပ်တို့တက်ရောက်သင်ယူကြရပါမည်။ ကယ်တင်ခြင်းဆိုသည်မှာ အသက်ဝိညာဉ်တစ်ခုအား ကောင်းကင်နိုင်ငံတော်သို့ဝင်စားရန်အတွက် သင်တန်းပေးရာတွင် အသုံးပြုသောအဆင့်ဆင့်လုပ်ဆောင်မှုတစ်ခုသာဖြစ်ပါသည်။ ဤသင်တန်းသည် ခရစ်တော်အားသိကျွမ်းရန် ရည်ရွယ်ပါသည်။ ၎င်းပြင် စာတန်၏ကျောင်းမှတတ်မြောက်ရရှိခဲ့သော အတွေးအခေါ်များ၊ အကျင့်ဓလေ့များနှင့် အမူအကျင့်များမှလွတ်မြောက်ရန်ကိုလည်း ရည်ရွယ်ပါသည်။ အသက်ဝိညာဉ်သည် ဘုရားသခင်ကို သစ္စာစောင့်ခြင်းမှဆန့်ကျင်သောအရာရာတိုင်းမှ ကယ်လွှတ်ခြင်းကိုခံရပါလိမ့်မည်။

ဘုရားသခင်နှင့်သွေးစည်းညီညွတ်မှုစိုးစံရာ ခရစ်တော်၏စိတ်နှလုံးတွင် စုံလင်သောငြိမ်သက်မှုရှိပါသည်။ ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့၏ချီးမွမ်းခြင်းအားဖြင့် ဝမ်းမြောက်မှုမဖြစ်စေသကဲ့သို့ အပြစ်တင်ခြင်း၊ ဟန့်တားခြင်းအားဖြင့်လည်း မမှိုင်တွေစေနိုင်ပါ။ ကိုယ်တော်သည် မိမိအား အကြီးအကျယ်ဆန့်ကျင်မှုများနှင့် ရက်စက်စွာပြုကျင့်မှုခံစားရစဉ်တွင်ပင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံဆဲဖြစ်ပါသည်။ သို့သော် များစွာသောခရစ်ယာန်များသည် သောကပူပန်၍ စိတ်ဒုက္ခရောက်နေကြပါသည်။ အကြောင်းမူကား သူတို့သည် မိမိကိုယ်ကို ထာဝရဘုရားထံတော်၌ မအပ်နှံဝံ့ကြသောကြောင့်





ဖြစ်ပါသည်။ သူတို့သည် ပတ်သက်လာမည့်အကျိုးဆက်များကိုရင်ဆိုင်ရန် တွန့်နေကြသောကြောင့် ကိုယ်တော်အား လုံးလုံးလျားလျားဆက်ကပ်အပ်နှံမှုများကိုမပြုခဲ့ကြချေ။ လုံးလုံးလျားလျားဆက်ကပ်အပ်နှံမှုမပြုလျှင် သူတို့သည် သက်သာခြင်းကိုတွေ့ရှိနိုင်ကြမည်မဟုတ်ချေ။

ကိုယ်ကိုကိုယ်ချစ်မြတ်နိုးခြင်းသည် စိတ်မငြိမ်သက်မှုကိုဖြစ်စေပါသည်။ ကျွန်ုပ်တို့သည် အထက်အရပ်၏အသစ်သောမွေးဖွားခြင်းကိုခံယူပြီးသောအချိန်တွင် ကျွန်ုပ်တို့အားကယ်တင်နိုင်ရန်အလို့ငှါ နှိမ့်ချမှုရှိသည့် ခရစ်တော်တွင်ရှိသောစိတ်ထားသည် ကျွန်ုပ်တို့နှလုံးထဲတွင်ရောက်ရှိလာမည်ဖြစ်ပါသည်။ ထိုအခါ ကျွန်ုပ်တို့သည် အမြင့်မားဆုံးသောရာထူးရာခံများကိုရရန်မကြိုးစားတော့ဘဲ ခရစ်တော်၏ခြေတော်ရင်းတွင်ထိုင်၍ ကိုယ်တော်ရှင်ထံတွင်နည်းခံရန်ဆန္ဒရှိလာကြလိမ့်မည်။ ကျွန်ုပ်တို့၏အလုပ်တန်ဖိုးသည် ဟန်ပြလုပ်ဆောင်ခြင်းများ၊ အော်ဟစ်ကြွေးကြော်ခြင်းများနှင့် ကိုယ်အစွမ်းသတ္တိဖြင့် အားတက်သရောတက်တက်ကြွကြွလုပ်ဆောင်မှုများတွင် အဓိကအချက်အချာမကျကြောင်းကို ကျွန်ုပ်တို့နားလည်လာကြပါလိမ့်မည်။ ကျွန်ုပ်တို့၏အလုပ်တန်ဖိုးသည် သန့်ရှင်းသောဝိညာဉ်တော်ကို မျှဝေခံစားမှုအချိုးအဆပေါ်တွင်မူတည်ပါသည်။ အောင့်အည်းသည်းခံခြင်းဖြင့် မိမိတို့၏အသက်ဝိညာဉ်ကိုပိုင်ဆိုင်ခွင့်ရလာနိုင်စေရန်အလို့ငှါ ထာဝရဘုရားကိုကိုးစားခြင်းသည် ကျွန်ုပ်တို့၏စိတ်သဘောထားများတွင် ပိုမိုသန့်ရှင်းသောအရည်အသွေးများကိုဖြစ်စေပါသည်။

ဝန်ကိုဆွဲယူရာတွင်အကူအညီပေးရန်နှင့် ဆွဲသောဝန်ကိုပေါ့ပါးစေရန်နွားများအပေါ်သို့ထမ်းပိုးကိုတင်ပါသည်။ ခရစ်တော်၏ထမ်းပိုးသည်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အလိုဆန္ဒများကို ဘုရားသခင်အလိုတော်ကလွှမ်းမိုးသွားသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော့်ထံမှရရှိသည့်ဆုကျေးဇူးများကို သူတစ်ပါးအားအကျိုးပြုရန်အသုံးချလာပြီး ကျွန်ုပ်တို့၏အသက်တာတွင် ထမ်းနေရသောဝန်များလည်းပေါ့လာသည်ကို တွေ့ရှိပါလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်လမ်းတွင်လျှောက်လှမ်းနေသောသူသည် ခရစ်တော်ကိုအဖော်ပြု၍လျှောက်လှမ်းနေခြင်းဖြစ်ပါ

သည်။ ၎င်းပြင် ကိုယ်တော်၏မေတ္တာ၌ ၎င်း၏စိတ်နှလုံးသည် ငြိမ်သက်မှုရှိလာပါသည်။ "မျက်နှာရကြောင်းကို အကျွန်ုပ်သိပါမည်အကြောင်း ကိုယ်တော်၏လမ်းကိုပြတော်မူပါ" ဟု မောရှေဆုတောင်းသောအခါ "ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကိုပေးမည်" ဟု ထာဝရဘုရား မိန့်တော်မူ၏။ (ထွက်မြောက် ၃၃း၁၃-၁၄)။ ယေရမိပုရောဖက်အားဖြင့် ထာဝရဘုရားမိန့်တော်မူသည်ကား "လမ်းနားမှာရပ်၍ ကြည့်ရှုလော့၊ ရှေးလမ်းဟောင်းတို့ကိုရှာဖွေလျက် ကောင်းသောလမ်းသည် အဘယ်မှာရှိသနည်းဟုမေးမြန်း၍ ထိုလမ်းသို့လိုက်ကြလော့၊ သို့ပြုလျှင် စိတ်နှလုံးသက်သာကြလိမ့်မည်။" ယေရမိ ၆း၁၆။ ၎င်းပြင် "သင်သည် ငါ၏ပညတ်တို့ကိုစောင့်ရှောက်ပါစေသော၊ သို့ပြုလျှင် သင်၏ချမ်းသာသည် မြစ်ကဲ့သို့လည်းကောင်း၊ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့လည်းကောင်း ဖြစ်ရလိမ့်မည်။" ဟေရှာ ၄၈း၁၈။

ခရစ်တော်ကိုယူတင်ဝတ်ဆောင်၍ မိမိတို့အသက်တာကို ကိုယ်တော်၏ထိန်းသိမ်းမှုအောက်တွင် ဆက်ကပ်အပ်နှံကာ ကိုယ်တော်၏ အစီအစဉ်အတိုင်း အသက်ရှင်နေထိုင်သူအပေါင်းတို့သည် ငြိမ်သက်ခြင်းနှင့်ငြိမ်းချမ်းခြင်းအခွင့်ကိုတွေ့ရှိကြလိမ့်မည်။ ကိုယ်တော်ရှင်နှင့်အတူပါရှိခြင်းအားဖြင့် ခရစ်တော်က ၎င်းတို့အား ဝမ်းမြောက်စေသောအချိန်တွင် လောက၏မည်သည့်အရာတစ်စုံတစ်ခုကမျှ ၎င်းတို့အားဝမ်းနည်းစေခြင်းငှါ တတ်နိုင်ခြင်းမရှိချေ။ ကိုယ်တော်ရှင်အားမငြင်းဆန်ဘဲ လုံးလုံးလက်ခံခြင်းသည် စုံလင်သောသက်သာခြင်းအခွင့်ပင်ဖြစ်ပါသည်။ "စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။" ဟေရှာ ၂၆း၃။ ကျွန်ုပ်တို့၏အသက်တာသည် ရှုပ်ထွေးပွေလီသောအရာတစ်ခုဖြစ်ကောင်းဖြစ်နိုင်သော်လည်း မိမိတို့ကိုယ်ကိုခရစ်တော်ထံ ဆက်လက်အပ်နှံသောအချိန်တွင် ကိုယ်တော်သည် မိမိ၏ဘုန်းတော်ကိုထင်ရှားစေမည့်အသက်တာနှင့် စာရိတ္တပုံစံများကို ကျွန်ုပ်တို့၌ဖြစ်ပေါ်ထင်ရှားစေပါသည်။ ခရစ်တော်၏စာရိတ္တနှင့် ဘုန်းတော်ကိုဖော်ပြနေသောထိုသူကို ဘုရားသခင်၏ပါရဒိသုဘုံသို့ဝင်စားရန်



ကြိုဆိုကြပါလိမ့်မည်။ အသစ်ပြုပြင်ခြင်းခံရသောလူသားမျိုးစုသည် အပြစ်ကင်းသောအသက်တာဖြင့် ကိုယ်တော်နှင့်အတူလမ်းလျှောက်ကြလိမ့်မည်။ အကြောင်းမူကား ထိုသူတို့သည် ထိုက်တန်သောသူများဖြစ်ကြသောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် သက်သာခြင်းသို့ဝင်စားသောအချိန်တွင် ကောင်းကင်နိုင်ငံတော်သည် ကျွန်ုပ်တို့၌အစပြုနေပါသည်။ ငါ့ထံသို့လာ၍နည်းခံကြလော့ဟူသော ကိုယ်တော်၏ဖိတ်ခေါ်သံကို ကျွန်ုပ်တို့တုံ့ပြန်၍ ကိုယ်တော့်ထံသို့ချဉ်းကပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ထာဝရအသက်ကိုအစပျိုးနေကြပါသည်။ ကောင်းကင်နိုင်ငံတော်သည် ခရစ်တော်အားဖြင့် ဘုရားသခင်ထံသို့မရပ်မနားချဉ်းကပ်နေသောအရာတစ်ခုဖြစ်၏။ ကျွန်ုပ်တို့သည် ကောင်းကင်၏သုခချမ်းသာတွင် ပို၍ကြာကြာတည်ရှိလေလေ၊ ဘုန်းတော်ကိုပို၍မြင်ရလေလေဖြစ်ကာ ထာဝရဘုရားကို ပို၍သိလေလေဖြစ်ပြီး ပို၍ပျော်ရွှင်ဝမ်းမြောက်လေလေဖြစ်ပါသည်။ ယခုအသက်တာတွင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူလမ်းလျှောက်သောအခါ ကျွန်ုပ်တို့အား ကိုယ်တော်၏မေတ္တာတော်နှင့်ပြည့်ဝစေ၍ ကိုယ်တော်ရှင်အတူပါရှိမှုကြောင့် ကျေနပ်ရောင့်ရဲမှုများကိုဖြစ်စေပါသည်။ လူသားသဘာဝအရခံယူနိုင်သည့် အရာခပ်သိမ်းကို ထိုအချိန်တွင် ကျွန်ုပ်တို့ရရှိနိုင်ကြပါသည်။ သို့သော် ယခုရရှိသောငြိမ်သက်သာယာသောဘဝသည် တမလွန်ဘဝနှင့်မည်သည့်အရာများကွာခြားနေပါသနည်း။ "ဘုရားသခင်၏ ပလ္လင်တော်ရှေ့မှာနေရာကိုရ၍ ဗိမာန်တော်၌ ဘုရားဝတ်ကိုနေ့ညမပြတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူသည် သူတို့တွင်ကိန်းဝပ်တော်မူမည်။ သူတို့သည် နောက်တစ်ဖန်ရေစာကိုမငတ်မမွတ်ရကြ။ နေရောင်ခြည်အလျှင်းမထိရ။ အဘယ်အပူကိုမျှမခံရကြ။ အကြောင်းမူကား ပလ္လင်တော်အတွင်း၌ရှိသောသိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်" ဟု ဘုရားသခင်မိန့်တော်မူ၏။ ဗျာဒိတ် ၇း၁၅-၁၇။

-o-

## (၃၅)
## တိတ်ဆိတ်ငြိမ်ဝပ်စွာနေလော့

ရှင်မဿဲ ၈း၂၃-၃၄။ ရှင်မာကု ၄း၃၅-၄၁။ ၅း၁-၂၀။ ရှင်လုကာ ၈း၂၂-၃၉ တို့ကိုအခြေပြုထားပါသည်

ထိုနေ့သည် ခရစ်တော်အသက်တာတွင် ထူးခြားသောအဖြစ်ပျက်များဖြစ်ပျက်ခဲ့သည့်နေ့တစ်နေ့ဖြစ်ပါသည်။ ကိုယ်တော်သည် ဂါလိလဲရေအိုင်နားတွင် မိမိကိုယ်တိုင်တည်ထောင်မည့်နိုင်ငံတော်၏ သဘာဝနှင့်တည်ထောင်မည့်နည်းလမ်းများတို့ကို လူများလက်ပွန်းတတီးဖြစ်နေသောသာဓကများကိုအသုံးပြု၍ ပထမဦးဆုံးသောပုံပမာကို မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏အမှုတော်ကို မျိုးစေ့ကြဲသောသူနှင့်ခိုင်းနှိုင်းခဲ့ပြီး အမှုတော်၏တိုးတက်ကြီးပွားမှုကို မုန်ညင်းစေ့နှင့်လည်းကောင်း၊ မုန့်ညက်ထဲတွင်ရှိသောတဆေး၏ဖောင်းကြွစေမှုဖြင့်လည်းကောင်း ခိုင်းနှိုင်းဟောကြားခဲ့ပါသည်။ နောက်ဆုံးသောလူဆိုးနှင့်လူကောင်းခွဲခြားခြင်းကို စပါးပင်နှင့်ပေါင်းပင်ပုံပမာအားဖြင့်လည်းကောင်း၊ ငါးများကိုအုပ်မိသောပိုက်ကွန်အားဖြင့်လည်းကောင်း ရုပ်လုံးဖော်ဟောကြားခဲ့ပါသည်။ သမ္မာတရား၏အလွန့်အလွန်အဖိုးထိုက်တန်မှုများကို မြတ်သောပုလဲရတနာနှင့်လည်းကောင်း၊ တမန်တော်များသည် ကိုယ်တော်၏ကိုယ်စားလှယ်များအဖြစ်လုပ်ဆောင်ရန်နည်းများကိုသွန်သင်တော်မူခဲ့သော “အိမ်ရှင်” ပုံပမာအားဖြင့်လည်းကောင်း သာဓကပြသွန်သင်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် တစ်နေ့လုံးဒေသနာများကိုသွန်သင်ဟောကြားခြင်း၊ လူနာများကိုကုသခြင်း စသည်တို့ကိုလုပ်ဆောင်ခဲ့ရာ ညနေသို့ရောက်လာသည့်တိုင်အောင် လူထုကြီးသည် ကြိတ်ကြိတ်တိုးလာရောက်ကြဆဲဖြစ်ပါသည်။ ထမင်းစားရန်နှင့် ခေတ္တအနားယူသည့်အချိန်မှလွဲ၍ တစ်နေ့ပြီးတစ်နေ့၊ ၎င်းတို့အားမစတော်မူခဲ့ပါသည်။ ဖါရိရှဲများက မနားမနေလုပ်ဆောင်ခဲ့သော အာဃာတစိတ်နှင့်ပြုလုပ်သောပြစ်တင်ဝေဖန်မှုများနှင့်



မှားယွင်းစွာရုပ်လုံးဖော်မှုများသည် ကိုယ်တော်ရှင်၏အမှုတော်အား ပိုမိုခက်ခဲစေပြီး အနှောင့်အယှက်လည်းဖြစ်စေခဲ့ပါသည်။ ယခုတွင်မူ နေဝင်ဆည်းဆာချိန်သို့ရောက်လာပြီဖြစ်ပြီး အလွန်မောပန်းနွမ်းလျနေပြီဖြစ်သောကြောင့် ဂါလိလဲအိုင်၏တစ်ဖက်ကမ်းရှိ ဆိတ်ငြိမ်သောနေရာတွင်သွားရောက်အနားယူရန် ကိုယ်တော်ရှင်ဆုံးဖြတ်ချက်ချလိုက်ပါသည်။

ဂါလိလဲအိုင်၏နံဘေးပတ်ပတ်လည်တွင် မြို့များရွာများရှိနေသောကြောင့် ဂနေသရက်နယ်ရှိရာ အရှေ့ဘက်ကမ်းတွင်လည်းလူနေအိမ်ခြေများရှိနေပါသည်။ သို့စေကာမူ အနောက်ဘက်ကမ်းတွင်ရှိသောနယ်များနှင့်နှိုင်းစာလျှင် လူနေကြဲကြောင်းကိုတွေ့ရပါသည်။ ထိုအရပ်တွင် ယုဒလူထက် တစ်ပါးအမျိုးသားလူထုကပို၍များသည့်အတွက် ဂါလိလဲနှင့်ဆက်သွယ်မှုနည်းပါးခဲ့ပါသည်။ ထို့ကြောင့် ထိုနေရာသည် ကိုယ်တော်ရှင်တောင့်တတော်မူခဲ့သောဆိတ်ငြိမ်မှုကိုပေးခဲ့သဖြင့် တပည့်တော်များအားမိမိနှင့်အတူထိုနေရာသို့သွားရန် မိန့်တော်မူခဲ့ပါသည်။

ထိုနောက်တပည့်တော်များသည် လူစုဝေးရာမှထွက်၍ လှေပေါ်၌ရှိနှင့်ပြီးသောကိုယ်တော်နှင့်အတူ မြန်ဆန်စွာကမ်းမှခွာခဲ့ကြပါသည်။ ကမ်းနားတွင် ဆိုက်ကပ်ထားသော အခြားတံငါလှေများလည်းရှိနေကြသဖြင့် နောက်တော်သို့လိုက်၍ ခရစ်တော်အား ဖူးမြော်တရားနာရန် စိတ်အားထက်သန်နေကြသောလူများသည် ထိုလှေများပေါ်သို့တက်ရောက်နေရာယူကြပါသည်။

ကယ်တင်ရှင်သည် လူအုပ်ကြီး၏ဝန်းရံတိုးဝှေ့မှုများမှ အနည်းဆုံးသက်သာမှုရရှိခဲ့ကာ ပင်ပန်းနွမ်းလျမှုနှင့် ဆာလောင်မှုများကြောင့် လှေပဲ့ပိုင်းတွင်လဲလျောင်းနားနေလိုက်ရာ ခဏချင်းတွင်ပင်အိပ်ပျော်သွားခဲ့ပါသည်။ ထိုညနေပိုင်းတွင် ဂါလိလဲအိုင်သည် သာယာငြိမ်သက်၍ နှစ်လိုဖွယ်ရေကန်တစ်ခုဖြစ်ခဲ့သော်လည်း ရုတ်တရက်မိုးမှောင်ကျလာကာ အရှေ့ကမ်းခြေတစ်လျှောက်တွင် လေကြမ်းများတိုက်ခတ်လာပြီး ပြင်းထန်သောလှိုင်းတံပိုးများထလာပါတော့သည်။

နေဝင်ပြီဖြစ်သဖြင့် မုန်တိုင်းထန်နေသောဂါလိလဲအိုင်ပေါ်တွင် မှောင်နှင့်မည်းမည်းဖြစ်နေပါသည်။ ပြင်းထန်သောလေတိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများသည် တမန်တော်များ၏လှေကို ပြင်းထန်စွာပုတ်ခတ်နေကြပြီး လှေသည်နစ်မြုပ်လုမတတ်ဖြစ်နေပါသည်။ ထိုတံငါသည်များသည် ဤဂါလိလဲအိုင်ပေါ်တွင် ကြီးပြင်းလာခဲ့ကြပြီး ၎င်းတို့၏ကျွမ်းကျင်မှုအားဖြင့် မုန်တိုင်းပေါင်းများစွာကိုကျော်လွှားနိုင်ခဲ့သော်လည်း ယခုတွင်မူ သူတို့၏ ကျွမ်းကျင်မှုနှင့်ခွန်အားများတို့သည် အရာမရောက်တော့ချေ။ သူတို့သည် လှိုင်းတံပိုးများကြားဝယ် အကူအညီမဲ့ဖြစ်နေပြီး လှေထဲသို့ရေများဝင်နေသည်ကိုတွေ့ရသောအခါ အသက်ရှင်ရန်မျှော်လင့်ချက်ကင်းမဲ့သလိုခံစားကြရပါသည်။

သူတို့သည် မိမိကိုယ်ကိုအသက်ရှင်ရန်ကြိုးစားနေခြင်းဖြင့် အချိန်ကုန်နေကြပြီး သခင်ယေရှုလှေပေါ်တွင်ပါလာတော်မူကြောင်းကို သူတို့သတိမေ့ခဲ့ကြပါသည်။ ယခုအချိန်တွင် သူတို့၏ကြိုးစားမှုများသည် ဘာမျှအရာမထင်ဘဲ သေပွဲဝင်ရတော့မည်ကို မြင်တွေ့သောအချိန်ရောက်မှ မည်သူ့အမိန့်နှင့် ဤဂါလိလဲအိုင်ကိုဖြတ်၍ လှော်ခတ်ခဲ့ကြကြောင်းကို သတိရခဲ့ကြပါသည်။ ခရစ်တော်၌သာ ၎င်းတို့အတွက်တစ်ခုတည်းသောမျှော်လင့်ချက်ရှိပါတော့သည်။ သူတို့သည် စိတ်ပျက်အားငယ်စွာဖြင့် “အရှင်ဘုရား၊ အရှင်ဘုရား” ဟုအော်ဟစ်ကာ အကူအညီတောင်းခဲ့ကြသော်လည်း အလွန်မှောင်မည်းနေသောကြောင့် ကိုယ်တော်ကိုမမြင်တွေ့နိုင်ကြချေ။ ၎င်းပြင် သူတို့၏အော်ဟစ်၍ခေါ်နေသောအသံများသည် လှိုင်းသံလေသံများကြားတွင်ပျောက်ကွယ်သွားခဲ့သဖြင့် မည်သည့်တုံ့ပြန်ချက်ကိုမျှမရရှိခဲ့ကြချေ။ သူတို့သည် ကြောက်ရွံ့တုန်လှုပ်လာကြပြီး ခရစ်တော်သည် သူတို့ကိုစွန့်ပစ်ခဲ့ပြီလား၊ အနာရောဂါများ၊ နတ်ဆိုးများနှင့်သေခြင်းကိုပင်အောင်နိုင်ခဲ့သောကိုယ်တော်သည် ယခုတွင်မူ သူတို့အားမကယ်တင်နိုင်တော့ဖူးလား။ သူတို့ခံစားနေရသောဒုက္ခကို ကိုယ်တော်ရှင်ဂရုမစိုက်တော့ဖူးလား ဟူသောမေးခွန်းများဖြင့် သံသယဝင်လာခဲ့ကြပါသည်။



နောက်တစ်ဖန်သူတို့အော်ဟစ်တောင်းခံခဲ့ကြသော်လည်း ကျယ်လောင်စူးရှသောလှိုင်းသံလေသံများမှလွဲ၍ မည်သည့်အရာကိုမျှ မကြားခဲ့ရချေ။ သူတို့၏လှေသည်လည်း မြုပ်လုမြုပ်ခင်ဖြစ်နေပြီး မကြာမီအချိန်အတွင်းတွင် သူတို့သည် ဒေါမာန်ပွားနေသောလှိုင်းလေများ၏ဝါးမျိုခြင်းကိုခံရပေတော့မည်။

ထိုအချိန်တွင် လျှပ်စီးသည် ရုတ်တရက်ထွန်းလက်လာကာ အမှောင်ထုကိုခွင်းလိုက်ရာ အနှောင့်အယှက်ကင်းမဲ့စွာဖြင့် ကျိန်းစက်နေသောခရစ်တော်ကို သူတို့မြင်တွေ့ကြပါသည်။ ထိုအခါအံ့သြပူပန်စွာဖြင့် “အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်သည်ကို လျစ်လျူသောစိတ်ရှိတော်မူသလော” ဟုလျှောက်ကြပါသည်။ တမန်တော်များသည် အန္တရာယ်ကိုရင်ဆိုင်ပြီး သေခြင်းနှင့်တိုက်ပွဲဝင်နေသောအချိန်တွင် ကိုယ်တော်သည် နှစ်နှစ်ခြိုက်ခြိုက်ကျိန်းစက်နိုင်သည်မှာအဘယ်သို့နည်း။

ကိုယ်တော်သည် ထိုသူများ၏အော်ဟစ်သံများကြောင့် ကျိန်းစက်ရာမှနိုးလာခဲ့ပါသည်။ လျှပ်ပန်းလျှပ်နွယ်များ၏အလင်းရောင်ကြောင့် ကိုယ်တော်၏မျက်နှာတော်ပေါ်တွင် ကောင်းကင်နိုင်ငံ၏ငြိမ်သက်ခြင်းကို သူတို့တွေ့မြင်လိုက်ရပါသည်။ သူ၏အကြည့်တွင်လည်း အတ္တကင်းသောစိတ်နှင့် နူးညံ့သိမ်မွေ့သောမေတ္တာတော်ကို သူတို့တွေ့ရှိကာ “သခင်၊ အကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ရောက်ပါ၏။ ကယ်မတော်မူပါ” ဟု လျှောက်ကြ၏။

အသက်ဝိညာဉ်များသည် ထိုသို့သောအော်ဟစ်သံများကို အမှုမဲ့အမှတ်မဲ့ဖွင့်ဟခြင်းမဟုတ်ချေ။ တမန်တော်များသည် နောက်ဆုံးကြိုးစားခြင်းကိုလုပ်ဆောင်ရန် တက်မများကိုဆွဲကိုင်လိုက်ကြစဉ်တွင် ခရစ်တော်သည် ရပ်တော်မူလိုက်ပါသည်။ မုန်တိုင်းထန်၍ လှိုင်းလေများပြင်းထန်ကာ မျက်နှာတော်အား လျှပ်ပန်းလျှပ်နွယ်များဖြင့်ထွန်းပစဉ်၌ ကိုယ်တော်သည် တမန်တော်များ၏အလယ်တွင်ရပ်တော်မူ၍ ကရုဏာတော်လုပ်ရပ်အသွင်ကိုဆောင်သည့်အနေဖြင့် လက်တော်ကိုမြှောက်လျက် လေနှင့်ပင်လယ်အား တိတ်ဆိတ်ငြိမ်ဝပ်စွာနေလော့ဟုမိန့်တော်မူ၏။

ထိုအခါတွင် မုန်တိုင်းစဲသွားကာ လှိုင်းများလည်းငြိမ်သက်သွားပါတော့သည်။ မိုးတိမ်များကင်းစင်သွားပြီး ကောင်းကင်ယံတွင်ကြယ်များပေါ်ထွန်းလာခဲ့ပါသည်။ လှေသည် ငြိမ်သက်သာယာနေသော ဂါလိလဲအိုင်ပေါ်တွင်မျောပါနေပါသည်။ ကိုယ်တော်သည် တပည့်တော်များဘက်သို့လှည့်လိုက်ပြီး သင်တို့သည် အဘယ်ကြောင့်ဤမျှလောက်ကြောက်တတ်သနည်း။ အဘယ်ကြောင့်ယုံကြည်ခြင်းစိတ်နှင့်ကင်းသနည်းဟုမေးတော်မူ၏။ မာကု ၄း၄၀။

တမန်တော်များသည် ဘာမျှပြန်၍မပြောဘဲ ဆိတ်ဆိတ်နေခဲ့ကြပါသည်။ ပေတရုပင်လျှင် မိမိခံစားခဲ့ရသောကြောက်လန့်မှုများကိုဖော်ပြရန်မကြိုးစားခဲ့ချေ။ ခရစ်တော်ကိုယ်တော်တိုင်ပါလာသည့် တမန်တော်များ၏လှေသည် ဘေးအန္တရာယ်နှင့်တွေ့ခဲ့ရပါသည်။ လှေစီးလာကြသောထိုသူများအားကြောက်ရွံ့မှုများနှင့် ပူပင်သောကများကိုဖြစ်စေခဲ့သော်လည်း ခရစ်တော်၏အမိန့်တော်တစ်ခုသည် ရုန်းရင်းခတ်နေသည့်မြင်ကွင်းကို ငြိမ်သက်သွားစေခဲ့ပါသည်။ ပြင်းထန်သောမုန်တိုင်းသည် လှေများအား တစ်စင်းနှင့်တစ်စင်းပူးကပ်သွားစေခဲ့ပြီး လှေပေါ်တွင်လိုက်ပါလာသူများသည် နိမိတ်လက္ခဏာကိုမြင်တွေ့ခဲ့ကြရပါသည်။ မုန်တိုင်းနောက်တွင်ဖြစ်ပေါ်လာသောငြိမ်သက်မှုသည် ကြောက်ရွံ့မှုကိုမေ့လျော့သွားစေခဲ့ပါသည်။ ထိုနောက်သူတို့သည် ဤသူကား အဘယ်သူနည်း။ လေနှင့်ပင်လယ်သည် သူ၏စကားကိုနားထောင်ပါသည်တကားဟု အချင်းချင်းတီးတိုးပြောဆိုကြပါသည်။

ခရစ်တော်သည် မုန်တိုင်းကိုဆုံးမဖို့ရန် အိပ်ရာမှထလာသောအချိန်တွင် ပြည့်စုံသောငြိမ်သက်မှုဖြင့် နိုးထလာခြင်းဖြစ်ပါသည်။ ကိုယ်တော်၏စိတ်နှလုံးတွင် ကြောက်ရွံ့မှုတစ်စုံတစ်ရာမရှိသည့်အတွက် စကားတော်တွင်လည်းကောင်း၊ မျက်နှာတော်တွင်လည်းကောင်း ကြောက်ရွံ့မှုတစ်စွန်းတစ်စကိုမျှမတွေ့ခဲ့ရချေ။ သို့သော်ကိုယ်တော်သည် မိမိပိုင်ဆိုင်ခဲ့သည့်အနန္တတန်ခိုးတို့အပေါ်မှီခိုတော်မမူခဲ့ချေ။ ကိုယ်တော်သည် ကောင်းကင်၊ မြေကြီးနှင့်ပင်လယ်တို့၏အရှင်သခင်အနေဖြင့် လှေထဲတွင်ဆိတ်ငြိမ်စွာလျောင်းစက်တော်မူခဲ့ခြင်းမဟုတ်ချေ။ ထိုတန်ခိုးများကိုစွန့်လွှတ်တော်မူခဲ့ပြီးဖြစ်သဖြင့် ငါသည် အလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်ဟု မိန့်တော်မူခဲ့၏။ ယောဟန် ၅း၃၀။ ကိုယ်တော်သည် ခမည်းတော်ဘုရား၏တန်ခိုးတော်ကိုသာအားကိုးပြီး အဖဘုရား၏မေတ္တာတော်နှင့်စောင့်ရှောက်မှုများကိုသာ ခိုလှုံတော်မူခဲ့ပါသည်။ မုန်တိုင်းကိုငြိမ်သက်စေခဲ့သော နှုတ်ထွက်စကားတော်များ၏တန်ခိုးတော်သည် ဘုရားသခင်၏တန်ခိုးတော်သာဖြစ်ပါသည်။



ယေရှုသည် အဖဘုရားသခင်၏မေတ္တာတော်နှင့် ပြုစုစောင့်ရှောက်မှုကို ယုံကြည်ခြင်းအားဖြင့် မှီခိုခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌ခိုလှုံကြရပါမည်။ တမန်တော်များသည် ကိုယ်တော်ရှင်အား ယုံကြည်ကိုးစားခဲ့ကြလျှင် သူတို့သည် ငြိမ်သက်သာယာစွာဖြင့် စောင့်ရှောက်မှုကိုခံကြရလိမ့်မည်ဖြစ်ပါသည်။ အန္တရာယ်ကျရောက်လာသောအချိန်တွင် ဖြစ်ပေါ်လာသောစိုးရိမ်ကြောက်ရွံ့မှုများသည် ၎င်းတို့၏မယုံကြည်မှုများကို ဖော်ပြနေပါသည်။ မိမိကိုယ်ကိုကယ်တင်ရန် ကြိုးစားခြင်းအားဖြင့် သူတို့သည် ခရစ်တော်ကိုမေ့လျော့ခဲ့ကြပါသည်။ ကိုယ့်ကိုကိုယ်အားကိုးမိသောအချိန်တွင် စိတ်သောကရောက်ခဲ့ကြပါသည်။ သို့သော် ခရစ်တော်ထံသို့ပြန်၍ဦးလှည့်လာသောအချိန်တွင်မှ ကိုယ်တော်ရှင်သည် ၎င်းတို့အားမစပေးတော်မူခဲ့ပါသည်။

တမန်တော်များ၏အတွေ့အကြုံများကဲ့သို့ ကျွန်ုပ်တို့လည်း မကြာခဏကြုံတွေ့ဖူးကြမည်သာတည်း။ စုံစမ်းခြင်းမုန်တိုင်းဆင်းလာကာ လျှပ်စီးများဝင်းလက်၍ လှိုင်းတံပိုးများထလာသောအခါ ကျွန်ုပ်တို့သည် မိမိတို့အားမစကူညီနိုင်သောအရှင်ကိုမေ့လျော့လျက် မိမိတို့ဘာသာမုန်တိုင်းကိုတွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ မျှော်လင့်ချက်များပျက်ပြားကာ ပျက်စီးတော့မည်အချိန်တိုင်အောင် ကိုယ့်ခွန်အားကိုကိုးစားခဲ့ကြပါသည်။ ထိုနောက်မှ ခရစ်တော်ကို ကျွန်ုပ်တို့သတိရခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အားကယ်တင်ရန် ကိုယ်တော့်ထံတောင်းလျှောက်ကြလျှင် ထိုတောင်းလျှောက်သံတို့သည် အချည်းနှီးဖြစ်လိမ့်မည်မဟုတ်ချေ။ ကိုယ်တော်သည် ကျွန်ုပ်တို့၏မယုံကြည်မှုများနှင့် မိမိကိုယ်ကိုယုံကြည်မှုတို့အား ဝမ်းနည်းစွာဖြင့် ဆုံးမ

ပဲ့ပြင်တော်မူမည်ဖြစ်သော်လည်း ကျွန်ုပ်တို့လိုအပ်နေသောအကူအညီများကို ပေးရန် မည်သည့်အခါမျှပျက်ကွက်တော်မူမည်မဟုတ်ချေ။ ကုန်းလမ်းခရီးတွင်ဖြစ်စေ၊ ရေလမ်းခရီးတွင်ဖြစ်စေ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ခရစ်တော်ရှိနေမည်ဆိုလျှင် စိုးရွံ့စရာမလိုပါချေ။ ကယ်တင်ရှင်အား ယုံကြည်ကိုးစားခြင်းသည် အသက်တာပင်လယ်ကြီးကို ညင်သာတည်ငြိမ်စေလိမ့်မည်ဖြစ်ပြီး အကောင်းဆုံးသောနည်းလမ်းအားဖြင့် အန္တရာယ်အသွယ်သွယ်မှ ကျွန်ုပ်တို့အား ကယ်လွှတ်တော်မူလိမ့်မည်ဖြစ်ပါသည်။

လေနှင့်ပင်လယ်ကိုငြိမ်သက်စေခဲ့သော နိမိတ်လက္ခဏာတွင် အခြားဝိညာဉ်ရေးသင်ခန်းစာတစ်ခုလည်းပါရှိနေသေးသည်။ "မတရားသောသူတို့မူကား မငြိမ်နိုင်ဘဲလှုပ်ရှား၍ ရွံ့နှင့်အမှိုက်ကိုပက်သောပင်လယ်ရေနှင့်တူကြ၏။ မတရားသောသူတို့၌ ငြိမ်သက်ခြင်းမရှိ" ဟူသောကျမ်းစာမှနှုတ်ထွက်စကားအမှန်တရားကို လူတိုင်း၏အတွေ့အကြုံများကသက်သေခံနေကြပါသည်။ ဟေရှာ ၅၇း၂၀-၂၁။ အပြစ်တရားသည် ကျွန်ုပ်တို့၏ငြိမ်သက်မှုကိုဖျက်ဆီးခဲ့ပါသည်။ ငါတည်းဟူသောအတ္တကို မချိုးနှိမ်လျှင် ကျွန်ုပ်တို့သည် သက်သာခြင်းအခွင့်ကိုမတွေ့နိုင်ကြချေ။ စိတ်နှလုံးတွင်ရှိသောငါတကော-ကောတတ်သောစိတ်ဓာတ်ကို မည်သည့်လူသားအစွမ်းသတ္တိကမျှ မထိန်းသိမ်းနိုင်ချေ။ ကျွန်ုပ်တို့သည် ပြင်းထန်နေသောမုန်တိုင်းကို ငြိမ်သက်စေခြင်းငှါ မတတ်နိုင်သောတမန်တော်များကဲ့သို့ ဤလောကတွင်ခွန်အားမဲ့သောသူများဖြစ်ကြပါသည်။ သို့သော်ဂါလိလဲအိုင်မှ လှိုင်းတံပိုးများကိုငြိမ်သက်သွားစေရန် မိန့်တော်မူခဲ့သောကိုယ်တော်ရှင်သည် ငြိမ်သက်ခြင်းနှင့်ဆိုင်သောနှုတ်ထွက်စကားများကို လူတိုင်းအတွက် မိန့်တော်မူနေပါသည်။ မည်မျှပင်ကြမ်းတမ်းသောမုန်တိုင်းကို ရင်ဆိုင်ရသည်ဖြစ်စေ ခရစ်တော်ထံသို့ဦးလှည့်၍ သခင်၊ ကျွန်ုပ်တို့အားကယ်တင်တော်မူပါဟုတောင်းလျှောက်သောသူများသည် ကယ်လွှတ်ခြင်းအခွင့်ကိုရရှိကြပေလိမ့်မည်။ လူသားများကို ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေခဲ့သောကိုယ်တော်၏ကရုဏာတော်သည် လူသားများ၏ရန်ဖက်ပြုလိုသောစိတ်များကိုငြိမ်သက်စေပြီး ကိုယ်တော်ရှင်၏မေတ္တာတော်ကြောင့် စိတ်နှလုံးများ



သည် သက်သာခြင်းအခွင့်ကိုရကြပါသည်။ ကိုယ်တော်သည် "လေပြင်းကိုပျောက်စေတော်မူ၍ လှိုင်းတံပိုးများလည်း ငြိမ်ဝပ်ကြ၏။ ထိုသို့ငြိမ်ဝပ်သောကြောင့် သူတို့သည်ဝမ်းမြောက်ကြ၏။ အလိုရှိရာသင်္ဘောဆိပ်သို့ ပို့ဆောင်တော်မူ၏။" ဆာလံ ၁၀၇း၂၉-၃၀။

ငါတို့သည်ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။ ရောမ ၅း၁။ "ဖြောင့်မတ်ခြင်းတရားသည်လည်း ငြိမ်သက်ခြင်းကိုပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးမူကား ထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း။ ဟေရှာ ၃၂း၁၇။

အရုဏ်ဦးအချိန်တွင် ခရစ်တော်နှင့်တပည့်တော်များသည် အရှေ့ဘက်ကမ်းသို့ရောက်ရှိလာခဲ့ကြပါသည်။ ထွက်ပြူလာသောနေမင်းကြီး၏လင်းရောင်ခြည်များသည် ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာနှင့်အတူ ရေပြင်ပေါ်နှင့်ကုန်းမြေပေါ်သို့ကျရောက်လာခဲ့ပါသည်။ ကမ်းပေါ်သို့တက်၍ မကြာမီမှာပင် ပြင်းထန်သောလေမုန်တိုင်းထက် ကြောက်စရာကောင်းသည့်မြင်ကွင်းတစ်ခုသည် ၎င်းတို့အားကြိုဆိုနှုတ်ဆက်နေပါသည်။ နတ်ဆိုးစွဲနေသောလူနှစ်ယောက်သည် ၎င်းတို့အားအပိုင်းပိုင်းဆုတ်ဖွဲ့ပစ်တော့မည့်ပုံမျိုးနှင့်ပုန်းအောင်းနေရာသင်္ချိုင်းဂူတို့မှတစ်ဟုန်ထိုးပြေးထွက်လာခဲ့ကြပါသည်။ ချုပ်နှောင်ထားစဉ် အသုံးပြုသည့်သံကြိုးများကို ရုန်းကန်ဖြတ်တောက်ခဲ့ကြသဖြင့် ၎င်းတို့သည် သံကြိုးတွဲတိတွဲလောင်းဖြင့်ပြေးလာကြပါသည်။ မိမိကိုယ်ကိုကျောက်စောင်းများဖြင့်ရှနာစေခဲ့ကြသဖြင့် တစ်ကိုယ်လုံးစုတ်ပြတ်နေကြပြီး သွေးများပင်ထွက်နေပါသည်။ သူတို့၏မျက်လုံးများသည် ရှည်လျားရှုပ်ထွေးနေသောဆံပင်များကြားမှပြူး၍ထွက်နေကြပါသည်။ သူတို့သည် လူနှင့်ပင်မတူတော့ဘဲ တောရိုင်းတိရစ္ဆာန်များနှင့်သာတူနေကြပါသည်။

တမန်တော်များနှင့် ၎င်းတို့၏အပေါင်းအသင်းများသည် ကြောက်အားလန့်အားဖြင့်ထွက်ပြေးသွားကြပါသည်။ သို့သော် ခရစ်တော်သည် သူတို့နှင့်အတူထွက်ပြေးသည့်အထဲတွင်ပါမလာကြောင်းကို သတိပြု

မိကြသောအခါ နောက်ကိုလှည့်၍ ကိုယ်တော်အားရှာဖွေကြည့်ရှုရာ ကိုယ်တော်သည် သူတို့ချန်ထားခဲ့သည့်နေရာ၌ပင် ရပ်နေတော်မူကြောင်း တွေ့မြင်ခဲ့ကြပါသည်။ မုန်တိုင်းများကိုငြိမ်သက်စေတော်မူခဲ့သော၊ ယခင်က စာတန်အားအောင်မြင်တော်မူခဲ့သောကိုယ်တော်သည် ဤနတ်ဆိုးများ ရှေ့မှောက်မှထွက်ပြေးတော်မမူချေ။ အံသွားကြိတ်ခဲ၍ ပါးစပ်မှအမြှုပ်များ ထွက်နေသောထိုလူများသည် ကိုယ်တော်အနားသို့ချဉ်းကပ်လာသောအခါ လှိုင်းလေများကိုငြိမ်သက်ရန် ပြယမ်းခဲ့သောလက်တော်ကိုမြှောက်ပြတော်မူခဲ့ပါသည်။ ထိုသူများသည် ပို၍နီးကပ်စွာမချဉ်းကပ်နိုင်ခဲ့ကြချေ။ သူတို့သည် စိတ်ဆိုးမာန်ဆိုးနှင့်ရပ်နေကြသော်လည်း ကိုယ်တော်ရှင်၏ရှေ့မှောက်တွင် ဘာမျှမတတ်နိုင်ကြချေ။

ထိုနောက်ကိုယ်တော်သည် နတ်ဆိုးများအား ၎င်းတို့နှစ်ယောက်ထံမှထွက်သွားရန် တန်ခိုးအာဏာဖြင့်နှင်ထုတ်တော်မူပါသည်။ ကိုယ်တော်၏စကားသံသည် ကံဆိုးမိုးမှောင်ကျနေသောထိုသူများ၏မှောင်မိုက်နေသော စိတ်နှလုံးထဲသို့ထိုးဖောက်ဝင်ရောက်သွားခဲ့ပါသည်။ မိမိတို့အား နတ်ဆိုး၏ ဖိစီးနှိပ်စက်မှုများမှကယ်တင်နိုင်မည့်ပုဂ္ဂိုလ်တစ်ဦးသည် အနီးတွင်ရောက်ရှိနေကြောင်းကို သူတို့မထင်မရှားသိရှိခဲ့ကြပါသည်။ သူတို့သည် ကယ်တင်ရှင်အားကိုးကွယ်ရန် ခြေတော်ရင်းတွင်ပျပ်ဝပ်လိုက်သော်လည်း မစသနားဖို့ အသနားခံရန် ပါးစပ်ကိုဖွင့်လိုက်သောအချိန်တွင် နတ်ဆိုးကြီးသည် သူတို့အားဖြင့် "ဘုရားသခင်၏သားတော်ယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အဘယ်သို့ဆိုင်သနည်း။ အချိန်မရောက်မီ အကျွန်ုပ်တို့ကိုညှဉ်းဆဲခြင်းငှါ ကြွလာတော်မူသလော" ဟုအော်ဟစ်၍လျှောက်လေ၏။

ယေရှုက သင်သည်အဘယ်အမည်ရှိသနည်းဟုမေးတော်မူလျှင် ကျွန်ုပ်အမည်သည် လေဂေါင်ဖြစ်ပါသည်။ အကျွန်ုပ်တို့သည် အများဖြစ်ကြပါသည်ဟုလျှောက်ထား၏။ ထိခိုက်နာကျင်နေသောထိုသူများကို ကြားခံအဖြစ်အသုံးပြု၍ သူတို့သည် မိမိတို့အား ထိုနယ်မှအပြင်သို့မနှင်ပစ်ရန် တောင်းပန်ခဲ့ကြပါသည်။ ထိုနေရာမှများစွာမဝေးကွာသောတောင်စောင်းပေါ်တွင် ဝက်များအစာစားနေကြပါသည်။ ထိုဝက်များထဲသို့ဝင်ခွင့်ပြုရန်



ယေရှုအားတောင်းပန်ကြသဖြင့် ကိုယ်တော်သည် ချက်ချင်းအခွင့်ပေးတော်မူခဲ့၏။ ညစ်ညူးသောနတ်တို့သည် ထိုဝက်များထဲသို့ဝင်ကြသဖြင့် ဝက်အစုသည် အိုင်ကမ်းစောက်သို့ တစ်ဟုန်ထိုးပြေးဆင်း၍ ၎င်းတို့အား မည်သူကမျှမတားဆီးနိုင်မီမှာပင် ရေထဲတွင်နစ်၍ သေဆုံးကုန်ကြပါသည်။

ထိုအချိန်အတောအတွင်းမှာပင် နတ်ဆိုးအစွဲခံခဲ့ရသူနှစ်ဦး၏ အခြေအနေသည် အံ့သြဖွယ်ပြောင်းလဲခဲ့ပါသည်။ သူတို့၏စိတ်နှလုံးတွင် အလင်းတော်ထွန်းလင်းခဲ့ပေပြီ။ သူတို့၏မျက်စိများသည် အသိဉာဏ်ဝင်လာကာတောက်ပနေပါသည်။ အချိန်ကြာမြင့်စွာ စာတန်၏သဏ္ဍာန်ကိုဆောင်ခဲ့သောသူတို့၏ရုပ်သွင်များသည်လည်း နူးညံ့သိမ်မွေ့လာပြီး သွေးစွန်းသောလက်များသည် ငြိမ်သက်မှုရှိလာကြပါသည်။ ထိုနောက် ထိုသူများသည် မိမိတို့ခံစားရရှိခဲ့သောလွတ်မြောက်မှုအတွက် ဝမ်းမြောက်ဝမ်းသာသော အသံများဖြင့် ဘုရားသခင်ကိုချီးမွမ်းထောမနာပြုကြပါသည်။

တောင်များပေါ်တွင်ရှိနေသော ဝက်ကျောင်းသမားများသည် အဖြစ်အပျက်အားလုံးကိုတွေ့မြင်ခဲ့ကြရသဖြင့် ထိုသတင်းကို ဝက်ပိုင်ရှင်များနှင့် လူအများအားပြောကြားရန်အတွက် မြို့ထဲသို့အလျင်အမြန်သွားခဲ့ကြပါသည်။ မြို့ထဲရှိလူအားလုံးသည် ကြောက်ရွံ့အံ့သြစွာဖြင့် ယေရှုထံတွင်စုရုံးလာခဲ့ကြပါသည်။ တစ်မြို့လုံးက နတ်ဆိုးစွဲနေသောထိုသူနှစ်ယောက်အား ကြောက်ရွံ့ခဲ့ကြသည်။ ထိုသူများရှိသည့် ထိုနေရာကိုဖြတ်သွားခြင်းအတွက် မည်သူ၌မျှလုံခြုံမှုမရှိချေ။ အကြောင်းမူကား ထိုသူများသည် ဖြတ်သန်းသွားသည့်ခရီးသွားများထံသို့ အမျက်ဒေါသပြင်းထန်စွာဖြင့် တစ်ဟုန်ထိုးပြေးလာတတ်ကြခြင်းကြောင့်ဖြစ်ပါသည်။ ယခုတွင်မူ ထိုသူများသည် စိတ်နှလုံးကြည်ကြည်သာသာနှင့် ကောင်းမွန်စွာဝတ်စားကာ ခရစ်တော်၏ခြေတော်ရင်းတွင်ထိုင်လျက်၊ ကိုယ်တော်၏နှုတ်ထွက်စကားများကိုနားထောင်လျက်၊ မိမိတို့အား ကျန်းမာစေခဲ့သော ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလျက်ရှိကြပါသည်။ သို့သော် ထိုအံ့သြဖွယ်ရာမြင်ကွင်းကို မြင်ရသူများသည် မပျော်ရွှင်နိုင်ခဲ့ကြချေ။ ထိုလူနှစ်ယောက်ကို စာတန်၏

အနှောင်အဖွဲ့မှ လွတ်မြောက်စေသည်ထက် ဝက်များ၏ဆုံးရှုံးမှုသည် ၎င်းတို့အားပိုမို၍တုန်လှုပ်စေခဲ့ပါသည်။

ကိုယ်တော်ရှင်သည် ဝက်ပိုင်ရှင်များအား သနားတော်မူသည့်အတွက် ထိုဆုံးရှုံးမှုကို ၎င်းတို့အပေါ်သို့ကျရောက်စေခဲ့ခြင်းဖြစ်ပါသည်။ ထိုသူများသည် လောကီရေးရာများတွင်သာနစ်မျောနေကြပြီး ဝိညာဉ်ရေးအသက်တာ၏ကြီးမားသောအကျိုးကျေးဇူးများကို ဂရုမစိုက်ခဲ့ကြချေ။ သူတို့သည် ကိုယ်တော်၏ကရုဏာတော်ကို ခံစားခွင့်ရရှိစေရန်အလို့ငှါ တစ်ကိုယ်ကောင်းစိတ်မှိုင်းကိုချေဖျက်ရန် ယေရှုရှင်အလိုရှိတော်မူပါသည်။ သို့သော် ၎င်းတို့လောကပစ္စည်းများဆုံးရှုံးခြင်းအတွက် ဖြစ်ပေါ်လာသော နှမြောစိတ်များ၊ ဒေါသစိတ်များသည် ၎င်းတို့၏မျက်စိများအား ကယ်တင်ရှင်၏ကရုဏာတော်ကို မျက်ကွယ်စေခဲ့ပါသည်။

သဘာဝထက်လွန်ကဲသော တန်ခိုးတော်ထင်ရှားမှုသည် ထိုသူများ၏ အယူသီးမှုကိုဖြစ်စေခဲ့ပြီး ကြောက်ရွံ့မှုကိုလည်းတိုးပွားစေခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကို သူတို့အထဲတွင်ရှိနေခြင်းအားဖြင့် နောက်ထပ်ဘေးဒုက္ခများသည် ဆက်တိုက်လိုက်လာလိမ့်မည်ဟု ထင်ခဲ့ကြပါသည်။ ငွေကြေးဆုံးရှုံးမှုများကိုစိုးရိမ်ခဲ့ကြသဖြင့် ကိုယ်တော်ရှင်နှင့်ကင်းကင်းရှင်းရှင်းနေထိုင်ကြရန် သူတို့ဆုံးဖြတ်ခဲ့ကြပါသည်။ ယခင်ညက ခရစ်တော်နှင့်အတူ လှေစီး၍ ဂါလိလဲအိုင်ကိုဖြတ်လာခဲ့ကြသူများက တွေ့ကြုံခဲ့ရသောမုန်တိုင်းများအကြောင်းကိုလည်းကောင်း၊ လေနှင့်ပင်လယ်ကို မည်ကဲ့သို့ငြိမ်သက်စေခဲ့ကြောင်းများကိုလည်းကောင်း ထိုသူတို့အားပြောပြကြသော်လည်း သူတို့၏စကားများသည် အရာမရောက်ခဲ့ကြချေ။ လူအများသည် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကိုယ်တော်ထံတွင်စုရုံးလာခဲ့ကြပြီး ၎င်းတို့ထံမှထွက်ခွာသွားရန် အနူးအညွတ်တောင်းပန်ခဲ့ကြသဖြင့် ကိုယ်တော်ရှင်သည် ၎င်းတို့၏ဆန္ဒများကိုလိုက်လျောကာ ချက်ချင်းပင်အနောက်ဘက်ကမ်းသို့ ပြန်၍လှေနှင့်ကူးတော်မူခဲ့ပါသည်။

ခရစ်တော်၏ကရုဏာတော်နှင့် တန်ခိုးတော်အတွက် ထင်ရှားသောအထောက်အထားများကို ဂါဒရမြို့သားများမြင်တွေ့ခဲ့ရပါသည်။ မူလအခြေ



အနေမှန်ကိုပြန်လည်ရောက်ရှိခဲ့သောသူများကို ၎င်းတို့မြင်တွေ့ခဲ့ကြရသော်လည်း ၎င်းတို့၏လောကဘဏ္ဍာများကို ထိပါးလာမည်ကိုစိုးရိမ်သောကြောင့် သူတို့၏ရှေ့မှောက်တွင် နတ်ဆိုးကိုနှင်ထုတ်ခဲ့သော ကိုယ်တော်အားကျူးကျော်ဝင်ရောက်လာခဲ့သူတစ်ဦးပမာ ဆက်ဆံခဲ့ကြပြီး ကောင်းကင်နိုင်ငံမှဆုလာဘ်အဖြစ် ပေးသနားတော်မူသောကိုယ်တော်ရှင်အား ၎င်းတို့၏အိမ်တံခါးမှလှည့်ပြန်စေခဲ့ကြပါသည်။ ကျွန်ုပ်တို့တွင် ခရစ်တော်အား ဂါဒရမြို့သားများကဲ့သို့ ကိုယ်ထိလက်ရောက်နှင်ထုတ်နိုင်ခွင့်မရကြသော်လည်း နားထောင်ခြင်းသည် လောကီဥစ္စာများကို ဆက်ကပ်ပူဇော်ခြင်းနှင့်ပတ်သက်နေသောကြောင့် ကိုယ်တော်၏နှုတ်ကပတ်တော်များကို နားထောင်ရန် ငြင်းဆန်ခြင်းအားဖြင့် လူများစွာတို့သည် ကိုယ်တော်ကို နှင်ထုတ်နေကြပါသည်။ ကိုယ်တော်ရှင်အတူရှိနေခြင်းသည် ၎င်းတို့အား ငွေကြေးဆုံးရှုံးမှုကိုဖြစ်စေမည်ဟုစိုးရိမ်သောကြောင့် လူများစွာတို့သည် ကိုယ်တော်ရှင်၏ကရုဏာတော်ကိုငြင်းပယ်၍ သန့်ရှင်းသောဝိညာဉ်တော်ကို ၎င်းတို့ထံမှနှင်ထုတ်ခဲ့ကြပါသည်။

သို့သော်လည်း နတ်ဆိုးနှင်ထုတ်ခြင်းခံခဲ့ရသော ထိုလူနှစ်ယောက်၏ခံစားချက်သည် ၎င်းတို့နှင့်များစွာကွာခြားလှပါသည်။ သူတို့နှစ်ယောက်သည် ကိုယ်တော်ရှင်အား အပေါင်းအဖော်ပြုလိုကြပါသည်။ ကိုယ်တော်ရှင်၏ရှေ့တော်မှောက်တွင်နေထိုင်ရခြင်းအားဖြင့် ၎င်းတို့အား ဖိစီးနှိပ်စက်၍ အသရေပျက်စေခဲ့သည့်နတ်ဆိုးရန်မှ လုံခြုံသည်ဟု သူတို့သိရှိခဲ့ကြပါသည်။ ခရစ်တော်သည် လှေထဲသို့ဝင်တော်မူမည့်ဆဲဆဲတွင် ထိုသူတို့သည် ကိုယ်တော်ရှင်၏နံဘေးမှကပ်၍လိုက်လာကြကာ ခြေတော်ရင်းတွင် ဒူးထောက်လိုက်ကြပြီး နှုတ်ထွက်စကားများကို အမြဲတမ်းနာကြားခွင့်ရရှိပါမည့်အကြောင်း ကိုယ်တော်ရှင်နှင့်အတူလိုက်ပါနေထိုင်ခွင့်ပြုပါရန် တောင်းပန်ခဲ့ကြပါသည်။ သို့သော်လည်း ခရစ်တော်သည် ၎င်းတို့အား မိမိတို့၏အိမ်သို့ပြန်၍ ခံစားခဲ့ရသော ဘုရားသခင်ပြုတော်မူသည့် ကြီးမြတ်လှသောအရာများကိုပြောပြကြရန် အမိန့်ပေးတော်မူခဲ့ပါသည်။

ဤနေရာတွင် ၎င်းတို့လုပ်ဆောင်ရန်အလုပ်မှာ တစ်ပါးအမျိုးသား အိမ်တစ်အိမ်ကိုသွား၍ ခရစ်တော်ထံမှ မိမိတို့ခံစားရရှိခဲ့သော ကောင်းချီးမင်္ဂလာများအကြောင်းကို ပြောပြကြရန်ဖြစ်ပါသည်။ သူတို့သည် ကိုယ်တော်နှင့်မခွဲခွာလိုကြချေ။ တစ်ပါးအမျိုးသားဖြစ်သော ၎င်းတို့၏နယ်သားများတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ကြီးမားသောအခက်အခဲများတို့နှင့် သေချာပေါက်တွေ့ကြုံကြရမည်ဖြစ်သည်။ လူ့အသိုက်အဝန်းနှင့် အချိန်ကြာမြင့်စွာခွဲခွာ၍နေထိုင်ခြင်းသည်လည်း ၎င်းတို့အား ကိုယ်တော်ရှင်စေခိုင်းခဲ့သောအလုပ်အတွက် မသင့်လျော်သယောင်ဖြစ်နေပါသည်။ သို့သော်လည်း ခရစ်တော်သည် ၎င်းတို့လုပ်ဆောင်ရန် တာဝန်ကို ညွှန်ပြလိုက်သည်နှင့်တစ်ပြိုင်နက် နားထောင်ရန် အဆင်သင့်ရှိခဲ့ကြပါသည်။ သူတို့သည် ခရစ်တော်အကြောင်းကို မိမိတို့၏အိမ်သူအိမ်သားများနှင့် အိမ်နီးနားချင်းများကိုပြောပြကြရုံသာမက ဒေကာပေါလိပြည်အနှံ့အပြားသို့သွား၍ ကိုယ်တော်ရှင်၏ကယ်တင်ခြင်းတန်ခိုးတော်အကြောင်းကို ကြွေးကြော်ကာ ၎င်းတို့အား နတ်ဆိုးဖိစီးမှုမှ မည်ကဲ့သို့လွတ်ကင်းစေခဲ့ကြောင်းများကို ဖော်ပြပြောဆိုခဲ့ကြပါသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းအားဖြင့် မိမိတို့အတွက်သာ ဘေးကင်းလုံခြုံဖို့ ခရစ်တော်ဘုရား၏ရှေ့မှောက်တွင်နေသည်ထက်ပို၍ကောင်းချီးခံစားနိုင်ကြပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်သောသတင်းစကားများကိုဖြန့်ချိရန် လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အနီးသို့ပို့ဆောင်ခြင်းကိုခံကြရပါသည်။

နတ်ဆိုးစွဲခြင်းမှပြန်လည်ကောင်းမွန်လာခဲ့သော ထိုလူနှစ်ယောက်သည် ဒေကာပေါလိနယ်တွင် ဧဝံဂေလိတရားဟောရန် ခရစ်တော်စေလွှတ်တော်မူခဲ့သည့် ပထမဦးဆုံးသောသာသနာပြုများဖြစ်ကြပါသည်။ ထိုသူတို့သည် ခရစ်တော်၏ဒေသနာတော်ကို ခေတ္တခဏသာကြားနာခွင့်ရရှိခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏နှုတ်တော်မှထွက်လာသော မည်သည့်တရားဒေသနာကိုမျှ သူတို့မကြားဖူးခဲ့ကြချေ။ ခရစ်တော်နှင့်နေ့စဉ်အတူနေထိုင်ခဲ့ကြသော တမန်တော်များကဲ့သို့လည်း သူတို့သည် လူများကိုမသွန်သင်တတ်ကြချေ။ သို့သော် သူတို့သည် မိမိတို့၏ပုဂ္ဂလိကအသက်တာအားဖြင့်





ခရစ်တော်သည် မေရှိယဖြစ်ကြောင်း အထောက်အထားများကိုပြသခဲ့ကြသည်။ မိမိတို့မြင်ခဲ့ရသောအရာများကိုပြောပြနိုင်ခဲ့ကြပြီး ခရစ်တော်၏တန်ခိုးတော်ကိုလည်း သူတို့ခံစားခဲ့ကြရပါသည်။ ဤအရာသည် ဘုရားသခင်၏ကရုဏာတော်နှင့်ထိတွေ့မှုရှိသော စိတ်နှလုံးပိုင်ရှင်တိုင်းက လုပ်ဆောင်နိုင်သောအရာဖြစ်ပါသည်။ ကိုယ်တော်ချစ်သောတပည့်တော်ရှင်ယောဟန်က “ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက် စေ့စေ့ကြည့်ရှု၍ လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သောနှုတ်ကပတ်တော်နှင့်ဆိုင်သောအရာကို သင်တို့အားပြသကြ၏။---ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏။” ၁ယော၊ ၁း၁-၃။ ကျွန်ုပ်တို့သည် ခရစ်တော်၏သက်သေခံများအနေဖြင့် မိမိသိရှိခဲ့သော၊ ကြားခဲ့မြင်ခဲ့၊ ခံစားခဲ့ရသောအရာများကိုပြောဟောကြရပါမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ခြေတော်ရာများကို လိုက်လျှောက်လျက်ရှိခဲ့ကြလျှင် ခရစ်တော်လမ်းပြခဲ့သည့်နည်းလမ်းများနှင့်ပတ်သက်၍ ထိထိမိမိပြောပြနိုင်ကြပါလိမ့်မည်။ ကိုယ်တော်၏ကတိတော်များကို ကျွန်ုပ်တို့မည်ကဲ့သို့စမ်းသပ်ခဲ့ကြပြီး မည်မျှပြည့်စုံခဲ့ကြောင်းကိုလည်း ပြောပြနိုင်ကြလိမ့်မည်ဖြစ်ပါသည်။ ခရစ်တော်၏ကရုဏာတော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်သည့်အရာများကိုလည်းသက်သေခံနိုင်ကြပါသည်။ ဤကဲ့သို့သောသက်သေခံမျိုးကို ခရစ်တော်ရှင်ခေါ်တော်မူလျက်ရှိပါသည်။ အကြောင်းမူကား ထိုသို့သောသက်သေခံများမရှိခဲ့ပါလျှင် လူအများပျက်စီးကြရလိမ့်မည်ဖြစ်သောကြောင့်တည်း။

ဂါဒရပြည်သားများသည် ခရစ်တော်ကိုလက်မခံခဲ့ကြသော်လည်း ကိုယ်တော်သည် ၎င်းတို့အားအမှောင်ထဲတွင် ပစ်ထားတော်မမူခဲ့ချေ။ ကိုယ်တော်ရှင်အား မိမိတို့ထံမှထွက်သွားရန်တောင်းဆိုခဲ့ကြသော်လည်း သူတို့သည် ကိုယ်တော်၏တရားစကားများကို မကြားနာဖူးသေးချေ။ မိမိတို့သည် မည်သည့်အရာကိုငြင်းပယ်နေကြောင်းကိုလည်း သူတို့မသိခဲ့ကြချေ။ ထို့ကြောင့် ၎င်းတို့အနေနှင့်နားထောင်ရန် မငြင်းပယ်မည့်သူများ

အားဖြင့် ကိုယ်တော်သည် အလင်းတော်ကိုသူတို့ထံတစ်ဖန်ပေးပို့တော်မူခဲ့ပါသည်။

ဝက်များကိုပျက်စီးစေခြင်းအမှုတွင် လူအများအား ခရစ်တော်ထံမှ ဦးလှည့်သွားရန်နှင့် ထိုဒေသနာတွင် ဧဝံဂေလိတရားဟောကြားခြင်းလုပ်ငန်းကိုတားဆီးရန် လုပ်ဆောင်ခြင်းသည် စာတန်၏အကြံအစည်ပင်ဖြစ်ပါသည်။ သို့သော် ထိုဖြစ်ရပ်သည် အခြားသောဖြစ်ရပ်များထက် တစ်ပြည်လုံးကိုနိုးကြားစေခဲ့ပြီး ခရစ်တော်ကိုအာရုံပြုစေခဲ့ပါသည်။ ခရစ်တော်ကိုယ်တော်တိုင် ထွက်ခွာသွားခဲ့သော်လည်း ကုသပေးတော်မူခဲ့သည့်ထိုလူများသည် ကိုယ်တော်၏တန်ခိုးတော်အတွက် သက်သေခံများအဖြစ် ဆက်လက်ရှိနေခဲ့ကြပါသည်။ စာတန်၏ကြားခံဆက်သွယ်မှုများဖြစ်ခဲ့သော ၎င်းတို့သည် အလင်းတော်၏ဆက်သွယ်ရေးမြောင်းများ၊ သားတော်ဘုရား၏စေတမန်များဖြစ်လာခဲ့ကြပါသည်။ လူများသည် ဝမ်းမြောက်ဖွယ်ရာသတင်းစကားများကို နားထောင်ရသောအခါ အံ့သြခဲ့ကြရပါသည်။ ထိုနယ်အနှံ့အပြားတွင် ဧဝံဂေလိတရားတော်အတွက် တံခါးပွင့်သွားပေပြီ။ ဒေကာပေါလိပြည်သို့ ခရစ်တော်ပြန်လည်ကြွလာသောအခါ ထိုပြည်တွင်နေထိုင်သူများသာမက အနီးပတ်ဝန်းကျင်မှ လူထောင်ပေါင်းများစွာတို့သည် သုံးရက်လုံးလုံးကိုယ်တော်ထံသို့လာရောက်စုရုံးကြပြီး ကယ်တင်ခြင်းသတင်းစကားကို နားထောင်ခဲ့ကြပါသည်။ နတ်ဆိုးများ၏တန်ခိုးသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်လက်အောက်တွင်ရှိပြီး ၎င်းတို့လုပ်ဆောင်မှုများကို ကောင်းသောအရာများအတွက် ဖယ်ရှားတော်မူခဲ့ပါသည်။

ဂါဒရမှနတ်ဆိုးစွဲခံရသူများနှင့်တွေ့ဆုံခဲ့ခြင်းတွင် တမန်တော်များအတွက် သင်ခန်းစာတစ်ခုရရှိခဲ့ပါသည်။ စာတန်သည် လူသားမျိုးစုတစ်စုလုံးအား ယုတ်ညံ့သိမ်ဖျင်းစေသောတွင်းနက်ကြီးထဲသို့ ယူသွားရန် ကြိုးစားနေကြောင်းကို ထိုအဖြစ်အပျက်များတို့က ပြသခဲ့သကဲ့သို့ ခရစ်တော်၏အမှုတော်သည် လူသားများတို့အား စာတန်၏တန်ခိုးမှလွတ်မြောက်အောင်လုပ်ဆောင်ရန်ဖြစ်ကြောင်းကိုလည်း ထင်ရှားစေခဲ့ပါသည်။ သင်္ချိုင်း



တစ်စပြင်တွင်နေထိုင်လျက် နတ်ဆိုးအစွဲခံနေရသော အထိန်းအသိမ်းမရှိခံစားနေရသည့်စိတ်ဝေဒနာများတို့နှင့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် အလိုရမ္မက်များတို့၏ကျေးကျွန်ဘဝတွင် အတိဒုက္ခရောက်နေကြသော ထိုသူများတို့သည် စာတန်၏စိုးစံအုပ်ချုပ်မှုတွင် လက်မြှောက်အရှုံးပေးလျှင် ဖြစ်ပေါ်လာမည့်လူသားများ၏အခြေအနေကို ပုံဆောင်ထားပါသည်။ စာတန်၏တန်ခိုးသည် လူသားများအား စိတ်အာရုံကိုသွေဖည်စေရန် စိတ်နှလုံးကို ဒုစရိုက်များက ထိန်းချုပ်စေရန် အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများကိုကျူးလွန်ဖို့လှုံ့ဆော်ရန် မနားမနေကြိုးစားနေပါသည်။ သူသည် လူသားများ၏ကိုယ်ခန္ဓာကို အင်အားချည့်နဲ့စေပြီး အသိဉာဏ်များကို မိုက်မဲစေကာ အသက်ဝိညာဉ်ကိုယုတ်ညံ့သိမ်ဖျင်းစေပါသည်။ လူသည် ခရစ်တော်၏ဖိတ်ခေါ်သံကိုငြင်းပယ်လျှင် မိမိကိုယ်ကို စာတန်ထံတွင်အပ်နှံနေခြင်းဖြစ်ပါသည်။ အလုပ်ဌာနတိုင်း၊ အသက်တာတိုင်း၊ အိမ်ထောင်တိုင်း၊ စီးပွားရေးလုပ်ငန်းတိုင်းနှင့် အသင်းတော်တိုင်းတွင် ရှိနေကြသောလူများစွာတို့သည် ဤအရာကို ယနေ့လုပ်ဆောင်ကြလျက်ရှိပါသည်။ ထိုအကြောင်းကြောင့် လောကကမ္ဘာတွင် အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများသည် အဆမတန်ပျံ့နှံ့ခဲ့ပြီး အကျင့်စာရိတ္တဖောက်ပြန်မှုများသည် သေမင်းဝတ်ရုံကဲ့သို့ ကမ္ဘာ့လူသားများအပေါ်လွှမ်းခြုံခဲ့ပါသည်။ စာတန်သည် ၎င်း၏ယုတ္တိညီဟန်ရှိသော စုံစမ်းနှောင့်ယှက်ခြင်းများအားဖြင့် လုံးလုံးအကျင့်ပျက်ပြား၍ ပျက်စီးဆုံးရှုံးခြင်းရလဒ်ကိုဖြစ်ပေါ်လာသည်အထိ လူများကိုဆိုးသည်ထက်ဆိုးအောင် ပို့ဆောင်နေပါသည်။ ၎င်း၏တန်ခိုးမှ လုံခြုံမှုပေးနိုင်သောတစ်ခုတည်းသောနေရာကို ခရစ်တော်၌သာတွေ့ရှိရပါသည်။ လူသားများနှင့်ကောင်းကင်တမန်များရှေ့မှောက်တွင် စာတန်ကို လူသားတို့၏ရန်သူအဖြစ်ဖြင့်လည်းကောင်း၊ ဖျက်ဆီးသူအနေဖြင့်လည်းကောင်း၊ ထင်ရှားပေါ်လွင်စေသကဲ့သို့ ခရစ်တော်သည် လူသားများ၏မိတ်ဆွေအဖြစ်ဖြင့်လည်းကောင်း၊ ကယ်လွှတ်ရှင်အနေဖြင့်လည်းကောင်း ပေါ်လွင်စေလျက်ရှိပါသည်။ ကိုယ်တော်၏ဝိညာဉ်တော်သည် လူသားများ၏စာရိတ္တကိုကြီးမြတ်စေပြီး လူ့သဘာဝကို ရိုသေလေးမြတ်ဖွယ်ဖြစ်စေမည့်

အရာခပ်သိမ်းတို့ကို လူသားများ၌တိုးတက်ဖွံ့ဖြိုးစေလိမ့်မည်ဖြစ်ပါသည်။ ထိုဝိညာဉ်တော်သည် ထာဝရဘုရား၏ဘုန်းတော်ကို လူသားများ၏ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးတွင်တည်ဆောက်ပေးပါလိမ့်မည်။ ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်၊ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏။" ၂တိ ၁း၇။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ဘုန်းတည်းဟူသော အကျင့်စာရိတ္တကိုပိုင်ဆိုင်ရန်နှင့် သားတော်၏ပုံသဏ္ဍာန်တော်နှင့် တစ်ညီတည်းဖြစ်စေခြင်းငှါ ကိုယ်တော်ရှင်ခေါ်တော်မူခဲ့ပါသည်။ ၂သက် ၂း၁၄။ ရောမ ၈း၂၉။

စာတန်၏အသုံးတော်ခံများအဖြစ် ယုတ်ညံ့သိမ်ဖျင်းဖူးခဲ့ကြသော အသက်ဝိညာဉ်များကို ခရစ်တော်၏တန်ခိုးတော်ဖြင့် ဖြောင့်မတ်ခြင်းတရား၏စေတမန်များတို့အဖြစ် ပြုပြင်ပြောင်းလဲကာ ဘုရားသခင်သည် သင်၌ အဘယ်မျှလောက်ကျေးဇူးပြုတော်မူသည်ကို ကြားပြောစေခြင်းငှါ သားတော်ဘုရားအားဖြင့် စေလွှတ်တော်မူပါသည်။

-၀-



## (၃၆)
## ယုံကြည်သဖြင့် 'တို့ခြင်း'

ရှင်မဿဲ ၉း၁၈-၂၆။ မာကု ၅း၂၁-၄၃။ လုကာ ၈း၄၀-၅၆
ကိုအခြေပြုထားပါသည်

သခင်ယေရှုသည် ဂါဒရမှအနောက်ဘက်ကမ်းသို့ပြန်လည်ကြွချီတော်မူခဲ့ရာ မိမိအားဝမ်းမြောက်ဝမ်းသာကြိုဆိုနေသောလူအုပ်ကြီးကို တွေ့မြင်တော်မူခဲ့ရပါသည်။ ကိုယ်တော်သည် ကမ်းနား၌ပင် အချိန်ကြာမြင့်စွာတရားဒေသနာများကိုဟောကြားခြင်းနှင့် လူနာများအားကုသခြင်းများကို ဆောင်ရွက်ပြီးနောက် အခွန်ခံမဿဲ၏နေအိမ်တွင် အခြားအခွန်ခံများနှင့်အတူ ထမင်းစားပွဲတက်ရန် ထွက်ခွာသွားတော်မူပါသည်။ ထိုနေရာတွင် တရားဇရပ်မှူးယာက္ကရုသည် ကိုယ်တော်အားတွေ့ဆုံခဲ့ပါသည်။

ထိုသူသည် စိတ်အားညှိုးငယ်စွာဖြင့် ကိုယ်တော်ထံသို့ရောက်လာကာ ခြေတော်ရင်း၌ပျပ်ဝပ်လျက် အကျွန်ုပ်၏သမီးငယ်သေလုပါပြီ၊ သို့သော်လည်း ကိုယ်တော်သည် ကြွ၍ သူ့ကိုကယ်တင်ခြင်းငှါ သူမ၏အပေါ်၌ လက်ကိုတင်တော်မူလျှင် အသက်ရှင်ပါလိမ့်မည်ဟုတောင်းပန်လေ၏။

သခင်ယေရှုသည် ထိုသူနှင့်အတူ သူ၏အိမ်သို့ချက်ချင်းလိုက်ပါသွားတော်မူခဲ့၏။ တမန်တော်များသည် ကိုယ်တော်ရှင်၏ကရုဏာလုပ်ရပ်များကို မြင်ဖူးခဲ့ကြသော်လည်း ဟန်ကြီးပန်ကြီးနိုင်လှသောထိုတရားဇရပ်မှူး၏တောင်းပန်ချက်ကို လိုက်လျောခဲ့သည့်အတွက် ကိုယ်တော်အားအံ့အားသင့်ခဲ့ကြပါသည်။ သို့စေကာမူ သူတို့သည် ကိုယ်တော်နှင့်အတူလိုက်ပါသွားကြသဖြင့် လူအပေါင်းတို့သည်လည်း စိတ်အားထက်သန်စွာဖြင့် မျှော်လင့်ချက်ကြီးစွာဖြင့် နောက်တော်သို့လိုက်ခဲ့ကြပါသည်။

တရားဇရပ်မှူး၏အိမ်သည် ထိုနေရာမှများစွာမဝေးကွာလှသော်လည်း လူအုပ်ကြီး၏တိုးဝှေ့မှုကြောင့် သခင်ယေရှုနှင့်တကွ နောက်တော်မှ

လိုက်ပါလာသူများသည် ထိုအိမ်သို့တော်တော်နှင့်မရောက်နိုင်အောင်ဖြစ်နေကြပါသည်။ စိုးရိမ်ပူပန်လျက်ရှိသောဖခင်ကြီးသည် နှောင့်နှေးကြန့်ကြာမှုအတွက် သည်းမခံနိုင်အောင်ဖြစ်နေခဲ့သော်လည်း ကိုယ်တော်သည် သနားကြင်နာသောစိတ်ဖြင့် ရောဂါဝေဒနာခံစားနေသူများအား သက်သာခွင့်ပေးရန်နှင့် စိတ်ဒုက္ခရောက်နေသူများကို နှစ်သိမ့်မှုပေးရန် ရံဖန်ရံခါရပ်တန့်တော်မူခဲ့ပါသည်။

သူတို့သည် ထိုအိမ်သို့သွားနေကြစဉ်မှာပင် သမီးငယ်သေဆုံးသွားပြီဖြစ်ကြောင်း၊ ကိုယ်တော်အားဆက်၍ ဒုက္ခပေးနေခြင်းသည် အချည်းနှီးသာဖြစ်ကြောင်း လူတစ်ယောက်သည် လူအုပ်အတွင်းသို့တိုးဝှေ့လာလျက် ယာဣရုအားသတင်းပို့ခဲ့ပါသည်။ ယေရှုသည် ထိုစကားကိုကြားလျှင် မကြောက်ကြနှင့်၊ ယုံကြည်ခြင်းစိတ်တစ်ခုသာရှိစေတော့ဟု တရားဇရပ်မှူးအား ချက်ချင်းမိန့်တော်မူ၏။

ယာဣရုသည် ကိုယ်တော်၏အနီးတွင်ကပ်လျက် အိမ်သို့အလျင်အမြန်လျှောက်လှမ်းလာခဲ့ပါသည်။ ခရစ်တော်နှင့်တပည့်တော်တို့သည် ထိုအိမ်သို့ရောက်ရှိလာသောအခါ အငှါးငိုချင်းသည်များနှင့် အတီးအမှုတ်သမားများသည် ထိုအိမ်တွင်ရောက်ရှိထားနှင့်ပြီဖြစ်ပြီး ဆူညံစွာအော်ဟစ်ငိုကြွေးသံများနှင့် အုံအုံသဲသဲဖြစ်လျက်ရှိပါသည်။ ထိုမြင်ကွင်းသည် ခရစ်တော်၏စိတ်နှလုံးကိုထိခိုက်နာကျင်စေပါသည်။ သို့အတွက် သင်တို့သည် အဘယ်ကြောင့်အုံအုံသဲသဲပြု၍ငိုကြွေးကြသနည်း။ သူငယ်သည် သေသည်မဟုတ်၊ အိပ်ပျော်သည်ဟု ၎င်းတို့အားငြိမ်သက်သွားရန် မိန့်တော်မူသည်ရှိသော် ထိုသူတို့သည် ကိုယ်တော်အား ပြက်ရယ်ပြုခဲ့ကြပါသည်။ အကြောင်းမှာ ကလေးငယ်သေဆုံးသည်ကို ၎င်းတို့မြင်တွေ့ခဲ့ကြသောကြောင့်ဖြစ်ပါသည်။ ထိုနောက် ကိုယ်တော်သည် ၎င်းတို့အားအပြင်သို့ထွက်စေပြီးမှ သူငယ်၏မိဘတို့ကိုလည်းကောင်း၊ တမန်တော်များမှ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကိုလည်းကောင်း ခေါ်တော်မူ၍ သူငယ်ကိုထားသည့်အခန်းထဲသို့ အတူတကွဝင်တော်မူခဲ့ပါသည်။



သခင်ယေရှုသည် သူငယ်လျောင်းသည့်နေရာသို့ ချဉ်းကပ်သွားပြီး သူငယ်၏လက်ကိုကိုင်တော်မူလျက် မိန်းမငယ်ထလော့၊ ငါဆို၏ဟု သူမ၏အိမ်တွင်ခေါ်ဝေါ်သုံးစွဲသည့်အသုံးအနှုန်းများကိုသုံး၍ ညင်သာစွာမိန့်တော်မူလိုက်ပါသည်။



ထိုခဏချင်းတွင် မိန်းမငယ်သည် မေ့မြောနေရာမှပြန်လည်၍လှုပ်ရှားလာခဲ့ပါသည်။ သွေးခုန်မှုများလည်း ပြန်လည်ဖြစ်ပေါ်လာခဲ့ပါသည်။ နှုတ်ခမ်းများလည်း အပြုံးပန်းနှင့်ပွင့်ဟလာခဲ့ပါသည်။ အိပ်ပျော်ရာမှနိုးလာသည့်အလား မျက်လုံးများလည်း ပွင့်လင်းလာကာ သူမ၏နံဘေး

ပတ်လည်တွင်ရှိနေကြသောလူများကို အံ့အားသင့်စွာဖြင့် စိုက်ကြည့်နေခဲ့ပါသည်။ ထို့နောက် သူမသည် ထ၍ရပ်လိုက်ရာ မိဘများသည် သူမအား ဖက်ယမ်းကာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင်ကျခဲ့ကြပါသည်။

ထိုတရားဇရပ်မှူး၏အိမ်သို့သွားလျက်ရှိစဉ် လမ်းပေါ်၌တစ်ဆယ့်နှစ်နှစ်ပတ်လုံးသွေးသွန်နာစွဲကပ်နေသောအမျိုးသမီးတစ်ဦးကို ကိုယ်တော်ရှင်တွေ့တော်မူခဲ့ပါသည်။ သူမသည် ဥစ္စာရှိသမျှကိုအကုန်ခံ၍ ဆေးကုသခဲ့သော်လည်း သက်သာရာမရခဲ့ချေ။ သို့သော် ခရစ်တော်သည် လူနာများကို ကုသပေးခဲ့ကြောင်းသတင်းကို ကြားသိရသောအခါ သူမ၏မျှော်လင့်ချက်များသည် ပြန်လည်အသက်ရှင်လာခဲ့ပါသည်။ မိမိသည် ကိုယ်တော်ရှင်ထံသို့ရောက်ရုံနှင့် ခံစားနေရသောရောဂါသည် ပျောက်ကင်းသွားလိမ့်မည်ဟု စိတ်ချယုံကြည်ခဲ့ပါသည်။ သူမသည် ခွန်အားချည့်နဲ့စွာဖြင့် ကိုယ်တော်ရှင်ဒေသနာတော်ဟောကြားနေသည့် ပင်လယ်ကမ်းသို့လာခဲ့ပြီး လူအုပ်ထဲတွင်တိုးဝင်ကာ ကိုယ်တော်ထံသို့ချဉ်းကပ်ရန် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ပါသည်။ ထိုနောက်တစ်ဖန်အခွန်ခံမဿဲ၏အိမ်သို့ကိုယ်တော်သွားတော်မူစဉ်တွင် သူမသည် နောက်တော်မှလိုက်ခဲ့သော်လည်း ကိုယ်တော်ရှင်ထံရောက်အောင် မသွားရောက်နိုင်ခဲ့ပါချေ။ ထို့ကြောင့် သူမစိတ်အားငယ်နေစဉ်မှာပင် ကိုယ်တော်သည် လူအုပ်ထဲတွင် လမ်းထွင်၍သွားတော်မူစဉ် သူမအနီးသို့ရောက်ရှိလာခဲ့ပါသည်။

အခွင့်ကောင်းတစ်ရပ်သည် သူမထံသို့ရောက်ရှိလာပေပြီ။ သူမသည် မဟာသမားတော်ကြီး၏ရှေ့မှောက်တွင်ရောက်ရှိနေပေပြီ။ ရုတ်ရုတ်သဲသဲဖြစ်နေသည့်ကြားတွင် သူမသည် ကိုယ်တော်အား စကားပြောဖို့မဆိုထားနှင့်၊ ကိုယ်တော်၏အရိပ်အယောင်ကိုပင် ရိုးတိုးရိပ်တိပ်ကလေးသာမြင်လိုက်ရပါသည်။ ငါသည် အဝတ်တော်ကိုသာတို့ခွင့်ရလျှင် ချမ်းသာရမည်ဟု စိတ်ထဲတွင်ရေရွတ်ကာ အခွင့်ကောင်းကလေးကိုဆုံးရှုံးသွားမည်ကို စိုးရွံ့စွာဖြင့် သူမသည် ရှေ့သို့တိုးဝှေ့လာခဲ့ပါသည်။ ကိုယ်တော်ကြွလာတော်မူစဉ် သူမသည် ရှေ့သို့ရောက်လာကာ ကိုယ်တော်၏ဝတ်ရုံတော်အစွန်းကလေးကို ကြိုးစား၍တို့ထိခဲ့ပါသည်။ ထိုတစ်ခဏချင်းမှာပင် မိမိ



ခံစားနေခဲ့ရသောရောဂါပျောက်ကင်းသွားပြီဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ လုံးလုံးယုံကြည်မှုဖြင့်တို့ထိမှုတစ်ခုကြောင့် တစ်ခဏချင်းတွင် သူမ၏နာကျင်မှုဝေဒနာနှင့်အားအင်ချည့်နဲ့မှုများပျောက်ကင်းသွားကာ ကျန်းမာခြင်းခွန်အားများပြန်လည်ရရှိလာခဲ့ပါသည်။

သူမသည် ထိုအခါတွင် ကျေးဇူးတင်ဝမ်းသာသောစိတ်နှလုံးဖြင့် လူအုပ်ထဲမှနောက်သို့ဆုတ်၍ ချန်နေရန်ကြိုးစားခဲ့သော်လည်း ခရစ်တော်သည် ရုတ်တရက်ရပ်တန့်တော်မူလိုက်ရာ လူအုပ်ကြီးသည်လည်း ကိုယ်တော်နှင့်အတူရပ်တန့်လိုက်ပါသည်။ ကိုယ်တော်သည် ဘေးပတ်လည်ကိုကြည့်တော်မူလိုက်ပြီး ရုတ်ရုတ်သဲသဲဖြစ်နေသောလူအုပ်ကြီးအား ပြတ်သားသောအသံဖြင့် ငါ့အဝတ်ကိုဘယ်သူတို့သနည်းဟု မေးတော်မူလိုက်ပါသည်။ လူများတို့သည် ထိုအမေးကိုအံ့အားသင့်သောအကြည့်များအားဖြင့် အဖြေပေးခဲ့ကြပါသည်။ ကိုယ်တော်ရှင်အား ဘေးပတ်လည်မှတိုးဝှေ့ကာ လူအုပ်ကြီးသည် ကြမ်းတမ်းစွာတွန်းတိုက်နေကြစဉ်တွင် ထိုကဲ့သို့သောအမေးသည် ထူးဆန်းနေသယောင်ဖြစ်နေပါသည်။

ဒိုးဒိုးဒေါက်ဒေါက်ပြောဆိုတတ်သောပေတရုက၊ လူအစုအဝေးသည် ကိုယ်တော်အားထိခိုက်ကြသည်ကိုမြင်လျက်ပင် ငါ့ကိုအဘယ်သူတို့သနည်းဟု မေးတော်မူပါသည်တကားဟုလျှောက်ထားရာ ယေရှုက တစ်စုံတစ်ယောက်သောသူသည် ငါ့ကိုတို့လေပြီ၊ ငါ့ကိုယ်မှတန်ခိုးထွက်သည်ကို ငါသိ၏ဟုပြန်လည်၍မိန့်တော်မူလိုက်သည်။ ကိုယ်တော်ရှင်သည် ယုံကြည်ခြင်းကြောင့် ပြုသည့်တို့ထိခြင်းနှင့် နမော်နမဲ့တို့ထိခြင်းကို ခွဲခြားသိမြင်တော်မူခဲ့ပါသည်။ ထိုကဲ့သို့သောယုံကြည်ကိုးစားမှုမျိုးကို ငြိကာမချဲ့ဘဲ မနေသင့်ချေ။ ကိုယ်တော်သည် သူမအတွက် ဝမ်းမြောက်ခြင်းစမ်းရေဖြစ်စေရုံသာမက နောက်ဆုံးသောခေတ်ကာလတွင် အသက်ရှင်နေထိုင်ကြမည့် ကိုယ်တော်၏နောက်လိုက်များအတွက် ကောင်းချီးမင်္ဂလာဖြစ်စေမည့်စကားများကို ထိုနိမ့်ကျသောအမျိုးသမီးအား မိန့်တော်မူခဲ့ပါသည်။

ကိုယ်တော်အား မည်သူသည်တို့ကြောင်း ထိုအမျိုးသမီးအား ကြည့်လျက် မိမိသိရှိတော်မူကြောင်း အခိုင်အမာမိန့်တော်မူခဲ့ပါသည်။

သူမသည် ပုန်းရှောင်၍မရနိုင်ကြောင်းကိုသိရှိကာတုန်လှုပ်စွာဖြင့် ရှေ့သို့ထွက်လာပြီး ခြေတော်ရင်းတွင်ပျပ်ဝပ်ခဲ့ပါသည်။ မိမိခံစားခဲ့ရသည့်ဝေဒနာအကြောင်းကိုလည်းကောင်း၊ သက်သာပျောက်ကင်းခဲ့ပုံများကိုလည်းကောင်း ဝမ်းသာမျက်ရည်များကျဆင်းလျက် ပြန်လည်ပြောပြခဲ့ပါသည်။ သခင်ယေရှုက နူးညံ့သိမ်မွေ့စွာဖြင့် ငါ့သမီး၊ မစိုးရိမ်နှင့်၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ၊ ငြိမ်ဝပ်စွာသွားလော့ဟုမိန့်တော်မူ၏။ ဤနေရာတွင် ကိုယ်တော်ရှင်၏ဝတ်ရုံတော်ကိုတို့ထိရုံနှင့် အနာပျောက်ကင်းစေနိုင်သည့်တန်ခိုးကိုတောင်းခံရရှိနိုင်သည်ဟူသော အယူသီးမှုအတွက် ကိုယ်တော်အခွင့်အရေးပေးတော်မမူခဲ့ချေ။ အနာပျောက်ကင်းခြင်းတန်ခိုးကိုရရှိခြင်းသည် ကိုယ်တော်အား အပေါ်ယံတို့ထိမှုကြောင့်မဟုတ်ဘဲ ကိုယ်တော်အားယုံကြည်ကိုးစားခြင်းကြောင့်ဖြစ်ပြီး ထိုယုံကြည်ခြင်းသည် အနာပျောက်ကင်းမှုကိုဖြစ်စေသော ဘုရားသခင်၏တန်ခိုးတော်ကို ကိုင်စွဲခဲ့ခြင်းဖြစ်ပါသည်။

ခရစ်တော်၏အနီးတွင် တိုးဝင်ချဉ်းကပ်ခဲ့ကြသော အံ့သြတွေဝေနေကြသည့်လူအုပ်ကြီးသည် အသက်ရှင်ခြင်းနှင့်ဆိုင်သော တန်ခိုးတော်၏ဆက်သွယ်ခွင့်ကိုမသိလိုက်ကြရချေ။ သို့သော်လည်း မိမိသည် ကိုယ်တော်အားတို့ထိရရုံနှင့် အနာရောဂါသက်သာခွင့်ရမည်ဟုယုံကြည်လျက် ကိုယ်တော်၏ဝတ်ရုံအား တို့လိုက်သောအခါ ဝေဒနာခံစားနေရသောထိုအမျိုးသမီးသည် တန်ခိုးတော်ကိုခံစားရကာ ရောဂါပျောက်ကင်းခဲ့ရပါသည်။ ဝိညာဉ်ရေးအသက်တာတွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ပါသည်။ ဘာသာတရားများကိုပေါ့ပေါ့တန်တန်အမှုမဲ့အမှတ်မဲ့ပြောဆိုခြင်းများနှင့် ဝိညာဉ်ရေးဆာလောင်မှု၊ အသက်ရှင်သောယုံကြည်မှုများမရှိကြဘဲ ဆုတောင်းခြင်းများတို့သည် မည်သည့်အရာတို့ကိုမျှရရှိနိုင်မည်မဟုတ်ချေ။ ကိုယ်တော်အား ကမ္ဘာ့ကယ်တင်ရှင်တစ်ပါးအနေဖြင့် လက်ခံရုံသက်သက်သာဖြစ်စေသည့် အမည်ခံယုံကြည်ခြင်းသည် အသက်ဝိညာဉ်များအား မည်သည့်အခါမျှအနာပျောက်ကင်းခြင်းတန်ခိုးကိုမရရှိနိုင်ပါချေ။ ကယ်တင်ခြင်းကိုဖြစ်စေသောယုံကြည်ခြင်းသည် သမ္မာတရားကိုတွေးခေါ်ဆင်ခြင်တတ်သောအစွမ်း



တစ်ခုထက်ပိုသည်။ မိမိ၏ယုံကြည်ခြင်းကို လက်တွေ့အသုံးမချမီ အလုံးစုံသောဗဟုသုတများကိုရရှိရန် စောင့်စားနေသူသည် ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာကိုခံစားနိုင်မည်မဟုတ်ချေ။ ခရစ်တော်၏အကြောင်းကိုယုံကြည်ခြင်းသည် လုံလောက်ခြင်းမရှိဘဲ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်တော်တိုင်ကိုယုံကြည်ရမည်ဖြစ်ပါသည်။ ကိုယ်တော်ရှင်အား မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံ၍ ကိုယ်တော်၏ကောင်းမှုကုသိုလ်များကို မိမိ၏ကောင်းမှုကုသိုလ်များအဖြစ် သတ်မှတ်ယုံကြည်ခြင်းသည်သာလျှင် ကျွန်ုပ်တို့အား ကယ်တင်ခြင်းကျေးဇူးကိုဖြစ်စေပါလိမ့်မည်။ များစွာသောလူများသည် ယုံကြည်ခြင်းကိုထင်မြင်ယူဆချက်တစ်ခုအနေဖြင့်သာ စွဲကိုင်တတ်ကြပါသည်။ ကယ်တင်နိုင်သောယုံကြည်ခြင်းသည် ဘုရားသခင်နှင့်ပဋိညာဉ်ပြုခြင်းတွင် ခရစ်တော်ကိုရရှိထားသည့် လူများအချင်းချင်းဆက်သွယ်ပေါင်းစည်းမှုကိုဖြစ်စေသော ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ စစ်မှန်သောယုံကြည်ခြင်းသည် အသက်ဖြစ်ပါသည်။ အသက်ရှင်လျက်ရှိသောယုံကြည်ခြင်းသည် အသက်ဝိညာဉ်များအား အောင်နိုင်သောတန်ခိုးတစ်ခုကိုဖြစ်စေသည့် ခွန်အားကြံ့ခိုင်ခြင်းနှင့် ယုံကြည်သက်ဝင်ကိုးစားမှု၏တိုးပွားဖွံ့ဖြိုးလာမှုတစ်ရပ်ဖြစ်ပါသည်။

ရောဂါကုသမှုကိုခံယူရရှိခဲ့သည့် ထိုအမျိုးသမီးအား ၎င်းခံစားခဲ့ရသည့် ကောင်းချီးမင်္ဂလာအတွက် အသိအမှတ်ပြုရန် ကိုယ်တော်အလိုရှိတော်မူခဲ့ပါသည်။ ထိုနည်းအတူ ကျွန်ုပ်တို့သည်လည်း ဧဝံဂေလိတရားတော်အားဖြင့် ရရှိခံစားကြရသည့်ဆုကျေးဇူးများကို မသိမသာလျှို့ဝှက်စွာဖြင့် ရရှိခံစားကြရန်မဟုတ်ချေ။ ထို့ကြောင့် ငါသည် ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏ဟူ၍ ကိုယ်တော်၏ကောင်းမြတ်ခြင်းများကိုဝန်ခံကြရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား ခေါ်တော်မူနေပါသည်။ (ဟေရှာ ၄၃း၁၂)။

ကိုယ်တော်ရှင်၏သစ္စာစောင့်သိမှုအတွက် ကျွန်ုပ်တို့၏ဝန်ခံခြင်းအရာသည် ကမ္ဘာလောကအား ခရစ်တော်အကြောင်း ဖော်ပြခြင်းအတွက် ဘုရားသခင်ရွေးချယ်တော်မူသောကိုယ်စားလှယ်လုပ်ငန်းတစ်ခုဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သန့်ရှင်းသူရှေးဘိုးဘေးများအားဖြင့် လောကသားများအား သိရှိစေခဲ့သော ကိုယ်တော်၏ကရုဏာတော်ကို အသိအမှတ်ပြုကြရန်ဖြစ်ပါသည်။ သို့သော် ထိုသို့အသိအမှတ်ပြုရာတွင် ကျွန်ုပ်တို့၏ကိုယ်ပိုင်အတွေ့အကြုံများအားဖြင့်သက်သေခံခြင်းသည် အထိရောက်ဆုံးသောနည်းဖြစ်ပါသည်။ ဘုရားသခင်နှင့်ပတ်သက်သောတန်ခိုးတော်တစ်ခု၏လုပ်ဆောင်မှုသည် ကျွန်ုပ်တို့၏အသက်တာတွင် ထင်ရှားတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်အတွက် သက်သေခံများဖြစ်ကြပါသည်။ ပုဂ္ဂိုလ်တစ်ဦးစီတို့တွင် အခြားသူများနှင့် ကွဲပြားခြားနားသောအသက်တာများရှိသကဲ့သို့ အခြားသူများနှင့်မတူညီသောအတွေ့အကြုံများလည်းရှိကြပါသည်။ ကျွန်ုပ်တို့တစ်ဦးစီ၏ကိုယ်ပိုင်ပုဂ္ဂလိကထူးခြားမှုများအလိုက် ပြုလုပ်ကြသည့်ချီးမွမ်းထောမနာပြုမှုများတို့သည် ကိုယ်တော်ထံသို့တက်လွင့်သွားရန် ထာဝရဘုရားအလိုတော်ရှိပါသည်။ ခရစ်ယာန်အသက်တာအားဖြင့် ကိုယ်တော်ရှင်၏တန်ခိုးတော်အား ချီးမွမ်းထောမနာပြုခြင်းသည် အသက်ဝိညာဉ်များအား ကယ်တင်သည့်လုပ်ငန်းတွင် အလွန်အမင်းအာရုံစွဲငြိစေသည့်တန်ခိုးတစ်ခုဖြစ်ပါသည်။

ကိုယ်တော်သည် အနာပျောက်ကင်းအောင် ကုသပေးရန် တောင်းဆိုကြသည့် နူနာသည်ဆယ်ယောက်အား ယဇ်ပုရောဟိတ်ထံသို့သွား၍ မိမိတို့ကိုယ်ကိုပြသရန် မိန့်တော်မူခဲ့ပါသည်။ ထိုသူများသည် ယဇ်ပုရောဟိတ်များထံသို့သွားနေစဉ်မှာပင် သန့်ရှင်းခြင်းသို့ရောက်ခဲ့ကြသော်လည်း ၎င်းတို့အထဲမှတစ်ဦးတည်းသောသူကသာ ကျေးဇူးတော်ချီးမွမ်းရန် ကိုယ်တော့်ထံသို့ပြန်လာခဲ့ပါသည်။ အခြားသူများမှာမူ မိမိတို့အား သန့်ရှင်းစေခဲ့သောကိုယ်တော်ကိုမေ့လျော့ကာ မိမိတို့သွားလိုသည့်နေရာများသို့ထွက်ခွာသွားခဲ့ကြပါသည်။ ထိုကဲ့သို့သောလုပ်ဆောင်ချက်များကို လူမည်မျှယနေ့တိုင်လုပ်ဆောင်နေကြပါသနည်း။ ဘုရားသခင်သည် လူသားများကိုကောင်းကျိုးပြုရန် မရပ်မနားလုပ်ဆောင်တော်မူပါသည်။ ကိုယ်တော်သည် ဆုကျေးဇူးအဖြာဖြာကို ထာဝစဉ်မျှဝေလျက်ရှိပါသည်။ ကိုယ်တော်သည် နွမ်းလျပင်ပန်းနေသောလူနာများကို အိပ်ရာပေါ်မှကူမ



တော်မူ၏။ လူများအား ၎င်းတို့မတွေ့မမြင်ခဲ့ရသည့် ဘေးအန္တရာယ်များမှကယ်နုတ်တော်မူ၏။ မှောင်မိုက်ထဲမှာလည်းတတ်သောကာလနာမှလည်းကောင်း၊ မွန်းတည့်အချိန်၌ဖျက်ဆီးတတ်သောဥပဒ်မှလည်းကောင်း၊ အတိဒုက္ခအမျိုးမျိုးမှလည်းကောင်း ကင်းလွတ်ကာကွယ်ရန် ကောင်းကင်တမန်များကို တပ်ချစောင့်ကြပ်ရန်တာဝန်ပေးထားတော်မူပါသည်။ သို့သော်လည်း ထိုသူများ၏စိတ်နှလုံးများသည် ကိုယ်တော်အားမသိမြင်မစွဲလမ်းခဲ့ကြချေ။ ၎င်းတို့အားကယ်တင်ရန် ကောင်းကင်နိုင်ငံ၏အကောင်းဆုံးအရာကို ပေးသနားတော်မူခဲ့သော်လည်း သူတို့သည် ကိုယ်တော်၏မဟာမေတ္တာတော်ကိုဂရုမပြုခဲ့ကြချေ။ မိမိတို့၏ကျေးဇူးကန်းတတ်သောစိတ်ထားများအားဖြင့် ဘုရားသခင်၏ကရုဏာတော်ကိုငြင်းဆန်ရန် မိမိတို့၏စိတ်နှလုံးများကိုပိတ်ထားခဲ့ကြပါသည်။ သူတို့သည် ကန္တာရထဲမှ ဖုန်းဆိုးတောကလေးအလားကောင်းကျိုးချမ်းသာရောက်ရှိလာမည့်အချိန်ကို မသိရှိခဲ့ကြဘဲ သူတို့၏အသက်ဝိညာဉ်များသည် ကန္တာရ၏ခြောက်သွေ့သောနေရာများတွင် နေထိုင်အသက်ရှင်လျက်ရှိကြပါသည်။

ကျွန်ုပ်တို့သည် မိမိတို့၏ကောင်းကျိုးချမ်းသာအလို့ငှါ ဘုရားသခင် ပေးသနားတော်မူသည့် ဆုကျေးဇူးအဖြာဖြာကို အမြဲသတိရနေရန်လိုအပ်ပါသည်။ ထိုနည်းအားဖြင့် ဆတက်ထမ်းပိုးတောင်းခံရန် ယုံကြည်ခြင်းခွန်အားကိုတိုးပွားစေမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားသခင်ထံမှ ရရှိခံစားရသည့် အသေးငယ်ဆုံးသောကောင်းချီးမင်္ဂလာတစ်ခုသည် အခြားသူများ၏ယုံကြည်ခြင်းနှင့်အတွေ့အကြုံများကိုဖတ်ရှုသိရှိရခြင်းထက်ပို၍ အားတက်စေသည့်အရာဖြစ်ပါသည်။ ဘုရားသခင်၏ကရုဏာတော်ကို တုံ့ပြန်မှုပေးသည့်အသက်ဝိညာဉ်သည် မြစ်နားမှဥယျာဉ်တစ်ခုနှင့်တူပါသည်။ သူ၏ကျန်းမာခြင်းခွန်အားသည် လျင်မြန်စွာတိုးပွားကောင်းမွန်လာ၍ သူ၏အလင်းသည် မှောင်မိုက်တွင်ထွန်းတောက်လိမ့်မည်ဖြစ်ပြီး ဘုရားသခင်၏ဘုန်းတော်ကို သူ၏အသက်တာတွင်တွေ့မြင်နိုင်လိမ့်မည်ဖြစ်ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏နှစ်လိုဖွယ်ကြင်နာသနားမှုများနှင့် ကရုဏာတော်၏ပေါကြွယ်ဝမှုများကို သတိရအောက်မေ့

ကြပါစို့။ ကျွန်ုပ်တို့သည် ဣသရေလများကဲ့သို့ သက်သေခံကျောက်တိုင်များကိုတည်ထောင်ကြကာ ထိုကျောက်တိုင်များပေါ်တွင် ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုတော်မူခဲ့သောအဖိုးထိုက်တန်သည့်အကြောင်းအရာများကို ကမ္ပည်းထိုးကြပါစို့။ ကျွန်ုပ်တို့၏လောကဧည့်သည်ဖြစ်ချိန်များတွင် ကိုယ်တော်ရှင်၏လုပ်ဆောင်မှုများကို ပြန်ပြောင်းရှုမြင်ကြစဉ်တွင် "ငါ၌ ထာဝရဘုရားပြုတော်မူသောကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း။ ကယ်တင်ခြင်းခွက်ဖလားကိုကိုင်ယူ၍ ထာဝရဘုရား၏နာမတော်ကို ပဌနာပြုမည်။ ထာဝရဘုရားအား သစ္စာကတိထားသည့်အတိုင်း ထာဝရဘုရား၏လူများရှေ့၌ သစ္စာဝတ်ကိုဖြေမည်" ဟူ၍ အသည်းလှိုက်အူလှိုက် ကျေးဇူးတင်စွာဖြင့် ကြွေးကြော်ကြပါစို့။ (ဆာလံ ၁၁၆း၁၂-၁၄)။

-၀-



## (၃၇)
## ပထမဦးဆုံးသောတရားဟောဆရာ

ရှင်မဿဲ ၁၀။ ရှင်မာကု ၆း၇-၁၁။ ရှင်လုကာ ၉း၁-၆
တို့ကိုအခြေပြုထားပါသည်

တမန်တော်များသည် သခင်ယေရှု၏မိသားစုအဝင်များဖြစ်ကြပြီး ဂါလိလဲပြည်အနှံ့ခြေလျင်ခရီးနှင်ခဲ့ကြစဉ်တွင် ကိုယ်တော်နှင့်အတူလိုက်ပါသွားခဲ့ကြပါသည်။ မိမိတို့အား မျက်ကလဲဆန်ပျာဖြစ်စေသည့်ဒုက္ခများနှင့် အခက်အခဲများကို ကိုယ်တော်ရှင်နှင့်အတူ မျှဝေခံစားခဲ့ကြပါသည်။ သူတို့သည် ကိုယ်တော်၏သွန်သင်ချက်များကို ကြားနာဖူးကြပြီး သားတော်ဘုရားနှင့် အတူလျှောက်လှမ်းကာ စကားလက်ဆုံကျခဲ့ဖူးကြပါသည်။ ၎င်းပြင် လူသားများ၏အခြေအနေမြင့်မားကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်ရန် နည်းလမ်းများကိုလည်း ကိုယ်တော်၏နေ့စဉ်သွန်သင်ချက်များမှ သူတို့ နာယူခဲ့ကြပါသည်။ သခင်ယေရှုသည် မိမိပတ်လည်တွင်ရှိနေသော လူအုပ်ကြီးအား အလုပ်အကျွေးပြုနေစဉ်တွင် တမန်တော်များသည် ကိုယ်တော်၏အမိန့်တော်ကိုနားထောင်ရန်နှင့် ကိုယ်တော်ထမ်းဆောင်နေသောလုပ်ငန်းတာဝန်ကိုပေါ့ပါးသွားရန် စိတ်အားထက်သန်စွာဖြင့် ဂရုတစိုက်ကူညီခဲ့ကြပါသည်။ လူများအတွက် အစီအစဉ်များပြုလုပ်ပေးရာတွင်လည်းကောင်း၊ လူနာများအား ကိုယ်တော့်ထံသို့ခေါ်ဆောင်ရာတွင်လည်းကောင်း၊ လူခပ်သိမ်းတို့အတွက် သက်သာခြင်းကိုတိုးပွားစေရာတွင်လည်းကောင်း သူတို့သည် ကိုယ်တော်အားမစခဲ့ကြပါသည်။ စိတ်ဝင်စားကြသော တရားနာပရိသတ်များကိုရှာဖွေ၍ ကျမ်းစာသင်ပေးကြကာ ထိုသူများ၏ဝိညာဉ်ရေးအကျိုးအလို့ငှါ နည်းမျိုးစုံဖြင့်မစကူညီခဲ့ပါသည်။ ခရစ်တော်ထံမှ မိမိတို့သင်ယူခဲ့ဖူးသောအရာများကို ပြန်လည်သင်ကြားပေးကြခြင်းအားဖြင့် များစွာသောအတွေ့အကြုံများကို နေ့စဉ်နှင့်အမျှရရှိခဲ့ကြပါသည်။ သို့သော် သူတို့သည် မိမိတို့ဘာသာလုပ်ဆောင်နိုင်ရန် အတွေ့အကြုံလိုအပ်နေသေးပြီး

များပြားစွာသောသွန်သင်ချက်များ၊ သည်းခံခြင်းများ၊ စိတ်နူးညံ့သိမ်မွေ့ခြင်းများကိုလည်း လိုအပ်ဆဲဖြစ်ကြပါသည်။ ယခုတွင် ခရစ်တော်သည် ၎င်းတို့နှင့်အတူရှိနေတော်မူခဲ့ပြီး ၎င်းတို့၏အမှားများကိုထောက်ပြကာ အကြံပေးအမှားပြုပြင်ခြင်းများပြုလုပ်ပြီးနောက် မိမိ၏ကိုယ်စားလှယ်များအဖြစ် စေလွှတ်တော်မူခဲ့ပါသည်။

သူတို့သည် ကိုယ်တော်ရှင်နှင့်အတူရှိစဉ် မကြာခဏစိတ်ရှုပ်ထွေးစေခဲ့သောဖါရိရှဲများနှင့် ယဇ်ပုရောဟိတ်များ၏သွန်သင်ချက်များကို ခရစ်တော်ထံသို့တင်ပြခဲ့ကြပါသည်။ ထိုအခါတွင် ကိုယ်တော်သည် မိရိုးဖလာသွန်သင်ချက်များနှင့်ကွဲပြားခြားနားသည့်ကျမ်းစာတော်မြတ်မှ သမ္မာတရားများကို ၎င်းတို့အားသွန်သင်တော်မူခဲ့ပါသည်။ ထိုနည်းအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်၌ စိတ်ချယုံကြည်မှုကိုတိုးပွားစေခဲ့ပြီး မိရိုးဖလာသွန်သင်ချက်များတို့၏အနှောင်အဖွဲ့နှင့် ကျမ်းတတ်ဆရာများကိုကြောက်ရွံ့ခြင်းဘေးရန်မှလွတ်မြောက်စေခဲ့ပါသည်။ တပည့်တော်များကိုသင်တန်းပေးရာတွင် ခရစ်တော်၏အသက်တာနမူနာသည် အခြားသောယုံကြည်မှုဆိုင်ရာသွန်သင်ချက်များထက် များစွာထိရောက်မှုရှိလှပါသည်။ ကိုယ်တော်ရှင်ထံမှသူတို့ခွဲခွာခဲ့ကြသောအချိန်တွင် ကိုယ်တော်၏အကြည့်၊ ကိုယ်တော်၏အသံနှင့် ကိုယ်တော်ပြောခဲ့သောစကားများကို သူတို့ပြန်လည်သတိရခဲ့ကြပါသည်။ ဧဝံဂေလိတရားတော်ကိုရန်ဖက်ပြုသူများနှင့် မကြာခဏရင်ဆိုင်ရသောအချိန်များတွင် ကိုယ်တော်၏နှုတ်တော်ထွက်စကားများ၏အကျိုးသက်ရောက်မှုများကို တွေ့မြင်ကြရသောအခါ သူတို့အကြီးအကျယ်ဝမ်းမြောက်ခဲ့ကြပါသည်။

သခင်ယေရှုသည် တစ်ကျိပ်နှစ်ပါးသောတမန်တော်များကိုခေါ်တော်မူပြီး နှစ်ယောက်တစ်တွဲတွဲဖက်၍ မြို့ရွာအသီးသီးသို့သွားရောက်အမှုတော်ဆောင်ကြရန် မိန့်တော်မူခဲ့ပါသည်။ မည်သူ့ကိုမျှ တစ်ဦးတစ်ယောက်တည်းသွားရောက်ဟောကြားရန် စေလွှတ်တော်မမူခဲ့ဘဲ ညီအစ်ကိုတစ်ယောက်နှင့်တစ်ယောက်၊ မိတ်ဆွေတစ်ဦးနှင့်တစ်ဦးပူးပေါင်းလုပ်ဆောင်ကြရန် မိန့်တော်မူခဲ့ပါသည်။ သို့မှသာ ၎င်းတို့သည် တစ်ဦးနှင့်





တစ်ဦးကူညီအားပေးနိုင်ကြမည်ဖြစ်ပြီး အတူတကွတိုင်ပင်ဆွေးနွေးခြင်း၊ ဆုတောင်းခြင်းများကိုပြုလုပ်နိုင်ကာ တစ်ဦး၏အားနည်းချက်ကိုတစ်ယောက်ကဖြည့်စွမ်းနိုင်ကြမည်ဖြစ်ပါသည်။ ထိုနည်းနှင်နှင်ပင် နောက်ပိုင်းတွင် လူခုနစ်ဆယ်ကို ကိုယ်တော်စေလွှတ်တော်မူခဲ့ပါသည်။ ဤနည်းအတိုင်း ဧဝံဂေလိဓမ္မအမှုတော်ဆောင်များသည် တစ်ဦးနှင့်တစ်ဦးအပေါင်းအဖော်ပြုကြရန် ယေရှုရှင်ကြံရွယ်တော်မူခဲ့ပါသည်။ ဤနမူနာကိုအနီးစပ်ဆုံးလိုက်လျှောက်ကြမည်ဆိုလျှင် ကျွန်ုပ်တို့ခေတ်တွင်လည်း ဧဝံဂေလိအမှုတော်လုပ်ငန်းသည် ဆတက်ထမ်းပိုးအောင်မြင်လိမ့်မည်ဖြစ်ပါသည်။

ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီဟူသော တမန်တော်များဟစ်ကြွေးသောသတင်းစကားသည် ဗတ္တိဇံဆရာယောဟန်နှင့်ခရစ်တော်ကိုယ်တော်တိုင်တို့၏သတင်းစကားနှင့် ထပ်တူထပ်မျှဖြစ်ပါသည်။ ၎င်းတို့လုပ်ဆောင်ရမည့်အမှုတော်မှာ နာဇရက်မြို့သားယေရှုသည် ခရစ်တော်ဟုတ်သည်၊ မဟုတ်သည်ကို ယုဒလူများနှင့်အငြင်းပွားရန်မဟုတ်ဘဲ ကိုယ်တော်ပြုတော်မူခဲ့သကဲ့သို့ ကိုယ်တော်၏နာမတော်၌ကရုဏာလုပ်ငန်းများကိုလုပ်ကိုင်ကြရန်ဖြစ်ပါသည်။ နာသောသူတို့အားချမ်းသာပေးကြလော့၊ သေသောသူတို့ကို ထမြောက်စေကြလော့။ နူသောသူတို့ကို သန့်ရှင်းစေကြလော့၊ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့၊ သင်တို့သည် အဖိုးမပေးဘဲ ကျေးဇူးတော်ကိုခံရပြီဖြစ်၍ အဖိုးမယူဘဲပေးကမ်းကြလော့ဟု ၎င်းတို့အား ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

အမှုတော်ဆောင်ရွက်စဉ်ကာလ၌ ခရစ်တော်သည် တရားဟောခြင်းထက် လူနာများကိုကုသခြင်းအတွက် ပို၍အချိန်ပေးဆက်ကပ်ခဲ့ပါသည်။ မိမိသည် လူသားများကိုဖျက်ဆီးရန်အတွက် ကြွလာခြင်းမဟုတ်၊ ကယ်တင်ခြင်းငှါ ကြွလာသည်ဟူသော မိမိနှုတ်တော်ထွက်စကား၏အမှန်တရားကို မိမိ၏အံ့သြဖွယ်နိမိတ်လက္ခဏာများအားဖြင့် သက်သေပြခဲ့ပါသည်။ ကိုယ်တော်ရှင်၏ရှေ့တွင် မိမိ၏ဖြောင့်မတ်ခြင်းသည်လည်းကောင်း၊ နောက်တော်တွင် ထာဝရဘုရား၏ဘုန်းတော်သည်လည်းကောင်း ထင်ရှား

လျက်ရှိပါသည်။ ကိုယ်တော်ရှင်ကြွတော်မူသည့်နေရာတိုင်းတွင် ကရုဏာတော်၏သတင်းသည် ပျံ့နှံ့လျက်ရှိပါသည်။ ကိုယ်တော်ရှင်ဖြတ်သွားတော်မူသောနေရာတွင် သနားခြင်းကရုဏာကိုခံစားကြရသည့်သားသမီးများသည် ကျန်းမာပျော်ရွှင်လျက်ရှိကြပြီး အသစ်တွေ့ရှိသည့်တန်ခိုးတော်ကို မြည်းစမ်းကြည့်လျက်ရှိကြ၏။ လူအစုအဝေးများသည် တမန်တော်များ၏နှုတ်ခမ်းမှ ဖွင့်ဟပြောဆိုကြမည့် ဘုရားသခင်ပြုတော်မူသောအံ့သြဖွယ်ရာများကို ကြားနာရန် ၎င်းတို့ပတ်လည်တွင် ဝိုင်းအုံနေကြပါသည်။ ကိုယ်တော်ရှင်၏အသံတော်သည် သူတို့ကြားဖူးခဲ့ကြသည့် ပထမဦးဆုံးသောအသံဖြစ်ပြီး ပြောဆိုခဲ့ဖူးသောစကားများတွင် နာမတော်သည် အလျင်ဆုံးဖြစ်ကာ ဖူးမြော်ခဲ့ဖူးသောအရာများတွင် ကိုယ်တော်၏မျက်နှာတော်သည် ပွဲဆော်ဦးဖြစ်ပါသည်။ မည်သည့်အတွက်ကြောင့် ယေရှုကို သူတို့မချစ်ခင်သင့်ပါသနည်း။ နာမတော်ကို အဘယ်ကြောင့်မချီးမွမ်းသင့်ပါသနည်း။ နာမတော်ကို အဘယ်ကြောင့်မချီးမွမ်းသင့်ပါသနည်း။ မြို့ရွာများကိုဖြတ်သန်းသွားလာစဉ် ကိုယ်တော်သည် မိမိသွားလာသည့်နေရာတိုင်းတွင် အသက်ရှင်ခြင်းနှင့် ဝမ်းမြောက်ခြင်းကိုရောနှောပျံ့နှံ့စေသော အသက်နှင့်ဆိုင်သောရေစီးကြောင်းတစ်ခုကဲ့သို့ဖြစ်တော်မူခဲ့ပါသည်။

ခရစ်တော်၏နောက်လိုက်များသည် ကိုယ်တော်ပြုတော်မူခဲ့သကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ ဆာငတ်ခင်မွတ်နေသူများကို ကျွေးမွေးရန် အဝတ်အချည်းစည်းရှိသူများအား အဝတ်ပေးရန်နှင့် ကိုယ်ဒုက္ခစိတ်ဒုက္ခရောက်နေသူများအား နှစ်သိမ့်မှုပေးရန်ဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် စိတ်ပျက်အားလျော့နေသူများအား အလုပ်အကျွေးပြု၍ မျှော်လင့်ချက်မဲ့နေသူများကို မျှော်လင့်ချက်များရှိလာရန် ပြန်လည်အားပေးကြရန်ဖြစ်ပါသည်။ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သင့်ရှေ့၌သွား၍ ထာဝရဘုရား၏ဘုန်းတော်သည် နောက်၌လုံခြုံစေလိမ့်မည် (ဟေရှာ ၅၈း၈) ဟူသောကတိတော်သည် ကျွန်ုပ်တို့၌လည်း ပြည့်စုံစေရန်ဖြစ်ပါသည်။ တစ်ကိုယ်ကောင်းမဆန်သောလုပ်ဆောင်မှုတွင် ထင်ရှားစေခဲ့သော



ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ဒုစရိုက်သားကောင်များကို ပြုပြင်ရေးလုပ်ငန်းတွင် လက်နက်ကိုင်၍ အုပ်ချုပ်ခြင်း (သို့မဟုတ်) တရားဥပဒေများနှင့် အုပ်ချုပ်ခြင်းများထက်များစွာပို၍ထိရောက်ပါလိမ့်မည်။ ပညတ်တော်ကျူးလွန်သူများအား ကြောက်ရွံ့တုန်လှုပ်အောင် မဖြစ်မနေလုပ်ဆောင်ကြရမည်ဖြစ်သော်လည်း ချစ်တတ်သောသာသနာပြုသည် ထိုထက်ပို၍လုပ်နိုင်ပါသည်။ ပြစ်တင်ဆုံးမမှုများတို့ကြောင့် စိတ်နှလုံးများသည် မာကျောလာလိမ့်မည်ဖြစ်သော်လည်း ယေရှုခရစ်တော်၏မေတ္တာတော်အားဖြင့် နူးညံ့သိမ်မွေ့လာပါလိမ့်မည်။ ထိုသာသနာပြုသည် ခန္ဓာကိုယ်နာကျင်မှုကို သက်သာနိုင်စေရုံသာမက အပြစ်သားအား နူနာနှင့်တူသည့် အပြစ်မှကင်းစင်စေနိုင်သည့် မဟာသမားတော်ကြီးထံသို့ ပို့ဆောင်နိုင်ပါသည်။ နာမကျန်းသောသူများ၊ ကံဆိုးမိုးမှောင်ကျသောသူများနှင့် နတ်ဆိုးစွဲခံရသူများသည် ကိုယ်တော်၏ကျွန်များမှတစ်ဆင့် ကိုယ်တော်၏အသံတော်ကိုကြားနာရလိမ့်မည်ဟု ဘုရားသခင်မျှော်လင့်တော်မူပါသည်။ ဤလူသားကိုယ်စားလှယ်များမှတစ်ဆင့် လောကသားများမသိရှိကြသည့် ဥပဇ္ဈာယ်ဆရာတစ်ပါးဖြစ်ပေါ်စေရန် ကိုယ်တော်အလိုရှိပါသည်။

တမန်တော်များသည် ပထမသာသနာပြုခရီးစဉ်အဖြစ် ဣသရေလလူမျိုးများမှ ပျောက်ဆုံးနေသူများထံသို့သွားရောက်ကြရန်ဖြစ်ပါသည်။ ယခုအချိန်တွင် သူတို့သည် တစ်ပါးအမျိုးသားများနှင့် ရှမာရိများထံတွင် ဧဝံဂေလိတရားတော်ကို ဟောကြားခဲ့မည်ဆိုလျှင် ယုဒလူများအပေါ်တွင် ဩဇာသက်ရောက်မှုရှိတော့မည်မဟုတ်ချေ။ သူတို့သည် ဖါရိရှဲများ၏တစ်ဖက်သတ်အထင်လွဲမှားမှုကို နိုးဆွပေးခြင်းအားဖြင့် မိမိတို့၏လုပ်ငန်းအစတွင် စိတ်ဓာတ်ကျစေခဲ့သော တိုက်လှန်ပွဲကြီးထဲတွင် ၎င်းတို့ကိုယ်တိုင်ပါဝင်ပတ်သက်နေကြလိမ့်မည်ဖြစ်ပါသည်။ တမန်တော်များကိုယ်တိုင်ပင် ဧဝံဂေလိတရားတော်ကို လူမျိုးအသီးသီးထံ ဟောကြားရမည်ဆိုသည့်အချက်ကို နားလည်မှုနှေးကွေးခဲ့ကြပါသည်။ ၎င်းတို့ကိုယ်တိုင် ဤသမ္မာတရားကိုမဆုပ်ကိုင်နိုင်မချင်း တစ်ပါးအမျိုးသားများအတွက် အလုပ်လုပ်ဆောင်ရန် ပြင်ဆင်မှုမပြီးသေးသောအခြေအနေတွင်ရှိပါသည်။ ယုဒ

လူများသည် ဧဝံဂေလိတရားတော်ကို လက်ခံခဲ့ကြလျှင် တစ်ပါးအမျိုးသားများအတွက် ၎င်းတို့အား စေတမန်များအဖြစ်အသုံးပြုရန် ဘုရားသခင်ကြံရွယ်တော်မူခဲ့ပါသည်။ ထိုအကြောင်းကြောင့် သူတို့သည် ထိုသတင်းစကားကို ပထမဦးစွာနာကြားခွင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ခရစ်တော်လုပ်ဆောင်သည့်နေရာအနှံ့တွင် မိမိတို့၏လိုအပ်ချက်များကို သိရှိသောဝိညာဉ်များနှင့် သမ္မာတရားကို ဆာငတ်ခင်မွတ်နေသောဝိညာဉ်များရှိနေခဲ့ပါသည်။ မျှော်လင့်တောင့်တနေသော ဤအသက်ဝိညာဉ်များထံသို့ ကိုယ်တော်၏မေတ္တာသတင်းစကားကို ပို့ဆောင်ပေးရန် အချိန်ရောက်ရှိလာခဲ့ပြီဖြစ်သဖြင့် တမန်တော်များသည် ကိုယ်တော်၏ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့အားလုံးထံသို့သွားရောက်ကြရန်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ယုံကြည်သူများသည် တမန်တော်များအပေါ်ဘုရားသခင်ခန့်အပ်ထားသည့်ဆရာများအဖြစ်ရှုမြင်လာကြမည်ဖြစ်ပြီး ကိုယ်တော်ကို ကောင်းကင်နိုင်ငံတော်သို့ ပြန်လည်ယူဆောင်သွားသောအခါ သွန်သင်မည့်သူမဲ့သည့်အခြေအနေသို့မရောက်နိုင်မည်ဖြစ်ပါသည်။

တမန်တော်များသည် ပထမဦးဆုံးခရီးစဉ်အဖြစ် ခရစ်တော်သွားလာခဲ့ဖူးသည့် ကိုယ်တော်၏မိတ်ဆွေများရှိသောအရပ်များသို့သာသွားကြရန်ဖြစ်ပါသည်။ ထိုခရီးစဉ်အတွက် ပြင်ဆင်မှုများမှာလည်း မခက်ခဲလှချေ။ မည်သည့်အရာကမျှ မဟာလုပ်ငန်းကြီးအပေါ်ထားရှိသည့် ၎င်းတို့၏စိတ်ဝင်စားမှုကို ပြောင်းလဲမသွားစေရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက တစ်နည်းနည်းအားဖြင့် ဆန့်ကျင်မှုများဖြစ်ပေါ်လာမည်ဖြစ်ပြီး နောက်ထပ်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းအတွက် အခွင့်အလမ်းပိတ်သွားလိမ့်မည်ဖြစ်ပါသည်။ သူတို့သည် ဘာသာရေးခေါင်းဆောင်များတို့၏ဝတ်ဆင်မှုအတိုင်းလိုက်၍ဝတ်ဆင်ကြရမည်မဟုတ်ဘဲ နိမ့်ကျသောဆင်းရဲသားများထက် မိမိကိုယ်ကိုထူးခြားအောင်ဝတ်ဆင်ရန်လည်းမလိုပါချေ။ သူတို့သည် တရားဇရပ်များတွင်ဝင်၍ လူထုအစည်းအဝေးပွဲများကိုကျင်းပကြရန်မဟုတ်ဘဲ တစ်အိမ်တက်ဆင်းသွားရောက်တရားဟောကြားကြရန်ဖြစ်ပါသည်။ ၎င်းပြင် မလိုအပ်သောနှုတ်ခွန်းဆက်စကားများကို



ပြောကြားခြင်း၊ တစ်အိမ်တက်ဆင်းသွားရောက်၍ ဧည့်ဝတ်ပြုခြင်းကိုခံယူနေခြင်းအားဖြင့်သာ အချိန်ဖြုန်းကြရန်မဟုတ်ဘဲ မိမိတို့အား ဧည့်ဝတ်ပြုသူများနှင့် ခရစ်တော်ကိုယ်တော်တိုင်ကို ဧည့်ဝတ်ပြုနေသကဲ့သို့စိတ်နှလုံးပါပါကြိုဆိုဧည့်ခံသူများ၏ ဧည့်ဝတ်ပြုခြင်းကိုနေရာတိုင်းတွင်လက်ခံကြရန်ဖြစ်ပါသည်။ ဤအိမ်၌မင်္ဂလာရှိပါစေသော်ဟူသည့်နှုတ်ခွန်းဆက်စကားကိုဆိုလျက် လူနေအိမ်များသို့သွားရောက်ကြရန်ဖြစ်ပါသည်။ အိမ်ထောင်များသည် ၎င်းတို့၏ဆုတောင်းသံများ၊ ဂုဏ်တော်ချီးမွမ်းသံများနှင့် မိသားစုအလယ်တွင် ကျမ်းစာဖတ်ခြင်းများအားဖြင့် ကောင်းချီးမင်္ဂလာကိုခံစားကြရပါလိမ့်မည်။

ဤတမန်တော်များသည် သမ္မာတရား၏ရှေ့ပြေးအဖြစ် သခင်ယေရှု၏ကြွလာခြင်းကို ပြင်ဆင်ရန်ဖြစ်ပါသည်။ ၎င်းတို့သယ်ဆောင်သွားရမည့်သတင်းစကားများသည် ထာဝရအသက်နှင့်ဆိုင်သောသတင်းစကားများဖြစ်ပြီး လူသားများ၏ခရီးဆုံးသည် ထိုသတင်းစကားကိုလက်ခံမှု (သို့မဟုတ်) ငြင်းပယ်မှုအပေါ်တွင်မူတည်ပါသည်။ ဤသတင်းစကား၏အရေးပါမှုကို လူအများအလေးထားစေရန်အတွက် ယေရှုက တမန်တော်များအား အကြင်သူသည် သင်တို့ကိုလက်မခံ၊ သင်တို့၏စကားများကိုနားမထောင်ဘဲနေ၏။ ထိုသူနေသောအိမ်မှလည်းကောင်း၊ မြို့မှလည်းကောင်း ထွက်သွားစဉ် သင်တို့၏ခြေဖဝါးမှမြေမှုန့်ကိုခါလိုက်ကြလော့၊ ငါအမှန်ဆိုသည်ကား၊ တရားဆုံးဖြတ်သောနေ့၌ ထိုမြို့သည် သောဒုံမြို့နှင့်ဂေါမောရမြို့ထက်သာ၍ခံရလတ္တံ့ဟူ၍မိန့်တော်မူခဲ့၏။

ကယ်တင်ရှင်သည် အနာဂတ်ကိုမျှော်ကြည့်လိုက်ရာ မိမိအသက်တော်ချုပ်ပြီးနောက် ထိုတမန်တော်များသည် မိမိအတွက်သက်သေခံများဖြစ်လာကြမည်ကို မြင်တွေ့တော်မူပါသည်။ အနာဂတ်ကိုတင်ကူးသိမြင်သောကိုယ်တော်ရှင်၏အကြည့်သည် မိမိဒုတိယအကြိမ်ကြွလာတော်မူသည့်တိုင်အောင် ခေတ်အဆက်ဆက်တွင် ၎င်းတို့တွေ့ကြုံရမည့်အရာများတို့ကိုမြင်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် တမန်တော်များတို့ရင်ဆိုင်ရမည့်တိုက်လှန်ပွဲများကိုပြသတော်မူ၍ တွေ့ကြုံရမည့်တိုက်နည်းတိုက်ဟန်နှင့်

သီးခြားလက္ခဏာများကိုလည်း ဖော်ပြတော်မူပါသည်။ ၎င်းတို့တွေ့ကြုံရမည့်ဘေးအန္တရာယ်များကိုလည်းကောင်း၊ ၎င်းတို့တွင် လိုအပ်နေသောကိုယ်အလိုကိုငြင်းပယ်တတ်သည့်စိတ်ဓာတ်များကိုလည်းကောင်း သူတို့အားဖော်ပြတော်မူပါသည်။ ဘုမသိဘမသိနှင့် ရန်သူ၏သိမ်းသွင်းခြင်းကိုမခံရစေရန်အလို့ငှါ သူတို့သည် အကြောင်းခြင်းရာအရပ်ရပ်ကိုစဉ်းစားချင့်ချိန်ကြရန် ကိုယ်တော်အလိုရှိတော်မူပါသည်။ သူတို့သည် အသွေးအသားရှိသောသူများနှင့် ဆိုင်ပြိုင်တိုက်လှန်ကြရမည်မဟုတ်ဘဲ အထွတ်အမြတ်တို့နှင့်လည်းကောင်း၊ အာဏာစက်တို့နှင့်လည်းကောင်း၊ လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့်လည်းကောင်း ဆိုင်ပြိုင်တိုက်လှန်ကြရမည်ဖြစ်ပါသည်။ ထိုသို့အာဏာတန်ခိုးကြီးမားသူများနှင့်ဆိုင်ပြိုင်တိုက်လှန်ကြရမည်ဖြစ်သော်လည်းကောင်းကင်သားများ၏အမအစကိုရရှိကြမည့်အကြောင်းကိုလည်း အာမခံချက်ရရှိထားကြပါသည်။ ကောင်းကင်ဘုံသားများအားလုံးသည် ဤတပ်မထဲတွင်ပါဝင်ကြသည်။ ကောင်းကင်တမန်များထက်ကြီးမြတ်သောသူများသည်လည်း ထိုတိုက်ပွဲတွင်ပါဝင်ကြပါမည်။ ကောင်းကင်ဗိုလ်မင်းများ၏ဗိုလ်ချုပ်ဖြစ်သော ထာဝရဘုရား၏ကိုယ်စားလှယ်တော်ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုတိုက်ပွဲတွင်ကွပ်ကဲရန်ကြွဆင်းလာပါမည်။ ကျွန်ုပ်တို့တွင် ချွတ်ယွင်းမှုများရှိကောင်းရှိကြပါမည်။ ကျွန်ုပ်တို့၏အပြစ်များနှင့်အမှားများသည် ဝမ်းနည်းဖွယ်ဖြစ်ကောင်းဖြစ်မည်ဖြစ်သော်လည်း စိတ်နှလုံးကြေကွဲစွာဖြင့် ကိုယ်တော်အားရှာဖွေသောသူခပ်သိမ်းအတွက် ထာဝရဘုရား၏ကရုဏာတော်သည် ကြွယ်ဝလျက်ရှိပါသည်။ အနန္တတန်ခိုးရှင်၏မဟာတန်ခိုးတော်သည် ထာဝရဘုရားအား ကိုးစားသူများကိုမစထောက်ပံ့လျက်ရှိပါသည်။

တောခွေးစုထဲသို့ သိုးတို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ ထို့ကြောင့် သင်တို့သည် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်ရှိကြလော့ဟု ယေရှုရှင်မိန့်မှာတော်မူခဲ့ပါသည်။ ခရစ်တော်



ကိုယ်တော်တိုင်သည် သမ္မာတရားနှင့်သက်ဆိုင်သော မည်သည့်စကားတစ်လုံးကိုမျှ ထိမ်ချန်ကွယ်ဝှက်ထားတော်မမူခဲ့ဘဲ ထိုသမ္မာတရားများကိုအမြဲတမ်းမေတ္တာရှေ့ထား၍ သွန်သင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည်လူအများနှင့်ဆက်ဆံရာတွင် ကြီးမားသောပါးနပ်လိမ္မာမှု၊ စဉ်းစားဆင်ခြင်မှုနှင့် ကြင်နာသနားမှုပြည့်ဝသည့်ကရုဏာထားမှုများကိုကျင့်သုံးခဲ့ပါသည်။ ရိုင်းစိုင်းစွာဆက်ဆံမှုများကိုလုံးဝရှောင်ရှားခဲ့ပြီး ကြမ်းတမ်းသောစကားတစ်လုံးကိုမလိုအပ်ဘဲအသုံးပြုခြင်းကိုလည်းကောင်း၊ ခံစားမှုရှိသော အသက်ဝိညာဉ်တို့အားမလိုအပ်ဘဲ စိတ်နာအောင်လုပ်ခြင်းများကိုလည်းကောင်းမည်သည့်အခါမျှလုပ်တော်မမူခဲ့ချေ။ ကိုယ်တော်သည် လူသားများ၏အားနည်းချက်များကိုပြစ်တင်ဝေဖန်ခြင်းပြုတော်မမူခဲ့ချေ။ သူတော်ကောင်းယောင်ဆောင်ခြင်းများ၊ မယုံကြည်ခြင်းများနှင့် ဆိုးညစ်စွာလုပ်ဆောင်ခြင်းများကို ရဲရဲဝံ့ဝံ့လူသိရှင်ကြားပြစ်တင်ဝေဖန်ခဲ့သော်လည်း နာကြည်းစေသောဆိုဆုံးမမှုများကို ဝမ်းနည်းကြေကွဲသောအသံဖြင့် ဆုံးမတော်မူခဲ့ပါသည်။ လမ်းခရီး၊ အသက်နှင့်သမ္မာတရားဖြစ်တော်မူသော မိမိအားလက်ခံရန် ငြင်းပယ်ခဲ့သောချစ်တော်မူခဲ့ရသည့်ယေရုရှလင်မြို့အတွက်မျက်ရည်ကျတော်မူခဲ့ပါသည်။ ကယ်တင်ရှင်ဖြစ်တော်မူသောမိမိအားငြင်းပယ်ခဲ့သော်လည်း သနားကြင်နာစွာဖြင့် မိမိ၏နှလုံးကြေကွဲသည်အထိအလွန်ဝမ်းနည်းစေခဲ့သော ၎င်းတို့အား ကိုယ်တော်ပမာဏပြုတော်မူခဲ့ပါသည်။ ကိုယ်တော်၏မျက်မှောက်တော်တွင် လူသားတိုင်းသည် အဖိုးထိုက်တန်ကြပါသည်။ ကိုယ်တော်သည် ဘုရားသိက္ခာတော်ကို ထာဝစဉ်ဆောင်တော်မူခဲ့သော်လည်း ဘုရားသခင်၏မိသားစုမှအိမ်သားတိုင်းကို အကြင်နာထားဂရုပြုတော်မူခဲ့သည်။ ကိုယ်တော်သည် လူသားအားလုံးတွင် ဝိညာဉ်ရေးကျဆုံးနေကြောင်း မြင်တွေ့တော်မူခဲ့ပါသည်။ ထိုဝိညာဉ်များကိုကယ်တင်ရန်မှာ ကိုယ်တော်၏အထူးတာဝန်ဖြစ်ပါသည်။

ဘုရားသခင်၏အစေခံကျွန်များသည် မိမိနှလုံးသား၏စေစားချက်အတိုင်း လုပ်ဆောင်ကြရန်မဟုတ်ဘဲ အမျက်ထွက်စိတ်ဆိုးစရာကိစ္စများကြောင့် “ငါ” တည်းဟူသော အတ္တစိတ်များရှင်ပြန်လာပြီး ညှိုးနွမ်းသော

သစ်ပင်များအတွက် နှင်းမှုန်များ၊ မိုးရေပေါက်များကဲ့သို့ မဖြစ်စေသည့် မလျော်ကန်မသင့်မြတ်သော ပြင်းထန်သည့်စကားများကိုပြောဆိုမိမည်စိုး၍ သူတို့သည် ထာဝရဘုရားနှင့်အနီးကပ်ဆက်သွယ်မှုများရှိကြရန် လိုအပ်လှပါသည်။ ကြမ်းတမ်းသောစကားများတို့ကို ၎င်းတို့ပြောဆိုကြရန် စာတန်လိုလားပါသည်။ အကြောင်းမူကား ဤအပြုအမူသည် သူ၏လုပ်နည်းလုပ်ဟန်ဖြစ်သောကြောင့်ဖြစ်ပါသည်။ နဂါးကြီးသည် အမျက်ဒေါသထွက်နေသည်ဖြစ်သဖြင့် အမျက်ဒေါသထွက်ခြင်းနှင့် ပြစ်တင်စွပ်စွဲခြင်းများသည် စာတန်၏စိတ်ကိုဖော်ပြခြင်းသာဖြစ်ပါသည်။ သို့သော် ဘုရားသခင်၏ အစေခံကျွန်များသည် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ်ကြရပါမည်။ ထိုသူများသည် ကောင်းကင်နိုင်ငံတော်၏အသုံးအနှုန်းများဖြင့် သာကိုယ်တော်ရှင်၏ရုပ်လုံးတော်နှင့် ခမည်းတော်ကိုဖော်ပြသည့်သမ္မာတရားကို ပြောဆိုသုံးစွဲကြရန် ကိုယ်တော်ရှင်လိုလားတော်မူပါသည်။ မကောင်းမှုဒုစရိုက်များကိုကျော်လွှားအောင်မြင်နိုင်သောတန်ခိုးသည် ခရစ်တော်၏ တန်ခိုးတော်သာဖြစ်ပါသည်။ ခရစ်တော်၏ဘုန်းတော်သည် ၎င်းတို့၏ ခွန်အားဖြစ်ပါသည်။ သူတို့သည် ကိုယ်တော်ရှင်၏နှစ်လိုဖွယ်ကောင်းသည့် အရာများကိုရှုကြည့်ကြရန်ဖြစ်ပါသည်။ ထိုအချိန်ကျမှသာ ဧဝံဂေလိတရားတော်ကို ဘုရားသခင်၏ညင်သာပါးနပ်မှုမျိုးနှင့် တင်ဆက်နိုင်ကြမည်ဖြစ်ပါသည်။ အမျက်ထွက်အောင်နှိုးဆွခြင်းခံရသောအချိန်တွင် နူးညံ့ငြိမ်သက်စွာစိတ်ထိန်းနိုင်သောသူသည် ပြင်းထန်စွာတိုက်ခိုက်ငြင်းခုံမှုထက် သမ္မာတရားကိုအသားပေးပြောဆိုရာတွင် ပို၍ထိရောက်မှုရှိပါလိမ့်မည်။

သမ္မာတရား၏ရန်သူများနှင့် ရင်ဆိုင်တိုက်လှန်နေကြသော သူများသည် လူသားရိုးရိုးများနှင့်သာမကဘဲ စာတန်နှင့်တကွ ၎င်း၏ ကိုယ်စားလှယ်များနှင့်လည်း ရင်ဆိုင်တိုက်လှန်နေကြခြင်းဖြစ်ပါသည်။ သင်တို့သွားလေသည့်အရာမှာ တောခွေးစုထဲသို့ သိုးသငယ်တို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏ဟူသော ခရစ်တော်၏မိန့်တော်မူချက်ကို ထိုသူများပြန်လည်သတိရကြပါလေစေ။ ပုဂ္ဂလိကမတရားမှုများရှိသော်လည်း ဘုရားသခင်၏မေတ္တာတော်တွင် ၎င်းတို့အားနားနေစေ၍ စိတ်နှလုံး



ငြိမ်သက်သာယာပါလေစေ။ ထာဝရဘုရားသခင်သည် ၎င်းတို့အား ဘုရားသခင်၏ဝတ်ရုံတော်ဖြင့် ဝတ်ဆင်ပေးတော်မူလိမ့်မည်။ ၎င်းတို့၏အသံများကိုလည်း ဝံပုလွေအူသံများကဲ့သို့ဖြစ်မလာကြစေရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူတို့၏စိတ်နှလုံးကိုအုပ်စိုးတော်မူလိမ့်မည်။

သခင်ယေရှုသည် လူတို့ကိုသတိပြုကြဟူ၍ တမန်တော်များအား ဆက်လက်ပြီးသွန်သင်ဆုံးမတော်မူခဲ့ပါသည်။ တမန်တော်များအနေဖြင့် ဘုရားသခင်ကိုမသိသေးသောသူများအား ယုံကြည်စိတ်ချမှုများမပြုကြရန်နှင့် ၎င်းတို့ပေးသောအကြံဉာဏ်များကိုမရယူကြရန်ဖြစ်ပါသည်။ အကြောင်းမူကား ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် စာတန်၏ကိုယ်စားလှယ်များအား အခွင့်အရေးပေးရာရောက်သောကြောင့်ဖြစ်ပါသည်။ လူသားများ၏တီထွင်မှုများသည် ဘုရားသခင်၏အကြံအစည်များကို မကြာခဏပျက်ပြယ်စေပါသည်။ ထာဝရဘုရား၏ဗိမာန်တော်ကိုတည်ဆောက်သောသူများသည် တောင်ပေါ်တွင်ပြသခဲ့သည့် ဘုရားသခင်၏ပုံစံနမူနာအတိုင်း တည်ဆောက်ကြရပါမည်။ ကိုယ်တော်၏အစေခံကျွန်များသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုအောက်တွင်မရှိသောလူများတို့ပေးသည့် အကြံဉာဏ်များကို အားကိုးအားထားပြုလျှင် ၎င်းတို့သည် ထာဝရဘုရားကို အသရေရှုတ်ချ၍ ဧဝံဂေလိတရားတော်ကို သစ္စာဖောက်ကြခြင်းဖြစ်ပါသည်။ လောကနှင့်ပတ်သက်သောဉာဏ်ပညာများသည် ဘုရားသခင်ရှေ့တွင် မိုက်မဲသောအရာများသာဖြစ်ကြပါသည်။ ထိုပညာများအပေါ်တွင် မှီခိုအားထားသောသူများသည် ဧကန်အမှန်မှားယွင်းခြင်းသို့ရောက်ကြလိမ့်မည်။ သင်တို့ကိုလွှတ်ရုံးသို့အပ်နှံကြလိမ့်မည်။---တစ်ပါးအမျိုးသားတို့အားသက်သေဖြစ်စေခြင်းငှါ မြို့ဝန်မင်း၊ ရှင်ဘုရင်တို့ထံသို့ ငါ့ကြောင့် သင်တို့ကို ပို့ဆောင်ကြလိမ့်မည်။ မဿဲ ၁၀း၁၇-၁၈။ နှိပ်စက်ညှဉ်းပန်းခြင်းအားဖြင့် ထိုအလင်းတော်သည် ပျံ့နှံ့လိမ့်မည်။ ထာဝရဘုရားသခင်၏ကျွန်များတို့သည် ဧဝံဂေလိသတင်းစကားကို တစ်ခါမျှမကြားဖူးကြသော လောကီအကြီးအကဲများရှေ့သို့ပို့ဆောင်ခြင်းကိုခံကြရလိမ့်မည်။ ဤသမ္မာတရားကို ထိုသူများထံတွင် မှားယွင်းစွာရုပ်လုံးဖော်ဖူးခဲ့ကြပြီး ခရစ်တော်၏တမန်တော်များ၏

ယုံကြည်ချက်များနှင့်ပတ်သက်၍လည်း မှားယွင်းသောစွပ်စွဲချက်များကို ကြားဖူးခဲ့ကြပါသည်။ မိမိတို့၏ယုံကြည်ခြင်းအတွက် စစ်ဆေးမေးမြန်းခြင်း ခံနေရသောတပည့်တော်များ၏သက်သေခံချက်သည်သာလျှင် မကြာခဏ ဆိုသလို ဧဝံဂေလိတရားတော်အစစ်ကိုလေ့လာရန် တစ်ခုတည်းသောနည်း ဖြစ်ပါသည်။ စစ်ဆေးမေးမြန်းသောအခါ မေးခွန်းများကိုဖြေဆိုချက်များ အားဖြင့် တရားစစ်ဆေးသူများသည် တပည့်တော်များ၏သက်သေခံချက် များကို ကြားနာခဲ့ကြရပါသည်။ အရေးပေါ်တွေ့ကြုံရသောပြဿနာများကို ဖြေရှင်းရန်အတွက် ကိုယ်တော်၏ကျွန်များအား ထာဝရဘုရား၏ကရုဏာ တော်ကိုပေးဝေတော်မူလိမ့်မည်။ သင်တို့ကိုအပ်နှံသောအခါ အဘယ်သို့ ပြောရမည်ကိုမစိုးရိမ်ကြနှင့်၊ ပြောရသောစကားကို ထိုခဏချင်းတွင် သင်တို့ သည်ရကြလိမ့်မည်။ အကြောင်းမူကား သင်တို့အလိုအလျောက်ပြောကြ သည်မဟုတ်၊ သင်တို့အဘ၏ဝိညာဉ်တော်သည် သင်တို့အားဖြင့် ပြောတော်မူ ၏ဟူ၍ ယေရှုမိန့်မှာတော်မူခဲ့ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် ကိုယ်တော့်ကျွန်များ၏စိတ်နှလုံးတွင် ထွန်းတောက်လာသောအခါ သမ္မာ တရားကို ဘုရားသခင်၏တန်ခိုးတော်နှင့်သော်လည်းကောင်း၊ အဖိုးထိုက် မွန်မြတ်မှုဖြင့်လည်းကောင်း ပြည့်စုံစွာဖြင့်တင်ပြကြပါလိမ့်မည်။ ထိုသမ္မာ တရားကို ငြင်းပယ်သူများသည် တမန်တော်များကိုညှဉ်းပန်းနှိပ်စက်သည့် ဘက်တွင်ရပ်တည်ကြပါလိမ့်မည်။ သို့သော် ဘုရားသခင်၏သားသမီးများ သည် ဒုက္ခဆင်းရဲခြင်းများနှင့်ဆုံးရှုံးခြင်းများကို သေသည့်တိုင်အောင် ခံစားလျက် မိမိတို့ဘုရားသခင်၏နူးညံ့သိမ်မွေ့ခြင်းကိုဖော်ပြကြရန်ဖြစ်ပါ သည်။ ဤနည်းအားဖြင့် စာတန်၏နောက်လိုက်များနှင့် ခရစ်တော်၏ ကိုယ်စားလှယ်များအကြား ကွဲပြားခြားနားမှုများကိုတွေ့မြင်ကြရပါလိမ့် မည်။ ကယ်တင်ရှင်သည် အုပ်ချုပ်သူအရာရှိများနှင့် လူအသီးအသီးရှေ့တွင် မြှောက်တင်ခြင်းကိုခံရပါလိမ့်မည်။ တမန်တော်များသည် ထိုကဲ့သို့သော ကရုဏာကိုလိုလား သည့်အချိန်မတိုင်မီ အာဇာနည်များ၏ရဲစွမ်းသတ္တိများကို သွန်းလောင်းခြင်းမခံခဲ့ရကြချေ။ လိုအပ်လာသောအချိန်တွင် ကိုယ်တော်ရှင် ၏ကတိတော်သည် ပြည့်စုံခဲ့ပါသည်။ ပေတရုနှင့်ယောဟန်တို့သည်



ဆန်ဟီဒရင်အဖွဲ့ရှေ့မှောက်တွင် သက်သေခံကြသောအခါ "ထိုသူတို့သည် ---ပေတရုနှင့် ယောဟန်တို့၏ရဲရင့်ခြင်းသတ္တိကိုမြင်၍ လူတတ်မဟုတ်၊ လူသာမညသာဖြစ်သည်ကိုသိမှတ်သဖြင့် အံ့ဩ၍နေကြ၏။ ထိုလူနှစ်ယောက် တို့သည် အထက်ကယေရှုနှင့်အတူရှိသည်ကို သတိရကြ၏။" သတေဖန် အကြောင်း နှင့်ပတ်သက်၍ ကျမ်းစာ၌မှတ်တမ်းတင်ထားသည်မှာ "လွှတ်တော်၌ ထိုင်လျက်ရှိသောသူအပေါင်းတို့သည် သတေဖန်ကိုစေ့စေ့ ကြည့်ရှုလျှင် သူ၏မျက်နှာသည် ကောင်းကင်တမန်၏မျက်နှာကဲ့သို့ဖြစ် သည်ဟုထင်မှတ်ကြ၏။" "သူဟောပြော၍ သုံးစွဲသောပညာနှင့်ဝိညာဉ်တော် ကိုမခံမဆီးနိုင်ကြ" ဟူ၏။ တမန်တော် ၆း၁၅၊၁၀။ ကဲသာဘုရင်၏ တရားရုံးတွင် မိမိအားစစ်ဆေးခြင်းများအကြောင်းကို ရေးသားမှတ်တမ်း တင်ခဲ့သည့် ရှင်ပေါလုက "ပထမအချိန်၌ အပြစ်တင်ခွင့်ကိုဖြေ၍ ငါသည် အစီရင်ခံရသောအခါ ငါ့ဘက်၌အဘယ်သူမျှမနေ၊ လူအပေါင်းတို့သည် ငါ့ကိုစွန့်ပစ်ကြ၏။ လူအပေါင်းတို့သည် စွန့်ပစ်ကြသော်လည်း ဒေသနာ တော်ကို အကုန်အစင်ဟောပြော၍ ခပ်သိမ်းသောလူမျိုးတို့သည် ကြားသိ စေခြင်းငှါ သခင်ဘုရားသည် ငါ့ဘက်၌နေ၍ ငါ့ကိုခွန်အားနှင့်ပြည့်စုံစေ တော်မူသောကြောင့် ခြင်္သေ့ခံတွင်းမှကယ်နုတ်ခြင်းချမ်းသာကိုငါရ၏။" ၂တိ ၄း၁၆-၁၇။

ခရစ်တော်၏ကျွန်များသည် စုံစမ်းမေးမြန်းခြင်းခံရသောအခါ တင်ပြပြောဆိုရန် စကားများကိုကြိုတင်ပြင်ဆင်ရန်မလိုပါချေ။ ထိုသူများ သည် ပြင်ဆင်မှုလုပ်သည့်အနေဖြင့် ဘုရား၏နှုတ်ကပတ်တော်မှ သမ္မာ တရားများကို နေ့စဉ်နှင့်အမျှစုဆောင်းမှတ်သားပြီး ဆုတောင်းခြင်းအားဖြင့် ယုံကြည်ခြင်းပါရမီကို တိုးပွားအောင်လုပ်ဆောင်ကြရန်ဖြစ်ပါသည်။ စုံစမ်း မေးမြန်းခြင်းကို ၎င်းတို့ခံကြရသောအခါသန့်ရှင်းသောဝိညာဉ်တော်သည် လိုအပ်သည့်သမ္မာတရားများကို ပြန်လည်သတိရစေလိမ့်မည်ဖြစ်ပါသည်။

ထာဝရဘုရားသခင်ကိုလည်းကောင်း၊ ကိုယ်တော်ရှင်စေလွှတ် တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိရှိရန်အတွက် နေ့စဉ်နှင့်အမျှ စိတ်အားထက်သန်စွာဖြင့် ကြိုးစားဆောင်ရွက်ခြင်းသည် အသက်ဝိညာဉ်

များအတွက် တန်ခိုးစွမ်းရည်ကိုဖြစ်စေပါလိမ့်မည်။ သမ္မာကျမ်းစာကို စိတ်အားထက်သန်စွာရှာဖွေဖတ်ရှုခြင်းအားဖြင့် ရရှိခဲ့သောအသိပညာများကို သင့်လျော်လျောက်ပတ်သောအချိန်တွင် ပြန်လည်သတိရစေပါလိမ့်မည်။ သို့သော် ခရစ်တော်၏နှုတ်ထွက်စကားများကိုသိကျွမ်းရန် မကြိုးစားခဲ့လျှင်သော်လည်းကောင်း၊ ကရုဏာတော်၏တန်ခိုးကို ဒုက္ခဆင်းရဲကာလတွင် မစမ်းသပ်ခဲ့ဖူးလျှင်သော်လည်းကောင်း သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းအား နှုတ်ကပတ်တော်များကို ပြန်လည်သတိရစေလိမ့်မည်ဟုမျှော်လင့်နိုင်စရာအကြောင်းမရှိပါချေ။ သူတို့သည် ခိုင်မြဲသောမေတ္တာဖြင့် ကိုယ်တော်ရှင်အား နေ့စဉ်ကိုးကွယ်ပြီး ယုံကြည်ကိုးစားကြရမည်ဖြစ်ပါသည်။ မိသားစုသံယောဇဉ်နှောင်ကြိုးများကို ဂရုမထားနိုင်လောက်အောင် ဧဝံဂေလိတရားအား ရန်ငြိုးဖွဲ့ခြင်းသည် အလွန်ခါးသီးလျက်ရှိပါသည်။ ခရစ်တော်၏တပည့်တော်များသည် မိမိတို့၏အိမ်သူအိမ်သားများထံမှ အသေသတ်ခြင်းခံရန် ပို့ဆောင်သည့်တိုင် ရန်ဖက်ပြုခြင်းကိုခံရလိမ့်မည်ဖြစ်ကြောင်း ယခုကဲ့သို့မိန့်တော်မူထားပါသည်။ "လူအပေါင်းတို့သည်လည်း ငါ၏နာမကြောင့် သင်တို့ကိုမုန်းကြလိမ့်မည်။ အကြင်သူသည် အဆုံးတိုင်အောင် တည်ကြည်၏။ ထိုသူသည် ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။" မာကုခရစ်ဝင် ၁၃း၁၃။ သို့စေကာမူ ၎င်းတို့သည် နှိပ်စက်ညှဉ်းပန်းခြင်းများကိုမလိုအပ်ဘဲ မရင်ဆိုင်ကြရန် ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်တိုင်ပင်လျှင် မိမိ၏အသက်ကိုအန္တရာယ်ပြုမည့်သူများထံမှလွတ်မြောက်စေရန်အလို့ငှါ မကြာခဏဆိုသလို တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်း၍ အမှုတော်ဆောင်ရွက်ခဲ့ပါသည်။ နာဇရက်မြို့၌ မိမိ၏မြို့သားများက မိမိအားငြင်းပယ်၍ သုတ်သင်ပစ်ရန်ကြိုးစားကြသောအခါ ကပေရနောင်မြို့သို့ထွက်ကြွသွား၍ တရားဒေသနာကိုဟောကြားတော်မူရာ" အာဏာတော်နှင့်ဟောတော်မူသောကြောင့် ပရိသတ်တို့သည် ဒေသနာတော်ကိုအလွန်အံ့ဩခဲ့ကြ၏။ ထိုနည်းအတူပင် ကိုယ်တော်၏အမှုဆောင်များသည်လည်း နှိပ်စက်ညှဉ်းပန်းမှုများကြောင့် စိတ်ဓာတ်ကျဆင်းကြရန်မဟုတ်ဘဲ ဝိညာဉ်ကယ်တင်ရေးအတွက် အမှုတော်ဆောင်ရွက်နိုင်သေးသည့်နေရာများကို ရှာဖွေလုပ်ဆောင်ကြရန်ဖြစ်ပါသည်။



အစေခံကျွန်တစ်ယောက်သည် မိမိ၏သခင်ထက်မသာလွန်နိုင်ဘဲ သခင်ယေရှုကို နတ်ဆိုးမင်းဗေလဇေဗုလဟု ခေါ်ဝေါ်ကြလျှင် တပည့်တော်များကိုလည်း ထိုနည်းအတိုင်းပင် မှားယွင်းစွာရုပ်လုံးဖော်ကြပါလိမ့်မည်။ မည်သည့်ဘေးအန္တရာယ်များရှိသည်ဖြစ်စေ ခရစ်တော်၏နောက်လိုက်များသည် ၎င်းတို့၏မူလခံယူချက်များအပေါ် အတိအလင်းဝန်ခံကြရပါမည်။ ထိမ်ချန်ခြင်းများကိုမပြုသင့်ကြချေ။ သူတို့သည် သမ္မာတရားကိုဝန်ခံခြင်းတွင် လုံခြုံမှုအတွက် စိတ်ချရမှုမရရှိမီတိုင်အောင် မဆက်ကပ်ဘဲ နေထိုင်နိုင်ကြမည်မဟုတ်ချေ။ သူတို့သည် ကျရောက်လာမည့်ဘေးအန္တရာယ်များအတွက် လူသားများအားသတိပေးရန် ကင်းစောင့်များအဖြစ် သတ်မှတ်ခြင်းခံရသူများဖြစ်ကြပါသည်။ ခရစ်တော်ထံမှရရှိထားသည့် သမ္မာတရားအလင်းများကို လူအပေါင်းတို့ထံတွင် အဖိုးအခမယူဘဲ ပွင့်ပွင့်လင်းလင်းမျှဝေကြရပါသည်။ "မှောင်မိုက်၌ သင်တို့အား ငါပြောသောအရာများကို သင်တို့သည် အလင်း၌ကြားပြောကြလော့။ သင်တို့နားအပါး၌ ပြော၍ကြားသောအရာများကို အိမ်မိုးပေါ်မှာဟစ်ကြော်ကြလော့" ဟု ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။ မဿဲ ၁၀း၂၇။

ယေရှုကိုယ်တော်တိုင်သည် လိုက်လျောမှုများပြုခြင်းအားဖြင့် မည်သည့်အခါမျှငြိမ်သက်ခြင်းကိုမလဲလှယ်ခဲ့ဖူးချေ။ ကိုယ်တော်၏နှလုံးသားသည် လူသားတစ်ခုလုံးအပေါ်မှာ ထားရှိသောမေတ္တာတော်ဖြင့် ယိုစီးနေသော်လည်း ကိုယ်တော်သည် ၎င်းတို့၏အပြစ်များကို မည်သည့်အခါမျှ အလိုလိုက်ခဲ့ခြင်းမပြုခဲ့ချေ။ ကိုယ်တော်၏အသွေးတော်ဖြင့် ဝယ်ထားတော်မူသည့် အသက်ဝိညာဉ်များသည် ပျက်စီးဆုံးရှုံးခြင်းလမ်းသို့လိုက်လျှောက်နေကြသဖြင့် ကိုယ်တော်သည် မိတ်ဆွေတစ်ဦးအနေဖြင့် သူတို့အား သတိမပေးဘဲ ဆိတ်ဆိတ်နေနိုင်တော်မမူချေ။ လူသားများသည် မိမိကိုယ်ကို ကတိသစ္စာရှိကြရန်၊ မြင့်မြတ်သောထာဝရအကျိုးကို သစ္စာစောင့်ကြရန် ကိုယ်တော်အမှုတော်ဆောင်ရွက်ခဲ့ပါသည်။ ကိုယ်တော်၏အမှုတော်ဆောင်များအား ထိုအမှုတော်ကိုပင်လုပ်ဆောင်ရန်အတွက် ခေါ်တော်မူခဲ့ပြီး မသင့်မတင့်မှုများကိုတားဆီးရန် ကြိုးစားစဉ်တွင် မိမိကိုယ်တိုင် သမ္မာတရား

ကိုစွန့်လွှတ်မိမည်စိုးသဖြင့် မိမိကိုယ်ကိုဂရုပြုသင့်ကြပါသည်။ သူတို့သည် ငြိမ်သက်ခြင်းနှင့်ယှဉ်သောအရာတို့ကို မီအောင်လိုက်ကြရမည်ဖြစ်ပါသည်။ သို့ရာတွင် စစ်မှန်သောငြိမ်သက်ခြင်းသည် အခြေခံစည်းမျဉ်းများကို အတိုးအလျှော့လုပ်ခြင်းအားဖြင့် မည်သည့်အခါမျှရယူနိုင်ကြလိမ့်မည် မဟုတ်ချေ။ မည်သူမဆို ဆန့်ကျင်ဘက်ပြုသူများမရှိလျှင် အခြေခံနိယာမများကို သစ္စာရှိနိုင်ကြမည်မဟုတ်ချေ။ ဝိညာဉ်ရေးဆိုင်ရာခရစ်ယာန်အယူဝါဒသည် နားထောင်မှုမရှိသည့် သားသမီးများ၏ဆန့်ကျင်တိုက်ခိုက်မှုကိုခံရပါလိမ့်မည်။ "ကိုယ်ခန္ဓာကိုသာသတ်၍ စိတ်ဝိညာဉ်ကိုမသတ်နိုင်သောသူတို့ကိုမကြောက်ကြနှင့်" ဟုတပည့်တော်များအား ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။ ထာဝရဘုရားရှင်၌ သစ္စာရှိသူများသည် လူတို့၏တန်ခိုးအာဏာကိုလည်းကောင်း၊ စာတန်၏ရန်ငြိုးဖွဲ့ခြင်းကိုလည်းကောင်း၊ ကြောက်ရွံ့စရာမလိုပါချေ။ ထိုသူတို့အတွက် ထာဝရအသက်ကို ခရစ်တော်၌ လုံခြုံစွာထိန်းသိမ်းထားလျက်ရှိပါသည်။ ၎င်းတို့အတွက်တစ်ခုတည်းသော စိုးရွံ့စရာကောင်းသည့်အချက်မှာ သမ္မာတရားကိုစွန့်လွှတ်၍ ထာဝရဘုရားအား ယုံကြည်ကိုးစားမှုမရှိတော့မည်ကိုသာ စိုးရိမ်ရန်ဖြစ်ပါသည်။

လူသားများ၏စိတ်နှလုံးကို သံသယစိတ်များနှင့်ပြည့်ဝစေရန် စာတန်လုပ်ဆောင်နေပါသည်။ ဘုရားသခင်အား ကရုဏာကင်းမဲ့သော စီရင်ဆုံးဖြတ်သူတစ်ဦးအဖြစ် လူအများရှုမြင်ကြရန် စာတန်လုပ်ဆောင်နေပါသည်။ လူသားများအား အပြစ်ကျူးလွန်စေရန် သူစုံစမ်းနေပြီး မိမိတို့ကိုယ်ကို ထာဝရဘုရားထံသို့ချဉ်းကပ်ရန်အတွက်သော်လည်းကောင်း၊ ကိုယ်တော်၏သနားခြင်းကရုဏာကို နှိုးဆွရန်အတွက်သော်လည်းကောင်း၊ မထိုက်တန်လောက်အောင်ယုတ်ညံ့သူများဖြစ်ကြောင်း မှတ်ယူကြရန် သူဖြားယောင်းနေပါသည်။ ထာဝရဘုရားသည် ဤအရာအားလုံးကို နားလည်တော်မူ၍ အားနည်းချက်များနှင့်လိုအပ်ချက်များရှိနေသောလူသားများအပေါ်ထားရှိသည့် ကိုယ်တော်၏စာနာသနားမှုများအကြောင်းကို တပည့်တော်များအား ယေရှုရှင်မိန့်ကြားတော်မူခဲ့ပါသည်။ သက်ပြင်းတစ်ချက်မျှမချသော်လည်း နာကျင်မှုတစ်ခုကိုမျှ အသက်ဝိညာဉ်ကို



မထိုးဖောက်သော်လည်း နှလုံးခုန်နှုန်းတစ်ခုသည် အဖဘုရားသခင်၏ နှလုံးတော်ကိုတုန်ခါသွားစေခဲ့ပါသည်။

ဘုရားသခင်သည် မြင့်မြတ်သန့်ရှင်းသောအရပ်၌ စိုးစံနေကြောင်း ကျမ်းစာတော်မြတ်ကဖော်ပြထားရာ မည်သည့်လုပ်ကိုင်ဆောင်ရွက်မှုကိုမျှ မပြုသောအခြေအနေ၌ တစ်ပါးတည်းငြိမ်သက်စွာနေတော်မူသည်ဟု ဖော်ပြထားခြင်းမဟုတ်ဘဲ ကိုယ်တော်၏အလိုတော်ကိုဆောင်ရွက်ရန် စောင့်ဆိုင်းနေကြသောကုဋေသန်းချီမကများပြားလှသည့် ကောင်းကင်တမန်များ၏ခြံရံခစားမှုကို ခံယူတော်မူနေကြောင်းကို ဖော်ပြထား၏။ ကျွန်ုပ်တို့မသိမြင်နိုင်သည့်နည်းလမ်းများအားဖြင့် ကိုယ်တော်သည် မိမိ၏အုပ်ချုပ်မှုအောက်တွင်ရှိနေသော အစိတ်အပိုင်းတိုင်းကို ဆက်သွယ်လုပ်ရှားလျက်ရှိတော်မူပါသည်။ ကမ္ဘာလောက၏အသေးငယ်ဆုံးသောအရာကလေးတွင်သော်လည်းကောင်း၊ မိမိ၏တစ်ပါးတည်းသောသားတော်ကိုစွန့်၍ ကယ်တင်ရန်လုပ်ဆောင်ခဲ့သည့် အသက်ဝိညာဉ်များတွင်သော်လည်းကောင်း ထာဝရဘုရားနှင့်တကွ ကောင်းကင်သားများသည် စိတ်ဝင်စားလျက်ရှိကြပါသည်။ ထာဝရဘုရားသည် ဒုက္ခရောက်နေသူများ၏အော်ဟစ်သံများကို နားညောင်းရန်အတွက်သော်လည်းကောင်း၊ သဘောဖြူအစွန်းဖြင့် တောင်းခံသောဆုတောင်းသံတိုင်းကို "ငါ-ဒီမှာရှိတယ်" ဟုအဖြေပေးရန်အတွက်သော်လည်းကောင်း မိမိ၏ပလ္လင်တော်ထက်မှ အာရုံစူးစိုက်၍ နားညောင်းလျက်ရှိပါသည်။ ကိုယ်တော်သည် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေသော နင်းပြားများကိုမချီတော်မူပါသည်။ ကျွန်ုပ်တို့ဒုက္ခဝေဒနာတွင် ကျရောက်ခံစားမှုသည် ကိုယ်တော်ရှင်အားလည်းမျှဝေခံစားစေပါသည်။ စုံစမ်းနှောင့်ယှက်မှုတိုင်းတွင် ကျွန်ုပ်တို့အားကယ်ဆယ်ရန် ဘုရားသခင်၏ ကောင်းကင်တမန်သည် ကျွန်ုပ်တို့အနီးအပါးတွင်ရှိနေပါသည်။

အဖဘုရားသခင်၏အခွင့်မရှိလျှင် စာငှက်တစ်ကောင်မျှ မြေသို့မကျချေ။ စာတန်သည် ဘုရားသခင်ကိုမုန်းတီးသောကြောင့် ကယ်တင်ရှင်ဂရုပြုမစသောအရာတိုင်းကိုမုန်းတီးပါသည်။ သူသည် ဘုရားသခင်၏ လက်ရာတော်ကို ပျက်ယွင်းအောင်လုပ်ဆောင်နေပြီး စကားမပြောတတ်

သောဝေနေယျသတ္တဝါများကိုဖျက်ဆီးရသည်ကိုပင်နှစ်သက်လျက်ရှိပါသည်။ ဝမ်းမြောက်ဖွယ်တေးသံသာများကိုသီဆို၍ ကျွန်ုပ်တို့အား ဝမ်းမြောက်ရွှင်လန်းစေသောငှက်ကလေးများမသေမပျောက်ရှိနေခြင်းသည် ဘုရားသခင်၏ကာကွယ်ပို့ဆောင်မှုကြောင့်သာဖြစ်ပါသည်။ ကိုယ်တော်သည် စာငှက်ကလေးများကိုပင် မေ့လျော့တော်မမူချေ။ ထို့ကြောင့်မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက် သာ၍မြတ်ကြ၏ဟု မိန့်တော်မူ၏။

သင်သည် ငါ့ကိုလူတို့ရှေ့မှာဝန်ခံအံ့၊ ထာဝရဘုရားနှင့်တကွ သန့်ရှင်းသောကောင်းကင်တမန်များရှေ့တွင် သင့်ကိုငါဝန်ခံမည်။ သင်သည် ကမ္ဘာသားများ၏ကယ်တင်ခြင်းအတွက် ကိုယ်တော်၏ကရုဏာတော်စီးဆင်းရာရေစီးမြောင်းအဖြစ် ငါ၏သက်သေခံဖြစ်ရပါမည်။ ထိုနည်းတူ ငါသည်လည်း ကောင်းကင်နိုင်ငံတော်တွင် သင်၏ကိုယ်စားတော်ဖြစ်စေလိမ့်မည်။ အဖဘုရားသခင်သည် သင်၏ချို့တဲ့မှားယွင်းသောစာရိတ္တကိုကြည့်ရှုတော်မမူဘဲ ငါ၏စုံလင်ခြင်းဖြင့် လွှမ်းခြုံခြင်းခံရသူအနေဖြင့် သင့်ကိုတွေ့မြင်တော်မူပါသည်။ ငါသည် သင့်ထံသို့ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကိုစီးဆင်းစေမည့် ကြားခံပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ကျဆုံးနေသောလူသားများအတွက် ငါခံစားခဲ့ရသောဒုက္ခများကို မျှဝေခံစားခြင်းအားဖြင့် ငါ့ကိုဝန်ခံသောသူတိုင်းသည် ကယ်တင်ခြင်းခံရမည့်သူများရရှိမည့် ဘုန်းတော်နှင့်ဝမ်းမြောက်ခြင်းတွင် မျှဝေခံစားသူတစ်ယောက်အနေဖြင့် ဝန်ခံခြင်းကိုခံရလိမ့်မည်ဟူ၍ ယေရှုရှင်မိန့်မြွက်တော်မူခဲ့ပါသည်။

အကြင်သူသည် ခရစ်တော်ကိုဝန်ခံပါလျှင် သူ၏အသက်တာတွင် ခရစ်တော်သည် စိုးစံလျက်ရှိပါမည်။ မိမိလက်ခံရရှိမထားသောအရာနှင့် မည်သူမျှဆက်သွယ်နိုင်မည်မဟုတ်ချေ။ တမန်တော်များသည် အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ယုံကြည်ချက်များကို ဟောပြောကောင်းဟောပြောနိုင်ကြပါမည်။ ခရစ်တော်ကိုယ်တော်တိုင် မိန့်တော်မူခဲ့သောနှုတ်ထွက်စကားများကို ပြန်လည်ရွတ်ဆိုနိုင်ကောင်းရွတ်ဆိုနိုင်ကြမည်ဖြစ်သော်လည်း သူတို့သည် ခရစ်တော်နှင့်တူသော နူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ခြင်းမေတ္တာမရှိထားပါက ထိုသူများသည် ကိုယ်တော်ကိုဝန်ခံကြမည်မဟုတ်ချေ။ ဘုရားတရား





ရှိကြောင်း မည်မျှပင်ပြောစေကာမူ ခရစ်တော်၏စိတ်ထားနှင့် ဆန့်ကျင်ဖီလာသောစိတ်သဘောထားသည် ကိုယ်တော်ကိုငြင်းပယ်မည်သာတည်း။ လူများသည် အတင်းအဖျင်းစကားများ၊ ဆင်ခြင်ပိုင်းခြားမှုမရှိသောစကားများ၊ သမ္မာတရားနှင့်မကိုက်ညီသည့် အကြင်နာမဲ့သောစကားတို့ကို ပြောခြင်းအားဖြင့် ခရစ်တော်အားငြင်းပယ်နိုင်ကြပါသည်။ သူတို့သည် အသက်တာတွင် ထမ်းရွက်ရမည့်ဝန်များကိုလွှဲရှောင်ခြင်းအားဖြင့်လည်းကောင်း၊ ဒုစရိုက်နှင့်ပြည့်ဝနေသောအပျော်အပါးများကိုလိုက်စားခြင်းအားဖြင့်သော်လည်းကောင်း ကိုယ်တော်ကိုငြင်းပယ်နိုင်ကြပါသည်။ လောကဆန်သောနေထိုင်စားသောက်ခြင်းများအားဖြင့်သော်လည်းကောင်း၊ ယဉ်ကျေးသိမ်မွေ့မှုမရှိသောအပြုအမူများအားဖြင့်သော်လည်းကောင်း၊ မိမိတို့၏ထင်မြင်ချက်များကိုသာ မြတ်နိုးခြင်းအားဖြင့်သော်လည်းကောင်း၊ မိမိကိုယ်ကိုဖြောင့်မတ်စေခြင်းအားဖြင့်သော်လည်းကောင်း၊ သံသယစိတ်များကို မြတ်နိုးတွယ်တာခြင်းအားဖြင့်သော်လည်းကောင်း၊ ဆန့်ကျင်ဖီလာသောအကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေသည့် မလိုအပ်သောလုပ်ဆောင်ခြင်းများနှင့် ဒုစရိုက်နွံတွင်နစ်မွန်းနေခြင်းများအားဖြင့်သော်လည်းကောင်း ကိုယ်တော်ရှင်ကိုငြင်းပယ်နိုင်ကြပါသည်။ သူတို့သည် ထိုလမ်းစဉ်များအတိုင်း နေထိုင်လုပ်ကိုင်ခြင်းဖြင့် ခရစ်တော်သည် သူတို့ထဲတွင်ရှိတော်မမူကြောင်းကို ဖွင့်ဟနေကြပါသည်။ "အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကိုငြင်းပယ်အံ့၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်ရှေ့မှာ ထိုသူကိုငါငြင်းပယ်မည်။

ဧဝံဂေလိတရားတော်အပေါ် လောကသားများ၏ရန်ငြိုးဖွဲ့ခြင်းသည် အောင်နိုင်လိမ့်မည်မဟုတ်ကြောင်းနှင့် တစ်ချိန်တွင် ထိုသူများသည် ရန်ငြိုးဖွဲ့ခြင်းများရပ်စဲသွားမည်ဖြစ်ကြောင်းများကို တမန်တော်များအား ခရစ်တော်မိန့်တော်မူခဲ့ပါသည်။ "ငြိမ်သက်ခြင်းကိုစေလွှတ်အံ့သောငှါ ငါလာသည်မဟုတ်၊ ဓါးကိုစေလွှတ်အံ့သောငှါ ငါလာသတည်း" ဟု ကိုယ်တော်မိန့်တော်မူခဲ့၏။ ရန်ဖက်ပြုခြင်းများကိုဖြစ်ပေါ်စေသည့်အရာသည် ဧဝံဂေလိတရားတော်၏အကျိုးသက်ရောက်မှုမဟုတ်ဘဲ ဧဝံဂေလိတရားတော်ကို ဆန့်ကျင်သဖြင့် ဖြစ်ပေါ်လာသောရလဒ်ဖြစ်ပါသည်။ နှိပ်စက်ညှဉ်းပန်းမှု

အပေါင်းတွင် ခံစားရအခက်ဆုံးသောနှိပ်စက်ညှဉ်းပန်းမှုသည် မိသားစု အချင်းချင်းစိတ်ဝမ်းကွဲပြားကာ ခင်မင်သူများကိုစိမ်းကားစေသည့်အရာပင် ဖြစ်ပါသည်။ ယေရှုမိန့်တော်မူသည်ကား၊ အကြင်သူသည် ငါ့ကိုချစ်သည် ထက် မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်၊ အကြင်သူသည် ငါ့ကိုချစ်သည်ထက် သားသမီးကိုသာ၍ချစ်၏၊ ထိုသူသည် ငါနှင့်မထိုက်တန်၊ အကြင်သူသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့မလိုက်၊ ထိုသူသည် ငါနှင့်မထိုက်တန်ဟူ၏။

ခရစ်တော်၏အမှုတော်ဆောင်များဆောင်ရွက်ရမည့် အထူး လုပ်ငန်းသည် မြင့်မြတ်သန့်ရှင်းသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ "သင်တို့ကို လက်ခံသောသူသည် ငါ့ကိုလက်ခံ၏။ ငါ့ကိုလက်ခံသောသူသည် ငါ့ကို စေလွှတ်တော်မူသောသူကိုလက်ခံ၏။" ကိုယ်တော်၏နာမတော်အားဖြင့် ထိုသူများအားပြုသည့် ကောင်းမှုကုသိုလ်တစ်ခုတလေမျှအသိအမှတ်မပြု၊ အကျိုးကျေးဇူးမပေးဘဲ နေလိမ့်မည်မဟုတ်ချေ။ ခရစ်တော်ကိုသိကျွမ်း ယုံကြည်သည့်ကလေးငယ်များအား တပည့်တော်၏မျက်နှာကိုထောက်၍ ရေတစ်ခွက်ကိုပေးအံ့၊ ထိုသူသည် အကျိုးကိုမရဘဲမနေရာ၊ ငါအမှန် ဆိုသည်ဟု ယေရှုရှင်မိန့်မှာတော်မူခဲ့ပါသည်။

ဤသို့အားဖြင့် ကိုယ်တော်ရှင်သည် မိမိ၏သွန်သင်ချက်ကို အဆုံးသတ်ထားခဲ့ပါသည်။ တစ်ကျိပ်နှစ်ပါးသောတပည့်တော်များတို့သည် ကိုယ်တော်ရှင်ပြုတော်မူခဲ့သကဲ့သို့ "ဆင်းရဲသားများအား ဝမ်းမြောက်စရာ သတင်းကိုကြားပြောစေခြင်းငှါလည်းကောင်း၊ နှလုံးကြေကွဲသောသူများ၏ အနာကိုပျောက်စေခြင်းငှါလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိ ပြန်မြင်ခြင်းအကြောင်းကို ပြစေခြင်းငှါလည်းကောင်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါလည်းကောင်း ခရစ်တော်၏ နာမတော်၌ အရပ်ရပ်သို့ထွက်ခွါ၍ အမှုတော်ကိုဆောင်ရွက်ခဲ့ကြပါသည်။ (လုကာ ၄း၁၈-၁၉)။

-၀-



# (၃၈)
# ဆိတ်ကွယ်ရာသို့ခေတ္တခဏလာကြ

ရှင်မဿဲ ၁၄း၁၊၂၊၁၂၊၁၃။ ရှင်မာကု ၆း၃၀-၃၂။ ရှင်လုကာ ၉း၇-၁၀ ကိုအခြေပြုထားပါသည်

တမန်တော်တို့သည် သာသနာပြုခရီးစဉ်မှပြန်လည်ရောက်ရှိ လာကာ ခရစ်တော်ထံ၌စုဝေး၍ မိမိတို့လုပ်ဆောင်ခဲ့သမျှကိုကြားလျှောက် ကြပါသည်။ ကိုယ်တော်ကလည်း တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ၊ ခဏအားဖြည့်၍ ငြိမ်သက်စွာနေကြဟု မိန့်တော်မူ၏။ အကြောင်းမူကား လူအများသည် အဝင်အထွက်များလျက်ရှိနေသည်ဖြစ်၍ တမန်တော်များသည် အစာစားရန်အတွက်ပင် မအားလပ်နိုင်အောင်ဖြစ်နေသောကြောင့်တည်း။

တမန်တော်များသည် ခရစ်တော်နှင့်ရင်းနှီးကာ အကျွမ်းတဝင်ရှိ နေကြသောကြောင့် မိမိတို့ကြုံတွေ့ခဲ့ရသောအကောင်းအဆိုးအတွေ့အကြုံ များကိုလည်းကောင်း၊ သူတို့လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသည့် ကောင်းသောရလဒ်များအတွက် ဝမ်းမြောက်ပျော်ရွှင်မှုများကိုလည်းကောင်း၊ မအောင်မြင်မှုများအတွက် ခံစားရသောဝမ်းနည်းစရာများကိုလည်းကောင်း၊ သူတို့၏မှားယွင်းမှုများနှင့်အားနည်းချက်များကိုလည်းကောင်း ကိုယ်တော်ရှင် ထံသို့လာရောက်တင်ပြကြပါသည်။ သူတို့သည် တရားဟောဆရာများအဖြစ်၊ ပထမဦးဆုံးအကြိမ်အဖြစ် လုပ်ဆောင်မှုတွင် အမှားများကိုလည်း လုပ်ဆောင်မိခဲ့ကြရာ မိမိတို့၏အတွေ့အကြုံများကို ခရစ်တော်အား ပွင့်လင်း စွာတင်ပြခဲ့ကြသဖြင့် ၎င်းတို့အား သွန်သင်စရာများစွာလိုအပ်နေသေး ကြောင်း ကိုယ်တော်တွေ့မြင်တော်မူခဲ့ပါသည်။ ထို့ပြင် ထိုသူများသည် အလုပ် ပင်ပန်းမှုကြောင့် နွမ်းနယ်နေကြပြီး အနားယူဖို့လိုအပ်ကြောင်းကိုလည်း ကိုယ်တော်ရှင်မြင်တွေ့တော်မူခဲ့ပါသည်။

သူတို့ရောက်ရှိနေသောနေရာတွင် လူအများသွားလာလျက်ရှိကြ သည့်အတွက် အစာစားရန်ပင် မအားလပ်အောင်ဖြစ်နေသဖြင့် အေးအေး

ဆေးဆေးမနေနိုင်ကြချေ။ ရောဂါကုသမှုများကိုခံရန်နှင့် တရားဒေသနာများကိုနာကြားရန် စိတ်အားထက်သန်စွာဖြင့် လူအများသည် ခရစ်တော်ထံတွင်စုရုံးလာခဲ့ကြပါသည်။ ကိုယ်တော်ရှင်သည် ထိုသူများအတွက် ခပ်သိမ်းသောကောင်းချီးမင်္ဂလာများယိုစီးရာစမ်းရေကြည်ကဲ့သို့ဖြစ်နေသည့်အတွက် သူတို့သည် ကိုယ်တော်ထံမှမခွဲနိုင်မခွာရက်ဖြစ်နေကြပါသည်။ ကျန်းမာခြင်းဆုကျေးဇူးကိုလက်ခံရယူရန် ထိုအချိန်က ခရစ်တော်၏အပါးတွင်စုရုံးလာကြသည့် ထိုလူများထဲမှ များစွာသောလူတို့သည် ကိုယ်တော်အား ၎င်းတို့၏ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ခဲ့ကြပါသည်။ ထိုအချိန်က ဖါရိရှဲများကိုကြောက်၍ ကိုယ်တော်ရှင်အား ဝန်မခံရဲခဲ့သူများစွာတို့သည် သန့်ရှင်းသောဝိညာဉ်တော်သက်ဆင်းလာသောအခါ ဝိညာဉ်ရေးအသက်တာပြောင်းလဲလာကြပြီး အမျက်ဒေါသထွက်နေကြသောယဇ်ပုရောဟိတ်များ၏ရှေ့မှောက်တွင် ကိုယ်တော်ရှင်အား ထာဝရဘုရား၏သားတော်အဖြစ် အသိအမှတ်ပြုခဲ့ကြပါသည်။

ယခုတွင်မူ ကိုယ်တော်သည် မိမိ၏တပည့်တော်များနှင့်အတူ အနားယူလိုတော်မူပါသည်။ အကြောင်းမူကား ၎င်းတို့အား မိန့်တော်မူစရာများစွာရှိနေသောကြောင့်ဖြစ်ပါသည်။ သူတို့သည် အမှုတော်ဆောင်ရွက်ကြစဉ် တိုက်လှန်မှုများကိုကျော်လွှားခဲ့ရပြီး ဆန့်ကျင်မှုအဖုံဖုံကိုလည်းကြုံတွေ့ခဲ့ရပါသည်။ ယခုအချိန်အထိ အရာရာတွင် ခရစ်တော်နှင့်တိုင်ပင်ခွင့်ရရှိခဲ့ကြသော်လည်း အချိန်ကြာမြင့်စွာသူတို့ချည်းအမှုတော်ဆောင်ခဲ့ကြရသဖြင့် ရံဖန်ရံခါမလုပ်တတ်မကိုင်တတ်ဖြစ်ကာ များစွာဒုက္ခရောက်ခဲ့ကြရပါသည်။ ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်၏အမအစဖြင့် ၎င်းတို့အားစေလွှတ်ကာ လုပ်ဆောင်စေတော်မူခဲ့သဖြင့် လုပ်ဆောင်ခဲ့ရသည့် လုပ်ငန်းများမှ များစွာသောအားတက်စရာများကို သူတို့တွေ့ခဲ့ကြရပါသည်။ ကိုယ်တော်ရှင်ကိုယုံကြည်ခြင်းအားဖြင့် များစွာသောနိမိတ်လက္ခဏာများကို ပြခဲ့ကြသော်လည်း ယခုတွင်မူ အသက်မုန့်ကိုသုံးဆောင်ရန် သူတို့လိုအပ်နေကြပါသည်။ ခရစ်တော်နှင့်အတူ ပေါင်းသင်းဆက်ဆံ၍ အနာဂတ်



အမှုတော်အတွက် သွန်သင်ချက်များကိုရယူနိုင်မည့် ဆိတ်ငြိမ်သောနေရာသို့ ၎င်းတို့သွားရောက်ဖို့လည်းလိုအပ်နေပါသည်။

တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ၊ ခဏအားဖြည့်၍ ငြိမ်သက်စွာနေကြဟု မိမိ၏အမှုတော်တွင်ရှိနေကြသောလူအပေါင်းအား ကြင်နာသနားမှုအပြည့်ဖြင့် ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ ထာဝရဘုရားသည် ယဇ်ပူဇော်ခြင်းထက် သနားခြင်းကရုဏာကိုလိုလားကြောင်း၊ မိမိ၏တမန်တော်များအား ဖော်ပြတော်မူပါသည်။ သူတို့သည် မိမိတို့၏ကိုယ်စိတ်နှလုံးသုံးပါးကို အမှုတော်တွင်မြှုပ်နှံထားခဲ့ကြသဖြင့် ၎င်းတို့၏ကိုယ်ခန္ဓာခွန်အားနှင့် စိတ်တန်ခိုးများသည် နွမ်းနယ်လျော့ပါးလျက်ရှိနေခဲ့ပါသည်။ ထို့ကြောင့် သူတို့သည် အနားယူခြင်းကိုမဖြစ်မနေရယူကြရမည်ဖြစ်ပါသည်။

တမန်တော်များသည် အမှုတော်မြတ်တွင် အောင်မြင်မှုရနေကြသည်နှင့်အမျှ စာတန်၏စုံစမ်းခြင်းတွင် ကျဆုံးသွားစေမည့် မိမိကိုယ်ကိုအသားပေးမှုများနှင့် ဝိညာဉ်ရေးမာနတက်မှုများအတွက် အန္တရာယ်များလည်းရှိလာခဲ့ကြပါသည်။ မဟာလုပ်ငန်းကြီးတစ်ခုကို သူတို့လုပ်ဆောင်ကြရမည်ဖြစ်သဖြင့် သူတို့၏ခွန်အားသည် မိမိတို့အထဲတွင်မရှိဘဲ ထာဝရဘုရားထံတော်တွင်သာရှိနေကြောင်းကိုသိရှိရန် ရှေးဦးပထမသူတို့သင်ယူကြရပါမည်။ သိနာတောင်ရှိတောထဲမှ မောရှေကဲ့သို့လည်းကောင်း၊ ယုဒတောင်တန်းများပေါ်တွင် နေထိုင်ခဲ့သော ဒါဝိဒ်ကဲ့သို့လည်းကောင်း၊ ခေရိတ်ချောင်းနားမှဧလိယကဲ့သို့လည်းကောင်း၊ သတ္တလောကကြီးမှစ၍ ခရစ်တော်ဘုရားအဆုံး အားလုံးသောအရာများနှင့် ရင်းနှီးစွာမိတ်သဟာယဖွဲ့ရန် များမြောင်သောလုပ်ငန်းခွင်များကို စွန့်ခွာလာကြဖို့လိုအပ်လှပါသည်။

တမန်တော်များသည် သာသနာပြုလုပ်ငန်းများကို သွားရောက်လုပ်ကိုင်နေကြစဉ်တွင် ခရစ်တော်သည် နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားတော်ကိုဟောကြားရင်း၊ အခြားမြို့ရွာများသို့ဒေသစာရီကြွချီတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထိုအချိန်လောက်တွင် နှစ်ခြင်းဆရာယောဟန်၏သေဆုံးကြောင်းသတင်းကို ကြားခဲ့ရပါသည်။ ဤအဖြစ်အပျက်သည် မိမိ၏ခြေလှမ်းများဦးတည်သွားလာနေသည့် မိမိရှေ့တွင်ရှိသော ခရီးဆုံးကို

ထင်ရှားစွာသိသာစေခဲ့ပါသည်။ ကိုယ်တော်လျှောက်လှမ်းရမည့်လမ်းသည် အလွန်ကြမ်းတမ်းလှပါသည်။ ယဇ်ပုရောဟိတ်များနှင့် ကျမ်းတတ်ဆရာများသည် ကိုယ်တော်ရှင်အား အဆုံးစီရင်ရန် ကြံစည်နေကြပါသည်။ သူလျှိုများသည် နောက်တော်သို့တကောက်ကောက်လိုက်နေပြီး ကိုယ်တော်ရှင်အား သုတ်သင်ရှင်းလင်းရေးအတွက် မသမာသောကြံစည်မှုများကို ပြင်းထန်စွာကြံစည်လျက်ရှိကြပါသည်။ ဂါလိလဲပြည်အနှံ့အပြားတွင် တမန်တော်များ၏ဒေသနာဟောကြားခြင်းသတင်းသည် ဟေရုဒ်မင်းကြီးထံသို့ရောက်လာသဖြင့် ၎င်းသည် ယေရှုရှင်နှင့်တကွ အမှုတော်အပေါ် အာရုံပြုလာခဲ့ပါသည်။ ထို့ကြောင့် "ဤသူကား ဗတ္တိဇံဆရာယောဟန်ဖြစ်သည်။ သေခြင်းမှထမြောက်လေပြီ" ဟုသူပြောခဲ့၏။ ၎င်းပြင် သခင်ယေရှုနှင့်တွေ့ဆုံရန် ဆန္ဒရှိကြောင်းကိုလည်း သူဖွင့်ဟခဲ့ပါသည်။ မိမိအားနန်းချပြီး ရောမတို့၏အုပ်စိုးမှုကို ယုဒနိုင်ငံမှဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် တော်လှန်ရေးတစ်ရပ်ကို လျှို့ဝှက်စွာလုပ်ဆောင်နေကြမည်ကို ဟေရုဒ်မင်းသည် အမြဲစိုးရိမ်နေခဲ့ရပါသည်။ လူထုအလယ်တွင်မကျေနပ်မှုများနှင့် ထကြွသောင်းကျန်းလိုသည့်စိတ်ဓာတ်များသည် လူသိနတ်ကြားဖြစ်လျက်ရှိခဲ့ပါသည်။ ဂါလိလဲပြည်တွင် ခရစ်တော်၏အမှုကိုဆက်လက်၍ ကြာရှည်စွာလုပ်နိုင်တော့မည်မဟုတ်ကြောင်းမှာ ထင်ရှားပေါ်လွင်နေပြီး ကိုယ်တော်ရှင်ဒုက္ခဝေဒနာခံရမည့်အချိန်သည်လည်း တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ပါသည်။ သို့အတွက် ကိုယ်တော်သည် ရှုပ်ထွေးပွေလီသော လူအုပ်ကြီးမှ ခေတ္တခဏခွဲခွာပြီးနေရန် အလိုတော်ရှိခဲ့ပါသည်။

ဆရာယောဟန်၏တပည့်များသည် ဝမ်းနည်းကြေကွဲစွာဖြင့် အင်္ဂါမစုံတော့သည့်သူတို့ဆရာ၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရန် ယူဆောင်လာခဲ့ကြပါသည်။ ထို့နောက် ထိုအကြောင်းကို ယေရှုထံသို့သွားရောက်သတင်းပို့ခဲ့ကြပါသည်။ ကိုယ်တော်သည် ဆရာယောဟန်၏လူများကို မိမိထံသို့ဆွဲဆောင်နေသလိုလိုဖြစ်သောအခါ ထိုသူများသည် ခရစ်တော်အား ငြူစူခဲ့ကြပါသည်။ ကိုယ်တော်သည် မဿဲ၏အိမ်တွင် အခွန်ခံများနှင့်အတူ စားသောက်သောအခါ သူတို့သည် ဖါရိရှဲများနှင့်အတူ ကိုယ်တော်အား



အပြစ်တင်ခဲ့ကြပါသည်။ ဆရာယောဟန်အား ထောင်မှလွတ်မြောက်အောင် လုပ်မပေးခဲ့သည့်အတွက်ကြောင့်လည်း ကိုယ်တော်လုပ်ဆောင်မည့် ဘုရားပေးအမှုတော်အပေါ်တွင် သူတို့သံသယဝင်ခဲ့ကြပါသည်။ သို့သော် ယခုတွင်မူ သူတို့၏ဆရာသည် သေဆုံးသွားခဲ့ပြီဖြစ်သဖြင့် ခံစားရသည့်ကြေကွဲမှုအတွက် နှစ်သိမ့်မှုကိုတောင့်တခဲ့ကြပြီး အနာဂတ်အမှုတော်အတွက် ဦးဆောင်လမ်းပြမှုကိုရရှိရန် သူတို့သည် ခရစ်တော်ထံသို့လာရောက်ပူးပေါင်းခဲ့ကြပါသည်။ သူတို့သည်လည်း အေးအေးဆေးဆေးမိတ်သဟာယဖွဲ့နိုင်ရန်အတွက် ခရစ်တော်နှင့်အတူ ခေတ္တခဏလာရောက်အနားယူရန် လိုအပ်နေပါသည်။

ဗေသေသဒရေကန်၏မြောက်ဘက်နားတွင်ရှိသော မြက်ခင်းပြင်စိမ်းစိမ်းဖြင့် လှပနေသည့်ဆိတ်ငြိမ်သောနေရာတစ်ခုသည် ကိုယ်တော်နှင့်တကွ တပည့်တော်များနားနေရန်အတွက် ကြိုဆိုနေပါသည်။ ထိုနေရာသို့သွားရောက်နားနေရန် သူတို့သည် လှေတစ်စင်းဖြင့် ဂါလိလဲအိုင်ကိုဖြတ်၍လှော်ခတ်ခဲ့ကြရပါသည်။ ဥဒဟိုသွားလာနေသောလမ်းခရီးများမှလည်းကောင်း၊ လှုပ်လှုပ်ရှားရှားဆူဆူညံညံဖြစ်နေသောမြို့ရွာများမှလည်းကောင်း၊ ကင်းဝေးသောဤနေရာတွင် အေးဆေးစွာသူတို့နားနေနိုင်ကြပါသည်။ သဘာဝရှုခင်းများထဲမှာပင်လျှင် ဆိတ်ငြိမ်မှုနှင့် နှစ်မြို့ဖွယ်သောပြောင်းလဲမှုများကို သူတို့တွေ့မြင်ခံစားကြရပါသည်။ သူတို့သည် ဤနေရာတွင် ဖါရိရှဲများ၏ဆီးတားကန့်ကွက်မှုများ၊ ခွန်းတုံ့ခွန်းပြန်ချေပမှုများနှင့် စွပ်စွဲပြစ်တင်မှုများမှကင်းဝေးစွာဖြင့် အနားယူကာ ခရစ်တော်၏နှုတ်တော်ထွက်စကားများကို ကောင်းမွန်စွာနာယူနိုင်ကြပါသည်။ ၎င်းပြင် ဤနေရာတွင် ကိုယ်တော်ရှင်၏အဖွဲ့အစည်းထဲမှ အဖိုးထိုက်သောမိတ်သဟာယဖွဲ့ခြင်း၏အချိန်ကို အခါသမယကလေးကို ပျော်ရွှင်စွာခံစားနိုင်ကြပါသည်။

ခရစ်တော်နှင့်တပည့်တော်များပြုလုပ်ခဲ့ကြသော အနားယူမှုသည် ကာမဂုဏ်ခံစားခြင်းနှင့်ဆိုင်သောအနားယူမှုမဟုတ်ချေ။ ထိုနားနေခြင်းသည် အပျော်အပါးများကိုရှာဖွေရန်အတွက် နားနေခြင်းမျိုးမဟုတ်ချေ။ ထိုအချိန်တွင် ဘုရားသခင်၏အမှုတော်နှင့် ထိုအမှုတော်အတွက် ပို၍ကြီးမားသောတန်ခိုးအာနိသင်များကို ရယူနိုင်မည်ဖြစ်နိုင်သောနည်းများ

အကြောင်းကို အတူတကွဆွေးနွေးပြောကြားခဲ့ကြပါသည်။ တမန်တော်များသည် ခရစ်တော်နှင့်အတူရှိခဲ့ကြပြီး ကိုယ်တော်ရှင်မိန့်တော်မူချက်ကို နားလည်သဘောပေါက်နိုင်သည့်အခြေအနေတွင်ရှိကြသဖြင့် ၎င်းတို့အား ပုံပမာအားဖြင့် သွန်သင်ရန်မလိုပါချေ။ သူတို့၏အမှားများကိုပြင်ပေးကာ လူများထံသို့ချဉ်းကပ်ရာတွင် အသုံးပြုရမည့်မှန်ကန်သောနည်းလမ်းများကို သွန်သင်မိန့်ကြားတော်မူခဲ့ပါသည်။ အဖိုးထိုက်တန်လှသောသမ္မာတရားဘဏ္ဍာတိုက်ကိုလည်း ပို၍ပြည့်စုံစွာဖွင့်ပြတော်မူခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် သွက်လက်ရှင်သန်လာကြပြီး မျှော်လင့်ချက်နှင့်ရဲစွမ်းသတ္တိများပြန်လည်ရရှိလာခဲ့ကြပါသည်။

သခင်ယေရှုသည် နိမိတ်လက္ခဏာများကိုပြုနိုင်တော်မူပြီး တပည့်တော်များအားလည်း နိမိတ်လက္ခဏာပြုလုပ်နိုင်ခွင့်တန်ခိုးများပေးစွမ်းနိုင်သော်လည်း ပင်ပန်းနွမ်းနယ်လျက်ရှိကြသောတပည့်တော်များအား မြို့ရွာများမှထွက်ခွာကာ ဆိတ်ငြိမ်ရာအရပ်တွင် သွားရောက်အနားယူကြရန် ကိုယ်တော်ညွှန်ကြားတော်မူခဲ့ပါသည်။ ရိတ်သိမ်းစရာများစွာရှိပြီး ရိတ်သိမ်းမည့်သူမှာနည်းပါးလှသည်ဟု မိန့်တော်မူရာတွင် တပည့်တော်များအား မနားမနေပင်ပန်းကြီးစွာလုပ်ဆောင်ကြရန် ကိုယ်တော်တိုက်တွန်းခြင်း မဟုတ်ဘဲ လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း စပါးရှင်ကို ဆုတောင်းကြလော့ဟု ကိုယ်တော်မိန့်တော်မူခဲ့ပါသည်။

ဘုရားသခင်သည် လူအသီးသီးတို့အား မိမိတို့ရရှိခံစားရသောစွမ်းရည်အလိုက်လုပ်ဆောင်ရန် အလုပ်တာဝန်များကို ခွဲဝေခန့်ထားတော်မူပါသည်။ (ဧဖက် ၄း၁၁-၁၃)။ ၎င်းပြင် အချို့သူများအား တာဝန်များနှင့်ပိနေစေ၍ အချို့သူများအား မည်သည့်တာဝန်၊ မည်သည့်ဝေဒနာများကိုမျှ မခံစားစေသည့်သဘောမျိုးလည်းရှိတော်မမူချေ။

ထိုတမန်တော်တို့ကို ပြောကြားတော်မူခဲ့သော သနားခြင်းကရုဏာနှင့်ပြည့်ဝသောထိုစကားများကို ယနေ့အမှုတော်ဆောင်တို့အားလည်း မိန့်တော်မူနေပါသည်။ ပင်ပန်းနွမ်းနယ်နေသောအမှုဆောင်တိုင်းအား



ဆိတ်ကွယ်ရာအရပ်သို့လာကြ၊ ခဏအားဖြည့်၍ ငြိမ်သက်စွာနေကြဟု မိန့်တော်မူလျက်ရှိပါသည်။ လူသားများ၏ဝိညာဉ်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းသည့်အမှုတော်လုပ်ငန်းမှစ၍ မည်သည့်အလုပ်ကိုမဆို အားသွန်ခွန်စိုက်လုပ်ဆောင်မှုများနှင့် စိတ်လှုပ်ရှားမှုများတွင် အမြဲတမ်းရှင်သန်လုပ်ဆောင်နေခြင်းသည် ပညာမဲ့သည့်လုပ်ဆောင်မှုဖြစ်ပါသည်။ အကြောင်းမူကား၊ လုပ်ဆောင်ခြင်းအားဖြင့် ပုဂ္ဂလိကဘုရားတရားကိုင်းရှိုင်းခြင်းကို လျစ်လျူရှုခြင်းဖြစ်ပြီး ကိုယ်စိတ်နှလုံးသုံးပါးတို့၏စွမ်းအင်တန်ခိုးများကို အဆမတန်အသုံးပြုခြင်းလည်းဖြစ်ပါသည်။ ခရစ်တော်၏တမန်တော်များသည် ကိုယ်အလိုကိုငြင်းပယ်၍ အနစ်နာခံကြရမည်ဖြစ်သော်လည်း လိုသည်ထက်ပိုသော ၎င်းတို့၏စိတ်အားထက်သန်မှုမျိုးကိုအသုံးချကာ စာတန်သည် လူသားများ၏အားနည်းချက်ကို အခွင့်ကောင်းယူ၍ ဘုရားသခင်၏ အမှုတော်ကိုပျက်ယွင်းအောင်လုပ်မည်စိုးရသဖြင့် မိမိကိုယ်ကိုဂရုစိုက်ကြရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

ဘာသာတရားဆိုင်ရာလုပ်ဆောင်မှုများ၌ အမြဲတမ်းလှုပ်လှုပ်ရှားရှားဖြစ်နေခြင်းသည် ဘာသာရေး၏အထွတ်အမြတ်ဖြစ်သည်ဟု ကျမ်းတတ်ဆရာများကတွက်ဆခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏ဘုရားတရားကိုင်းရှိုင်းမှုကိုပြသရန် အပေါ်ယံအပြင်ပန်းလုပ်ဆောင်မှုများကို အားထားခဲ့ကြပါသည်။ ဤနည်းအားဖြင့် ၎င်းတို့၏ဝိညာဉ်များသည် ထာဝရဘုရားနှင့်ကင်းကွာခဲ့ကြပြီး မိမိကိုယ်ကိုအထင်ကြီးမှုများကိုခိုင်မြဲစေခဲ့ကြပါသည်။ ထိုအန္တရာယ်မျိုးသည် ယခုခေတ်တွင်လည်း ဆက်လက်၍တည်ရှိနေဆဲဖြစ်ပါသည်။ လုပ်ငန်းများတိုးတက်ကြီးပွားလာကာ ဘုရားသခင်အတွက်လုပ်ဆောင်မှုများတွင် အောင်မြင်မှုများရရှိလာကြသောအခါ လူသားများရေးဆွဲသောစီမံကိန်းများနှင့် လုပ်နည်းလုပ်ဟန်များကို အားကိုးအားထားပြုလာသည့် အန္တရာယ်ရှိလာတတ်ပါသည်။ ထိုအခါမျိုးတွင် ဆုတောင်းခြင်း၌ စိတ်အားကြီးမှုနည်းပါးသွားပြီး ယုံကြည်ခြင်းခွန်အားရရှိမှုလည်းနည်းပါးလာပါသည်။ ကျွန်ုပ်တို့သည် ထိုတမန်တော်ကြီးများနည်းတူ ထာဝရဘုရားအပေါ် မှီခိုအားထားခြင်းသည် အဓိကကျကြောင်းကို

မျက်ခြည်ပြတ်ကာ မိမိတို့၏လုပ်ဆောင်မှုများကို ကယ်တင်ရှင်တစ်ပါး ဖြစ်လာအောင် ကြိုးစားနေကြသည့်အန္တရာယ်ရှိနေသည်။ ကိုယ်တော်၏ တန်ခိုးတော်သည် အမှုတော်ကိုတိုးတက်ကြီးပွားစေကြောင်းမှတ်ယူကာ ကျွန်ုပ်တို့သည် ခရစ်တော်ကို မခြားမလပ်ကြည့်ကြရန် လိုအပ်ပါသည်။ ပျောက်ဆုံးနေသောလူသားများ၏ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ အားတက်သရောလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သော်လည်း ဘုရားသခင် ၏အကြောင်းကို ဆင်ခြင်သုံးသပ်ရန်အတွက်သော်လည်းကောင်း၊ ဆုတောင်း ရန်အတွက်သော်လည်းကောင်း၊ နှုတ်ကပတ်တော်များကိုလေ့လာရန်အတွက် သော်လည်းကောင်း အချိန်ယူကြရမည်ဖြစ်ပါသည်။ ဆုတောင်းခြင်းအားဖြင့် ပြီးမြောက်စေသည့် ခရစ်တော်၏ကောင်းမှုကုသိုလ်အားဖြင့် သန့်စင်စေ သောအမှုတော်သာလျှင် အဆုံး၌ ကောင်းမြတ်မှုတွင် အရည်အသွေး မီကြောင်း ထင်ရှားပါလိမ့်မည်။

သခင်ယေရှုထက် လုပ်ငန်းတာဝန်များပြားသည့် လူသားဟူ၍ မရှိချေ။ သို့စေကာမူ ကိုယ်တော်သည် ကြိမ်ဖန်များစွာဆုတောင်းတော်မူ ခဲ့သည်ကိုတွေ့ကြရပါသည်။ အဖထာဝရဘုရားသခင်နှင့် မခြားမလပ် ဆက်သွယ်တော်မူခဲ့ပါသည်။ နံနက်အချိန်မိုးမလင်းမီ ကိုယ်တော်သည်ထပြီး လျှင် တောအရပ်သို့ထွက်ကြွ၍ ဆုတောင်းတော်မူ၏ဟူ၍လည်းကောင်း၊ ကိုယ်တော်သည် တောအရပ်သို့ကြွ၍ ဆုတောင်းလေ့ရှိတော်မူ၏ဟူ၍ လည်းကောင်း၊ ထိုနေ့ရက်ကာလ၌ ကိုယ်တော်သည် ဆုတောင်းပတ္ထနာ ပြုခြင်းငှါ တောင်ပေါ်သို့ကြွ၍ ဘုရားသခင်အား ဆုတောင်းပတ္ထနာပြုလျက် တစ်ညလုံးနေတော်မူ၏ဟူ၍လည်းကောင်း ကိုယ်တော်၏လောကအသက်တာ ရာဇဝင်မှတ်တမ်းများကို အဖန်တလဲလဲတွေ့ကြရပါသည်။ (မာကု ၁း၃၅။ လုကာ ၅း၁၆။ ၆း၁၂)။

အသက်တာတွင် သူတစ်ပါးအတွက် ကောင်းကျိုးပြုရန် လုံးလုံး ဆက်ကပ်ရာ၌ တစ်နေ့ပြီးတစ်နေ့ မိမိ၏နောက်တော်သို့လိုက်နေသော လူအုပ်ကြီးနှင့်တကွ အသွားအလာရှုပ်ထွေးသည့်နေရာများမှရှောင်ဖယ် ဆုတ်ခွာခြင်းသည် အထူးလိုအပ်သောအရာတစ်ခုဖြစ်ကြောင်း ခရစ်တော်



တွေ့မြင်တော်မူခဲ့ပါသည်။ ဆိတ်ငြိမ်ရာအရပ်တွင် အဖဘုရားသခင်နှင့် မိတ်သဟာယဖွဲ့မှုကို မပြတ်တောက်စေရန် ကိုယ်တော်သည် လူသားများ၏ လိုအပ်ချက်များအတွက် မရပ်မနားထိတွေ့လုပ်ဆောင်နေရသည့်အသက်တာ မှကျောခိုင်းခဲ့ရပါသည်။ ကျွန်ုပ်တို့နှင့်အတူရှိနေပြီး ကျွန်ုပ်တို့၏လိုအပ်ချက် များနှင့် အားနည်းချက်များကို မျှဝေခံစားသူတစ်ဦးအနေဖြင့် ကိုယ်တော် သည် ဘုရားသခင်ကို လုံးလုံးမှီခိုအားကိုးရပါသည်။ ၎င်းပြင် ထမ်းဆောင် ရမည့်တာဝန်များနှင့် တွေ့ကြုံရမည့်စုံစမ်းစစ်ဆေးခြင်းများကို ရင်ဆိုင် နိုင်ရန်အတွက် အားဖြည့်နိုင်စေရန်အလို့ငှါ ဆိတ်ငြိမ်သောနေရာတွင် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ထံမှ တန်ခိုးခွန်အားများကိုတောင်းခံ ခဲ့ရပါသည်။ သခင်ယေရှုသည် ဒုစရိုက်နှင့်ပြည့်ဝနေသောကမ္ဘာတစ်ခုတွင် ဆိုင်ပြိုင်တိုက်လှန်မှုများနှင့် စိတ်နှလုံးနာကျင်ထိခိုက်မှုများကို ခံနိုင်ရည် ရှိစွာဖြင့် သည်းခံတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းအားဖြင့် မိမိအား သောကဗျာပါဒရောက်စေသည့် ဝမ်းနည်းကြေကွဲမှုများကို ပေါ့ပါးစေခဲ့ပါသည်။ ကိုယ်တော်သည် ဤနေရာ တွင် နှစ်သိမ့်မှုနှင့်ဝမ်းမြောက်မှုကိုတွေ့တော်မူခဲ့ပါသည်။

လူသားများ၏အော်ဟစ်တောင်းလျှောက်သံများသည် ခရစ်တော် အားဖြင့် ကရုဏာတော်အရှင်ဘုရားသခင်ထံတော်သို့ရောက်ရှိပါသည်။ လူသားဇာတိကို ဘုရားဇာတိနှင့်ဆက်သွယ်ပေးမည့် ကောင်းကင်မှတန်ခိုး တော်အားဖြင့် မိမိ၏လူဇာတိအားဖြည့်ဆည်းမှုကို ခံယူပြီးသည့်တိုင်အောင် ကိုယ်တော်သည် လူသားတစ်ဦးအနေဖြင့် ဘုရားသခင်ထံတွင် ဆုပတ္ထနာ များကို တောင်းလျှောက်ခဲ့ပါသည်။ အဆက်မပြတ် မိတ်သဟာယဖွဲ့ခြင်း အားဖြင့် လောကသားများကိုမျှဝေပေးသနားတော်မူရမည့်အသက်ကို ထာဝရဘုရားထံတော်မှ ကိုယ်တော်ရရှိတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ အသက်တာအတွေ့အကြုံသည်လည်း ကိုယ်တော်၏အတွေ့အကြုံကဲ့သို့ ဖြစ်ကြရပါမည်။

တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြဟု ကျွန်ုပ်တို့အား ကိုယ်တော် မိန့်တော်မူနေပါသည်။ ကိုယ်တော်၏မိန့်မှာစကားကို နားထောင်ကြမည်

ဆိုလျှင် ကျွန်ုပ်တို့သည် ယခုထက်ပို၍ ကိုယ်စိတ်နှလုံးခွန်အားများ တောင့်တင်းလာကာ ပို၍ထိရောက်စွာလုပ်ကိုင်နိုင်ကြမည်ဖြစ်ပါသည်။ တမန်တော်များသည် ကိုယ်တော်ရှင်အားရှာဖွေပြီး အလုံးစုံတို့ကို လျှောက်ထားကြရာ ယေရှုရှင်သည် ၎င်းတို့အား အားပေးသွန်သင်တော်မူခဲ့ပါသည်။ ယနေ့တွင်လည်း ကျွန်ုပ်တို့သည် သခင်ယေရှုထံသို့တိုးဝင်ချဉ်းကပ်ခါ မိမိတို့၏လိုအပ်ချက်များကို တင်ပြကြမည်ဆိုလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့အားမစရန် လက်ယာဘက်တွင်ရပ်တော်မူ၍ အလိုပြည့်စုံစေလိမ့်မည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ပို၍ရိုးသားရန်နှင့် ပို၍အားကိုးစိတ်ချရန် လိုအပ်ပါသည်။ တန်ခိုးကြီးသောဘုရားသခင်ထာဝရအဖ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရပြီး အုပ်စိုးခြင်းအာဏာစက်ရှိတော်မူသော ကိုယ်တော်သည် အံ့ဩဖွယ်တိုင်ပင်ဘက်တစ်ပါးလည်းဖြစ်ပါသည်။ ကိုယ်တော်သည် ကဲ့ရဲ့ပြစ်တင်ခြင်းကို ပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသည်ဖြစ်၍ ကိုယ်တော်ရှင်ထံတော်မှပညာကိုတောင်းခံရန် ကျွန်ုပ်တို့အားဖိတ်ခေါ်နေပါသည်။ ဟေရှာ ၉း၆။ ယာကုပ် ၁း၅။

ဘုရားသခင်၏သွန်သင်မှုအောက်တွင်ရှိနေကြသူများ၏အသက်တာများတွင် လောကနှင့်လည်းကောင်း၊ လောက၏အကျင့်ဓလေ့များ၊ အမူအကျင့်များနှင့်လည်းကောင်း မတူညီသည့်အသက်တာကိုဖော်ပြကြရန်ဖြစ်ပါသည်။ ထို့ပြင်လူတိုင်းသည် ဘုရားသခင်၏အလိုတော်ကိုသိရှိခြင်းအတွက် ကိုယ်တွေ့ဗဟုသုတရှိရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးများအား စကားပြောတော်မူနေသည့် ကိုယ်တော်ရှင်၏အသံတော်ကို တစ်ဦးချင်းအလိုက် နားထောင်ကြရပါမည်။ အခြားအသံများတိတ်ဆိတ်နေသောအချိန်တွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ရှေ့မှောက်တွင် ငြိမ်ငြိမ်ဝပ်ဝပ်ဖြင့်ခံစားနိုင်ကြပါသည်။ စိတ်ဝိညာဉ်၏ငြိမ်သက်ခြင်းသည် ဘုရားသခင်၏အသံတော်ကို ပိုမိုထင်ရှားစွာကြားသိစေပါသည်။ ငြိမ်ဝပ်လျက်နေကြလော့။ ငါကားဘုရားသခင်ဖြစ်သည်ဟု သိမှတ်ကြလော့ဟူ၍ ကျွန်ုပ်တို့အား ကိုယ်တော်ရှင်မိန့်မှာတော်မူနေပါသည်။ (ဆာလံ ၄၆း၁၀)။



ကိုယ်တော်ရှင်၌သာ စစ်မှန်သောငြိမ်သက်ခြင်းကိုတွေ့ရှိနိုင်ပါသည်။ ၎င်းပြင် ဤအရာသည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေကြသူများအားလုံးအတွက် အကျိုးဖြစ်ထွန်းစေသောပြင်ဆင်မှုလည်းဖြစ်ပါသည်။ ရေးကြီးသုတ်ပျာဖြစ်သောလူအုပ်ကြီးနှင့် ပြင်းထန်သောလှုပ်ရှားမှုများဖြင့် ပြည့်ဝနေသောအသက်တာ၏ပင်ပန်းနွမ်းရိမှုများအလယ်တွင် အထက်ပါနည်းအားဖြင့် ပြန်လည်လန်းဆန်းလာသောအသက်ဝိညာဉ်များသည် ငြိမ်သက်သာယာမှုပြည့်ဝစွာဖြင့် နေထိုင်ရပါလိမ့်မည်။ ထိုအသက်တာများသည် မွှေးရနံ့များနှင့်သင်းပျံ့နေပြီး လူသားများ၏နှလုံးသားကိုထိခိုက်စေမည့် ဘုရားသခင်၏တန်ခိုးတော်ကို ဖော်ပြကြပါလိမ့်မည်။

-၀-

## (၃၉)
## သူတို့စားစရာဖို့သင်တို့ပေးကြလော့

ရှင်မဿဲ ၁၄း၁၃-၂၁။ ရှင်မာကု ၆း၃၂-၄၄။ ရှင်လုကာ ၉း၁၀-၁၇။
ရှင်ယောဟန် ၆း၁-၃ ကိုအခြေပြုထားပါသည်

ခရစ်တော်သည် တမန်တော်များနှင့်အတူ ဆိတ်ငြိမ်သောအရပ်တွင် အနားယူတော်မူခဲ့ရာ သာယာငြိမ်သက်သော ထိုအချိန်တိုကလေးသည် မကြာမီမှာပင်ပျက်ပြားသွားခဲ့ပါသည်။ သူတို့သည် လူအုပ်ကြီး၏အနှောင့်အယှက်ပေးခြင်းမှကင်းလွတ်သောနေရာတွင် အနားယူနေကြသည်ဟု အထင်ရှိခဲ့ကြသော်လည်း ၎င်းတို့၏မျက်စိအောက်မှ ကိုယ်တော်ရှင်ပျောက်သွားလျှင်ပျောက်သွားချင်း "ကိုယ်တော်ဘယ်မှာလဲ" ဟူ၍ မေးမြန်းလာခဲ့ကြပါသည်။ ၎င်းတို့အထဲမှတချို့သောသူများက ခရစ်တော်နှင့်တမန်တော်များထွက်ခွာသွားသည့်အရပ်ကို သတိပြုမိခဲ့ကြပါသည်။ ထို့ကြောင့် များစွာသောလူများသည် ကုန်းကြောင်းမှလည်းကောင်း၊ ရေကြောင်းမှလည်းကောင်း ကိုယ်တော်ရှင်ရှိရာအရပ်သို့ထွက်ခွာလာကြပါသည်။ ပသခါပွဲအချိန်သည် နီးကပ်လာပြီဖြစ်သဖြင့် ယေရုရှလင်မြို့သို့ ရှေးရှု၍လာနေကြသည့် ရပ်ဝေးရပ်နီးမှဘုရားဖူးဧည့်သည်များသည် ယေရှုခရစ်ကိုဖူးတွေ့ရန် စုရုံးခဲ့ကြပါသည်။ စုရုံးလာသည့်လူအုပ်ကြီးသည် တဖြည်းဖြည်းများပြားလာရာ အဆုံးတွင် အမျိုးသမီးများနှင့်ကလေးများအလွတ် လူပေါင်းငါးထောင်အထိဖြစ်လာခဲ့ပါသည်။ ခရစ်တော်သည် ကမ်းသို့မရောက်မီမှာပင် လူအုပ်ကြီးသည် ကိုယ်တော်အား ကမ်းပေါ်မှ စောင့်ကြိုလျက်ရှိကြပါသည်။ သို့သော်လည်း ခရစ်တော်ကမ်းပေါ်သို့ တက်သောအချိန်တွင်မူ ၎င်းတို့ဂရုမပြုမိလိုက်ကြသည့်အတွက် ကိုယ်တော်သည် ယခုကဲ့သို့အချိန်တိုကလေးတွင် တပည့်တော်များနှင့်အတူ အနားယူနိုင်ခဲ့ပါသည်။



ယေရှုသည် လှုပ်ရှားသွားလာလျက်ရှိသောထိုလူများကို တောင်ပေါ်မှနေ၍ မြင်တွေ့တော်မူသောအခါ သနားခြင်းစိတ်ရှိတော်မူ၏။ မိမိ၏အနားယူခြင်းကိုနှောင့်ယှက်ခဲ့ကြသော်လည်း သူတို့ကိုခွင့်လွှတ်တော်မူခဲ့ပါသည်။ မိမိထံသို့တသဲသဲမစဲအောင်လာနေကြသောလူများကိုကြည့်လိုက်ရာ ထိုသူများသည် မိမိ၏ယုယမှုကို အကြီးအကျယ်လိုအပ်နေကြောင်းကိုလည်းကောင်း၊ ထိုသူတို့သည် ထိန်းသူမရှိ၊ ပစ်ထားခံရသောသိုးများကဲ့သို့ဖြစ်နေကြသည်ကိုလည်းကောင်း မြင်တော်မူ၍ သနားခြင်းစိတ်ရှိတော်မူ၏။ ကိုယ်တော်သည် အနားယူရာမှပြန်လည်ထွက်ခွာလာခဲ့ရာ ထိုသူများကို တရားဒေသနာဟောကြားရန် သင့်လျော်သောနေရာတစ်ခုကိုတွေ့ရှိတော်မူခဲ့ပါသည်။ သူတို့သည် ယဇ်ပုရောဟိတ်များထံမှ မည်သည့်အကူအညီအမအစကိုမျှမရရှိခဲ့ကြသော်လည်း ကယ်တင်ခြင်းနှင့်စပ်ဆိုင်သောနည်းလမ်းများကို သွန်သင်နေသောခရစ်တော်ထံမှ အနာပျောက်စေသောအသက်စမ်းရေကိုရရှိခဲ့ကြပါသည်။ ထိုလူများသည် ဘုရားသခင့်သားတော်၏နှုတ်တော်မှယိုစီး၍ ကျလာသောကရုဏာတော်စကားများတို့ကို နားထောင်ခဲ့ကြရပါသည်။ အသက်ဝိညာဉ်များတို့၏ အနာရောဂါများတို့ကို သက်သာပျောက်ကင်းစေသော ဂိလဒ်ပြည်မှဆီမွှေးကဲ့သို့ အလွန်ရိုးစင်းမွန်မြတ်လှသည့် နှုတ်တော်ထွက်စကားများကို သူတို့ကြားနာခဲ့ရပါသည်။ ကိုယ်တော်၏အနာပျောက်ကင်းစေသည့်လက်တော်သည် သေသောသူများအား အသက်ကိုပေးသနား၍ ဝမ်းမြောက်စေတော်မူပြီး နာသောသူများကို သက်သာကျန်းမာစေခဲ့ပါသည်။ ထိုနေ့သည် ၎င်းတို့အတွက်မြေကြီးပေါ်မှာ ကောင်းကင်နိုင်ငံရောက်ရှိနေသည်နှင့် အလားတူနေပြီး မိမိတို့အစာမစားခဲ့ရသည်မှာ မည်မျှကြာသွားပြီကိုပင်လုံးလုံးသတိမေ့လျော့ခဲ့ကြ၏။

တဖြည်းဖြည်းနှင့်နေ့အချိန်သည် ကုန်ဆုံးတော့မည်ဖြစ်ပြီး နေမင်းကြီးသည် အနောက်မိုးကုပ်စက်ဝိုင်းအောက်သို့ သက်ဆင်းလျက်ရှိပါသည်။ သို့စေကာမူ ထိုလူများသည် ထိုနေရာမှမပြန်သွားကြချေ။ ယေရှုခရစ်သည် အစားအစာမစား၊ အနားမယူဘဲ တစ်နေ့လုံးအမှုတော်ဆောင်ခဲ့သဖြင့် မျက်နှာတော်သည် ပင်ပန်းမှု၊ ဆာလောင်မှုများကြောင့် ဖြူရော်အားနည်း

နေပါသည်။ ထို့ကြောင့် လုပ်ဆောင်မှုများကိုရပ်နားရန် တပည့်တော်များက ကိုယ်တော်အားတောင်းပန်ခဲ့ကြပါသည်။ သို့သော်လည်း မိမိထံသို့ တိုးဝင်ချဉ်းကပ်လာသည့်လူများထံမှ ကိုယ်တော်ရှောင်ပြေးတော်မမူနိုင်ခဲ့ပါချေ။

နောက်ဆုံးတွင် တမန်တော်များသည် ကိုယ်တော်ထံသို့ချဉ်းကပ်လာကြပြီး ထိုသူများအား စားစရာများကို သူတို့ကိုယ်တိုင်သွားရောက်ဝယ်ယူစားသောက်စေခြင်းငှါ စေလွှတ်ပေးရန် တောင်းလျှောက်ကြပါသည်။ များစွာသောလူများသည် ရပ်ဝေးမှလာကြသောသူများဖြစ်ပြီး နံနက်အချိန်မှစ၍ မည်သည့်အရာကိုမျှမစားရသေးချေ။ သို့အတွက် အနီးအနားမြို့ရွာများသို့ စားစရာများကိုသွားရောက်ဝယ်ယူစားသောက်မည်ဆိုလျှင် သွားရောက်ဝယ်ယူရန် မဖြစ်နိုင်သောအခြေအနေတွင်ရှိပါသည်။ ထို့ကြောင့် ယေရှုက သူတို့စားစရာဖို့ သင်တို့ပေးကြလော့ဟုမိန့်တော်မူကာ ဖိလိပ္ပုဘက်သို့လှည့်၍ ဤသူတို့စားစရာမုန့်ကို အဘယ်မှာဝယ်မည်နည်းဟု ၎င်းအားစုံစမ်းခြင်းငှါ မေးမြန်းတော်မူ၏။ ဖိလိပ္ပုလည်း ကြီးမားသောလူအုပ်ကြီးကိုကြည့်ကာ ဤမျှများပြားလှသည့်လူထုကြီးကို ဝလင်အောင်ကျွေးဖို့ရန်မှာမဖြစ်နိုင်ဟုယူဆလျက် ဒေနာရီအပြားနှစ်ရာဖိုးဝယ်၍ကျွေးလျှင်တောင် ထိုသူများတို့သည် တစ်ဖွဲ့စီလောက်ငဖို့မလွယ်ကြောင်း ဖြေဆိုလိုက်ပါသည်။ ထိုအခါ ယေရှုသည် ထိုလူအုပ်ထဲတွင် စားစရာမည်ရွေ့မည်မျှရှိကြောင်းမေးမြန်းရာ မုယောမုန့်ငါးလုံးနှင့် ငါးကလေးနှစ်ကောင်ပါသောသူငယ်တစ်ယောက်ရှိပါ၏။ သို့သော်လည်း ဤမျှလောက်များစွာသောလူတို့သည်ရှိကြသည်ဖြစ်၍ ထိုမုန့်နှင့်ငါးနှစ်ကောင်တို့ကို အဘယ်ပြောစရာရှိပါသနည်းဟု အန္ဒြေကဖြေဆိုလိုက်ပါသည်။ ယေရှုသည် ထိုအရာများကို မိမိထံသို့ယူဆောင်လာရန် ညွှန်ကြားလိုက်ပြီးနောက် ကိုယ်တော်ပြုတော်မူမည့်အရာကို သူတို့အားလုံးမြင်တွေ့နိုင်စေရန်အလို့ငှါ ထိုသူများတို့အား တစ်ရာအစု၊ ငါးဆယ်အစု စသည်ဖြင့် စနစ်တကျစုရုံး၍ မြက်ခင်းပေါ်တွင် အစုလိုက်ထိုင်၍ နေရာယူကြစေရန် တမန်တော်များအား မိန့်တော်မူလိုက်ပါသည်။ ထိုနောက်ကိုယ်တော်သည် ထိုမုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကိုယူကာ ကောင်းကင်သို့မျှော်ကြည့်လျက် ကျေးဇူးတော်ကို





ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ တမန်တော်တို့မှတစ်ဆင့် လူအသီးသီးတို့အား ဝေငှပေးတော်မူခဲ့ပါသည်။ လူအားလုံးဝလင်အောင်စားပြီးနောက် မုန့်နှင့်ငါးအကျိုးအပဲ့များကိုစုသိမ်းလိုက်ရာ တစ်ဆယ့်နှစ်တောင်းအပြည့်ကောက်သိမ်းရရှိခဲ့ပါသည်။

လူတို့အား ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းနည်းလမ်းများကို သွန်သင်နေသောကိုယ်တော်သည် ထိုသူများ၏ဝိညာဉ်ရေးလိုအပ်ချက်များကို ဂရုပြုတော်မူသကဲ့သို့ ပစ္စက္ခဘဝလိုအပ်ချက်များအတွက်လည်း ဂရုပြုတော်မူခဲ့ပါသည်။ ထိုသူများသည် ပင်ပန်းနွမ်းနယ်နေကြပါသည်။ နို့စို့ကလေးသူငယ်များကို ရင်မှာပိုက်ထားသောမိခင်များသည်လည်း ထိုလူအုပ်ထဲတွင်ပါဝင်နေကြပါသည်။ ကလေးငယ်များသည် မိခင်များ၏ထဘီများကိုဆွဲ၍ တကောက်ကောက်လိုက်နေကြပါသည်။ သူတို့သည် ထိုင်ဖို့ရန်ကိုမေ့လောက်အောင်ပင် ကိုယ်တော်ရှင်၏နှုတ်တော်ထွက်စကားများကို အထူးစိတ်ဝင်စားခဲ့ကြပါသည်။ လူအုပ်ကြီးသည် အလွန်များပြားသဖြင့် တစ်ယောက်နှင့်တစ်ယောက်တိုက်မိတိုးမိ၊ နင်းမိမည့်အန္တရာယ်လည်းရှိနေပါသည်။ သို့အတွက် ယေရှုသည် ၎င်းတို့အား နားနေခွင့်ရရှိစေရန်၊ မြက်ခင်းပေါ်တွင်ထိုင်ကြရန် မိန့်တော်မူလိုက်ပါသည်။ မြက်ခင်းပြင်သည် များစွာကျယ်ပြန့်သဖြင့် သူတို့အားလုံးသက်သက်သာသာဖြင့် အနားယူနိုင်ခဲ့ကြပါသည်။

ခရစ်တော်သည် အမှန်တကယ်လိုအပ်မှုများအတွက်မှလွဲ၍ တော်ရုံတန်ရုံကိစ္စများအတွက် နိမိတ်လက္ခဏာတစ်ခုကိုမျှ ပြတော်မမူခဲ့ချေ။ ပြုတော်မူသည့်နိမိတ်လက္ခဏာတိုင်းသည်လည်း လူသားများ၏အနာရောဂါကိုပျောက်ကင်းစေသည့် အရွက်များဖြင့်ဝေဆာနေသောအသက်ပင်သို့ လူသားများအားပို့ဆောင်ရန်ဖြစ်ပါသည်။ တမန်တော်များ၏လက်ဖြင့်ဝေငှခဲ့သောထိုအစာများတွင် များစွာအဖိုးထိုက်တန်သောသင်ခန်းစာများပါဝင်နေသည်။ စီစဉ်ကျွေးမွေးခဲ့သောအစာများသည် အဆင့်အတန်းမြင့်သောအစာများမဟုတ်ကြပါ။ မုယောမုန့်နှင့် ငါးများသည် ဂါလိလဲအိုင်အနီးအနားရှိတံငါသည်များ နေ့စဉ်စားသုံးသည့်အစားအစာများဖြစ်ပါသည်။



ခရစ်တော်သည် ထိုသူများအတွက် အလွန်မတန်ကောင်းမွန်သည့် တစ်နပ်စာအစာကိုကျွေးမွေးနိုင်တော်မူသော်လည်း ခံတွင်းအရသာရှိရုံသာ ရှိသောအစာများ၌ ၎င်းတို့ကောင်းကျိုးအတွက် မည်သည့်သင်ခန်းစာကိုမျှ ပေးနိုင်လိမ့်မည်မဟုတ်ချေ။ လူသားများအတွက် ဘုရားသခင်ပြင်ဆင်တော်မူသည့် ပကတိအစာများကိုသုံးဆောင်ခြင်းမှ သွေဖည်သွားကြပြီဖြစ်ကြောင်းကို ခရစ်တော်သည် ဤသင်ခန်းစာတွင် ၎င်းတို့အား သွန်သင်တော်မူခဲ့ပါသည်။ လူသားများစတင်တည်ရှိလာသည့်အချိန်မှစ၍ ယခုအချိန်အထိ ထိုနေ့ကခရစ်တော်ကျွေးမွေးခဲ့သောရိုးရိုးအစာများကို ထိုသူများနှစ်ခြိုက်စွာစားသုံးခဲ့သကဲ့သို့ မည်သူမျှခံတွင်းအရသာအတွက် ပြင်ဆင်ထားသောသွေဖည်သည့်အစားအစာများကို နှစ်ခြိုက်စွာမစားသုံးခဲ့ဖူးချေ။

ယနေ့လူသားများသည် ကမ္ဘာဦးအစမှ အာဒံနှင့်ဧဝကဲ့သို့ သဘာဝတရားနှင့်ကိုက်ညီစွာနေထိုင်ကာ ဆန်းပြားသောဓလေ့အကျင့်များကို မကျင့်သုံးခဲ့ကြလျှင် လူသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းမည့်



အသုံးအဆောင်များသည် အလျှံပယ်ပေါများနေပေလိမ့်မည်။ စိတ်ကူးယဉ်ဖြင့်လိုချင်သောအရာများလည်း လျော့နည်းလာမည်ဖြစ်ပြီး ဘုရားသခင်စီစဉ်ထားသည့်နည်းလမ်းများအတိုင်း လုပ်ဆောင်ရန်လည်း အခွင့်အလမ်းပို၍များလာပါလိမ့်မည်။ သို့သော်လည်း တစ်ကိုယ်ကောင်းစိတ်များနှင့်သဘာဝအတိုင်းမဟုတ်သည့် ခံတွင်းအရသာကိုလိုက်စားခြင်းသည် တစ်ဦးတစ်ယောက်အတွက် အလျှံပယ်ဖြစ်စေ၍ တစ်ဦးတစ်ယောက်အတွက် မလောက်မငဖြစ်စေခြင်းဖြင့် ကမ္ဘာကြီးတွင် အပြစ်ဒုစရိုက်များနှင့် စိတ်ဆင်းရဲခြင်းများကိုဖြစ်စေခဲ့ပါသည်။

ကိုယ်တော်ရှင်သည် အသာစံလိုသောဆန္ဒများကို အလိုလိုက်အကြိုက်ဆောင်ခြင်းအားဖြင့် မိမိဘက်သို့ လူအများပါလာအောင်မကြိုးစားခဲ့ချေ။ တစ်နေ့တာလုံးပင်ပန်းနွမ်းနယ်၍ ဆာလောင်မွတ်သိပ်နေသောထိုလူအုပ်ကြီးအား ကျွေးမွေးခဲ့သော ထိုရိုးရိုးအစားအစာကလေးသည် ကိုယ်တော်ရှင်၏တန်ခိုးတော်အတွက်သာမက အသက်တာ၏သာမန်လိုအပ်ချက်များကိုမစသောကိုယ်တော်၏မြတ်နိုးယုယမှုများအတွက်လည်း အာမခံချက်တစ်ခုဖြစ်ခဲ့ပါသည်။ ကယ်တင်ရှင်သည် မိမိ၏နောက်လိုက်များအား စည်းစိမ်နှင့်ပြည့်ဝသောကမ္ဘာကြီးကိုပေးမည်ဟု ကတိတော်မထားခဲ့ချေ။ သူတို့စားရမည့်အစားအစာများသည် ညံ့ကောင်းညံ့ပေလိမ့်မည်။ မလောက်မငဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဥစ္စာနေချို့တဲ့ကောင်းချို့တဲ့ပေမည်။ သို့သော် သူတို့အမှန်တကယ်လိုအပ်နေသည့်လိုအပ်ချက်များကိုမူ ဖြည့်စွမ်းပေးလိမ့်မည်ဖြစ်ကြောင်းကို နှုတ်တော်ထွက်စကားများအားဖြင့် သစ္စာပန္နက်ရိုက်ထားတော်မူခဲ့ပြီး လောကတွင်ရှိသောအရာများထက် အတိုင်းအဆမရှိ ကောင်းမြတ်တော်မူသောကိုယ်တော်ရှင်အတူရှိခြင်းတည်းဟူသော နှစ်သိမ့်မှုကိုပေးမည်ဖြစ်ကြောင်း ကတိထားတော်မူခဲ့ပါသည်။

ယေရှုခရစ်သည် လူငါးထောင်ကိုကျွေးမွေးခဲ့ခြင်းဖြင့် သဘာဝလောကမှကန့်လန့်ကာကိုပင့်တင်တော်မူခဲ့ပြီး ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် မခြားမလပ်လုပ်ဆောင်ပေးနေသည့် တန်ခိုးတော်ကိုဖော်ပြတော်မူခဲ့ပါသည်။ ထာဝရဘုရားသည် ကမ္ဘာမြေကြီး၏ကောက်ရိတ်သိမ်းခြင်းကို

ဖြစ်ထွန်းမှုများတွင်လည်း နေ့စဉ်နေ့တိုင်းနိမိတ်လက္ခဏာတစ်ခုပြလျက်ရှိပါသည်။ လူအုပ်ကြီးကိုကျွေးမွေးခဲ့ရာတွင်လည်း ပကတိကြားခံပစ္စည်းကိုအသုံးပြုခြင်းအားဖြင့် လုပ်ဆောင်ရမည့်လုပ်ငန်းကို ပြီးမြောက်စေခဲ့ပါသည်။ လူသည် မြေကိုပြင်ဆင်၍ မျိုးစေ့ကြဲသော်လည်း အပင်ပေါက်စေသည့်တန်ခိုးသည် ဘုရားသခင်ထံတော်မှရရှိပါသည်။ ထာဝရဘုရားသခင်၏ မိုးရေ၊ လေနှင့် နေရောင်ခြည်များသည် ထိုမျိုးစေ့ကို "ရှေးဦးစွာ အညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာအောင်မာသောအဆန်ကိုဖြစ်စေတတ်၏။" မာကု ၄း၂၈။ မြေကြီးပေါ်ရှိ သန်းပေါင်းများစွာသောလူများအားအသက်ရှင်သန်စေရန် ပြုစုစောင့်ရှောက်လျက်ရှိသောပုဂ္ဂိုလ်မှာ ထာဝရဘုရားဖြစ်တော်မူပါသည်။ မုန့်များကိုပြင်ဆင်ခြင်းနှင့် ဂျုံစပါးများကိုဂရုစိုက်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ဘုရားသခင်နှင့်အတူပူးပေါင်းလုပ်ဆောင်ကြရန် လူများအားဆင့်ခေါ်တော်မူခဲ့ပါသည်။ လူတို့၏စွမ်းဆောင်မှုကိုကြည့်ခြင်းအားဖြင့် သူတို့သည် ဘုရားသခင်ပြုတော်မူခဲ့သည့် မစခြင်းတန်ခိုးကို မျက်ခြည်ပြတ်ခဲ့ကြပါသည်။ ထာဝရဘုရားအား ကိုယ်တော်၏သန့်ရှင်းသောနာမတော်နှင့် ထိုက်တန်သောချီးမွမ်းခြင်းကိုမပေးခဲ့ကြချေ။ ကိုယ်တော်ရှင်၏တန်ခိုးတော်ဖြင့် လုပ်ဆောင်ချက်များကို သဘာဝတရားဟူ၍လည်းကောင်း၊ လူသားများ၏လုပ်ဆောင်ချက်ဟူ၍လည်းကောင်း ယူဆနေကြပါသည်။ ဘုရားသခင်အစား လူသားများကို ချီးမွမ်းထောမနာပြု၍ ကိုယ်တော်၏ကောင်းမြတ်လှသော ဆုမင်္ဂလာများကို အတ္တအကျိုးအတွက်လွဲမှားစွာအသုံးပြုခဲ့ကြခြင်းအားဖြင့် ထိုအရာများကိုကောင်းချီးမင်္ဂလာဖြစ်စေရမည့်အစား ကျိန်ခြင်းအမင်္ဂလာဖြစ်စေခဲ့ကြပါသည်။ ထို့ကြောင့်ဤအရာများအားလုံးကိုပြောင်းလဲပစ်ရန် ထာဝရဘုရားကြိုးစားတော်မူခဲ့ပါသည်။ မိမိတန်ခိုးတော်၏လုပ်ဆောင်မှုများအတွက် ကိုယ်တော်အားချီးမွမ်းထောမနာပြုရန်နှင့် ကိုယ်တော်၏ကရုဏာတော်အရလုပ်ဆောင်မှုများကို သိရှိနားလည်ရန်အတွက် ကျွန်ုပ်တို့၏ထုံထိုင်းနေသောအသိစိတ်ဓာတ်များကို ပြန်လည်ရှင်သန်အောင်လုပ်ဆောင်ရန် ကိုယ်တော်အလိုရှိတော်မူပါသည်။ ရည်ရွယ်ထားတော်မူသည့်အတိုင်း ကိုယ်တော်ပေးသနား



တော်မူသည့် ဆုကျေးဇူးများသည် ကျွန်ုပ်တို့အတွက် ကောင်းချီးမင်္ဂလာဖြစ်ကြောင်းကို ကျွန်ုပ်တို့အသိအမှတ်ပြုကြရန် ကိုယ်တော်ရှင်လိုလားတော်မူပါသည်။ ဤရည်ရွယ်ချက်ကိုပြီးမြောက်စေရန်အတွက် နိမိတ်လက္ခဏာများကို ကိုယ်တော်ပြတော်မူခဲ့ခြင်းဖြစ်ပါသည်။

ထိုလူအုပ်ကြီးအား ကျွေးမွေးပြီးနောက် အကျန်အကြွင်းများသည်များစွာကျန်ရှိနေပါသေးသည်။ အမိန့်တော်ရှိရုံနှင့် ခပ်သိမ်းသောအရာများကိုရရှိနိုင်သည့်ပုဂ္ဂိုလ်တစ်ပါးဖြစ်သော်လည်း ကိုယ်တော်သည် "ဘာမျှမပျောက်စေခြင်းငှါ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကို ကောက်သိမ်းကြလော့" ဟုမိန့်တော်မူခဲ့ပါသည်။ ဤစကားများသည် ထိုအကျန်အကြွင်းများကို တောင်းထဲသို့ထည့်ရန်ကိုသာဆိုလိုခဲ့ခြင်းမဟုတ်ဘဲ သင်ခန်းစာနှစ်မျိုးကိုသွန်သင်နေခြင်းဖြစ်ပါသည်။ ၎င်းတို့မှာ ကျွန်ုပ်တို့အနေဖြင့် ယာယီအခွင့်အရေးတစ်ခုကိုမျှ အလဟဿမဖြစ်သင့်ကြောင်းနှင့် လူသားတစ်ဦးကိုအကျိုးပြုစေနိုင်သည့် မည်သည့်အရာတစ်စုံတစ်ခုကိုမျှ လျစ်လျူရှုမထားသင့်ကြောင်းတို့ဖြစ်ကြပါသည်။ ကမ္ဘာပေါ်တွင်ရှိကြသောဆာလောင်မွတ်သိပ်သူများကို သက်သာခြင်းရရှိစေသောအရာတိုင်းကိုစုသိမ်းကြပါစေ။ ဝိညာဉ်ရေးဘက်တွင်လည်း ထိုနည်းအတူ ဂရုပြုသင့်ပါသည်။ အစာအကြွင်းအကျန်များကို တောင်းများဖြင့်စုသိမ်းနေကြသောအချိန်တွင် အိမ်တွင်ကျန်ရစ်ခဲ့သောသူတို့၏မိတ်ဆွေများကို သူတို့သတိရခဲ့ကြပါသည်။ ခရစ်တော်ကိုယ်တော်တိုင် ကောင်းချီးပေးထားသည့် ထိုမုန့်များကို မိမိတို့၏မိတ်ဆွေများအား မျှဝေလိုကြပါသည်။ တောင်းထဲတွင်စုသိမ်းထားသည့်မုန့်များကို အလိုရှိသောသူများအားမျှဝေခဲ့ကြရာ အနီးအပါးအရပ်ဒေသများသို့ မုန့်များကိုဆောင်ယူသွားခဲ့ကြပါသည်။ ထိုနည်းအတူ လူများသည် ဝိညာဉ်ရေးဆာလောင်မွတ်သိပ်နေသူများအား ကျေနပ်နှစ်သိမ့်မှုပေးရန် ကောင်းကင်မှသက်ဆင်းလာသောမုန့်ကို အခြားသူများအားပေးကြရန်ဖြစ်ပါသည်။ သူတို့တွေ့မြင်သိရှိခဲ့ရသော ဘုရားသခင်၏အံ့ဖွယ်အမှုများကို ဖောက်သည်ချကြရန်ဖြစ်ပါသည်။ တစ်စုံတစ်ခုမျှ ပျက်စီး

ဆုံးပါးမသွားစေဘဲ ကယ်တင်ရှင်နှင့်ပတ်သက်သည့် နှုတ်တော်ထွက်စကားတစ်လုံးတစ်ပါဒမျှ အလဟဿဖြစ်မသွားစေရန် လုပ်ဆောင်ကြဖို့ဖြစ်ပါသည်။

မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဖြင့် လူငါးထောင်အားကျွေးမွေးခဲ့ခြင်းအားဖြင့် ထာဝရဘုရားကိုမှီခိုအားထားခြင်းနှင့်ဆိုင်သည့် သင်ခန်းစာတစ်ခုကို သွန်သင်ထားပါသည်။ ခရစ်တော်သည် လူငါးထောင်အားကျွေးမွေးသောအချိန်တွင် ၎င်းတို့၌ မုန့်အနည်းငယ်သာရှိခဲ့ပါသည်။ တောထဲတွင် ကိုယ်တော်နှင့်အတူ အမျိုးသမီးများနှင့်ကလေးများမှတစ်ပါးယောကျ်ားအရေအတွက်ငါးထောင်ရှိနေသောကြောင့် ကိုယ်တော်ကျွေးလိုသည့်အတိုင်း ကျွေးနိုင်မည့်အခြေအနေတွင်မရှိကြောင်းမှာထင်ရှားနေပါသည်။ ကိုယ်တော်သည် မိမိနောက်တော်သို့လိုက်ခဲ့ရန် ထိုလူအုပ်ကြီးအားမဖိတ်ခေါ်ခဲ့ပါ။ လိုက်လာရန်အမိန့်ပေးခြင်း၊ ဖိတ်ခေါ်ခြင်းမရှိဘဲ သူတို့သဘောနှင့်သူတို့လိုက်လာခဲ့ခြင်းဖြစ်သော်လည်း ၎င်းတို့သည် အချိန်ကြာမြင့်စွာတရားနာယူခဲ့ကြသဖြင့် ဆာလောင်မွတ်သိပ်၍ အားနည်းနေကြကြောင်းကို ကိုယ်တော်သိရှိတော်မူခဲ့ပါသည်။ အကြောင်းမူကား ၎င်းတို့နှင့်အတူရှိနေသည့်ကိုယ်တော်တိုင်ပင်လျှင် အစာအာဟာရသုံးဆောင်ဖို့လိုအပ်နေသောကြောင့်တည်း။ ထိုသူများသည် ရပ်ဝေးမှလာကြသူများဖြစ်ပြီး နေ့အချိန်ကုန်ဆုံး၍ ညအချိန်ရောက်တော့မည့်ဆဲဆဲလည်းဖြစ်နေသည့်ပြင် ၎င်းတို့အထဲမှများစွာသောသူတို့သည် အစာဝယ်စားစရာငွေကြေးများလည်းမရှိကြချေ။ ထိုသူများအကျိုးအလို့ငှါ တောထဲတွင် ရက်ပေါင်းလေးဆယ်အစာရှောင်ခဲ့သောကိုယ်တော်သည် ၎င်းတို့အား အစာမကျွေးဘဲ အိမ်သို့ပြန်လွှတ်မည်မဟုတ်ချေ။ ခရစ်တော်ရှိတော်မူသည့်နေရာတွင်ပင် ဘုရားသခင်သည် ကိုယ်တော်အား စီစဉ်ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။ ၎င်းပြင် ကိုယ်တော်အနေနှင့်လည်း လိုအပ်ချက်များတို့ကိုရရှိဖို့ နည်းလမ်းများအတွက် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသခင်အား မှီခိုအားကိုးတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည် အကျဉ်းအကျပ်ဖြစ်လာသောအခါ ထာဝရဘုရားသခင်ကိုမှီခိုအားကိုးကြရပါမည်။ နမော်နမဲ့လုပ်ဆောင်မှုများအားဖြင့် စုံစမ်းခြင်းထဲသို့မကျရောက်စေရန်အလို့ငှါ အသက်တာ၏လှုပ်ရှားမှုတိုင်းတွင် ဉာဏ်ပညာဆုံးဖြတ်ချက်များကို ကျင့်သုံးကြရပါမည်။ ဘုရားသခင်စီမံပေးထားသည့်နည်းလမ်းများကို ဂရုမပြုခြင်းကြောင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့အား ဘုရားသခင်ပေးသနားတော်မူသောစွမ်းအားများကို တလွဲအသုံးချနေခြင်းအားဖြင့်သော်လည်းကောင်း အကျပ်အတည်းထဲသို့ရောက်သွားအောင် မလုပ်သင့်ကြချေ။ ခရစ်တော်၏အမှုတော်ဆောင်များသည် ကိုယ်တော်၏သွန်သင်ချက်များကို လုံးဝဥဿုံယုံကြည်စွာဖြင့် လိုက်နာကျင့်ဆောင်ကြရပါမည်။ ဤအမှုတော်သည် ထာဝရဘုရားသခင်၏အမှုတော်ဖြစ်ပြီး ကျွန်ုပ်တို့သည် သူတစ်ပါးအား ကောင်းချီးပေးလိုကြမည်ဆိုလျှင် ကိုယ်တော်၏အကြံအစည်တော်ကို လိုက်နာကြရမည်ဖြစ်ပါသည်။ "ငါတည်းဟူသောအတ္တ" ကိုဗဟိုမဖြစ်စေသင့်ပါ။ အတ္တသဘောသည် မည်သည့်ဂုဏ်ပြုခြင်းကိုမျှမရရှိနိုင်ပါချေ။ ကျွန်ုပ်တို့သည် မိမိတို့၏အတွေးအခေါ်များအတိုင်း ကြံရွယ်လုပ်ဆောင်ကြမည်ဆိုလျှင် အမှားအယွင်းများတွင် ကျွန်ုပ်တို့အား ဘုရားသခင်စွန့်ထားတော်မူလိမ့်မည်။ ကိုယ်တော်၏လမ်းညွှန်မှုအတိုင်း လိုက်လျှောက်ခြင်းကြောင့် အကျဉ်းအကျပ်ထဲသို့ ကျွန်ုပ်တို့ရောက်ရှိသွားမည်ဆိုလျှင် ကိုယ်တော်သည် ထိုအခြေအနေမှ ကျွန်ုပ်တို့အား ကယ်လွှတ်တော်မူလိမ့်မည်။ တွေ့ရှိသောအခက်အခဲများကြောင့် စိတ်ဓာတ်ကျစရာမလိုဘဲ အရေးတကြီးလိုအပ်ချက်များကို အနန္တတန်ခိုးရှင်ဘုရားသခင်ထံတွင် တောင်းခံကြရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မကြာခဏဆိုသလို ခက်ခဲသည့်အခြေအနေများကိုကြုံတွေ့ရသောအခါ ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ထာဝရဘုရားကိုအားကိုးကြရပါမည်။ ဘုရားသခင်၏တရားလမ်းအတိုင်းစောင့်ရှောက်စေရန်အလို့ငှါ စုံစမ်းခြင်းအားဖြင့် စိတ်နှလုံးရှုပ်ထွေးမှုခံနေရသောအသက်ဝိညာဉ်တိုင်းကို ကိုယ်တော်သည် ထိန်းသိမ်းစောင့်ရှောက်တော်မူလိမ့်မည်။

ခရစ်တော်သည် ကျွန်ုပ်တို့အား ပုရောဖက်တစ်ပါးအားဖြင့် "မွတ်သိပ်သောသူများကို အစာကျွေးရန် နေရာမရှိဆင်းရဲသောသူများကို ကိုယ့်အိမ်သို့ဆောင်ခဲ့ရန် အဝတ်မရှိသောသူများကိုမြင်လျှင် အဝတ်ပေးရန်"

မိန့်မှာတော်မူခဲ့ပါသည်။ (ယောရှာ ၅း၇-၁၀)။ ၎င်းပြင် "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" ဟူ၍လည်း မိန့်မှာတော်မူထားပါသေးသည်။ (မာကု ၁၆း၁၅)။ လိုအပ်ချက်သည် ကြီးမား၍ ကျွန်ုပ်တို့တွင် လုပ်ကိုင်နိုင်စွမ်းမည်မျှနည်းပါးကြောင်းတွေ့မြင်သောအခါ ကျွန်ုပ်တို့သည် အကြိမ်ပေါင်းမည်ရွေ့မည်မျှစိတ်ဓာတ်ကျခဲ့ကြပြီး ယုံကြည်ခြင်းပျက်ပြားခဲ့ကြပါသနည်း။ မုန့်ကလေးငါးလုံးနှင့် ငါးနှစ်ကောင်ကိုကြည့်ပြီး ဤမျှလောက်များစွာသောသူတို့သည်ရှိကြသည်ဖြစ်၍ ထိုမုန့်နှင့်ငါးနှစ်ကောင်တို့ကို အဘယ်ပြောစရာရှိပါသနည်း" ဟု အန္ဒြေကဲ့သို့ ကျွန်ုပ်တို့ပြောဆိုကြမည်လား။ အခြားသူများအတွက်သုံးပစ်လျှင် ကုန်သွားမည်ကိုစိုးရိမ်ကြသဖြင့် မိမိတွင်ရှိသမျှတို့ကိုပေးရန် ကျွန်ုပ်တို့မကြာခဏနှောင့်နှေးတတ်ကြပါသည်။ သို့သော် "သူတို့အားစားရန် ဝေငှလော့" ဟု ကျွန်ုပ်တို့အား ကိုယ်တော်ရှင် မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်၏အမိန့်တော်က ကတိတော်တစ်ခုဖြစ်ပြီး ထိုကတိတော်၏နောက်ကွယ်တွင် ဂါလိလဲအိုင်နံဘေးရှိ ထိုလူထုကြီးအား ကျွေးမွေးတော်မူခဲ့သည့်တန်ခိုးတော်မျိုးရှိနေတော်မူပါသည်။

ဆာမွတ်နေသောလူအုပ်ကြီး၏တဒင်္ဂလိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့် ခရစ်တော်၏လုပ်ဆောင်မှုတွင် ဓမ္မအမှုတော်ဆောင်အားလုံးအတွက် နက်နဲသောဝိညာဉ်ရေးဆိုင်ရာသင်ခန်းစာတစ်ခုပူးတွဲပါရှိနေပါသည်။ ခရစ်တော်သည် အဖဘုရားသခင်ထံမှ လက်ခံရယူခဲ့ပြီး တပည့်တော်များကိုမျှဝေပေးကာ တပည့်တော်များသည် လူထုကြီးအား ဝေငှပေးခဲ့ပါသည်။ ထိုနောက်မှ လူအုပ်ကြီးအတွင်းရှိလူသားအချင်းချင်းမျှဝေခဲ့ကြပါသည်။ ထိုနည်းတူစွာ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့် ကိုယ်တော်ရှင်ထံတော်မှရရှိကြမည့်အသက်မုန့်တည်းဟူသော ကောင်းကင်မှ မုန့်ကို အခြားသူများအား မျှဝေပေးကမ်းကြရန်ဖြစ်ပါသည်။

သခင်ယေရှုသည် ဘုရားသခင်ကို လုံးလုံးလျားလျားအားကိုးလျက် ထိုမုန့်အနည်းငယ်ကို ယူတော်မူခဲ့ပါသည်။ ထိုမုန့်များသည် တမန်တော်များအတွက်ပင် မစားလောက်အောင် နည်းပါးသော်လည်း ၎င်းတို့အား



ရှေးဦးစွာမစားစေဘဲ လူအများအား ဝေငှပေးကမ်းရန် မိန့်တော်မူခဲ့ပါသည်။ လက်တော်တွင် မုန့်များသည် ပွားများလာပြီး အသက်မုန့်တည်းဟူသော ခရစ်တော်ကိုယ်တော်တိုင်သို့လက်ကမ်းယူနေသော တမန်တော်များ၏ လက်များထဲတွင်လည်း မည်သည့်အခါမျှ မုန့်များကုန်ခန်းမသွားခဲ့ချေ။ အနည်းငယ်သောမုန့်သည် လူသားအားလုံးအတွက် လုံလောက်ခဲ့ပါသည်။ စားသုံးပြီးနောက် အကျန်အကြွင်းအကျိုးအပဲ့များကို စုသိမ်းခဲ့ကြပါသည်။ တမန်တော်များသည် ဘုရားသခင်ပေးသနားတော်မူသည့် အဖိုးတန်မွန်မြတ်လှသောမုန့်ကို ခရစ်တော်နှင့်အတူစားသောက်ခဲ့ကြရပါသည်။

ထိုတမန်တော်များသည် ခရစ်တော်နှင့်ထိုလူအုပ်ကြီးအကြား ဆက်သွယ်ရေးမြောင်းများဖြစ်ခဲ့ကြပါသည်။ ယနေ့အသက်ရှင်နေသော ကိုယ်တော်၏တပည့်တော်များအတွက် ထိုအရာသည် အားတက်စရာတစ်ခုဖြစ်သင့်ပါသည်။ ခရစ်တော်သည် တန်ခိုးခွန်အား အားလုံးတို့၏မြစ်ဖျားခံရာမဟာပင်မအချက်အချာဖြစ်တော်မူပါသည်။ ကိုယ်တော်၏တပည့်တော်များသည် မိမိတို့အတွက် လိုအပ်သောအမအစများကို ကိုယ်တော့်ထံမှ ရယူကြရန်ဖြစ်ပါသည်။ အသိဉာဏ်အထက်မြက်ဆုံးသောသူများနှင့် ဝိညာဉ်ရေးစိတ်ထားအပြည့်အဝဆုံးသောသူများသည် မိမိတို့ခံယူရရှိသည့်အတိုင်းသာ ပြန်လည်ပေးဝေနိုင်ကြပါသည်။ သူတို့သည် အသက်ဝိညာဉ်များ၏လိုအပ်ချက်များအတွက် မည်သည့်အရာကိုမျှ မိမိတို့အစွမ်း၊ မိမိတို့တန်ခိုးများအားဖြင့် မပေးစွမ်းနိုင်ကြချေ။ ကျွန်ုပ်တို့သည် ခရစ်တော်ထံမှ ရရှိသလောက်သာမျှဝေနိုင်ကြမည်ဖြစ်ပြီး အခြားသူများအား မျှဝေသလောက်သာရရှိနိုင်ကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့မျှဝေပေးကမ်းနေသောအချိန်တွင် ဆက်လက်ရယူနေပါသည်။ ပို၍မျှဝေလျှင် ပို၍ရရှိကြလိမ့်မည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ခိုင်မြဲတည်တံ့စွာယုံကြည်လျက်၊ ကိုးစားလျက်၊ ရယူလျက်၊ ပေးဝေလျက်ရှိကြပါလိမ့်မည်။

အသွင်အပြင်ခပ်သိမ်းတို့တွင် ရှေ့သို့တိုးတက်မှုနှေးကွေးပြီး စွမ်းဆောင်ရန်မဖြစ်နိုင်သောအရာများသည် တိုးတက်မှုကိုအဟန့်အတားပြုနေသယောင်ဖြစ်နေသော်လည်း ခရစ်တော်၏နိုင်ငံတော်တည်ထောင်မှု

လုပ်ငန်းသည် ရှေ့သို့တိုးတက်သွားပါလိမ့်မည်။ ဤအမှုတော်သည် ထာဝရဘုရား၏အမှုတော်ဖြစ်ပြီး ငွေကြေးအမအစများကို ကိုယ်တော်ထောက်ပံ့တော်မူပါလိမ့်မည်။ ၎င်းပြင် ငတ်မွတ်နေသောလူအများအားကျွေးမွေးရန် အစာများကို လက်အပြည့်ဆုပ်ယူလာကြမည့် စိတ်အားထက်သန်၍ သစ္စာရှိသောတမန်တော်များနှင့်မစမည့်သူများကိုစေလွှတ်တော်မူလိမ့်မည်ဖြစ်ပါသည်။ ပျက်စီးခြင်းထဲတွင်ရှိနေကြသော အသက်ဝိညာဉ်များအတွက် အသက်ရှင်ခြင်းနှင့်ယှဉ်သောနှုတ်ထွက်စကားများကိုမျှဝေရန် မေတ္တာတော်ကိုအရင်းခံ၍လုပ်ဆောင်နေကြသူများအားလည်းကောင်း၊ ဆာမွတ်နေသောအသက်ဝိညာဉ်များအတွက် အစာပေးရန် လက်ကမ်းနေသောသူများအားလည်းကောင်း ထာဝရဘုရားသည် ဂရုပြုတော်မမူဘဲနေတော်မူမည်မဟုတ်ချေ။

ဘုရားသခင်၏အမှုတော်တွင် ပင်ကိုအစွမ်းအစများနှင့်အရည်အချင်းရှိသော လူသားများ၏စွမ်းဆောင်နိုင်မှုများအပေါ်တွင် အလွန်အကျွံအားကိုးခြင်းသည် အန္တရာယ်ရှိတတ်ပါသည်။ ထိုကဲ့သို့အားကိုးမိခြင်းကြောင့် ထာဝရဘုရားကိုမျက်ခြည်ပြတ်သွားပါသည်။ ခရစ်တော်အတွက် လုပ်ဆောင်နေသည့်အမှုတော်ဆောင်သည် မိမိ၏ပုဂ္ဂလိကတာဝန်ဝတ္တရားကို မကြာခဏလုပ်ဆောင်ရန် ပျက်ကွက်တတ်ပါသည်။ သူသည် မိမိထမ်းဆောင်ရမည့်တာဝန်များကို ခပ်သိမ်းသောခွန်အားတို့၏မူလအခြေအမြစ်ဖြစ်တော်မူသောကိုယ်တော်ကို အားကိုးရမည့်အစား အဖွဲ့အစည်းများအပေါ်သို့ ပခုံးပြောင်းလိုသည့်အန္တရာယ်ရှိနေပါသည်။ ဘုရားသခင်၏အမှုတော်တွင် လူအရေအတွက်ကိုလည်းကောင်း၊ လူသားများ၏အသိပညာများကိုလည်းကောင်း ကိုးစားခြင်းသည် မဟာအမှားတော်ကြီးဖြစ်နေပါသည်။ ခရစ်တော်၏အမှုတော်အောင်မြင်မှုသည် လူအရေအတွက်နှင့်လုပ်ဆောင်သည့်လူများ၏ပင်ကိုအစွမ်းများအပေါ်တွင် များစွာမူမတည်ဘဲ ဖြူစင်သောအကြံအစည်များ၊ စိတ်အားထက်သန်၍ ထာဝရဘုရားကိုအားကိုးမှီခိုတတ်သော ယုံကြည်ခြင်း၏ဖြူစင်မှုများအပေါ်၌မူတည်နေပါသည်။ ပုဂ္ဂလိကတာဝန်များကိုလည်းကောင်း၊ ပုဂ္ဂလိကဝတ္တရားများကိုလည်းကောင်း



ထမ်းဆောင်ရပါမည်။ ခရစ်တော်ကိုမသိရှိသေးသောသူများအတွက် ပုဂ္ဂလိကကြိုးစားမှုများကိုလုပ်ဆောင်ရမည်။ မိမိထက်တတ်စွမ်းနိုင်သည်ဟုထင်သည့်သူများအပေါ်သို့ မိမိ၏တာဝန်ကိုလွှဲပြောင်းပုံချမည့်အစား သင်၌စွမ်းအားရှိသမျှအတိုင်းလုပ်ဆောင်ပါ။

ဤသူတို့စားစရာမုန့်ကို အဘယ်မှာဝယ်မည်နည်းဟူသောမေးခွန်းမျိုး စိတ်ထဲတွင်ဖြစ်ပေါ်လာသောအခါ သင်၏အဖြေသည် မယုံကြည်မှုနှင့်ဆိုင်သောတုံ့ပြန်ချက်မဖြစ်စေနှင့်။ “သူတို့ကိုစားစရာပေးလော့” ဟူသောကယ်တင်ရှင်၏ညွှန်ကြားချက်ကို တမန်တော်များကြားရသောအခါ စိတ်ထဲတွင်အကျပ်ရိုက်လာခဲ့ပါသည်။ အစာဝယ်ဖို့ ရွာထဲကိုသွားရမလားဟူ၍ သူတို့မေးခဲ့ကြပါသည်။ ထိုနည်းတူ ယခုတွင်လည်း လူများသည် အသက်မုန့်ချို့တဲ့နေကြသောအခါ ထိုသူတို့ကိုကျွေးမွေးရန် ရပ်ဝေးတွင်ရှိသောလူတချို့ထံသို့ ကျွန်ုပ်တို့စေလွှတ်ရမလားဟု ဘုရားသခင်၏သားသမီးများကမေးကြပါသည်။ သို့သော် ခရစ်တော်မည်ကဲ့သို့မိန့်တော်မူခဲ့ပါသနည်း။ “လူအပေါင်းတို့ကိုလျောင်းစေပြီး ထိုနေရာမှာပင် လူတို့အား ကိုယ်တော်ရှင်ကျွေးမွေးတော်မူခဲ့ပါသည်။” ထိုနည်းအတူ ဆင်းရဲချို့တဲ့သောသူများသည် ကျွန်ုပ်တို့ကိုဝန်းရံလာသောအချိန်တွင် ခရစ်တော်သည် ထိုနေရာတွင်ရှိတော်မူကြောင်းသင်သိပါ။ ကိုယ်တော်ကို ထိုနေရာတွင်မိတ်သဟာယဖွဲ့ပါ။ သင်၏မုန့်ကလေးများကို ကိုယ်တော်ထံသို့ယူဆောင်လာပါ။

ကျွန်ုပ်တို့ပိုင်ဆိုင်ထားသည့်ငွေကြေးများသည် အမှုတော်အတွက် လုံလောက်မှုမရှိသယောင်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ဘုရားသခင်၏အနန္တတန်ခိုးတော်ကိုကိုးစားလျက် ယုံကြည်ခြင်းအားဖြင့် ဆက်လက်လုပ်ဆောင်လိမ့်မည်ဆိုလျှင် ကြွယ်ဝများပြားစွာသောငွေကြေးပစ္စည်းများကို ကျွန်ုပ်တို့ရရှိကြပါလိမ့်မည်။ အမှုတော်သည် ဘုရားသခင်၏ အမှုတော်ဖြစ်သည့်အလျောက် ကိုယ်တော်ရှင်ကိုယ်တော်တိုင် အမှုတော်ပြီးမြောက်မှုအတွက် လိုအပ်သည့်ငွေကြေးများကိုစီစဉ်ပေးတော်မူလိမ့်မည်။ ဘုရားသခင်၏အမှုတော်အတွက် ဉာဏ်အမြော်အမြင်ပြည့်စုံစွာဖြင့် ချွေချွေတာတာအသုံးပြုသည့် အနည်းငယ်သောဘဏ္ဍာများသည် မျှဝေပေးကမ်း

မှုတိုင်းတွင် တိုးပွားပါလိမ့်မည်။ ခရစ်တော်၏လက်တော်တွင်ရှိသော မုန့်အနည်းငယ်သည် လူအုပ်ကြီးဝလင်စွာစားပြီးသည့်တိုင်အောင် လျော့ပါးသွားခြင်းမရှိခဲ့ချေ။ ကျွန်ုပ်တို့သည် လက်ခံရယူရန် ယုံကြည်သောလက်များကိုဆန့်၍ ကိုယ်တော်ရှင်ထံသို့ချဉ်းကပ်ခဲ့ကြလျှင် အကျပ်တည်းဆုံးအခြေအနေ၌ပင် ကျွန်ုပ်တို့အားအမှုတော်အတွက်မစတော်မူလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့သည် အခြားသူများအား အသက်မုန့်ကိုမျှဝေပေးနိုင်ကြမည်ဖြစ်ပါသည်။ "သူတစ်ပါးအားပေးကြလော့၊ ပေးလျှင် သူတစ်ပါးသည် သင်တို့အားပေးကြလိမ့်မည်။" "အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်ရလိမ့်မည်။ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟုမှတ်ကြလော့။---သင်တို့သည် အရာရာ၌သုံးလောက်သောဥစ္စာအမျိုးမျိုးနှင့် အထူးသဖြင့်ပြည့်စုံမည်အကြောင်း အမျိုးစုံသောမင်္ဂလာကျေးဇူးနှင့် အထူးသဖြင့်ပြည့်စုံစေခြင်းငှါ ဘုရားသခင်တတ်နိုင်တော်မူ၏။" ကျမ်းစာလာသည်ကား-

"သူသည် စွန့်ကြဲပြီ၊ ဆင်းရဲသောသူတို့အားပေးကမ်းပြီ၊ သူ၏ဖြောင့်မတ်ခြင်းသည် အစဉ်အမြဲတည်တတ်၏" ဟုလာသတည်း။

"မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊ အစာအာဟာရကိုလည်းကောင်း ပေးတော်မူသောသူသည် သင်တို့အား မျိုးစေ့ကိုပေး၍ ပွားများစေတော်မူမည်။ သင်တို့၏ဖြောင့်မတ်ခြင်းကိုလည်း ကြွယ်ဝစေတော်မူမည်။ ထိုသို့သင်တို့သည် စေတနာစိတ်ဖြင့် အမျိုးမျိုးသောစွန့်ကြဲပေးကမ်းခြင်းအလိုငှါ အရာရာ၌ ကြွယ်ဝခြင်းရှိသည်ဖြစ်၍ ငါတို့အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းစရာအကြောင်းရှိလိမ့်မည်။" လုကာ ၆း၃၈။ ၂ကော၊ ၉း၆-၁၁။

-၀-



# (၄၀)
# ဂါလိလဲအိုင်ပေါ်မှညတစ်ည

ရှင်မဿဲ ၁၄း၂၂-၂၃။ ရှင်မာကု ၆း၄၅-၅၂။ ယောဟန် ၆း၁၄-၂၁ တို့ကိုအခြေပြုထားပါသည်

နွေဦးရာသီ၏ညနေဆည်းဆာအချိန်ကလေးတွင် လူများစွာတို့သည် မြက်ခင်းပြင်လွှမ်းခြုံထားသည့်လွင်ပြင်ကြီးပေါ်တွင်ထိုင်၍ ခရစ်တော်ကျွေးတော်မူသောမုန့်များကို စားခဲ့ကြပါသည်။ ထိုနေ့က ၎င်းတို့ကြားခဲ့ရသည့်စကားများကို ဘုရားသခင်၏အသံတော်ကဲ့သို့ ကြားနာခဲ့ကြပြီး မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ရသည့် အနာရောဂါပျောက်ကင်းစေခဲ့သော နိမိတ်လက္ခဏာများသည်လည်း ဘုရားတန်ခိုးတော်နှင့်သာ လုပ်ဆောင်နိုင်သည့်နိမိတ်လက္ခဏာများအဖြစ် မြင်တွေ့ခဲ့ရပါသည်။ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဆိုင်ရာနိမိတ်လက္ခဏာသည် ထိုလူအုပ်ကြီးထဲရှိလူတိုင်းအား စိတ်နှလုံးညွတ်ပျောင်းစေခဲ့ပါသည်။ ထိုနိမိတ်လက္ခဏာသည် ၎င်းတို့အားလုံးအတွက် အကျိုးရှိခဲ့ပါသည်။ မောရှေအချိန်၌ ဘုရားသခင်သည် ဣသရေလများအားတောထဲတွင်မန္နမုန့်ကျွေးခဲ့ပါသည်။ ထိုနေ့တွင် ထိုလူအုပ်ကြီးအား ကျွေးမွေးခဲ့သောထိုသူသည် မောရှေကြိုတင်ဟောကြားခဲ့သည့်သူမဟုတ်ခဲ့လျှင် မည်သူဖြစ်ပါသနည်း။ မည်သည့်လူသားမဆို ဆာလောင်နေသောလူထောင်ပေါင်းများစွာအား မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကိုအသုံးပြု၍လောက်ငအောင်ကျွေးနိုင်မည်မဟုတ်ချေ။ ယေရှုပြတော်မူသည့် ထိုနိမိတ်လက္ခဏာကို ထိုသူတို့မြင်ကြလျှင် "ဤသူကား လူလောကသို့ကြွလာရသောပုရောဖက်အမှန်ဖြစ်သည်" ဟုအချင်းချင်းပြောဆိုကြ၏။

၎င်းတို့၏ယုံကြည်စိတ်ချမှုများသည် တိုးပွားခိုင်ခံ့လာခဲ့ပါသည်။ ထိုအထွတ်အထိပ်လုပ်ဆောင်မှုသည် သူတို့အလယ်တွင် အချိန်ကြာမြင့်စွာကတည်းက မျှော်လင့်ခဲ့သည့်ကယ်တင်ရှင်ရောက်ရှိနေကြောင်း အာမခံချက်တစ်ခုဖြစ်ပါသည်။ ထိုလူများ၏မျှော်လင့်ချက်များသည် ပို၍ပြင်းပြ

လာကြပါသည်။ ယုဒပြည်အား နို့နှင့်ပျားရည်စီးသည့်လောကပါရဒိသုဘုံဖြစ်စေမည့်ပုဂ္ဂိုလ်သည် ကိုယ်တော်ပင်ဖြစ်သည်။ ကိုယ်တော်သည် တောင့်တမှုအားလုံးကို လိုအင်ဆန္ဒပြည့်ဝစေနိုင်တော်မူပါသည်။ ရောမများ၏မုန်းတီးမှုကိုလည်း ချေဖျက်နိုင်တော်မူပါသည်။ ယုဒပြည်နှင့် ယေရုရှလင်မြို့တို့ကိုလည်း ၎င်းတို့လက်မှကယ်လွှတ်နိုင်တော်မူပါသည်။ တိုက်ပွဲတွင် ဒဏ်ရာရသည့်စစ်သည်များကိုလည်း ပျောက်ကင်းသက်သာစေနိုင်တော်မူပါသည်။ တပ်မတော်ကြီးတစ်ခုလုံးအတွက် ရိက္ခာများကိုလည်း မစနိုင်တော်မူပါသည်။ နိုင်ငံများကိုတိုက်ခိုက်သိမ်းပိုက်နိုင်၍ မျှော်လင့်တောင့်တနေခဲ့သော ဒိုမီနီယံနိုင်ငံကြီးတစ်ခုကို ဣသရေလများအား ပေးအပ်နိုင်တော်မူပါသည်။

လူထုကြီးသည် စိတ်အားတက်ကြွစွာဖြင့် ကိုယ်တော်ရှင်အား ရှင်ဘုရင်အဖြစ် ချက်ချင်းတင်မြှောက်ကြရန် အသင့်အနေအထားတွင် ရှိခဲ့ကြပါသည်။ ကိုယ်တော်ရှင်သည် မိမိအားအရိုအသေပြုလာရန်အတွက် မည်သည့်ကြိုးစားမှုကိုမျှ ပြုတော်မမူခဲ့ကြောင်းကို သူတို့မြင်တွေ့ကြပါသည်။ ဤနေရာတွင် ကိုယ်တော်ရှင်သည် ယုဒယဇ်ပုရောဟိတ်များ၊ ကျမ်းတတ်ဆရာများတို့နှင့် လုံးလုံးလျားလျားကွဲပြားခြားနားနေကာ ဒါဝိဒ်၏ပလ္လင်ကိုတက်ဖို့ မည်သည့်အခါမျှမတောင်းဆိုဘဲနေမည်ကို သူတို့စိုးရိမ်နေကြပါသည်။ ထို့ကြောင့် ကိုယ်တော်ရှင်အား ဣသရေလ၏ရှင်ဘုရင်အဖြစ် မိမိကိုယ်ကိုကြေညာဖို့ အတင်းအကျပ်တိုက်တွန်းရန် သူတို့ညှိနှိုင်းသဘောတူခဲ့ကြပါသည်။ မိမိတို့သခင်၏စစ်မှန်သောဆက်ဆံသူအဖြစ် ဒါဝိဒ်၏ပလ္လင်တွင်စိုးစံမည့်ရှင်ဘုရင်အနေဖြင့် ကြေညာခြင်းတွင် တမန်တော်များတို့သည် လူအုပ်ကြီးနှင့်အတူ ပူးပေါင်းခဲ့ကြပါသည်။ သခင်ခရစ်တော်သည် ဣန္ဒြေစောင့်စည်းသောအားဖြင့် မိမိအားပေးအပ်လာသည့်ထိုဂုဏ်ထူးများကို လက်ခံရန်ငြင်းဆန်သည်ဟု သူတို့ပြောကြပါသည်။ လူထုကြီးက ၎င်းတို့၏ကယ်တင်ရှင်ကိုချီးမြှောက်ပါလေစေ။ မာနထောင်လွှားသောယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများကို ဘုရားသခင်၏အာဏာတော်နှင့် ကြွလာတော်မူသည့်ကိုယ်တော်ရှင်အား ဂုဏ်ပြုခိုင်းပါလေစေ။



ထိုသူများသည် မိမိတို့၏အကြံအစည်များကို အကောင်အထည်ဖော်ရန် စိတ်အားထက်သန်စွာဖြင့် စီစဉ်နေပါသည်။ သို့သော် ဖြစ်ပျက်နေသောအရာကို ကိုယ်တော်ရှင်မြင်တွေ့တော်မူ၍ ထိုကဲ့သို့သောလှုပ်ရှားမှုတစ်ခု၏ရလဒ်သည် မည်သည့်အရာဖြစ်မည်ကို သူတို့မသိနိုင်ကြသော်လည်း ကိုယ်တော်ရှင်နားလည်တော်မူ၏။ ယခုအချိန်မှာပင် ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲများသည် ကိုယ်တော်အားသတ်ရန် ရှာကြံနေကြပါသည်။ ယုဒလူများကို မိမိဘက်သို့ပါအောင် စည်းရုံးနေသည်ဟု ထိုယဇ်ပုရောဟိတ်များကစွပ်စွဲကြပါသည်။ ကိုယ်တော်အား နန်းတင်ရန်ကြိုးစားမှုကြောင့် ရုန်းရင်းခတ်မှုများနှင့် ပုန်ကန်ထကြွမှုများဖြစ်လာကာ ဝိညာဉ်ရေးနိုင်ငံတော်ဆိုင်ရာလုပ်ငန်းများကို အဟန့်အတားဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ထိုလှုပ်ရှားမှုကိုတားမြစ်ပစ်ရမည်ဖြစ်ပါသဖြင့် လူစုကွဲသွားစေရန်အတွက် မိမိအားထားရစ်ခဲ့ကာ ကပေရနောင်မြို့သို့ ချက်ချင်းပြန်ကြရန် လှေကိုပြင်ဆင်ဖို့ တမန်တော်များအား ကိုယ်တော်ရှင်ခေါ်တော်မူ၍ မိန့်တော်မူခဲ့ပါသည်။

ခရစ်တော်၏မိန့်တော်မူချက်ကိုဖြည့်စွမ်းရန် တမန်တော်များအဖို့ တစ်ခါမျှယခုတစ်ခါလောက်မခက်ခဲ့ဖူးချေ။ တမန်တော်များသည် ခရစ်တော်အားနန်းတင်ကြမည့်လူထုလှုပ်ရှားမှုတစ်ခုဖြစ်ပေါ်လာလိမ့်မည်ဖြစ်ကြောင်းကို အချိန်ကြာမြင့်စွာကတည်းက မျှော်လင့်ခဲ့ကြပါသည်။ ဤစိတ်အားထက်သန်မှုကို ဘာမျှအရာမရောက်ဘဲ အလဟဿဖြစ်သွားမည်ကိုလည်း သူတို့သည်းမခံနိုင်ခဲ့ကြချေ။ ပသခါပွဲကိုတက်ရောက်ရန် စုရုံးလျက်ရှိကြသောလူထုကြီးသည် ပုရောဖက်အသစ်တစ်ပါးကိုတွေ့မြင်ရန် ဆန္ဒပြင်းပြနေခဲ့ကြပါသည်။ မိမိတို့၏သခင်အား ဣသရေလဘုရင်အဖြစ် နန်းတင်ရန်အတွက် ယခုအခြေအနေသည် ကိုယ်တော်၏နောက်လိုက်များအဖို့ အခွင့်ကောင်းတစ်ရပ်ကဲ့သို့ဖြစ်နေပါသည်။ ထိုသို့ရည်မှန်းချက်ပြင်းထန်နေချိန်တွင် ကိုယ်တော်ရှင်အား လူနေခေါင်သော ဤနေရာတွင်ထားရစ်ကာ သူတို့ချည်းထွက်ခွာသွားရန်မှာ ၎င်းတို့အတွက် ခက်ခဲသောအရာတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ဤအစီအစဉ်ကို သူတို့ကန့်ကွက်ခဲ့ကြ

သော်လည်း သခင်ယေရှုသည် မိမိတစ်ခါမျှအသုံးမပြုဖူးသည့်အာဏာကို အသုံးပြု၍ထွက်ခွာသွားကြရန် ၎င်းတို့အားအမိန့်ပေးခဲ့ပါသည်။ ဆက်လက်၍ ဆန့်ကျင်ဘက်လုပ်နေလျှင်လည်း အကျိုးရှိမည်မဟုတ်ကြောင်း လူတို့သိရှိကြသဖြင့် ငြိမ်သက်စွာဖြင့် ပင်လယ်ဘက်သို့ထွက်ခွာသွားကြပါသည်။

ထိုနောက်လူအုပ်ကြီးအားလည်း လူစုခွဲကြရန် အမိန့်ပေးလိုက်ရာ နားမထောင်ဘဲ မနေဝံ့သည့်အခြေအနေသို့ရောက်သည့်တိုင်အောင် ကိုယ်တော်၏အပြုအမူသည် အလွန်ပြတ်သားလှပါသည်။ သူတို့၏ပါးစပ်ဖျားမှ ချီးမွမ်းထောမနာပြုသံများရပ်စဲသွားသည်။ ကိုယ်တော်ရှင်အား အတင်းအကျပ်ဖက်ယမ်းကြရန် ချဉ်းကပ်လာသည့်လူများ၏ခြေလှမ်းများသည်လည်း ရပ်တန့်သွားကြကာ သူတို့၏မျက်နှာပေါ်တွင်ရှိနေသည့် ဝမ်းမြောက်မှုနှင့် စိတ်အားထက်သန်မှုအပြည့်အဝရှိနေသည့်အကြည့်များလည်း ပျောက်ကွယ်သွားပါသည်။ ထိုလူအုပ်ထဲတွင် စိတ်ဓာတ်ကြံ့ခိုင်၍ ဆုံးဖြတ်ချက်ခိုင်မာသောသူများပါဝင်ခဲ့ကြသော်လည်း ခရစ်တော်၏ မြင့်မြတ်သောဟန်ပန်၊ အသံနေအသံထားများနှင့် တည်ငြိမ်သောအမိန့်သံများသည် ရုန်းရင်းခတ်မှုကိုဖြို့ခွင်း၍ ၎င်းတို့၏အကြံအစည်များကို ပျက်ပြားစေခဲ့ပါသည်။ ကိုယ်တော်ရှင်သည် လောကအာဏာတန်ခိုးအားလုံးထက်ကြီးမြတ်ကြောင်းကို သူတို့အသိအမှတ်ပြုကြပြီး စောဒကမတက်တော့ဘဲ ကိုယ်တော်မိန့်တော်မူသည့်အတိုင်းနာခံခဲ့ကြပါသည်။

ယေရှုသည် တစ်ကိုယ်တည်းကျန်ရစ်ခဲ့သောအချိန်တွင် ဆုတောင်းရန် တောင်ပေါ်သို့တက်ကြွသွားတော်မူခဲ့ပါသည်။ ထိုနောက် နာရီပေါင်းများစွာ ထာဝရဘုရားထံတွင် မိမိအတွက်သာမဟုတ်ဘဲ ထိုသူများအတွက်ပါ အဆက်မပြတ်ဆုတောင်းပတ္ထနာပြုတော်မူခဲ့ပါသည်။ စာတန်သည် ထိုသူတို့၏နားလည်မှုကို မမှောက်မှားစေရန်နှင့် ဆုံးဖြတ်ချက်များကို သွေဖည်အောင်မလုပ်နိုင်စေဖို့ မိမိ၏အမှုတော်၏မြင့်မြတ်သောသဘာဝကို လူသားများအားဖော်ပြရန်နှင့် တန်ခိုးကိုရရှိစေရန်အတွက် ကိုယ်တော်ပတ္ထနာပြုခဲ့ပါသည်။ မိမိ၏လောကအမှုတော်ဆောင်ရာကာလအချိန်ကုန်လုနီးပြီဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုအချိန်အထိလူနည်းစုကသာ





မိမိအားကယ်တင်ရှင်အဖြစ်လက်ခံကြသေးကြောင်းကိုလည်းကောင်း ကိုယ်တော်သိတော်မူခဲ့ပါသည်။ စိတ်နှလုံးထိခိုက်နာကျင်စွာဖြင့် မိမိ၏ တမန်တော်များအတွက်လည်း ဆုတောင်းပေးခဲ့ပါသည်။ သူတို့သည် ပြင်းပြင်းထန်ထန်စုံစမ်းစစ်ဆေးမှုများကိုခံကြရပါမည်။ စိတ်ကူးယဉ် အိပ်မက်ဆန်သော ၎င်းတို့မြတ်နိုးတွယ်တာနေသောမျှော်လင့်ချက်များသည်လည်း ထိခိုက်နာကျင်၍ နိမ့်ကျသောအနေအထားများတွင် စိတ်ပျက်ဖွယ်တို့ဖြစ်လာမည်။ ဒါဝိဒ်၏ပလ္လင်ပေါ်၌ ကိုယ်တော်နန်းတက်သည်ကိုမြင်ရမည့်အစား ကပ်တိုင်အတင်ခံရခြင်းကို သူတို့မြင်ကြရမည်။ ကပ်တိုင်အတင်ခံရခြင်းသည် ကိုယ်တော်၏စစ်မှန်သောရာဇဘိသေကမင်္ဂလာခံယူခြင်းဖြစ်ပါသည်။ သို့သော်လည်း ထိုအရာကိုသူတို့မသိမြင်ကြသောကြောင့် အကျိုးဆက်အနေဖြင့် စုံစမ်းနှောင့်ယှက်ခြင်းဟူ၍ပင် ၎င်းတို့သိရှိဖို့ခက်နေသည့်စုံစမ်းခြင်းများကို ၎င်းတို့ကြုံတွေ့ကြပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်မပါဘဲ တမန်တော်များ၏စိတ်နှလုံးကို အလင်းတရားပေးခြင်းနှင့် သိမြင်နားလည်မှုကိုတိုးပွားစေအောင်လုပ်ဆောင်ခြင်းသည် ၎င်းတို့၏ယုံကြည်ခြင်းကို ကုန်ခန်းကွယ်ပျောက်စေပါလိမ့်မည်။ ကြီးကျယ်ခမ်းနားမှု၊ လောကဂုဏ်အသရေ စသည်တို့နှင့်ပတ်သက်သောတွေးဆချက်များနှင့် နိုင်ငံတော်နှင့်ပတ်သက်သည့် ၎င်းတို့၏အတွေးအဆများသည် အလွန်နည်းပါးနေကြောင်းတွေ့ရှိရသော ခရစ်တော်အတွက် စိတ်နှလုံးထိခိုက်နာကျင်စေပါသည်။ ကိုယ်တော်၏စိတ်နှလုံးထက်တွင် ၎င်းတို့အတွက်လေးလံသောဝန်ထုပ်တစ်ခုပိလျက်ရှိနေသဖြင့် ပြင်းထန်သောဝေဒနာကိုခံစားလျက် မျက်ရည်မျက်ခွက်ဖြင့်ဆုတောင်းပတ္ထနာပြုတော်မူခဲ့ရပါသည်။

တမန်တော်များသည် ခရစ်တော်ညွှန်ကြားတော်မူသည့်အတိုင်း ချက်ချင်းကမ်းမှမခွာသေးဘဲ ၎င်းတို့ထံသို့ ကိုယ်တော်ကြွလာမည်ဟု စိတ်ထင်နှင့် ခေတ္တခဏစောင့်ဆိုင်းခဲ့ကြပါသည်။ သို့သော် အမှောင်ထုသည် လျင်မြန်စွာဖုံးလွှမ်းလာသောအခါ "သူတို့သည် အိုင်သို့သွား၍ လှေထဲသို့ဝင်ပြီးလျှင် ကပေရနောင်မြို့သို့ရောက်အံ့သောငှါ အိုင်ကိုကူးကြ၏။" ကိုယ်တော်အား မိမိတို့၏အရှင်သခင်အဖြစ်အသိအမှတ်ပြုခဲ့ပြီးသည့်

အချိန်မှစ၍ တစ်ခါဘူးမျှမဖြစ်ဖူးသည့်သည်းမခံနိုင်မှုများ၊ မကျေနပ်မှုများဖြင့် ကိုယ်တော့်ထံမှထွက်ခွာခဲ့ကြပါသည်။ ကိုယ်တော်အား ဘုရင်ဖြစ်ကြောင်း ကြေညာခွင့်မရခဲ့သည့်အတွက် သူတို့ညည်းတွားခဲ့ကြပါသည်။ ကိုယ်တော်ရှင်၏အမိန့်တော်ကို လွယ်လွယ်ကူကူလိုက်နာခဲ့ခြင်းအတွက် ကိုယ့်ကိုကိုယ်သူတို့အပြစ်တင်မိခဲ့ပါသည်။ မိမိတို့သည် မရမနေတောင်းခံခဲ့ကြပါလျှင် မိမိတို့၏အလိုပြည့်စုံနိုင်ခဲ့လိမ့်မည်ဟုလည်း သူတို့ထင်မှတ်ခဲ့ကြပါသည်။ သူတို့၏စိတ်နှလုံးထဲတွင် မယုံကြည်မှုများသည် အမြစ်စွဲလျက်ရှိပြီး ဂုဏ်အသရေကြီးမြတ်လိုစိတ်များသည် သူတို့အား အလင်းကွယ်စေခဲ့ပါသည်။ သခင်ယေရှုအား ဖါရိရှဲများကမုန်းတီးကြောင်း သူတို့သိရှိကြသဖြင့် ကိုယ်တော်ရှင်အနေနှင့်ရှိသင့်သည်ဟု သူတို့ထင်မြင်သည့်အခြေအနေတွင် ယေရှုခရစ်အား ချီးမြှောက်ခြင်းခံရစေဖို့ သူတို့လိုလားခဲ့သည်။ သူတို့သည် လှည့်ဖြားသူများအဖြစ် ကဲ့ရဲ့ပြစ်တင်ခြင်းခံရသော်လည်း ကြီးကျယ်သောနိမိတ်လက္ခဏာများကို ပြုတော်မူနိုင်သောဆရာတစ်ဦးနှင့် တစ်လုံးတစ်ဝတည်းရှိစေခြင်းသည် ၎င်းတို့သည်းညည်းမခံနိုင်လောက်သော စုံစမ်းစစ်ဆေးခြင်းတစ်ခုဖြစ်ပါသည်။ ပုရောဖက်အတုတစ်ယောက်၏ နောက်လိုက်များဟု သူတို့သည်အမြဲတမ်းမှတ်ယူခြင်းကိုခံခဲ့ရပါသလား။ ခရစ်တော်သည် ဘုရင်တစ်ပါးကဲ့သို့ မိမိ၏အာဏာတော်ကို မည်သည့်အခါမျှအခိုင်အမာဖြစ်အောင်မပြတော့ဖူးလား။ တန်ခိုးရှိတော်မူသော ကိုယ်တော်သည် မိမိ၏ဇာတိမှန်အတိုင်း မည်သည့်အတွက်ကြောင့် ကိုယ့်ကိုကိုယ်မထင်ရှားစေခဲ့သနည်း။ မည်သည့်အတွက်ကြောင့် မိမိကိုယ်ကို နာကျင်မှုနည်းပါးအောင်ပြုတော်မူသနည်း။ ကိုယ်တော်သည် ဗတ္တိဇံဆရာ ယောဟန်အား သေခြင်းဆိုးဖြင့်သေရမည့်အခြေအနေမှ အဘယ်ကြောင့် မကယ်တင်ခဲ့သနည်း။ ထိုနည်းအားဖြင့် တမန်တော်များသည် မိမိတို့ကိုယ်ကို ဝိညာဉ်ရေးမှောင်မိုက်ကျသည့်တိုင်အောင် ဆင်ခြင်တွေးတောခဲ့ကြပါသည်။ သခင်ယေရှုသည် ဖါရိရှဲများပြောသည့်အတိုင်း အယောင်ဆောင်လှည့်ဖြားသူတစ်ဦးများဖြစ်နိုင်မည်လားဟူ၍ သူတို့သံသယစိတ်ရှိခဲ့ကြပါသည်။



တမန်တော်များသည် ထိုနေ့တွင် ခရစ်တော်၏အံ့ဖွယ်အမှုတော်များကို မျက်မြင်ကိုယ်တွေ့မြင်တွေ့ခဲ့ရသဖြင့် ကောင်းကင်နိုင်ငံသည် မြေကြီးပေါ်သို့သက်ဆင်းလာသယောင်ဖြစ်ခဲ့ပါသည်။ ဘုန်းတော်နှင့်ပြည့်ဝ၍ မွန်မြတ်လှသည့်ထိုနေ့ရက်ကို သတိရအောက်မေ့ခြင်းသည် ၎င်းတို့အား ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းများဖြင့် ပြည့်ဝစေပါသည်။ သူတို့သည် စိတ်နှလုံးထဲတွင် အပြည့်အဝရှိနေသောထိုအကြောင်းအရာများကို အတူတကွပြောဆိုဆွေးနွေးကြလျက်ရှိနေမည်ဆိုလျှင် စုံစမ်းနှောင့်ယှက်ခြင်းများထဲသို့ ကျရောက်ကြရလိမ့်မည်မဟုတ်ချေ။ သို့သော် သူတို့၏ စိတ်ပျက်ဝမ်းနည်းမှုများသည် သူတို့၏တွေးခေါ်စဉ်းစားဉာဏ်များကို ပျက်ပြားစေခဲ့ပါသည်။ “ဘာမျှမပျောက်စေခြင်းငှါ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကို ကောက်သိမ်းကြလော့” ဟူသော ခရစ်တော်၏စကားများကို သူတို့မလိုက်နာခဲ့ကြချေ။ ထိုအချိန်များသည် များပြားစွာသောကောင်းချီးမင်္ဂလာခံစားရသည့်အချိန်များဖြစ်ခဲ့သော်လည်း သူတို့သည် ထိုအရာအားလုံးတို့ကို မေ့လျော့ခဲ့ကြပါသည်။ လှိုင်းလေခတ်နေသောရေပြင်အလယ်တွင် သူတို့ဒုက္ခပင်လယ်ဝေခဲ့ကြပါသည်။ သူတို့၏အတွေးအခေါ်များသည် ယောက်ယက်ခတ်နေရာ မစဉ်းစားမဆင်ခြင်တတ်အောင်ဖြစ်နေပြီး သူတို့၏အသက်ဝိညာဉ်ကိုနာကျင်စေ၍ အာရုံစိုက်လုပ်ကိုင်လာစေရန် တစ်စုံတစ်ခုသောအခြားအရာများကို သူတို့အားကိုယ်တော်ရှင်ပေးအပ်ခဲ့ပါသည်။ လူများသည် ဝန်ထုပ်ဝန်ပိုးများကိုဖန်တီး၍ ကိုယ့်ကိုကိုယ်ဒုက္ခရောက်စေသောအခါများတွင် ဘုရားသခင်သည် ဤအရာများကို မကြာခဏပြုတော်မူတတ်ပါသည်။ တမန်တော်များသည် ကိုယ့်ဒုက္ခကိုယ်ရှာဖို့မလိုပါချေ။ အန္တရာယ်ကိုရင်ဆိုင်ရတော့မည့်အချိန်သည် လျင်မြန်စွာနီးကပ်လာလျက်ရှိနေပါသည်။

ပြင်းထန်သောမိုးသက်မုန်တိုင်းတစ်ခုသည် ကျရောက်လျက်ရှိနေပါသည်။ သို့သော် ထိုအခါအတွက် သူတို့ပြင်ဆင်ထားခြင်းမရှိခဲ့ချေ။ သာယာပြည့်စုံသောထိုနေ့နေ့ခင်းပိုင်း၏အခြေအနေနှင့် ကွဲပြားခြားနားသောအခြေအနေတစ်ခုသည် ရုတ်တရက်ပြောင်းလဲသွားခဲ့ပါသည်။

ထိုလေမုန်တိုင်းတိုက်ခတ်လာသောအခါ သူတို့ကြောက်ရွံ့ခဲ့ကြပါသည်။ ခံစားနေရသောမကျေနပ်မှုများ၊ မယုံကြည်မှုများနှင့် အမျက်ဒေါသထွက်နေမှုများကို မေ့လျော့သွားခဲ့ကြပါသည်။ လူတိုင်းသည် လှေမြုပ်မသွားစေရန် ကြိုးစားခဲ့ကြပါသည်။ ထိုနေရာသည် ဗက်ဇဲဒမြို့မှ ခရစ်တော်ရှင်ကိုတွေ့မည်ဟု မျှော်လင့်ထားသည့်နေရာနှင့် များစွာမဝေးကွာသည့်နေရာဖြစ်ပြီး ရာသီဥတုကောင်းလျှင် နာရီအနည်းငယ်အတွင်းရောက်နိုင်သောခရီးဖြစ်ပါသည်။ သို့သော်လည်း ယခုမူကား ရာသီဥတုဒဏ်ကြောင့် သွားရောက်လိုသည့်နေရာမှ တဖြည်းဖြည်းဝေးကွာသွားခဲ့ပါသည်။ နံနက်လေးချက်တီးတိုင်အောင် တစ်ညလုံးပင်ပန်းစွာသူတို့လှော်ခတ်ခဲ့ကြရပါသည်။ ထိုနောက် ပင်ပန်းနွမ်းလျနေသောထိုလူများသည် မတတ်နိုင်တော့သည့်အတွက် လက်မြှောက်အရှုံးပေးခဲ့ကြပါသည်။ ပင်လယ်ပြင်သည် လေပြင်းမုန်တိုင်းနှင့် မှောင်မိုက်ကြီးထဲတွင် ၎င်းတို့၏ခွန်အားနည်းပါးမှုအားသိစေရန် သင်ခန်းစာပေးနေသဖြင့် သူတို့သည် မိမိတို့ထံသို့ အရှင်သခင်ခရစ်တော်ယေရှုရောက်ရှိလာရန် တောင်းတခဲ့ကြပါသည်။

သခင်ယေရှုသည် ၎င်းတို့အား မေ့လျော့တော်မမူချေ။ ကြောက်ရွံ့စွာဖြင့် လှိုင်းလေများနှင့်တိုက်ပွဲဝင်နေကြသောထိုသူများကို ကမ်းပေါ်ရှိနေသည့်ကိုယ်တော်သည် တွေ့မြင်တော်မူခဲ့ပါသည်။ တစ်ခဏကလေးမျှ ကိုယ်တော်သည် တမန်တော်များကို မျက်ခြည်ပြတ်တော်မမူခဲ့ချေ။ အလွန်တမ်းတသောမျက်ဝန်းတော်ဖြင့် အဖိုးထိုက်သောလူများကို တင်ဆောင်ထားသည့်လှိုင်းလှေဒဏ်ခံနေရသောထိုလှေကို နောက်မှလိုက်၍ကြည့်ရှုတော်မူခဲ့ပါသည်။ အကြောင်းမူကား ဤသူများသည် လောက၏အလင်းဖြစ်ရမည့်သူများဖြစ်သောကြောင့်တည်း။ မိခင်မေတ္တာကရုဏာနှင့် သားငယ်ကိုစောင့်ရှောက်သကဲ့သို့ သနားခြင်းကရုဏာနှင့်ပြည့်ဝသောကိုယ်တော်သည် တမန်တော်များကိုစောင့်ရှောက်တော်မူပါသည်။ သူတို့၏စိတ်နှလုံးများကို ဖိစီးနှိပ်စက်မှုကိုခံရသောအခါ မသန့်ရှင်းသော၎င်းတို့၏ရည်မှန်းချက်များတို့သည် ပပျောက်သွားခဲ့ကြကာ နှိမ့်ချလျက် အမအစများကိုတောင်းခံခဲ့ကြသဖြင့် လိုအပ်သည့်အတိုင်းရခဲ့ကြပါသည်။



ထိုအချိန်တွင် မိမိတို့ကိုယ်ကိုပျက်စီးမည်ဟု ယုံကြည်သောအချိန်တွင် အံ့သြဖွယ်သောပုံသဏ္ဌာန်ကိုဆောင်၍ ပေါ်ထွန်းလာသည့်လင်းရောင်ခြည်ကလေးသည် ရေပြင်ပေါ်တွင်ရှိသော ၎င်းတို့အနီးသို့ချဉ်းကပ်လာနေပါသည်။ ထိုအရာကလေးသည် သခင်ယေရှုဖြစ်ကြောင်းကို သူတို့မသိကြချေ။ မိမိတို့အားကူညီရန်လာနေသော ထိုပုဂ္ဂိုလ်ကို ရန်သူတစ်ဦးဟူ၍သတ်မှတ်ခဲ့ကြပါသည်။ သူတို့သည် အလွန်ကြောက်ရွံ့နေကြသဖြင့် လက်ထဲတွင်ကိုင်ထားသည့်တက်မများကိုပင် လွှတ်ချမိခဲ့ကြပါသည်။ လှေသည် လှိုင်းခတ်ရာသို့မျောပါနေခဲ့ပြီဖြစ်သော်လည်း လှိုင်းလေထနေသောပင်လယ်ပြင်၏ရေလှိုင်းဖွေးဖွေးပေါ်တွင် လမ်းလျှောက်လျက်ရှိသောလူတစ်ယောက်၏မြင်ကွင်းကိုသာ သူတို့အာရုံစူးစိုက်နေခဲ့ကြပါသည်။

မိမိတို့ပျက်စီးသေဆုံးခြင်းအတွက် မကောင်းသောနိမိတ်ပေးသည့်တစ္ဆေတစ်ယောက်ဖြစ်သည်ဟု ထိုအရာကိုသူတို့ထင်ကြပြီး ကြောက်အားလန့်အားဖြင့် အော်ဟစ်ခဲ့ကြပါသည်။ ယေရှုသည် သူတို့အားကျော်သွားတော့မလိုချဉ်းကပ်၍ ရှေ့သို့တိုးလာသောအခါ ကိုယ်တော်ရှင်ကိုမှတ်မိကာ အော်ဟစ်၍ အကူအညီတောင်းခဲ့ကြပါသည်။ ကိုယ်တော်သည် သူတို့ဘက်သို့လှည့်ကာ ငါပင်ဖြစ်သည်။ မကြောက်လန့်ကြနှင့်ဟု ကြောက်ရွံ့မှုကိုသက်သာရန် မိန့်တော်မူခဲ့ပါသည်။

ဤအံ့သြဖွယ်ရာကို သူတို့ယုံကြည်လက်ခံနိုင်ကြသည်နှင့်တစ်ပြိုင်နက် ပေတရုသည် သူ့ကိုယ်သူကိုယ်တော်နံဘေးသို့ရောက်သွားသည့်အလားဝမ်းမြောက်ပျော်ရွှင်သွားခဲ့ပါသည်။ သူသည် မယုံနိုင်သကဲ့သို့ခံစားရကာ "သခင်သည် ကိုယ်တော်မှန်လျှင် အကျွန်ုပ်သည် ကိုယ်တော်ထံသို့ ရေပေါ်မှာလာရမည့်အကြောင်းမိန့်တော်မူပါ" ဟုလျှောက်လျှင် လာခဲ့လော့ဟု မိန့်တော်မူ၏။

ပေတရုသည် ယေရှုရှင်ကိုမျှော်ကြည့်လျက် အန္တရာယ်ကင်းရှင်းစွာဖြင့် လျှောက်လှမ်းခဲ့ပါသည်။ သို့ရာတွင် မိမိကိုယ်ကိုအထင်ကြီးသွားကာ လှေပေါ်တွင်ရှိနေသည့်အပေါင်းအသင်းများဘက်သို့ပြန်၍ကြည့်လိုက်ရာ ၎င်း၏မျက်လုံးများသည် ကိုယ်တော်ရှင်ထံမှလွှဲဖယ်သွားခဲ့ပါသည်။ လေသည်

ပြင်းထန်လာပြီး လှိုင်းကြီးများသည် ၎င်းနှင့်ကိုယ်တော်ရှင်ရှိရာဘက်သို့ တလိမ့်လိမ့်ဖြင့်ရိုက်ခတ်လာရာ ပေတရုကြောက်ရွံ့သွားခဲ့ပါသည်။ ထိုအခိုက်အတန့်တွင် ခရစ်တော်သည် သူ၏မြင်ကွင်းမှပျောက်ကွယ်သွားခဲ့ပြီး သူ၏ယုံကြည်ခြင်းသည် လျော့နည်းသွားခဲ့ပါသည်။ ထိုအခါ သူသည် ရေနစ်စပြုနေပြီဖြစ်ပြီး ဒေါမာန်ကြီးနေသည့်လှိုင်းလေများကြားမှ မိမိ၏မျက်လုံးကိုဖွင့်ကာ သခင်ယေရှုအားစူးစိုက်စွာကြည့်ရှုလျက် "ကယ်မတော်မူပါသခင်" ဟုဟစ်ကြော်လေ၏။ ယေရှုသည် လက်တော်ကိုချက်ချင်းဆန့်တန်း၍ ပေတရုအားကိုင်တော်မူလျက် "ယုံကြည်အားနည်းသောသူ၊ အဘယ်ကြောင့်ယုံမှားသောစိတ်ဝင်သနည်း" ဟုမေးတော်မူ၏။

ပေတရု၏လက်သည် သခင်ယေရှု၏လက်တော်ကိုတွဲကာ ဘေးချင်းယှဉ်၍လျှောက်လှမ်းလျက် လှေပေါ်သို့အတူတကွတက်ရောက်ခဲ့ကြပါသည်။ သို့သော် ယခုအကြိမ်တွင် ပေတရုသည် ထိုးနှိပ်ခြင်းခံလိုက်ရသဖြင့် ဘာမျှမပြောဘဲ ဆိတ်ငြိမ်၍နေခဲ့ပါသည်။ သူသည် မယုံကြည်မှုနှင့် ကိုယ့်ကိုကိုယ်အထင်ကြီးခြင်းကြောင့် အသက်ဆုံးရှုံးမည့်အခြေအနေသို့ရောက်ခဲ့သည့်အတွက် မိမိ၏မိတ်ဆွေများအပေါ် ဘာမျှဝါကြွားစရာအကြောင်းမရှိတော့ချေ။ သူသည် ခရစ်တော်ကိုမျက်ကွယ်ပြုခဲ့သောအချိန်တွင် ရေထဲ၌လဲကျသွားကာ လှိုင်းလုံးများအလယ်တွင်နစ်မြုပ်သွားခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဒုက္ခနှင့်ရင်ဆိုင်ရသောအခါ ပေတရုကဲ့သို့ ဘယ်နှစ်ကြိမ်ဖြစ်ခဲ့ကြပါသနည်း။ ကယ်တင်ရှင်ကိုမျက်ခြည်မပြတ်ကြည့်ရမည့်အစား လှိုင်းလုံးများကိုကျွန်ုပ်တို့ကြည့်တတ်ကြပါသည်။ ထိုအခါ ကျွန်ုပ်တို့ခြေချော်သွားကာ လှိုင်းရေများသည် ကျွန်ုပ်တို့၏အသက်ဝိညာဉ်များကိုလွှမ်းမိုးသွားတတ်ပါသည်။ ပေတရုအား သေဆုံးပျက်စီးသွားစေဖို့ မိမိထံသို့လာခဲ့ရန် ခရစ်တော်မိန့်တော်မူခဲ့ခြင်းမဟုတ်ချေ။ ကျွန်ုပ်တို့အားစွန့်ပစ်ထားဖို့ မိမိ၏နောက်တော်သို့လိုက်ရန် ခေါ်တော်မူခြင်းမဟုတ်ချေ။ "မစိုးရိမ်နှင့်၊ သင့်ကိုငါရွေးနုတ်ပြီ၊ ငါ့နာမဖြင့်မှည့်ပြီ။ သင့်ကိုငါဆိုင်၏။ သင်သည် ရေကိုလျှောက်သွားသောအခါ သင်နှင့်ငါအတူရှိ၏။ မြစ်တို့ကိုလျှောက်သွားသောအခါ မနစ်မမွန်းရ၊ မီးကိုချင်းနင်းသောအခါလည်း



မလောင်ရ၊ မီးလျှံလည်းမညိရ၊ အကြောင်းမူကား၊ ငါသည် သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။ သင့်ကိုရွေးသောသခင်၊ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားဖြစ်၏။" ဟေရှာ ၄၃း၁-၃။

သခင်ယေရှုသည် တမန်တော်များ၏စာရိတ္တများကိုဖတ်ကြားတော်မူပြီး ၎င်းတို့၏ယုံကြည်ခြင်းများသည် အစစ်အဆေးခံရန် မည်မျှပြင်းထန်ခြင်းရှိကြောင်းကိုလည်း သိတော်မူခဲ့ပါသည်။ ရေပေါ်တွင်ဖြစ်ပျက်ခဲ့သည့်ဤအဖြစ်အပျက်အားဖြင့် ပေတရုအား ၎င်း၏အားနည်းချက်များကိုဖော်ပြရန်နှင့် ဘုရားသခင်၏တန်ခိုးတော်အပေါ်တွင် အဆက်မပြတ်အားကိုးခြင်းသည်သာ သူ၏လုံခြုံရာဖြစ်ကြောင်းပြသရန် အလိုတော်ရှိခဲ့ပါသည်။ သူသည် စုံစမ်းနှောင့်ယှက်ခြင်းများအလယ်တွင် မိမိကိုယ်ကိုလုံးဝမကိုးစားဘဲ ကယ်တင်ရှင်အပေါ်တွင် မှီခိုသောအချိန်၌သာ ဘေးကင်းလုံခြုံစွာဖြင့် ရေပေါ်တွင်လမ်းလျှောက်နိုင်ခဲ့ပါသည်။ ပေတရုသည် မိမိခွန်အားကောင်းသည်ဟုထင်နေသည့်အချက်တွင် ခွန်အားနည်းနေခဲ့ပါသည်။ မိမိ၏အားနည်းချက်များကိုမသိမချင်း သူသည် ခရစ်တော်အပေါ်အားကိုးမှီခိုရန်လိုအပ်ကြောင်းကို သိရှိနိုင်လိမ့်မည်မဟုတ်ချေ။ ထိုရေပြင်ပေါ်ဝယ် ၎င်းအား ခရစ်တော်သွန်သင်ရန်ကြိုးစားခဲ့သည့်သင်ခန်းစာကို သူသည်မှတ်သားနာယူခဲ့မည်ဆိုလျှင် ကြီးမားသောစုံစမ်းနှောင့်ယှက်ခြင်းများကျရောက်လာသောအချိန်တွင် သူသည် ကျဆုံးခဲ့လိမ့်မည်မဟုတ်ချေ။

ထာဝရဘုရားသခင်သည် မိမိ၏သားသမီးများအား နေ့စဉ်နှင့်အမျှသွန်သင်တော်မူပါသည်။ ကိုယ်တော်၏စီစဉ်မစမှုများအရ ၎င်းတို့အားခန့်ထားသတ်မှတ်ခဲ့သော ပိုမိုကျယ်ပြန့်သောအင်နအတာများတွင် ပါဝင်လုပ်ဆောင်ရန် သူတို့အားပြင်ဆင်ပေးလျက်ရှိပါသည်။ နေ့စဉ်တွေ့ရှိရသည့်စုံစမ်းခြင်းများ၏အကျိုးဆက်များသည် အသက်၏မဟာအကျပ်အတည်းကာလအတွက် အောင်မြင်ခြင်းနှင့်ရှုံးနိမ့်ခြင်းကို အဆုံးအဖြတ်ပေးပါသည်။

ထာဝရဘုရားအပေါ် အခါမလပ်မှီခိုအားထားရန်လိုအပ်ကြောင်းကို မသိရှိသောသူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းတွင် ရှုံးနိမ့်သွားကြလိမ့်

မည်။ ကျွန်ုပ်တို့သည် မလှုပ်ရှားနိုင်အောင်အခြေခိုင်သည်ဟု မိမိကိုယ်ကို ထင်ကောင်းထင်ကြပါလိမ့်မည်။ ကျွန်ုပ်တို့ယုံကြည်သောပုဂ္ဂိုလ်ကို ကျွန်ုပ်တို့သိရှိကြောင်း၊ ထာဝရဘုရားနှင့်သမ္မာကျမ်းစာအပေါ်တွင်ထားရှိသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို မည်သည့်အရာကမျှ လှုပ်ရှားစေနိုင်မည်မဟုတ်ကြောင်း ယုံကြည်စိတ်ချစွာဖြင့် ကျွန်ုပ်တို့ပြောဆိုကောင်းပြောဆိုကြပါမည်။ သို့သော် စာတန်သည် ကျွန်ုပ်တို့၏မွေးရာပါထူးခြားချက်များနှင့် ပြုစုလေ့ကျင့်ထားသည့်ထူးခြားချက်များကို အခွင့်အရေးယူရန်အတွက် သော်လည်းကောင်း၊ ကျွန်ုပ်တို့၏လိုအပ်ချက်များ၊ အမှားများကို ကျွန်ုပ်တို့မျက်ကွယ်ပြုစေရန်အတွက်သော်လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အားနည်းချက်များကိုသိရှိလျက် သခင်ယေရှုကိုမခြားမလပ်မျှော်ကြည့်ခြင်းအားဖြင့်သာ အသက်တာကိုဘေးကင်းလုံခြုံစွာလျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါသည်။

သခင်ယေရှုသည် လှေထဲရှိ မိမိထိုင်ရမည့်နေရာတော်သို့ရောက်တော်မူသည်နှင့်တစ်ပြိုင်နက် လေမုန်တိုင်းသည် ငြိမ်သက်သွားကာ "လှေသည်လည်း ရောက်လိုသောအရပ်သို့တစ်ခဏချင်းတွင်ဆိုက်လေ၏။" ကြောက်စရာညအချိန်ကုန်လွန်ပြီးသည့်နောက် အရုဏ်ဦးအလင်းရောင်သည် ထွန်းလင်းလာခဲ့ပါသည်။ တမန်တော်များနှင့်တကွ လှေပေါ်တွင်ပါလာကြသောအခြားသူများတို့သည် ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် "စင်စစ်ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်ပါသည်" ဟု ခရစ်တော်၏ခြေတော်ရင်းတွင် ညွတ်ပျပ်၍လျှောက်ကြလေ၏။

-o-



# (၄၁)
# ဂါလိလဲအိုင်မှအကျပ်အတည်းကာလ

ရှင်ယောဟန်ခရစ်ဝင် ၆း၂၂-၇၁ ကိုအခြေပြုပါသည်

ခရစ်တော်သည် မိမိကိုဘုရင်အဖြစ်မကြေညာရန် လူအုပ်ကြီးအားတားမြစ်တော်မူခဲ့သည့်အချိန်တွင် မိမိ၏အသက်တာမှတ်တမ်း၌ အလှည့်အပြောင်းတစ်ခုဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိတော်မူခဲ့ပါသည်။ ကိုယ်တော်အား ယနေ့နန်းတင်လိုကြသော လူထုကြီးသည် မနက်ဖြန်တွင် ကိုယ်တော့်ထံမှကျောခိုင်းကြပေလိမ့်မည်။ တစ်ကိုယ်ကောင်းဆန်သောရည်မှန်းချက်များအတွက် စိတ်မချမ်းမသာဖြစ်မှုသည် ၎င်းတို့၏ချစ်တတ်သောနှလုံးသားကိုမုန်းမာန်ပွားစေခဲ့ပါသည်။ ၎င်းတို့၏ချီးမွမ်းထောမနာပြုခြင်းများကို ကျိန်ဆဲခြင်းများအသွင်သို့ ကူးပြောင်းသွားစေခဲ့ပါသည်။ ဤကဲ့သို့ဖြစ်ပျက်လာမည်ကို သိတော်မူသော်လည်း ထိုအကျပ်အတည်းများကိုတားဆီးရန်မည်သည့်စီမံချက်ကိုမျှပြုတော်မမူခဲ့ချေ။ ကိုယ်တော်သည် ရှေးဦးစွာကပင် တပည့်တော်များအား လောကနှင့်ပတ်သက်သော အကျိုးကျေးဇူးများအတွက် မျှော်လင့်ချက်မထားရန် မိန့်မှာတော်မူခဲ့ပြီးဖြစ်ပါသည်။ "မြေခွေးသည် မြေတွင်းရှိ၏။ မိုးကောင်းကင်၌ကျင်လည်သောငှက်သည် နားနေရာအရပ်ရှိ၏။ လူသားမူကား ခေါင်းချစရာမျှမရှိ" ဟု တမန်တော်တစ်ပါးဖြစ်ရန် ဆန္ဒပြင်းပြစွာဖြင့် မိမိတို့ထံသို့ချဉ်းကပ်လာသည့်သူတစ်ဦးအား ကိုယ်တော်ရှင်မိန့်တော်မူခဲ့ပါသည်။ (ရှင်မဿဲ ၈း၂၀)။ လူသားများသည် လောကီရေးရာများကို လုပ်ကိုင်ခံစားရင်း ခရစ်တော်ကိုလက်ခံခွင့်ရနိုင်မည်ဆိုလျှင် ထိုသူတို့သည် ကိုယ်တော်ရှင်အား သစ္စာစောင့်သိမှုပြုရန်ကမ်းလှမ်းလာကြပါလိမ့်မည်။ သို့သော် ထိုကဲ့သို့သောလုပ်ရပ်များကို ကိုယ်တော်လက်ခံနိုင်ခြင်းမရှိပါ။ ယခုတွင် ကိုယ်တော်ရှင်နှင့်ဆက်သွယ်ခဲ့ကြသည့်လူများထဲမှ များစွာသောလူများသည် လောကနိုင်ငံနှင့်ပတ်သက်သည့်မျှော်လင့်ချက်ကို အာရုံစူးစိုက်ရန် ဆွဲဆောင်ခြင်းခံခဲ့ကြရပါသည်။

ဤအရာများနှင့်ပတ်သက်၍ ဟုတ်တိုင်းမှန်ရာကိုသိမြင်စေခဲ့ပါသည်။ မုန့်ငါးလုံး၊ ငါးနှစ်ကောင်နှင့်ပတ်သက်သော နိမိတ်လက္ခဏာထဲမှ နက်နဲသော ဝိညာဉ်ရေးသွန်သင်ချက်ကို နားမလည်ခဲ့ကြချေ။ ဤအရာကို ရှင်းရှင်းလင်းလင်းသိအောင်လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။ အသစ်သော ဤထုတ်ဖော်ချက်နှင့်အတူ အနီးကပ်စမ်းသပ်မှုတစ်ခုပါဝင်နေပါသည်။

မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်နိမိတ်လက္ခဏာသတင်းသည် ရပ်ဝေးရပ်နီးသို့ပျံ့နှံ့သွားသဖြင့် နောက်တစ်နေ့နံနက်လင်းအားကြီးတွင် သခင်ယေရှုကိုဖူးမြော်ရန် လူများစွာတို့သည် ဗက်ဇဲဒမြို့သို့ ကုန်းကြောင်း၊ ရေကြောင်းမှ စုရုံးရောက်ရှိလာခဲ့ကြပါသည်။ ကိုယ်တော်ရှင်သည် တစ်ဖက်ကမ်းသို့ကူးရန်အတွက် ထိုနေရာတွင် လှေတစ်စင်းမျှမရှိသဖြင့် ထိုနေရာ၌ပင်တွေ့ရှိဖူးမြော်ရမည်အထင်နှင့် ယမန်နေ့ညတွင် ကိုယ်တော်ရှင့်ထံမှ ထွက်ခွာသွားခဲ့ကြသူများသည် ထိုနေရာသို့ပြန်လာခဲ့ကြပါသည်။ သို့ရာတွင် ထိုနေရာ၌ ကိုယ်တော်အားမတွေ့ရှိခဲ့ကြသဖြင့် လူများစွာတို့သည် ကပေရနောင်မြို့သို့ထွက်ခွာသွားကြကာ ကိုယ်တော်အား ဆက်လက်ရှာဖွေခဲ့ကြပါသည်။ တစ်ရက်လုံးလုံး ပျောက်ကွယ်ခဲ့ပြီးနောက် ကိုယ်တော်အား ၎င်းတို့ရှာဖွေနေကြသောအချိန်လောက်တွင် ကိုယ်တော်ရှင်သည် ဂနေသရက်နယ်သို့ရောက်ရှိနေပါသည်။ ထိုအရပ်တွင် ကိုယ်တော်ရှင်ရောက်ရှိနေကြောင်း သိရှိသည်နှင့်တစ်ပြိုင်နက် လူများသည် "ပတ်ဝန်းကျင်အရပ်၌ရှိသမျှသို့ပြေးသွား၍---ထိုအရပ်သို့ လူနာများကို အိပ်ရာနှင့်ဆောင်ခဲ့ကြ၏။" မာကု ၆း၅၅။

မကြာမီတွင် ကိုယ်တော်သည် တရားဇရပ်သို့သွားတော်မူရာ ဗက်ဇဲဒမှလာခဲ့ကြသောသူများသည် ကိုယ်တော်အားတွေ့ရှိခဲ့ကြပါသည်။ ခရစ်တော်သည် မည်သို့မည်ပုံဂါလိလဲအိုင်ကိုဖြတ်ကျော်ခဲ့ကြောင်းကို တမန်တော်များထံမှ သူတို့ကြားသိခဲ့ကြပါသည်။ မုန်တိုင်း၏ပြင်းထန်မှုများကိုလည်းကောင်း၊ လေကိုဆန်၍ အကျိုးမဲ့စွာ နာရီပေါင်းများစွာ လှော်ခတ်ခဲ့ခြင်းများကိုလည်းကောင်း၊ ရေပေါ်တွင် လမ်းလျှောက်နေသော ခရစ်တော်၏ပုံပန်းသဏ္ဍာန်ကိုလည်းကောင်း၊ ထိုပုံသဏ္ဍာန်ကိုတွေ့မြင်စက



ကြောက်ဒူးတုန်ခဲ့ပုံများကိုလည်းကောင်း၊ ကိုယ်တော်ရှင်ပြောခဲ့သည့် နှစ်သိမ့်စကားများကိုလည်းကောင်း၊ ပေတရု၏စွန့်စားခန်းနှင့် ဖြစ်ပျက်ခဲ့ပုံများကိုလည်းကောင်း၊ လှိုင်းလေများသည် ချက်ချင်းငြိမ်သက်သွားပြီး ၎င်းတို့လှေသည် ကမ်းသို့ရောက်ရှိသွားပုံများကိုလည်းကောင်း အံ့အားသင့်နေသောလူအုပ်ကြီးအား အဖြစ်မှန်အတိုင်း သူတို့ပြန်ပြောခဲ့ကြပါသည်။ ကြားရသည့်စကားများနှင့် မကျေနပ်ကြသေးဘဲ ခရစ်တော်အပါးတွင် စုရုံးကြကာ "အရှင်ဘုရား၊ အဘယ်သောအခါ ဤအရပ်သို့ကြွလာတော်မူသနည်း" ဟု နိမိတ်လက္ခဏာနှင့်ပတ်သက်သောအခြားအကြောင်းအရာများကို နှုတ်တော်မှပြောသည်ကိုကြားရမည့်အထင်နှင့် သူတို့မေးမြန်းခဲ့ကြပါသည်။

သခင်ယေရှုသည် ၎င်းတို့၏စပ်စုမှုကို မနှစ်သက်သဖြင့် "သင်တို့သည် နိမိတ်လက္ခဏာတို့ကိုမြင်သောကြောင့် ငါ့ကိုရှာသည်မဟုတ်၊ မုန့်ကိုစား၍ဝသောကြောင့်သာရှာကြ၏" ဟု ဝမ်းနည်းစွာဖြင့် မိန့်တော်မူ၏။ ထိုသူတို့သည် မွန်မြတ်သောစိတ်သဘောထားများနှင့် ကိုယ်တော်ကိုရှာခဲ့ကြခြင်းမဟုတ်ချေ။ မုန့်ကျွေး၍ပြုစုခြင်းကိုခံခဲ့ရသောကြောင့် ကိုယ်တော်ရှင်နှင့်ဆက်သွယ်ပေါင်းဖက်ခြင်းအားဖြင့် လောကနှင့်ပတ်သက်သည့် ကောင်းကျိုးများကို ရရှိဦးမည်ဟု သူတို့မျှော်လင့်ခဲ့ကြပါသည်။ ထို့ကြောင့် "ပျက်စီးတတ်သောအစာကိုရခြင်းငှါ မကြိုးစားကြနှင့်။ လူသားသည် သင်တို့အားပေး၍ ထာဝရအသက်နှင့်အမျှတည်တတ်သောအစာကိုရခြင်းငှါ ကြိုးစားကြလော့" ဟု သူတို့အား ကိုယ်တော်ရှင်မိန့်မှာတော်မူခဲ့ပါသည်။ ရုပ်ဝတ္ထုနှင့်ပတ်သက်သော ကောင်းကျိုးချမ်းသာများအတွက်သာ မကြိုးစားကြပါနှင့်။ ယခုပစ္စုပ္ပန်အသက်တာအတွက် လိုအပ်ချက်များတို့ကိုရရှိရန် အကြီးအကျယ်မကြိုးစားစေကြဘဲ ထာဝရကာလတိုင် မပျောက်မပျက်မည့် ဉာဏ်ပညာတည်းဟူသော ဝိညာဉ်ရေးအစာအာဟာရကို ကြိုးစားရှာဖွေကြပါစေ။ "ခမည်းတော်ဘုရား၏တံဆိပ်ခတ်ခြင်းကိုခံရသူဖြစ်သည့်" သားတော်ဘုရားတစ်ပါးတည်းသာလျှင် ဤအရာကိုပေးစွမ်းနိုင်တော်မူပါသည်။

ယခုအခါတွင် ကြားနာရသောသူများသည် စိတ်ဝင်တစားဖြစ်လာခဲ့ကြကာ "ဘုရားသခင်၏အလိုတော်နှင့်ညီသောအကျင့်ကိုကျင့်ခြင်းငှါ အဘယ်သို့ပြုရပါမည်နည်း" ဟု မေးမြန်းခဲ့ကြပါသည်။ သူတို့သည် ဘုရားသခင့်ရှေ့မှောက်တွင် မျက်နှာရစေရန်အလို့ငှါ များပြားစွာသောဝန်လေးဖွယ်အကျင့်များကို ကျင့်ဆောင်လျက်ရှိခဲ့ကြပါသည်။ ၎င်းပြင် ပို၍များပြားသောကုသိုလ်ကိုရရှိနိုင်မည့် မည်သည့်အသစ်သောကျင့်ဆောင်မှုမျိုးကိုမဆိုနာခံရန် သူတို့အသင့်ရှိခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်နှင့်ထိုက်တန်စေရန် မည်သည့်အရာကိုကျင့်ရမည်နည်း။ ထာဝရအသက်ကိုရရှိစေရန်အလိုငှါ မည်သည့်အဖိုးအခကို ကျွန်ုပ်တို့ပေးရမည်နည်းဟူ၍ သူတို့၏မေးခွန်းသည် အဓိပ္ပါယ်သက်ရောက်ခဲ့ပါသည်။

ထိုအခါ "ယေရှုကလည်း၊ ဘုရားသခင်စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်ညီသော အကျင့်တည်းဟု မိန့်တော်မူ၏။" ကောင်းကင်မှပေးဆပ်ခဲ့သည့် အဖိုးအခသည် သခင်ယေရှုပင်ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်သို့ဝင်စားနိုင်သည့်နည်းလမ်းမှာ "ဤလောက၏အပြစ်ကို ဆောင်သွားသောဘုရားသခင်၏သိုးသငယ်" ကို ယုံကြည်ခြင်းအားဖြင့်သာဖြစ်ပါသည်။ ယောဟန် ၁း၂၉။

သို့သော် ထိုလူများသည် မွန်မြတ်သောသမ္မာတရားနှင့်ပတ်သက်သောဤဖော်ပြချက်ကို မလက်ခံခဲ့ကြချေ။ မေရှိယကျင့်ဆောင်တော်မူမည်ဟု အနာဂတ္တိစကားအားဖြင့် ကြိုတင်မိန့်ဆိုထားသည့် ထိုအကျင့်ကို ခရစ်တော်ကျင့်ဆောင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း ၎င်းတို့၏အတ္တများသောမျှော်မှန်းချက်များ၏ရုပ်လုံးဖော်ချက်များကို သူတို့သက်သေမခံခဲ့ကြချေ။ ခရစ်တော်သည် ထိုလူများအား မုယောမုန့်ဖြင့်တစ်ကြိမ်တည်းသာ ကျွေးမွေးခဲ့ဖူးသော်လည်း မောရှေအချိန်တွင် ဣသရေလများအား နှစ်ပေါင်းလေးဆယ်လုံးလုံး မန္နမုန့်နှင့်ကျွေးခဲ့ပါသည်။ ၎င်းပြင် ပို၍များပြားသောကောင်းချီးမင်္ဂလာများကိုလည်း မေရှိယထံမှရရှိရန် သူတို့မျှော်လင့်ခဲ့ကြပါသည်။ သူတို့သက်သေခံခဲ့သကဲ့သို့ ကိုယ်တော်သည် များစွာသောအံ့ဖွယ်အရာများကို ပြုတော်မူနိုင်သည်ဆိုလျှင် သူ၏လူမျိုးများအား ကျန်းမာခြင်း



ခွန်အား၊ ကိုယ်ခန္ဓာခွန်အားနှင့် ချမ်းသာကြွယ်ဝမှုများဖြင့်ပြည့်ဝစေလျက် ရောမများလက်အောက်မှကင်းလွတ်ခွင့်ပြု၍ တန်ခိုးအာဏာကြီးမားသောသူများဖြစ်ကြရန် မည်သည့်အတွက်ကြောင့် မမြှောက်စားသနည်းဟူ၍ သူတို့၏မကျေနပ်သောနှလုံးသားများက စောဒကတက်လာခဲ့ကြပါသည်။ ကိုယ်တော်သည် မိမိကိုယ်ကို ဘုရားသခင်စေလွှတ်တော်မူလိုက်သည့်ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း ပြောဆိုနေသော်လည်း ဣသရေလဘုရင်အဖြစ်လက်မခံခြင်းသည် သူတို့အတွက်မစဉ်းစားတတ်လောက်အောင် ခက်ခဲသည့်နက်နဲမှုတစ်ရပ်ဖြစ်နေပါသည်။ ထိုလက်မခံခြင်းကို သူတို့မှားယွင်းစွာအနက်ဖွင့်ခဲ့ကြပါသည်။ မိမိ၏အမှုတော်သည် ဘုရားသခင်နှင့်ဆိုင်သောသီးခြားလက္ခဏာရှိခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တော်တိုင်သံသယရှိနေသောကြောင့် အခိုင်အမာမပြောဝံ့ခြင်းဖြစ်သည်ဟု များစွာသောလူများက ထင်မြင်ခဲ့ကြပါသည်။ ထိုသို့နည်းအားဖြင့် မိမိတို့၏နှလုံးသားများတွင် မယုံကြည်မှုများကိုဖြစ်စေကာ စာတန်ကြဲခဲ့သည့်မျိုးစေ့သည် အမျိုးတူအသီးအပွင့်များကို နားလည်မှုလွဲမှားခြင်း၊ ချို့ယွင်းခြင်းများတွင် သီးပွင့်စေခဲ့ပါသည်။

ယခုတွင် ကျမ်းတတ်ဆရာသည် လှောင်သလိုလိုနှင့် "အကျွန်ုပ်တို့သည် ကိုယ်မျက်စိနှင့်မြင်၍ ကိုယ်တော်ကိုယုံကြည်မည့်အကြောင်း အဘယ်နိမိတ်လက္ခဏာကိုပြတော်မူသနည်း။ အဘယ်အမှုကိုပြုတော်မူသနည်း။ ကျမ်းစာ၌လာသည်ကား၊ ထိုသူတို့စားစရာဖို့ ကောင်းကင်မှမုန့်ကိုပေးတော်မူသည်ဟုလာသည်နှင့်အညီ ငါတို့ဘိုးဘေးများသည် တော၌မန္နကိုစားနေကြသည်" ဟုလျှောက်ကြ၏။

"ယုဒလူများသည် ဘုရားသခင်အသုံးပြုခဲ့သည့်အသုံးခံပုဂ္ဂိုလ်မောရှေအား မန္နမုန့်ချပေးသူအဖြစ် ချီးမွမ်းထောမနာပြုခဲ့ကြပြီး မန္နမုန့်ချပေးခဲ့သူကိုယ်တော်ရှင်အား မျက်ခြည်ပြတ်ခဲ့ကြပါသည်။ သူတို့၏ဘိုးဘေးများသည် မောရှေအားဆန့်ကျင်၍ အော်ဟစ်မြည်တွန်ခဲ့ကြပြီး ၎င်းလုပ်ဆောင်နေသည့်မြင့်မြတ်သောအမှုတော်ကိုလည်း သံသယစိတ်ရှိကာ ငြင်းပယ်ခဲ့ကြပါသည်။ ယခုတွင်လည်း ဣသရေလများသည် ထိုစိတ်ဓာတ်

မျိုးဖြင့် ဘုရားသခင်ထံမှသတင်းစကားကို မိမိတို့ထံသို့သယ်ဆောင်လာသည့်ထိုပုဂ္ဂိုလ်ကိုငြင်းပယ်ခဲ့ကြပါသည်။

"ယေရှုကလည်း ငါအမှန်အကန်ဆိုသည်ကား၊ မောရှေသည်ကောင်းကင်မုန့်ကို သင်တို့အားမပေး" ဟု သူတို့အားမိန့်တော်မူ၏။ မန္နမုန့်ကိုချပေးခဲ့သောပုဂ္ဂိုလ်သည် သူတို့အလယ်တွင်ရှိနေခဲ့ပါသည်။ ဣသရေလများအား တောထဲတွင်လမ်းပြပို့ဆောင်ကာ နေ့စဉ်နှင့်အမျှ ကောင်းကင်မုန့်နှင့်ကျွေးမွေးခဲ့သောသူမှာ ခရစ်တော်ကိုယ်တိုင်ပင်ဖြစ်ပါသည်။ ထိုမုန့်သည် ကောင်းကင်မှကျလာမည့်တကယ့်မုန့်ကို ပုံဆောင်ထားပါသည်။ ထာဝရဘုရားသခင်၏အနန္တပြည့်စုံမှုမှယိုစီးလာသည့် အသက်ပေးပိုင်တော်မူသော ကိုယ်တော်ရှင်သည် မန္နမုန့်အစစ်အမှန်ဖြစ်ပါသည်။ "ဘုရားသခင်၏မုန့်မူကား ကောင်းကင်မှဆင်းသက်၍ လောကီသားတို့အား အသက်ပေးသောမုန့်ပေတည်း" ဟု ယေရှုရှင်မိန့်တော်မူခဲ့၏။ ယောဟန် ၆း၃၃။

သခင်ယေရှုသည် စားစရာမုန့်ကိုရည်ဆောင်၍ မိန့်တော်မူနေသည်ဟု ယခုတိုင်အောင်ထင်မှတ်လျက် "သခင်၊ ထိုမုန့်ကို အကျွန်ုပ်တို့အားအစဉ်မပြတ်ပေးတော်မူပါ" ဟု လူအချို့ကတောင်းလျှောက်ကြ၏။ ထိုအခါ "ယေရှုကလည်း ငါသည် အသက်မုန့်ဖြစ်သည်" ဟုရှင်းလင်းစွာမိန့်တော်မူလိုက်၏။

ခရစ်တော်မိန့်တော်မူခဲ့သောတင်စားမှုသည် ယုဒလူများအတွက်အကျွမ်းဝင်ထားပြီးသည့်အရာတစ်ခုဖြစ်ပါသည်။ "လူသည် မုန့်အားဖြင့်သာအသက်ကိုမွေးရသည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်မွေးရသည်" ဟုဝိညာဉ်တော်စေ့ဆော်ခြင်းအားဖြင့် မောရှေပြောခဲ့ဖူးပါသည်။ (တရားဟော ၈း၃)။ ၎င်းပြင် "အကျွန်ုပ်တွေ့သောနှုတ်ကပတ်တော်စကားကိုခံယူပါပြီ။ နှုတ်ကပတ်တော်သည် အကျွန်ုပ်ဝမ်းမြောက်ရွှင်လန်းစရာအကြောင်းဖြစ်ပါ၏" ဟုလည်း ပုရောဖက်ယေရမိရေးသားခဲ့ဖူးပါသည်။ (ယေရမိ ၁၅း၁၆)။ ဝိညာဉ်ရေးအရေးပါမှုတွင် မုန့်ကိုစားခြင်းဆိုရာ၌ ပညတ္တိကျမ်းကိုလေ့လာ၍ ကောင်းသောအကျင့်များကျင့်ခြင်းဖြစ်သည်ဟု ကျမ်းတတ်ဆရာများတွင်ပြောရိုးစကားတစ်ခုရှိပါသည်။ မေရှိယ



ကြွလာသောအခါတွင် ဣသရေလလူအားလုံးတို့သည် ထိုမုန့်ဖြင့် ကျွေးမွေးခြင်းခံရလိမ့်မည်ဟူ၍လည်း မကြာခဏပြောဆိုလေ့ရှိကြပါသည်။ ပုရောဖက်များ၏သွန်သင်ချက်များသည် ထိုမုန့်များနှင့်ပတ်သက်သော နိမိတ်လက္ခဏာတွင်ပါဝင်သည့်နက်နဲသောဝိညာဉ်ရေးသင်ခန်းစာကို ရှင်းလင်းပြသထားပါသည်။ ခရစ်တော်သည် ဤသင်ခန်းစာကိုပင် တရားဇရပ်တွင်ရှိနေကြသောတရားနာပရိသတ်များအား နားလည်ရန် ကြိုးစား၍ဟောပြောလျက်ရှိခဲ့ပါသည်။ ထိုသူတို့သည် သမ္မာကျမ်းစာကိုနားလည်သဘောပေါက်ကြမည်ဆိုလျှင် "ငါသည် အသက်မုန့်ဖြစ်သည်" ဟူသော ကိုယ်တော်ရှင်၏မိန့်တော်မူချက်တို့ကို နားလည်သဘောပေါက်ကြလိမ့်မည်ဖြစ်ပါသည်။ လွန်ခဲ့သောနေ့က မောပန်းချည့်နဲ့နေသောထိုလူအုပ်ကြီးသည် ခရစ်တော်ပေးတော်မူသည့်မုန့်ဖြင့် ကျွေးမွေးခြင်းကိုခံခဲ့ကြရပါသည်။ သူတို့သည်ထိုမုန့်မှကိုယ်ခန္ဓာခွန်အားများရရှိကာ လန်းဆန်းလာခဲ့ကြသကဲ့သို့ ခရစ်တော်ထံမှ ထာဝရအသက်နှင့်ယှဉ်သည့် ဝိညာဉ်ရေးခွန်အားများကို ရရှိနိုင်ကြပါသည်။ "ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန်အဆာအမွတ်မခံရ၊ ငါ့ကိုယုံကြည်သောသူသည် နောက်တစ်ဖန်ရေငတ်မခံရ၊ သို့သော်လည်း သင်တို့သည် ငါ့ကိုမြင်လျက်ပင် မယုံကြည်ကြ" ဟု ကိုယ်တော်ရှင်မိန့်တော်မူ၏။

သန့်ရှင်းသောဝိညာဉ်တော်၏သက်သေခံခြင်းအားဖြင့်သော်လည်းကောင်း၊ အသက်ဝိညာဉ်များထံဖော်ပြသည့် ဘုရားသခင်၏ဗျာဒိတ်တော်အားဖြင့်သော်လည်းကောင်း သူတို့သည် ခရစ်တော်ကိုတွေ့ဖူးခဲ့ကြပါသည်။ သူတို့ရှေ့မျှော်တွင် ကိုယ်တော်၏တန်ခိုးတော်နှင့်ပတ်သက်သောသက်သေအထောက်အထားများသည် တစ်နေ့ပြီးတစ်နေ့ထင်ရှားလျက်ရှိခဲ့ငြားသော်လည်း သူတို့သည် နိမိတ်လက္ခဏာနောက်တစ်ခုကိုပြတော်မူရန်တောင်းဆိုခဲ့ကြပါသည်။ တောင်းဆိုသောနိမိတ်လက္ခဏာကိုပြတော်မူခဲ့မည်ဆိုလျှင်လည်း သူတို့သည် ယခင်ကမယုံကြည်သကဲ့သို့ပင် ဆက်လက်၍မယုံကြည်ဘဲရှိကြမည်သာဖြစ်ပါသည်။ မိမိတို့မြင်တွေ့ကြားနာခဲ့ရသည့်နိမိတ်လက္ခဏာများအားဖြင့် သဘောမပေါက်ခဲ့ကြပါလျှင် နောက်ထပ်ပြမည့်

နိမိတ်လက္ခဏာများသည် အကျိုးသက်ရောက်လိမ့်မည်မဟုတ်ချေ။ မယုံကြည်သောစိတ်သည် သံသယဖြစ်ရန်အတွက် အမြဲတမ်းဆင်ခြေဆင်လက်ဘက်နေမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်နိုင်သည့်သက်သေပြချက်များကို ထည့်သွင်းစဉ်းစားခြင်းပြုကြလိမ့်မည်မဟုတ်ချေ။ “ငါ့ထံသို့လာသောသူကို ငါသည်အလျှင်းမပယ်” ဟူ၍ နှလုံးမာသောထိုသူများအား ခရစ်တော်သည် တစ်ဖန်မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်အား ယုံကြည်ခြင်းအားဖြင့် လက်ခံရယူသောသူအားလုံးသည် ထာဝရအသက်ကိုရလိမ့်မည်ဟူ၍လည်း ယေရှုရှင်မိန့်မှာတော်မူခဲ့ပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှမပျက်စီးမဆုံးရှုံးနိုင်သည့်အခြေအနေ၌ရှိသည်။ တမလွန်ဘဝနှင့်ပတ်သက်၍ ဖါရိရှဲများ၊ ဇဒ္ဒုကဲများနှင့်လည်း ငြင်းပွားစရာမလိုပါချေ။ သေဆုံးသူများအတွက်လည်း မျှော်လင့်ချက်မဲ့စွာဖြင့် ဝမ်းနည်းပူဆွေးနေစရာမလိုပါချေ။ “ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏အလိုတော်ကား---နောက်ဆုံးသောနေ့၌ ထိုသူအပေါင်းတို့ကို ထမြောက်စေခြင်းငှါလည်းကောင်း၊ သားတော်ကိုကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကိုရစေခြင်းငှါလည်းကောင်း အလိုတော်ရှိ၏။”

သို့သော် ယုဒခေါင်းဆောင်များက “ဤသူသည် ယောသပ်၏သားယေရှုဖြစ်သည်မဟုတ်လော၊ သူ၏မိဘကို ငါတို့သိသည်မဟုတ်လော၊ ငါသည်ကောင်းကင်မှဆင်းသက်သည်ဟု သူသည်အဘယ်သို့ဆိုရသနည်း” ဟုတိုက်ခိုက်ပြောဆိုခဲ့ကြပါသည်။ သူတို့သည် ခရစ်တော်ခံယူခဲ့သည့် နိမ့်ကျသောဇာတိတော်ကို မခံ့မညားပြုကာ ပြည့်သွန်၍ တစ်ဖက်သတ်အထင်လွဲမှားမှုများကိုလှုံ့ဆော်နေကြသည်။ သူတို့သည် အထင်သေးစွာဖြင့်ကိုယ်တော်ရှင်၏အသက်တာကို ဂါလိလဲအလုပ်သမားတစ်ဦးအနေဖြင့်လည်းကောင်း၊ ကိုယ်တော်ရှင်၏မိသားစုအား ဆင်းရဲနိမ့်ကျသောမိသားစုအနေဖြင့်လည်းကောင်း ရည်စူးပြောကြားခဲ့ကြပါသည်။ ပညာမဲ့သောဤသူ၏ပြောဆိုချက်များကို ဂရုစိုက်ရန်မထိုက်ကြောင်း သူတို့ပြောခဲ့ကြပါသည်။ နားလည်ရန်ခက်သည့် ကိုယ်တော်ရှင်ခံယူခဲ့သောမွေးဖွားခြင်းကြောင့် ကိုယ်တော်သည် သံသယဖြစ်ဖွယ်သော မိဘမျိုးရိုးမှသက်ဆင်းလာသူဖြစ်





သည်ဟူ၍ ကိုယ်တော်၏လူ့ဇာတိခံယူခြင်းကို ကိုယ်တော်၏ဘဝသမိုင်းစဉ်တွင် အစွန်းအကွက်တစ်ခုအနေဖြင့် ရုပ်လုံးဖော်လျက် ထိကပါးရိကပါးပြောဆိုလာခဲ့ကြပါသည်။

သခင်ယေရှုသည် မိမိ၏မွေးဖွားခံယူခြင်းနှင့်ပတ်သက်သည့်နက်နဲရှုပ်ထွေးမှုကိုရှင်းပြရန် ကြိုးစားတော်မမူခဲ့ချေ။ ဂါလိလဲအိုင်ကိုမည်ကဲ့သို့ဖြတ်ကျော်ခဲ့ကြောင်းနှင့်ပတ်သက်သည့်မေးခွန်းများကို တစ်လုံးတစ်ပါဒမျှဖြေကြားတော်မမူခဲ့သကဲ့သို့ မိမိသည် ကောင်းကင်မှကြွလာခဲ့ခြင်းနှင့်ပတ်သက်သည့် မေးမြန်းခြင်းများကိုလည်း တစ်လုံးတစ်ပါဒမျှကိုယ်တော်ဖြေဆိုတော်မမူခဲ့ချေ။ ကိုယ်တော်သည် မိမိ၏သက်တော်စဉ်အားထင်ရှားပေါ်လွင်စေသည့် နိမိတ်လက္ခဏာများကို သတိပြုရန်လည်း ပြည့်သွန်တော်မမူခဲ့ချေ။ မိမိအလိုတော်အတိုင်း နိမ့်ကျသောအသရေကိုဆောင်၍အစေခံကျွန်တစ်ဦး၏ပုံသဏ္ဍာန်ကိုယူတင်ဝတ်ဆောင်ခဲ့ပါသည်။ သို့ပါသော်လည်း ကိုယ်တော်ရှင်မိန့်တော်မူသောစကားများနှင့် ပြုတော်မူခဲ့သည့်အကျင့်များသည် စာရိတ္တတော်ကိုဖော်ညွှန်းခဲ့ပါသည်။ မြင့်မြတ်သောရောင်ခြည်တော်ကိုမြင်တွေ့ရန် စိတ်နှလုံးကိုဖွင့်ထားသောသူအားလုံးသည် ကိုယ်တော်ရှင်၏အသက်တာတွင် “ခမည်းတော်၌တစ်ပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ” ဟု အသိအမှတ်ပြုကြပါလိမ့်မည်။

ဖါရိရှဲများ၏တစ်ဖက်သတ်အထင်လွဲမှားမှုများသည် ၎င်းတို့မေးမြန်းသောမေးခွန်းများ၏ရည်ညွှန်းမှုထက်ပို၍ နက်နဲကြပါသည်။ ထိုအထင်လွဲမှုသည် ၎င်းတို့၏စဉ်းလဲဖောက်ပြန်နေသောစိတ်နှလုံးများတွင်အမြစ်စွဲလျက်ရှိသဖြင့် သခင်ယေရှုပြုတော်မူသည့် လုပ်ဆောင်မှုတိုင်းနှင့်ပြောတော်မူသည့်စကားလုံးတိုင်းသည် ၎င်းတို့အားရန်ဖက်ပြုခြင်းစိတ်ဓာတ်ကိုနှိုးဆွပေးခဲ့ပါသည်။ အကြောင်းမူကား သူတို့ခင်တွယ်မြတ်နိုးသောစိတ်သဘောထားအရ ကိုယ်တော်၌ သဘောကျစရာတစ်စုံတစ်ခုကိုမျှမတွေ့နိုင်ကြချေ။

"ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည် သွေးဆောင်တော်မမူလျှင် အဘယ်သူမျှငါ့ထံသို့မလာနိုင်။ လာသောသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။ အနာဂတ္တိကျမ်းစာ၌လာသည်ကား၊ ထိုသူအပေါင်းတို့သည် ဘုရားသခင်ဆုံးမသွန်သင်တော်မူသောသူဖြစ်ကြလိမ့်မည်ဟုလာသည်နှင့်အညီ ခမည်းတော်ထံ၌နားထောင်၍ နည်းခံသောသူမှန်သမျှတို့သည် ငါ့ထံသို့လာကြ၏။" ခမည်းတော်ဘုရားသခင်၏မေတ္တာတော်ဆွဲယူတော်မူခြင်းကို တုံ့ပြန်သောသူများမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ခရစ်တော်ထံသို့မလာနိုင်ကြချေ။ ဘုရားသခင်သည် ကိုယ်တော့်ထံသို့ လူတိုင်းအားဆွဲယူလျက်ရှိသော်လည်း ဘုရားသခင်၏ဆွဲယူတော်မူခြင်းကို တားဆီးသူများသာလျှင် ခရစ်တော်ထံသို့လာရန်ငြင်းဆန်ကြမည်ဖြစ်ပါသည်။

"ထိုသူအပေါင်းတို့သည် ဘုရားသခင်ဆုံးမသွန်သင်တော်မူသောသူဖြစ်ကြလိမ့်မည်" ဟုဆိုရာတွင် သခင်ယေရှုသည် ဟေရှာယအနာဂတ္တိစကားတွင်ပါဝင်သည့် "သင်၏သားသမီးအပေါင်းတို့သည် ထာဝရဘုရားဆုံးမသွန်သင်တော်မူသောသူဖြစ်၍ များစွာသောစည်းစိမ်ချမ်းသာနှင့်ပြည့်စုံကြလိမ့်မည်" ဟူသောစကားကိုရည်စူး၍ မိန့်တော်မူခြင်းဖြစ်ပါသည်။ (ဟေရှာ ၅၄း၁၃)။ ဤကျမ်းချက်သည် ယုဒလူများအတွက် လျော်ကန်သည့်ဖွင့်ဆိုချက်တစ်ရပ်ဖြစ်ပါသည်။ ဘုရားသခင်သည် ၎င်းတို့၏ဆရာဖြစ်ကြောင်း သူတို့ကြွားဝါခဲ့ကြပါသည်။ သို့သော်လည်း သူတို့၏ပြောဆိုချက်များသည် အရာမထင်ကြောင်းကို "ခမည်းတော်ထံ၌ နားထောင်၍ နည်းခံသောသူမှန်သမျှတို့သည် ငါ့ထံသို့လာကြ၏" ဟူသောမိန့်ဆိုချက်အားဖြင့် ထင်ရှားစေခဲ့ပါသည်။ သူတို့သည် ခရစ်တော်အားဖြင့်သာ ခမည်းတော်ဘုရားသခင်ကိုသိကျွမ်းနိုင်ကြပါသည်။ လူသားဇာတိအားဖြင့် ဘုရားသခင်၏ဘုန်းတော်ကို ကြည့်ရှုနိုင်ခြင်းငှါမစွမ်းပါချေ။ ဘုရားသခင်ထံတွင် နည်းခံသောသူများသည် သားတော်၏အသံကိုနားထောင်လျက်ရှိကြလိမ့်မည်ဖြစ်ပြီး သူတို့သည် နာဇရက်မြို့သားယေရှု၌ သဘာဝတရားအားဖြင့်သော်လည်းကောင်း၊ ဗျာဒိတ်ရူပါရုံအားဖြင့်သော်လည်းကောင်း



အဖဘုရားသခင်အား ဖော်ပြတော်မူခဲ့သည့်ကိုယ်တော်အား တွေ့မြင်ရကြပါလိမ့်မည်။ "သက်သေခံ တော်မူချက်ဟူမူကား ဘုရားသခင်သည် ငါတို့အားထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကို ရသောသူသည် အသက်ကိုရ၏" ၁ယော ၅း၁၁-၁၂။ ၎င်းပြင် "ထိုသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်" ဟုလည်း ယေရှုရှင်မိန့်မှာတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်နှင့်တစ်စိတ်တစ်သဘောတည်းဖြစ်လာစေရန်အလို့ငှါ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့ကဲ့သို့အသွေး အသားကိုယူတင်ဝတ်ဆောင်ခဲ့ပါသည်။ ခရစ်တော်၏တန်ခိုးတော်ကိုထင်ရှားစေရုံသက်သက်အတွက်သာမဟုတ်ဘဲ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၏အသက်တာသည် ကျွန်ုပ်တို့၏အသက်တာဖြစ်လာသောကြောင့် ဤကဲ့သို့သောပေါင်းစည်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် သင်္ချိုင်းမှထမြောက်လာရမည်ဖြစ်ပါသည်။ ခရစ်တော်အား ၎င်း၏စာရိတ္တတော်အမှန်ကိုမြင်တွေ့၍ ကိုယ်တော်အား စိတ်နှလုံးထဲတွင်ရယူနိုင်သောသူသည် ထာဝရအသက်ကိုရ၏။ ဝိညာဉ်တော်အားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၌ကိန်းဝပ်တော်မူ၍ ကိုယ်တော်အား ယုံကြည်ခြင်းအားဖြင့်လက်ခံရရှိသော ဘုရား၏ဝိညာဉ်တော်သည် ထာဝရအသက်အတွက် အစပျိုးခြင်းဖြစ်ပါသည်။

ထိုလူများသည် ၎င်းတို့၏ဘိုးဘေးများစားခဲ့ရသည့် တောမှမန္နမုန့်များကို ယခုခရစ်တော်ပြုတော်မူသည့် နိမိတ်လက္ခဏာထက်ကြီးမြတ်သည့်အနေဖြင့် ကိုယ်တော်အား ထိုမန္နမုန့်အကြောင်းကိုရည်ညွှန်း၍ ပြောပြခဲ့ကြသော်လည်း ကိုယ်တော်ကမူ ထိုမန္နမုန့်ဆုမင်္ဂလာသည် မိမိလာရောက်ပေးကမ်းမည့် ကောင်းချီးမင်္ဂလာနှင့်နှိုင်းစာလျှင် မည်မျှသေးသိမ်ညံ့ဖျင်းကြောင်းကို ဖော်ပြတော်မူခဲ့ပါသည်။ မန္နမုန့်သည် လောကီအသက်ရှင်ရေးအတွက်သာ အထောက်အကူပြုနိုင်ပြီး ချဉ်းကပ်လာနေသည့်သေခြင်းတရားကို မတားဆီးနိုင်ရုံသာမက အစဉ်ထာဝရအသက်ရှင်ခြင်းကိုလည်းအာမခံချက်မပေးနိုင်ချေ။ သို့သော်လည်း ကောင်းကင်မှဆင်းသက်လာသည့်အသက်မုန့်သည် အသက်ဝိညာဉ်များအတွက် ထာဝရအသက်ကိုရရှိသည့်တိုင် တိုးတက်ကြီးပွားစေပါသည်။ "ငါသည် အသက်မုန့်ဖြစ်၏။ သင်တို့

ဘိုးဘေးများသည် တော၌မန္နကိုစားလျက် သေရကြ၏။ ကောင်းကင်မှဆင်းသက်သောမုန့်ကိုစားသောသူသည် သေခြင်းနှင့်ကင်းလွတ်၏။ ငါသည်ကောင်းကင်မှဆင်းသက်သောအသက်မုန့်ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်။" ခရစ်တော်သည် ယခုတွင်တင်စားဖော်ပြခြင်းကို အခြားအရာနှင့်ပေါင်းစပ်ထားပါသည်။ မိမိ၏အသေသတ်ခံခြင်းအားဖြင့်သာ လူသားများအား အသက်ကိုမျှဝေနိုင်မည်ဖြစ်သောကြောင့် ကိုယ်တော်သည် ကယ်တင်ခြင်းပေးနိုင်သည့်နည်းလမ်းအနေဖြင့် မိမိ၏သေခြင်းအကြောင်းကို နောက်ပိုင်းစကားများတွင် ညွှန်ပြတော်မူခဲ့ပါသည်။ "ငါပေးသောမုန့်ကား လောကီသားတို့၏အသက်အဖို့အလို့ငှါ စွန့်သောငါ၏အသားပေတည်း" ဟု ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။

အချိန်မှာဖျက်ဆီးတတ်သောကောင်းကင်တမန်သည် အဲဂုတ္တုအိမ်ထောင်စုများအား သတ်ဖြတ်လုပ်ကြံသောအချိန်တွင် ၎င်းတို့အားလွတ်ငြိမ်းခွင့်ပေး၍ ကယ်တင်ခဲ့သောညကို သတိရအောက်မေ့သည့်အနေဖြင့် ယုဒလူများသည် ယေရုရှလင်မြို့၌ ပသခါပွဲကျင်းပတော့မည့်ဆဲဆဲအချိန်ဖြစ်ပါသည်။ ပသခါသိုးသငယ်မှတစ်ဆင့် ဘုရားသခင်၏သိုးသငယ်ကို ၎င်းတို့မြင်တွေ့စေရန် ထာဝရဘုရားအလိုရှိတော်မူခဲ့ပါသည်။ ပုံဆောင်သောအရာအားဖြင့် လောကီသားများတို့၏အသက်အဖို့အလို့ငှါ မိမိကိုယ်ကိုစွန့်သွားသည့် ကိုယ်တော်အား မြင်တွေ့လက်ခံရယူကြရန် လိုလားတော်မူပါသည်။ သို့သော်လည်း ယုဒလူများသည် ပုံဆောင်ကျင်းပမှုများ၏အရေးပါမှုကို ဂရုမထားခဲ့ကြဘဲ ပုံဆောင်ကျင်းပသည့်အရာကိုသာ အားပေးအရေးတယူပြုခဲ့ကြပါသည်။ သူတို့သခင်ဘုရား၏ကိုယ်ခန္ဓာတော်ကို မသိနားမလည်ခဲ့ကြချေ။ ပသခါပွဲကျင်းပခြင်းတွင် ပုံဆောင်လုပ်ဆောင်သည့်သမ္မာတရားကိုပင် ခရစ်တော်၏နှုတ်ထွက်စကားများတွင် သွန်သင်ထားခဲ့ပါသည်။ သို့သော်လည်း ထိုအရာကို သူတို့ယခုတိုင်သဘောပေါက်နားလည်ခြင်းမရှိခဲ့ကြပါ။

ထိုအခါ "ယုဒလူတို့က ဤသူသည် မိမိအသားကို ငါတို့စားစရာဖို့ အဘယ်သို့ပေးနိုင်သနည်း" ဟူ၍ စိတ်ဆိုးမာန်ဆိုးမေးမြန်းခဲ့ကြသည်။



"အသက်ကြီးသောသူသည် မွေးခြင်းကို အဘယ်သို့ခံနိုင်ပါမည်နည်း" ဟူ၍ နိကောဒင်ပြောခဲ့သကဲ့သို့ သူတို့သည် ကိုယ်တော်၏စကားများကို တိုက်ရိုက်အဓိပ္ပါယ်ကောက်ရန်လိုလားခဲ့ကြ၏။ သူတို့သည် ခရစ်တော်၏ဆိုလိုရင်းကို ထိုက်သင့်သလောက်နားလည်ခဲ့သော်လည်း ထိုအရာများကို အသိအမှတ်ပြုရန် ဆန္ဒမရှိခဲ့ကြချေ။ ကိုယ်တော်၏စကားများကို အဓိပ္ပါယ်ကောက်လွဲခဲ့ကြခြင်းအားဖြင့် ယုဒလူများသည် ကိုယ်တော်ရှင့်အပေါ် အာဃာတရှိခဲ့ကြပါသည်။

ခရစ်တော်သည် ၎င်းအားပုံဆောင်ရုပ်လုံးဖော်ခြင်းများကို အားနည်းပျက်ပြယ်မသွားစေခဲ့ဘဲ ပိုမိုခိုင်မာသောစကားအသုံးအနှုန်းများဖြင့် ထိုသမ္မာတရားကို ထပ်ခါတလဲလဲမိန့်တော်မူခဲ့သည်မှာ "ငါအမှန်အကန်ဆိုသည်ကား လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ။ ငါ၏အသားကိုစား၍ ငါ၏အသွေးကိုလည်းသောက်သောသူသည် ထာဝရအသက်ကိုရ၏။ ထိုသူကို နောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။ ငါ၏အသားသည် စားစရာကောင်း၏။ ငါ၏အသွေးလည်းသောက်စရာကောင်း၏။ ငါ၏အသား၊ အသွေးကိုသောက်စားသောသူသည် ငါ၌တည်၏။ ထိုသူ၌လည်း ငါတည်၏" ဟူ၏။

ခရစ်တော်၏အသွေးနှင့်အသားကိုစားသောက်ခြင်းဟုဆိုရာတွင် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်တော်မူကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ရှင်၌ ကျွန်ုပ်တို့သည် ပြည့်စုံခြင်းရှိသည်ကိုလည်းကောင်း၊ ယုံကြည်လျက် ကိုယ်တော်အား မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ် လက်ခံခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏မေတ္တာတော်ကိုမျှော်ကြည့်ကာ ထိုမေတ္တာတော်၌ခိုလှုံလျက် ထိုမေတ္တာရေစင်များကိုသောက်သုံးခြင်းအားဖြင့် ကိုယ်တော်ရှင်၏သဘာဝကို မျှဝေခံစားသူများဖြစ်လာကြပါသည်။ အစာသည် ခန္ဓာကိုယ်အတွက်ဖြစ်သကဲ့သို့ ခရစ်တော်သည် အသက်ဝိညာဉ်အတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အစာကို မစားသုံးလျှင်သော်လည်းကောင်း၊ ထိုအစာသည် ကျွန်ုပ်တို့ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ခုဖြစ်မလာလျှင်သော်လည်းကောင်း၊

၎င်းအရာသည် ကျွန်ုပ်တို့အား အကျိုးဖြစ်ထွန်းစေလိမ့်မည်မဟုတ်ချေ။ ထိုနည်းအတူ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်အား မိမိ၏ပုဂ္ဂလိကကယ်တင်ရှင်အဖြစ်သိရှိမထားခဲ့လျှင် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် မည်သည့်အကျိုးကျေးဇူးမျှ ဖြစ်ထွန်းစေလိမ့်မည်မဟုတ်ချေ။ ကိုယ်တော်ရှင်အား နှလုံးကမသိဘဲ ခေါင်းမှသိခြင်းသည် ကျွန်ုပ်တို့အား အကျိုးပြုလိမ့်မည်မဟုတ်ချေ။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ကျက်စား၍ ကိုယ်တော်၏အသက်တာသည် ကျွန်ုပ်တို့၏အသက်တာဖြစ်လာစေရန်အလို့ငှါ ကိုယ်တော်အား စိတ်နှလုံးထဲတွင် လက်ခံရယူထားရပါသည်။ ကိုယ်တော်၏မေတ္တာတော်နှင့် ကရုဏာတော်ကို ကျွန်ုပ်တို့၏အသွေးအသားတွင် တစ်သားတည်းဖြစ်ရပါမည်။

သို့သော်လည်း ယုံကြည်သူများသည် ခရစ်တော်နှင့်ဆက်နွှယ်ခြင်းအားဖြင့် ရရှိမည့်အခွင့်အရေးများကို ဤပုံဆောင်မှုများကပင်တင်ဆက်ရန် ပျက်ကွက်နေကြပါသည်။ ထိုအခါ ယေရှုက "အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ ငါ့ကိုစားသောသူသည် ငါ့အားဖြင့် အသက်ရှင်လိမ့်မည်" ဟုမိန့်တော်မူခဲ့၏။ သားတော်ဘုရားသည် ခမည်းတော်ဘုရားကို ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း ခရစ်တော်ဘုရားကိုယုံကြည်ခြင်းအားဖြင့် အသက်ရှင်ကြရပါမည်။ ခရစ်တော်သည် မိမိအသက်တာအားဖြင့် ခမည်းတော်ဘုရားတစ်ပါးတည်းကိုသာထင်ရှားစေရန် အဖဘုရား၏အလိုတော်အတိုင်း လုံးလုံးဆက်ကပ်အပ်နှံတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ကဲ့သို့ အဘက်ဘက်မှစုံစမ်းနှောင့်ယှက်ခြင်းခံခဲ့ရသော်လည်း လောကသားများရှေ့မှောက်တွင် အပြစ်အနာအဆာကင်းစင်စွာဖြင့် ရပ်တည်တော်မူခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ခရစ်တော်အောင်နိုင်တော်မူသကဲ့သို့ စုံစမ်းနှောင့်ယှက်ခြင်းများကို အောင်မြင်ကျော်လွှားကြရပါသည်။

သင်သည် ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်ပါသလား၊ ဖြစ်ခဲ့ပါလျှင် ဝိညာဉ်ရေးအသက်တာနှင့်ပတ်သက်၍ ရေးသားထားချက်အားလုံး



သည် သင့်အတွက်ဖြစ်ပါသည်။ ၎င်းပြင် သင့်ကိုသင်ယေရှုခရစ်နှင့်ပေါင်းစည်းခြင်းအားဖြင့် ထိုအရာများကိုရယူနိုင်ပါသည်။ သင်၏စိတ်အားထက်သန်မှုများယုတ်လျော့သွားပြီလား။ သင်၏ရှေးဦးစွာသောအချစ်ပေါ့သွားပြီလား။ ကမ်းလှမ်းနေသောခရစ်တော်၏မေတ္တာတော်ကိုနောက်တစ်ဖန်လက်ခံပါ။ ကိုယ်တော်၏အသားကိုစား၍ အသွေးတော်သောက်ပါ။ သို့ပြုလျှင် သင်သည် ခမည်းတော်ဘုရားနှင့်လည်းကောင်း၊ သားတော်ဘုရားနှင့်လည်းကောင်း တစ်လုံးတစ်ဝတည်းဖြစ်လာပါလိမ့်မည်။

မယုံကြည်သောယုဒလူများသည် ခရစ်တော်၏တိုက်ရိုက်အဓိပ္ပါယ်ရှိသည့်နှုတ်တော်ထွက်စကားများမှလွဲ၍ အခြားမည်သည့်အရာကိုမဆိုလက်ခံရန် ငြင်းဆန်ခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းဆိုင်ရာပညတ္တိကျမ်းများအားဖြင့် အသွေးကိုမမြည်းစမ်းရန် တားမြစ်ထားသဖြင့် ယခုတွင်ခရစ်တော်၏စကားအသုံးအနှုန်းများသည် ဘုရားသခင်အား မလေးမစားပြုသည့်အသုံးအနှုန်းများဖြစ်သည်ဟု သူတို့အဓိပ္ပါယ်ကောက်ယူခဲ့ကြကာထိုကိစ္စအတွက် အချင်းချင်းငြင်းခုံခဲ့ကြပါသည်။ တမန်တော်များကိုယ်တိုင်ပင်ထိုစကားကိုကြားလျှင် "ထိုစကားသည် အလွန်ခက်လှ၏။ အဘယ်သူနားခံနိုင်မည်နည်း" ဟုပြောဆိုခဲ့ကြ၏။

ထိုအခါ ယေရှုက "ဤတရားစကားကြောင့် သင်တို့သည် စိတ်ပျက်ကြသလော။ လူသားသည် အရင်နေရာအရပ်သို့ တစ်ဖန်ကြွတက်သည်ကိုမြင်ရလျှင် အဘယ်သို့ထင်မှတ်ကြမည်နည်း။ ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏၊ အသက်လည်းဖြစ်၏" ဟုမိန့်တော်မူ၏။

လောကီသားများအတွက်ပေးတော်မူသော ခရစ်တော်၏အသက်သည် ကိုယ်တော်၏နှုတ်ကပတ်တော်ထဲတွင်ရှိတော်မူပါသည်။ ကိုယ်တော်သည် နှုတ်ကပတ်တော်အားဖြင့် အနာရောဂါများကိုပျောက်ကင်းစေ၍ နတ်ဆိုးများကိုနှင်ထုတ်တော်မူခဲ့ပါသည်။ ထိုနှုတ်ကပတ်တော်အားဖြင့် ပယ်လယ်ရေကိုငြိမ်သက်စေ၍ လူသေများကိုရှင်ပြန်ထမြောက်စေခဲ့ပါသည်။ ၎င်းပြင် ကိုယ်တော်၏နှုတ်ကပတ်တော်တွင် တန်ခိုးရှိကြောင်းကိုလည်း

ထိုလူများသည် သက်သေခံခဲ့ကြသည်။ ကိုယ်တော်သည် ဓမ္မဟောင်းကျမ်းမှ ပုရောဖက်များနှင့်ဆရာများအားဖြင့် မိန့်တော်မူသကဲ့သို့ မိမိကိုယ်တိုင်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်များကို မိန့်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ခရစ်တော်ကိုထင်ရှားစေသောအရာတစ်ခုသာဖြစ်ပြီး ခရစ်တော်၏နောက်လိုက်များသည် ထိုနှုတ်ကပတ်တော်အပေါ်တွင် စွဲစွဲမြဲမြဲယုံကြည်မှုရှိရန် ကိုယ်တော်ရှင်လိုလားတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့မတွေ့မြင်နိုင်တော့သည့်အချိန်တွင် ထိုနှုတ်ကပတ်တော်သည် တန်ခိုးရရှိနိုင်မည့် မူလအချက်အချာနေရာဖြစ်နေပါသည်။ ထိုသူတို့သည် မိမိတို့၏သခင်ကဲ့သို့ပင် "ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်" ဖြစ်ပါသည်။ (မဿဲ ၄း၄)။

ကျွန်ုပ်တို့၏ခန္ဓာကိုယ်အသက်တာကို အစာအားဖြင့် အင်အားဖြည့်တင်းသကဲ့သို့ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာကိုလည်း ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အင်အားဖြည့်တင်းကြရပါမည်။ လူတိုင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်မှအသက်ကို မိမိတို့ဘာသာရယူကြရပါမည်။ ကိုယ်ခန္ဓာဖွံ့ဖြိုးလာရန် မိမိတို့ဘာသာအစာစားကြရသကဲ့သို့ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို မိမိတို့ဘာသာရယူကြရပါမည်။ တစ်ပါးသူတစ်ဦးထံမှ ကြားသိရသောနှုတ်ကပတ်တော်များကိုသာရယူကြရန်မဟုတ်ချေ။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကိုနားလည်သဘောပေါက်စေရန် အလို့ငှါ ဘုရားသခင့်ထံတော်တွင် သန့်ရှင်းသောဝိညာဉ်တော်၏အမအစကို တောင်းလျက် သမ္မာကျမ်းစာကို စေ့စေ့စပ်စပ်လေ့လာသင့်ကြပါသည်။ ကျမ်းစာတစ်ပိုဒ်ကိုဖတ်၍ ထိုကျမ်းပိုဒ်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို မည်သည့်အတွေးအခေါ်ကိုသွန်သင်ထားကြောင်းသိရှိရန် အာရုံပြုသင့်ပါသည်။ ထိုကျမ်းပိုဒ်ကို သေချာစွာနားလည်လာသည့်တိုင်အောင် စဉ်းစားဆင်ခြင်သင့်ကြပါသည်။ ထိုနောက်တွင် "ဘုရားသခင်မိန့်တော်မူသည့်အရာ" ကို ကျွန်ုပ်တို့သိကြလိမ့်မည်။

ကိုယ်တော်ရှင်၏ကတိတော်များနှင့် သတိပေးစကားများထဲတွင် ကျွန်ုပ်အားရည်စူး၍ ယေရှုရှင်မိန့်တော်မူနေပါသည်။ "ဘုရားသခင်၏



သားတော်ကိုယုံကြည်သော 'ကျွန်ုပ်' သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။" ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ပြန်ပြောင်းဖော်ပြထားသည့်အတွေ့အကြုံများသည် "ကျွန်ုပ်၏" အတွေ့အကြုံများဖြစ်ရပါမည်။ ဆုတောင်းချက်များ၊ ကတိတော်များ၊ ပညတ်များနှင့် သတိပေးချက်များသည် ကျွန်ုပ်တို့အတွက်ဖြစ်ကြပါသည်။ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏။" ဂလာတိ ၂း၂၀။ ထိုကဲ့သို့ယုံကြည်ခြင်းသည် သမ္မာတရားစည်းမျဉ်းများကို လက်ခံရယူ၍ တစ်သားတည်းဖြစ်သွားသောအခါ ထိုပေါင်းစပ်ထားသည့်အရာသည် ပုဂ္ဂိုလ်တစ်ဦး၏အစိတ်အပိုင်းတစ်ခုဖြစ်လာကာ အသက်တာ၏လှုပ်ရှားလှုံ့ဆော်သောတန်ခိုးတစ်ခုဖြစ်လာပါသည်။ စိတ်နှလုံးထဲတွင်ခံယူရရှိထားသည့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ၎င်း၏အတွေးအခေါ်များကိုပြုပြင်ပေးကာ စာရိတ္တဖွံ့ဖြိုးတိုးတက်မှုတွင်ပါဝင်ဖက်စပ်လာပါသည်။

ကျွန်ုပ်တို့သည် ယုံကြည်သောမျက်လုံးများဖြင့် ခရစ်တော်အားအဆက်မပြတ်မျှော်ကြည့်ခြင်းဖြင့် ခွန်အားဖြည့်တင်းခြင်းသို့ခံကြရပါမည်။ ဘုရားသခင်သည် ဝိညာဉ်ရေးဆာငတ်ခင်မွတ်နေသူများအတွက် အလွန်မွန်မြတ်၍ အဖိုးတန်သည့်ဗျာဒိတ်တော်များတို့ကို ပြုတော်မူလိမ့်မည်။ ထို့ကြောင့် ယေရှုခရစ်တော်သည် မိမိတို့၏ပုဂ္ဂလိကကယ်တင်ရှင်ဖြစ်ကြောင်းကို သူတို့တွေ့မြင်ကြလိမ့်မည်။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်များကို ဖတ်ရှုလေ့ကျက်နေစဉ်မှာပင် ထိုနှုတ်ကပတ်တော်သည် ဝိညာဉ်ပကတိဖြစ်ကြောင်းနှင့် အသက်ဖြစ်ကြောင်းကို သူတို့တွေ့မြင်ကြရပါသည်။ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ဇာတိပကတိသဘာဝများကိုချေဖျက်၍ ခရစ်တော်ယေရှု၌ အသစ်သောအသက်တာကို ပေးသနားတော်မူပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ဥပဇ္ဈာယ်ဆရာတစ်ပါးအနေဖြင့် အသက်ဝိညာဉ်များထံသို့ကြွရောက်လာပါသည်။ ကိုယ်တော့်ကရုဏာတော်၏အသစ်ပြုပြင်ပြောင်းလဲပေးသည့်တန်ခိုးတော်အားဖြင့် တပည့်တော်တစ်ဦးတွင် ဘုရားသခင်၏ရုပ်လုံးကိုပြန်လည်ဖြစ်ပေါ်စေကာ ၎င်းအား အသစ်သောသတ္တဝါတစ်ယောက်ဖြစ်လာစေပါသည်။ မေတ္တာတရားသည် မုန်းတီးခြင်း၏နေရာတွင် အစားထိုးနေရာယူကာ နှလုံးသားသည် မြင့်မြတ်သော အသွင်အပြင်များကိုရရှိလာပါသည်။ “ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်” ဟုဆိုရာတွင် ဤအချက်ကိုဆိုလိုခြင်းဖြစ်ပါသည်။ ဤအရာသည် ကောင်းကင်မှကျလာသည့်မုန့်ကိုစားခြင်းပင်ဖြစ်ပါသည်။

ခရစ်တော်သည် မိမိနှင့်မိမိ၏တပည့်တော်များအကြားဆက်နွယ်မှုနှင့်ပတ်သက်သော မွန်မြတ်လှသည့်ထာဝရသမ္မာတရားကို မိန့်တော်မူခဲ့ဖူးပါသည်။ မိမိ၏တပည့်တော်များအဖြစ်လက်ခံရန် တောင်းဆိုလာကြသည့်ထိုသူများ၏အကျင့်စာရိတ္တကိုသိတော်မူခဲ့သဖြင့် ကိုယ်တော်၏နှုတ်ထွက်စကားများသည် ၎င်းတို့၏ယုံကြည်ခြင်းကို စမ်းသပ်ခဲ့ပါသည်။ တပည့်တော်များသည် မိမိအားယုံကြည်ခြင်းရှိရန်နှင့် မိမိ၏သွန်သင်ချက်များကိုလိုက်လျှောက်ကြရန် ကိုယ်တော်ရှင်မိန့်မှာခဲ့ပါသည်။ ကိုယ်တော်ရှင်ကိုရရှိသောသူအားလုံးသည် ကိုယ်တော်၏ထူးခြားသောသဘာဝများကို လက်ခံဆက်ဆံ၍ စာရိတ္တတော်နှင့်လည်း ကိုက်ညီသောအသက်တာရှိကြပါလိမ့်မည်။ ဤအရာသည် ၎င်းတို့မြတ်နိုးတွယ်တာနေသည့်ရည်မှန်းချက်များကိုစွန့်လွှတ်ခြင်းနှင့်ပတ်သက်ပါသည်။ ထိုသို့စွန့်လွှတ်နိုင်ရန် ခရစ်တော်၌မိမိကိုယ်ကိုလုံးလုံးဆက်ကပ်အပ်နှံရန် လိုအပ်ပါသည်။ ထိုသူများအားကိုယ်ကျိုးစွန့်ရန်နှင့် နူးညံ့သိမ်မွေ့၍ စိတ်နှလုံးနှိမ့်ချရန်တောင်းဆိုခဲ့ပါသည်။ ကောင်းကင်၏ဘုန်းတော်ကိုဝင်စား၍ ထာဝရအသက်ကိုပါဝင်ဆက်ဆံလိမ့်မည်ဆိုလျှင် သူတို့သည် “ကရာနီမှလူသား” လျှောက်လှမ်းခဲ့သည့်လမ်းကျဉ်းကို လျှောက်ရပါမည်။



စုံစမ်းစစ်ဆေးမှုသည် အလွန်ကြီးမားလှပါသည်။ ကိုယ်တော်ရှင်အားအတင်းအဓမ္မဘုရင်မြှောက်လိုကြသည့် ထိုသူတို့၏စိတ်အားထက်သန်မှုများသည်လည်း သွေးအေးသွားခဲ့ပေပြီ။ ထိုတရားဇရပ်တွင်ပြုတော်မူခဲ့သောဟောကြားချက်သည် ၎င်းတို့၏ဝိညာဉ်ရေးမျက်စိကို ပွင့်လင်းစေခဲ့ပြီဟူ၍ သူတို့ကြေညာခဲ့ကြပါသည်။ ယခုတွင် သူတို့အား အမှန်ကိုသိမြင်စေခဲ့ပေပြီ။ မိမိသည် မေရှိယမဟုတ်ကြောင်း၊ ကိုယ်တော်၏စကားများသည် တိုက်ရိုက်ဝန်ခံနေကြောင်းကိုလည်းကောင်း၊ ကိုယ်တော်နှင့်ဆက်သွယ်ခြင်းအားဖြင့် လောကီအကျိုးကျေးဇူးမရရှိနိုင်ကြောင်းကိုလည်းကောင်း သူတို့သည် စိတ်နှလုံး၌စွဲမှတ်နေကြပါသည်။ သူတို့သည် ကိုယ်တော်၏နိမိတ်လက္ခဏာပြုခြင်းများကို ကြိုဆိုလက်ခံခဲ့ကြပါသည်။ အနာရောဂါဒုက္ခဝေဒနာများမှကင်းလွတ်ခွင့်ပြုပေးရန် စိတ်အားကြီးခဲ့ကြပါသည်။ သို့သော် သူတို့သည် ကိုယ်တော်ရှင်၏ကိုယ်ကျိုးစွန့်သောအသက်တာကို ကရုဏာမသက်ခဲ့ကြချေ။ ကိုယ်တော်ရှင်မိန့်တော်မူခဲ့သော ဝိညာဉ်ရေးနိုင်ငံတော်နှင့်ပတ်သက်သည့်နက်နဲမှုများကိုလည်း သူတို့ဂရုမထားခဲ့ကြချေ။ မရိုးသားသည့် စိတ်ထား၊ တစ်ကိုယ်ကောင်းဆန်သောစိတ်ထားဖြင့် ကိုယ်တော်အားရှာဖွေခဲ့ကြသည့်ထိုသူများသည် ကိုယ်တော်ရှင်ကိုမလိုလားကြတော့ပြီ။ ကိုယ်တော်သည် ရောမများထံမှ ၎င်းတို့အတွက် လွတ်မြောက်မှုရအောင် မိမိ၏တန်ခိုးအာဏာများကိုအသုံးမပြုခဲ့လျှင် သူတို့သည် ကိုယ်တော်နှင့်ကင်းကွာသွားကြလိမ့်မည်ဖြစ်ပါသည်။

“သင်တို့တွင် မယုံကြည်သောသူအချို့ရှိ၏။ ထိုကြောင့် ငါ၏ခမည်းတော်သည် အခွင့်ပေးတော်မမူလျှင် အဘယ်သူမျှငါ့ထံသို့မလာနိုင်” ဟု ယေရှုရှင်သည် ထိုသူများအား ရှင်းလင်းစွာမိန့်တော်မူခဲ့ပါသည်။ သူတို့သည် ကိုယ်တော့်ထံသို့ဆွဲယူခြင်းကိုမခံကြရလျှင်လည်း သူတို့၏စိတ်နှလုံးများကို သန့်ရှင်းသောဝိညာဉ်တော်ဝင်ရောက်စိုးစံရန် ဖွင့်ဟမပေးကြသောကြောင့်ဖြစ်ကြောင်းကို ထိုသူတို့အား သဘောပေါက်နားလည်ရန် ကိုယ်တော်ဆန္ဒပြုတော်မူခဲ့ပါသည်။ “ဇာတိပကတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ ထိုအရာတို့သည် မိုက်မဲ

သောအရာဖြစ်သည်ဟု ထင်တတ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြားနားလည်နိုင်သောကြောင့် ဇာတိပကတိလူသည် နားမလည်နိုင်” ၁ကော ၂း၁၄။ လူသည် ယုံကြည်ခြင်းအားဖြင့် ယေရှုခရစ်၏ဘုန်းတော်ကို မြင်တွေ့ရပါသည်။ အသက်ဝိညာဉ်အထဲတွင် ယုံကြည်ခြင်းကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မနှိုးဆွ၊ မလှုံ့ဆော်မီ ဤဘုန်းတော်ကို ကျွန်ုပ်တို့ထံမှကွယ်ဝှက်ထားပါသည်။

ဤပုဂ္ဂိုလ်များသည် မိမိတို့၏မယုံကြည်မှုများကို လူသိရှင်ကြား ထုတ်ဖော်ခြင်းအားဖြင့် ယခုတိုင် ခရစ်တော်ထံမှပို၍ဝေးကွာစွာကင်းကွာသွားခဲ့ကြပါသည်။ သူတို့သည် များစွာမနှစ်မြို့မှုများကို ခံစားခဲ့ကြပြီး ကယ်တင်ရှင်အား ထိခိုက်နာကျင်စေလိုသောအားဖြင့် ဖါရိရှဲများ၏ အာဃာတစိတ်များကို ကျေနပ်စေလျက် ကိုယ်တော်ရှင်ကို ကျောခိုင်းကာ မထီလေးစားပြု၍ စွန့်ခွာခဲ့ကြပါသည်။ သူတို့သည် အသက်မပါသောရုပ်၊ အဆန်မပါသောအခွံများကို ရွေးချယ်မှုပြုခဲ့ကြပါသည်။

“လက်တော်တွင် ဆန်ကောပါလျက် မိမိကောက်နယ်တလင်းကို ရှင်းလင်းစေသဖြင့် မိမိဂျုံစပါးကို ကျီ၌စုသိမ်းသွင်းထား၏” မဿဲ ၃း၁၂။ ဤအချိန်သည် အပြစ်ကြေးညှော်များကို သုတ်သင်သန့်ရှင်းနေသောအချိန်ဖြစ်ပါသည်။ သမ္မာတရား၏နှုတ်ကပတ်တော်စကားများအားဖြင့် အဖျင်းများသည် စပါးစေ့များနှင့်တသီးတခြားစီခွဲခြားပစ်နေပါသည်။ သူတို့သည် အလွန်မိုက်မဲ၍ ဆုံးမမှုကိုမနာမယူနိုင်လောက်အောင် ကိုယ့်ကိုကိုယ် ဖြောင့်မတ်သည်ဟူ၍ အထင်ကြီးနေခဲ့ကြပါသည်။ နှိမ့်ချမှုနှင့်ပြည့်ဝသောအသက်တာကို လက်မခံနိုင်လောက်အောင် လောကကိုအလွန်ချစ်မြတ်နိုးနေကြသဖြင့် များစွာသောသူတို့သည် ခရစ်တော်ကိုကျောခိုင်းခဲ့ကြပါသည်။ ယခုအချိန်တိုင်အောင် များစွာသောသူများသည် ထိုနည်းနှင်နှင်လုပ်ဆောင်ကြလျက်ရှိပါသည်။ ကပေရနောင်မြို့ရှိ တရားဇရပ်မှ ထိုတပည့်တော်များတို့ကိုစုံစမ်းစစ်ဆေးနေသည့်နည်းတူ ယနေ့လူသားများကိုလည်း စုံစမ်းစစ်ဆေးနေပါသည်။ သမ္မာတရားသည် စိတ်နှလုံးထဲတွင် ထင်ရှားလာသောအခါ မိမိတို့၏အသက်တာများတို့သည် ထာဝရဘုရားသခင်၏အလိုတော်



နှင့်မကိုက်ညီကြောင်း သူတို့တွေ့မြင်လာကြပါသည်။ မိမိတို့တွင် လုံးလုံးလျားလျားပြောင်းလဲမှုတစ်ခုလိုအပ်နေကြောင်းတွေ့မြင်ကြသော်လည်း မိမိ၏အလိုကိုငြင်းသည့်အကျင့်ကိုကျင့်ဆောင်ရန် သူတို့ဆန္ဒမရှိခဲ့ကြချေ။ ထို့ကြောင့် မိမိတို့၏အပြစ်များကိုဖော်ပြဆုံးမသောအခါ သူတို့စိတ်ဆိုးအမျက်ထွက်ခဲ့ကြပါသည်။ “ထိုစကားသည် အလွန်ခက်လှသည်။ အဘယ်သူနာခံနိုင်မည်နည်း” ဟူ၍ညည်းတွားကာ ခရစ်တော်ထံမှ တပည့်တော်များထွက်ခွာသွားခဲ့သကဲ့သို့ သူတို့သည် နာကြည်းစွာဖြင့်ထွက်ခွာသွားခဲ့ကြပါသည်။

ချီးမွမ်းခြင်းများနှင့် မြှောက်ပင့်စကားများကိုသာ သူတို့နှစ်သက်ခဲ့ကြပြီး သမ္မာတရားကိုမူမကြိုဆိုခဲ့ကြချေ။ နားထောင်ရန်ကိုပင် မစွမ်းနိုင်ခဲ့ကြချေ။ နောက်တော်သို့လိုက်သောလူထုကြီးကို ကျွေးမွေးပြုစုလိုက်သောအခါ အောင်မြင်သောကြွေးကြော်သံများကိုကြားရကာ ချီးမွမ်းသံများဖြင့် ဆူညံနေခဲ့ပါသည်။ သို့သော် ဘုရား၏ဝိညာဉ်တော်အားဖြင့် သူတို့၏အပြစ်များကိုဖော်ပြကာ ထိုအပြစ်များကိုစွန့်လွှတ်ကြရန် မိန့်တော်မူသောအခါ သူတို့သည် သမ္မာတရားကိုကျောခိုင်းကြကာ ခရစ်တော်နှင့်အတူ နောက်တစ်ခါအတူမလျှောက်လှမ်းကြတော့ချေ။

မကျေမနပ်ဖြစ်နေသောထိုတပည့်တော်များသည် ခရစ်တော်ထံမှ ကျောခိုင်းခဲ့သောအချိန်၌ စာတန်၏ဝိညာဉ်သည် ၎င်းတို့အားစိုးမိုးခဲ့၏။ တစ်ချိန်က ၎င်းတို့အလွန်စိတ်ဝင်စားခဲ့သည့် ကိုယ်တော်ထံတွင် ကောင်းကွက်တစ်ကွက်ကိုမျှ သူတို့မမြင်နိုင်တော့ချေ။ သူတို့သည် မိမိတို့နှင့်စိတ်တူသဘောတူဖြစ်ခဲ့သည့်ကိုယ်တော့်အား ရန်မူနေသူများကိုရှာဖွေမိတ်ဖွဲ့ခဲ့ကြကာ ကိုယ်တော်၏စကားများကို မှားယွင်းစွာအနက်ဖွင့်ခဲ့ကြပါသည်။ မိန့်တော်မူချက်များကို လိမ်လည်ပြောကြားခဲ့ကြပြီး ကိုယ်တော်၏သဘာထားများကို စောဒကတက်ခဲ့ကြပါသည်။ ကိုယ်တော်ရှင်အားဆန့်ကျင်ဘက်ဖြစ်စေသည့် အချက်အလက်တိုင်းကိုစုဆောင်းတင်ပြခြင်းအားဖြင့် သူတို့၏လမ်းစဉ်များကို အားဖြည့်ခဲ့ကြပါသည်။ ထိုကဲ့သို့သောအမျက်နှိုးဆွမှုကိုဖြစ်စေသောသတင်းပေးမှုများကြောင့် ကိုယ်တော်ရှင်၏အသက်ကိုပင် အန္တရာယ်ရှိလာခဲ့ပါသည်။

နာဇရက်မြို့သားယေရှုသည် မိမိကိုယ်တိုင် မေရှိယမဟုတ်ကြောင်း ဝန်ခံသည်ဟူသောသတင်းစကားသည် အလျင်အမြန်ပျံ့နှံ့သွားခဲ့ပါသည်။ ဤသို့သောနည်းများဖြင့် လွန်ခဲ့သည့်နှစ်တွင် ယုဒပြည်မှာဖြစ်သကဲ့သို့ ဂါလိလဲပြည်တွင်လည်း ခရစ်တော်လူကြိုက်များမှု ရေစီးကြောင်းသည် ကိုယ်တော်ရှင်အားအကျိုးယုတ်စေပါသည်။ ဂ္ဂလိလဲလူများတို့အတွက် ဝမ်းနည်းစရာမဟုတ်ပါလား။ ၎င်းတို့အားလောကတန်ခိုးအာဏာများ ပေးနိုင်မည့် အောင်နိုင်သူတစ်ဦးအား သူတို့မျှော်လင့်တောင့်တခဲ့ကြသော ကြောင့် ကယ်တင်ရှင်ကို သူတို့ငြင်းပယ်ခဲ့ကြပါသည်။ သူတို့သည် ပျက်စီး တတ်သောအစာကိုသာ လိုချင်ခဲ့ကြပြီး ထာဝရကာလတိုင် တာရှည်ခံသည့် အစာကိုမလိုချင်ကြချေ။

သခင်ယေရှုသည် လူသားများအတွက် အသက်နှင့်အလင်းဖြစ် တော်မူသော၊ မိမိထံမှထွက်ခွာသွားကြသော မိမိ၏တပည့်တော်ဖြစ်ခဲ့ဖူး သူများအား တမ်းတသောနှလုံးသားဖြင့် မျှော်ကြည့်တော်မူခဲ့၏။ မိမိ၏ သနားခြင်းကရုဏာကို အလေးအမြတ်မထားကြောင်း၊ မိမိ၏မေတ္တာတော် ကိုတုံ့ပြန်မှုမပြုကြောင်း၊ မိမိ၏ကြင်နာသနားမှုကို မခန့်လေးစားပြုကြ ကြောင်း စသည့်အကြောင်းများကို အသိတရားကလေးသည် ကိုယ်တော်အား မဖော်ပြနိုင်လောက်အောင် ကြီးမားသောဝမ်းနည်းမှုကိုဖြစ်စေခဲ့ပါသည်။ ထိုကဲ့သို့သောအခြေအနေများသည် ကိုယ်တော်အား ဝမ်းနည်းသော လူသား တစ်ဦး (သို့မဟုတ်) ပူဆွေးသောလူသားတစ်ဦးဖြစ်စေခဲ့ပါသည်။

ယေရှုသည် မိမိထံမှထွက်ခွာသွားရန် ကြိုးစားနေကြသည့်ထိုသူများ ကိုဟန့်တားရန် ကြိုးစားခြင်းပြုတော်မမူဘဲ တမန်တော်များဘက်သို့လှည့်၍ "သင်တို့သည်လည်း ထွက်သွားခြင်းငှါအလိုရှိကြသလော" ဟု မိန့်တော်မူ၏။

ထိုအခါ ရှိမုန်ပေတရုက "သခင်၊ အကျွန်ုပ်တို့အဘယ်သူ့ထံသို့ သွားရမည်နည်း။ ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏။ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူ သော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ယုံကြည် သိမှတ်ကြပါသည်" လျှောက်လေ၏။



"အကျွန်ုပ်တို့သည် အဘယ်သူ့ထံသို့ သွားရပါမည်နည်း။" ဂ္ဂလိလဲဆရာများတို့သည် အပြင်ပန်းစည်းကမ်းနည်းလမ်းလိုက်လွန်ခြင်း ဝါဒ၏ကျွန်များဖြစ်ကြပါသည်။ ဖါရိရှဲနှင့်ဇဒ္ဒုကဲများသည် တစ်ဦးနှင့်တစ်ဦး ထာဝစဉ်အငြင်းပွားနေကြသူများတို့ဖြစ်ကြပါသည်။ ယေရှုရှင်ကိုစွန့်ခွာခဲ့ ခြင်းသည် ဝိနည်းထုံးဖွဲ့ဝတ်ပြုကိုးကွယ်မှုအစီအစဉ်များတွင် စည်းကမ်း ကြီးလွန်းသူများနှင့် မိမိတို့၏ဘုန်းတန်ခိုးကြီးထွားရေးအတွက် ရည်မှန်းချက် ထားလွန်းသူများထဲသို့ အမှတ်မထင်ရောက်ရှိသွားခြင်းဖြစ်ပါသည်။ တမန်တော်များသည် မိမိတို့၏ယခင်အသက်တာများမှာထက် ယေရှု ခရစ်တော်ကိုလက်ခံပြီးသောအသက်တာများတို့တွင် ပို၍များပြားသည့် ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းများကိုတွေ့ရှိခဲ့ရပါသည်။ အပြစ်သား များ၏မိတ်ဆွေစစ်ဖြစ်သည့် ယေရှုကိုနှိပ်စက်ကလူပြု၍ ကြုံးဝါးနေသည့် ထိုသူများထံသို့ မည်ကဲ့သို့သူတို့ပြန်သွားနိုင်ကြပါမည်နည်း။ သူတို့သည် မေရှိယအား အချိန်ကြာမြင့်စွာကပင် မျှော်လင့်ခဲ့ကြရာ ယခုတွင် မေရှိယ သည် ကြွလာတော်မူခဲ့ပြီးဖြစ်သဖြင့် ကိုယ်တော်ရှင်ထံမှ ကိုယ်တော်၏ အသက်ကိုလုပ်ကြံရန် ရှာကြံနေကြသူများနှင့် ကိုယ်တော်၏နောက်လိုက် များဖြစ်လာခဲ့သည့်အတွက် မိမိတို့အားနှိပ်စက်ကလူပြုခဲ့ကြသည့်သူများ ထံသို့ သူတို့ပြန်၍မသွားနိုင်ကြတော့ပြီ။

"အကျွန်ုပ်တို့သည် အဘယ်သူ့ထံသို့သွားရပါမည်နည်း။" မေတ္တာ နှင့်ကရုဏာတော်၏သင်ခန်းစာဖြစ်တော်မူသည့် ခရစ်တော်၏သွန်သင်ချက်မှ ဒုစရိုက်ကမ္ဘာတည်းဟူသော မယုံကြည်မှု၏မှောင်မိုက်ထဲသို့ပြန်၍သွားရမည် မဟုတ်ပါချေ။ အံ့ဖွယ်မှုရာများကို ကိုယ်တွေ့မျက်မြင်တွေ့ရှိခဲ့သူများစွာ တို့သည် ကိုယ်တော်အားစွန့်ပစ်ထားခဲ့ကြသော်လည်း "ကိုယ်တော်သည် ခရစ်တော်ဖြစ်ပါ၏" ဟူ၍ တပည့်တော်များ၏ယုံကြည်ခြင်းကို ပေတရု ထုတ်ဖော်ခဲ့ပါသည်။ မိမိတို့အသက်ဝိညာဉ်များ၏ကျောက်ဆူးကြီးဆုံးပါး သွားပြီဟူသော ဤအတွေးသည် ၎င်းတို့အား ကြောက်ရွံ့မှုနှင့် နာကျင်မှု များကိုဖြစ်စေခဲ့ပါသည်။ ကယ်တင်ရှင်ခရစ်တော်သူတို့နှင့်အတူမရှိခြင်းသည်

မှောင်မည်း၍ မုန်တိုင်းကျနေသောပင်လယ်ထဲတွင် တွယ်ရာမဲ့မျောပါနေခြင်းဖြစ်သည်။

ယေရှုရှင်၏နှုတ်ထွက်စကားများနှင့် အပြုအမူများသည် ဉာဏ်နည်းသောသူများအတွက် ခက်ခဲနက်နဲပုံပေါ်နေသော်လည်း စကားလုံးတိုင်းနှင့် လှုပ်ရှားမှုတိုင်းတွင် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်မှုများ၌ တိကျသောအကြံအစည်များပါရှိနေပါသည်။ စကားလုံးတိုင်း၊ အပြုအမူတိုင်းသည် အကျိုးသက်ရောက်မှုတစ်ခုစီဖြစ်ပေါ်လာမည်ဟု မှန်းဆခဲ့ပါသည်။ ကျွန်ုပ်တို့သည် အကြံအစည်တော်များကိုနားလည်နိုင်စွမ်းရှိကြမည်ဆိုလျှင် အကြံအစည်တော်အားလုံးသည် အရေးကြီးကြောင်း၊ စုံလင်ကြောင်းနှင့် ကိုယ်တော်၏အမှုတော်နှင့်လိုက်လျောညီထွေကြောင်း ထင်ရှားလာပါလိမ့်မည်။

ကျွန်ုပ်တို့သည် ယခုတွင် ဘုရားသခင်၏လုပ်ဆောင်မှုများနှင့် လုပ်ဆောင်သည့်နည်းလမ်းများကို နားမလည်နိုင်ကြသော်လည်း လူသားများနှင့်ဆက်ဆံရာတွင် အလေးပေးဖော်ပြထားသည့် ကိုယ်တော်ရှင်၏ မဟာမေတ္တာတော်ကိုမူ ခွဲခြားသိမြင်နိုင်ကြပါသည်။ ခရစ်တော်နှင့်နီးကပ်စွာအသက်ရှင်သောသူသည် ဘုရားဝတ်၌မွေ့လျော်ခြင်း၏နက်နဲမှုကို များစွာနားလည်သဘောပေါက်လာပါလိမ့်မည်။ ဆုံးမပဲ့ပြင်ခြင်းကိုပြုတော်မူသည့်ကရုဏာတော်ကိုလည်းကောင်း၊ စာရိတ္တကိုစမ်းသပ်စစ်ဆေး၍ စိတ်နှလုံးအကြံအစည်ကို အလင်းတော်သို့ဆောင်ယူပေးသည့် ထိုကရုဏာတော်ကိုလည်းကောင်း သူတို့သိရှိကြပါလိမ့်မည်။

သခင်ယေရှုသည် များစွာသောတပည့်တော်များအား နောက်ကြောင်းသို့ပြန်သွားစေသည့် စမ်းသပ်မှုဆိုင်ရာသမ္မာတရားများကို တင်ဆက်သောအခါ မိမိစကားများ၏အကျိုးသက်ရောက်မှုများကို သိရှိတော်မူခဲ့ပါသည်။ သို့သော် ဖြည့်ဆည်းရန်ကရုဏာအကြံတစ်ခု ကိုယ်တော်၌ရှိတော်မူခဲ့ပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းဆိုင်ရာကာလအချိန်တွင် မိမိ၏ချစ်လှစွာသောတပည့်တော်တိုင်းသည် ပြင်းထန်ကြမ်းတမ်းသောစုံစမ်းစစ်ဆေးမှုများကိုခံရမည်ဖြစ်ကြောင်းကို ကိုယ်တော်ကြိုတင်၍ သိရှိတော်မူခဲ့ပါသည်။ ဂေသရှေမန်ဥယျာဉ်တွင် မိမိခံစားရမည့်ဒုက္ခ





ဝေဒနာများသည်လည်းကောင်း၊ မိမိအားအပ်နှံ၍ ကပ်တိုင်တင်ခြင်းသည်လည်းကောင်း ၎င်းတို့အတွက် အလွန်မတန်ပြင်းထန်သည့်မချိတင်ကဲဖြစ်ရပ်များဖြစ်ကြပါလိမ့်မည်။ မည်သည့်စစ်ဆေးစုံစမ်းမှုကိုမျှမပြုလုပ်ခဲ့ပါလျှင် အတ္တသဘော၏နှိုးဆွမှုကြောင့် များစွာသောလူများသည် ထိုတပည့်တော်များနှင့်ပေါင်းစည်းလာပေလိမ့်မည်။ သူတို့၏သခင်ဘုရားသည် လွှတ်တရားရုံးတွင် ပြစ်ဒဏ်စီရင်ခြင်းကိုခံရသောအခါတွင်လည်းကောင်း၊ ကိုယ်တော်အား ဘုရင်တစ်ပါးအနေဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့သောလူထုကြီးသည် ပါးစပ်မှဖွင့်ဟ၍ ကဲ့ရဲ့ပြစ်တင်လာကြသောအခါတွင်လည်းကောင်း၊ ပြောင်လှောင်နေသောလူအုပ်ကြီးသည် “ကိုယ်တော်အားကပ်တိုင်တင်ပါ” ဟု အော်ဟစ်နေကြသောအခါတွင်လည်းကောင်း၊ ၎င်းတို့၏လောကီရည်မှန်းချက်များအလိုမပြည့်ဖြစ်လာသောအချိန်တွင်လည်းကောင်း၊ တစ်ကိုယ်ကောင်းဆန်သည့် ထိုသူများသည် ခရစ်တော်အား သစ္စာဖောက်လျက် မြတ်နိုးတွယ်တာသည့်မျှော်လင့်ချက်များပျက်ပြားသွားရသဖြင့် ပူဆွေးစိတ်ပျက်နေသောတမန်တော်များအား ခါးသီးသောစိတ်နှလုံးနာကြည်းဖွယ်ဝမ်းနည်းခြင်းတစ်ခုကို ထပ်ဆင့်ဖြစ်စေခဲ့လိမ့်မည်ဖြစ်ပါသည်။ ပူဆွေးဒုက္ခရောက်နေသောထိုအချိန်တွင် ကိုယ်တော့်ထံမှလှည့်၍ထွက်ခွာသွားကြသည့် ထိုသူများ၏ပုံသက်သေကြောင့် အခြားသူများသည်လည်း ကိုယ်တော်အားစွန့်ခွာသွားခဲ့ကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် ခရစ်တော်သည် မိမိကိုယ်တိုင်စစ်မှန်သောတပည့်တော်များ၏ယုံကြည်ခြင်းကို အားပေးနိုင်ဆဲအချိန်တွင် ဤအကျပ်အတည်းကာလတစ်ခုကိုဖြစ်စေခဲ့ပါသည်။ မိမိအားစောင့်ကြိုနေသည့် ကံကြမ္မာကို ကောင်းမွန်စွာသိတော်မူသည့် ကရုဏာတော်အရှင်ယေရှုသခင်သည် တမန်တော်များလျှောက်လှမ်းရမည့်လမ်းကို ချောမွေ့စေလျက် အထွတ်အထိပ်စုံစမ်းစစ်ဆေးခြင်းအတွက် ပြင်ဆင်ပေးကာ နောက်ဆုံးသောစုံစမ်းခြင်းကာလအတွက် ၎င်းတို့အား ခွန်အားပေးတော်မူခဲ့ပါသည်။

-၀-

# (၅၂)
# ရိုးရာဓလေ့

ရှင်မဿဲ ၁၅း၁-၂၀။ မာကု ၇း၁-၂၃ ကိုအခြေပြုထားပါသည်

ကျမ်းပြုဆရာများနှင့် ဖါရိရှဲများသည် ပသခါ၌ သခင်ယေရှုနှင့်တွေ့မည့်အထင်နှင့် ကိုယ်တော်အား မကောင်းကြံရန် အကွက်ဆင်ထားခဲ့ကြပါသည်။ ကိုယ်တော်သည် ၎င်းတို့၏အကြံကိုသိတော်မူသဖြင့် ထိုပွဲသို့မတက်ရောက်ခဲ့ချေ။ "ထိုအခါ ဖါရိရှဲနှင့်ကျမ်းပြုဆရာများသည် ကိုယ်တော့်အနီးသို့ချဉ်းကပ်လာခဲ့ကြပါသည်။ သူတို့ထံသို့ ကိုယ်တော်ရှင်သွားတော်မမူခဲ့သဖြင့် ကိုယ်တော့်အပါးသို့ သူတို့ချဉ်းကပ်လာခဲ့ခြင်းဖြစ်ပါသည်။ အခိုက်အတန့်အားဖြင့် ဂါလိလဲလူများသည် ကိုယ်တော်ရှင်အား မေရှိယအနေဖြင့် လက်ခံတော့မယောင်ဖြစ်ပြီး ထိုဒေသတစ်ဝိုက်တွင်ရှိနေသည့် ၎င်းတို့၏ဩဇာတန်ခိုးများသည် ပျက်သုဉ်းသွားတော့မလိုဖြစ်နေပါသည်။ ခရစ်တော်၏အမှုတော်ကို တိုးမြှင့်သည့်သဘောဖြင့် တမန်တော်တစ်ဆယ့်နှစ်ပါးတို့၏လုပ်ဆောင်မှုများနှင့် ထိုတမန်တော်များကို ကျမ်းတတ်ဆရာများနှင့်တိုက်ရိုက်ဆန့်ကျင်ဖီလာဖြစ်စေခြင်းများသည် ယေရုရှလင်မြို့ရှိ ထိုခေါင်းဆောင်တို့၏မနာလိုဝန်တိုမှုများကို အသစ်ဖြစ်အောင် ဆွပေးသလိုဖြစ်ခဲ့ပါသည်။ ကိုယ်တော်ရှင်၏အဦးပိုင်းအမှုတော်ကာလတွင် စုံစမ်းထောက်လှမ်းရန် ကပေရနောင်သို့ ၎င်းစေလွှတ်ထားခဲ့သည့်ဥပုသ်နေ့ကို ချိုးဖောက်ခြင်းအတွက် အပြစ်တင်ရန် မျက်စိဒေါက်ထောက်ကာ စောင့်ကြည့်ခဲ့ကြသောသူလျှိုများသည် မိမိတို့၏လုပ်ရပ်များအတွက် ဇဝေဇဝါဖြစ်လာခဲ့ကြပြီးဖြစ်သော်လည်း ထိုကျမ်းတတ်ဆရာများမှာမူ မိမိတို့၏ကြံရွယ်ချက်များကို အကောင်အထည်ဖော်ရန် ဆက်လက်ကြိုးစားခဲ့ကြပါသည်။ ယခုတွင် ကိုယ်တော်ရှင်၏လှုပ်ရှားမှုများကိုစောင့်ကြည့်ရန်နှင့် ၎င်းအားစွဲချက်တင်နိုင်မည့်အချက်များကိုရှာဖွေရန် နောက်ထပ်လူတစ်စုကို စေလွှတ်ခဲ့ကြပါသည်။



ယခင်ကကဲ့သို့ပင် ဘုရားသခင်၏ပညတ်တော်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ၎င်းတို့၏ရိုးရာဓလေ့ထုံးစံများကို ကိုယ်တော်ရှင်ဂရုမထားခြင်းမှလွဲ၍ ကိုယ်တော်ရှင်၌ အခြားအပြစ်တင်စရာမရှိချေ။ ထိုရိုးရာဓလေ့များမှာ ပညတ်တော်စောင့်ထိန်းမှုကို အထောက်အမပြုရန်သာဖြစ်ကြောင်း ထင်ထင်ရှားရှားဖော်ပြထားသော်လည်း ထိုအရာများကို ပညတ်တော်ထက်ပို၍အမွန်အမြတ်ထားနေကြပါသည်။ သိနာတောင်၌ ပေးတော်မူခဲ့သောပညတ်တော်နှင့် ကျမ်းတတ်ဆရာများချမှတ်သည့်ပညတ်များအကြားဆန့်ကျင်ကွဲပြားမှုများကိုရင်ဆိုင်ရသောအခါ သူတို့သည် ကျမ်းတတ်ဆရာများ၏ပညတ်များကို ဦးစားပေးကျင့်ဆောင်ခဲ့ကြပါသည်။

စောင့်ထိန်းရမည့်ပညတ်များတွင် ဝိနည်းထုံးဖွဲ့ဆိုင်ရာသန့်ရှင်းစင်ကြယ်မှုနှင့်ပတ်သက်သည့် ပညတ်ကိုအလေးပေး၍ ကျင့်စောင့်စေခဲ့ပါသည်။ အစားအစာမစားမီ ပြုကျင့်ရမည့်ဝတ်များကို လျစ်လျူခြင်းကို စက်ဆုပ်ရွံရှာဖွယ်အပြစ်တစ်ခုအနေဖြင့်မှတ်ယူကြပြီး ထိုဖြစ်မှုကြောင့် ယခုဘဝနှင့်တမလွန်ဘဝနှစ်ခုစလုံးတွင် အပြစ်ဒဏ်ခံယူရမည်ဖြစ်ပြီး အပြစ်ကျူးလွန်သူသည် အသေခံထိုက်သူများအဖြစ် မှတ်ယူကြပါသည်။

သန့်ရှင်းစင်ကြယ်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောစည်းမျဉ်းများသည် မရေမတွက်နိုင်အောင်များပြားပါသည်။ ထိုအရာများအားလုံးကို သင်ကြားနာယူရန် တစ်သက်လုံးအချိန်ယူလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ညစ်ညမ်းမှုများကို ဆန့်ကျင်လှုပ်ရှားနေသောကျမ်းတတ်ဆရာများ၏ပညတ်များကိုလိုက်လျှောက်ရန် ကြိုးစားနေသူများ၏အသက်တာသည် ဆေးကြောသန့်စင်မှုများနှင့်သာပြီးသော ဝိနည်းထုံးဖွဲ့မှုဆိုင်ရာ ရေရှည်ကြိုးစားမှုတစ်ခုသာဖြစ်နေပါသည်။ လူများသည် ထာဝရဘုရားမခိုင်းစေခဲ့သောပညတ်များကို စောင့်ထိန်းခြင်းဖြင့်သာ အချိန်ကုန်လွန်စေခဲ့သဖြင့် ၎င်းတို့၏စိတ်အာရုံများသည် ဘုရားသခင့်ပညတ်တော်၏မဟာစည်းမျဉ်းများမှသွေဖည်သွားခဲ့ကြပါသည်။

ခရစ်တော်နှင့်တပည့်တော်များသည် ခြေလက်ဆေးကြောသန့်စင်မှုဆိုင်ရာဝိနည်းထုံးဖွဲ့မှုများကို မစောင့်ထိန်းခဲ့ကြချေ။ သူလျှိုများသည်

ဤအချက်ကိုအခွင့်ကောင်းယူ၍ စွဲချက်တင်ခဲ့ကြပါသည်။ သို့ရာတွင် ထိုသူလျှိုများသည် ခရစ်တော်အား တိုက်ရိုက်တိုက်ခိုက်ပြောဆိုခြင်း မပြုခဲ့ကြဘဲ တပည့်တော်များကို ဝေဖန်ပြစ်တင်ခြင်းအားဖြင့် သွယ်ဝိုက်သောနည်းမျိုးကိုသုံးကာ ကိုယ်တော်အားအပြစ်တင်ခဲ့ကြပါသည်။ "ရှေးလူဟောင်းတို့မှဆက်ခံသောနည်းဥပဒေသကို ကိုယ်တော်၏တပည့်တို့သည် အဘယ်ကြောင့်လွန်ကျူးသနည်း။ သူတို့သည် လက်မဆေးဘဲ အစာစားကြပါသည်တကား" ဟု လူအုပ်ကြီးရှေ့မှာပင် တမန်တော်များအား သူတို့အပြစ်တင်ပြောဆိုခဲ့ကြ၏။

သမ္မာတရားသတင်းစကားသည် လူများ၏စိတ်နှလုံးတွင် တန်ခိုးကြီးစွာစွဲလမ်းလာသည့်အခါတိုင်း အသေးအမွှားကိစ္စကလေးများတို့ အပေါ် ငြင်းခုံမှုဖြစ်ပွားရန် စာတန်သည် ၎င်း၏ဘက်တော်သားများအား လှုံ့ဆော်ပေးတတ်ပါသည်။ သူသည် ဖြစ်ပျက်နေသောအခြေအနေမှန်မှ အာရုံပြောင်းသွားရန် ထိုနည်းအားဖြင့် ကြိုးစားလေ့ရှိပါသည်။ ကောင်းမြတ်သောအလုပ်တစ်ခုကို အစပျိုးထားသည့်အခါတိုင်း လူများ၏စိတ်အာရုံကို အဖြစ်မှန်မှလွဲဖည်သွားစေရန် သီးခြားနည်းစနစ်များနှင့် လုပ်နည်းလုပ်ဟန်များကို သုံး၍ငြင်းခုံမှုများပြုလုပ်ရန် အကြောင်းမဲ့အပြစ်ရှာသူများက အခွင့်ကောင်းကိုစောင့်နေတတ်ပါသည်။ ကိုယ်တော်ရှင်သည် မိမိ၏လူတို့အတွက် ထူးခြားသောလုပ်နည်းလုပ်ဟန်များတို့ဖြင့် အမှုတော်ဆောင်တော့မည့်အကြောင်းကို သိသာထင်ရှားသောအချိန်တွင် ဝိညာဉ်များ၏ဆုံးရှုံးမှုများအတွက်သာ လုပ်ဆောင်နိုင်မည့်တိုက်လှန်ပွဲထဲသို့လိုက်ပါသွားရန် အဖြားယောင်းမခံပါစေနှင့်။ ကျွန်ုပ်တို့အား စိတ်ပူပန်စေသောမေးခွန်းများတို့မှာ "ကျွန်ုပ်သည် စစ်မှန်သောယုံကြည်ခြင်းနှင့် သားတော်ဘုရားကို ယုံကြည်ပါသလား။" "ကျွန်ုပ်တို့၏အသက်တာသည် ပညတ်တော်နှင့်ကိုက်ညီပါသလား" ဟူသောမေးခွန်းများဖြစ်ကြသည်။ "သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။" "ထိုသခင်ကိုကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား ပညတ်တော်တို့ကိုစောင့်ရှောက်လျှင် သိရသတည်း။" ယောဟန် ၃း၃၆။ ၁ယော ၂း၃။



ခရစ်တော်သည် မိမိကိုယ်ကိုလည်းကောင်း၊ တပည့်တော်များကိုလည်းကောင်း ကာကွယ်ရန်မကြိုးစားခဲ့ချေ။ မိမိအပေါ်ပြုလုပ်ထားသည့် စွပ်စွဲမှုများအား ရည်ညွှန်းပြောဆိုခြင်းမပြုတော့ဘဲ လူများတို့တီထွင်ထားသည့်ဓလေ့ထုံးစံများအပေါ် စိတ်အားကြီးရန် ဤသူများအား လှုံ့ဆော်ပေးနေသောသူကို ထင်ရှားစေရန်အတွက် ကိုယ်တော်ဆက်လက်ဖော်ထုတ်တော်မူခဲ့ပါသည်။ "သင်တို့သည် အဆက်ဆက်ခံသောနည်းဥပဒေသကို ကျင့်ရသောအခွင့်ရှိစေခြင်းငှါ ဘုရားသခင်၏ပညတ်တော်ကို လျှောက်ပတ်စွာပယ်ကြသည်တကား။ မောရှေ၏ပညတ်ကား မိဘကိုရိုသေစွာပြုလော့၊ အကြင်သူသည် မိဘကို နှုတ်ဖြင့်ပြစ်မှား၏။ ထိုသူသည် အသေသတ်ခြင်းကို ခံစေဟုလာသတည်း။ သင်တို့မူကား အကြင်သူသည် ကိုယ်မိဘကို သင်တို့အသုံးရနိုင်သမျှသော ငါ၏ဥစ္စာသည် အလှူဝတ္ထုတည်းဟူသော ကော်ဘန်ဖြစ်စေဟုဆို၏။ ထိုသူသည် မိဘဝတ်ကိုအလျှင်းမပြုရဟုမြစ်တား၍ မိမိတို့အဆက်ဆက်ခံသောနည်းဥပဒေသများကို တိတိကျကျလိုက်လျှောက်ကြစဉ်တွင် ပညတ်တော်ဆယ်ပါးမှ ပဥ္စမပညတ်ကိုအရေးမစိုက်သလို ဘေးဖယ်ထားခဲ့ကြပါသည်။ မိဘများကိုထောက်ပံ့ကူညီခြင်းထက် ဗိမာန်တော်အတွက် ဆက်ကပ်လှူဒါန်းခြင်းသည် ပို၍မှန်မြတ်သည့်လုပ်ဆောင်မှုဖြစ်သည်ဟုလည်း သွန်သင်ခဲ့ကြပါသည်။ ၎င်းပြင် မည်မျှပင်အရေးကြီးစေကာမူ ဘုရားသခင်အတွက် သီးသန့်သတ်မှတ်ထားသည့်ပစ္စည်းဥစ္စာများထဲမှ မိဘအတွက်အသုံးပြုမိလျှင် ဘုရားသခင်ကိုမခံ့မညားပြုခြင်းဖြစ်သည်ဟုလည်း သွန်သင်ကြပါသည်။ ထိုသို့သောတာဝန်ပျက်ကွက်သောသားသမီးတစ်ဦးသည် ဘုရားသခင်ထံဆက်ကပ်အပ်နှံလျက် မိမိ၏ပစ္စည်းဥစ္စာများအပေါ် "ကော်ဘန်" ဟုကြေညာ၍ မိမိအသက်ရှင်သရွေ့ကာလပတ်လုံး ထိုပစ္စည်းဥစ္စာများကို လိုအပ်သလိုထိန်းသိမ်းအသုံးပြုနိုင်ခွင့်ရှိပြီး သေဆုံးသောအခါတွင်မူ ဗိမာန်တော်အတွက်သာ သီးခြားသုံးစွဲရမည်ဖြစ်ပါသည်။ ထိုနည်းအားဖြင့် သူသည် အသက်ရှင်လျက်ရှိသောအချိန်တွင်ဖြစ်စေ၊ သေဆုံးသွားသည့်အချိန်တွင်ဖြစ်စေ၊ ဟန်ဆောင်သောဘုရားဆက်ကပ်

နည်းမျိုး၏အောက်တွင် မိမိ၏မိဘများကို စော်ကားပိုင်ခွင့်ရှိလာကြပါသည်။ သားသမီးဝတ်ကိုမပြုဘဲနေခွင့်ရှိလာကြပါသည်။

ဘုရားသခင်အားပေးလှူရမည့်အလှူငွေများနှင့် လက်ဆောင်ပဏ္ဏာများအပေါ်ထားရှိရမည့်လူ့တာဝန်ကို ယုတ်ညံ့သွားအောင် ခရစ်တော်သည် မည်သည့်အခါကမျှ နှုတ်ဖြင့်သော်လည်းကောင်း၊ လက်ဖြင့်သော်လည်းကောင်း သွန်သင်တော်မမူခဲ့ဖူးချေ။ အလှူငွေနှင့်ဆယ်ဖို့တစ်ဖို့များနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်များပေးခဲ့သူမှာ ခရစ်တော်ပင်ဖြစ်ပါသည်။ သားတော်ဘုရားသက်တော်ထင်ရှားခဲ့စဉ်က မိမိတွင်ရှိသမျှအားလုံးကို ဗိမာန်တော်ငွေသေတ္တာထဲသို့ ထည့်ဝင်ပေးလှူခဲ့သောဆင်းရဲသူတစ်ဦးအား ချီးမွမ်းတော်မူခဲ့ဖူးပါသည်။ သို့ရာတွင် ဘုရားသခင်အတွက် ဖါရိရှဲများ၏စိတ်အားထက်သန်မှုများမှာ မိမိတို့၏ကြီးပွားလိုစိတ်ကို ဖုံးကွယ်ဖို့ဟန်ဆောင်ခြင်းသာဖြစ်ပါသည်။ ထိုသူများသည် ကိုယ့်ကိုကိုယ်လှည့်ဖြားနေပါသည်။ သူတို့သည် ဘုရားသခင်မတင်သည့် လေးသောဝန်များကို ထမ်းရွက်နေကြပါသည်။ ဘိုးစဉ်ဘောင်ဆက်တစ်ဖက်သတ်အထင်လွဲမှုများနှင့် ဖါရိရှဲများ၏သြဇာတန်ခိုးများနှင့်ချည်နှောင်ပတ်ရစ်ထားသည့် ထမ်းပိုးနှင့် ခရစ်တော်၏တပည့်တော်များသည်ပင်လျှင် လုံးလုံးလျားလျားကြီးလွတ်ကင်းခဲ့ကြသည်မဟုတ်ချေ။ ယခု၌မူ ဖါရိရှဲများ၏သဘောထားအမှန်ကိုဖော်ပြခြင်းအားဖြင့် ဘုရားသခင်ကိုအလုပ်အကျွေးပြုရန် အမှန်တကယ်ဆန္ဒရှိသူများအား ရိုးရာဓလေ့အနှောင်အဖွဲ့မှလွတ်ကင်းရန် ကြိုးစားတော်မူခဲ့ပါသည်။

"လျှို့ဝှက်သောသူတို့၊ ဟေရှာယသည် သင်တို့ကိုရည်မှတ်လျက်ဤလူမျိုးသည် နှုတ်နှင့်ငါ့ထံသို့ချဉ်းကပ်၍ နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။ လူတို့စီရင်သောပညတ်တို့ကို သွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏" ဟု မိန့်တော်မူ၏။ ခရစ်တော်၏စကားများသည် ဖါရိရှဲတို့၏ယုံကြည်လက်ခံမှုအားလုံးကို စွဲချက်တင်လိုက်ခြင်းဖြစ်ပါသည်။ ဖါရိရှဲများ၏သွန်သင်ချက်များကို ဘုရားသခင်၏ပညတ်များအလယ်တွင်ထားခြင်းအားဖြင့် မိမိတို့ကိုယ်ကို



ဘုရားသခင့်အထက်တွင် ချီးမြှောက်ကြခြင်းဖြစ်ကြောင်း ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။

ထိုစကားများကြောင့် ယေရုရှလင်မြို့မှရောက်ရှိလာကြသောကိုယ်စားလှယ်များစွာအမျက်ထွက်ကြပါသည်။ ခရစ်တော်သည် ပညတ်တော်ကိုကာကွယ်ပြောဆိုနေသဖြင့် ကိုယ်တော်အား ပညတ်တော်လွန်ကျူးသူအဖြစ် သူတို့မစွပ်စွဲနိုင်ခဲ့ကြချေ။ ကိုယ်တော်ရှင်တင်ဆက်ခဲ့သောမဟာပညတ်များသည် ဖါရိရှဲများတီထွင်ထားသည့် သေးနုပ်သောပညတ်များနှင့်များစွာကွာဟနေကြောင်း ထင်ရှားနေပါသည်။

လူကိုညစ်ညူးစေသောအရာသည် ခန္ဓာကိုယ်အတွင်းသို့ အပြင်မှဝင်လာသည့်အရာများမဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းမှထွက်လာသောအရာများဖြစ်ကြောင်းကို လူအုပ်ကြီးနှင့်တကွ တပည့်တော်များအား ရှင်းလင်းသွန်သင်တော်မူခဲ့ပါသည်။ စင်ကြယ်မှုနှင့်မစင်ကြယ်မှုသည် နှလုံးနှင့်သာသက်ဆိုင်ပါသည်။ မကောင်းသောလုပ်ရပ်၊ မကောင်းသောစကား၊ မကောင်းသောအတွေးအခေါ်၊ ဘုရား၏ပညတ်တော်ကိုလွန်ကျူးခြင်း၊ လူများတီထွင်ထားသည့် အပြင်ပန်းလုပ်ဆောင်မှုများကိုစွဲလမ်းခြင်းများသည် လူတစ်ဦးအား ညစ်ညူးစေသောအရာများဖြစ်ပါသည်။

ထိုသူလျှိုများသည် မိမိတို့၏မှားယွင်းသောသွန်သင်ချက်များကို ခရစ်တော်ဖွင့်ဟနေသောကြောင့် အမျက်ဒေါသထွက်နေကြကြောင်းကို တမန်တော်များသတိပြုမိခဲ့ကြပါသည်။ သူတို့သည် ၎င်းတို့၏ဒေါသအကြည့်များကိုမြင်ကြရပြီး မကျေနပ်မှုများနှင့်လက်စားချေလိုကြောင်းထုတ်ဖော်သည့် မကြားတကြားပြောသည့်စကားသံများကိုလည်း ကြားခဲ့ကြရပါသည်။ ခရစ်တော်သည် လူတစ်ယောက်၏စိတ်နှလုံးအား ဖွင့်ထားသောစာတစ်အုပ်ကိုဖတ်သည့်နှယ် ဖတ်နိုင်ကြောင်းပြခဲ့သည့်အထောက်အထားများကို သူတို့မေ့ခဲ့ကြပြီး နှုတ်တော်ထွက်စကားများ၏အကျိုးသက်ရောက်ခဲ့ပုံများကို ကိုယ်တော်အား သူတို့ပြောပြနေကြပါသည်။ ကိုယ်တော်အနေနှင့် ထိုကိုယ်စားလှယ်များ၏အမျက်ကို ဖြေနိုင်ကောင်းဖြေနိုင်မည်ဟု မျှော်လင့်လျက် "ယခုမိန့်တော်မူသောစကားကို ဖါရိရှဲတို့သည်

ကြားသောအခါ စေတနာစိတ်ပျက်ကြသည်ကိုသိတော်မူသလော” ဟု ကိုယ်တော်အား သူတို့လျှောက်ထားကြ၏။

ကိုယ်တော်ကလည်း “ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ ခမည်းတော်စိုက်တော်မမူသောအပင်ရှိသမျှတို့ကို နုတ်ရလိမ့်မည်” ဟု မိန့်တော်မူ၏။ ဖါရိရှဲများအမြတ်တနိုးတန်ဖိုးထားနေကြသောဓလေ့ထုံးစံများနှင့် ရိုးရာဓလေ့များသည် အထက်အရပ်မှလာသောအရာများမဟုတ်ကြဘဲ လောကီသားများ၏ဓလေ့ထုံးစံများသာဖြစ်ကြပါသည်။ ၎င်းတို့သည် လူထုအပေါ်တွင် မည်သို့ပင်ဩဇာညောင်းစေကာမူ ဘုရားသခင်၏ စစ်ဆေးမှုကိုမခံရပ်နိုင်ခဲ့ကြချေ။ “ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကိုစစ်ကြော၍ တရားသဖြင့်စီရင်တော်မူ” သောအချိန်တွင် ဘုရား၏ပညတ်တော်များ၏ နေရာတွင် အစားထိုးထားသည့် လူတို့တည်ထောင်ထားသည့်ပညတ်များသည် တန်ဖိုးမဲ့ကြောင်းတွေ့မြင်ကြရလိမ့်မည်။ (ဒေသနာ ၁၂း၁၄)။

လူများတို့တီထွင်သည့်ပညတ်များကို ဘုရားသခင်၏ပညတ်တော်နေရာတွင် အစားထိုးခြင်းအလုပ်သည် ယခုတိုင်မရပ်စဲသေးချေ။ ထိုသူများ၏ရှေးရိုးရာဓလေ့များထက် သာလွန်သည့်လုပ်ဆောင်မှုများနှင့် အသုံးအနှုန်းများသည် ခရစ်ယာန်များထဲမှာပင် တွေ့ရှိနေရပါသည်။ လူ၏လုပ်ပိုင်ခွင့်များအပေါ် အမှီပြုထားသည့် ထိုကဲ့သို့သောထုံးစံဓလေ့များသည် ဘုရားသခင်၏စီမံသတ်မှတ်ချက်များကို ချေဖျက်နေပါသည်။ လူများသည် မိမိတို့၏ရိုးရာများအပေါ်တွင် စွဲလမ်းပြီး မိမိတို့၏ဓလေ့အကျင့်များကိုသာလေးစားကာ မိမိတို့၏အမှားကိုထောက်ပြကြသူများအား မုန်းတီးခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ယခုအခါတွင် လူများအား ပညတ်တော်ကိုစောင့်၍ ယေရှုကိုယုံကြည်ရန်တိုက်တွန်းကြသောအခါ ခရစ်တော်၏နေ့ရက်များတွင် ဖြစ်ခဲ့သကဲ့သို့ပင်ဖြစ်လျက်ရှိပါသည်။ ကျန်ကြွင်းသောသူများအကြောင်းနှင့် ပတ်သက်၍ ကျမ်းစာတွင်ဖော်ပြထားသည်မှာ “နဂါးသည်---ဘုရားသခင်၏ ပညတ်တော်တို့ကိုကျင့်၍ ယေရှု၏သက်သေခံတော်မူချက်ကို စွဲလမ်းသော



သူတည်းဟူသော ထိုမိန်းမ၌ကြွင်းသောအမျိုးအနွယ်ကို စစ်တိုက်ခြင်းငှါ သွား၏” ဟူ၏။ ဗျာဒိတ် ၁၂း၁၇။

“ငါ့ခမည်းတော်စိုက်တော်မမူသောအပင်ရှိသမျှတို့ကို နုတ်ရလိမ့်မည်” ဟုဆိုရာ၌ အသင်းတော်မှအမည်ခံ ရှေးဘိုးဘေးများ၏သွန်သင်ချက်များအစား ကောင်းကင်နှင့်မြေကြီးအရှင်ထာဝရဘုရားသခင်၏နှုတ်ကပတ်တော်ကိုလက်ခံရန် ကျွန်ုပ်တို့အား မိန့်တော်မူခြင်းဖြစ်ပါသည်။ ထိုနှုတ်ကပတ်တော်တစ်ခုတည်းသာလျှင် အမှားကင်းသောသမ္မာတရားဖြစ်ပါသည်။ “သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့် အကျွန်ုပ်၏ဆရာအပေါင်းတို့ထက် သာ၍နားလည်ပါ၏။ ကိုယ်တော်၏ဥပဒေသများကိုစောင့်သောကြောင့် အသက်ကြီးသူတို့ထက် သာ၍ဉာဏ်ကောင်းပါ၏” (ဆာလံ ၁၁၉း၉၉-၁၀၀) ဟု ဒါဝိဒ်မြွက်ဆိုခဲ့၏။ “လူတို့စီရင်သောပညတ်တို့ကိုသွန်သင်၍ နည်းဥပဒေသပေးလျက်ပင် ငါ့ကိုအချည်းနှီးကိုးကွယ်ကြ၏” ဟူသော ခရစ်တော်၏သတိပေးစကားကို လူတို့၏နည်းဥပဒေသများကိုလည်းကောင်း၊ ထိုအသင်းတော်၏ဓလေ့ထုံးစံများကိုလည်းကောင်း၊ ရှေးဘိုးဘေးများ၏ရိုးရာများကိုလည်းကောင်း လက်ခံကျင့်သုံးကြသူများအားလုံးသည် ဂရုပြုကြရန်ဖြစ်ပါသည်။

-၀-

## (၄၃)
## ဖြိုဖျက်ခြင်းခံခဲ့ရသောအတားအဆီးများ

ရှင်မဿဲ ၁၅း၂၁-၂၈။ ရှင်မာကု ၇း၂၄-၃၆ တို့ကိုအခြေပြုထားပါသည်

ခရစ်တော်သည် ဖါရိရှဲများနှင့်ထိပ်တိုက်တွေ့ပြီးနောက် ကပေရနောင်မြို့မှထွက်ခွာလာကြပြီး ဂါလိလဲအိုင်ကိုဖြတ်ကျော်ကာ ဖိနိတ်ပြည်သို့ထွက်ကြွသွားတော်မူပါသည်။ အနောက်ဘက်သို့မျှော်ကြည့်တော်မူလိုက်ရာ လွင်ပြင်ကြီး၌တည်ရှိနေသော တစ်ပါးအမျိုးသား၏ဘုရားကျောင်းများ၊ ကြီးကျယ်ခမ်းနားလှသည့်နန်းတော်ကြီးများနှင့်ကုန်ကူးသန်းရောင်းဝယ်သည့်ပွဲရုံများ၊ လှေသင်္ဘောများနှင့်စည်ကားနေသောသင်္ဘောဆိပ်များ စသည်တို့နှင့်ပြီးသော တုရုမြို့နှင့်ဇိဒုန်မြို့များကိုမြင်တွေ့တော်မူပါသည်။ ထိုမြင်ကွင်း၏နောက်ကွယ်တွင်မူ ကမ္ဘာ့နိုင်ငံကြီးများ၏အချက်အချာနေရာများသို့ ဧဝံဂေလိသတင်းစကားဖြတ်သန်းသယ်ဆောင်ရာတွင် အသုံးပြုခြင်းခံရမည့်မြေထဲပင်လယ်ရေပြာပြာကိုတွေ့မြင်ရပါသည်။ ထိုအချိန်သည် ယခုမကျရောက်သေးသော်လည်း ကိုယ်တော်သည် ထိုလုပ်ငန်းအတွက် တမန်တော်များကို လောလောဆယ်အနေဖြင့် ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။ ဤဒေသသို့ကြွလာတော်မူခဲ့ရခြင်းမှာ ဗက်ဇဲဒမြို့တွင် အလုပ်များခဲ့သည့်အတွက် အနားယူရန်ဖြစ်ပါသည်။ သို့ရာတွင် အခြားအကြံအစည်များလည်း ကိုယ်တော်၌ရှိပါသေးသည်။ "ကျေးလက်သို့ကြွတော်မူလျှင် ခါနာန်အမျိုးဖြစ်သော မိန်းမတစ်ယောက်သည် ထိုနယ်စပ်မှထွက်လာ၍ ဒါဝိဒ်၏သားတော်ရှင်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏သမီးသည် နတ်ဆိုးနှိပ်စက်ခြင်းကို ပြင်းစွာခံရပါသည်ဟု ဟစ်ကြော်၏။" မဿဲ ၁၅း၂၂။ ထိုဒေသတွင်နေထိုင်သူများသည် ရှေးကျသောခါနာန်လူမျိုးများဖြစ်ပြီး ရုပ်တုကိုးကွယ်သူများလည်းဖြစ်ကြပါသည်။ ဂျူးလူမျိုးများက ၎င်းတို့အား အထင်သေးပြီး မုန်းတီးကြပါသည်။ ခရစ်တော်ထံသို့ ယခုရောက်လာသောအမျိုးသမီးသည်လည်း ထိုအမျိုးထဲမှဖြစ်ပါသည်။ သူမသည် တစ်ပါးအမျိုးသားတစ်ဦးဖြစ်သော



ကြောင့် ဂျူးလူမျိုးများနေ့စဉ်ခံစားနေရသောအခွင့်အရေးများကို ခံစားခွင့်မရခဲ့ပါချေ။ များစွာသောဂျူးလူမျိုးများလည်း ဖိနိတ်ပြည်တွင်နေထိုင်လျက်ရှိခဲ့ကြပြီး ၎င်းတို့၏နယ်သို့ ခရစ်တော်၏အမှုတော်သတင်းသည် ရောက်ရှိလာခဲ့ပါသည်။ အချို့သောသူများသည် ကိုယ်တော်၏နှုတ်ထွက်စကားများကိုကိုယ်တိုင်ကြားနာခဲ့ကြရပြီး အံ့ဖွယ်နိမိတ်လက္ခဏာများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါသည်။ ဤပုရောဖက်သည် ရောဂါမျိုးစုံကို ကုသပျောက်ကင်းစေခဲ့ကြောင်းကို အခြားသူများ၏ပြောကြားချက်အရ သူမကြားသိခဲ့ရသည်။ ထိုတန်ခိုးတော်အကြောင်းကို ကြားရသည့်အတွက် သူမ၏စိတ်နှလုံးအတွင်းဝယ် မျှော်လင့်ချက်များပေါက်ဖွားလာခဲ့ပါသည်။ သူမသည် မိခင့်မေတ္တာ၏လှုံ့ဆော်ချက်အရ သမီးငယ်၏ရောဂါအခြေအနေကို ခရစ်တော်ထံတင်ပြရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ နာမကျန်းဖြစ်နေသောသမီးအားကိုယ်တော့်ထံသို့ဆောင်ယူသွားရန်မှာ သူမ၏ခိုင်မာသောရည်ရွယ်ချက်ဖြစ်ပါသည်။ ကိုယ်တော်သည် သူမ၏သမီးအားကုသပေးမည်ဟုလည်း ယုံကြည်ထားပါသည်။ သမီးငယ်၏ကျန်းမာရေးအတွက် တစ်ပါးအမျိုးသားဘုရားများထံမှအကူအညီအမအစရရန် ကြိုးစားခဲ့ပြီးဖြစ်သော်လည်း သက်သာမှုမရခဲ့ပါချေ။ ဂျူးလူမျိုးဖြစ်သောဤဆရာသည် ငါ့အတွက် ဘာလုပ်ပေးနိုင်မှာလဲဟူ၍ စဉ်းစားမိရန် သူမသည် ရံဖန်ရံခါစုံစမ်းခြင်းခံခဲ့ရပါသည်။ သို့ရာတွင် ကြားခဲ့ရသောသတင်းများအရ ကိုယ်တော်သည် ဆင်းရဲချမ်းသာမရွေး မိမိထံသို့ရောက်လာသည့်ရောဂါသည်ပေါင်းစုံတို့အား ကုသပျောက်ကင်းစေကြောင်း သူမကြားသိခဲ့ရသဖြင့် တစ်ခုတည်းသော ထိုမျှော်လင့်ချက်ကိုအဆုံးရှုံးမခံရန် သူမဆုံးဖြတ်ချက်ချလိုက်သည်။

သူမသည် မိမိအားတွေ့ဆုံရန် တောင့်တလျက်ရှိကြောင်း သူမ၏အခြေအနေမှန်ကို သိရှိတော်မူသဖြင့် ကိုယ်တော်သည် ၎င်းနှင့်တွေ့နိုင်မည့်လမ်းပေါ်တွင် လျှောက်လှမ်းတော်မူခဲ့ပါသည်။ သူမ၏ဝမ်းနည်းကြေကွဲမှုကိုပြေပျောက်စေရန် မစကူညီခြင်းအားဖြင့် ၎င်းတို့အားသွန်သင်ရန် မိမိကြံရွယ်တော်မူခဲ့သည့် ထိရောက်သောသင်ခန်းစာများကို သင်ကြားပေးနိုင်မည်ဖြစ်ပါသည်။ ထိုရည်ရွယ်ချက်ဖြင့် တမန်တော်များကို ဤဒေသသို့

ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။ ဣသရေလတိုင်းပြည်နှင့်ကပ်လျက်ရှိသောမြို့ရွာများတွင်ရှိနေသော အသိပညာကင်းမဲ့မှုများကို ၎င်းတို့မြင်တွေ့စေလိုတော်မူပါသည်။ သမ္မာတရားကိုနားလည်ခွင့်ရခဲ့သူများသည် မိမိတို့၏ပတ်ဝန်းကျင်တွင်ရှိနေကြသူများ၏လိုအပ်ချက်များကို မသိရှိခဲ့ကြချေ။ အမှောင်ကမ္ဘာမှဝိညာဉ်များအားကယ်ဆယ်ရန် မည်သည့်ကြိုးစားမှုကိုမျှ သူတို့မလုပ်ခဲ့ကြချေ။ ယုဒလူများ၏မာနထောင်လွှားမှုဖြင့် တည်ဆောက်ထားသည့်ကန့်လန့်ကာတံတိုင်းကြီးသည် တမန်တော်များအားလည်း တစ်ပါးအမျိုးသားကမ္ဘာနှင့် တံတိုင်းကာခြားစေခဲ့ပါသည်။ သို့သော် ထိုတံတိုင်းများကို ဖြိုချပစ်ရမည်ဖြစ်ပါသည်။

ခရစ်တော်သည် ထိုအမျိုးသမီး၏တောင်းဆိုမှုကို ချက်ချင်းမတုံ့ပြန်ခဲ့ချေ။ အထင်သေးခြင်းခံရသည့်လူမျိုးထဲမှ ၎င်းအား အခြားယုဒလူမျိုးများကဆက်ဆံသကဲ့သို့ပင် ကိုယ်တော်လက်ခံ၍ ဆက်ဆံခဲ့ပါသည်။ ဤအမျိုးသမီးအား ထိုကဲ့သို့ကိုယ်တော်ရှင်ဆက်ဆံခြင်းအားဖြင့် ဤကိစ္စမျိုးတွင် ယုဒလူမျိုးများ၏စိတ်မပါ့တပါနှင့်လုပ်ဆောင်ခဲ့ခြင်းများတို့ကိုလည်းကောင်း၊ သူမ၏တောင်းခံချက်ကို ဆက်တိုက်ဖြည့်ဆည်းခြင်းအားဖြင့် ထိုကဲ့သို့သောဒုက္ခဆင်းရဲခြင်းများကို မစကူညီမည်ဖြစ်သော ကိုယ်တော်၏ကရုဏာလုပ်ရပ်များကိုလည်းကောင်း တမန်တော်များ၏စိတ်တွင် စွဲမှတ်သွားစေရန် ကိုယ်တော်ကြံရွယ်တော်မူခဲ့ပါသည်။

ခရစ်တော်သည် ချက်ချင်းတုံ့ပြန်မှုမပြုခဲ့သော်လည်း ထိုအမျိုးသမီးသည် ယုံကြည်မှုလျော့ပါးမသွားခဲ့ချေ။ မကြားသလိုလုပ်၍ မိမိအားကျော်ဖြတ်သွားခဲ့သော်လည်း သူမသည် ကိုယ်တော်နောက်မှလိုက်၍ဆက်လက်တောင်းခံခဲ့ပါသည်။ တမန်တော်များသည် သူမ၏မရမကတောင်းခံမှုကြောင့် စိတ်ဆိုးလာကြပြီး သူမအားနှင်ထုတ်ပစ်ရန် ခရစ်တော်ထံခွင့်ပန်ခဲ့ကြသည်။ ၎င်းတို့၏သခင်သည် သူမအားစိတ်မဝင်စားသလိုဆက်ဆံခဲ့သဖြင့် ခါနာန်လူမျိုးများအပေါ်ထားခဲ့သည့် ယုဒများ၏တစ်ဖက်သတ်အထင်လွဲမှားမှုများကို ကိုယ်တော်နှစ်သက်တော်မူသည်ဟု သူတို့ယူဆခဲ့ကြပါသည်။ ထိုခါနာန်အမျိုးသမီးသည် သနားညှာတာတတ်သော



ကယ်တင်ရှင်ထံတွင် အသနားခံခဲ့သော်လည်း တမန်တော်များ၏တောင်းခံချက်ကို ပြန်လည်ဖြေဆိုသည့်အနေဖြင့် “ဣသရေလအမျိုးအဝင်ပျောက်လွင့်သောသိုးများမှတစ်ပါး အခြားသောအမျိုးရှိရာသို့ ငါ့ကိုမစေလွှတ်” ဟုသူမအားတုံ့ပြန်ခဲ့ပါသည်။ ဤအဖြေသည် ယုဒလူများ၏တစ်ဖက်သတ်အထင်လွဲမှားမှုများနှင့်ကိုက်ညီနေကြောင်း ထင်ရှားခဲ့သော်လည်း မိမိအားလက်ခံယုံကြည်သူအပေါင်းတို့ကို ကယ်တင်ရန် ဤလောကသို့ကြွလာကြောင်း နောက်ပိုင်းတွင် ၎င်းတို့နားလည်သဘောပေါက်ခဲ့ကြသည့် မကြာခဏကိုယ်တော်ပြောခဲ့သောအရာများကို သတိပေးသည့်အနေဖြင့် တမန်တော်များအား ပြောဆိုသည့်သဘောလည်းဖြစ်ပါသည်။

ထိုအမျိုးသမီးသည် ခြေတော်ရင်းတွင်ဦးစိုက်၍ မိမိ၏ပြဿနာအားကူညီစေရန် လှိုက်လှဲစွာတောင်းခံလျက် “ကျွန်မကိုကယ်မတော်မူပါသခင်” ဟုဟစ်အော်လေ၏။ ယေရှုသည် ယုဒလူများ၏တစ်ဖက်သတ်အထင်လွဲမှုများအတိုင်း ၎င်း၏တောင်းဆိုချက်ကို ငြင်းဆန်သည့်သဘောဖြင့် “သား၏အစာကိုယူ၍ ခွေးအားမပေးမချအပ်” ဟုဆို၏။ အဓိပ္ပါယ်မှာဘုရားသခင်၏လူများအပေါ်သို့ကျရောက်သော ကောင်းချီးမင်္ဂလာများကို ဣသရေလမဟုတ်သူများအတွက်အသုံးပြုခြင်းသည် မမှန်ကန်ဟုဆိုလိုပါသည်။ ဤအဖြေသည် တော်ရုံတန်ရုံစိတ်အားထက်သန်မှုရှိသောတောင်းခံသူတစ်ယောက်အား လုံးလုံးကြီးစိတ်ဓာတ်ကျသွားစေပါသည်။ သို့သော် ဤအမျိုးသမီးအနေဖြင့်မူ မိမိအတွက် အခွင့်အရေးပေါ်ကြောင်း မြင်တွေ့ခဲ့ပါသည်။ ခရစ်တော်၏ပြင်းပြင်းထန်ထန်ငြင်းဆန်မှုအောက်တွင် ကိုယ်တော်၏မဖုံးကွယ်နိုင်သည့်သနားခြင်းကရုဏာတော်ကို သူမမြင်တွေ့ခဲ့ပြီး “မှန်ပါ၏သခင်၊ ခွေးမည်သည်ကား မိမိသခင်၏စားပွဲမှကျသောစားနုပ်စားပေါက်ကိုစားမြဲထုံးစံရှိပါ၏” ဟုလျှောက်လေ၏။ အိမ်တော်သားများသည် အဘ၏စားပွဲတွင်စားသောက်ကြစဉ် ခွေးများကိုမကျွေးဘဲပစ်မထားကြချေ။ စားပွဲပေါ်မှကျလာခဲ့သော များစွာသောစားပေါက်စားနုပ်များကို ထိုခွေးများကောက်၍စားခွင့်ရှိကြပါသည်။ ထိုနည်းတူဣသရေလများအား များစွာကောင်းချီးများကိုချပေးစဉ်တွင် သူမအတွက်

ကောင်းချီးမင်္ဂလာတစ်ခုတလေမျှမရှိခဲ့လေပြီလော။ ခွေးတစ်ကောင်ကဲ့သို့ သဘောထားခဲ့သဖြင့် သူမသည် စားနုပ်စားကြွင်းများကို ခွေးတစ်ကောင်ကဲ့သို့တောင်းခံခွင့်မရှိပေဖူးလား။

ဖါရိရှဲများသည် မိမိ၏အသက်ကိုရန်ရှာရန် ကြိုးစားနေကြသောကြောင့် မိမိ၏လုပ်ငန်းခွင်မှ ယခုတွင် ခရစ်တော်ထွက်ခွာခဲ့ရပါသည်။ သူတို့သည် မြည်တွန်တောက်တီး၍ ပြစ်တင်ဝေဖန်ခဲ့ကြပါသည်။ မယုံကြည်မှုများနှင့် ခါးသီးမှုများကို ထင်ရှားစေခဲ့ကြပြီး အလကားပေးသောကယ်တင်ခြင်းဆုကျေးဇူးကို ငြင်းပယ်ခဲ့ကြပါသည်။ ဤနေရာတွင် နှုတ်ကပတ်တော်အလင်းတရားကိုသိခွင့်မရခဲ့ကြသည့် အနှိမ်ခံလူမျိုးတစ်မျိုးမှ ကံဆိုးသူတစ်ဦးနှင့်တွေ့ဆုံခဲ့ပါသည်။ သူမသည် အလင်းတရားကိုမရရှိခဲ့သော်လည်း ခရစ်တော်၏မွန်မြတ်သောတန်ခိုးတော်အောက်တွင် ချက်ချင်းခိုဝင်လိုက်ကာ မိမိတောင်းခံခဲ့သည့်အရာကိုပေးမည့် ကိုယ်တော်ရှင်၏အစွမ်းသတ္တိကို လုံးလုံးလျားလျားယုံကြည်ကိုးစားခဲ့ပါသည်။ သူမသည် သခင်၏စားပွဲမှ ကျသည့်စားနုပ်စားဖွဲများကိုသာ တောင်းခံခဲ့ပါသည်။ ခွေးတစ်ကောင်၏ အခွင့်အရေးကိုရနိုင်မည်ဆိုလျှင်လည်း မိမိအား ခွေးတစ်ကောင်ကဲ့သို့ သတ်မှတ်ချက်ကိုအလိုရှိခဲ့ပါသည်။ သူမ၌ အမျိုးသားရေးနှင့်ဘာသာရေး အစွဲကြီးမှုများ၊ မာနထောင်လွှားခြင်းများ ကင်းရှင်းခဲ့ပါသည်။ ၎င်းပြင် ခရစ်တော်အား ကယ်တင်ရှင်တစ်ပါးကဲ့သို့လည်းကောင်း၊ မိမိ၏တောင်းဆိုချက်ကိုဖြည့်ဆည်းပေးနိုင်သူကဲ့သို့လည်းကောင်း ချက်ချင်းအသိအမှတ်ပြုခဲ့ပါသည်။

ကိုယ်တော်သည် မိမိအပေါ်ထားရှိသည့် သူမ၏ယုံကြည်ခြင်းကို စမ်းသပ်ပြီးဖြစ်၍ ကျေနပ်အားရတော်မူခဲ့ပါသည်။ ထိုကဲ့သို့ သူမနှင့်ဆက်ဆံပြုမူခဲ့ခြင်းအားဖြင့် ဣသရေလများမှအပယ်ခံဟု သတ်မှတ်ခြင်းခံခဲ့ရသော သူမသည် တစ်ကျွန်းတစ်နိုင်ငံသားမဟုတ်တော့ဘဲ ဘုရားသခင်၏ အိမ်ထောင်စုအဝင်သမီးတစ်ယောက်ဖြစ်ကြောင်းကို ကိုယ်တော်ပြသခဲ့ပါသည်။ သားသမီးတစ်ဦးအနေဖြင့် အဖ၏ဆုကျေးဇူးများကို မျှဝေခံစားခွင့်ရှိပါသည်။ ယခုတွင် ခရစ်တော်သည် သူမ၏တောင်းခံချက်ကိုပေးသနား



တော်မူကာ တမန်တော်များအတွက် ပို့ချသည့်ထိုသင်ခန်းစာကို အဆုံးသတ်လိုက်ပါသည်။ သနားခြင်းမေတ္တာနှင့်ပြည့်ဝသောအကြည့်ဖြင့် သူမဘက်သို့ လှည့်လိုက်ကာ “အိုမိန်းမ၊ သင်သည် ယုံကြည်အားကြီးလှပြီ၊ သင်အလိုရှိသည့်အတိုင်း သင့်၌ဖြစ်စေ” ဟုမိန့်တော်မူ၏။ ထိုအချိန်မှစ၍ သူမ၏ သမီးငယ်သည် ကျန်းမာပကတိဖြစ်လေ၏။ နတ်ဆိုးသည် သူမအား နောက်ထပ်မနှောင့်ယှက်တော့ချေ။ သူမသည် ကိုယ်တော်အား ကယ်တင်ရှင်အဖြစ်အသိအမှတ်ပြုလျက် ဆုတောင်းပြည့်ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထွက်ခွာသွားလေ၏။

ဤနိမိတ်လက္ခဏာသည် ဤခရီးစဉ်တွင် ခရစ်တော်ပြုတော်မူခဲ့သောတစ်ခုတည်းသောနိမိတ်လက္ခဏာဖြစ်ပါသည်။ ဤနိမိတ်လက္ခဏာကိုပြရန် တုရုမြို့နှင့်ဇိဒုန်မြို့နယ်ခြားသို့ ကိုယ်တော်ကြွလာခဲ့ခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ကိုယ်စိတ်နှလုံးဒုက္ခရောက်နေသူ ထိုအမျိုးသမီးအား သက်သာခွင့်ပြုရန် အလိုတော်ရှိသည့်တစ်ချိန်တည်းမှာပင် မကြာမီခွဲခွာရတော့မည့် တမန်တော်များ၏အကျိုးအလို့ငှါ အနှိမ်ခံလူတစ်ဦးအား ကရုဏာလုပ်ငန်း၏ပုံသက်သေတစ်ခုကိုထားရစ်ခဲ့ရန် အလိုတော်ရှိခဲ့ပါသည်။ တမန်တော်များသည် ယုဒလူမျိုးများအတွက်သာမဟုတ်ဘဲ အခြားလူများအတွက်ပါ စိတ်ဝင်စားမှုရှိရန် ကိုယ်တော်ရှင်ဆန္ဒရှိခဲ့ပါသည်။

ခေတ်အဆက်ဆက်ကွယ်ဝှက်ထားခဲ့သော “တစ်ပါးအမျိုးသားတို့သည် ဧဝံဂေလိတရားအားဖြင့် ယုဒအမျိုးသားတို့နှင့်အတူ အမွေခံ၍ တစ်လုံးတစ်ဝတစ်ကိုယ်တည်းဖြစ်လျက် ခရစ်တော်နှင့်ဆိုင်သောကတိတော်ကို ဆက်ဆံရကြသတည်း” ဟူသော သမ္မာတရား၏နက်နဲသောအရာကို ဖော်ထုတ်ရန် ယေရှုရှင်တောင့်တတော်မူခဲ့ပါသည်။ (ဧဖက် ၃း၆)။ ဤသမ္မာတရားကို တမန်တော်များနားမလည်ခဲ့ကြချေ။ ထို့ကြောင့် ခရစ်တော်သည် ၎င်းတို့ကိုထပ်ခါတလဲလဲသွန်သင်ခဲ့ရပါသည်။ ကပေရနောင်မြို့မှတပ်မှူး၏ ယုံကြည်ခြင်းကိုတုံ့ပြန်ခဲ့ခြင်းတွင်လည်းကောင်း၊ ရှုခါမြို့၌နေထိုင်သူများအား ဧဝံဂေလိတရားဟောကြားရာတွင်လည်းကောင်း၊ တစ်ပါးအမျိုးသားများ အပေါ်ထားရှိသည့် ယုဒလူများ၏နာကြည်းသောစိတ်ဓာတ်မျိုး မိမိတွင်

မရှိကြောင်း ကိုယ်တော်ရှင်သက်သေထင်ရှားစေခဲ့ပါသည်။ သို့ရာတွင်
ရှမာရိလူများသည် ဘုရားသခင့်အကြောင်းကို အနည်းငယ်သိရှိထားကြပြီး
ထိုရောမတပ်မှူးသည်လည်း ဣသရေလများအား ကြင်နာမှုပြုခဲ့ပြီးဖြစ်ပါ
သည်။ ယခုတွင်မူ ကိုယ်တော်ထံမှ ဆုကျေးဇူးတစ်စုံတစ်ရာခံစားခွင့်မရှိဟု
၎င်းတို့သတ်မှတ်ထားကြသည့် တစ်ပါးအမျိုးသမီးတစ်ဦးနှင့်တွေ့ဆုံခွင့်ရရန်
တမန်တော်များအား ခရစ်တော်ခေါ်ဆောင်လာခဲ့ပါသည်။ ထိုကဲ့သို့သော
လူတစ်ယောက်အား မည်သို့ဆက်ဆံပြုမူသင့်သည်ဟူသောပုံသက်သေကို
ကိုယ်တော်ပြသမည်ဖြစ်ပါသည်။ ကိုယ်တော်သည် မိမိ၏ကရုဏာဆုကျေးဇူး
များကို အလွန်ရက်ရောစွာ (ဈေးပေါပေါဖြင့်) ပေးဝေခဲ့သည်ဟု တမန်တော်
များကထင်မြင်ခဲ့ကြပါသည်။ မိမိ၏မေတ္တာတော်သည် လူမျိုးတစ်မျိုး
(သို့မဟုတ်) တိုင်းပြည်တစ်ပြည်အတွက် ကန့်သတ်ထားခြင်းမဟုတ်ကြောင်း
ကို ကိုယ်တော်ပြတော်မူမည်ဖြစ်သည်။

“ဣသရေလအမျိုးအဝင် ပျောက်လွင့်သောသိုးများမှ တစ်ပါး
အခြားသောအမျိုးရှိရာသို့ ငါ့ကိုမစေမလွှတ်” ဟုမိန့်တော်မူရာ၌ ကိုယ်တော်
သည် သမ္မာတရားကိုဖွင့်ဟခဲ့ခြင်းဖြစ်ပြီး ထိုခါနာန်အမျိုးသမီးအတွက် မစ
လုပ်ဆောင်ခြင်းအားဖြင့် မိမိ၏အမှုတော်ကိုဖြည့်ဆည်းနေခြင်းဖြစ်ပါသည်။
ထိုအမျိုးသမီးသည် ဣသရေလများကယ်ဆယ်သင့်သည့် ပျောက်ဆုံး
နေသောသိုးများတို့မှ တစ်ကောင်ဖြစ်ပါသည်။ ဤအမှုကို သူတို့ဆောင်ရွက်
ရန်သတ်မှတ်ထားသည့် အမှုဖြစ်သော်လည်း လျစ်လျူရှုထားသောကြောင့်
ခရစ်တော်သည် ယခုကဲ့သို့လုပ်ဆောင်နေရပါသည်။

ဤလုပ်ဆောင်ချက်အားဖြင့် မိမိတို့ရှေ့တွင်ရှိသော တစ်ပါး
အမျိုးသားများအတွက်လုပ်ဆောင်ရမည့် မိမိတို့၏တာဝန်များကို တမန်တော်
များအားပြည့်စုံစွာသိရှိစေခဲ့ပါသည်။ သူတို့သည် ယုဒပြည်အပတွင်
ရှိနေကြသော ကျယ်ပြန့်သောလယ်ကွင်းပြင်ကိုမြင်တွေ့ခဲ့ကြပါသည်။
စောင့်ရှောက်မှုကိုအကြီးအကျယ်ရခဲ့သည့် လူများမသိရှိဖူးသည့် ဝမ်းနည်း
ခြင်းများကိုခံစားနေကြရသော အသက်ဝိညာဉ်များကို သူတို့မြင်တွေ့ခဲ့ကြ
ပါသည်။ စက်ဆုပ်ရွံရှာဖွယ်ကောင်းသူများဟု မိမိတို့သိခဲ့သူများထဲတွင်





ခရစ်တော်ထံမှအမအစကိုတောင့်တလျက် ယုဒလူများအား အလျှံပယ်ပေး
ထားသည့် သမ္မာတရားအလင်းမျိုးကို ဆာငတ်ခင်မွတ်လျက်ရှိသော ဝိညာဉ်
များရှိနေခဲ့ပါသည်။

နောက်ပိုင်းတွင် ခရစ်တော်အား ကယ်တင်ရှင်ဖြစ်ကြောင်း
တမန်တော်များကကြေညာခဲ့သောကြောင့် ယုဒများသည် ၎င်းတို့ထံမှ
အဖန်တလဲလဲဦးလှည့်ကြသောအချိန်တွင်လည်းကောင်း၊ ခရစ်တော်၏
အသေခံခြင်းအားဖြင့် ယုဒများနှင့်တစ်ပါးအမျိုးသားများအကြား ကာရံ
ထားသည့်တံတိုင်းကြီးအား ဖြိုချပစ်လိုက်သောအခါတွင်လည်းကောင်း
ဤသင်ခန်းစာနှင့်ဧဝံဂေလိအမှုတော်အား ခလေ့ထုံးစံများ (သို့မဟုတ်)
လူမျိုးများအားဖြင့် ကန့်သတ်ထားခြင်းမရှိကြောင်း ပြညွှန်နေသည့်
သင်ခန်းစာများသည် လုပ်ဆောင်မှုများကိုညွှန်ကြားမှုတွင် ခရစ်တော်၏
ကိုယ်စားလှယ်များအပေါ် ထိရောက်သောအကျိုးသက်ရောက်မှုများဖြစ်ပေါ်
လာခဲ့ပါသည်။

ခရစ်တော်သည် ဖိနိတ်ပြည်သို့သွားရောက်လည်ပတ်ကာ နိမိတ်
လက္ခဏာများပြခဲ့ခြင်းတွင် အခြားရည်ရွယ်ချက်တစ်ခုလည်းရှိပါသေးသည်။
ရောဂါရှင်ထိုအမျိုးသမီးနှင့်တကွ တမန်တော်များအမှုတော်တွင်ပါဝင်ခဲ့
သူများအတွက်သာ ထိုနိမိတ်လက္ခဏာသည် အကျိုးသက်ရောက်ခဲ့သည်
မဟုတ်ဘဲ “ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်
ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်
အားဖြင့်အသက်ကိုရမည်အကြောင်း” ဟူ၍ဆိုခဲ့သည့်အတိုင်း အခြားသူများ
အတွက်လည်း အကျိုးသက်ရောက်မှုရှိခဲ့ပါသည်။ (ယောဟန် ၂၀း၃၁)။
လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ရှစ်ရာခန့်အချိန်တွင် လူများတို့ကို
ခရစ်တော်ထံမသွားရန် ဟန့်တားခဲ့သောကိုယ်စားလှယ်များတို့သည် ယနေ့
တွင်လည်းလုပ်ဆောင်ကြလျက်ရှိပါသည်။ ယုဒများနှင့်တစ်ပါးအမျိုးသားများ
အကြား တံတိုင်းဆောက်လိုသောစိတ်ဓာတ်များသည်လည်း ယနေ့တိုင်
ရှိနေကြဆဲဖြစ်ပါသည်။ မာနထောင်လွှားခြင်းနှင့် တစ်ဖက်သတ်အထင်
လွဲမှားမှုများသည် မတူညီသောလူ့အလွှာများကြားတွင် ခြားနားစေသည့်

ခိုင်မာသောတံတိုင်းကိုတည်ဆောက်နေခြင်းဖြစ်ပါသည်။ ခရစ်တော်နှင့်ကိုယ်တော်၏အမှုတော်ကို မှားယွင်းစွာရုပ်လုံးဖော်ခဲ့ကြပြီး လူအများစုအနေဖြင့် မိမိတို့သည် ဧဝံဂေလိအမှုတော်တွင်ပါဝင်ခွင့်ရရှိရန် တားဆီးပိတ်ပင်ခြင်းခံကြရသည်ဟု အထင်ရှိခဲ့ကြပါသည်။ ထိုသို့အထင်မရှိကြပါစေနှင့်။ လူတည်ဆောက်သောအဟန့်အတားများဖြစ်စေ၊ စာတန်တည်ဆောက်သောအဟန့်အတားများဖြစ်စေ ယုံကြည်ခြင်းမထိုးဖောက်မဝင်ရောက်နိုင်သောအဟန့်အတားဟူ၍မရှိပါချေ။

ထိုဖိနိတ်မြို့သူသည် ယုံကြည်ခြင်းအားဖြင့် ယုဒလူများနှင့် တစ်ပါးအမျိုးသားတို့အကြားတွင် ထားရှိသောအဟန့်အတားများကို မိမိဘာသာရင်ဆိုင်ချိုးဖဲ့ပစ်သည်။ သူမသည် မိမိအား သံသယဖြစ်စေသော ခရစ်တော်၏ပုံပန်းသဏ္ဍာန်များကို ဂရုမထားဘဲ စိတ်ဓာတ်ကျဆင်းမှုကိုရင်ဆိုင်ကာ ကိုယ်တော်ရှင်၏မေတ္တာတော်ကိုကိုးစားခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း ထိုကဲ့သို့ပင် ကိုယ်တော်၌ယုံကြည်ကိုးစားကြရန် ကိုယ်တော်လိုလားတော်မူပါသည်။ ကယ်တင်ခြင်းဆုကျေးဇူးသည် လူတိုင်းအတွက်ဖြစ်ပါသည်။ ဧဝံဂေလိတရားတော်အားဖြင့် ခရစ်တော်၌ထားရှိသောကတိတော်ကို မျှဝေခံစားသူတစ်ယောက်ဖြစ်လာရန် မိမိတို့၏ရွေးချယ်မှုမှတစ်ပါး မည်သည့်အရာကမျှ ထိုသူအားမတားဆီးနိုင်ပါချေ။

ထာဝရဘုရားသည် ဇာတ်အနိမ့်အမြင့်ခွဲခြားခြင်းကို ရွံရှာတော်မူ၏။ ဇာတ်ခွဲခြားမှုများအားလုံးကို ကိုယ်တော်လျစ်လျူရှုတော်မူ၏။ မျက်မှောက်တော်တွင် လူတိုင်းသည် တူညီသောတန်ဖိုးရှိလူများသာဖြစ်ကြသည်။ "ဘုရားသခင်သည် မြေတစ်ပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကို တစ်သွေးတည်းနှင့် ဖန်ဆင်းတော်မူ၍ သူတို့အားခွဲဝေစီမံသောအချိန်ကာလကိုလည်းကောင်း၊ သူတို့၏နေရာအပိုင်းအခြားကိုလည်းကောင်း မှတ်သားထားတော်မူ၏။" "အကြောင်းမူကား လူတို့သည် ဘုရားသခင်ကိုရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။ သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်၊" "ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ။" "ငွေရ



တတ်သောသူနှင့် ဆင်းရဲသောသူတို့သည် တွေ့ကြုံကြ၏။ ထိုသူအပေါင်းတို့ကို ထာဝရဘုရားဖန်ဆင်းတော်မူ၏။" "ကိုယ်တော်ကို ပတ္တနာပြုသောသူအပေါင်းတို့၌ ကျေးဇူးကြွယ်ဝတော်မူ၏။ အကြောင်းမူကား ထာဝရဘုရားကို ပတ္တနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတ္တံ့။" တမန် ၁၇း၂၆-၂၇။ ဂလာ ၃း၂၈။ သုတ္တံ ၂၂း၂။ ရောမ ၁၀း၁၁-၁၃။

-၀-

## (၄၄)
## စစ်မှန်သောနိမိတ်လက္ခဏာ

ရှင်မဿဲ ၁၅း၂၉-၃၉။ ၁၆း၁-၁၂။ မာကု ၇း၃၁-၃၇။ ၈း၁-၂၁
တို့ကိုအခြေပြုသည်

"ကိုယ်တော်သည် တုရုမြို့နှင့်ဇိဒုန်မြို့၏ကျေးလက်မှထွက်၍ ဒေကာပေါလိပြည်နယ်ကိုလျှောက်သွားသဖြင့် ဂါလိလဲအိုင်သို့ရောက်တော်မူ၏။" မာကု ၇း၃၁။

ဂါဒရမှနတ်ဆိုးစွဲသောသူနှစ်ဦးအား ကုသပေးခဲ့သောနေရာသည် ဤဒေကာပေါလိပြည်၌ပင်ဖြစ်ပါသည်။ ထိုဒေသရှိလူများသည် ၎င်းတို့၏ ဝက်များ၊ ပျက်စီးသေဆုံးကုန်ကြသည်ကို မြင်တွေ့ရသဖြင့် ကြောက်ရွံ့တုန်လှုပ်ကာ ခရစ်တော်အား မိမိတို့ထံမှထွက်ခွာသွားရန် တောင်းဆိုခဲ့ကြပါသည်။ သို့ရာတွင် ခရစ်တော်ထားရစ်ခဲ့သော ထိုစေတမန်နှစ်ဦးမှတစ်ဆင့် သတင်းစကားများကိုကြားနာခဲ့ရပြီး ကိုယ်တော်ရှင်အားဖူးတွေ့ရန် ဆန္ဒများပေါ်ပေါက်လာခဲ့ကြပါသည်။ ကိုယ်တော်ရှင်သည် ဤဒေသသို့တစ်ဖန်ရောက်ရှိလာခဲ့သောအခါ လူအုပ်ကြီးသည် စုရုံးလာကြကာ ဆွံ့အ၍ နားမကြားသောလူတစ်ယောက်ကို ကိုယ်တော်ထံသို့ခေါ်ဆောင်လာခဲ့ကြပါသည်။ ခရစ်တော်သည် မိမိပြုနေကျအတိုင်း နှုတ်ထွက်စကားတစ်လုံးအားဖြင့်သာ ရောဂါကိုမပျောက်ကင်းစေခဲ့ပါ။ ထိုလူအား လူအုပ်ကြားထဲမှခေါ်ထုတ်သွားကာ လက်တော်ဖြင့် နားထဲသို့နှိုက်တော်မူ၏။ လျှာကိုလည်းတို့ထိတော်မူ၏။ ထိုနောက်ကောင်းကင်သို့မျှော်ကြည့်၍ သမ္မာတရားကိုမကြားနိုင်စေရန် ပိတ်ထားသောနားနှင့် ကယ်တင်ရှင်ကိုအသိအမှတ်ပြုရန်ငြင်းဆန်နေသောလျှာတို့ကိုညည်းတွားသံပြုလျက် ဧဖသဟုမိန့်တော်မူ၏။ အနက်ကား ပွင့်စေဟုဆိုလိုသတည်း။ ထိုခဏချင်းတွင် စကားပီသစွာပြောနိုင်လာကာ မည်သူ့ကိုမျှမပြောရန် တားမြစ်ထားသည်ကိုပင် ဂရုမထား



တော့ဘဲ ၎င်း၏ရောဂါကုသပျောက်ကင်းခဲ့ပုံကို နေရာအနှံ့သတင်းကြားပြောလေ၏။

ထိုနောက် ခရစ်တော်သည် တောင်ပေါ်သို့တက်ကြွသွားရာ လူအုပ်ကြီးသည် ခြေဆွံ့သူများနှင့် နာမကျန်းသူများကို ထိုနေရာသို့ယူဆောင်လာကာ ခြေတော်ရင်းတွင်ချထားကြ၏။ ကိုယ်တော်သည် လူနာအားလုံးကို ကုသပေးတော်မူလိုက်ရာ တစ်ပါးအမျိုးသားများဖြစ်သောထိုသူများသည် ဣသရေလဘုရားအား ချီးမွမ်းထောမနာပြုကြပါသည်။ ထိုသူများတို့သည် ညအချိန်တွင် လေဟာပြင်၌အိပ်လျက် နေ့အချိန်တွင်နှုတ်တော်ထွက်စကားများတို့ကို ကြားနာရန်နှင့် ပြုတော်မူသည့်အံ့ဖွယ်နိမိတ်လက္ခဏာများတို့ကိုကြည့်ရန် ရှေ့တော်သို့တိုးဝင်ချဉ်းကပ်လျက်သုံးရက်တိုင်တိုင် ကိုယ်တော့်အပါးတွင်စုရုံးလျက်ရှိနေကြပါသည်။ သုံးရက်ကုန်ဆုံးသောအချိန်တွင် ယူလာခဲ့သည့်ရိက္ခာများသည် ကုန်ခန်းသွားခဲ့ပါသည်။ သခင်ခရစ်တော်သည် ၎င်းတို့အား အစာမကျွေးဘဲ ပြန်မလွှတ်ချင်သည့်အတွက် အစာကျွေးရန် တမန်တော်များတို့ကို မိန့်မှာလိုက်ရာ တမန်တော်များတို့သည် မိမိတို့၏မယုံကြည်မှုများကို တစ်ဖန်ထုတ်ဖော်လာကြပြန်ပါသည်။ ဗက်ဇဲဒတွင် ၎င်းတို့၏အစာအနည်းငယ်ကို ခရစ်တော်ကောင်းချီးမင်္ဂလာပေးခြင်းအားဖြင့် လူပေါင်းများစွာတို့အား ကျွေးမွေးရန်လုံလောက်ခဲ့ကြောင်းကို သူတို့မြင်တွေ့ခဲ့ရပါသည်။ သို့ရာတွင် ဆာလောင်နေသောလူအုပ်ကြီးအား ကျွေးမွေးရန်အတွက် ပွားများစေနိုင်သောတန်ခိုးတော်ကိုကိုးစားလျက် မိမိတို့၌ရှိသမျှအစားအစာများကို ယခုယူမလာခဲ့ကြချေ။ ထို့ပြင် ဗက်ဇဲဒတွင် ကိုယ်တော်ကျွေးမွေးခဲ့သူများသည် ယုဒလူများဖြစ်ပြီး ယခုလူအုပ်ကြီးမှာမူ တစ်ပါးအမျိုးသားများနှင့် ရုပ်တုကိုးကွယ်သူများဖြစ်ကြပါသည်။ ယုဒလူမျိုးရေးစိတ်ဓာတ်သည် တမန်တော်များစိတ်ထဲတွင် ယခုတိုင်ရှိဆဲဖြစ်ပြီး "ဤတောအရပ်၌ ဤသူတို့ကိုအဘယ်သို့ဝစွာကျွေးနိုင်ပါမည်နည်း" ဟု ခရစ်တော်ကိုသူတို့တုံ့ပြန်ခဲ့ကြ၏။ သို့ရာတွင် အမိန့်တော်အတိုင်း ၎င်းတို့တွင်ရှိသော မုန့်ခုနစ်လုံးနှင့် ငါးနှစ်ကောင်ကို ကိုယ်တော့်ထံသို့ယူဆောင်ခဲ့ကြပါသည်။ လူအုပ်ကြီးတစ်ခုလုံး

ကိုကျွေးမွေးပြီးသည့်နောက် အကျန်အကြွင်းခုနစ်တောင်းစာကျန်နေပါသေးသည်။ အမျိုးသမီးနှင့်ကလေးများအလွတ် အမျိုးသားချည်းလေးထောင်ရှိသောလူအုပ်ကြီးသည် ပြန်လည်၍ခွန်အားပြည့်လာကြသဖြင့် သခင်ယေရှုသည် ဝမ်းမြောက်ပျော်ရွှင်နေသောဂင်းတို့အား အိမ်သို့ပြန်ကြရန် စေလွှတ်တော်မူခဲ့ပါသည်။

ထို့နောက်ကိုယ်တော်သည် တမန်တော်များနှင့်အတူ လှေကိုစီး၍ဂါလိလဲအိုင်ကိုကူးဖြတ်ကာ ဂနေသရက်လွင်ပြင်၏တောင်ဘက်အစွန်းတွင်တည်ရှိနေသော မာဂဒါလအရပ်သို့ထွက်ကြွသွားတော်မူခဲ့ပါသည်။ တုရုမြို့နှင့်ဇိဒုန်မြို့နယ်ကြားတွင် တွေ့ကြုံခဲ့ရသောယုံကြည်ကိုးစားမှုရှိသည့်ရှုရိဖိနိတ်အမျိုးသမီးတစ်ဦးကြောင့် ကိုယ်တော်၏စိတ်နှလုံးသည် ရွှင်လန်းနေခဲ့ပါသည်။ ဒေကာပေါလိရှိ တစ်ပါးအမျိုးသားများသည် ကိုယ်တော်အားဝမ်းမြောက်ရွှင်လန်းစွာဖြင့် ကြိုဆိုခဲ့ပါသည်။ မိမိ၏တန်ခိုးတော်ကိုအစွမ်းကုန်ထင်ရှားစေခဲ့သော ကရုဏာပြည့်လုပ်ငန်းများကို အများဆုံးလုပ်ဆောင်ခဲ့ပြီး တရားဒေသနာများကိုသွန်သင်တော်မူခဲ့သော ဂါလိလဲပြည်သို့ ကိုယ်တော်ရှင်နောက်တစ်ဖန်ရောက်ရှိလာသောအခါ မထိမ့်မြင်ပြုသောယုံကြည်မှုများနှင့်ဆုံတွေ့ခဲ့ရပါသည်။ ဖါရိရှဲများ၏ကိုယ်စားလှယ်အဖွဲ့အား ချမ်းသာကြွယ်ဝသောဇဒ္ဒုကဲအဖွဲ့မှကိုယ်စားလှယ်များ၊ ယဇ်ပုရောဟိတ်အဖွဲ့၊ ဘုရားတရားမရှိသူများနှင့် မှူးကြီးမတ်ကြီးများကဆက်သွယ်ခဲ့ကြပါသည်။ ထိုအဖွဲ့နှစ်ဖွဲ့သည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ခါးခါးသီးသီးမုန်းတီးကြသူများဖြစ်ကြပါသည်။ ဇဒ္ဒုကဲများသည် မိမိတို့၏ရာထူးနှင့်လုပ်ပိုင်ခွင့်များကို ဆက်လက်ထိန်းသိမ်းနိုင်စေရန်အလို့ငှါ အုပ်ချုပ်သူလူတန်းစားများ၏ထောက်ခံမှုကိုရရန် ရောမများအားမြှောက်ပင့်၍ပေါင်းသင်းဆက်ဆံကြသည်။ ဖါရိရှဲများကမူ အုပ်ချုပ်သူရောမများတို့၏လက်အောက်မှလွတ်မြောက်မည့်နေ့ရက်ကိုတောင့်တလျက် ရောမများကိုမုန်းတီးမှုပြင်းထန်လာရန် လှုံ့ဆော်ကြသည်။ သို့ရာတွင် ဖါရိရှဲနှင့်ဇဒ္ဒုကဲတို့သည် ယခုတွင်ပူးပေါင်း၍ ခရစ်တော်အားဆန့်ကျင်ခဲ့ကြပါသည်။



အကြိုက်ချင်းတူသူများပေါင်းစည်းခဲ့ကြပြီး မကောင်းမှုဒုစရိုက်များသည်သုစရိုက်ကိုတိုက်ခိုက်ချေမှုန်းရန် သွေးစည်းခဲ့ကြပါသည်။

ထိုနောက် ဖါရိရှဲများနှင့်ဇဒ္ဒုကဲများသည် ကိုယ်တော်ထံချဉ်းကပ်၍မိုးကောင်းကင်ကဖြစ်သောနိမိတ်လက္ခဏာကိုပြတော်မူမည်အကြောင်းတောင်းပန်ကြ၏။ ယောရှု၏နေ့ရက်များတွင် ဣသရေလများသည်ဗေသောရုံမြို့ရှိ ခါနာန်လူများနှင့်စစ်ခင်းခဲ့ပါသည်။ နေသည် ယောရှု၏အမိန့်အတိုင်း တိုက်ပွဲအောင်မြင်သည်အထိရပ်တန့်ခဲ့ပါသည်။ ထိုအဖြစ်အပျက်နှင့်ဆင်တူယိုးမှားအံ့သြဖွယ်ရာများသည် ရာဇဝင်၌ဖြစ်ပျက်ခဲ့ဖူးပါသည်။ ထိုကဲ့သို့အံ့ဖွယ်ရာများပြရန် ခရစ်တော်အား တောင်းဆိုနေကြပါသည်။ အပြင်ပန်းအထောက်အထားများသည် သူတို့အတွက်အကျိုးမရှိသည့်အတွက် ဤနိမိတ်လက္ခဏာများကိုပြရန် ခရစ်တော်မလိုလားချေ။ သူတို့လိုအပ်နေသောအရာမှာ တွေးခေါ်ဆင်ခြင်တတ်သော တတ်သိနားလည်မှုမဟုတ်ဘဲ ဝိညာဉ်ရေးသစ်လွင်လန်းဆန်းခြင်းဖြစ်နေပါသည်။

“လျှို့ဝှက်သောသူတို့၊ သင်တို့သည် မိုးကောင်းကင်၏မျက်နှာကိုပိုင်းခြား၍သိနိုင်ကြ၏။ ကပ်ကာလ၏နိမိတ်လက္ခဏာတို့ကိုပိုင်းခြား၍မသိနိုင်ကြ” ဟူ၍ အပြစ်ကိုထင်ရှားစေနိုင်သည့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် မြွက်ဆိုသည့် ခရစ်တော်၏နှုတ်ထွက်စကားများသည်ဂင်း၏ကယ်တင်ခြင်းအတွက်ပေးတော်မူသည့် ဘုရားသခင်၏နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ သိုးကျောင်းသားများထံတွင် ဝမ်းမြောက်ဖွယ်သီချင်းများကိုသီဆိုခဲ့သည့်ကောင်းကင်တမန်များ၏အသံများ၊ မာဂုပညာရှိများအားလမ်းပြခဲ့သည့်ကြယ်ကြီး၊ ကိုယ်တော်၏နှစ်ခြင်းမင်္ဂလာခံယူပွဲတွင်ကောင်းကင်မှသက်ဆင်းခဲ့သောချိုးငှက်နှင့် ကြားခဲ့ရသောအသံတော် စသည့်ကိုယ်တော်၏အမှုတော်မှန်ကန်ကြောင်း သက်သေခံသည့်ကောင်းကင်မှနိမိတ်လက္ခဏာများကိုပြသခဲ့ပြီးဖြစ်ပါသည်။

ကိုယ်တော်သည် စိတ်နှလုံးညည်းတွားသံပြုတော်မူလျက် ဤလူမျိုးသည် နိမိတ်လက္ခဏာကို အဘယ်ကြောင့်တောင်းသနည်း။ ငါအမှန်ဆိုသည်ကား၊ ဤလူမျိုးအား ပုရောဖက်ယောန၏နိမိတ်လက္ခဏာမှတစ်ပါး

အဘယ်လက္ခဏာကိုမျှ သူတို့အားမပြရာဟု မိန့်တော်မူ၏။ ယောနသည် ငါးကြီး၏ဝိုက်ထဲတွင် သုံးရက်နှင့်သုံးညနေခဲ့ရသကဲ့သို့ ခရစ်တော်သည် သုံးရက်လုံးလုံး မြေကြီးထဲမြှုပ်နှံခြင်းခံရမည်ဖြစ်သည်။ ယောန၏တရားဟောကြားခြင်းသည် နိနေဝေမြို့အတွက် အမှတ်လက္ခဏာတစ်ခုဖြစ်သကဲ့သို့ ခရစ်တော်၏ဒေသနာတော်ဟောခြင်းအမှုသည် ကိုယ်တော်၏လူမျိုးဆက်အတွက် အမှတ်လက္ခဏာတစ်ခုဖြစ်ပါသည်။ သို့ရာတွင် လောကီသားများ၏ လက်ခံယုံကြည်မှုမှာ ကွာခြားလှပါသည်။ ရုပ်တုကိုးကွယ်သည့် နိနေဝေမြို့သားများသည် ဘုရားသခင်၏သတိပေးစကားကိုကြားရသောအခါ တုန်လှုပ်ချောက်ချားခဲ့ကြပြီး ဘုရင်နှင့်တကွ မှူးမတ်များသည် မိမိကိုယ်ကိုနှိမ့်ချကာ လူတန်းစားအသီးသီးတို့နှင့်ပူးပေါင်း၍ “ကရုဏာတော်ကိုတောင်းခံခဲ့ကြပါသည်။” တရားဆုံးဖြတ်တော်မူသောအခါ နိနေဝေမြို့သားတို့သည် ဤလူမျိုးတစ်ဖက်၌ထ၍ အရှုံးခံစေလတ္တံ့။ အကြောင်းမူကား ထိုမြို့သားတို့သည် ယောနဟောပြောသောစကားကြောင့် နောင်တရကြ၏။ ဤအရပ်၌ကား ယောနထက်သာ၍ကြီးသောသူရှိ၏။ မဿဲ ၁၂း၄၁။

ခရစ်တော်ပြုတော်မူခဲ့သော နိမိတ်လက္ခဏာတိုင်းသည် ကိုယ်တော်၏ဘုရားဇာတိတော်ကိုထင်ရှားစေသည့် နိမိတ်လက္ခဏာများဖြစ်ပါသည်။ ကြိုတင်အနာဂတ်ပြုထားသည့် မေရှိယလုပ်ဆောင်မည့်လုပ်ငန်းများကို ကိုယ်တော်လုပ်ဆောင်လျက်ရှိသော်လည်း ထိုအရာများသည် ဖါရိရှဲများအတွက် ရွံရှာဖွယ်များဖြစ်နေပါသည်။ ယုဒခေါင်းဆောင်များသည် ဒုက္ခဝေဒနာခံစားနေရသည့်လူသားများကို အကြင်နာကင်းမဲ့စွာဖြင့် ဆက်ဆံခဲ့ကြသည်။ ၎င်းတို့၏တစ်ကိုယ်ကောင်းစိတ်နှင့် ဖိနှိပ်ချုပ်ချယ်မှုများသည် ဒုက္ခဝေဒနာကိုဖြစ်စေခဲ့ပါသည်။ သို့ရာတွင် ခရစ်တော်သည် ထိုဝေဒနာများကို သက်သာစေခဲ့ပါသည်။ ထိုနည်းအားဖြင့် ပြုတော်မူသောနိမိတ်လက္ခဏာများသည် ၎င်းတို့အားပြစ်တင်ဆုံးမနေသလိုဖြစ်နေပါသည်။

ယုဒလူမျိုးအား ခရစ်တော်၏အမှုတော်ကို ငြင်းပယ်စေခဲ့သည့်အရာမှာ ကိုယ်တော်၏ဘုရားဇာတိတော်ကို ထင်ရှားစေသည့်အထောက်အထားပင်ဖြစ်ပါသည်။ ကိုယ်တော်ပြတော်မူခဲ့သော နိမိတ်လက္ခဏာများ၏



မဟာအရေးပါမှုများကို လူသားများ၏ကောင်းချီးမင်္ဂလာများအတွက် ပြုတော်မူသည့်နိမိတ်လက္ခဏာများတွင် တွေ့မြင်ရပါသည်။ ကိုယ်တော်သည် ဘုရားသခင်ထံမှကြွလာတော်မူကြောင်း ထင်ရှားသည့်အထောက်အထားမှာ ဘုရားသခင်၏ဇာတိတော်ကိုဖော်ပြနေသော ကိုယ်တော်ရှင်၏အသက်တာပင်ဖြစ်ပါသည်။ ကိုယ်တော်သည် ဘုရားသခင်၏စကားကိုပြော၍ ဘုရားသခင်၏အလုပ်ကိုသာလုပ်တော်မူခဲ့သည်။ ထိုကဲ့သို့သောအသက်တာသည် နိမိတ်လက္ခဏာအပေါင်းတွင် အကြီးမြတ်ဆုံးနိမိတ်လက္ခဏာဖြစ်ပါသည်။

ကျွန်ုပ်တို့ခေတ်တွင် သမ္မာတရားများကိုတင်ဆက်သောအခါ ထိုယုဒများကဲ့သို့ လူများစွာတို့သည် နိမိတ်လက္ခဏာကိုပြပါဟု အော်ဟစ်တောင်းခံနေကြပါသည်။ ခရစ်တော်သည် ဖါရိရှဲများတောင်းဆိုသည့် နိမိတ်လက္ခဏာကိုပြတော်မမူခဲ့ချေ။ တောထဲတွင် စာတန်တောင်းဆိုခဲ့သော နိမိတ်လက္ခဏာများကိုလည်းပြတော်မမူခဲ့ချေ။ မိမိတို့ကိုယ်ကိုတော်တည့်ဖြောင့်မတ်ကြောင်းဖော်ပြရန် တန်ခိုးကိုလည်းကောင်း၊ မယုံကြည်သူများနှင့်မာနထောင်လွှားသူများ၏တောင်းဆိုမှုများကိုဖြည့်ဆည်းရန် တန်ခိုးကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ကိုယ်တော်ပေးထားတော်မမူချေ။ သို့သော်လည်း ထိုဧဝံဂေလိတရားတော်သည် ဘုရားသခင်ထံမှလာကြောင်း ထင်ရှားစေသည့် နိမိတ်လက္ခဏာပါရှိနေပါသည်။ စာတန်၏အနှောင်အဖွဲ့မှ ကျွန်ုပ်တို့ချိုးဖောက်လွတ်မြောက်စေနိုင်သည့်အရာသည် နိမိတ်လက္ခဏာမဟုတ်ပါလား။ စာတန်ကိုရန်ငြိုးဖွဲ့သောစိတ်ထားသည် လူသားများ၏သဘာဝစိတ်ထားမဟုတ်ချေ။ ဘုရားသခင်၏ကရုဏာတော်အားဖြင့် စိတ်နှလုံးတွင်အမြစ်စွဲစေသောအရာသာဖြစ်ပါသည်။ တဇောက်ကန်းနိုင်၍ ဇွတ်တရွတ်နိုင်လှသည့်ဆန္ဒများမှကင်းလွတ်၍ စိတ်နှလုံးအကြွင်းမဲ့ဖြင့် မိမိကိုယ်ကိုကောင်းကင်သားများ၏ဆွဲဆောင်မှုနောက်သို့လိုက်ပါနေသော လူတစ်ဦးသည် ဘုရားသခင်၏နိမိတ်လက္ခဏာပြုတော်မူခြင်းခံရသောသူဖြစ်ပါသည်။ ထိုနည်းတူစွာ ပြင်းထန်စွာအယူအဆမှားယွင်းနေသူများသည် သမ္မာတရားကိုနားလည်သဘောပေါက်လာခြင်းသည်လည်း နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ လူတစ်ယောက်သည် အမှန်တရားသို့ပြောင်းလဲလာသော

အခါတိုင်း ဘုရားသခင်ကိုချစ်လာပြီး ပညတ်တော်ကိုစောင့်ရှောက်လာ သောအခါတိုင်း ယေဇကျေလ ၃၆း၂၆ တွင်ဖော်ပြထားသည့် “စိတ်နှလုံး သစ်ကိုငါပေးမည်” ဟူသော ကတိတော်ပြည့်စုံခြင်းဖြစ်ပါသည်။ စိတ် သဘောထားအသစ်ပြောင်းလဲ၍ လူသားတို့၏အကျင့်စာရိတ္တများလုံးလုံး ပြောင်းလဲသွားခြင်းသည် အသက်ဝိညာဉ်များကိုကယ်တင်ရန် လုပ်ဆောင် လျက်ရှိသော အသက်ရှင်တော်မူသောခရစ်တော်ကိုဖော်ပြနေသည့် နိမိတ် လက္ခဏာတစ်ခုဖြစ်ပါသည်။ ခရစ်တော်၌တည်မြဲသောအသက်တာသည် မဟာနိမိတ်လက္ခဏာတစ်ပါးဖြစ်ပါသည်။ ကြားနာရသောတရားစကား များသည် အသစ်ဖြစ်ဖွားစေသောတန်ခိုးဖြစ်စေရန် နှုတ်ကပတ်တော် ဟောကြားရာတွင် အခါခပ်သိမ်းထင်ရှားစေသင့်သည့်နိမိတ်လက္ခဏာမှာ သန့်ရှင်းသောဝိညာဉ်တော်အတူပါရှိခြင်းပင်ဖြစ်ပါသည်။ ဤအရာသည် သားတော်ဘုရား၏အမှုတော်အား ဘုရားစေခိုင်းသည့်အမှုတော်ဖြစ်ကြောင်း လောကီသားများရှေ့မှောက်တွင် ထင်ရှားစေသည့် ဘုရားသခင်၏ သက်သေခံချက်ဖြစ်ပါသည်။

ခရစ်တော်ထံတွင် နိမိတ်လက္ခဏာတောင်းခံနေကြသည့်ထိုသူများ သည် ကိုယ်တော်၏စာရိတ္တတော်တွင်ပါရှိသည့် ဘုရားသခင်၏သဏ္ဍာန် တော်ကိုပင် ခွဲခြား၍မသိမြင်နိုင်လောက်အောင် ၎င်းတို့၏စိတ်နှလုံးများ သည် မယုံကြည်မှုတွင်ခိုင်မာလျက်ရှိပါသည်။ ကိုယ်တော်၏အမှုတော်သည် ကျမ်းစာဖော်ပြချက်များကိုပြည့်စုံစေခြင်းဖြစ်သည်ကိုလည်း သူတို့မမြင်တွေ့ ကြတော့ချေ။ လာဇရုနှင့်သူဌေးပုံပမာကိုပြောစဉ် ဖါရိရှဲများအား ခရစ်တော် မိန့်တော်မူခဲ့သည်မှာ “သူတို့သည် မောရှေ၏စကား၊ ပုရောဖက်တို့၏စကား ကိုနားမထောင်လျှင် တစ်ယောက်သောသူသည် သေခြင်းမှထမြောက်သော် လည်း မယုံကြည်နိုင်ကြဟု အာဗြဟံဆိုသည်” ဟူ၍ဖြစ်၏။ လုကာ ၁၆း၃၁။ ကောင်းကင်နှင့်မြေကြီးပေါ်တွင်ပြနိုင်သည့် မည်သည့်နိမိတ်လက္ခဏာမဆို ထိုသူများအတွက်အကျိုးရှိလိမ့်မည်မဟုတ်ချေ။

ခရစ်တော်သည် စိတ်နှလုံးညည်းတွားသံကိုပြုလျက် အကြောင်းမဲ့ အပြစ်ရှာတတ်သော ထိုလူစုမှကျောခိုင်းကာ တပည့်တော်များနှင့်အတူ



လှေထဲသို့ဆင်းတော်မူပါသည်။ သူတို့သည် ဝမ်းနည်းငြိမ်သက်စွာဖြင့် ဂါလိလဲအိုင်ကိုတစ်ဖန်ကူးခဲ့ကြပြန်ရာ ယခင်နေရာဟောင်းသို့မပြန်ကြ တော့ဘဲ လူငါးထောင်အား ကျွေးမွေးခဲ့သောဗက်ဇဲဒမြို့ဘက်ဆီသို့ ဦးတည်၍ လှော်ခတ်ခဲ့ကြပါသည်။ တစ်ဖက်ကမ်းသို့ရောက်ကြသောအခါ ယေရှုက “ဖါရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးကိုသတိနှင့်ကြဉ်ရှောင်ကြ” ဟု မိန့်တော်မူ၏။ ယုဒလူမျိုးများသည် မောရှေအချိန်မှစ၍ ပသခါပွဲအချိန်များတွင် တဆေး များကို မိမိတို့အိမ်မှဝေးရာတွင် ထားလေ့ရှိခဲ့ကြပါသည်။ ထိုကဲ့သို့ မလုပ်ဆောင်ပါက အပြစ်ကျူးလွန်ခြင်းဖြစ်သည်ဟု သူတို့အားသွန်သင်ခဲ့ ကြပါသည်။ သို့စေကာမူ တမန်တော်များသည် ခရစ်တော်၏ယခုမိန့်တော်မူ ချက်ကိုနားမလည်ခဲ့ကြချေ။ မာဂဒါလမှပြန်းကနဲထွက်ခွါခဲ့ရသဖြင့် မုန့်တစ်လုံးမှတစ်ပါး အခြားမုန့်များယူရန်မေ့လျော့ခဲ့ကြပါသည်။ ဤအနေ အထားတွင် ခရစ်တော်သည် ဖါရိရှဲနှင့်ဇဒ္ဒုကဲများထံမှမုန့်မဝယ်ရန် ရည်ညွှန်း၍ ထိုကဲ့သို့မိန့်မှာနေသည်ဟု သူတို့နားလည်ခဲ့ကြပါသည်။ ၎င်းတို့၏ ယုံကြည်ခြင်းလျော့ပါးခြင်းနှင့် ဝိညာဉ်ရေးအမြင်နည်းပါးမှုများကြောင့် သူတို့သည် ကိုယ်တော်၏မိန့်တော်မူချက်တို့ကို အလားတူမှားယွင်းစွာ ယူဆမှုများမကြာခဏရှိခဲ့ပါသည်။ ယခု၌မူ ငါးနှင့်မုန့်အနည်းငယ်အားဖြင့် လူထောင်ပေါင်းများစွာကိုကျွေးမွေးခဲ့သောကိုယ်တော်သည် ဤကဲ့သို့ အရေးကြီးသောသတိပေးစကားအားဖြင့် စားစရာအစာသက်သက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ကြောင်းကို သူတို့အား ကိုယ်တော်ဆုံးမတော်မူ၏။ ဖါရိရှဲများနှင့် ဇဒ္ဒုကဲများ၏ပရိယာယ်များသည့် ဆင်ခြေပေးခြင်းများသည် ခရစ်တော်၏လုပ်ဆောင်ချက်များကို ပေါ့တန်စေလျက် တမန်တော်များ၏ မယုံကြည်မှုများကို တိုးပွားစေမည့်အန္တရာယ်ရှိနေပါသည်။

မိမိတို့၏သခင်သည် ဖါရိရှဲများတောင်းဆိုသည့်အတိုင်း ကောင်းကင်မှ နိမိတ်လက္ခဏာတစ်ခုကို ပြုတော်မူသင့်သည်ဟု တမန်တော်များကသဘော ရှိကြပါသည်။ ကိုယ်တော်သည် နိမိတ်လက္ခဏာတစ်ခုကို လုပ်နိုင်စွမ်း ရှိကြောင်းကိုလည်းကောင်း၊ ထိုကဲ့သို့နိမိတ်လက္ခဏာပြခြင်းဖြင့် ကိုယ်တော်၏ ရန်သူများကို ပါးစပ်ပိတ်သွားစေမည်ဖြစ်ကြောင်းကိုလည်းကောင်း သူတို့

ယုံကြည်ကြပါသည်။ အပြစ်ရှာလိုသူများ၏လျှို့ဝှက်မှုများကို သူတို့မသိမမြင်ခဲ့ကြချေ။

လအနည်းငယ်ကြာသော် "အတိုင်းမသိများစွာသောလူတို့သည် စုဝေး၍ အချင်းချင်းနင်းမိမတတ်နေကြသည်ရှိသော်" "လျှို့ဝှက်ခြင်းတည်းဟူသော ဖါရိရှဲတို့၏တဆေးကို ရှေးဦးစွာကြဉ်ရှောင်ကြလော့" ဟု ထိုသွန်သင်ချက်ကိုပင် တပည့်တော်တို့အား မိန့်တော်မူခဲ့ပါသည်။ (လုကာ ၁၂း၁)။

မုန့်ထဲတွင်ထည့်ထားသောတဆေးသည် မုန့်တစ်ခုလုံး၏မူလသဘာဝကိုပြောင်းလဲစေလျက် မသိမသာအလုပ်လုပ်နေတတ်ပါသည်။ ထိုနည်းအတူ ဖါရိရှဲတို့၏လျှို့ဝှက်ခြင်းများကို စိတ်နှလုံးထဲတွင်တည်နေခွင့်ပြုလျှင် စာရိတ္တနှင့်တကွ အသက်တာတစ်ခုလုံးကိုပျံ့နှံ့စိမ့်ဝင်သွားမည်ဖြစ်ပါသည်။ ဖါရိရှဲများ၏လျှို့ဝှက်ခြင်းအတွက် ထိရောက်သောနမူနာတစ်ခုအဖြစ်ဖြင့်" "ကောဘန်" ကျင့်သုံးခြင်းကိုငြင်းပယ်ခြင်းအားဖြင့် ခရစ်တော်သည် သွန်သင်ဆုံးမခဲ့ဖူးပါသည်။ ကော်ဘန်ကိုကျင့်သုံးခြင်းသည် သားသမီးတာဝန်အား လျစ်လျူရှုခြင်းကို ဗိမာန်တော်အတွက် ရက်ရောစွာဟန်ဆောင်လှူဒါန်းခြင်းအောက်တွင် ဖုံးကွယ်ထားခြင်းဖြစ်ပါသည်။ ထိုဖါရိရှဲများသည် လှည့်ဖြားသောစည်းမျဉ်းများကို တဖြည်းဖြည်းအယုံသွင်းလျက်ရှိကြပါသည်။ သူတို့သည် မိမိတို့၏သဘောထားအမှန်ကို ဖုံးကွယ်ထားကြပြီး အခွင့်သင့်တိုင်းကြားနာရသူများ၏စိတ်နှလုံးထဲသို့ မိမိတို့၏ယုံကြည်ချက်များကို ပညာသားပါပါပျံ့နှံ့သွားရန် ကြိုးစားခဲ့ကြပါသည်။ တစ်ချိန်က လက်ခံခဲ့ဖူးသောထိုမှားယွင်းသောစည်းမျဉ်းများသည် မုန့်ထဲမှတဆေးကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ပျံ့နှံ့သွားပြီး စာရိတ္တအသစ်ကိုဖွဲ့စည်းပါသည်။ နှလုံးသားများထဲတွင်ရှိနေသော လှည့်ဖြားသော ထိုသွန်သင်ချက်များသည် ခရစ်တော်၏နှုတ်စကားများကို လက်မခံနိုင်လောက်အောင် ထိုလူများအားခက်ခဲစေပါသည်။

ယနေ့တွင်လည်း မိမိတို့၏ကျင့်သုံးနေထိုင်မှုများနှင့်ကိုက်ညီစေရန် ထိုနည်းနှင်နှင်ဘုရားသခင်၏ပညတ်တော်ကိုရှင်းလင်းတင်ပြရန် ကြိုးစား



သူများအားဖြင့် လုပ်ဆောင်လျက်ရှိကြ၏။ ထိုလူများသည် ပညတ်တော်ကို ပွင့်ပွင့်လင်းလင်းပြောဆိုတိုက်ခိုက်ခြင်းမရှိကြသော်လည်း ပညတ်တော်ကို ပျက်ပြုန်းစေသည့် စဉ်းစားဆင်ခြင်တွေးဆသောသီအိုရီများကို တင်ပြလာကြပါသည်။ ပညတ်တော်၏အကျိုးသက်ရောက်မှုကို ပျက်ပြားသွားစေရန် သူတို့သည် ထိုသီအိုရီများကိုရှင်းလင်းတင်ပြနေကြပါသည်။

ဖါရိရှဲများ၏လျှို့ဝှက်မှုများသည် တစ်ကိုယ်ကောင်းကြံခြင်းစိတ်ဓာတ်မှဖြစ်ပွားလာသောအရာဖြစ်ပါသည်။ ကိုယ့်ကိုကိုယ်ချီးမွမ်းခြင်းသည် ၎င်းတို့အသက်တာ၏ရည်မှန်းချက်ဖြစ်ပါသည်။ ထိုစိတ်ဓာတ်သည် ၎င်းတို့အား သမ္မာကျမ်းစာကို မှားယွင်းစွာအသုံးပြုစေခဲ့ပြီး ခရစ်တော်အမှုတော်လုပ်ငန်း၏ရည်ရွယ်ချက်ကို မမြင်တွေ့စေခဲ့ချေ။ ခရစ်တော်၏တမန်တော်များသည်ပင် ဤကောက်ကျစ်သောဒုစရိုက်ကိုမြတ်နိုးမည့်အန္တရာယ်ရှိနေကြပါသည်။ မိမိကိုယ်ကိုတပည့်တော်အမည်ခံသော်လည်း ကိုယ်တော်ရှင်၏တပည့်တော်ဖြစ်ရန် ရှိသမျှမစွန့်လွှတ်သောသူများသည် ဖါရိရှဲများ၏ဆင်ခြင်တုံတရား၏ဩဇာလွှမ်းမိုးမှုကို များစွာခံနေခဲ့ကြရပေပြီ။ သူတို့သည် ယုံကြည်ခြင်းနှင့်မယုံကြည်မှုများအကြားတွင် မကြာခဏတွေဝေတတ်ကြပါသည်။ ၎င်းပြင် ခရစ်တော်၌ဝှက်ထားသည့် ဉာဏ်ဘဏ္ဍာများကို မသိမြင်ခဲ့ကြချေ။ အပြင်ပန်းအားဖြင့် ခရစ်တော်အတွက်ရှိသမျှကိုစွန့်ကာ နောက်တော်သို့လိုက်ခဲ့ကြသည့်တမန်တော်များ၌ပင် မိမိကိုယ်ကိုကြီးမြတ်တိုးပွားလိုစိတ်များမကုန်ခန်းကြသေးချေ။ မည်သူက အကြီးဆုံးဖြစ်သနည်းဟူ၍ အငြင်းပွားလာစေရန် ဤစိတ်ဓာတ်ကပင် လှုံ့ဆော်ခဲ့ပါသည်။ ဤစိတ်ဓာတ်ကပင် ကိုယ်ကျိုးစွန့်သောကိုယ်တော်၏အမှုတော်အပေါ်တွင် လိုလားထောက်ခံမှုကိုနည်းပါးစေခဲ့ပါသည်။ ကယ်တင်ခြင်းစီမံကိန်း၏နက်နဲမှုများကို အသိနောက်ကျစေခဲ့ပါသည်။ တဆေးအားမုန့်ထဲတွင်ထည့်ပါက မုန့်အားလုံးပျက်စီးဆွေးမြည့်သွားစေမည်ဖြစ်သကဲ့သို့ တစ်ကိုယ်ကောင်းကြံသောစိတ်ဓာတ်သည်လည်း မြတ်နိုးတွယ်တာနေပါက အသက်ဝိညာဉ်အား ညစ်ညမ်းပျက်စီးစေမည်ဖြစ်ပါသည်။

ရှေးတုန်းကကဲ့သို့ ယခုခေတ်ခရစ်ယာန်များထဲတွင် ကောက်ကျစ်လှည့်ဖြားတတ်သော ဤတရားသည် မည်မျှပျံ့နှံ့နေပြီနည်း။ ကိုယ့်ကိုကိုယ်မြှင့်တင်ရန် လျှို့ဝှက်စွာတည်ရှိနေသည့် ဤအလိုဆန္ဒကလေးသည် ခရစ်တော်အတွက်အမှုတော်ဆောင်ခြင်းကိုလည်းကောင်း၊ တစ်ဦးနှင့်တစ်ဦးမိတ်သဟာယဖွဲ့ခြင်းကိုလည်းကောင်း အကြိမ်မည်မျှပျက်ယွင်းစေခဲ့ပြီနည်း။ ကိုယ့်ကိုကိုယ်ဂုဏ်ပြုချင်သည့်စိတ်ထားနှင့် လူများကမိမိအားသဘောကျစေချင်သည့်စိတ်ဓာတ်များသည် မည်မျှပျံ့နှံ့နေပြီနည်း။ ဤစိတ်ဓာတ်မျိုးသည် ကိုယ့်ကိုကိုယ်ချစ်သည့် စိတ်ဓာတ်မျိုးဖြစ်သည်။ ဤစိတ်ဓာတ်မျိုးသည် ဘုရားသခင်သတ်မှတ်ထားသည့် ပညတ်များကို လူများတီထွင်ထားသည့် သီအိုရီနှင့် ရိုးရာဓလေ့များ၏နေရာတွင်အစားထိုးမည့် လမ်းစဉ်ထက်ပို၍လွယ်ကူသောနည်းလမ်းကိုလိုက်လျှောက်ချင်သည့်အလိုဆန္ဒပင်ဖြစ်ပါသည်။ သို့အတွက် "ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏တဆေးကို သတိနှင့်ကြဉ်ရှောင်ကြ" ဟု တမန်တော်များအား ခရစ်တော်သတိပေးခဲ့ပါသည်။

ခရစ်တော်၏ဘာသာတရားသည် ရိုးသားဖြူစင်ပါသည်။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေလိုသည့်စိတ်ဓာတ်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်ပွားစေသောစိတ်ဓာတ်ဖြစ်သည်။ ဝိညာဉ်တော်၏အကျိုးအာနိသင်ရှိသောလုပ်ဆောင်ချက်ကသာ ထိုစိတ်ဓာတ်မျိုးကိုဖြစ်ပွားစေပါသည်။ ဘုရား၏တန်ခိုးတော်ကသာ တစ်ကိုယ်ကောင်းကြံလိုစိတ်နှင့်လျှို့ဝှက်မှုများကိုဖယ်ရှားပစ်နိုင်ပါသည်။ ထိုပြောင်းလဲမှုသည် ကျွန်ုပ်တို့အသက်တာတွင် ကိုယ်တော်ရှင်လုပ်ဆောင်နေကြောင်းထင်ရှားစေသည့်နိမိတ်လက္ခဏာဖြစ်ပါသည်။ ကျွန်ုပ်တို့လက်ခံထားသည့်ယုံကြည်ခြင်းကတစ်ကိုယ်ကောင်းစိတ်များနှင့် ဟန်ဆောင်မှုများကိုဖျက်ဆီးပစ်လိုက်သောအခါတွင်လည်းကောင်း၊ ထိုယုံကြည်ခြင်းသည် မိမိကိုယ်ကိုမချီးမြှောက်ဘဲဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောအခါတွင်လည်းကောင်း၊ ကျွန်ုပ်တို့၏ထိုယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းဖြစ်ပြီဟုသိရှိနိုင်ပါသည်။ "ကိုယ်တော်၏နာမတော်ကို ချီးမြှောက်တော်မူပါ" ဟူသောစကားသည် ခရစ်တော်အသက်တာ၏ရည်ရွယ်ချက်အရင်းခံဖြစ်ပါသည်။



ကျွန်ုပ်တို့သည် ကိုယ်တော်နောက်တော်သို့လိုက်ကြလျှင် ထိုစကားသည်ကျွန်ုပ်တို့၏ရည်ရွယ်ချက်အရင်းခံဖြစ်သင့်ပါသည်။ "ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်။" "ထိုသခင်ကို ကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကားပညတ်တော်တို့ကိုစောင့်ရှောက်လျှင်သိရသတည်း။" ၁ယော ၂း၆၊၃။

-o-

# (၇၅)
# ကပ်တိုင်၏အရိပ်နိမိတ်

ရှင်မဿဲ ၁၆း၁၃-၂၈။ မာကု ၈း၂၇-၃၈။ ရှင်လုကာ ၉း၁၈-၂၇
တို့ကိုအခြေပြုသည်

လောကတွင် ခရစ်တော်ဆောင်ရွက်ရမည့် အမှုတော်လုပ်ငန်းသည် အဆုံးသို့ရောက်တော့မည်ဖြစ်ပါသည်။ တွေ့ကြုံခံစားရမည့်အရာများသည် ရှေ့တော်မှောက်တွင် ထင်ရှားလျက်ရှိနေပါသည်။ ကိုယ်တော်သည် လူဇာတိ မခံယူမီကပင် ပျောက်ဆုံးနေသောလူသားများကို ကယ်ဆယ်ရာတွင် မိမိ တွေ့ကြုံခံစားရမည့် အငန်းအတာအလုံးစုံကိုသိရှိတော်မူခဲ့ပြီးဖြစ်ပါသည်။ ဘုရားဇာတိမှ လူသားဇာတိကိုခံယူရန် မိမိ၏သရဖူနှင့် ဝတ်ရုံတော်ကို မချွတ်မီ သလွန်တော်မှမဆင်းမီပင် နှလုံးတော်ကိုနာကျင်စေသည့် နာကြည်း စရာအလုံးစုံကိုလည်းကောင်း၊ မိမိအားအရှက်ရစေမည့်စော်ကားမှုများကို လည်းကောင်း၊ မိမိခံစားရမည့်ချို့တဲ့မှုများကိုလည်းကောင်း မြင်တွေ့တော်မူ ခဲ့ပြီးဖြစ်ပါသည်။ နွားစားခွက်မှသည် ကပ်တိုင်သို့တိုင် မိမိလျှောက်ရမည့် လမ်းအလုံးစုံကို မြင်တွေ့တော်မူခဲ့ပါသည်။ မိမိခံစားရမည့် အလွန်ပြင်းပြ သည့်ဝေဒနာများကိုသိရှိတော်မူခဲ့သော်လည်း "အကျွန်ုပ်သည်သွားပါမည်ဟု ဝန်ခံပါ၏။ အကျွန်ုပ်၏ဘုရားသခင်ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏" ဟူ၍မိန့်မြွက်တော်မူခဲ့၏။ ဆာလံ ၄၀း၇-၈။

ရှေ့တော်မှောက်တွင် မိမိလုပ်ဆောင်မည့်အမှုတော်၏ရလဒ်ကို လည်း မြင်တွေ့တော်မူခဲ့ပါသည်။ ကိုယ်တော်၏လောကအသက်တာသည် ရုန်းကန်လုပ်ဆောင်မှုများ၊ အနစ်နာခံမှုများနှင့်ပြည့်ဝနေသော်လည်း ထိုအနစ်နာခံမှုများသည် အလဟဿဖြစ်သွားလိမ့်မည်မဟုတ်ဟူသော မျှော်လင့်ချက်ဖြင့် နှစ်သိမ့်ကျေနပ်ခဲ့ရပါသည်။ လူသားများထာဝရအသက် ရရှိရေးအတွက် မိမိ၏အသက်တော်ကိုပေးအပ်ခြင်းအားဖြင့် လောကီသား





များအား ထာဝရဘုရားအပေါ်ပြန်လည်သစ္စာစောင့်သိစေခဲ့ပါသည်။ မိမိ၏ အသွေးသွန်းရမည်ကိုလည်းကောင်း၊ တစ်ကမ္ဘာလုံး၏အပြစ်များသည် အပြစ်မဲ့သောမိမိအပေါ်သို့ကျရောက်လာမည်ကိုလည်းကောင်း၊ နှုတ်ဖြင့် ပြောပြခြင်းငှါ မစွမ်းနိုင်လောက်အောင် ကြီးမားသည့်ဝမ်းနည်းဖွယ်ဖြစ်ရပ် များ၏အရိပ်အယောင်များကိုလည်းကောင်း၊ သိရှိတော်မူသော်လည်း ရှေ့တော်မှောက်တွင်ရှိနေသောဝမ်းမြောက်ဖွယ်ရာအမှုကြောင့် ကပ်တိုင်ကို ရွေးချယ်ခဲ့ပြီး အသရေရှုတ်ချခြင်းကိုခံတော်မူခဲ့ပါသည်။

ကိုယ်တော်ရှင်တွေ့ကြုံခံစားရမည့်အရာများကို တပည့်တော် များအားအသိမပေးသေးဘဲ လျှို့ဝှက်ထားခဲ့သော်လည်း ကိုယ်တော်၏ ဝမ်းနည်းပူဆွေးမှုများကို သူတို့မြင်ကြရမည့်အချိန်သည် မဝေးတော့ပြီ။ မိမိတို့ချစ်ခင်ကိုးစားသောသခင်သည် ရန်သူလက်သို့အပ်နှံခြင်းခံရကာ ကရာနီကုန်းပေါ်မှ ကပ်တိုင်ပေါ်တွင် ရိုက်ထားခြင်းခံရမည်ကို သူတို့မြင်ကြ ရတော့မည်။ မိမိသည် ၎င်းတို့နှင့်အတူရှိကြောင်း မြင်သာသည့်နှစ်သိမ့်မှု များမပါဘဲ လောကီသားများနှင့်ရင်ဆိုင်ရန် မကြာမီတွင် တပည့်တော် များအား ကိုယ်တော်ထားရစ်ရပေတော့မည်။ ခါးသီးသောမုန်းတီးခြင်းနှင့် မယုံကြည်ခြင်းများသည် ၎င်းတို့အား မည်ကဲ့သို့နှိပ်စက်ညှဉ်းပန်းလိမ့်မည်ကို ကိုယ်တော်သိတော်မူခဲ့သဖြင့် ထိုခက်ခဲသောအခြေအနေများကိုရင်ဆိုင် နိုင်ရန် သူတို့အားပြင်ဆင်ပေးလိုတော်မူပါသည်။

ယခုတွင် သခင်ယေရှုသည် တမန်တော်များလိုက်ပါလျက် ဖိလိပ္ပုကဲသရိမြို့နယ်ရှိကျေးရွာများသို့ လှည့်လည်ကြွချီတော်မူနေပါသည်။ ဂါလိလဲနယ်ကိုကျော်၍ ရုပ်တုကိုးကွယ်မှုများလွှမ်းမိုးနေသည့်နေရာတွင် သူတို့ရောက်ရှိနေကြပါသည်။ ဤနေရာတွင် တမန်တော်များအား ယုဒ ဘာသာအယူဝါဒ၏ဩဇာသက်ရောက်မှုရှိသည့်နေရာများမှဝေးကွာစေ၍ ရုပ်တုကိုးကွယ်သူများနှင့် ရင်းနှီးစွာဆက်ဆံခွင့်ကိုရရှိစေခဲ့ပါသည်။ ၎င်းတို့၏ ဘေးပတ်လည်တွင် ကမ္ဘာအနှံ့တွင်တည်ရှိနေသော အယူသီးမှုပုံစံများကို ရုပ်လုံးဖော်သည့်အရာများရှိနေပါသည်။ ဤအရာများကို တွေ့မြင်ခြင်း အားဖြင့် ထိုရုပ်တုကိုးကွယ်သူများ၏ကယ်တင်ခြင်းအတွက် မိမိတို့၌ တာဝန်

ရှိကြောင်း ၎င်းတို့သိလာစေရန် ကိုယ်တော်အလိုတော်ရှိခဲ့ပါသည်။ ထိုဒေသတွင် နေထိုင်တော်မူစဉ် ကိုယ်တော်သည် အခြားသူများကို သွန်သင်ဟောကြားသည်ထက် တမန်တော်များကို ပိုမိုပြည့်စုံစွာအချိန်ယူသွန်သင်တော်မူခဲ့ပါသည်။

ကိုယ်တော်ရှင်သည် မိမိတွေ့ကြုံခံစားရမည့်အရာများအကြောင်းကို တမန်တော်များအား ပြောပြရတော့မည့်အချိန်သို့ရောက်လာပါပြီ။ သို့ရာတွင် မိမိပြောပြမည့်စကားများကို ၎င်းတို့ခံယူနိုင်ရန် သူတို့၏စိတ်နှလုံးကို ပြင်ဆင်ခြင်းအလို့ငှါ ရှေးဦးစွာဆိတ်ကွယ်ရာအရပ်သို့သွား၍ တစ်ကိုယ်တည်း ဆုတောင်းတော်မူ၏။ ထိုနောက် ၎င်းတို့ကိုစုရုံးစေလျက် မိမိပြောလိုသော စကားများကို ချက်ချင်းမပြောသေးဘဲ ချဉ်းကပ်လာလျက်ရှိသည့်စုံစမ်းစစ်ဆေးခြင်းအတွက် ဝိညာဉ်ရေးခွန်အားတောင့်တင်းနိုင်စေရန် မိမိအပေါ်တွင်ထားရှိသည့် ၎င်းတို့၏ယုံကြည်ခြင်းအကြောင်းကို ဖွင့်ဟဝန်ခံရန်အခွင့်ကို ပေးတော်မူခဲ့ပါသည်။ "လူများတို့သည် လူသားဖြစ်သောငါ့ကို အဘယ်သူဖြစ်သည်ဟုဆိုကြသနည်း" ဟု တပည့်တော်တို့အား ကိုယ်တော်မေးတော်မူ၏။

ဣသရေလလူများသည် ၎င်းတို့စောင့်မျှော်ခဲ့ကြသော မေရှိယအားကြိုဆိုအသိအမှတ်ပြုရန် ပျက်ကွက်ခဲ့ကြကြောင်းကို တမန်တော်များဝမ်းနည်းစွာဖြင့်သိရှိခဲ့ပြီးဖြစ်ပါသည်။ အချို့သောဣသရေလများမှာမူ ကိုယ်တော်ပြတော်မူသည့်နိမိတ်လက္ခဏာများကိုမြင်တွေ့ရသောအခါ ယေရှုအား ဒါဝိဒ်၏သားတော်ဖြစ်ကြောင်း ကြေညာခဲ့ကြပါသည်။ ဗက်ဇဲဒတွင် ကျွေးမွေးပြုစုခြင်းခံခဲ့ရသောလူအုပ်ကြီးကလည်း ကိုယ်တော်အားဣသရေလဘုရင်မြှောက်ရန် အလိုရှိနေခဲ့ကြသည်။ များစွာသောသူများကမူ ကိုယ်တော်အား ပုရောဖက်တစ်ပါးအနေဖြင့် အသိအမှတ်ပြုထားခဲ့ကြသော်လည်း မေရှိယအရှင်ဖြစ်သည်ဟု မယုံကြည်ခဲ့ကြချေ။

"သင်တို့လည်း ငါ့ကိုအဘယ်သူဖြစ်သည်ဆိုကြသနည်း" ဟု တမန်တော်များ၏သဘောထားကို ထပ်ဆင့်မေးမြန်းတော်မူလိုက်ရာ



"ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်တော်မူသည်" ဟု ပေတရုလျှောက်လေ၏။

အစဦးမှစ၍ ပေတရုသည် သခင်ယေရှုအား မေရှိယဖြစ်ကြောင်း ယုံကြည်ခဲ့ပါသည်။ ဆရာယောဟန်၏တရားတော်ကြောင့် မိမိအပြစ်ကို သိရှိပြီးဝန်ခံလာကာ ခရစ်တော်ကိုလက်ခံခဲ့ကြသည့်လူများစွာတို့သည် အကျဉ်းထောင်ထဲတွင် ကွပ်မျက်ခြင်းခံခဲ့ရသောဆရာယောဟန်၏အမှုတော်လုပ်ငန်းနှင့်ပတ်သက်၍ သံသယဝင်စပြုလာခဲ့ကြပါသည်။ ၎င်းပြင်ယခုတွင်လည်း ယေရှုသည် ၎င်းတို့အချိန်ကြာမြင့်စွာကတည်းကမျှော်လင့်စောင့်စားခဲ့ရသောမေရှိယဖြစ်ကြောင်းနှင့်ပတ်သက်၍ သူတို့သံသယရှိခဲ့ကြပြန်သည်။ သခင်ယေရှုသည် ဒါဝိဒ်၏ပလ္လင်ပေါ်တွင်တက်ရောက်နန်းစံမည်ဟု တထစ်ချမျှော်လင့်ခဲ့ကြသူများသည် ကိုယ်တော်၌ ထိုကဲ့သို့သောရည်စူးချက်များမရှိကြောင်းသိလာရသောအခါ ကိုယ်တော်ကိုစွန့်ခွာခဲ့ကြပါသည်။ သို့သော်လည်း ပေတရုနှင့်အပေါင်းအဖော်များတို့သည် ကိုယ်တော်အားဆက်လက်၍သစ္စာစောင့်ခဲ့ကြပါသည်။ မနေ့တုန်းကချီးမွမ်း၍ ယနေ့ပြစ်တင်ရှုတ်ချသည့်စိတ်ယိမ်းယိုင်သောလုပ်ရပ်များသည် ခရစ်တော်၏စစ်မှန်သောနောက်လိုက်များ၏ယုံကြည်ခြင်းကို မဖျက်ဆီးနိုင်ခဲ့ချေ။ ထို့ကြောင့် "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်" ဟု ပေတရုလျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ သူသည် ကိုယ်တော်အား ရှင်ဘုရင့်အသရေအပ်နှင်းဘိသိက်ပေးမည့်အခြေအနေထိမစောင့်စားခဲ့ဘဲ နိမ့်ကျသောအခြေအနေ၌ပင် ကိုယ်တော်အားလက်ခံခဲ့ပါသည်။

ပေတရုသည် တမန်တော်တစ်ဆယ့်နှစ်ပါး၏ယုံကြည်ခြင်းကို ကိုယ်စားပြုဖွင့်ဟခဲ့ခြင်းဖြစ်ပါသည်။ သို့စေကာမူ တမန်တော်များသည် ကိုယ်တော်၏အမှုတော်အကြောင်းကို ယခုတိုင်နားမလည်ကြသေးချေ။ ဖါရိရှဲများ၏ဆန့်ကျင်မှုများနှင့် မှားယွင်းစွာရုပ်လုံးဖော်မှုများသည် ၎င်းတို့အား ခရစ်တော်ထံမှကျောခိုင်းသွားစေရန် မတတ်နိုင်သော်လည်း အကြီးအကျယ်စိတ်ပျက်မှုများကိုဖြစ်စေခဲ့ပါသည်။ ငယ်ရွယ်စဉ်အခါက

၎င်းတို့သင်ကြားခဲ့ရသောအရာများ၏ဩဇာသက်ရောက်မှုများ၊ ဖါရိရှဲများ၏ သွန်သင်ချက်များ၊ ရိုးရာဓလေ့များ၏အရှိန်အဟုန် စသည်တို့သည် ယခုတိုင်အောင် ၎င်းတို့အား သမ္မာတရားကိုမသိမြင်နိုင်အောင် တားဆီး ပိတ်ပင်လျက်ရှိသဖြင့် မိမိတို့လျှောက်ရမည့်လမ်းကို ရှင်းရှင်းလင်းလင်း မမြင်တွေ့ခဲ့ကြချေ။ ခရစ်တော်ထံမှ အဖိုးထိုက်တန်လှသောအလင်းတော် သည် မကြာခဏ၎င်းတို့အပေါ်သို့ ထွန်းတောက်ခဲ့သော်လည်း မှောင်မိုက် ထဲတွင် စမ်းတဝါးဝါးဖြင့်သွားလာနေသည့်လူများကဲ့သို့ သူတို့မကြာခဏ ဖြစ်ခဲ့ကြပါသည်။ သို့ရာတွင် ဤနေရာတွင်မူ သူတို့၏ယုံကြည်ခြင်းကို အကြီးအကျယ်အစမ်းအသပ်မခံရမီတွင် သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးတော်ဖြင့် ၎င်းတို့အပေါ်သို့ကျရောက်ခဲ့ပါသည်။ ထို့ကြောင့် သူတို့၏ မျက်စိများကို ခေတ္တခဏမျှ "ထင်ရှားသောအရာတို့ကိုမကြည့်မမှတ်ဘဲ မထင်ရှားသောအရာတို့ကိုကြည့်မှတ်" စေခဲ့ပါသည်။ (၂ကော၊ ၄း၁၈)။ သူတို့သည် လူသားသဏ္ဌာန်အောက်တွင် ဘုရားသခင့်သားတော်၏ ဘုန်းတော်ကိုတွေ့မြင်ခဲ့ကြပါသည်။

ယေရှုကလည်း ရှိမုန်ဗာယောန၊ သင်သည် မင်္ဂလာရှိ၏။ အကြောင်းမူကား အသွေးအသားသည် ဤအကြောင်းအရာကို သင့်အား ဖော်ပြသည်မဟုတ်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်သည် ဖော်ပြတော်မူသတည်းဟု မိန့်တော်မူ၏။

ပေတရုဖွင့်ဟဝန်ခံခဲ့သောသမ္မာတရားသည် ယုံကြည်သူများ၏ အခြေခံယုံကြည်ခြင်းတိုက်မြစ်ဖြစ်ပါသည်။ ထာဝရအသက်ဖြစ်သည်ဟု ခရစ်တော်ကိုယ်တော်တိုင် မိန့်မြွက်ခဲ့သည့်အရာသည် ထိုအရာပင်ဖြစ်ပါ သည်။ သို့ရာတွင် ဤအသိဉာဏ်ကိုရရှိထားခြင်းအတွက် ဂုဏ်မောက်စရာ အကြောင်းမရှိချေ။ မိမိ၏ပင်ကိုဉာဏ်ပညာနှင့်ကောင်းမြတ်ခြင်းများကြောင့် ထိုအသိဉာဏ်ကိုရရှိသည်မဟုတ်ချေ။ လူဇာတိသက်သက်အားဖြင့် ဘုရားနှင့် ပတ်သက်သော ထိုအသိပညာမျိုးကို မည်သည့်အခါမျှမရရှိနိုင်ချေ။ ထာဝရ ဘုရားသခင်၏ဇာတိတော်သည် "မိုးကောင်းကင်ကိုမီသည်ဖြစ်၍ သင်သည် အဘယ်သို့ပြုနိုင်သနည်း။ မရဏာနိုင်ငံထက်နက်သည်ဖြစ်၍ သင်သည်



အဘယ်သို့ပြုနိုင်သနည်း" ယောဘ ၁၁း၈။ "လူမျက်စိဖြင့်မမြင်၊ နားဖြင့် မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေးသည့်" ဘုရားသခင်၏နက်နဲသော အရာများကို "ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အားဖော်ပြတော်မူ၏။" ၁ကော၊ ၂း၉-၁၀။ "ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့သည် ကိုယ်တော်မြတ်နှင့် မိတ်သဟာယဖွဲ့ရသောအခွင့်နှင့် ပဋိညာဉ်တရားတော် ကိုသိရသောအခွင့်ရှိကြ၏။" ဆာလံ ၂၅း၁၄။ ပေတရုသည် ခရစ်တော်၏ ဘုန်းတော်ကိုသိမြင်ရခြင်းမှာ ၎င်းသည် "ဘုရားသခင်သွန်သင်တော်မူ သောသူ" ဖြစ်ကြောင်း အထောက်အထားပင်ဖြစ်ပါသည်။ ယောဟန် ၆း၄၅။ ထို့ကြောင့် "ရှိမုန်ဗာယောန၊ သင်သည် မင်္ဂလာရှိ၏။ အကြောင်းမူကား အသွေးအသားသည် ဤအကြောင်းအရာကို သင့်အားဖော်ပြသည်မဟုတ်" ဟု ယေရှုရှင်မိန့်မြွက်ခဲ့ခြင်းဖြစ်ပါသည်။

"ထို့ပြင်ငါဆိုသည်ကား သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ် မှာငါ့အသင်းကိုငါတည်ဆောက်မည်။ ထိုအသင်းကိုမရဏာနိုင်ငံ၏တံခါး တို့သည်မနိုင်ရာ" ဟု ယေရှုရှင်ဆက်လက်၍ မိန့်မြွက်တော်မူသည်။

"ပေတရု" ဟူသောစကားသည် "ရွေ့လျားနိုင်သောကျောက်တုံး" ကိုဆိုလိုပါသည်။ အသင်းတော်တည်ဆောက်ထားခြင်းခံရသောကျောက်မြတ် သည် ပေတရုမဟုတ်ချေ။ သူသည် ကျိန်ဆိုမှုများကိုပြု၍ ကိုယ်တော်အား ငြင်းဆိုသောအချိန်တွင် မရဏာနိုင်ငံ၏တံခါးတို့သည် သူ့အားအနိုင်ယူခဲ့ပါ သည်။ အသင်းတော်ကို မရဏာနိုင်ငံ၏တံခါးများမနိုင်နိုင်သည့်ပုဂ္ဂိုလ် တစ်ပါးအပေါ်တွင် တည်ထောင်ခဲ့ပါသည်။

ခရစ်တော်ကြွမလာမီနှစ်ပေါင်းများစွာကတည်းက မောရှေသည် ဣသရေလလူများ၏ကယ်တင်ခြင်းအသက်ကျောက်မြတ်ကို ပြည့ွှန်ခဲ့ပါ သည်။ ဆာလံဆရာကြီးက "ငါတို့အားပေးသောကျောက်" ဟူ၍ သီချင်း စပ်ဆိုခဲ့ပါသည်။ (ဆာလံ ၆၂း၇)။ "အရှင်ထာဝရဘုရားက စုံစမ်းသော အမြစ်ကျောက်တည်းဟူသော မလှုပ်နိုင်အောင်မြဲမြံသောတိုက်ထောင့် အမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာငါချထား၏" ဟူ၍ ဟေရှာယက ရေးသားခဲ့ပါသည်။ ဟေရှာ ၂၈း၁၆။ ပေတရုကိုယ်တိုင်သည် သခင်ယေရှုနှင့်

ပတ်သက်သောထိုအနာဂတ္တိစကားကို အသုံးပြုလျက် "သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို မြည်းစမ်းကြသည်ဖြစ်၍---လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်မြတ်တည်းဟူသော ထိုသခင်ထံသို့ သင်တို့သည်ရောက်၍ အသက်ကျောက်များကဲ့သို့ အဆင့်ဆင့် အထပ်ထပ်တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။" ၁ပေ၊ ၂း၁-၅ ဟူ၍ရေးသားခဲ့ပါသည်။

"ယေရှုခရစ်တည်းဟူသော ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်" ၁ကော၊ ၃း၁၁။ "ဤကျောက်ပေါ်မှာ ငါ့အသင်းကိုငါတည်ဆောက်မည်" ဟု ယေရှုရှင်မိန့်မှာခဲ့ပါသည်။ ဘုရားသခင်၏ရှေ့မှောက်တွင်လည်းကောင်း၊ မရဏာနိုင်ငံမှမမြင်နိုင်သော စစ်သည်များ၏ရှေ့မှောက်တွင်လည်းကောင်း ခရစ်တော်သည် မိမိ၏အသင်းတော်ကို ထိုကျောက်မြတ်ပေါ်တွင် တည်ထောင်တော်မူခဲ့ပါသည်။ ထိုကျောက်မြတ်သည် ကျွန်ုပ်တို့အတွက် ကြေမွအောင် ထိုးနှိပ်ခြင်းခံခဲ့ရသည့် ကိုယ်တော်၏ခန္ဓာကိုယ်တည်းဟူသော ကိုယ်တော်တိုင်ဖြစ်ပါသည်။ ဤတိုက်မြစ်ပေါ်တွင်တည်ဆောက်ခဲ့သည့် အသင်းတော်ကို မရဏာနိုင်ငံ၏တံခါးများသည်မနိုင်ရာ။

ဤစကားများကိုခရစ်တော်မိန့်တော်မူသောအချိန်တွင် အသင်းတော်သည် အလွန်အားနည်းနေပါသေးသည်။ နတ်ဆိုးနှင့် ၎င်း၏အပေါင်းအပါအားလုံးသည် လက်တစ်ဆုပ်စာမျှသာရှိသည့် ယုံကြည်သူများကို ဦးတည်တိုက်ခိုက်နေသောအချိန်ဖြစ်ပါသည်။ သို့သော်လည်း ခရစ်တော်၏ နောက်လိုက်များသည် စိုးရွံ့ရန်မလိုပါချေ။ သူတို့သည် ကျောက်မြတ်ပေါ်တွင် တည်ဆောက်ထားကြသဖြင့် မရဏာနိုင်ငံ၏တံခါးတို့သည် သူတို့အား မနိုင်နိုင်ချေ။

နှစ်ပေါင်းခြောက်ထောင်လုံးလုံး ယုံကြည်ခြင်းကို ခရစ်တော်၌ တည်ဆောက်ခဲ့ကြပါသည်။ နှစ်ပေါင်းခြောက်ထောင်လုံးလုံး စာတန်၏ အမျက်တော်လှိုင်းတံပိုးများသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကျောက်မြတ်ကို



ရိုက်ခတ်တိုက်ခိုက်ခဲ့ကြပါသည်။ သို့ပါသော်လည်း ထိုကျောက်မြတ်သည် မလှုပ်မရှားခိုင်မြဲစွာရပ်တည်လျက်ရှိနေပါသည်။

ပေတရုသည် အသင်းတော်ယုံကြည်ချက်၏ အခြေခံဖြစ်သည့် သမ္မာတရားကိုဖွင့်ဟခဲ့သည့်အတွက် ယုံကြည်သူအားလုံး၏ကိုယ်စား သူ့အား ဂုဏ်ပြုသည့်အနေဖြင့် "ကောင်းကင်နိုင်ငံတော်၏သော့တို့ကိုလည်း သင့်အား ငါပေးမည်။ သင်သည်မြေကြီးပေါ်မှာ ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်" ဟု ယေရှုရှင်မိန့်တော်မူခဲ့ပါသည်။

"ကောင်းကင်နိုင်ငံတော်၏သော့" များသည် ခရစ်တော်၏ နှုတ်ထွက်စကားများဖြစ်ကြပါသည်။ သမ္မာကျမ်းစာတွင် ရေးသားထားသော အရာအားလုံးသည် ကိုယ်တော်၏နှုတ်ထွက်စကားများဖြစ်ကြပါသည်။ ထိုနှုတ်ထွက်စကားများ၌ ကောင်းကင်နိုင်ငံတော်၏တံခါးများကိုဖွင့်နိုင်၊ ပိတ်နိုင်သောတံခါးများရှိပါသည်။ ထိုနှုတ်ကပတ်တော်များသည် ဝင်စားရမည့်သူများနှင့် ငြင်းပယ်ခြင်းခံရမည့်ပုဂ္ဂိုလ်များ၏အခြေအနေများကို ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် နှုတ်ကပတ်တော်ကိုဟောကြားသောသူများ၏ အလုပ်သည် "အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင် ဖြစ်သည်။" (သို့မဟုတ်) သေခြင်းတိုင်အောင် သေခြင်း၏အမွှေးအကြိုင် ဖြစ်ကြ၏။ ထိုသူများ၏အထူးလုပ်ငန်းများသည် ထာဝရကာလ၏အကျိုးဆက်များနှင့်ရစ်ပတ်ထားလျက်ရှိပါသည်။

ကယ်တင်ရှင်သည် ဧဝံဂေလိအမှုတော်ကို ပေတရုအားသီးသီးခြားခြားပေးအပ်ခဲ့သည်မဟုတ်ချေ။ ပေတရုအားပြောဆိုခဲ့သည့်စကားများကို နောက်ပိုင်းတွင်ပြန်လည်မိန့်တော်မူရာ၌ ထိုစကားများသည် အသင်းတော်ကိုတိုက်ရိုက်မိန့်မြွက်ခြင်းဖြစ်ကြောင်း ကိုယ်တော်အမိန့်ရှိတော်မူခဲ့ပါသည်။ တူညီသောအနှစ်သာရများကို ယုံကြည်သူများ၏ကိုယ်စားအဖြစ် တမန်တော်ဆယ့်နှစ်ပါးကိုလည်း မိန့်မြွက်တော်မူခဲ့ပါသည်။ ခရစ်တော်သည် တမန်တော်တစ်ဦးထက်တစ်ဦးကိုပို၍အထူးအာဏာများလွှဲအပ်ပေးခဲ့ပါလျှင် ၎င်းတို့အချင်းချင်းမည်သူသည်အကြီးမြတ်ဆုံးဖြစ်သနည်းဟူ၍ မကြာခဏဖြစ်ပွား

သည့်ငြင်းခုံမှုများကို ကျွန်ုပ်တို့တွေ့ကြုံရလိမ့်မည်မဟုတ်ချေ။ မိမိတို့သခင်၏ အလိုတော်ကိုလိုက်၍ ကိုယ်တော်ရွေးချယ်တော်မူခဲ့သောတမန်တော်အား ရိုသေကြလိမ့်မည်သာဖြစ်ပါသည်။

ခရစ်တော်သည် တမန်တော်တစ်ပါးအား ခေါင်းဆောင်အဖြစ် ခန့်အပ်ခြင်းပြုမည့်အစား "သင်တို့မူကား အရှင်ဘုရားဟု ခေါ်ဝေါ်ခြင်းကို မခံကြနှင့်၊ ဥပဇ္ဈာယ်ဆရာဟုခေါ်ဝေါ်ခြင်းကိုမခံကြနှင့်၊ ခရစ်တော်တည်းဟူသော သင်တို့ဥပဇ္ဈာယ်ဆရာတစ်ပါးတည်းရှိ၏။" မဿဲ ၂၃း၈၊၁၀ ဟူ၍ မိန့်မြွက်ခဲ့ပါသည်။

လူတိုင်း၏ဦးခေါင်းသည် ခရစ်တော်ဖြစ်၏။ ဘုရားသခင်သည် ခရစ်တော်၏ "ခြေဖဝါးတော်အောက်သို့ အလုံးစုံတို့ကိုချထားသဖြင့် အသင်းတော်အဖို့အလိုငှါ သူ့ကိုအလုံးစုံတို့၏အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကား အလုံးစုံတို့ကို အလုံးစုံတို့နှင့်ပြည့်စုံစေတော်မူသောသူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ်ဖြစ်သတည်း။" ဧဖက် ၁း၂၂-၂၃။ အသင်းတော်၏တိုက်မြစ်သည် ခရစ်တော်အပေါ်တွင် တည်ဆောက်ထားပြီး အသင်းတော်သည် မိမိ၏ဦးခေါင်းဖြစ်သော သခင်ယေရှုခရစ်တော်၏စကားတော်ကို နားထောင်ရန်သာဖြစ်ပါသည်။ ထို့ကြောင့်အသင်းတော်သည် လူသားများအပေါ်မှီခိုအားထားရန်မဟုတ်ချေ။ သို့မဟုတ်လျှင် အသင်းတော်သည် လူသားများ၏ချုပ်ထိန်းခြယ်လှယ်မှုကိုခံရပါလိမ့်မည်။ အသင်းတော်၏မြင့်မားသောရာထူးကိုရရှိထားသူတစ်ဦးက အခြားသူများယုံကြည်ရမည့်အရာများနှင့် လုပ်ဆောင်ရမည့်အရာများကို ဆင့်ဆိုခိုင်းစေနိုင်သည့်အာဏာကို ၎င်းအားပေးထားသည်ဟု လူအများတို့အခိုင်အမာပြောဆိုနေကြပါသည်။ ထိုပြောဆိုချက်များကို ဘုရားသခင်အတည်ပြုတော်မမူချေ။ "သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြသည်" ဟု ကိုယ်တော်ရှင်မိန့်တော်မူခဲ့၏။ လူအားလုံးသည် စုံစမ်းခြင်းခံရမည့်အခြေအနေ၊ အမှားလုပ်နိုင်သည့်အခြေအနေများတွင်ရှိနေကြပါသည်။ လမ်းပြများအဖြစ် မည်သည့်အားနည်းသောလူသားတစ်ဦးတစ်ယောက်ကိုမျှ မှီခိုအားထားနိုင်သည့်အခြေအနေတွင်မရှိပါ။ ယုံကြည်



ခြင်း၏ကျောက်မြတ်သည် အသင်းတော်တွင် အသက်ရှင်လှုပ်ရှားနေသော ခရစ်တော်ပင်ဖြစ်ပါသည်။ အားနည်းသောသူများသည် ထိုကျောက်မြတ်ကိုအားကိုးမှီခိုနိုင်ပြီး မိမိကိုယ်ကိုအားကြီးသည်ဟုအထင်ရှိသူများသည် ခရစ်တော်အား မိမိတို့၏အစွမ်းဟုမကိုးစားကြပါက အားနည်းသူများအဖြစ် ထင်ရှားကြပေလိမ့်မည်။ "လူကိုကိုးစား၍ လူသတ္တဝါကိုအမှီပြုသဖြင့် စိတ်နှလုံးထဲ၌ ထာဝရဘုရားထံတော်မှထွက်သွားသောသူသည် ကျိန်အပ်သောသူဖြစ်၏။" ယေရမိ ၁၇း၅။ "ဘုရားသခင်သည် မူလအမြစ်ဖြစ်၍ အမှုတော်သည် စုံလင်ပေ၏။" တရား ၃၂း၄။ "သားတော်ကို ကိုးစားသောသူအပေါင်းတို့သည် မင်္ဂလာရှိကြ၏။" ဆာလံ ၂း၁၂။

ပေတရု၏ဖွင့်ဟဝန်ခံသံကိုကြားရပြီးနောက် သခင်ယေရှုက မိမိသည် ခရစ်တော်ဖြစ်ကြောင်းကို မည်သူကိုမျှသွား၍မပြောကြားသေးရန် တမန်တော်များအား မြစ်တားတော်မူ၏။ အကြောင်းမှာ ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် မိမိအားဆန့်ကျင်နေသောဖါရိရှဲများကြောင့်ဖြစ်ပါသည်။ ၎င်းပြင် ကိုယ်တော်ရှင့်အကြောင်း လူသိရှင်ကြားကြေညာခြင်းသည် ၎င်းတို့အား ကိုယ်တော်၏စာရိတ္တတော်နှင့်အမှုတော်အတွက်မှားယွင်းနေသောအယူအဆကိုဖြစ်စေလိမ့်မည်ဟူသော မမှန်ကန်သောထင်မြင်ချက်သည် တမန်တော်များနှင့်တကွ လူအများ၏စိတ်တွင်ရှိနေသောကြောင့်လည်းဖြစ်ပါသည်။ သို့ရာတွင် မိမိသည် ကယ်တင်ရှင်တစ်ပါးဖြစ်ကြောင်း ၎င်းတို့အားတစ်နေ့ပြီးတစ်နေ့ဖော်ပြလျက်ရှိပြီး ထိုနည်းအားဖြင့် မိမိသည် မေရှိယဖြစ်ကြောင်း မှန်ကန်သောအတွေးအခေါ်ကို ၎င်းတို့အား ကိုယ်တော်ပေးလိုတော်မူပါသည်။

ခရစ်တော်သည် လောကီရှင်ဘုရင်တစ်ပါးအဖြစ် နန်းတက်မည့်အချိန်ကို တမန်တော်များမျှော်လင့်ဆဲဖြစ်ပါသည်။ ကိုယ်တော်သည် မိမိ၏အကြံတော်ကို အချိန်ကြာမြင့်စွာဖုံးကွယ်ထားခဲ့သော်လည်း ယခုကဲ့သို့ ဆင်းဆင်းရဲရဲမထင်မရှားအမြဲတမ်းနေမည်မဟုတ်ကြောင်းနှင့် ကိုယ်တော်၏နိုင်ငံတော်တည်ထောင်မည့်အချိန်သည် နီးကပ်လာပြီဖြစ်ကြောင်းများကို သူတို့ယုံကြည်ခဲ့ကြပါသည်။ ဖါရိရှဲများတို့၏မုန်းတီးမှုကို မည်သည့်အခါမျှ

ကျော်လွှားအောင်မြင်နိုင်မည်မဟုတ်သည့်ပြင် ခရစ်တော်ကို မိမိ၏လူမျိုးများကိုယ်တိုင်ကငြင်းပယ်ကြကာ လှည့်ဖြားသူတစ်ဦးအဖြစ် ပြစ်တင်ရှုတ်ချခဲ့ကြပြီး ရာဇဝတ်သားတစ်ဦးအနေဖြင့် ကပ်တိုင်တင်ကြလိမ့်မည်ဆိုသည့် အတွေးအခေါ်များကို တမန်တော်များ မည်သည့်အခါမျှသဘောတူလက်ခံနိုင်ခြင်းမရှိခဲ့ကြချေ။ သို့သော်လည်း အမှောင်တန်ခိုးတော်၏အချိန်သည် နီးကပ်လာပြီဖြစ်သည့်အတွက် ခရစ်တော်သည် ၎င်းတို့မကြာမီတွေ့ကြုံရမည့်တိုက်လှန်ပွဲများကို တမန်တော်များအား ဖော်ပြရပေတော့မည်။ ကိုယ်တော်သည် ထိုစုံစမ်းစစ်ဆေးခြင်းကို ကြိုတင်မြင်ယောင်တော်မူစဉ်မှာပင် ဝမ်းနည်းမှုကိုခံစားခဲ့ရပါသည်။

ကိုယ်တော်သည် ထိုအချိန်အထိ မိမိခံစားရမည့်ဒုက္ခဝေဒနာများနှင့် အသေသတ်ခံခြင်းများနှင့်စပ်လျဉ်းသောအရာများကို တပည့်တော်များအား အသိမပေးဘဲအောင့်အည်းထားခဲ့ပါသည်။ နိကောဒင်နှင့်တွေ့ဆုံပြောကြားစဉ်က "မောရှေသည် တော၌မြွေကိုမြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကိုခံရမည်။ အကြောင်းမူကား ထိုသားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရမည်အကြောင်းတည်း" ဟူ၍ ကိုယ်တော်ရှင်မိန့်ကြားခဲ့ဖူးပါသည်။ ယောဟန် ၃း၁၄-၁၅။ သို့ရာတွင် တမန်တော်များသည် ထိုစကားများကို မကြားခဲ့ကြပါ။ အကယ်၍ကြားခဲ့ကြလျှင်လည်း နားလည်ကြမည်မဟုတ်ချေ။ သို့ရာတွင် ကိုယ်တော်ရှင်၏နိမ့်ကျသောအသက်တာနှင့် ဖါရိရှဲများ၊ ယုဒလူများ၏ဆန့်ကျင်မှုများရှိနေသည့်ကြားမှ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသောဘုရားသခင်၏သားတော်ဖြစ်ပါသည်ဟု ပေတရုနှင့်အတူ သက်သေခံလာနိုင်သည့် အခြေအနေအထိ နှုတ်တော်ထွက်စကားများကို နားထောင်ယင်း၊ ပြုတော်မူသည့်နိမိတ်လက္ခဏာများကိုကြည့်ရှုယင်း ယေရှုနှင့်အတူနေထိုင်ခဲ့ကြပါသည်။ ယခုတွင်မူ အနာဂတ်ရေးများကိုဖုံးကွယ်ထားသည့် ကန့်လန့်ကာကိုရုပ်သိမ်းဖယ်ရှားပစ်ရမည့်အချိန်သို့ရောက်ရှိလာခဲ့ပေပြီ။ ကိုယ်တော်သည် ယေရုရှလင်မြို့သို့သွားရမည်၊ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊



ကျမ်းပြုဆရာတို့လက်၌များစွာခံရမည်။ အသေသတ်ခြင်းကိုလည်းခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသောအကြောင်းများကို ထိုအခါမှစ၍ တပည့်တော်တို့အားပြတော်မူ၏။"

တမန်တော်များသည် ဝမ်းနည်းမှုများ၊ အံ့ဩမှုများကြောင့် စကားတစ်လုံးမျှမပြောနိုင်ကြဘဲ နားထောင်နေခဲ့ကြ၏။ ခရစ်တော်သည် မိမိအားဘုရား၏သားတော်ဖြစ်ကြောင်း ပေတရု၏အသိအမှတ်ပြုချက်ကိုလက်ခံတော်မူခဲ့ပြီးမှ မိမိခံစားရမည့်ဒုက္ခဝေဒနာများ၊ အသေသတ်ခံခြင်းများနှင့်ပတ်သက်သည့်စကားများကိုဖော်ပြနေပြန်သည့်အတွက် တမန်တော်များအဖို့ နားမလည်နိုင်အောင်ဖြစ်နေကြပါသည်။ ထိုအခါ ပေတရုသည် မပြောဘဲမနေနိုင်အောင်ဖြစ်လာကာ ကျရောက်တော့မည့်ဘေးကိုလွတ်စိမ့်သောငှါ နောက်သို့ဆွဲလိုက်သည့်နှယ် ကိုယ်တော်အားဆွဲကိုင်လျက် "သခင်၊ ကိုယ်တော်၌ ဤသို့မဖြစ်ပါစေနှင့်။ ဤအမှုသည် ကိုယ်တော်၌မရောက်ရာ" ဟုလျှောက်ထားတော်မူလိုက်၏။

ပေတရုသည် သခင်ဘုရားအား ချစ်ခဲ့သည်မှာ အမှန်ဖြစ်သော်လည်း ယခုကဲ့သို့ မိမိအားဒုက္ခခံစားခြင်းမှကာကွယ်လိုသောဆန္ဒကို ဖော်ပြခြင်းအတွက် ခရစ်တော်ချီးမွမ်းတော်မမူခဲ့ချေ။ ပေတရုစကားများသည် မကြာမီတွင် ခံစားရတော့မည့်ဒုက္ခဆင်းရဲခြင်းတွင် ခရစ်တော်အတွက် အမအစရမည့်စကားမျိုး၊ နှစ်သိမ့်ရာကိုဖြစ်မည့်စကားမျိုးမဟုတ်ခဲ့ချေ။ ထိုစကားများသည် ပျောက်ဆုံးနေသောကမ္ဘာအတွက် ထားရှိသည့်ဘုရားသခင်၏ကရုဏာတော်အကြံအစည်နှင့်လည်း မကိုက်ညီသည့်အပြင် ပုံသက်သေတစ်ခုအဖြစ် ယေရှုရှင်လာရောက်သွန်သင်တော်မူသည့် အနစ်နာခံခြင်းသင်ခန်းစာနှင့်လည်း မကိုက်ညီချေ။ ပေတရုအနေနှင့်မူ ခရစ်တော်၏အမှုတော်တွင် ကပ်တိုင်ကိုမတွေ့မမြင်လိုချေ။ ၎င်းပြောဆိုခဲ့သောစကားများက တပည့်တော်များ၏စိတ်ထဲတွင် စွဲမှတ်စေခဲ့သည့်အရာများသည် ခရစ်တော်စွဲမှတ်စေလိုသည့်အရာများနှင့် လုံးလုံးဆန့်ကျင်ခဲ့ပါသည်။ ထိုစကားသည် ကိုယ်တော်အား ပြင်းထန်သည့်ဆုံးမစကားများကို နှုတ်တော်မှဖွင့်ဟစေခဲ့သဖြင့် "အချင်းစာတန်၊ ငါ့နောက်ကိုဆုတ်လော့။

သင်သည် ငါတိုက်မိ၍ လဲစရာအကြောင်းဖြစ်၏။ သင်သည် ဘုရားသခင်၏ အရာကိုစိတ်မစွဲလမ်း၊ လူတို့အရာကိုစွဲလမ်းသည်” ဟူ၍ မိန့်မြွက်တော်မူခဲ့သည်။

စာတန်သည် ခရစ်တော်အား စိတ်ဓာတ်ကျ၍ မိမိအမှုတော်မှ နောက်ဆုတ်သွားရန်ကြိုးစားနေပြီး ပေတရုသည် အပြစ်မမြင်သော အချစ်ဖြင့် စုံစမ်းခြင်းသို့လိုက်ပါရန် ဆန္ဒပြုနေပါသည်။ ဒုစရိုက်၏သခင်သည် ပေတရု၏စိတ်သဘောထားကိုထိန်းချုပ်ထားပါသည်။ စာတန်၏ လှုံ့ဆော်မှုသည် ပေတရု၏စိတ်ကူးပေါက်ရာတောင်းဆိုမှု၏နောက်ကွယ်တွင် ရှိနေပါသည်။ နှိမ့်ချ၍ အနစ်နာခံခြင်းလမ်းစဉ်ကို စွန့်လွှတ်လျှင် လောကကမ္ဘာ၏အုပ်စိုးပိုင်ခွင့်အာဏာကို ခရစ်တော်အားပေးရန် စာတန်သည် တော၌ကမ်းလှမ်းခဲ့ဖူးပါသည်။ ယခုတွင် ထိုစုံစမ်းနည်းမျိုးကို ကိုယ်တော်၏ တမန်တော်များအား တင်ဆက်လျက်ရှိပါသည်။ သခင်ယေရှုက ကြည့်မြင်စေလိုသောကပ်တိုင်ကို မမြင်တွေ့စေလိုသော၄ါ စာတန်သည် ပေတရုအား လောကီနှင့်ပတ်သက်သောကျော်စောကိတ္တိဖြစ်မှုများကိုသာ အာရုံစူးစိုက်စေခဲ့ပါသည်။ ၎င်းပြင် စာတန်သည် ပေတရုမှတစ်ဆင့် ခရစ်တော်အား တစ်ဖန်စုံစမ်းသွေးဆောင်နေခြင်းလည်းဖြစ်ပါသည်။ သို့ရာတွင် ခရစ်တော်သည် ထိုစကားများကိုနားထောင်ခဲ့ခြင်းမရှိဘဲ မိမိတမန်တော်၏အကျိုးအလို့ငှါသာ စဉ်းစားဆင်ခြင်ခဲ့ပါသည်။ မိမိအတွက်ပြုတော်မူခဲ့သော ခရစ်တော်၏နှိမ့်ချခြင်းကို ပေတရုမတွေ့ထိစေရန်အလို့ငှါ ၎င်းနှင့်ကိုယ်တော်အကြားတွင် စာတန်သည် ကြားဝင်လုပ်ဆောင်ခဲ့ပါသည်။ “အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့” ဟူ၍ ခရစ်တော်မိန့်မြွက်တော်မူခဲ့သောစကားများသည် ပေတရုကိုပြောဆိုနေခြင်းမဟုတ်ဘဲ ပေတရုအား ၎င်း၏ကယ်တင်ရှင်နှင့်ကွဲပြားအောင်လုပ်ဆောင်နေသောစာတန်ကို ပြောဆိုနေခြင်းဖြစ်ပါသည်။ အဓိပ္ပါယ်မှာ “ငါနှင့်ငါ့တပည့်တော်အကြားမှ ကြားဝင်မစွက်ဖက်ပါနှင့်။ ငါ့ရဲ့နက်နဲလှတဲ့မေတ္တာတော်ကို သူ့အားပြနိုင်ဖို့ ပေတရုနှင့် မျက်နှာချင်းဆိုင်တွေ့နိုင်ရန် ငါ့ကိုအခွင့်ပေးပါ” ဟူ၍ဖြစ်၏။

ဤအရာသည် ပေတရုအတွက်ခါးသီးသောသင်ခန်းစာတစ်ခု



ဖြစ်ပြီး ၎င်းကိုယ်တိုင်ကောင်းစွာမသိရှိခဲ့သည့် နှိမ့်ကျ၍ ဒုက္ခဝေဒနာများနှင့် ပြည့်ဝနေသော ခရစ်တော်၏လောကအသက်တာခရီးတစ်ခုလည်းဖြစ်ပါသည်။ ထိုတမန်တော်သည် ၎င်း၏သခင်နှင့်အတူမျှဝေခံစားရမည့်ဒုက္ခဆင်းရဲခြင်းအတွက် နောက်တွန့်နေ၏။ သို့ရာတွင် ဒုက္ခဆင်းရဲခြင်းကို ခံစားရင်း စံစားရမည့်ကောင်းချီးမင်္ဂလာများကို သူသင်ယူရပါမည်။ နောက်ပိုင်းနှစ်ပရိစ္ဆေဒကြာညောင်းစွာ အမှုတော်ဆောင်ပြီးသောအခါ “ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဖို့ ယခုခံရသောမီးစစ်ခြင်းအရာကိုကား သင်တို့၌အံ့ဩဖွယ်သောအရာဖြစ်သည်ဟုထင်မှတ်၍ အံ့ဩခြင်းမရှိကြနှင့်။ သင်တို့သည် ခရစ်တော်၏ဆင်းရဲကို ဆက်ဆံကြသည်ဖြစ်၍ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည့်အကြောင်း ယခုပင်ဝမ်းမြောက်ကြလော့” ဟူ၍ပေတရုရေးသားခဲ့ပါသည်။ ၁ပေ ၄း၁၂-၁၃။

ကိုယ်အလိုကိုငြင်းပယ်သောအသက်တာသည် ၎င်းတို့၏ အသက်တာတွင်လည်းဖြစ်သင့်သည့်ပုံသက်သေတစ်ခုဖြစ်ကြောင်း ယခုတွင် အနီး၌ရှိနေကြသောတမန်တော်များနှင့် ယုဒလူများအား မိမိအပါးတွင် စုရုံးစေလျက် “ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်” ဟု ကိုယ်တော်သွန်သင်ရှင်းပြတော်မူ၏။ ကပ်တိုင်သည် ရောမတို့၏တန်ခိုးအာဏာနှင့်ဆက်နွှယ်သောအရာတစ်ခုဖြစ်ပါသည်။ ဤအရာသည် ကွပ်မျက်ခြင်းနည်းစနစ်များတွင် ကြောက်စရာအကောင်းဆုံးနှင့် အသရေအယုတ်ဆုံးနည်းတစ်ခုဖြစ်၏။ အနိမ့်ကျဆုံးရာဇဝတ်သားများအား ကပ်တိုင်ကို ပခုံးပေါ်တွင်ထမ်းစေလျက် စီရင်မည့်နေရာသို့ရောက်သည်အထိသယ်ခိုင်း၏။ အပြင်းအထန်ငြင်းဆိုကြသော်လည်း နိုင်ထက်စီးနင်းခိုင်းစေမှုကြောင့် ညှဉ်းပန်းနှိပ်စက်ရေးပစ္စည်းဖြစ်သည့် ထိုကပ်တိုင်ကိုသယ်ကြရ၏။ သို့ရာတွင် ခရစ်တော်သည် မိမိ၏တမန်တော်တို့အား ကပ်တိုင်ထမ်း၍ နောက်တော်သို့လိုက်ရန် မိန့်ကြားနေ၏။ တပည့်တော်များအား ပြောခဲ့သည့်စကားများသည် ရှင်းလင်းကွဲပြားစွာမသိနိုင်သော်လည်း ခရစ်တော်အတွက် အသေသတ်ခံယူရမည့်အခါးသီးဆုံးအသရေရှုတ်ချခြင်းနှင့် အလျှော့ပေး

ခံယူခြင်းကိုညွှန်ပြခဲ့ပါသည်။ ကိုယ်တော်၏စကားတော်တွင် ရုပ်လုံးဖော်ထားသော ကိုယ့်ကိုကိုယ်အပ်နှံခြင်းထက် ပိုမိုပြည့်စုံသောဆက်ကပ်အပ်နှံခြင်းမျိုးမရှိတော့ပြီ။ ပြုတော်မူခဲ့သောဆက်ကပ်အပ်နှံခြင်းအလုံးစုံတို့သည် ၎င်းတို့၏အကျိုးအလိုငှါဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပျက်စီးခြင်းသို့ ရောက်သွားမည်ဆိုလျှင် ကောင်းကင်နိုင်ငံတော်သည် တောင့်တဖွယ်နေရာတစ်ခုအဖြစ် သခင်ယေရှုမှတ်ယူတော်မူမည်မဟုတ်ချေ။ ပြစ်တင်ဝေဖန်ခြင်း၊ မထီလေးစားပြုခြင်း၊ ရှက်ကြောက်ဖွယ်သေခြင်းများနှင့်ပြီးသော အသက်တာတစ်ခုအတွက် ကိုယ်တော်သည် ကောင်းကင်ရွှေနန်းတော်ကို စွန့်တော်မူခဲ့၏။ ကိုယ်တော်ရှင်ခံစားရသည့်ဆင်းရဲခြင်းအားဖြင့် ကျွန်ုပ်တို့သည် ချမ်းသာမှုကိုခံစားနိုင်ကြမည့်အကြောင်း ကောင်းကင်ရှိအဖိုးမဖြတ်နိုင်သောဘဏ္ဍာများဖြင့် ကြွယ်ဝတော်မူသောကိုယ်တော်သည် ဆင်းရဲသားဘဝကို ခံယူတော်မူခဲ့ရပါသည်။ ကိုယ်တော်ဘုရားလျှောက်လှမ်းခဲ့သည့်လမ်းအတိုင်း ကျွန်ုပ်တို့လျှောက်လှမ်းကြရန်ဖြစ်ပါသည်။

ခရစ်တော်ရှင်အသေခံအသက်ပေး၍ ဝယ်ယူခဲ့သောအသက်ဝိညာဉ်များကိုချစ်သည်ဆိုရာတွင် "ငါ" တည်းဟူသော အတ္တကိုကပ်တိုင်တင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးဖြစ်သောသူသည် မိမိကိုယ်ကို ကမ္ဘာလောကအားကယ်တင်ရန် ကောင်းကင်မှတွဲလောင်းချထားသည့် သံကြိုးကြီးမှသံကွင်းတစ်ကွင်းဖြစ်ကြောင်း၊ ကရုဏာစီမံကိန်းတွင်ပျောက်ဆုံးနေသောအသက်ဝိညာဉ်များကိုရှာဖွေကယ်တင်ရန် ကိုယ်တော်ရှင်နှင့်အတူ လုပ်ဆောင်နေသူဖြစ်ကြောင်း ယခုအချိန်မှစ၍ မှတ်ယူကြရန်ဖြစ်ပါသည်။ ခရစ်ယာန်တစ်ဦးအနေဖြင့် ကိုယ့်ကိုကိုယ်ဘုရားသခင်အားဆက်ကပ်ထားသူဖြစ်ကြောင်း မိမိ၏အသက်တာအားဖြင့် ကမ္ဘာအား ခရစ်တော်ကိုဖော်ပြရန်ဖြစ်သည်ကို အမြဲတမ်းနားလည်ထားရပါမည်။ ခရစ်တော်၏အသက်တာတွင် ထင်ထင်ရှားရှားတွေ့မြင်ခဲ့ရသော ကိုယ်ကျိုးစွန့်မှုများ၊ ကိုယ်ချင်းစာနာခြင်းများနှင့် ချစ်ခြင်းမေတ္တာများတို့ကို ဘုရားသခင်၏အမှုတော်ဆောင်များ၏အသက်တာတွင်လည်း ပြန်လည်ထင်ရှားစေပါသည်။



"အကြင်သူသည် မိမိအသက်ကိုကယ်ဆယ်ခြင်းငှါအလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်လည်းကောင်း၊ ဧဝံဂေလိတရားကြောင့်လည်းကောင်း အသက်ရှုံး၏။ ထိုသူသည် မိမိအသက်ကိုကယ်ဆယ်လိမ့်မည်။ တစ်ကိုယ်ကောင်းဆန်ခြင်းသည် သေခြင်းနှင့်စပ်ဆိုင်၏။ ကိုယ်ခန္ဓာ၏မည်သည့်အစိတ်အပိုင်းမျှ မိမိအတွက်သာလုပ်ဆောင်ခြင်းဖြင့် အသက်မရှင်နိုင်ချေ။ လက်နှင့်ခြေများသို့သွေးပို့ရန်ပျက်ကွက်သောနှလုံးသည် မိမိ၏စွမ်းဆောင်မှုများကို လျင်မြန်စွာဆုံးရှုံးသွားပေလိမ့်မည်။ အသက်သွေးကြောများသည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်တစ်ခုလုံးတွင် ပျံ့နှံ့နေသကဲ့သို့ ခရစ်တော်၏မေတ္တာတော်သည် နားလည်ရန်ခက်လှသောကိုယ်တော်၏ခန္ဓာကိုယ်တည်းဟူသော အသင်းတော်မှ အသင်းသားတိုင်း၌ပျံ့နှံ့လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ထိုခန္ဓာကိုယ်ကြီးမှအစိတ်အပိုင်းများဖြစ်ကြသောကြောင့် တစ်ဦးနှင့်တစ်ဦးမျှဝေရန်ငြင်းဆန်ပါက ပျက်စီးဆုံးရှုံးကြပေလိမ့်မည်။ ထိုနောက် "လူသည် ဤစကြဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း။ မိမိအသက်ဝိညာဉ်ကို အဘယ်ဥစ္စာနှင့်ရွေးနိုင်သနည်း" ဟု ဆက်လက်၍ ယေရှုရှင်မိန့်မြွက်တော်မူခဲ့ပါသည်။

ပစ္စုပ္ပန်ဘဝအသက်တာ၏ဆင်းရဲခြင်း၊ နိမ့်ကျခြင်းများနှင့် နှိုင်းယှဉ်ခြင်းငှါ မထိုက်သောလောကီဘုရင်များ၏ ကြီးကျယ်ခမ်းနားမှုများနှင့် မဆိုင်ဘဲ ဘုရားသခင်နှင့်တကွ ကောင်းကင်သားများ၏ဘုန်းတော်နှင့်ပြီးသော မိမိ၏ကြွလာခြင်းအကြောင်းကို တပည့်တော်များအားပြညွှန်ခဲ့ပါသည်။ ထိုနောက် လူအသီးသီးတို့အား ကျင့်သောအကျင့်နှင့်အလျောက်အကျိုးအပြစ်ကိုဆပ်ပေးတော်မူလတ္တံ့" ဟူ၍ မိန့်တော်မူပြီး ၎င်းတို့အားအားပေးသည့်အနေဖြင့် "ငါအမှန်ဆိုသည်ကား လူသားသည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသည်ကို ဤအရပ်၌ရှိသောသူအချို့တို့သည် မမြင်မီသေခြင်းသို့မရောက်ရ" ဟု ယေရှုရှင်ကတိပြုတော်မူခဲ့ပါသည်။ သို့သော်လည်း တမန်တော်များသည် ကိုယ်တော်ပြောသည့်စကားကို နားမလည်ခဲ့ကြချေ။ ၎င်းတို့သည် တွေ့မြင်နေရသောကိုယ်တော်ရှင်၏

ဆင်းရဲနိမ့်ကျ၍ ဒုက္ခပင်လယ်ဝေသောအသက်တာကိုသာ အာရုံစူးစိုက်နေကြသဖြင့် မိန့်တော်မူနေသောဘုန်းတော်နှင့်ကြွလာခြင်းသည် ၎င်းတို့အတွက်နားလည်ရန် အလွန်ခက်ခဲနေသယောင်ဖြစ်နေပါသည်။ မေရှိယ၏နိုင်ငံတော်နှင့်ပတ်သက်သည့်အရှိန်ကြီးသော ၎င်းတို့၏မျှော်မှန်းချက်ကိုလက်လျှော့လိုက်ရတော့မည်လား။ ဒါဝိဒ်မင်း၏ပလ္လင်ပေါ်တွင် သူတို့၏သခင်အား ချီးမြှောက်ကြမည်ကို သူတို့မမြင်တွေ့ကြရတော့ဖူးလား။ နိမ့်ကျ၍ အိုးအိမ်မဲ့သောခြေသလုံးအိမ်တိုင်သမားတစ်ယောက်အဖြစ်အစော်ကားခံ၊ အငြင်းပယ်ခံရကာ နောက်ဆုံးတွင် အသေသတ်ခံသွားရမည့်အသက်တာဖြင့် နေထိုင်ခဲ့ရသောသူသည် ခရစ်တော်ဖြစ်နိုင်ပါ့မလား။ သူတို့သည် မိမိတို့၏သခင်ကိုချစ်ကြသောကြောင့် ထိုမေးခွန်းများသည် သူတို့၏စိတ်နှလုံးကို ဝမ်းနည်းပူပန်စေသည်။ ဘုရားသခင်၏သားတော်သည် ယခုကဲ့သို့ရက်စက်သောအသရေရှုတ်ချမှုကို ခံရမည်ဆိုသည်မှာ နားမလည်တတ်အောင်ဖြစ်နေသည့်အတွက် ဖြစ်ပေါ်လာသောသံသယစိတ်သည် သူတို့အားတွေဝေသောကရောက်စေခဲ့ပါသည်။ မိမိတို့အားကိုယ်တော်ကိုယ်တိုင်မိန့်တော်မူခဲ့သည့် ယေရုရှလင်မြို့တွင် ရင်ဆိုင်ရမည့်အရာများသိလျက်နှင့် အဘယ်ကြောင့် မိမိသဘောအတိုင်း ထိုမြို့သို့သွားခဲ့သနည်းဟု သူတို့စောဒကတက်လာခဲ့ကြပါသည်။ ထိုကဲ့သို့သောကံကြမ္မာထဲသို့ကျရောက်ရန် မိမိကိုယ်ကို မည်ကဲ့သို့အလျှော့ပေးခဲ့သနည်း။ ၎င်းပြင်ကိုယ်တော်ရှင်ကို မိမိတို့မသိရှိမီက စမ်းတဝါးဝါးနှင့်လျှောက်လှမ်းခဲ့ရသည်ထက် ပို၍ကြီးမားသောမှောင်မိုက်ထဲတွင် ၎င်းတို့အား မည်ကဲ့သို့ထားရစ်ခဲ့မည်နည်း။

ဖိလိပ္ပုကဲသရိနယ်သည် ခရစ်တော်အား ဟေရုဒ်မင်းကြီးနှင့်ယဇ်ပုရောဟိတ်ကယာဖတို့လက်လှမ်းမမီနိုင်သောနေရာဖြစ်သဖြင့် ယုဒလူများနှင့် ရောမလူများ၏မုန်းတီးမှုကို ကြောက်စရာမလိုသောနေရာဖြစ်ပါသည်။ ဖါရိရှဲများနှင့်အလှမ်းကွာဝေးသောထိုနေရာ၌ အမှုတော်မဆောင်ဘဲအဘယ်ကြောင့်အသေသတ်ခံရန် မိမိကိုယ်ကိုအပ်နှံရပါသနည်း။ အကယ်၍ကိုယ်တော်သေသွားခဲ့လျှင် မရဏာနိုင်ငံ၏တံခါးတို့မနိုင်ရာသော ခိုင်မြဲ





သောနိုင်ငံတော်တစ်ခုကို မည်ကဲ့သို့တည်ထောင်နိုင်မည်နည်း။ ဤအရာသည် တမန်တော်များအတွက် နားမလည်နိုင်အောင် ခက်ခဲသည့်အရာတစ်ခုဖြစ်နေပါသည်။

ယခုအချိန်တွင် သူတို့သည် မိမိတို့၏မျှော်လင့်ချက်များကို ချေမှုန်းဖျက်ဆီးပစ်မည့်မြို့တော်သို့ဦးတည်၍ ဂါလိလဲအိုင်ကမ်းနားအတိုင်း ခရီးသွားနေကြပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ခရစ်တော်အား မမေးမြန်းရဲကြသော်လည်း အနာဂတ်ရေးနှင့်စပ်လျဉ်း၍ ဝမ်းနည်းသောအသံများဖြင့် အချင်းချင်းတိုးတိုးတိတ်တိတ်ပြောဆိုနေကြပါသည်။ သို့တိုင်အောင် မမြင်နိုင်သောအခြေအနေများကြောင့် ၎င်းတို့သခင်ဘုရားအပေါ် ကျရောက်မည့်ကံကြမ္မာသည် လွဲဖယ်သွားနိုင်ကောင်းလွဲဖယ်သွားနိုင်မည်ဟု သူတို့စွဲလမ်းတွေးထင်နေကြပါသည်။ ထိုသို့အားဖြင့် သူတို့သည် ဝမ်းနည်းမှုနှင့်စိုးရိမ်မှုများကိုလည်းကောင်း၊ မျှော်လင့်ချက်နှင့် ကြောက်ရွံ့မှုများကိုလည်းကောင်း ခြောက်ရက်လုံးလုံးခံစားခဲ့ကြရပါသည်။

-ဝ-